ရုပ် နာမ် ဓမ္မ သင်္ခါရတရားတို့၏ ဖြစ်စဉ်ကို
နည်းမျိုးစုံဖြင့် ရှင်းလင်းထားသော

# ပဋ္ဌာန်းမဟာ



ဦးမြင့်ဆွေ
မဟာဝိဇ္ဇာ (လန်ဒန်)

ပညာပြည့်ဝ၊ နှလုံးလှသော်
ကိစ္စကြီးငယ်၊ ဆောက်သမွယ်လျှင်
ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ
ပြီးနိုင်စွာ၏''   (မဃဒေဝ)

## ပုံနှိပ်ခြင်း

ပထမအကြိမ် ၁၉၇၉–ခု၊ ဇူလိုင်လ၊ အုပ်ရေ ၃၀၀၀၊

## မျက်နှာဖုံးပန်းချီ

စံကိုး

## ဘလောက်

လွင်ဘလောက်တိုက်

## အဖုံးရိုက်

ချင်းတွင်း

ဘာသာရေးဆိုင်ရာ စာမူခွင့်ပြုချက် အမှတ် (၁၀၅) နှင့်
မျက်နှာဖုံးခွင့်ပြုချက် အမှတ် (၄၃၄) အရ ထုတ်ဝေပါသည်။

[illegible]စံအောင် (၀၂၀၇) လုပ်အားပုံနှိပ်တိုက်၊ အမှတ် ၅၊ လမ်း ၁၀၀၊ ကန်တော်ကလေး ရန်ကုန်မြို့က ရိုက်နှိပ်၍၊ ဒေါ်တင်တင် (၈၁၈၀၈) နဝရတ်စာပေ အမှတ် ၄၀၁၊ ရာ[illegible]တန်း၊ ၈၂-လမ်း၊ မန္တလေးမြို့က ထုတ်ဝေသည်။

၁၄၀၁၇

ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့၏ ဖြစ်စဉ်ကို
နည်းမျိုးစုံဖြင့် ရှင်းလင်းထားသော

# ပဋ္ဌာန်းမဟာ

ဦးမြင့်ဆွေ မဟာဝိဇ္ဇာ(လန်ဒန်)

နှလုံးလှစာပေဖြန့်ချိရေး၊ စာတိုက်သေတ္တာ အမှတ် (၈၇)
အမှတ် ၅၊ လမ်း ၁၀၀၊ ကန်တော်ကလေးစာတိုက်၊ ရန်ကုန်မြို့။
ဖုန်း—၇၂၉၇၁

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| ပဋ္ဌာန်းကျမ်းကြီး၏ တန်ခိုးတော် | ၁၁ |
| ရောင်ခြည်တော်ခြောက်ပါး ဘုရားရှိခိုး | ၁၂ |
| **နိဒါန်း** | |
| အဘိဓမ္မာ ပိဋကသမိုင်း | ၁၉ |
| **ပထမပိုင်း** | |
| ပဋ္ဌာန်းပစ္စယုဒ္ဒေသ ပါဠိတော် | ၄၈ |
| ပစ္စယနိဒ္ဒေသ ပါဠိတော် | ၅၀ |
| **ဒုတိယပိုင်း** | |
| ပဋ္ဌာန်းပစ္စယုဒ္ဒေသ နိဿယ | ၆၆ |
| တနည်းပစ္စယုဒ္ဒေသ နိဿယ | ၆၈ |
| ပစ္စယနိဒ္ဒေသ နိဿယ | ၇၅ |
| ဟေတုပစ္စည်း | ၇၅ |
| အာရမ္မဏပစ္စည်း | ၇၆ |
| အာရမ္မဏ ခေါင်းဆောင်မျိုးကြီးရှစ်ပါး | ၇၈ |
| အဓိပတိပစ္စည်း | ၇၉ |

## မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| အနန္တရ ပစ္စည်း | ၈၀ |
| သမနန္တရ ပစ္စည်း | ၈၅ |
| သဟဇာတ ပစ္စည်း | ၈၆ |
| သဟဇာတမျိုးကြီး ၁၅ ပါး | ၈၇ |
| အညမည ပစ္စည်း | ၈၈ |
| နိဿယ ပစ္စည်း | ၈၉ |
| ဥပနိဿယ ပစ္စည်း | ၉၁ |
| ပုရေဇာတ ပစ္စည်း | ၉၃ |
| ပစ္ဆာဇာတ ပစ္စည်း | ၉၈ |
| ပစ္ဆာဇာတမျိုး လေးပါး | ၉၈ |
| အာသေဝန ပစ္စည်း | ၉၈ |
| ကမ္မပစ္စည်း | ၉၉ |
| ဝိပါက ပစ္စည်း | ၁၀၀ |
| အာဟာရပစ္စည်း | ၁၀၁ |
| ရုပ်အာဟာရပစ္စည်း သုံးပါး | ၁၀၁ |
| ဣန္ဒြိယပစ္စည်း | ၁၀၂ |
| ရူပဇီဝိတိန္ဒြိယ ပစ္စည်းမျိုး သုံးပါး | ၁၀၄ |
| ဈာန ပစ္စည်း | ၁၀၄ |
| မဂ္ဂ ပစ္စည်း | ၁၀၄ |
| သမ္ပယုတ္တ ပစ္စည်း | ၁၀၅ |
| ဝိပ္ပယုတ္တ ပစ္စည်း | ၁၀၅ |
| အတ္ထိပ စ္စည်း | ၁၀၆ |
| နတ္ထိ ပစ္စည်း | ၁၁၀ |
| ဝိဂတ ပစ္စည်း | ၁၁၁ |
| အဝိဂတ ပစ္စည်း | ၁၁၁ |


## တတိယပိုင်း


| | |
|---|---|
| ၂၄ ပစ္စည်း တို့၏ အဓိပ္ပာယ်ရှင်းလင်းချက် | ၁၁၈ |
| ဟေတုပစ္စည်း | ၁၁၈ |

## မာတိကာ

အကြောင်းအရာ | စာမျက်နှာ


အဓိပ္ပာယ် ရှင်းလင်းချက် ၁၁၈
သုတ္တန်နည်း ၁၂၈
အာရမဏပစ္စည်း ၁၃၀
အဓိပ္ပာယ်ရှင်းလင်းချက် ၁၃၀
အဓိပတိ ပစ္စည်း ၁၄၀
အဓိပ္ပာယ်ရှင်းလင်းချက် ၁၄၀
အနန္တရ ပစ္စည်း ၁၅၄
သမနန္တရပစ္စည်း ၁၅၄
အဓိပ္ပာယ်ရှင်းလင်းချက် ၁၅၄
လျှပ်တပြက်အတွင်း စိတ်ကုဋေတသိန်း ၁၅၆
စိတ်တို့၏ လုပ်ငန်း အမျိုးမျိုး ၁၅၇
သဟဇာတ ပစ္စည်း ၁၆၅
အဓိပ္ပာယ် ရှင်းလင်းချက် ၁၆၅
ဘုံ-ပုဂ္ဂိုလ်အလိုက် ကျေးဇူးပြုပုံ ၁၇၀
သဟဇာတနှင့် အခြားပစ္စည်းငါးမျိုး ၁၇၃
အညမည ပစ္စည်း ၁၇၄
အဓိပ္ပာယ် ရှင်းလင်းချက် ၁၇၄
နိဿယ ပစ္စည်း ၁၇၇
(ခ) ဝတ္ထုပုရေဇာတ နိဿယ ၁၇၇
အဓိပ္ပာယ် ရှင်းလင်းချက် ၁၇၇
(က) သဟဇာတ နိဿယ ၁၇၈
(ခ) ဝတ္ထုပုရေဇာတ နိဿယ ၁၇၉
ဝတ္ထာရမဏပုရေဇာတ နိဿယ ၁၈၅
ဥပနိဿယ ပစ္စည်း ၁၈၇
(ဂ) ပကတူပ နိဿယ ၁၈၇
အဓိပ္ပာယ်ရှင်းလင်းချက် ၁၈၇
(က) အာရမဏူပ နိဿယ ၁၈၉
အနန္တ ရူပ နိဿယ ၁၉၀
ပကတူပ နိဿယ ၁၉၁

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ပုရေဇာတ ပစ္စည်း | ၂၀၃ |
| ဈာန ပစ္စည်း | ၂၆၁ |
| အဓိပ္ပာယ်ရှင်းလင်းချက် | ၂၆၁ |
| မဂ္ဂ ပစ္စည်း | ၂၆၆ |
| အဓိပ္ပာယ် ရှင်းလင်းချက် | ၂၆၆ |
| မဂ္ဂင်တရားကိုးပါး | ၂၆၈ |
| သမ္ပယုတ္တ ပစ္စည်း | ၂၇၂ |
| ဝိပ္ပယုတ္တ ပစ္စည်း | ၂၇၄ |
| (ဂ)သဟဇာတဝိပ္ပယုတ္တ | ၂၇၈ |
| အဓိပ္ပာယ်ရှင်းလင်းချက် | ၂၇၈ |
| (က)ဝတ္ထုပုရေဇာတဝိပ္ပယုတ် | ၂၇၉ |
| (ခ) ပစ္ဆာဇာတဝိပ္ပယုတ် | ၂၈၂ |
| (ဂ) သဟဇာတဝိပ္ပယုတ် | ၂၈၂ |
| အတ္ထိပစ္စည်းမှ အဝိဂတပစ္စည်းထိ | ၂၈၆ |
| အဓိပ္ပာယ်ရှင်းလင်းချက် | ၇၈၇ |
| အတ္ထိပစ္စည်း၏ မျိုးကွဲခုနစ်မျိုး | ၂၈၈ |
| နတ္ထိနှင့် ဝိဂတပစ္စည်း | ၁၉၆ |
| အဓိပ္ပာယ်ရှင်းလင်းချက် | ၂၉၆ |


## စတုတ္ထပိုင်း


| | |
|---|---|
| ပဋ္ဌာန်းပစ္စည်းများ အချုပ်မှတ်ဖွယ် | ၂၉၉ |
| ၁။ ပဋ္ဌာန်းပစ္စည်း အကျယ် ၅၂ ပါးတို့၏ | ၃၀၀ |
| ပစ္စည်း-ပစ္စယုပ္ပန် အကျဉ်းပြဇယား | ၃၀၀ |
| ၂။ ပစ္စည်းအကျယ် ၅၂ မျိုးကို အမျိုးတူရာ | |
| အုပ်စုဖွဲ့၍ဖော်ပြခြင်း | ၃၀၃ |
| သဟဇာတမျိုး—၁၅ | ၃၀၃ |
| ၃။ ပစ္စည်းအကျယ် ၅၂ မျိုးတို့၏ ကျေးဇူးပြုပုံကို | |
| တူရာပေါင်း၍ ပစ္စည်း ၂၅ မျိုးဖြင့် အချုပ်ပြခြင်း | ၃၀၆ |

## မာတိကာ

အကြောင်းအရာ | စာမျက်နှာ


၄။ ပစ္စည်းအကျယ် ၅၂ မျိုးကို နာမ်ပစ္စည်း၊ရုပ်ပစ္စည်း နာမ်ရုပ်ပစ္စည်းဟု သုံးမျိုးခွဲပြခြင်း ၃၀၇

(က) နာမ်သက်သက်ပစ္စည်း- ၂၃ ၃၀၇

(ခ) ရုပ်သက်သက်ပစ္စည်း- ၂၀ ၃၀၉

(ဂ) ရုပ်နာမ်နှစ်ပါးပစ္စည်း- ၉ ၃၀၉

၅။ ပစ္စည်းအကျယ် ၅၂ မျိုးကို သင်္ဂြိုဟ်ကျမ်းလာ အုပ်စုကြီး လေးခုထဲသို့ သွင်း၍ပြခြင်း ၃၀၉

၆။ တနည်းသင်္ဂြိုဟ်ကျမ်းအရ ၂၄ ပစ္စည်းတို့ကို နာမ်ရုပ်အရ ကျေးဇူးပြုပုံ ခြောက်မျိုးဖြင့်ပြခြင်း ၃၁၀

(က) နာကနာမ်အားကျေးဇူးပြု- ၆ ၃၁၀

(ခ) နာမ်ကနာမ်ရုပ်အား ကျေးဇူးပြု- ၅ ၃၁၀

(ဂ) နာမ်က ရုပ်အား ကျေးဇူးပြု- ၁ ၃၁၁

(ဃ) ရုပ်က နာမ်အား ကျေးဇူး- ၁ ၃၁၁

(င) ပညတ်နာမ်ရုပ်က နာမ်အားကျေးဇူးပြု-၂ ၃၁၁

(စ) နာမ်ရုပ်က နာမ်ရုပ်အားကျေးဇူးပြု-၉ ၃၁၁

၇။ ၂၄ ပစ္စည်းကို ကာလသုံးပါးဖြင့် ဝေဖန်၍ပြခြင်း ၃၁၁

(က) ပစ္စုပ္ပန်ဖြစ်၍ ကျေးဇူးပြု- ၁၅ ၃၁၁

(ခ) အတိတ်ဖြစ်၍ ကျေးဇူးပြု- ၅ ၃၁၂

(ဂ) ပစ္စုပ္ပန်အတိတ်ဖြစ်၍ ကျေးဇူးပြု- ၁ ၃၁၂

တောကာလိက ကာလဝိမုတ်ဖြစ်၍ ကျေးဇူးပြု- ၃ ၃၁၂

(၈) ၂၄ ပစ္စည်းကို သတ္တိသုံးပါးဖြင့် ဝေဖန်၍ပြခြင်း ၃၁၃

(က) ဇနကသတ္တိရှိပစ္စည်း-၅ ၃၁၃

(ခ) ဥပတ္ထမ္ဘကသတ္တိရှိပစ္စည်း-၁ ၃၁၄

(ဂ) ဇနကဥပတ္ထမ္ဘက သတ္တိရှိပစ္စည်း- ၁၈ ၃၁၄

၉။ ၂၄ ပစ္စည်းကို ဘုံဘဝသုံးမျိုးအားဖြင့် ဝေဖန်၍ပြခြင်း ၃၁၄

မာတိကာ

အကြောင်းအရာ | စာမျက်နှာ

## ပဉ္စမပိုင်း


စိတ်, စေတသိက်ရုပ် နိဗ္ဗာန်ဟူသော ပရမတ္ထတရား
လေးပါးတို့ကို အခြေခံ၍ ပဋ္ဌာန်း ၂၄ ပစ္စည်းတို့ဖြင့်
ကျေးဇူးပြုပုံကို ရောနှော၍ပြခြင်း ၃၁၈
အပစ္စယ အသင်္ခတ တရားနှစ်ပါး ၃၁၈
သပစ္စယ သင်္ခတ တရားများ ၃၁၉
အနုတ္တနှင့် ပဋ္ဌာန်းတရားတော် ၃၂၀
အကျိုးတခု အကြောင်းများစွာ ၃၂၅

ကလာပ်လေးမျိုး အချုပ်မှတ်ဖွယ် ၃၄၀

နာမ်က ကမ္မဇရုပ်အား ကျေးဇူးပြုပုံ ၃၄၂
နာမ်က စိတ္တဇရုပ်အား ကျေးဇူးပြုပုံ ၃၄၃
နာမ်က ဥတုဇ၊ အာဟာရဇရုပ်တို့အား
ကျေးဇူးပြုပုံ ၃၄၄
ရုပ်အအချင်းချင်း ကျေးဇူးပြုပုံ ၃၄၄


## ဆဋ္ဌမပိုင်း


ပဋ္ဌာန်းနှင့် ပဋိစ္စသမုပ္ပာဒ် ၃၄၆

(၁) အဝိဇ္ဇာကြောင့် သင်္ခါရစသည်ဖြစ်၏၊ ၃၄၉
ဝဋ်သုံးပါးဖြင့် ဝေဖန်၍ပြခြင်း ၃၇၆
သစ္စာဖွဲ့၍ ပြဆိုခြင်း ၃၇၈
ကာလသုံးပါးဖြင့် ခွဲ၍ပြခြင်း ၃၇၉
ပစ္စုပ္ပန်တရားသာ အဓိက ၃၈၀

ပဋိစ္စသမုပ္ပာဒ်အချုပ် ၃၈၂
အဘိဥာဏ်၇၇ရနိုင်ပုံ ၃၈၅

# သတ္တမပိုင်း


| | | |
|---|---|---|
| | အနုလောမနှင့်ပဋိလောမနည်း | ၃၈၈ |
| (၁) | အကြောင်းမှအကျိုးကိုကြံသော အနုလောမနည်း | ၃၈၉ |
| (၂) | အကျိုးမှအကြောင်းကို ကြံသော ပဋိလောမနည်း | ၃၈၉ |
| (၁) | အကြောင်းနှင့်အကျိုးဆက်စပ်ပုံ ဧကတ္တနည်း | ၃၉၀ |
| (၂) | သဘောအသီးသီး အခြားခြားဖြစ်ပုံ နာနတ္တနည်း | ၃၉၁ |
| (၃) | ဓမ္မတို့၏ပြုလုပ်မှုဗျာပါရမရှိပုံ အဗျာပါရနည်း | ၃၉၁ |
| (၄) | ဤကြောင့် ဤသာဖြစ်ပုံ ဧဝံဓမ္မတာနည်း | ၃၉၁ |
| | ဒိဋ္ဌိပျောက် ဉာဏ်ရောက်၍ မဂ်ပေါက်ခြင်း | ၃၉၂ |
| (၁) | ဒိဋ္ဌိဝိသုဒ္ဓိဖြစ်ခြင်း | ၃၉၂ |
| (၂) | ကင်္ခါဝိတရဏဝိသုဒ္ဓိဖြစ်ခြင်း | ၃၉၄ |
| (၃) | သမ္မသနဉာဏ် ဖြစ်ပေါ်ခြင်း | ၃၉၅ |
| (၄) | ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်ခြင်း | ၃၉၅ |
| (၅) | အနိစ္စသဘောကို မြင်လာခြင်း | ၃၉၆ |
| (၆) | အနတ္တသဘောကို မြင်လာခြင်း | ၃၉၇ |
| (၇) | ဘင်ဉာဏ် ဖြစ်ပေါ်ခြင်း | ၃၉၇ |
| (၈) | ဘယဉာဏ် ဖြစ်ပေါ်ခြင်း | ၃၉၇ |
| (၉) | အာဒီနဝဉာဏ် ဖြစ်ပေါ်ခြင်း | ၃၉၀ |
| (၁၀) | နိဗ္ဗိဒါဉာဏ် ဖြစ်ပေါ်ခြင်း | ၃၉၈ |
| (၁၁) | မုစ္စိတုကမျတာဉာဏ် ဖြစ်ပေါ်ခြင်း | ၃၉၉ |
| (၁၂) | ပဋိသင်္ခါဉာဏ် ဖြစ်ပေါ်ခြင်း | ၃၉၉ |
| (၁၃) | သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပေါ်ခြင်း | ၄၀၀ |
| (၁၄) | အနုလောမဉာဏ် ဖြစ်ပေါ်ခြင်း | ၄၀၀ |
| (၁၅) | ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဖြစ်ခြင်း | ၄၀၁ |
| (၁၆) | မဂ်–ဖိုလ်သို့ရောက်ခြင်း | ၄၀၁ |
| | နိဂုံးချုပ်အမှာစကား | ၄၀၃ |

# ပဋ္ဌာန်းကျမ်းကြီး၏ တန်ခိုးတော်

[ဤစာသားကို ပထမဦးဆုံး ဖတ်ပါ။ ဤစာသားမှာ ပထမ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ၏ မဟာဗုဒ္ဓဝင်ကြီး ဒုတိယတွဲမှ ထုတ်နုတ်ဖော်ပြထားသည်။]

ဘုရားဖြစ်ပြီးနောက် စတုတ္ထသတ္တာဟသို့ ရောက်သောအခါ မြတ်စွာဘုရားသည် မဟာဗောဓိပင်မှ အနောက်မြောက်ထောင့် အရပ်ဝယ် နတ်ဗြဟ္မာတို့ ဖန်ဆင်းအပ်သော **ရတနာဃရ** ရွှေအိမ်၌ ထက်ဝယ်ဖွဲ့ခွေ စံနေတော်မူကာ **အဘိဓမ္မာပိဋက** တရားတော်မြတ်ကို သုံးသပ်ဆင်ခြင်တော် မူလေသည်။

အဘိဓမ္မာပိဋက တရားတော်များကို သုံးသပ် ဆင်ခြင်တော်မူသောအခါ အောက်ဖြစ်သော ဓမ္မသင်္ဂဏီကျမ်း၊ ဝိဘင်းကျမ်း၊ ဓာတုကထာကျမ်း၊ ပုဂ္ဂလပညတ်ကျမ်း၊ ကထာဝတ္ထုကျမ်း၊ ယမိုက်ကျမ်းတို့ကို သုံးသပ်ဆင်ခြင်တော်မူသောအခိုက်၌ သဗ္ဗညုတ ရွှေဉာဏ်တော်က ကျယ်ဝန်းပြီး တရားနည်းက ကျဉ်းသဖြင့် ရွှေဉာဏ်တော် မကွန့်မြူးလောက်သေး ရကား ရောင်ခြည်တော် ခြောက်ပါးတို့ မကွန့်မြူးကြသေးဘဲ ၇ ဆင့်မြောက်ဖြစ်သည့် အနန္တနယသမန္တပဋ္ဌာန်း ကျမ်းကြီးကို သုံးသပ် ဆင်ခြင်တော်မူသော အခါ (မဟာသမုဒ္ဒရာအတွင်း၌ မြူးကွန့်ခွင့်ကို ရသော ယူဇနာတထောင် ရှိသည့် တိမိင်္ဂလငါးကြီးပမာ) သဗ္ဗညုတ ရွှေဉာဏ်တော်သည် မြူးကွန့်ခွင့်ကို ရတော်မူလေသည်။

အနန္တနယသမန္တပဋ္ဌာန်းကျမ်းကြီးဝယ် အလွန်သိမ်မွေ့နူးညံ့ နက်နဲသောတရားအချက်တို့ကို သုံးသပ် ဆင်ခြင်တော်မူလတ်သောအခါ မြတ်စွာဘုရား၏ သန္တာန်၌ အလွန်နှစ်သက် ဝမ်းမြောက်ခြင်း ပီတိတရား ဖြစ်ပွားလာလေသည်။

ပီတိတရားဖြစ်ပွားသောကြောင့် သွေးတော်ကြည်လင်လေသည်။ သွေးတော်ကြည်လင်ခြင်းကြောင့် အရေတော် ကြည်လင်လေသည်။ အရေတော်ကြည်လင်ခြင်းကြောင့် ကိုယ်တော်ရှေ့ပိုင်းမှ အိမ်လုံးတောင်လုံးခန့် ပမာဏရှိသော ရောင်ခြည်တော်တို့သည် ထွက်ပေါ်ကွန့်မြူးကြ၍ ကောင်းကင်၌ ပျံ့သန်းသွားသော ဆဒ္ဒန်ဆင်မင်းပမာ အရှေ့အရပ်မျက်နှာ အနန္တစကြာဝဠာတို့သို့ မြူးကွန့်ပြေးသွားကြကုန်၏။

ကိုယ်တော် နောက်ပိုင်းမှလည်း ထိုအတူ ရောင်ခြည်တော်တို့ ထွက်ပေါ်ကွန့်မြူးကြ၍ အနောက်အရပ် မျက်နှာ အနန္တစကြာဝဠာတို့သို့ မြူးကွန့်ပြေးသွားကြကုန်၏။ လက်ျာ နံပါးတော်မှလည်း ထိုအတူ ရောင်ခြည်တော်တို့ထွက်ပေါ်ကွန့်မြူးကြ၍ တောင် အရပ်မျက်နှာ အနန္တစကြာဝဠာ တို့သို့ မြူးကွန့်ပြေးသွားကြကုန်၏။ လက်ဝဲ နံပါးတော်မှလည်း ထိုအတူ ရောင်ခြည်တော်တို့ ထွက်ပေါ်ကွန့်မြူးကြ၍ မြောက်အရပ်မျက်နှာ အနန္တစကြာဝဠာတို့သို့ ကွန့်မြူးပြေးသွားကြကုန်၏။ ခြေဖဝါးတော် အပြင်တို့မှလည်း သန္တာညွန့် အဆင်းရှိသော ရောင်ခြည်တော်တို့ ထွက်ပေါ်ကွန့်မြူးကြ၍ မြေထု, ရေထု, လေထုကို ထွင်းဖောက်ပြီးလျှင် အောက်အဇဋာပြင် ကောင်းကင်သို့ သက်ဝင်ပြေးသွားကြကုန်၏။ ဦးခေါင်းတော်မှလည်း နီလာ ဆံကြိုးကုံးကို လှည့်ပတ်သည့်ပမာ ညိုသောရောင်ခြည်တော် အလုံးတို့သည် တလုံးပြီးတလုံး ထွက်ပေါ်ကွန့်မြူးကြ၍ ကာမာဝစရ နတ်ပြည်ခြောက်ရွာ, ဗြဟ္မာပြည် ၂၀ တို့ကို ကျော်တက်၍ အထက်အဇဋာကာသ ကောင်းကင်သို့ ပျံတက်ကွန့်မြူးကြလေသည်။

ဤအရာ၌ **ပဟာဝိသုဒ္ဓာရာမဆရာတော်ဘုရား** ရေးသား ဖွဲ့ဆိုတော်မူအပ်သော "ဆဗ္ဗဏ္ဏရံသိဝဏ္ဏနာ=ရောင်ခြည်ခြောက်ပါး ဘုရားရှိခိုး" ဂါထာပါဠိ၌ အနက်တို့ကို သုတကာမီပုဂ္ဂိုလ်တို့ (အရကျက်မှတ်ရန်) အလို့ငှာ ထုတ်ဖော်ရေးသားပြဆိုဦးအံ့။

## ရောင်ခြည်တော်ခြောက်ပါး ဘုရားရှိခိုး

(၁) သတ္တ သတ္တာဟ မဇ္ဈမှိ၊
နာထော ယော သတ္တ သမ္ဘသိ။
ပတ္တာ သမန္တပဋ္ဌာနံ၊
ဩကာသံ လဘတေ တဒါ။

နာထော=လူသုံးမျိုးတို့၏ ကိုးစားရာတဆူဖြစ်တော်မူသော၊ယော သတ္ထာ=အကြင်မြတ်စွာဘုရားကိုယ်တော်မြတ်သည်၊ သတ္တ သတ္တာဟ မဇ္ဈမှိ=ပလ္လင်+နိမိ+စင်္ကြံ+ဃ+အ+မု+ရ—ဟု သတ္တာဟ ခုနစ်လီ၊ နေ၁စာလီ၀ယ် ချက်လယ်ဖွဲ့ချာ ရတနာဃရ သတ္တာဟ၌ (၀၁) ပလ္လင်္ကသတ္တာဟ၊ အနိမိသ သတ္တာဟ၊ စင်္ကမသတ္တာဟ၊ ရတနာဃရသတ္တာဟ၊ အဇပါလ သတ္တာဟ၊ မုစလိန္ဒသတ္တာဟ၊ ရာဇာယတနသတ္တာဟ-ဟူသော သတ္တာဟ ခုနစ်လီ၊ နေ၁စာလီ၀ယ် ချက်လယ်ဖွဲ့ချာ ရတနာဃရသတ္တာဟ၌၊ သတ္တ=ဓမ်+ဝိ+ဓာ+လ+က+ယ+ပဋ္ဌာန်း အဘိဓမ္မာ ခုနစ်ကျမ်းတို့ကို (၀၁) ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်း အဘိဓမ္မာ ခုနစ်ကျမ်းတို့ကို၊ သမ္မသိ=ကပ်အလီလီ ဖြည့်ခဲ့ညီသား ပါရမီဘုန်းစည် အတည်တည်ကြောင့် နိုင်းရှည်မဲ့ရှဲ နက်နဲမွေသိမ် တေဇိန်ပြောထူ သဗ္ဗညုဖြင့် ရှေးရှုတပ်တပ် သုံးသပ်ဆင်ခြင်တော်မူလေပြီ။ တဒါ=ထိုသို့ သုံးသပ်ဆင်ခြင်တော်မူသော အခါ၌၊ သမန္တပဋ္ဌာနံ= ယူဇနာပေါင်း ရှစ်သောင်းလေးထောင် နက်ဝှမ်းဆောင်သား ကျောက်တောင်ပတ်ခွေ သမုဒ်ရေထက်အနေကျယ်ဝှမ်း နည်းစုံဆန်းသော သမန္တပဋ္ဌာန်းကျမ်းကြီးသို့၊ ပတွာ=ဉာဏ်ရဉ်တော်လျှောက် အစဉ်ရောက်၍၊ဉာဏံ= ကပ်အလီလီ ဖြည့်ခဲ့ညီသား ပါရမီဘုန်းစည် အတည်တည်ကြောင့် နိုင်းရှည်မဲ့ရှဲ နက်နဲမွေသိမ် တေဇိန်ပြောထု သဗ္ဗညုတ ရွှေဉာဏ်တော်မြတ်သည် ဩကာသံ=မြူးထူးကျက်စား ကစားခွင့်ကို၊ လဘတေ=ရတော်မူလေ၏။

(၂) ယောဇနာနံ သတာယာမော၊
ပဥ္စ တိမိရပိင်္ဂလော။
ကိဋ္ဌောကာသံ သမုဒ္ဒေဝ၊
ဂမ္ဘီရေ လဘတေ ယထာ။

ယထာ=ပမာတန္တ၊ အပြိုင်ပြု၍ နိုင်းရှုစရာ ဥပမာပုံဆို အဘယ်လိုနည်းဟူမူကား၊ ယောဇနာနံ= ယူဇနာတို့၏၊ ပဥ္စသတာယာမော= ငါးရာရှည်လျား လွန်ကြီးမားသော၊ တိမိရပိင်္ဂလော=မိတိရင်္ဂပိလ အမည်ရသော ငါးကြီးသည်၊ ဂမ္ဘီရေ= ယူဇနာပေါင်း ရှစ်သောင်း

လေးထောင်နက်ဝှမ်းဆောင်သော၊ သမုဒ္ဒေဝ—သမုဒ္ဒေ ဧဝ=တောင်ခွေပတ်ချုပ် ရေသမုဒ်ဒ္ဒသာလျှင်၊ ကိဋ္ဌေဝကာသံ= မြိုးဆံရှင်ပျယ် စံပယ်ခတ်ကူး မြူးတူးကျက်စား ကစားခွင့်ကို၊ လဘတေ ယထာ= ရလေသကဲ့သို့၊ ဧဝံ တထာ=ထိုအတူ၊ ဉာဏံ=ကပ်အလီလီဖြည့်ခဲ့ညီသား ပါရမီဘုန်းစည် အတည်တည်ကြောင့် နိုင်းရှည်မဲ့ရှဲ နက်နဲမွေ့သိမ် တေဇိန်ပြောထူ သဗ္ဗညုတ ရွှေဉာဏ်တော် မြတ်သည်၊ ဩကာသံ= မြူးတူးကျက်စား ကစားခွင့်ကို၊ လဘတေ=ရတော်မူလေ၏။

( ၃ ) သမ္မသန္တဿ တံ ဓမ္မံ၊
တဒါ သတ္ထု သရီရတော၊
တံ တံ ဝဏ္ဏေ ဆဗ္ဗဏ္ဏာ၊
လောဟိတာဒိ ပသီဒနာ။

တဒါ=ထိုသို့ အခွင့်ရတော်မူသောအခါ၌၊ တံ ဓမ္မံ=ပရမာဏ်မြူ ပုံတူအလား (သိမ်မွေ့နူးညံ့စွာသော) ထို ပဋ္ဌာန်းတရားကို၊ သမ္မသန္တဿ=သုံးသပ်ဆင်ခြင်တော်မူသော၊ သတ္ထု=ဗြဟ္မာနတ်လူ သုံးဘုံသူကို ကြည်ဖြူရှင်ပြုံး ရွှေနှုလုံးဖြင့် ဆုံးမတော် မူပေတတ်သော မြတ်စွာဘုရား၏၊ လောဟိတာဒိပသီဒနာ=သွေးတော်စသည် ကြည်လင်တောက်ပခြင်းကြောင့်၊ သရီရတော=ပကတိ အတောင် တဆယ့်ရှစ်တောင်ပေါ် ရွှေကိုယ်တော်မှ၊ ဆဗ္ဗဏ္ဏာ=ညို+ရွှေ+ဖြူ+နီ+မောင်းရီ+ပြိုးပြက် တခဲနက်အား, ခြောက်ပါးသော အဆင်းရှိသော ရောင်ခြည်တော်တို့သည်၊ တံ တံ ဌာနံ=ဝဲယာရှေ့နောက် အထက်အောက်ဟု ဆိုအပ်သော ထိုထို အရပ်ဌာနသို့၊ ဓာဝန္တိ=ထိုဤမားမား ပြေးသွားတော်မူကြလေကုန်၏။

( ၄ ) နီလာယော နီလဋ္ဌာနေဟိ၊
ပီတောဒါတာ စ လောဟိတာ။
တမှာ တမှာ တု မဇ္ဈေဋ္ဌာ၊
နိက္ခမိံသု ပဘဿရာ။

နီလဋ္ဌာနေဟိ=ဆံတော် မျက်နက်တော်ဟု ဆိုအပ်သော ညိုရာရာ အရပ်တော်တို့မှ၊ နီလာယော=ဝန်းကျင်ပျံ့ဝဲ ဖြန့်မြှောက် ကြဲအပ်

သော အောက်မဲညို၊ ကြာညို၊ မျက်စဉ်းညိုကဲ့သို့ရင်း၊ တလျှပ်လျှပ် တငြိမ့်ငြိမ့် တအိမ့်အိမ့် တနွဲ့နွဲ့ တလွဲ့လွဲ့ ခပ်အပ်သော ပတ္တမြားယပ် ညို ပုဆိုးညိုကဲ့သို့ရင်း၊ ထိုထိုရပ်ခွင် ဝန်းကျင်ပတ်ခွေ မိုးနှင့် မြေကို လွှမ်းအုပ်ညိုစေလျက် **မည်းနက်ရေးင်တွဲ့ ပြာလဲ့စိမ်းစို ညိုသော အဆင်းရှိသော ရောင်ခြည်တော်** တို့သည်၊ နိက္ခမိံသု=ပဋ္ဌာန်း ဒေသနာတော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူသည့် နေ့ကစ၍ ယခုည ယခုနေ့တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံးတောင်လုံး ခန့်ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျက် ထွက်ခွာ ဝေးခြား ပြေးသွားတော်မူကြလေကုန်ပြီ။

ပီတဋ္ဌာနေဟိ=ရွှန်းအိကိုယ်ရေ ဝါရွှေရာ အရပ်တော် အရပ်တော် တို့မှ၊ ပီတာ=ပတ်လည်ဝန်းကျင် ရွှေရည်ယဉ်ဆမ်း ရွှေပုဆိုးဖြန့်လှမ်း သကဲ့သို့ရင်း၊ ကျီကျူမှုန့်ရွှေဝါ မြင်းသီလာဆေးဒန်း ပွင့်မဟာ လှေ ကားပန်းတို့သည် ကောင်းကင်ပြည့်ပြွမ်းသကဲ့သို့ရင်း၊ ဖုံးလွှမ်းဖို့ ကာ ဆယ်မျက်နှာရပ်ခွင်ကို ဝါလွင်ထိန်လင်းစေလျက် ဝါဝင်းထိန်ပြေ **ရွှေသောအဆင်းရှိသော ရောင်ခြည်တော်**တို့သည်၊နိက္ခမိံသု=ပဋ္ဌာန်း ဒေသနာတော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူသည့်နေ့ကစ၍ ယခုည ယခုနေ့တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံးတောင်လုံး ခန့်ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျက် ထွက်ခွာ ဝေးခြား ပြေးသွားတော်မူကြလေကုန်ပြီ။

ဩဒါတဋ္ဌာနေဟိ=အရိုးတော်သွားတော် မျက်ဖြူတော်ဟု ဆိုအပ် သော ဖြူရာရာ အရပ်တော်တို့မှ၊ ဩဒါတာ=ပတ်လည် ဝန်းကျင် ငွေအိုးမှသွန်အပ်သော နို့ရည်အယဉ် ကောင်းကင်ပြည့် ငွေဗိတာန် ဝေဟာသံ တိမ်မြင့်က တဝင့်ဝင့် တနွဲ့နွဲ့ တလွဲ့လွဲ့ ခပ်အပ်သော ငွေ ပြားယပ် ငွေစပယ် သင်းခွေနွယ်ကြာဖြူ မြတ်လေးမှူးကြက်ရိုးတို့အုပ်ဖုံး ကာ ယှက်ထွေးသကဲ့သို့ **ဖြူဖွေးသပ္ပာယ် စင်ကြယ်သန့်ရှင်းသော အဆင်းရှိသော ရောင်ခြည်တော်**တို့သည်၊နိက္ခမိံသု=ပဋ္ဌာန်းဒေသနာ တော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူသည့် နေ့ကစ၍ ယခုည ယခုနေ့ တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံးတောင်လုံးခန့် ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျက် တွက်ခွာ ဝေးခြား ပြေးသွားတော်မူကြလေကုန်ပြီ။

လောဟိတဋ္ဌာနေဟိ=မျက်စိသားသွေး နီတွေးရာအရပ်တော်တို့မှ၊ လောဟိတာ=ဆုန်းမှုန့် တပ်စွ ရဲသော ချိပ်ရည် ကမ္ဗလာနီမြန်း လယ်ခေါင်ရန်းမိုးစွေ ပန်းကသစ်အနေလို ရေမြေရော ကောင်းကင်ပါ အာကာသအဇဋ္ဌာမှာ တိမ်မိုလ္လာယှက်ပြေးသကဲ့သို့ နီတွေးထိန်ကျင် လွှင်သော အဆင်းရှိသော ရောင်ခြည်တော် တို့သည်၊ နိက္ခမိ သု= ပဋ္ဌာန်းဒေသနာတော်မြတ်ကို၊ သုံးသပ်ဆင်ခြင်တော်မူသည့် နေ့ကစ၍ ယခုည ယခုနေ့တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံးတောင်လုံးခန့် ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်း တောက်ပလျက် ထွက်ခွာ ဝေးခြား ပြေးသွားတော်မူကြလေကုန်ပြီ။

တု=ထိုမှတပါးကုန်သော၊ မဉ္ဇိဋ္ဌာ=မည်းနီညိုလောင်း ရောယှက်ပေါင်းသဖြင့် **မောင်းမဲ့မှိုင်းအုံ မှုန်ရည်သော အဆင်းရှိသော ရောင်ခြည်တော်**တို့သည်ငှင်း၊ ပဘဿရာ=လကဆုန်ခါ အဇဋ္ဌာပြင်ကျယ် ကောင်းကင်လယ်က လျှပ်နွယ်ယှက်ကူးပိုးရေမြူးစံ မိုးပေါက်လျှံကဲ့သို့ ဂျွဲဝတက်သက် **ပြိုးပြိုးပြက်သောအားဖြင့် တခဲနက် အဆင်းရှိသော ရောင်ခြည်တော်** တို့သည်ငှင်း၊ တမှာ တမှာ သရီရပဒေသာ=ဤသို့သောခတ် ဤအရပ်ဟု မသတ်မှတ်နိုင် ထွန်းပြိုင်ရှန်းစို ထိုထိုကိုယ်တော် အစိတ်မှ၊နိက္ခမိ သု=ပဋ္ဌာန်းဒေသနာတော်မြတ်ကို သုံးသပ်ဆင်ခြင်တော်မူသည့်နေ့ကစ၍ ယခုညယခုနေ့တိုင်အောင် အရောင်ရှိန်ရှိန် တထိန်ထိန်နှင့် အိမ်လုံးတောင်လုံးခန့် ပမာဏ ကြွကြွဝင်းဝင်း ထွန်းလင်းတောက်ပလျက် ထွက်ခွာ ဝေးခြား ပြေးသွားတော်မူကြလေကုန်ပြီ။

(၅) ဧဝံ ဆဗ္ဗဏ္ဏ ရံသိယော၊
တော ယာဝဇ္ဇဝါသရာ။
သဗ္ဗာဒိသာဝိဓာဝန္တိ၊
ပဘာ နဿန္တိ တတ္ထိကာ။

ဧဝံ=ဤသို့၊ တော ဆဗ္ဗဏ္ဏရံသိယော=ညို+ရွှေ+ဖြူ+နီ+မောင်းရီ+ပြိုးပြက် တခဲနက်အားဖြင့် ထိုခြောက်ပါးသော အဆင်းရှိသော ရောင်ခြည်တော်တို့သည်၊ ယာဝဇ္ဇဝါသရာ= သာသနာတော်ရောင် ထွန်းပြောင်ထိန်လက် ယနေ့ထက်တိုင်အောင်၊ သဗ္ဗာဒိသာ=

ဝဲန်းကျင်ပတ်ခြုံလုံးစုံနှံ့ စပ်အရပ်ဒိသာ ဆယ်မျက်နှာတို့သို့၊ ဝိဓာဝန္တိ=ထိုဤ မားမား ပြေးသွားကြလေကုန်ပြီ။ တတ္ထိကာ=ရောင်ခြည်တော်ခြောက် အစဉ်လျှောက်၍ရောက်လေရာရာ ပဒေသာပင်ဥယျာဉ်ဗိမာန် အစရှိသော ထိုထိုအရပ်၌ ဖြစ်ကုန်သော၊ ပဘာ=လက်ဆယ်ချောင်းဖြင့် သောင်းစက္ကဝါထွန်းနိုင်ပါသားပြဖွဲ့နတ်မင်း စသည်တို့၏ ကိုယ်ရောင် ဘုန်းရောင် အစရှိသော အရောင်တို့သည်၊ နသန္တိ=တောဇိန်ပယ်ရှင်း မထွန်းလင်းနိုင်သည် ဖြစ်၍ ကွယ်ကင်းပြေပျောက် ကြရလေကုန်၏။

( ၆ ) ဣတိ ဆဗ္ဗဏ္ဏရံသိတတ္တာ၊
အင်္ဂီရသော တိ နာမသော။
လောကေ ပတ္ထဋ္ဌဂုဏံ တံ၊
ဝန္ဒေ ဗုဒ္ဓံ နမဿိယံ။

ဣတိ—ဧဝံယထာဝုတ္တနယေန=အကြင်အကြင် ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်၊ဆဗ္ဗဏ္ဏရံသိတတ္တာ=ခြောက်ပါးသော အဆင်းရှိသောရောင်ခြည်တော် ရှိတော်မူသည်၏အဖြစ်ကြောင့် နာမသော= လွန်ကဲထူးမြတ်ဂုဏ်သကတ်ကြောင့် ရတော်မူအပ်သော အတ္တာနုဂတအမည်အားဖြင့်၊ အင်္ဂီရသောတိ=အင်္ဂီရသဟူ၍၊ လောကေ=လောကသုံးရပ် ဘုံသုံးထပ်၌။ ပတ္ထဋ္ဌဂုဏံ=ကျေညာအောက်ထက် ပြန့်တက်ကျော်စောသော ကျေးဇူးတော်ဂုဏ်တော်နှင့် ပြည့်စုံတော်မူထသော၊ နမဿိယံ=တလောကလုံး ညွတ်ရုံးဖြန့်မိုး ရှိခိုးပူဇော်ခြင်းငှာ ထိုက်တော်မူပေထသော၊ တံ ဗုဒ္ဓံ=သစ္စာလေးပါးမြတ်တရားကို ပတ္တမြားမျက်ရှင် လက်ဝယ်တင်သို့ ထင်ထင်ကြီးသိတော်မူပါသော လောကထွတ်ထား ထိုမြတ်စွာဘုရားကို၊ အဟံ=တရားဉာဏ်ဝင် ရှုဆင်ခြင်မှုမစင်မကြွယ် ရှိဘွယ်လုံးလုံးသုံးဆယ်နှစ်ဝံကောဋ္ဌာသကို ကာယသမုတ်အကျွန်ုပ်သည်၊ ဝန္ဒေ—ဝန္ဒာမိ=သက်တော်ရှိစဉ် သုံးလူ့ရှင်ကိုထင်ထင်မှန်းရည် ယုံကြည်ကြိမ်ကြိမ် သဒ္ဓါရှိန်ဖြင့် ဦးနှိမ်ညွတ်ကာ လက်အုပ်မိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။ ။

ပဋ္ဌာန်းဒေသနာတော်သည် ကောင်းကင်ကဲ့သို့ နည်းပေါင်းအနန္တနှင့်ပြည့်စုံ၏။ မြေကြီးအထုပမာ ပြန့်ကျယ်လှစွာ၏။ သမုဒ္ဒရာရေထုပမာ နက်နဲလှစွာ၏။ ထိုသို့ပင် ဖြစ်သော်လည်း သဗ္ဗညုတ ဉာဏ်တော်၏ အလား ကြီးမားလျင်မြန်လှစွာသောကြောင့် ခုနစ်ရက်ဖြင့်ပင် သုံးသပ်ဆင်ခြင်ခြင်းကိစ္စပြီးဆုံးလေသည်။ ထိုသို့ တရားရတနာကို ဆင်ခြင်သုံးသပ်၍ ခုနစ်ရက်ပတ်လုံးနေတော်မူရာ အရပ်သည် **"ရတနာဃရ စေတီ"** ဟူ၍ အမည်တွင်လေသည်။



# နိဒါန်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## အဘိဓမ္မာ ပိဋကသမိုင်း

ဘုရားရှင် ၄၅-ဝါတိုင်တိုင် ဟောကြားတော်မူခဲ့သော တရားတော်များကို သဘောတူရာ,သဘောတူရာ စုပေါင်း၍ အစုကြီး ၃-စုခွဲခြားလေသော်၊ ပိဋက အမည်အားဖြင့် "ဝိနယပိဋက၊ သုတ္တ (သုတ္တန္တ) ပိဋက၊ အဘိဓမ္မပိဋက" ဟူ၍ ၃ မျိုးရှိလေသည်။

ယင်းပိဋကများထဲပါ ဒေသနာတခုစီ၌ "မည်သူ့ကို အကြောင်းပြု၍ မည်သည့်အရပ်၌' ဘုရားရှင် ဟောကြားတော်မူကြောင်း နောက်ခံ နိဒါန်း ကြောင်း အသီးသီး ပါလေ့ရှိ၏။ ထိုသို့ ကာလ၊ဒေသ၊ဌာန၊ပုဂ္ဂလ စသည်တို့၏ အစွမ်းအားဖြင့် မထင်ရှားသော ဒေသနာတော်ကို ထင်ရှားအောင် ပြု၍ ပြတတ်သောကြောင့် နိဒါန်းဟု ခေါ်၏။

**'ဝိနယ'** ပိဋက အရာဝယ် သိက္ခာပုဒ် အသီးသီးအတွက် ဆိုင်ရာ ဆိုင်ရာ ဝတ္ထု၊ နိဒါန်း၊ ပုဂ္ဂိုလ်၊ ပထမ ပညတ်၊ (ဒုတိယ) အနုပညတ်၊အာပတ္တိ၊ အနာပတ္တိ ဟူ၍ရင်း။

**'သုတ္တန်'** (သုတ္တန္တ) ပိဋကအရာ၌လည်း သုတ္တန်ဒေသနာတော် အသီးသီး အတွက် ဆိုင်ရာဆိုင်ရာ နိဒါန်း၊ ပုဂ္ဂိုလ်၊ ဝတ္ထုများဟူ၍ရင်း- ပထမသင်္ဂါယနာတင်စဉ်ကပင် မှတ်တမ်းတင် ထားခဲ့ကြသဖြင့် ထင်ရှား ပါရှိနေ၏။ (ထိုပိဋက ၂ ခုပါ ဒေသနာအသီးသီးတို့မှာ ပုဂ္ဂိုလ်အမျိုးမျိုး၊ ဒေသအမျိုး

မျိုး၊ အကြောင်းအမျိုးမျိုးကြောင့် ဟောကြားရသည်ဖြစ်၍ နိဒါန်းစကားမှာ မပါမဖြစ်၊ အလွန်လိုအပ်ပေ၏။)

'**အဘိဓမ္မာ**' ပိဋကအတွက်မူကား အဘယ်အရပ်၌ ဟောသည်၊ အဘယ်ပုဂ္ဂိုလ်တို့အားဟောသည် စသော အချက်အလက်တို့ကို ထည့်သွင်းဖော်ပြထားခြင်း မပါရှိချေ၊ ယင်းသို့ ထည့်သွင်း ဖော်ပြမထားသည်မှာကား မလိုသောကြောင့် ဖြစ်၏။ ထိုအကြောင်းကို မကြည့် မသိကြဘဲ၊ ယင်းသို့သော နိဒါန်းစကား ခိုင်ခိုင်လုံလုံ မပါရှိဟု မှတ်ထင်၍ ဘုရားဟောမဟုတ်ဟု ယူဆသူများ ရှေးကပင် ရှိခဲ့ကြဘူးလေ၏။

စင်စစ်အားဖြင့် အဘိဓမ္မာပိဋကကား အခြားပိဋက ၂ ပုံနှင့်မတူပေ။ ယင်းအတွက် နိဒါန်းမှာ ထည့်ဘို့ပင် မလိုလောက်အောင် အလွန်ပင် ထင်ရှားလှသောကြောင့် ဖြစ်၏။ ဘုရားရှင်သည် သာဝတ္ထိပြည်၌ သတ္တမဝါမြောက်ဝါဆိုလပြည့်နေ့တွင် ရေမီးအစုံအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူပြီးနောက်၊ ထိုနေ့ညနေအချိန်တွင် (ရှေးဘုရားရှင်တို့ ဓမ္မတာအတိုင်း) တာဝတိံသာနတ်ပြည်သို့ ကြွတော်မူ၍ မယ်တော်မိနတ်သား အမှူးရှိသော နတ်ဗြဟ္မာအပေါင်းတို့အား နက်နဲ ရှည်လျားလှသော အဘိဓမ္မာပိဋက တခုလုံးကို ဝါတွင်း ၃ လပတ်လုံး တခါတည်းဖြင့် ဟောတော်မူ၏ (ဟူသော အချက်မှာ ဗုဒ္ဓဝင်မှတ်တမ်း၌ ထင်ရှားစွာ ပါရှိပြီးဖြစ်လေ၏။)

ထို့ကြောင့် ပထမသင်္ဂါယနာ တင်စဉ်အခါက ဝိနည်းနှင့်သုတ္တန် ပိဋကမှာ ကဲ့သို့ သင်္ဂါယနာမတင်မီ အဘိဓမ္မာကို–

(၁) အဘယ်အရပ်မှာ ဟောတော်မူပါသနည်း။

(၂) အဘယ်ပုဂ္ဂိုလ်ကိုစွဲ၍ ဟောတော်မူပါသနည်း။

(၃) အဘယ့်ကြောင့် ဟောတော်မူပါသနည်း။

စသည်ဖြင့် အရှင်မဟာကဿပမထေရ်က မေး၍ အရှင်အာနန္ဒာက ဖြေဆိုနေဘွယ် မလိုတော့သဖြင့် အဘိဓမ္မာပိဋက၌ "ဧကံ သမယံ ဘဂဝါ (..........)ဝိဟရတိ" စသော နိဒါန်းစကားကို ထည့်မထားခြင်း ဖြစ်၏။

အလုံးစုံသော ဘုရားရှင်တို့သည် အဘိဓမ္မာပိဋကတော်ကို အဘယ်ကြောင့် တာဝတိံသာနတ်ပြည်၌သာ ဟောတော်မူပါကုန်သနည်း ဟု မေးဘွယ်ရှိ၏။ အဖြေကား– ပိဋက ၃ ပုံတွင် အဘိဓမ္မာပိဋကသည် အကြီးအကျယ်ဆုံး အနက်

နံဆုံးဖြစ်၏။ဘုရားရှင် ဟောတော်မူခဲ့သော ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်(၈၄၀၀၀)အနက် လေးသောင်းနှစ်ထောင်(၄၂၀၀၀)တဝက် လုံးလုံးသည် ဤအဘိဓမ္မာ ပိဋကတော်ကြီးထဲမှာ ပါဝင်နေပေ၏။

ထို့ပြင် အဘိဓမ္မာပိဋကသည် အခြားပိဋက ၂ ပုံနှင့် မတူသည့် အချက် ရှိသေး၏။ ယင်းကား ဝိနယ ပိဋကထဲပါ သိက္ခာပုဒ်အသီးသီးသည်၎င်း၊ သုတ္တန် ပိဋကထဲပါ သုတ်တရားတော် အသီးသီးသည်၎င်း၊ မိမိတို့၏ အနက်သဘော ကိုဆောင်လျက် တသီးတခြား တည်ရှိနေနိုင်သော်လည်း အဘိဓမ္မာပိဋကလာ တရားတော်တို့မှာကား တရားတခုကို နားလည်မှ တခြားတရားတခုကို နား လည်နိုင်လောက်အောင် တခုကိုတခု အမှီပြုနေလျက် ခွဲမရလောက်အောင် အလွန်နီးကပ်စွာ တစပ်တည်းပမာ ဆက်စပ်နေလျက်ရှိသောကြောင့် လိုရာ တရားတခုခုကိုကွက်၍ ထုတ်နုတ်ယူငင် သင်ယူလေ့လာရန် မဖြစ်နိုင်ချေ။ ထိုအဘိဓမ္မာတရားတို့ကို အစမှအဆုံးတိုင် အဆက်မပြတ် နာယူမှတ်သားမှသာ အကွက်လည်ပြီး ကောင်းစွာနားလည် သဘောပေါက်နိုင်ရာ၏။

ဆက်စဉ်းစားဦးအံ့၊ ဘုရားရှင် ဟောတော်မူခဲ့သည့် ဒေသနာအားလုံး၏ တဝက်လောက်ပါဝင်နေပြီး ရက်ပေါင်း-၉၀ မျှ (မူလက) ဟောကြားရ လောက်အောင် အလွန်အမင်း ကြီးမားရှည်လျားပြီး၊ ခက်လည်းခက်ခဲလှပေ သော ဤအဘိဓမ္မာပိဋကလာ (မာရသွန်) တရားတော်မြတ်ကြီးကို ဤ လူ့ပြည်၌ဟောလျှင် အဘယ်ပုဂ္ဂိုလ်များ တထိုင်တည်းဖြင့် (စိတ်ဝင်စားစွာ) နာယူနိုင်မည်နည်း။ မည်သည့်လူသားမျှ နာယူနိုင်မည်မဟုတ်။ ဤသည်ပင် ဤနေရာ၌ အလွန်အရေးပါ၍ ထင်ရှားလှသော အချက်ကြီးပေတည်း။

တာဝတိံသာနတ်ပြည်၌ နေ့ရက်အားဖြင့်သော်၎င်း၊ နတ်သက်အားဖြင့် သော်၎င်း လူ့ပြည်မှာထက် အဆပေါင်း ထောင်ပေါင်းများစွာ ရှည်လျား ပေ၏။ လူ့ပြည်၌ လူတို့၏အနှစ်တရာသည် တာဝတိံသာနတ်ပြည်မှာ တရက် မျှသာရှိသေး၏။ ထို့ကြောင့် တာဝတိံသာ၌ တရက်သည် လူ့ပြည်၌ ရက် ပေါင်း ၃၆၀,၀၀ (နှစ် ၁၀၀×ရက် ၃၆၀)နှင့် ညီမျှ၏။ ထို့ကြောင့် အဘိ ဓမ္မာတရားဟောရာ အချိန်ကာလသည် လူ့ပြည်၏ ရက်အလိုအားဖြင့် ရက် ပေါင်း ၉၀ (ဝါတွင်း ၃လ)မျှ ရှိသော်လည်း တာဝတိံသာနတ်ပြည်၌မူ တရက်၏ အပုံ ၄၀၀ ပုံ, တပုံမျှသာ (၃၆၀,၀၀÷၉၀=၄၀၀) ရှိသော ကြောင့် မိနစ်ပိုင်းမျှသာ ရှိသေး၏။


၁၄၀၁၃

ထို့ကြောင့် တာဝတိံသာနတ်ပြည်ရှိ နတ်အပေါင်းနှင့်တကွ စကြဝဠာ တိုက်တသောင်းမှ လာရောက်ကြကုန်သော နတ်ပြဟ္မာ အပေါင်းတို့သည် လူတို့၏ရက်အားဖြင့် ရက် ၉၀ တိုင် ဟောတော်မူရမည့် အဘိဓမ္မာပိဋက တရားတော်မြတ်ကြီး တခုလုံးကို တထိုင်တည်းဖြင့် 'အဿာကလေး' (အထိုင်ပင် မဖျက်ရဘဲ)အေးအေးသက်သာ နာယူနိုင်ကြမည်သာတည်း။

ဤသည်ပင် တဆက်တည်း ဆက်တိုက်ဟောတော်မူရမည့် အဘိဓမ္မာ ပိဋကတော်ကြီးကို တထိုင်တည်းဖြင့် အပြီး ဟောနိုင်ရန်အတွက် ဟောမည့် နေရာအဖြစ် တာဝတိံသာနတ်ပြည်ကို အလုံးစုံသော ဘုရားရှင်တို့ ရွေးတော်မူကြခြင်း ဖြစ်ရာ၏။ ထို့ပြင်လည်း တာဝတိံသာ နတ်ပြည်၌ မယ်တော် မိနတ်သားကို အမှူးပြု၍ အဘိဓမ္မာ ပိဋကတော်ကြီးကို ဟောတော်မူခြင်းဖြင့် အမိကျေးဇူးကို အထူးဆပ်လေ့ရှိသည်မှာလည်း ဘုရားရှင်တိုင်း၏ ဓမ္မတာကြီး တခုလည်း ဖြစ်ပေ၏၊ ဤသည်လည်း ထည့်စဉ်းစားရမည့် အချက်တခု ဖြစ်၏။

တဖန် တာဝတိံသာနတ်ပြည်၌ ဟောတော်မူအပ်သော အဘိဓမ္မာပိဋကတော်သည် လူ့ပြည်သို့ ဘယ်လိုရောက်လာခဲ့သနည်း ဟု မေးဘွယ်ရှိပြန်၏။

အဖြေကား တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာ တရားတော်မြတ်ကြီးကို ဟောတော်မူသော ဘုရားရှင်သည် လူ့ပြည်ရှိ နေ့ရက်အချိန်အခါကိုမှတ်သား၍ ဆွမ်းခံချိန် ရောက်လေသော် "နိမ္မိတ ဘုရားရှင်တဆူကို ဖန်ဆင်း၍" ကိုယ်တော်မြတ် ဟောကြားအပ်ပြီးသည့်တရားမှ ဆက်၍ ဟောကြားတော်မူစေပြီး လူ့ပြည်သို့ကြွမြန်း၍ မြောက်ကျွန်း၌ ဆွမ်းခံတော်မူ၏။ နောက် အနောတတ် အိုင်သို့ကြွကာ ဆွမ်းဘုဉ်းပေးတော်မူပြီး စန္ဒကူးနံ့သာတောသို့ ကြွကာ နေ့သန့်တော်မူ၏။

ထိုအခါတွင် သင်္ကဿနဂိုရ်ပြည်၌ ဝါကပ်သီတင်းသုံးနေသော အရှင်သာရိပုတ္တရာမထေရ်သည် ဘုရားရှင်ထံသို့ (တန်ခိုးဖြင့်)ကြွ၍ ဝတ်ကြီးဝတ်ငယ်ပြုစု လုပ်ကျွေး၏။ ထိုအခါ ဘုရားရှင်က "ချစ်သားသာရိပုတ္တရာ၊ ငါဘုရားသည် ယနေ့ဤမျှသော အဘိဓမ္မာတရားတော်ကို ဟောအပ်ပြီ။ သင်သည် မိမိ၏ တပည့်ရဟန်း ငါးရာတို့အား ပို့ချသင်ပေးလော့"ဟု အကျဉ်းချုပ်ကို နည်းပေးကာ ညွှန်ပြဟောကြားတော်မူ၏။ အရှင်သာရိပုတ္တရာလည်း ပညာအရာ၌ ဧတဒဂ်ရသော အဂ္ဂသာဝက ဖြစ်ရကား ဘုရားရှင်ဟောပြအပ်သော ထို တရားအကျဉ်းကို နည်းပေါင်း အရာအထောင်တို့ဖြင့် ချဲ့ထွင်၍ အကျယ်အားဖြင့် သိမြင်လေ၏။

ဘုရားရှင်လည်း နေ့သန့်ပြီး၍ ညချမ်းအခါ တာဝတိံသာသို့ ကြွတော်မူကာ နိမ္မိတဘုရားရှင်ကို ကွယ်စေပြီး ထိုဘုရားရှင်ဟောကြားပြီးသော တရားမှပင် ဆက်၍ဟောကြားတော်မူ၏။

(ထိုသို့ ဘုရားရှင်သည် ဆွမ်းခံချိန်၌ နိမ္မိတဘုရားရှင်ကို မိမိနေရာ၌ တည်စေ၍ တရားကို ဆက်လက်ဟောကြားစေပြီး၊ တာဝတိံသာမှ ကွယ်ပျောက်သွားခြင်းနှင့်တဖန်ညနေချိန်၌ ပြန်ကြွလာပြီး ထိုနိမ္မိတ ဘုရားရှင်ကို ကွယ်စေ၍ ထိုနေရာ၌ပင် ထင်ရှားဖြစ်လျက် တရားတော်ကို ဆက်လက်ဟောကြားတော်မူခြင်း၊ ဤအပြောင်းအလဲတို့ကို တန်ခိုးကြီးသော နတ်ဗြဟ္မာတို့သာ သိကြလေ၏။)

အရှင်သာရိပုတ္တရာသည် ဘုရားရှင်ထံမှ သင်္ကဿနဂိုရ်ပြည်သို့ ပြန်ကြွလာပြီး မိမိ၏တပည့်ရဟန်း ငါးရာတို့အား ဘုရားရှင်ဟောပြသည့် အဘိဓမ္မာတရားအကျဉ်းကို မိမိဉာဏ်ဖြင့် ချဲ့ထွင်၍ မကျဉ်းမကျယ် အလယ်အလတ်အားဖြင့် ပို့ချသင်ပေးတော်မူ၏။ထိုရဟန်းငါးရာတို့လည်း(ရှေးဘဝတခုဝယ် လင်းနို့သားငါးရာဖြစ်စဉ်က အဘိဓမ္မာတရားကို နာယူခဲ့ဘူးသည့် အလေ့အထရှိခဲ့သောကြောင့်) အရှင်သာရိပုတ္တရာ ဟောကြားသည့် အဘိဓမ္မာတရားကို တခေါက်တည်းဖြင့် မှတ်သားမိကြလေ၏။

ဤနည်းအတိုင်းပင် ဘုရားရှင်သည် ဝါတွင်း ၃ လပတ်လုံး နေ့စဉ်ပို့၍ အရှင်သာရိပုတ္တရာမထေရ်လည်း ဘုရားရှင်ထံ နေ့စဉ်သွားပြီး ဘုရားရှင် အကျဉ်းဟောပြအပ်သည့် အဘိဓမ္မာတရားတော်ကို မိမိဉာဏ်ဖြင့် မကျဉ်းမကျယ်ချဲ့ထွင်ကာ မိမိ၏ထိုတပည့် ရဟန်းငါးရာတို့အား နေ့စဉ်ဟောကြားလေ၏။ ထိုရဟန်းတို့သည်လည်း အဘိဓမ္မာ ပါရမီရှိသူများဖြစ်၍ တကြိမ်တည်းဖြင့် သင်ကြားသမျှကို မှတ်သားမိနိုင်ကြလေ၏။

သီတင်းကျွတ်လပြည့် အဘိတ်နေ့တွင်ကား ဘုရားရှင်သည် စန္ဒကူးတော၌ နေ့သန့်စဉ်တွင် လာရောက်ဝတ်ပြုသော အရှင်သာရိပုတ္တရာအား ဟောပြသည့် တရားကိုရင်း၊ ဆက်ဟောမည့် တရားကိုရင်း အကျဉ်းအားဖြင့် ဟောပြတော်မူ၏။ ဘုရားရှင် ဟောကြားအပ်သော အဘိဓမ္မာ တရားတော်သည် သီတင်းကျွတ် လပြည့်နေ့တွင် ပြီးဆုံးလေ၏။ ထိုအချိန်မှာပင် လူ့ပြည်၌အရှင်သာရိပုတ္တရာက မိမိ၏ တပြည့်ရဟန်းငါးရာတို့အား အဘိဓမ္မာ ပို့ချသင်ပေးခြင်းအမှုလည်း ပြီးဆုံးလေ၏။ ဘုရားရှင်လည်း အရှင်သာရိပုတ္တရာ ဝါကပ်ရာ သင်္ကဿနဂိုရ်ပြည်သို့ လပြည့်နေ့တွင် ပြန်ဆင်းလာတော်မူ၏။

ဤကား ဘုရားရှင်သည် ၇ ဝါမြောက်၌ တာဝတိံသာနတ်ပြည်တွင် ဝါတွင်း သုံးလပတ်လုံး အဘိဓမ္မာတရားတော်ကို အကျယ်အားဖြင့် ဟောတော်မူသည်မှ အဘိဓမ္မာပိဋက ပေါ်ပေါက်လာပုံကို ပြဆိုခြင်းပေတည်း။

## လေးစားအပ်စွာ အဘိဓမ္မာ

ထိုအခါမှစ၍ အရှင်သာရိပုတ္တာရာနှင့် သူ့တပည့် ရဟန်းငါးရာတို့မှ တဆင့် ဘုရားရှင်လက်ထက်တွင် အဘိဓမ္မာတရားတော်ကို ရဟန်းတော်တို့ အဆင့်ဆင့် သင်ယူမှတ်သားလာခဲ့ကြကုန်၏။ ထိုအကြောင်းကို ဖော်ပြလတ္တံ့သော ပါဠိတော်, အဋ္ဌကထာ ကျမ်းများမှ သာဓက စကားတို့ဖြင့် ထင်ရှားစေကုန်၏။

(၁) ဝိနယပိဋက၊ ပါစိတ်ပါဠိတော်၊ ၁၇၉ ၌— "အကြင်ရဟန်းသည် ကဲ့ရဲ့လိုသည် မဟုတ်ဘဲ၊ 'ငါ့ရှင် တိုက်တွန်းပါ၏။ သင်သည် သုတ္တန်ကိုရင်း၊ ဂါထာတို့ကိုရင်း၊ အဘိဓမ္မာကိုရင်း-ရှေ့ဦးစွာ သင်ယူပါလော့။ နောက်၌လည်း ဝိနည်းကို သင်ရပေလတ္တံ့'ဟု ဆိုပါက ထိုရဟန်းအား အာပတ်မသင့်=အပြစ်မရှိ" ဟူ၍ ဆိုထားသည့်အချက်တခု။

(၂) ထိုပါစိတ်ပါဠိတော်၊ ၄၆၀ ၌ပင် "အကြင်ရဟန်းမသည် (ရဟန်းယောကျ်ားတပါးအား)သုတ္တန်၌ မေးမြန်းရန် အခွင့်တောင်းပြီးမှ ဝိနည်းကိုဖြစ်စေ, အဘိဓမ္မာကိုဖြစ်စေ မေးလျှင်သော်ငင်း၊ ဝိနည်း၌မေးမြန်းရန် အခွင့်တောင်းပြီးမှ သုတ္တန်ကိုဖြစ်စေ, အဘိဓမ္မာကိုဖြစ်စေ မေးလျှင်သော်ငင်း— ထိုရဟန်းမအား ပါစိတ်အာပတ်သင့်၏" ဟူ၍ ဆိုထားသည့်အချက်တခု။

(၃) သုတ္တန်ပိဋက၊ မဟာဂေါသိင်္ဂသုတ်ထဲ၌" အဂ္ဂသာဝကကြီး ၂ပါးနှင့် တပည့်သာဝကကြီး ၄ ပါးတို့ ဂေါသိင်္ဂသာလဝန= အင်ကြင်းတော အတွင်း၌ တပေါင်းလပြည့် ညအခါတွင် အမေးအဖြေ ပြုကြပြီးနောက်၊ အရှင်သာရိပုတ္တရာသည် ထိုအမေးအဖြေများကို ဘုရားရှင်ထံသွား၍လျှောက်ထားသည်မှာ—

"မြတ်စွာဘုရား၊ တပည့်တော်က- ငါ့ရှင်မောဂ္ဂလာန်၊ အဘယ်သို့သော ရဟန်းသည် ငါတို့နေရာ အင်ကြင်းတော (=ငါတို့၏ သာသနာကို ဆိုလို၏) ကို တင့်တယ်စေပါသနည်း' ဟု မေးသော်၊ ရှင်မောဂ္ဂလာန်က 'ငါ့ရှင်သာရိပုတ္တရာ၊ ဤသာသနာတော်၌ ရဟန်း ၂ ပါးသည် အဘိဓမ္မာ တရားတော်ကို

ဟောကြားကြ၍ အချင်းချင်းအား ပြဿနာကို မေးမြန်းဖြေဆိုကြကုန်သော တိုက်တွန်းဆုတ်နစ်ခြင်း မရှိကြလျှင်—ထိုရဟန်း ၂ ပါးတို့၏ စကားဖြစ်ခြင်း=မေးဖြေခြင်းသည် တရားနှင့်လျော်သည်ပင် ဖြစ်၏။ ဤသို့သော ရဟန်းမျိုးသည် လပြည့်ဝန်း၏ အရောင်ဖြင့်ထွန်းပသော အင်ကြင်းတောကို တင့်တယ်စေပါသည်'ဟု ဖြေဆိုပါ၏ဘုရား'' ဟူ၍ လျှောက်ထားလေ၏။

''ထိုအခါ ဘုရားရှင်က –'ချစ်သားပုတ္တရာ၊ ကောင်းပေစွ၊ ကောင်းပေစွ။ မောဂ္ဂလာန်သည် အမေးပုစ္ဆာကို ကောင်းစွာ ဖြေဆိုအပ်ပေ၏။ ချစ်သား သာရိပုတ္တရာ၊ မောဂ္ဂလာန်သည် ဓမ္မကထိက ပုဂ္ဂိုလ်အစစ်ဖြစ်၏။ အဘိဓမ္မာ တတ်မြောက်နားလည်သော ရဟန်းတို့သာလျှင် ဓမ္မကထိက အစစ်မည်ကုန်၏။ အဘိဓမ္မာမတတ်သော ရဟန်းတို့သည် တရားဟောကုန်ငြားသော်လည်း ဓမ္မကထိက တရားဟောပုဂ္ဂိုလ်အစစ် မမည်ကုန်' ဟု မိန့်တော်မူလေ၏။'' ဤသို့ အဘိဓမ္မာတတ်ကျွမ်းသော ရဟန်းများကို ဘုရားရှင်က အထူးတလည် ချီးမွမ်းထားသည်ကို ဖော်ပြထားသောအချက်တခု။

ပြဆိုခဲ့ပြီးသော စကားအရပ်ရပ်တို့ကို ထောက်ရှုလျှင်—

(၁) ဘုရားရှင်သည် ၇ ဝါမြောက်၌ တာဝတိံသာ နတ်ပြည်တွင် အဘိဓမ္မာပိဋကကို အကျယ်အားဖြင့် ဟောတော်မူခဲ့ကြောင်း။

(၂) ဘုရားရှင်က အရှင်သာရိပုတ္တရာအား အဘိဓမ္မာ ပိဋကတော်ကို အကျဉ်းအားဖြင့် နည်းပေး ဟောပြတော်မူခဲ့ကြောင်း။

(၃) အရှင်သာရိပုတ္တရာသည် ဘုရား ဟောပြအပ်သော အဘိဓမ္မာ ပိဋကအကျဉ်းကို မိမိဉာဏ်ဖြင့် မကျဉ်းမကျယ်ချဲ့ထွင်၍ မိမိ၏ တပည့် ရဟန်း ၅ ပါးရာ တို့အား ပြန်လည် ပို့ချသင်ပေးခဲ့ကြောင်း။

(၄) ထိုမှအဆင့်ဆင့် ဘုရားရှင် လက်ထက်တွင် အဘိဓမ္မာဆောင် ရဟန်းတို့ ဆက်လက်လေ့လာခဲ့ကြကြောင်း။

(၅) အဘိဓမ္မာတတ်ကျွမ်း ရဟန်းများကို ဘုရားရှင်က အထူးတလည် ချီးမွမ်းတော်မူကြောင်း။

(၆) အဘိဓမ္မာဉာဏ် ရင့်သန်မှ- ဝိပဿနာဉာဏ် ထက်မြက်နိုင်သဖြင့် မဂ်ဖိုလ် နိဗ္ဗာန်ရောက်ရေးတွင် အဘိဓမ္မာဉာဏ်သည် အလွန် အရေးပါလှကြောင်း တို့မှာ အလွန်ထင်ရှားလှကုန်၏။

''အကြင်ပုဂ္ဂိုလ်သည် အကြင် တရားစကားကို ဟောကြား၏။ ထိုပုဂ္ဂိုလ်၏ စကားသည် ဘုရားရှင်၏ အလိုတော်နှင့် ကိုက်ညီပါက ဘုရားရှင်၏ စကား

တော်ပင် ဖြစ်၏'' ဟူသောသဘောကို ထိုထို ပါဠိတော်တို့၌ များစွာတွေ့ရှိသည်ကိုထောက်၍၎င်း၊ အဘိဓမ္မာ ပိဋကတ်၏ အတုမရှိ နက်နဲလှပုံကို ထောက်၍၎င်း အဘိဓမ္မာ ပိဋကသည် ဘုရားဟော ပိဋကအစစ်ဖြစ်၏-ဟူ၍ ယုံကြည်စွာ မှတ်ယူရာ၏။ အဘိဓမ္မာ ပိဋကကို လေ့လာ နားလည် တတ်ကျွမ်းသူတိုင်း ထိုသဘောကို လက်ခံကြပြီးဖြစ်၏။

(မလေ့လာ မတတ်ကျွမ်း၍ မယုံကြည်သူများအဘို့မူ ဆိုစရာ စကားမရှိ။ သူ့အထွာနှင့်သာ သူရှိစေတော့)။

## ပိဋက အသီးသီး၏ ထူးခြားချက်

ဘုရားရှင်ဟောကြားတော်မူခဲ့သော 'ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ' ဟူသည့် ပိဋကသုံးပုံ အသီးသီးမှာ အခြေခံသဘော လက္ခဏာအားဖြင့် တခုနှင့်တခု မတူကွဲပြား ခြားနားကြကုန်၏။ ထင်ရှားစေအံ့-

**ဒေသနာ ၃ ပျိုး။** ။ပိဋက ၃ ပုံကိုဟောကြားမှု=ဒေသနာ ၃ ပါးအားဖြင့် လည်းခွဲခြား သတ်မှတ်ထား၏။ ဝိနယပိဋကကို အာဏာဒေသနာဟူ၍၎င်း၊ သုတ္တန်ပိဋကကို ဝေါဟာရဒေသနာဟူ၍၎င်း၊ အဘိဓမ္မာ ပိဋကကို ပရမတ္ထဒေသနာ ဟူ၍၎င်း ခေါ်၏။

(၁) ဘုရားရှင်သည် **'ဝိနယ'** ပိဋက၌ ရဟန်းတို့အား ရှောင်ကြဉ်ဘွယ် အပြစ်များနှင့် လိုက်နာဘွယ်ကျင့်ဝတ်တို့ကို အာဏာစက်ဖြင့် တိကျစွာ သတ်မှတ်ဟောကြားတော်မူခဲ့၏။ ထို့ကြောင့် ဝိနယပိဋကကို **အာဏာဒေသနာ** ဟု ခေါ်၏။

(၂) **'သုတ္တန်'**ပိဋကတော်ထဲ၌ ဘုရားရှင်သည် စရိုက်နှင့် အသိဉာဏ် အမျိုးမျိုးရှိသော သတ္တဝါအပေါင်းတို့အား စရိုက်နှင့် အသိဉာဏ်အားလျော်စွာ အနက်အဓိပ္ပာယ် သဘောကို ချက်ချင်း ကွင်းကွင်းကွက်ကွက် ထင်မြင်နားလည်စေနိုင်အောင် ဝေါဟာရ ပရိယာယ် စကားကြွယ်ဝစွာဖြင့် တရားတော်များကို ဟောကြားတော်မူခဲ့၏။ ထို့ကြောင့် သုတ္တန်ပိဋကကို**ဝေါဟာရ ဒေသနာ**-ဟု ခေါ်၏။

(၃) ဘုရားရှင်သည် **'အဘိဓမ္မာ'** ပိဋကထဲ၌ သတ္တဝါတို့၏ မျက်နှာကို မထောက်ဘဲ စစ်မှန်တိကျသော ပရမတ္ထသဘောတို့ကို ကျယ်ဝန်းပြည့်စုံစွာ

ဟောကြားတော်မူခဲ့၏။ ထို့ကြောင့် အဘိဓမ္မာပိဋကကို **ပရမတ္ထဒေသနာ** ဟု ခေါ်၏။

**သာသနာ ၃ မျိုး။** ။ပိဋက ၃ ပုံကိုသာသနာ(အဆုံးအမ) ၃ ပါးအားဖြင့်လည်း ခွဲခြားသတ်မှတ်ထား၏။ဝိနယပိဋကကို''ယထာပရာဓ'' သာသနာဟူ၍၊ သုတ္တန်ပိဋကကို ''ယထာနုလောမ'' သာသနာဟူ၍၊ အဘိဓမ္မာပိဋကကို''ယထာဓမ္မ'' သာသနာဟူ၍ ခေါ်သည်။

(၁) ဘုရားအရှင်သည် ''**ဝိနယ**'' ပိဋကၖ ထိုထို ဝိနည်းစည်းကမ်းတို့ကို ကျူးလွန်ဖောက်ဖျက်သော ရဟန်းတို့အား အမှုနှင့်လျော်စွာ ထိုက်တန်သော အပြစ်ကို ပြ၍ ဆုံးမတော်မူ၏။ ထို့ကြောင့် ဝိနယ ပိဋကကို ''**ယထာပရာဓ**'' သာသနာဟုခေါ်၏။

(၂) **သုတ္တန်** ပိဋကၖမူ ဝါသနာစရိုက် အမျိုးမျိုးရှိသော သတ္တဝါတို့အား ယင်းတို့၏ အတွင်းဓာတ်ခံနှင့် ကိုက်ညီအောင် သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် နှိုင်းချိန်၍ ဆုံးမလမ်းညွှန် သွန်သင်မှုပေးတော်မူ၏။ ထို့ကြောင့် သုတ္တန်ပိဋကကို ''**ယထာနုလောမ**'' သာသနာဟု ခေါ်၏။

(၃) လောကၖ အစစ်အမှန်အားဖြင့် ထင်ရှားရှိသောတရားကား ရုပ်နာမ် ၂ ပါးသာရှိ၏။ ပုဂ္ဂိုလ်၊သတ္တဝါ၊ယောကျ်ားမိန်းမတို့ကား အမှန်စင်စစ် ရုပ်နာမ် ၂ ပါးတို့၏ အစုအပုံသာဖြစ်ပြီး၊ ပရမတ္ထ တကယ့် သဘာဝအားဖြင့် အမှန်တည်ရှိသည့် အရာများမဟုတ်ကြချေ။ ယင်းသို့ ရုပ်နာမ်တရားတို့၏ အစုအပုံကို ပုဂ္ဂိုလ်၊ သတ္တဝါ စသည်ဖြင့် စွဲလမ်းမှတ်ယင်နေကြသော သတ္တဝါတို့အား ရုပ်နာမ်ဓမ္မ တကယ့်သဘာဝကို သိမြင်စေရန် ဆုံးမတော် မူခဲ့၏။ ထို့ကြောင့် ''**အဘိဓမ္မာ**''ပိဋကကို ''**ယထာဓမ္မ**''သာသနာဟု ခေါ်၏။

**ကထာ ၃ မျိုး။** ။ပိဋက ၃ပုံကို ကထာ(စကား)၃မျိုး အားဖြင့်လည်းခွဲခြားသတ်မှတ်ထား၏။ ဝိနယပိဋကကို ''သံဝရာသံဝရကထာ''ဟူ၍၊ သုတ္တန်ပိဋကကို ''ဒိဋ္ဌိဝိနိဝေဌန''ကထာဟူ၍၊ အဘိဓမ္မာ ပိဋကကို ''နာမရူပ ပရိစ္ဆေဒ''ကထာဟူ၍ ခေါ်သည်။

(၁) ဘုရားရှင်သည် ''ဝိနယ''ပိဋကထဲၖ ကြီးကျယ်သောအပြစ်များနှင့် သေးငယ်သော အပြစ်များကို မလွန်ကျူးမိအောင် စောင့်ထိန်းနည်းများကို သတ်မှတ် ပညတ်တော်ခဲ့မူ၏။ ထို့ကြောင့် ဝိနယ ပိဋကကို ''**သံဝရာသံဝရ**'' **ကထာ**ဟုခေါ်၏။

(၂) **သုတ္တန်** ပိဋကၵ်မှုကား အယူဝါဒအမျိုးမျိုးကို လက်ခံယုံကြည်ထားကြသည့် ရဟန်း ပုဏ္ဏားတို့၏ အတွင်းသန္တာန်ထဲ၌ ရစ်ပတ် ထုံးဖွဲ့နေသော အယူမှား အမြင်မှား ၆၂ ပါးသော မိစ္ဆာဒိဋ္ဌိတို့ကို ဖြေရှင်း နုတ်ပယ်ရန် နည်းတို့ကို အများဆုံး ဟောပြထားသည်။ ထို့ကြောင့် သုတ္တန်ပိဋကကို "**ဒိဋ္ဌိဝိနိဝေဌန**" ကထာဟု ခေါ်၏။

(၃) **အဘိဓမ္မာ** ပိဋကထဲ၌ ပုဂ္ဂိုလ်၊သတ္တဝါ စသော အပေါ်ယံပညတ်ကို ဖောက်ထွင်း၍ အတွင်းဓာတ်များဖြစ်သော နာမ်နှင့်ရုပ်ကို ခွဲခြားသိမြင်ရန် နည်းလမ်းအမျိုးမျိုးကို ဟောပြထားသည်။ ထို့ကြောင့် အဘိဓမ္မာပိဋကသည် "**နာမရူပ ပရိစ္ဆေဒ**" ကထာ ဟူသော ဝိသေသနဂုဏ်ပုဒ်ကို ရရှိခြင်းဖြစ်၏။

**သိက္ခာ ၃မျိုး**။ ။ပိဋက ၃ပုံကို အကျဉ်းချုပ်၍ အနှစ်ကိုထုတ်ယူလျှင်- "သီလ၊ သမာဓိ၊ ပညာ" ဟူသော ကျင့်စဉ်သိက္ခာ ၃ ရပ်ပင် ဖြစ်၏။ ထိုသိက္ခာ၃ရပ်သည် သာသနာပ၌ရှိသော "သီလ၊သမာဓိ၊ ပညာ"တို့နှင့် နှိုင်းယှဉ်၍ မရနိုင်အောင် အဆင့်အတန်းမြင့်မားလှ၏။ ထို့ကြောင့် ထူးကဲမြင့်မြတ်ခြင်း "အဓိ"သဒ္ဒါဖြင့် အထူးပြု၍ "အဓိသီလသိက္ခာ၊ အဓိသမာဓိသိက္ခာ၊ အဓိပညာသိက္ခာ" ဟူ၍ ခေါ်ဆိုထားလေသည်။

(၁) **ဝိနယ**· ပိဋကထဲ၌ မပြုသင့်သော အမှုတို့မှ ရှောင်ကြဉ်ခြင်း ဟူသော 'ဝါရိတ္တ'သီလနှင့် ပြုလုပ် ဖြည့်ကျင့်သင့်သော အမှုတို့ကို ပြုလုပ် ကျင့်ကြံခြင်းဟူသော 'စာရိတ္တ' သီလတို့ကို အထူးပြု၍ ဟောကြားထားသည်။ အဓိသီလသိက္ခာကို ဦးစားပေး၍ ဟောကြားထားသည်ဟုဆိုလို၏။ ထို့ကြောင့် ဝိနယပိဋကကို '**အဓိသီလ**' သိက္ခာ ဟု ခေါ်၏။

(၂) လောက၌ ပုထုဇဉ် သတ္တဝါအများစုတို့သည် အမျိုးမျိုးသော လောကီအာရုံ၊ အဖုံဖုံသော စွဲလမ်းမှုများနောက်သို့ ကောက်ကောက်ပါအောင် လိုက်ပါနေကြ၍ စိတ်ဓာတ် တည်ငြိမ် အေးချမ်းမှုကို မရနိုင်ဘဲ၊ စိတ်လှုပ်ပါးနေကြသဖြင့် အမှန်တရားကို ထိုးထွင်း မသိနိုင်ကြကုန်။ **သုတ္တန်** ပိဋကထဲ၌ ထိုသတ္တဝါတို့အား စိတ်တည်ငြိမ်မှု '**သမာဓိ**' ရရှိစေရန် အဓိစိတ္တသိက္ခာခေါ် သမထ ကျင့်စဉ်များကို ရှေးဦးစွာ အသေးစိတ် ညွှန်ပြပြီး နောက်မှ အဓိပညာ စခန်းဖြစ်သော ဝိပဿနာအဆင့်သို့ရောက်အောင် ဆက်လက် ဟောကြားတော်မူ၏။ စိတ်တည်ငြိမ်မှု ရရှိစေသည့် အကျင့်ဖြစ်သည့် 'အဓိစိတ္တ (အဓိသမာဓိ) သိက္ခာကို အထူးပြု၍ဟောကြားထားသည်ဟုဆိုလို၏။ ထို့ကြောင့် သုတ္တန်ပိဋကကို **အဓိစိတ္တ (သမာဓိ)**'သိက္ခာ ဟုခေါ်၏။

(၃) **အဘိဓမ္မာ** ပိဋကထဲ၌ ရုပ်နာမ်တရားတို့၏ သဘာဝ အမှန်ကို နည်းအမျိုးမျိုးဖြင့် အသေးစိတ် ဝေဘန် ပိုင်းခြား၍ ဟောပြတော်မူ၏။ ထိုသဘာဝ အမှန်ကို သိမြင်သော ပုဂ္ဂိုလ်သည် နာမရူပ ပရိစ္ဆေဒဉာဏ်ကို အခြေခံလျက် ပညာစခန်း၏ အမြင့်ဆုံးအဆင့်ဖြစ်သော မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် အထိ ဆိုက်ရောက်ရန် မခဲယဉ်းတော့ချေ။ ပညာစခန်းကို အထူးပြု၍ ဟော ကြားထားသည်ဟုဆိုလို၏။ ထို့ကြောင့် အဘိဓမ္မာ ပိဋကကို '**အဓိပညာ**' သိက္ခာ ဟုခေါ်၏။

**ပဟာန် ၃ မျိုး။** ။ဘုရားရှင်သည် သတ္တဝါတို့အားမိမိတို့သန္တာန်၌ဖြစ်ပေါ် ကိန်းအောင်းလျက်ရှိသော အကုသိုလ် ကိလေသာတို့ကို ပယ်ရှား (ပဟာန်)နိုင်ကြစေရန် ရည်သန်လျက် ပိဋက ၃ ပုံကို ဟောကြား တော်မူခဲ့သည်။ ထိုအကုသိုလ် ကိလေသာတို့ကို ပယ်သတ်နည်းမှာ ၃ မျိုး ရှိရာ·

(၁) **ဝိနယ** ပိဋကထဲ၌ ကိုယ်ထိ လက်ရောက် ကျူးလွန်မှုဖြစ်သော ကာယကံ၊ ဝစီကံမှုများကို ပယ်နည်း '**ဝီတိက္ကမပဟာန်**' ကို ပဓာနထား၍ ဟောကြားတော်မူ၏။ ဘုရားရှင်သည် ရဟန်းတို့၏ ကာယကံ၊ ဝစီကံအားဖြင့် ကျူးလွန်မှုတို့ကိုသာ ဝိနည်းဥပဒေတော် မြောက်မြားစွာတို့ဖြင့် ထိန်းချုပ် တော်မူပြီး စိတ်ဖြင့်ကျူးလွန်ခြင်း· မနောကံမှုကိုကား ဝိနည်းဥပဒေများဖြင့် ထိန်းချုပ် ပညတ်တော်မမူခဲ့ပေ။

(၂) **သုတ္တန်** ပိဋက၌ စိတ်တည်ငြိမ် အေးချမ်းမှု 'သမာဓိ' ကိုရရှိကြောင်း ဖြစ်သော သမာဓိ လမ်းစဉ်များကို အသေးစိတ်ဟောကြားထားလေရာ စိတ် တည်ကြည်ငြိမ်သက်၍ သမာဓိရနေသော ပုဂ္ဂိုလ်၏ စိတ်အစဉ်သို့ ကိလေသာ တို့ဝင်ရောက်၍ မထကြွ မသောင်းကျန်းနိုင်ချေ။ ထို့ကြောင့် သုတ္တန် ပိဋက ထဲ၌ ကိလေသာတို့၏ အဇ္ဈတ္တသန္တာန်၌ ထကြွသောင်းကျန်းခြင်း 'မနောကံ မှုများကို ပယ်နည်း **ပရိယုဋ္ဌာနပဟာန်**' ကို ဟောကြားထားပေ၏။

(၃) ကိလေသာတို့ကို ပယ်သတ်ရာ၌ ကံသုံးပါးတို့၏ ကျူးလွန်ခြင်းကို ပယ်နိုင်ရုံမျှဖြင့် ကိလေသာတို့သည် အကြွင်းမဲ့ ပျောက်ကွယ်ချုပ်ငြိမ်းမသွား နိုင်ချေ။ ယင်းတို့သည် သတ္တဝါတို့၏ စိတ်အစဉ်၌ 'မီးခြစ်ဆံ ယမ်းဗူးထဲမှ မီးဓာတ်ပမာ' အနုသယဓာတ်သဘောအားဖြင့် ကိန်းဝပ်စွဲမှီ၍ ကျန်ရှိနေ သေးရကား· အခါအခွင့်ရလျှင် တဖန် ပြန်၍ ဖြစ်ပေါ်လာနိုင်၏။ သီလ၊ သမာဓိတို့ကို ပွားရုံမျှဖြင့် ထိုအနုသယ ကိလေသာတို့ကို အမြစ်ပြတ်အောင်

မပယ်နိုင်ချေ။ ယင်းတို့ကို နာမရူပ ပရိစ္ဆေဒဉာဏ် (နာမ်ရုပ်တို့ကို ပိုင်းခြား သိမှု) အခြေခံသော ဝိပဿနာပညာ ဘာဝနာကို ပွားများခြင်းဖြင့်သာ ပယ်သတ်နိုင်၏။ ထို့ကြောင့် နာမရူပ ပရိစ္ဆေဒဉာဏ်အစရှိသော ပညာဘာဝ နာကို ပဓာနထား၍ ဟောကြားရာ အဘိဓမ္မာ ပိဋကဉ် **'အနုသယ ပဟာန်'** ခေါ် အနုသယ ကိလေသာတို့ကို အကြွင်းမဲ့ ပယ်သတ်နည်းကို ထူးကဲပြည့် စုံစွာ ဟောကြားထားပေ၏။

တနည်းအားဖြင့်-

(၁) ဝိနယ ပိဋကထဲ၌ ကာမာဝစရ 'ဒါန, သီလ' ကုသိုလ်တို့ဖြင့် ကိလေသာတို့ကို အခိုက် အတန့် အားဖြင့်သာ ပယ်နည်း **တဒင်္ဂပဟာန်'** ကိုရင်း။

(၂) **သုတ္တန်** ပိဋကထဲ၌ ရူပ- အရူပ ဟူသော မဟာဂ္ဂုတ် 'သမာဓိ' ကုသိုလ်တို့ဖြင့် စိတ်အစဉ်သို့ ကိလေသာတို့ အချိန်ကာလ အတော်ကြာမြင့်စွာ ဝင်မလာနိုင်အောင် ပယ်ခွာထားသောအားဖြင့် ပယ်နည်း **'ဝိက္ခမ္ဘနပဟာန်'** ကိုရင်း။

(၃) **အဘိဓမ္မာ** ပိဋကဉ် လောကုတ္တရာ 'ပညာ' ကုသိုလ် မဂ်စိတ်တို့ဖြင့် ကိလေသာတို့ကို အကြွင်းမဲ့ အမြစ်ပြတ်အောင် ပယ်နည်း **'သမုစ္ဆေဒ ပဟာန်'** ကိုရင်း အသီးသီး ထူးခြားပြည့်စုံစွာ ဟောတော်မူ၏။

တနည်းအားဖြင့်လည်း

(၁) **ဝိနယ**ပိဋကဉ်ကာယဒုစရိုက်, ဝစီဒုစရိုက်တို့ကို ပယ်သတ်နည်းကိုရင်း၊

(၂) **သုတ္တန်** ပိဋကဉ် တဏှာပယ်သတ်နည်းကိုရင်း၊

(၃) **အဘိဓမ္မာ** ပိဋကဉ် ဒိဋ္ဌိပယ်သတ်နည်းကိုရင်း အသီးသီး ထူးခြား ပြည့်စုံစွာ ဟောကြားထားပေ၏။

## အဘိဓမ္မာ ပိဋက၏ ထူးခြားချက်

အထက်တွင် ပြဆိုခဲ့သည့်အတိုင်းပင် အဘိဓမ္မာပိဋကဉ် ပါရှိသော အဘိ ဓမ္မာ ဒေသနာတော်သည်....

(၁) စစ်မှန် တိကျသော ပရမတ္ထ သဘောတို့ကို ကျယ်ဝန်းပြည့်စုံစွာ ဟောကြားအပ်သော **'ပရမတ္ထဒေသနာ'** တရားတော်လည်းဖြစ်၏။

(၂) ပုဂ္ဂိုလ်သတ္တဝါဟူ အပေါ်ယံ ထင်မှတ်မှားနေကြသော သတ္တဝါတို့အား ရုပ်နာမ်ဓမ္မဟူသော သဘာဝအတိုင်း သိမြင်စေရန် ဆုံးမဟောကြားအပ်သော '**ယထာဓမ္မသာသနာ**' တရားတော်လည်းဖြစ်၏။

(၃) ပုဂ္ဂိုလ်သတ္တဝါ စသော အပေါ်ယံ ပညတ်ကို ဖောက်ထွင်း၍ အတွင်းဓာတ်ဖြစ်သော နာမ်ရုပ်တို့ကို ခွဲခြားသိမြင်ရန် နည်းလမ်းအမျိုးမျိုးတို့ဖြင့် ဟောပြအပ်သော '**နာမရူပ ပရိစ္ဆေဒကထာ**' တရားတော်လည်းဖြစ်၏။

(၄) အဓိပညာ စခန်းဖြစ်သော ဝိပဿနာ အဆင့်သို့ ရောက်အောင် အသေးစိတ် ညွှန်ပြ ဟောကြားအပ်သော '**အဓိပညာသိက္ခာ**' တရားတော်လည်းဖြစ်၏။

(၅) သတ္တဝါတို့၏ စိတ်သန္တာန်ထဲ၌ 'မီးခဲပြာဖုံး ပမာ' ငြိမ်သက်စွာ ကိန်းဝပ်နေသော အနုသယ ကိလေသာ ဓာတ်ဆိုးတို့ကို အကြွင်းမဲ့ ပယ်သတ်စေနိုင်သော '**အနုသယပဟာန်**' နှင့် '**သမုစ္ဆေဒပဟာန်**' တရားတော်လည်းဖြစ်၏။

(၆) သတ္တဝါတို့အား အပါယ်လမ်းမှားသို့ ပို့ဆောင်နေသော ၆၂-ပါးသော ဒိဋ္ဌိတရားတို့ကို ပယ်သတ်စေနိုင်သော '**ဒိဋ္ဌိပဟာန်**'တရားတော်လည်းဖြစ်ပေ၏။

ဤသို့သော ဂုဏ်အပေါင်းနှင့် ပြည့်စုံသော်၊ သိနိုင်ခဲလှ, နက်နဲလှသော အဘိဓမ္မာ ပိဋကတော်ကား သဗ္ဗညုတ ဉာဏ်တော်၏ ကွန့်မြူး ကျက်စားရာ ဒေသနာတော်ဖြစ်၍ နက်နဲခြင်း ၄-ပါးတို့နှင့် ပြည့်စုံပေ၏။

ထိုနက်နဲခြင်း ၄-ပါးတို့ကား-

(၁) **ဓမ္မဂမ္ဘီရ**-ပါဠိ ဝေါဟာရ စကားလုံး အသုံးအနှုန်း၏နက်နဲခြင်း။

(၂) **အတ္ထဂမ္ဘီရ**- အနက်သဘော၏ နက်နဲခြင်း။

(၃) **ဒေသနာဂမ္ဘီရ** ဟောကြားပုံ အစီအစဉ်၏ နက်နဲခြင်း။

(၄) **ပဋိဝေဓဂမ္ဘီရ**။ ။အနက် သဘောတို့ကို သိနိုင်သော ဉာဏ်၏ နက်နဲခြင်း။

ထိုသို့ နက်နဲခြင်း ၄-ပါးတို့နှင့်ပြည့်စုံသော အဘိဓမ္မာပိဋက ဒေသနာတော်ကြီး၌ ဉာဏ်ပညာနုသောပုဂ္ဂိုလ်တို့ ဝင်ရောက်ကျက်စားရန် လွန်စွာခဲယဉ်းလှပေ၏။

ဤသို့ အဘိဓမ္မာပိဋက၏ နက်နဲ ကျယ်ဝန်းပုံမှာ ပင်လယ် (သာဂရ) ၄-မျိုး ဥပမာဖြင့် ထင်ရှားလှပေ၏။ ထိုပင်လယ် ၄-မျိုးကား– 'သံသာရ သာဂရ'ခေါ် သံသရာပင်လယ်၊ 'ဇလသာဂရ' ခေါ် ရေပင်လယ်၊ 'နယ သာဂရ' ခေါ် နည်းပင်လယ်၊ 'ဉာဏသာဂရ' ခေါ် ဉာဏ်ပင်လယ်တို့ ဖြစ်ကြ၏။

(၁) **သံသရာပင်လယ်**။ ။ခန္ဓာ, အာယတန ဓာတ်တို့၏ အဆက် မပြတ် ထပ်ကာထပ်ကာ ဖြစ်ပျက်နေမှုကို 'သံသရာ'ဟု ခေါ်၏။ ထိုသံသရာသည် အစလည်းမထင်, အဆုံးလည်းမမြင် နိုင် လောက်အောင် လွန်စွာရှည်လျားလှ၏။ ထို့ကြောင့် သံသရာကို ကမ်း မမြင် လမ်းမမြင်နိုင်သည့် ပင်လယ်ကြီးတမျိုးဟု ခေါ်ဆိုအပ်၏။

(၂) **ရေပင်လယ်**။ ။အကျယ်အဝန်း အားဖြင့်၄င်း၊ အနက် အစောက် အားဖြင့်၄င်း ယူဇနာပေါင်း ရှစ်သောင်း လေး ထောင် ရှိသောမဟာသမုဒ္ဒရာကို ရေပြင်ပင်လယ်–ဟု ဆိုအပ်၏။ထိုရေပင်လယ် ကြီးမှာ ကမ်းမမြင်နိုင်လောက်အောင် ကျယ်ဝန်းလှသည့်အပြင် ထိုသမုဒ္ဒရာ အတွင်းရှိ ရေအထုကိုလည်း မည်သူမျှ ရေတွက်ခြင်တွယ်ခြင်းငှာမစွမ်းနိုင်ချေ။ စင်စစ်မဟာသမုဒ္ဒရာဟူသည် အဆုံးအစမရှိသော ရေအထုကြီးသာဖြစ်၏။

(၃) **နည်းပင်လယ်**။ ။ဘုရားရှင်၏ စကားတော်များဖြစ်သော ပိဋက သုံးပုံသည် အမျိုးမျိုးသော နည်းတို့ဖြင့် တန်ဆာဆင်ပြီး ဟောကြားထားသည် ဖြစ်၍ လွန်စွာပင် နက်နဲကျယ်ဝန်း လှသဖြင့် နည်းပင်လယ် မည်၏။အထူးသဖြင့် အဘိဓမ္မာ၏ နက်နဲကျယ်ဝန်း ပုံမှာ ပို၍ထင်ရှား၏။ အဘိဓမ္မာဒေသနာကို လေ့လာ သုံးသပ်သောအခါ ရုပ်တရား, နာမ်တရား, ခန္ဓာ, အာယတန, ဓာတ်အစရှိသော တရားတို့၏ အသီးသီးသော သဘောလက္ခဏာများကို အချင်းချင်း မရောမယှက်စေပဲ ထင်ရှားပြတ်သားစွာ ခွဲခြားဝေဖန်၍ ဟောကြားထားသည်ကို တွေ့ရသဖြင့် အဘိဓမ္မာဒေသနာသည် သဗ္ဗညုဘုရားရှင်တို့၏ အရာပါတကားဟု ဆင်ခြင် သိမြင်နိုင်ပေ၏။

(၄) **ဉာဏ်ပင်လယ်**။ ။ဗုဒ္ဓရှင်တော်မြတ်၏ သဗ္ဗညုတ ဉာဏ်တော်ကို ဉာဏ် ပင်လယ်ဟု ဆို၏။ ထင်ရှားစေအံ့– ဘုရားရှင်သည် သံသရာပင်လယ်ကြီး၏ အလွန်အမင်းကျယ်ဝန်းလှပုံကို၄င်း၊

မဟာသမုဒ္ဒရာ ရေပြင်ပင်လယ်ကြီးနှင့်တူသော စကြဝဠာ ကမ္ဘာ့လောက အနန္တကိုရင်း၊ ပိဋကသုံးပုံဟူသော နည်းပင်လယ်ကြီးကိုရင်း၊ သဗ္ဗညုတ ရွှေဉာဏ်တော်ဖြင့် ကောင်းစွာ ပိုင်းခြား၍ အကြွင်းမဲ့ သိမြင်တော်မူ၏။ ထို့ကြောင့် ယင်းသဗ္ဗညုတ ဉာဏ်တော်ကို ပင်လယ်၄-သွယ်တို့တွင် အကျယ် ဝန်းဆုံးသော 'ဉာဏ်ပင်လယ်' ဟု ဆိုထိုက်လှ၏။ သဗ္ဗညုဘုရားရှင်တို့သာ ဟောစွမ်းနိုင်သော အဘိဓမ္မာဒေသနာတော်ကြီးတွင် အစဆုံး ဖြစ်သော 'ဓမ္မသင်္ဂဏီ' ကျမ်းကို လေ့လာရုံမျှဖြင့် သဗ္ဗညုတ ဉာဏ်တော်၏ အတိုင်း အဆမရှိ ကျယ်ဝန်းလှပုံကို မှန်းဆသိနိုင်လေ၏။

## အဘိဓမ္မာ ၇ ကျမ်း

ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးနောက် ပထမ သင်္ဂါယနာတင် အရှင် မြတ်တို့က ပိဋကအားဖြင့် 'အဘိဓမ္မပိဋက' ဖြစ်ကြောင်း၊ နိကာယ်အားဖြင့် 'ခုဒ္ဒကနိကာယ်' အဝင် ဖြစ်ကြောင်း၊ အင်္ဂါအားဖြင့် 'ဝေယျာကရဏ' ဖြစ်ကြောင်း၊ ဓမ္မက္ခန္ဓာအားဖြင့် လေးသောင်း နှစ်ထောင် ရှိကြောင်းတို့ကို သတ်မှတ်ပိုင်းခြားတော် မူခဲ့ကြသည်။

အဘိဓမ္မာဒေသနာတော်သည် ကျမ်းအရေအတွက်အားဖြင့် "ဓမ္မသင်္ဂဏီ၊ ဝိဘင်း၊ ဓာတုကထာ၊ ပုဂ္ဂလပညတ်၊ ကထာဝတ္ထု၊ ယမိုက်၊ ပဋ္ဌာန်း" ဟူ၍ ၇ ကျမ်းရှိသည်။ ယင်း ၇ ကျမ်းအကြောင်း အကျဉ်းချုပ်မှာ အောက်ပါ အတိုင်းဖြစ်၏။

(၁) **ဓမ္မသင်္ဂဏီ**။ ။ဤကျမ်းမှာ 'ကုသလဓမ္မ, အကုသလဓမ္မ' အစ ရှိကုန်သော ဓမ္မတို့ကို အကျဉ်းချုပ် အား ဖြင့် ဟောတော်မူသော ကျမ်းဖြစ်၏။ စင်စစ်ကား ဤကျမ်း၌ ဖဿစသောတရား များ၊ ပထဝီစသော တရားများ၏ အနက် အဓိပ္ပာယ်တို့ကို အမျိုးမျိုးသော စကား ပရိယာယ်တို့ဖြင့် ထပ်ဆင့်၍ ဆန်းကြယ်စွာ ဝေဖန်ဖွင့်ပြချက်များ ပါဝင် သေးသည်။ ထို့ကြောင့် ဤကျမ်း၌ ပရမတ္ထတရားတို့ကို အကျဉ်းချုပ် ပေါင်းရုံး၍ ပြသည်ဟု ဆိုငြားသော်လည်း အစဉ်အလာသမားရိုးကျ သာမည . အကျဉ်း ပေါင်းရုံးရုံမျှသာ မဟုတ်ပေ။ အကျဉ်း ပေါင်းရုံးသည်ဟု ဆိုရာ၌ လည်း တိက်(၃-ခု အစုံ)၊ ဒုက်(၂-ခု အစုံ)တို့၏ အစွမ်းအားဖြင့် အကျဉ်း ပေါင်းရုံးမှုကို ရည်ရွယ်၍သာ 'ဓမ္မသင်္ဂဏီ'ဟု ခေါ်ဝေါ်ခြင်းဖြစ်၏။

(၂) **ဝိဘင်း**။ ။ဝိဘင်္ဂခေါ် ဝိဘင်းကျမ်းကား ခန္ဓာစသော ဓမ္မတို့ကို (တနည်း– ကုသလဓမ္မ, အကုသလဓမ္မ စသော ဓမ္မတို့ကို) သုတ္တန်နည်း,အဘိဓမ္မာနည်း, အမေးအဖြေ နည်းတို့ဖြင့် အကျယ်တဝင့် ဝေဖန်ဟောကြားတော်မူရာ ကျမ်းဖြစ်သည်။ ဓမ္မသင်္ဂဏီထက် ပို၍ အကျယ်တဝင့် နည်းမျိုးစုံတို့ဖြင့် ဝေဖန်ဟောကြားသည့် ကျမ်းဖြစ်သည်။ ဤဝိဘင်းပါဠိတော်၌ ခန္ဓာဝိဘင်း အစရှိသည်ဖြင့် ၁၈-ပိုင်းခွဲကာ ဝေဖန်ဟောကြားတော်မူ၏။

(၃) **ဓာတုကထာ**။ ။ကက္ခဠ, ဖုသန စသော မိမိသဘောကို မိမိ ဆောင်တတ်သောကြောင့် ဓာတု(ဓာတ်) မည်ကုန်၏။ ခန္ဓာအစ အရဏအဆုံးရှိသောဓာတ်တရားတို့ကို ပိုင်းခြား၍ ဟောကြားရာဖြစ်သော ကျမ်းသည် (တနည်းအားဖြင့်) ဓာတ် ၁၈-ပါးတို့ဖြင့် ပဓာနပြု၍ ဝေဖန်ဟောကြားရာ ဖြစ်သော ကျမ်းသည် ဓာတုကထာ မည်၏။ ဤကျမ်းတွင် နယ (နည်း) ၁၄-ပါးတို့ဖြင့် ဝေဖန်ဟောကြားရာတွင် နယ တခုတခု၌ ခန္ဓာ, အာယတန,ဓာတ် အစရှိသော အလုံးစုံသော တရားတို့ကို ဓာတ်သဘော အနေအားဖြင့်ထား၍ ဟောတော်မူ၏။ ထို့ကြောင့် ဤကျမ်းကို ဓာတုကထာ၊ 'ဓာတ်ကျမ်း' ဟု ခေါ်ဆိုသည်။

(၄) **ပုဂ္ဂလပညတ်**။ ။ပုဂ္ဂလပညတ္တိ= ပုဂ္ဂလပညတ်ဟူရာ၌ ယောကျ်ား, မိန်းမ,နတ်,လူ စသည်တို့ကို ပုဂ္ဂလ(ပုဂ္ဂိုလ်)ဟုခေါ်၏၊ ပညတ္တိ=ပညတ်ဟူသည် အမည်နာမပညတ်ကိုဆိုလို၏။အမည်နာမပညတ်– ဟူသည် အချင်းသိရှိနားလည်စေရန် ပညတ်သင့် ပညတ်ထိုက်သော သဘာဝ ဓမ္မများကို ဖော်ပြခြင်းဖြစ်၏။ ထို့ပြင် မိမိတို့၏ အဇ္ဈတ္တသန္တာန်၌ ရှိသော ခန္ဓာ, အာယတန ဓာတ်စသည့် အနက်သဘောတို့ကို ဝေနေယျသတ္တဝါတို့ သိရှိနားလည်စေရန် ပညတ်မှုထားခြင်းပင်ဖြစ်၏။

ဤကျမ်း၌ ခန္ဓာပညတ်, အာယတနပညတ်, ဓာတုပညတ်, သစ္စပညတ်, ဣန္ဒြိယပညတ် ဟူသော သဘာဝ ပညတ် ၅-မျိုး၊ ပုဂ္ဂလပညတ် ဟူသော အသဘာဝပညတ် ဟူ၍ ပညတ် ၆-မျိုးကို ခွဲခြား၍ ဟောကြားတော်မူ၏။ ဓမ္မသင်္ဂဏီ စသည်တို့၌ ခန္ဓာ စသည်တို့ကို ဟောကြား ထားသော်လည်း ပုဂ္ဂိုလ်အကြောင်းကိုမူ ဤကျမ်းမှာကဲ့သို့ အကျယ်ဝေဖန်ဟောကြားမှု မပြုခဲ့သေးချေ။ ဤကျမ်း၌သာ အကျယ် ဝေဖန်ဟောကြားထားသဖြင့် ပုဂ္ဂလပညတ်–ဟု ခေါ်တွင်ရခြင်း ဖြစ်၏။ ဤကျမ်းလာ ပညတ် ၆-မျိုးအနက်

ရွှေ ၅-မျိုးသာ ပရမတ္ထအားဖြင့် ထင်ရှားရှိ၍ 'ဝိဇ္ဇမာနပညတ်' ဟု ခေါ်ပြီး ပုဂ္ဂလပညတ်ကား ပရမတ္ထအားဖြင့် ထင်ရှားမရှိသဖြင့် 'အဝိဇ္ဇမာန' ပညတ် ဟုခေါ်သည်။ ဤကျမ်း၌ ပရမတ္ထသဘာဝဓမ္မတို့ကို အခြေပြု၍ ပုဂ္ဂိုလ်တို့၏ အမျိုးအစား, အဆင့်အတန်း, အခြေအနေစသည်တို့ကို ဝေဖန်ဟောကြား ထားပေသည်။

(၅) **ကထာဝတ္ထု**။ ။ဘီစီ ၃ ရာစု အသောကမင်းတရားကြီး လက်ထက် တွင် တတိယ သင်္ဂါယနာတင်သောအခါ သင်္ဂါယနာ၏ နာယကဖြစ်သော အရှင်မဟာ မောဂ္ဂလိပုတ္တတိဿမထေရ်သည် ထိုအချိန် တွင် ဗုဒ္ဓသာသနာတော်ကို ဖျက်လိုဖျက်ဆီး လုပ်ဆောင်ကြကုန်သော မိစ္ဆာ ဝါဒီ(ပရဝါဒီ)ပုဂ္ဂိုလ်တို့ကို နှိမ်နင်းအံ့သောငှာ ဝါဒရေးရာနှင့် ပတ်သက်၍ အကျယ်တဝင့် ဟောကြားအပ်သောကျမ်းဖြစ်၏။ ဤကျမ်း၌ ဘုရားရှင်အလို တော်နှင့်အညီ အမှန်ကိုသာ ယူဆပြောဆိုလေ့ရှိသူ "သကဝါဒီ" တို့၏အယူကို ဖော်ပြသည့်သုတ်ပေါင်း ငါးရာ၊ဘုရားရှင်အလိုတော်နှင့်မညီပဲ ဗုဒ္ဓသာသနာ၏ ပြင်ပဖြစ်သည့် အယူမျိုးကို ယူဆပြောဆိုလေ့ရှိသူ "ပရဝါဒီ" တို့၏ အယူကို ဖော်ပြသည် သုတ်ပေါင်းငါးရာ (နှစ်ရပ်ပေါင်း–တထောင်)တို့ကို ဟောကြား ထားပေသည်။

ဘုရားရှင်သည် "ငါဘုရား ပရိနိဗ္ဗာန်စံပြီးနောက် နှစ်ပေါင်း ၂၁၈(ဝါ) ၂၀၀ ကျော်ရှိသောအခါ မောဂ္ဂလိပုတ္တတိဿမည်သော ရဟန်းသည် ကထာ ဝတ္ထုမည်သော ကျမ်းကိုဟောကြားလိမ့်မည်" ဖြစ်ကြောင်း ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့၏။ ထိုဗျာဒိတ်စကားနှင့် လျော်ညီစွာပင် ထိုမထေရ်သည် ဘုရားရှင်ဟောဟောတ်မူခဲ့သည့် ပါတိကာအတိုင်းအဘိဓမ္မာ(ဝါ)ဝါဒရေးရာနှင့် ပတ်သက်သော ကထာဝတ္ထုကျမ်းကို သင်္ဂါယနာတင် ရဟန်းပရိသတ်အလယ် ၌ ဟောကြားခဲ့ပေ၏။ အဘိဓမ္မာ သဘောတရားများပါရှိသော ထိုကျမ်းသည် ဘုရားရှင်၏အလိုတော် (ဝါ)အယူဝါဒနှင့် ကိုက်ညီသောကြောင့် အဘိဓမ္မာ ပိဋကထဲ၌ ပဉ္စမမြောက် အဘိဓမ္မာကျမ်းအဖြစ်ဖြင့် ထည့်သွင်း၍ သင်္ဂါယနာ တင် မထေရ်တို့က အတည်ပြု ပြဋ္ဌာန်းခဲ့ကြပေသည်။ ဤကျမ်းကား အယူ ဝါဒရေးရာနှင့် ပတ်သက်၍ အလွန်ကြီးကျယ် ခမ်းနား လေးနက်လှသော ကျမ်းကြီး တဆူဖြစ်ပေ၏။

(၆) **ယမိုက်**။ ။ယမက-ခေါ် ယမိုက်ကျမ်းဟူသည် "အနုလုံ၊ ပဋိလုံ" အားဖြင့်၎င်း၊ ပုစ္ဆာ ဝိသဇ္ဇနာအားဖြင့်၎င်း "သန္နိဋ္ဌာန်၊ သံသယအားဖြင့်၎င်း အစုံအစုံလိုက် ဟောကြားအပ်သော ကျမ်းဖြစ်သည်။

ဤယမိုက်ကျမ်း၌ "မူလ၊ ခန္ဓ၊ အာယတန၊ ဓာတု၊ သစ္စ၊ သင်္ခါရ၊ အနုသယ၊ စိတ္တ၊ ဓမ္မ၊ ဣန္ဒြိယ" ယမိုက်အားဖြင့် ယမိုက် ၁၀ ပါးတို့ဖြင့် ခွဲခြမ်းစိတ်ဖြာ၍ ဟောကြား ထားပေသည်။

(၇) ပဋ္ဌာန်း။ ။ပဋ္ဌာနခေါ် ပဋ္ဌာန်းကျမ်းသည် အဘိဓမ္မာ ပိဋကတ်၌ နောက်ဆုံးလည်းဖြစ်၊ အကြီးကျယ်ဆုံးသော ကျမ်းလည်း ဖြစ်၏။ ယင်းကို "မဟာပကရဏ" (ကျမ်းမြတ်မဟာ) ဟုခေါ်၏။ ပဋ္ဌာန သဒ္ဒါသည် အကြောင်းအမျိုးမျိုး ဟူသော အနက်ကိုဟော၏။ ဟေတုစသော ၂၄ ပါးသောပစ္စည်းတို့တွင်တခုတခုသော ပစ္စည်း၌ပင် အကြောင်းအမျိုးမျိုး ကို ဟောတော်မူ၏။ တနည်းအားဖြင့် ၂၄ ပါးသော ပစ္စည်းတို့တွင် တခုတခု သောပစ္စည်း၌ပင် ကုသိုလ်စသည်အလုံးစုံသော ရုပ်နာမ် တရားတို့ကို ဝေဖန်၍ ဟောတော်မူ၏။ ထို့ကြောင့် ဟေတုစသော တခုတခုသော ပစ္စည်းသည်ပင် ပဋ္ဌာန်းမည်၏။တခုတခုသောပစ္စည်း၏ပဋ္ဌာန်းဟူသောအမည်ကို " ၂၄ ပစ္စည်း လုံးကိုပြဆိုသော" ကျမ်း၌တင်စား၍(အစိတ်၏အမည်ကို အပေါင်း၌ တင်စား သောနည်းအရ) ပဋ္ဌာန်းကျမ်းဟု ခေါ်သည်။

## အကျယ်ဝန်းဆုံးသော ပဋ္ဌာန်းကျမ်းကြီး

ဤပဋ္ဌာန်းကျမ်းကြီး၌ (၁) "ဓမ္မအနုလောမ၊ ဓမ္မပစ္စနီယ၊ ဓမ္မအနုလောမ ပစ္စနီယ၊ ဓမ္မပစ္စနီယာနုလောမ" ဟူ၍ အပိုင်းကြီး ၄ မျိုး(ဝါ)ကျမ်းကြီး၄ကျမ်း ဟူ၍ ပိုင်းခြားသတ်မှတ်ထား၏။

တဖန်(၂) ယင်းအပိုင်းကြီး=ကျမ်းကြီးလေးခုအသီးသီး၌ "တိကပဋ္ဌာန်း (၂၂ ခုရှိ၏)။ ဒုကပဋ္ဌာန်း (၁၀၀ ရှိ၏)။ ဒုကတိကပဋ္ဌာန်း၊ တိကဒုကပဋ္ဌာန်း၊ တိကတိကပဋ္ဌာန်း၊ ဒုကဒုကပဋ္ဌာန်း" ဟူ၍ (စက်လှည့်ကာ) အတွင်းဝင် ပဋ္ဌာန်း ခြောက်မျိုး ထပ်မံ ပိုင်းခြားထားသဖြင့် စုစုပေါင်း ပဋ္ဌာန်း ၂၄ ကျမ်းရှိ လေ၏။ ဤသို့ ၂၄ ပါးသောကျမ်းတို့ဖြင့် တန်ဆာဆင်၍ ဟောကြားတော်မူ သောကြောင့်အဋ္ဌကထာဆရာကြီးတို့က "**သမန္တပဋ္ဌာန်းကျမ်းကြီး** " (ထက်ဝန်း ကျင် အလုံးစုံပြည့်စုံသော ကျမ်းကြီး) ဟု ခေါ်ဝေါ်ခဲ့ကြ၏။

တဖန်လည်း (၃) ယင်း ၂၄ ပါးသော ပဋ္ဌာန်းကျမ်းများ အသီးသီး၌ "ပဋိစ္စဝါရ" စသောမဟာဝါရကြီးခုနစ်ပါးတို့ဖြင့် ပိုင်းခြားထားပြန်၏။

တဖန်လည်း (၄) ယင်းမဟာဝါရကြီး ခုနစ်ခုတို့တွင် တခုတခုစီ၌ "ပုစ္ဆာဝါရ" စသော ဝါရငယ်လေးပါးတို့ဖြင့် ပိုင်းခြားထားပြန်၏။

တဖန်လည်း (၅) ထိုဝါရငယ် လေးခု အသီးသီး၌ "ပစ္စယာနုလောမ" စသော နည်း လေးပါးတို့ဖြင့် တန်ဆာဆင်၍ ဟောကြားတော်မူ၏။

ဤသို့လျှင် အဆုံးမရှိသောနည်း (အနန္တနယ) တို့ဖြင့် တန်ဆာဆင်၍ ဟောကြားအပ်သည့် ကျမ်းကြီး ဖြစ်သောကြောင့် ဋီကာ ဆရာကြီးတို့က ဤသမန္တပဋ္ဌာန်း ကျမ်းကြီးကို **'အနန္တနယပဋ္ဌာန်းကျမ်းကြီး'**'ဟူ၍ သမုတ်ခဲ့ကြပြန်၏။

ဤသို့သော နည်းအားဖြင့် စီစဉ်ထားသည့် ဤပဋ္ဌာန်း ကျမ်းကြီးသည် အဆုံး အပိုင်းအခြားမရှိ၊ ကမ်းမမြင်လမ်းမမြင်သော မဟာသမုဒ္ဒရာထက်ပင် ကျယ်ဝန်း၍ နေလေသည်။ဤသို့လျှင် အထက်ပါအမည်နှစ်ရပ်ကိုပေါင်းစပ်၍ ယခုခေတ် ပညာရှင်တို့က **"အနန္တနယသမန္တပဋ္ဌာန်းကျမ်းကြီး"** (အဆုံးမရှိသောနည်းတို့ဖြင့် တန်ဆာဆင်ထား၍ ထက်ဝန်းကျင် အလုံးစုံကျယ်ဝန်းပြည့်စုံသောကျမ်း) ဟူ၍ ခေါ်ဝေါ်ကြကုန်၏။

ဘုရားရှင်သည် မဟာဗောဓိမဏ္ဍိုင်၏အနီး အပရာဇိတပလ္လင်တော်၌ ဆရာမကူ၊ သယမ္ဘူဉာဏ်ဖြင့် ကိုယ်တော်တိုင် အဘိဓမ္မာ ဒေသနာတော်ကြီးကို ရှေးဦးစွာထိုးထွင်း၍ သိမြင်တော်မူခဲ့၏။ထိုသို့ဘုရားဖြစ်ပြီး၍"ပလ္လင်္ကသတ္တာဟ အနိမိသသတ္တာဟ၊စင်္ကမသတ္တာဟ" ခေါ် သုံးနေရာ၌ ခုနစ်ရက်စီ စံနေတော်မူပြီးနောက်၊ (တရားရတနာတို့ကို သုံးသပ်သည့် နေရာ ဖြစ်သောကြောင့်) **"ရတနာဃရ"** အမည်ရသော မဟာဗောဓိမဏ္ဍိုင်အနီး၊ အနောက်မြောက် အရပ်ဌာနဝယ် လေးခုမြောက်သော"ရတနာဃရသတ္တာဟ"၌၇ရက်စံနေတော်မူစဉ် ရှေးဦးစွာ "ဓမ္မသင်္ဂဏီ ကျမ်းကို ဆင်ခြင်သုံးသပ်တော်မူ၏။ ထို့နောက် ဝိဘင်းကျမ်း၊ ဓာတုကထာကျမ်း၊ပုဂ္ဂလပညတ်ကျမ်း၊ကထာဝတ္ထုကျမ်း၊ယမိုက်ကျမ်း"တို့ကို အစဉ်အတိုင်း သုံးသပ်ဆင်ခြင်တော်မူ၏။

ထိုသို့ အောက်အဘိဓမ္မာ ခြောက်ကျမ်းတို့ကို သဗ္ဗညုတ ဉာဏ်တော်ဖြင့် သုံးသပ် ဆင်ခြင်တော်မူ သောအခါ အဆုံးအပိုင်းအခြားမရှိ အနန္တ ဖြစ်တော်မူသည့် သဗ္ဗညုတဉာဏ်တော်က လွန်စွာကျယ်ဝန်းကြီးမား၍ ကျက်စားရာ ဒေသနာတော် အာရုံကား ကျဉ်းမြောင်းလှသဖြင့် သဗ္ဗညုတဉာဏ်တော်မှာ ကျက်စားကွန့်မြူးခွင့်ကို မရရှိခဲ့ချေ။

သတ္တမမြောက် ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကို သုံးသပ်ဆင်ခြင်သော အခါမှ ဒေသနာတော်ကလည်း 'အနန္တနယ'၊ သဗ္ဗညုတ ဉာဏ်တော်ကလည်း 'အနန္တဝိသယ' ဖြစ်သဖြင့် ဒေသနာနှင့် ဉာဏ်တော်တို့မှာ လွန်စွာလိုက်လျော ညီညွတ်လှပေ၏။ တရားတော်များကလည်း သုံးသပ်ဆင်ခြင်၍မကုန်နိုင်အောင် ကျယ်ဝန်း၊ သဗ္ဗညုတရွှေဉာဏ်တော်ကလည်း 'ဥဿုခမ္မ' အာရုံတရားဟူသမျှ ကို ထိုးထွင်း၍ သိမြင်နိုင်သော အစွမ်းသတ္တိနှင့် ပြည့်စုံလှပေ၏။

## အစွမ်းအထက်ဆုံးသော ပဋ္ဌာန်းကျမ်းကြီး

ထိုသို့ နူးညံ့သိမ်မွေ့ ကျယ်ဝန်းနက်နဲလှသော ပဋ္ဌာန်းကျမ်းမြတ်ကြီး၌ ပါဝင် သည့် တရားသဘောတို့ကို သုံးသပ်ဆင်ခြင်တော်မူသော ဘုရားရှင်၏ သွေး တော်အစဉ်သည် အလွန်ပင်ကြည်လင်တော်မူလာသည့်အတွက်ကြောင့် ဘုရား ရှင်၏ ကိုယ်တော်မှအတောင်ရှစ်ဆယ်ရှိခြောက်သွယ်သော ရောင်ခြည်တော်တို့ ထွက်ပေါ်ပြီး၊ ပြိုးပြိုးပြက်ပြက် တခဲနက်ကွန့်မြူးကာ အရပ်ထက်ဝန်းကျင်၌ မတုန်မလှုပ် တည်နေလေသည်။

ဤသို့လျှင် အဆုံးမရှိ 'အနန္တ' ဖြစ်ပေသော သဗ္ဗညုတ ဉာဏ်တော်၏ အထူးကျက်စား ကွန့်မြူးရာဖြစ်သော၊ အဆုံးမရှိသည့် နည်းတို့ဖြင့် ပြည့်စုံ သဖြင့် 'အနန္တနယ' ဖြစ်သည့် ပဋ္ဌာန်းကျမ်းမြတ်ကြီးသည် ဘုရားရှင်၏ ရောင်ခြည်တော်များ ထက်ဝန်းကျင်၌ ကွန့်မြူးစေနိုင်သော၊ ကြီးမားလှ သည့် တန်ခိုးအာနုဘော်နှင့် ပြည့်စုံသည့် ကျမ်းမြတ်မဟာကြီး ပေတကားဟု နှလုံးသွင်း မှတ်ယူရာ၏။

ထိုမျှသာမဟုတ်သေး။ အနန္တနယ ပဋ္ဌာန်းကျမ်းမြတ်ကြီးသည် ယင်း၌ အာရုံစူးဝင်နစ်မြုပ်လျက် သုံးသပ်ဆင်ခြင်သောပညာရှိ သူတော်စင်အပေါင်း တို့အားလည်း ကြီးမားလှသော အကျိုးအာနိသင် တန်ခိုးအာနုဘော်ကို ပေး စွမ်းနိုင်ပေ၏။

ကျမ်းဂန်လာ သာဓကတခုကို တင်ပြဦးအံ့-

''ရှေးအခါက သီဟိုဠ်ကျွန်း၌ အရှင်တိဿဒတ္တမည်သော မထေရ်မြတ် သည် မဟာဗောဓိပင်ကို ဖူးမျှော်ပူဇော်ရန် (ဘင်္ဂလား) ပင်လယ်ပြင်ကြီး

ကို ဖြတ်၍ အိန္ဒိယနိုင်ငံ (ဇမ္ဗူဒိပ်ကျွန်း) သို့ သင်္ဘောဖြင့် ကူးလေသောအခါ၊ ပဋ္ဌာန်းကျမ်းကြီး၏ ကျယ်ဝန်း နက်ရှိုင်းပုံကို ဤသို့ နှိုင်းယှဉ် ဆင်ခြင်မိလေသည်-

"ဤပင်လယ်ရေပြင်ကြီးကား ကျယ်ဝန်းနက်ရှိုင်းလှသည် ဆိုသော်လည်း၊ အောက်ဘက်၌ မဟာပထဝီမြေကြီး၊ အထက်ဘက်၌ ကောင်းကင်၊ ဘေးပတ်လည်၌ စကြဝဠာဟူသော အပိုင်းအခြားများ ရှိနေပေသေး၏။ 'အနန္တနယ' ဖြစ်ပေသော ပဋ္ဌာန်းကျမ်းမြတ်ကြီး၏ အပိုင်းအခြားကိုကား မထင်မမြင်နိုင်ပါတကား"

"ဤသို့ ဆင်ခြင် စဉ်းစားလျက် လွန်ကဲသော နှစ်သက်ဝမ်းမြောက်မှုဖြစ်ပေါ်လာလေ၏။ ထို့နောက်· ထို နှစ်သက်ဝမ်းမြောက်မှုကို အခြေပြု၍ ဝိပဿနာပွားလေရာ· ထိုဘဉ်ပင် ရဟန္တာ အဖြစ်သို့ ရောက်လေတော့သတည်း"

ဤသို့ဖြင့် ပဋ္ဌာန်းကျမ်းမြတ်ကြီး၏ နူးညံ့သိမ်မွေ့ ကျယ်ဝန်းနက်ရှိုင်းပုံကို သုံးသပ်ဆင်ခြင်၍ အတိုင်းမသိ ဝမ်းမြောက်နိုင်လေသော် အမြင့်မြတ်ဆုံး, ရနိုင်ခဲဆုံးသော လောကုတ္တရာ အကျိုး အမြတ် ကြီးကိုပင် ရစေနိုင်သည် ဖြစ်သောကြောင့် အသေးအဖွဲ့ လောကီ အကျိုးများကိုကား အဘယ်ဆိုဘွယ် ရှိအံ့နည်း။ ဧကန်မုချ အတိုင်းမသိ ပေးနိုင်မည်သာတည်း·ဟု မမှိတ်မသုန်, စိတ်ချလက်ချ ယုံကြည်ရာ၏။ ယုံကြည်ကြပါကုန်။

ပဋ္ဌာန်းကျမ်းကြီးတခုလုံးကို · မဆိုထားဘိ။ ပဋ္ဌာန်းကျမ်း၏ 'ပစ္စယုဒ္ဒေသ' ခေါ် အစဆုံး မာတိကာလာ· 'ဟေတုပစ္စယော' အစရှိသော ၂၄ ပစ္စည်းအမည်များကို 'သဒ္ဓါစိတ်နှင့်' ရွတ်ဖတ်သရဇ္ဈာယ်ခြင်းမျှဖြင့်ပင် ထိုထိုပယောဂ, ရောဂါဘယ, အသက်ဘေးစသည့် ဘေးအန္တရာယ်ဟူသမျှ, သူတပါးမကောင်းကြံမှုအပေါင်းတို့မှ မည်သို့လွတ်မြောက်စေနိုင်ကြောင်း။စီးပွားဥစ္စာ, စည်းစိမ်, ရာထူး, ကြံစည်သမျှ, အလိုရှိသမျှကို ပြီးစီးစေနိုင်ကြောင်း- ထိုထိုစာအုပ်များထဲ၌ ဖော်ပြထားသော (မှတ်တမ်းမတင် ပြောပြအပ်ကုန်သော) ကိုယ်တွေ့အဖြစ်အပျက်များကို ဖတ်ရှုလေ့လာကြားနာရပြီး ဖြစ်ပေမည်။ ထိုထိုအကျိုးအာနိသင်တို့ကား များလှကုန်၏။

သို့သော်·လောကီအကျိုးမျှကို မျှော်ကိုးပြီး ထို ၂၄ ပစ္စည်း 'ပစ္စယုဒ္ဒေသ' ကို ရွတ်ဖတ်ရုံဖြင့် မကျေနပ်သင့်ချေ။ ထို ၂၄ ပစ္စည်းတို့၏ သဘောအဓိပ္ပာယ်

အကျဉ်းမျှကို ဖော်ပြသော ("ဟေတုပစ္စယောတိ- ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော" အစရှိသော ဗုဒ္ဓသာသနာအဖွဲ့ရိုက်, သိရိမင်္ဂလာပရိတ်တော် စာအုပ်လာ ၁၁-မျက်နှာသို့ ရှိသော) '**ပစ္စယနိဒ္ဒေသ**' ပါဠိတော်ကို အရဆောင် ရွတ်ဖတ်သရဇ္ဈာယ်လျက် အနက်အဓိပ္ပာယ် သဘောတို့ကို နားလည်အောင် ကြိုးစားအားထုတ် သင့်လှပေ၏။

(ရရှိသောအကျိုးကား ဤစာအုပ်နောက်ပိုင်း၌ ဖော်ပြထားသည့် အတိုင်း လွန်စွာကြီးမားလှ၏။)

ယခုခေတ်အခါတွင် ထို 'ပစ္စယနိဒ္ဒေသ' ပါဠိတော်ကို ဗုဒ္ဓဘာသာဝင် သူတော်စင် မြောက်မြားစွာတို့ ကြီးမားသော သဒ္ဓါတရားဖြင့် ယုံကြည်စွာ အရကျက်၍ နေ့စဉ်ရွတ်ဖတ်သဇ္ဈာယ်နေကြကုန်၏။ (ဥာဏ်နှင့်ယှဉ်၍ အနက် အဓိပ္ပာယ်မသိပဲ၊ သဒ္ဓါသက်သက်နှင့် ရွတ်ဖတ်နေကြရုံဖြင့်) ထို သူတော်စင်အပေါင်းတို့သည် ထိုထို ဘေးအန္တရာယ် ရန်အသွယ်သွယ်တို့မှ လွတ်ကင်း ကြသည်သာမက၊ စီးပွားဥစ္စာ, လာဘ်လာဘ, ရာထူးဌာနန္တရ, အကြံအစည် ဟူသမျှ တိုးတက်ရရှိကြကြောင်း မကြာခဏ ကြားဘူးကြုံဘူး မည်သာတည်း။

(ယခု နိုင်ငံတော်ကောင်စီဝင် ဖြစ်သွားသော၊ ယခင် ဗုဒ္ဓသာသနအဖွဲ့ ညွှန်ကြားရေးမှူးချုပ်-ဆရာကြီး ဦးလှမောင်သည် ဤပဋ္ဌာန်း ပစ္စယနိဒ္ဒေသ အပိုင်းကလေးကို ကြီးမားထက်သန်သော သဒ္ဓါစိတ်ဖြင့် နေ့စဉ်မပြတ်, တနေ့ ၃ကြိမ်မျှ ရွတ်ဖတ်သရဇ္ဈာယ်သော ပုဂ္ဂိုလ်ကြီး ဖြစ်ပေ၏။)

## ပထမဦးဆုံး ကွယ်ပျောက်မည့် ကျမ်းကြီး

ပိဋကတ ၃ ပုံ တည်းဟူသော ပရိယတ္တိ သာသနာတော်မြတ်ကြီး ကွယ်ပျောက် ချိန်ပျောက်သော်ကား- ရှေးဦးစွာ ဤ ပဋ္ဌာန်းကျမ်းမြတ်ကြီး ကွယ်ပျောက် လတ္တံ့။ ထိုနောက်မှ-ကျန် အဘိဓမ္မာခြောက်ကျမ်းတို့တခုပြီးတခု ကွယ်ပျောက် လတ္တံ့။ ထို့နောက် သုတ္တန်ပိဋကကွယ်ပျောက်မည်ဖြစ်ရာ ထိုပိဋကတွင် အစ ဆုံးဖြစ်သော ဒီဃနိကာယ်မှစ၍ နိကာယ် ၅ ရပ် တခုပြီးတခု ကွယ်ပျောက်

လတ္တံ့။ နောက်ဆုံးတွင် ဝိနယပိဋက ကွယ်ပျောက်လတ္တံ့။ ဤသို့ အဆိုအမိန့်ရှိပေ၏။

ထို အဆိုအမိန့်သည် ယုတ္တိတန်၍ အဓိပ္ပာယ် ပါလှပေ၏။ အကြောင်းမူကား-သဘောအဓိပ္ပာယ်အားဖြင့် အလွန်နက်နဲ သိနိုင်ခဲ၍ တစထက် တစ လေ့လာသူနည်းပါးမည့် ပိဋက ကျမ်းများက အလျင်ကွယ်ပျောက် မည်မှာ ဓမ္မတာပင် ဖြစ်သောကြောင့်တည်း။

ဤသို့လျှင် ပိဋကသုံးပုံဟူသော ပရိယတ္တိသာသနာတော်ကြီး ကွယ်ပျောက်ရာတွင် ပဋ္ဌာန်းကျမ်းမြတ်ကြီးက ပထမဦးဆုံး ကွယ်ပျောက်လတ္တံ့သည်ကို သိမြင်ကြသော ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူ သူတော်စင် ပညာရှိအပေါင်းတို့သည် **'အသံမစဲ ပဋ္ဌာန်းရွတ်ပွဲကြီး'** ကို နိုင်ငံအနှံ့ အနယ်နယ် အရပ်ရပ်တွင် ခြိမ့်ခြိမ့်သည်း ကျင်းပပြုလုပ်ကုန်၏။ သာဓုခေါ်၍ မဆုံးနိုင်သော 'ဓမ္မပူဇာ' လုပ်ငန်းကြီးပေတည်း။

ယခုအခါတွင် အဘိဓမ္မာ ဒေသနာတော်ကြီး၊ အထူးသဖြင့် ပဋ္ဌာန်းကျမ်းမြတ်ကြီးကို အထူးတလည် လေ့လာလိုက်စားမှုမှာ ဤမြန်မာနိုင်ငံ၌သာ ရှိတော့၏။ ဤသို့ဖြစ်ရခြင်းမှာလည်း-

(၁) မာတိကာ ဓာတုကထာအရကောက်။

(၂) ယမိုက်အရကောက်။

(၃) ပဋ္ဌာန်းအရကောက်-

ဟူသော အဘိဓမ္မာဆိုင်ရာ အရကောက် ကျမ်းများကို ရှေးမထေရ်မြတ်တို့ ရေးသား ထားရှိခဲ့ခြင်းနှင့် ရဟန်းတော်များ စာမေးပွဲများ၌ ထိုအရကောက် ကျမ်းများနှင့်တကွ အဘိဓမ္မာ ဘာသာရပ်ကို ရွေးတန်းတင်မေးမြန်းသည့် စနစ်ကြီးကြောင့်ပင် ဖြစ်၏ ဆိုက မှားအံ့မထင်။

တချိန်က ဗုဒ္ဓဘာသာကို ပင်တိုင်ဖြန့်ချီခဲ့သောသီဟိုဠ်ကျွန်းမှာပင် မြန်မာနိုင်ငံလောက် အဘိဓမ္မာပိဋက လေ့လာလိုက်စားမှု အဟုန် မရှိတော့ချေ။

အထက်ဖော်ပြပါ အဘိဓမ္မာပိဋက၊အထူးသဖြင့် ပဋ္ဌာန်းကျမ်းမြတ်ကြီး၏ အနာဂတ် အခြေအနေကို သိမြင်တော်မူသော ကျေးဇူးရှင် 'အဘိဓဇမဟာရဋ္ဌဂုရု' ဘွဲ့တံဆိပ်တော်ရ မစိုးရိမ်ဆရာတော်ဘုရားကြီးသည် ဤပဋ္ဌာန်းကျမ်းကြီး(နှင့်တကွ အဘိဓမ္မာ ဒေသနာတော်)ကို အထူးအလေးပေး၍ လေ့ကျက်

ဆည်းပူး အမြဲမပြတ် ပို့ချသင်ပေးတော်မူလေ့ရှိပေ၏။ ပဋ္ဌာန်း ကျမ်းမြတ်ကြီး၏ဂုဏ်ကျေးဇူးနှင့် အနာဂတ်အခြေအနေကို ဟောကာပြောကာ ပျံ့လွှန်တော်မူသည့်အထိ ဤပဋ္ဌာန်း ကျမ်းမြတ်ကြီးကိုပို့ချသွားကြောင်း သိရပေ၏။

မန္တလေး၊ မစိုးရိမ်တိုက်၊ ပဋ္ဌာန်းဆရာတော် ဦးဝိသုဒ္ဓ၊ စစ်ကိုင်းတောင်ရိုး ပဋ္ဌာန်းသိပ္ပံဆရာတော် ဦးဣန္ဒက စသည်ရှိသော ထိုထိုဆရာတော်ကြီးတို့လည်း မစိုးရိမ် ဆရာတော်ကြီးနည်းတူ ပြုကျင့်လျက်ရှိပေကုန်၏။

ဤသို့လျှင် ထိုကဲ့သို့သော ဆရာတော်ကြီးများ၏ ဩဝါဒကို လိုက်နာလျက် မြန်မာနိုင်ငံ ဗုဒ္ဓဘာသာဝင် အပေါင်းတို့သည် ပဋ္ဌာန်းဒေသနာတော်မြတ်ကြီးကို တတ်နိုင်သမျှ လေ့လာမှတ်သား ရွတ်ဖတ်သွားပြီး "အသံမစဲ ပဋ္ဌာန်းရွတ်ပွဲကြီး" ကဲ့သို့သော ဓမ္မပူဇာ လုပ်ငန်းကြီးကို ဆက်လက်လုပ်ဆောင်လေသမျှ ကာလပတ်လုံး ကပ်ကြီး ၃-ပါး၊ ဘေးအန္တရာယ်ဆိုးကြီးများမှ ကင်းမှုချ ကျော်လွှားလွတ်မြောက်လိမ့်မည်တကားဟု အကြွင်းမဲ့ ယုံကြည်နိုင်ကြပါစေသော်။

## 'ပဋ္ဌာန်းမဟာ' ၏ကျမ်းစာ

မန္တလေးမြို့၊ ထိုင်းတန်းရပ်၊ မန်းဒေဝ် (သာတင်းစာ) ဦးလေး ဦးလှရွှေနှင့် ဇနီး ဒေါ်တင်ကြည်တို့ မိသားတစုသည် ပဋ္ဌာန်းကျမ်းမြတ်ကြီး၏ နိဒါန်း 'ပစ္စယုဒ္ဒေသ' နှင့်တကွ ၂၄-ပစ္စည်းတို့၏ ကျေးဇူးပြုပုံ သဘောအကျဉ်းကို ပြသည့် 'ပစ္စယနိဒ္ဒေသ' ပါဠိတော်ကို နေ့စဉ်မပြတ် ရွတ်ဖတ် သရဇ္ဈာယ်ကြလျက် ပဋ္ဌာန်း ဒေသနာတော်မြတ်ကြီးကို အမြဲ ကြည်ညို ပူဇော်ကြကုန်၏။ ဦးလေး ဦးလှရွှေသည် သူအမြဲတမ်း ရွတ်ဖတ် သရဇ္ဈာယ်နေသော ပဋ္ဌာန်း 'ပစ္စယနိဒ္ဒေသ' ၏ အနက်အဓိပ္ပာယ်သဘောတို့ကို အလွန်ပင် သိချင် နားလည်ချင်သည်။ သိလိုသမျှကိုလည်း ထိုထိုရဟန်းရှင်လူတို့အား မေးမြန်း နာယူမှတ်သားလေ့ရှိ၏။ မိမိနားလည်ချင်သလို သူတပါးတို့အားလည်း နားလည်စေချင်သည်။

ထို့ကြောင့် ယင်းပဋ္ဌာန်း 'ပစ္စယနိဒ္ဒေသ' ပါဠိတော်၏ အနက်အဓိပ္ပာယ်တို့ကို လူသာမန်တို့ နားလည်အောင် ရေးသားပြုစုရန် ကျွန်တော့အား မကြာခဏ တိုက်တွန်းလေသည်။ ကျွန်တော်လည်း ဝန်ခံ၍ ဝမ်းမြောက်

ဝမ်းသာ, သဒ္ဓါတရားရွှေဝယ်ထားလျက် "ပဋ္ဌာန်းမဟာ"ဟူသောအမည်ဖြင့် ဤကျမ်းစာကို ရေးသားရခြင်း ဖြစ်ပါ၏။

ဤ 'ပဋ္ဌာန်းမဟာ' ဟူသော အမည်မှာ တခြားမဟုတ်။ 'ပဋ္ဌာနမဟာ ပကရဏ' (ပဋ္ဌာန်းကျမ်းမြတ်ကြီး) ဟူသော ပါဠိအမည်မှ 'ပကရဏ'ပုဒ်ကို ဖြုတ်၍ မြန်မာမှု ပြုယူထားသည့် အမည်ဖြစ်ပါ၏။

မူလက ပဋ္ဌာန်း 'ပစ္စယ နိဒ္ဒေသ' ပါဠိတော်၏ အနက်အဓိပ္ပာယ်နှင့်တကွ ၂၄-ပစ္စည်းတို့၏ ကျေးဇူးပြုပုံသဘောတို့ကို ရေးသားရန် တိုက်တွန်းခဲ့ပေ၏။ သို့သော် ရေးယင်း ရေးယင်းဖြင့် စေတနာ သဒ္ဓါတရား ပွားပွားလာသော ကြောင့်တကြောင်း၊ ကျွန်တော်၏ဇနီး ဒေါ်တင်တင်နှင့်တူမလေး မအေးမြင့် တို့ မိုးကုတ်ဝိပဿနာ ကမ္မဋ္ဌာန်းရိပ်သာ၌ 'ပဋိစ္စသမုပ္ပါဒ်' တရားကို နာယူ မှတ်သား၊ ဝိပဿနာ ပွားများ အားထုတ်နေသည်ကို တဘက် တလမ်းမှ ကျေးဇူးပြုလိုသည့် ဆန္ဒရှိသည်ကတကြောင်း၊ ဤသို့သော အကြောင်းနှစ်ရပ် ကြောင့် 'ပဋ္ဌာန်းနှင့် ပဋိစ္စသမုပ္ပါဒ် ဆက်စပ်ပြလျက် ရေးသားရလျှင် ကောင်းလေစွ'ဟု အကြံ ဖြစ်ပေါ်လာ၍ မူလ ရည်ရွယ်သည်ထက် ပိုလာရ ပေ၏။ ပဋ္ဌာန်းနှင့် ပဋိစ္စသမုပ္ပါဒ် တရားမြတ် ၂ မျိုးလုံးကို ထိုပုဂ္ဂိုလ်အားလုံး လေ့လာ ဖတ်ရှုစေချင်သည့် သဘောပင်ဖြစ်ပါ၏။

ထို့ကြောင့် ယခုရေးသားသည့်ကျမ်းတွင် အခန်း ခုနစ်ခန်းပါရှိပေမည်။ ယင်းခုနစ်ခန်းတို့မှာ—

(၁) ပစ္စယနိဒ္ဒေသ ပါဠိတော်။

(၂) ပစ္စယ နိဒ္ဒေသ၏ နိဿယ မြန်မာပြန်။

(၃) ပစ္စယ နိဒ္ဒေသလာ ၂၄ ပစ္စည်းတို့၏ ကျေးဇူးပြုပုံ အကျယ် ရှင်းလင်းချက်။

(၄) ၂၄ ပစ္စည်းတို့၏သဘောအဓိပ္ပာယ်များနှင့် ပတ်သက်၍အထွေထွေ မှတ်ဖွယ်နှင့် တကွ အကျဉ်းချုပ် ပြဆိုခြင်း။

(၅) ၂၄ ပစ္စည်းအကြောင်း ပို၍ ကျေညက် နားလည်စေရန် စိတ်၊ စေတသိက်၊ ရုပ်တရားတို့ကို မူတည်၍ ပဋ္ဌာန်း ၂၄ ပစ္စည်းတို့ဖြင့် ရောပြွမ်း ကျေးဇူးပြုပုံကို ပြဆိုခြင်း။

(၆) ယင်းပဋ္ဌာန်း ဒေသနာတော်နှင့် အလွန်နီးကပ်စွာ ဆက်စပ်လျက် ရှိသော သုတ္တန်ပိဋကလာ အလွန်လေးနက်လှသည့် ပဋိစ္စသမုပ္ပာဒ် တရားတော်၏ သဘောသွားနှင့် နှိုင်းယှဉ် ပြဆိုခြင်း။

(၇) ဤပဋ္ဌာန်းနှင့် ပဋိစ္စသမုပ္ပာဒ် ဒေသနာတို့ကိုကောင်းစွာဉာဏ်ဖြင့် သက်ဝင်၍ သိနားလည်ခြင်းဖြင့် ရရှိမည့် ဝိပဿနာ အကျိုး တရားကို ပြဆိုခြင်း။

(ဤသို့လျှင် ဤအစီအစဉ်သည် အဘိဓမ္မာ ခုနစ်ကျမ်းကို အလေးအမြတ် ပြုသောအားဖြင့် တမင်စီစဉ်ထားဘိသကဲ့သို့ ရှိသွားပေ၏။)

ဤသို့ ပဋ္ဌာန်းတရားတော်မြတ်ကြီး၏ အခြေခံ 'ပစ္စယနိဒ္ဒေသ' အဓိပ္ပာယ် ရှင်းလင်းချက်နှင့်တကွ စပ်ဆိုင်ရာ သိမှတ် နားလည်သင့်သည့် အကြောင်း အရာတို့ကို 'စုံစုံစေ့စေ့' ကလေး၊ တိုကျဉ်း လိုရင်းသဘောဖြင့် လေ့လာ မှတ်သား နားလည်ကြပါမူကား-

''မိမိ မိမိတို့၏ သံသရာခေါင်းဆောင်ကောင်းကြီးဖြစ်ပေသော **'သမ္မာဒိဋ္ဌိ'** ဓာတ်ကြီး ထုထည်ကြီးမား၊ အားအကောင်းကြီးကောင်း၊ အခိုင်မာကြီးခိုင်မာ သွားမည်ဖြစ်ပေ၏။ မိမိတို့၏ အဇ္ဈတ္တ သန္တာန်ထဲ၌ 'သမ္မာဒိဋ္ဌိ' တည်းဟူသော ခေါင်းဆောင်ကောင်းကြီး၏ နည်းပေးလမ်းညွှန်ချက်များကို နာယူလုပ်ဆောင် ရသဖြင့် နောင်အနာဂတ် ဘဝသံသရာ တလျှောက်ဝယ် သူတော်ကောင်း သူမြတ်လောင်းတို့၏ အဆုံးအမတွေကို 'ကောင်းသည် မှန်သည်'ဟု ခံယူ ကျင့်သုံးနိုင်မည်ဖြစ်၍ အပါယ်ဒုဂ္ဂတိဘေးဆိုးကြီးမှ ကျော်လွှတ်မြောက်နိုင်မည် ဖြစ်ပေ၏။

''ထို့ပြင် ဘုရားစစ် ဘုရားမှန်, တရားစစ် တရားမှန်နှင့် တွေ့ကြုံရသော် ဘုရားစစ်ဘုရားမှန်, တရားစစ်တရားမှန်ဟု သဒ္ဒါပညာဖြင့် ယုံကြည်သိမြင်၍ ကျင့်ကြံ အားထုတ်နိုင်မည် ဖြစ်သောကြောင့် မဂ်ဖိုလ် နိဗ္ဗာန်သို့ ဖြောင့် တန်းစွာ ရောက်နိုင်ပေလတ္တံ့။''

သမ္မာဒိဋ္ဌိဉာဏ် ရင့်သန်ခြင်း၏ အကျိုးကျေးဇူးကား ဤမျှ ကြီးမားလှ၏။ ထို့ကြောင့် ပဋ္ဌာန်းတရားတော်ဖြင့် သမ္မာဒိဋ္ဌိဉာဏ် ရင့်သန်နိုင်ကြပါစေကုန်။

ဆန့်ကျင်ဘက်အားဖြင့် သမ္မာဒိဋ္ဌိ ကင်းမဲ့၍ မိစ္ဆာဒိဋ္ဌိ အားကောင်းနေ မူကား သံသရာတလျှောက်ဝယ် ''ပိုးဖလံမျိုး မီးကိုတိုး'' သကဲ့သို့ လမ်းကောက်

လမ်းမှားသို့ မှောက်မှောက်မှားမှား ရောက်သွား၍ ဘေးဆိုးများနှင့် ကြေန် တွေ့ကြုံရမည်သာတည်း။

သာဓကပြရသော်—ဘုရားရှင်လက်ထက်က မိစ္ဆာဒိဋ္ဌိယူသူ တိတ္ထိဆရာကြီး စသည်တို့သည် သမ္မာဒိဋ္ဌိဓာတ်ကြီး ကင်းမဲ့ခဲ့ကြသဖြင့် ဘုရားစစ် ဘုရားမှန်, တရားစစ် တရားမှန်နှင့် တွေ့ကြုံရလျက်လည်း မိစ္ဆာဒိဋ္ဌိ ဆရာမိုက်ကြီး၏ လှည့်စားခြင်းခံရသဖြင့် ဘုရားစစ်ဘုရားမှန်, တရားစစ်တရားမှန်ကို မသိနိုင် ရှိမျှမက ပြစ်တင်ကဲ့ရဲ့ စော်ကားခြင်းအမှုကိုပင် ကျူးမိကြသဖြင့် အပါယ် ငရဲသို့ သက်ဆင်း သွားခဲ့ကြလေသတည်း။

ယခုခေတ် အခါတွင်လည်း လူများစွာတို့သည် ဘုရားရှင်၏ သာသနာ တော် မြတ်ကြီးနှင့် ကြုံတွေ့ ကြရလျက်လည်း အတိတ် ဘဝက သမ္မာဒိဋ္ဌိ ဓာတ်ခံကင်းမဲ့ခဲ့ကြသဖြင့် 'ဘုရားစစ်,တရားစစ်'ကို မယုံကြည်နိုင်ကြပဲ မိမိ တို့၏ အယူမှားများကိုသာ 'အဟုတ်ထင်, အမှန်ထင်ပြီး တွယ်ကပ် စွဲလမ်း ယုံကြည်ကိုးကွယ်နေသည်ကို မမြင်ချင့်အဆုံးပင် ဖြစ်လေတော့သည်။

ထို့ကြောင့် ကျွန်တော်သည် 'သမ္မာဒိဋ္ဌိ' ဓာတ်ခံ အားကောင်းစေသော ဤ 'ပဋ္ဌာန်းမဟာ' အမည်ရှိ ကျမ်းငယ် တစောင်ကို ရေးသား ရသဖြင့် ဗုဒ္ဓသာသနာတော်၏ အုတ်မြစ်ကြီးအတွက် 'အုတ်တချပ်, သဲတပွင့်' ပမာ ကူသိုလ်ပါဝင်ခြင်းဟူ၍ ပီတိသောမနဿ များစွာဖြစ်မိပါ၏။ ဗုဒ္ဓသာသနာ တော်၏ ပန်းတိုင်အစစ်ကား မဂ်,ဖိုလ် နိဗ္ဗာန်တည်း။ မဂ်,ဖိုလ်, နိဗ္ဗာန်ရဖို့ရာ မှာ ဝိပဿနာ ပညာအလုပ်ပင်တည်း။ ထိုဝိပဿနာ အလုပ်ကား တခြား မဟုတ်၊ အဘိဓမ္မာ ဒေသနာ၊ အထူးသဖြင့် ပဋ္ဌာန်း ဒေသနာတော်လာ ရုပ်နာမ်ဓမ္မ သင်္ခါရတို့၏ သဘောရင်းကို ပိုင်းခြားသိမြင် ရှုမှတ် ပွားများ နေမှုပင်တည်း။ ဤဝိပဿနာဉာဏ် သစ်ပင်မှန်ကို စိုက်ပျိုး၍ အဆက်မပြတ် ရေလောင်းပြုစု စောင့်ရှောက်နေပါမူကား မဂ်,ဖိုလ်နိဗ္ဗာန်ဟူသော အသီး တို့ကို တခုသောဘဝတွင် မလွဲမသွေ ရရှိမည်သာတည်း။ ထို့ကြောင့်—

"သပ္ပုရိသအပေါင်း သူတော်ကောင်းတို့- ပိဋကသုံးပုံ(၀၁) အဘိဓမ္မာ ပိဋက၏ အထွတ်အထိပ်ဖြစ်သော ပဋ္ဌာန်းဒေသနာတော်မြတ်ကြီး၏ နိဒါန်း မျှသာ ရေးသားရာဖြစ်သော 'ပဋ္ဌာန်းမဟာ' ခေါ် ဤကျမ်းငယ်ကလေးကို လေ့လာဖတ်ရှု နားလည် သဘောပေါက်လျက် လောကီ, လောကုတ္တရာ၊ ပစ္စုပ္ပန်, သံသရာ ၂ စုံသော အကျိုးတရားတို့ကို ရရှိခံစားနိုင်ကြပါစေသော်။

## မှီငြမ်းပြုသောကျမ်းများ

(၁) လယ်တီဆရာတော်ဘုရားကြီး၏ 'ပဋ္ဌာန်းဒွေသ' ပါဠိနိဿယ။
(၂) ဆရာတော် ဦးဇနက၏ 'ဝိထိနှင့်သုံးချက်စုဘာသာ'ဋီကာ။
(၃) လယ်တီ ဦးမောင်ကြီး၏ 'ပစ္စယမဉ္ဇရီ'ကျမ်း။
(၄) ပဋ္ဌာန်း သိပ္ပံဆရာတော်၏ 'ပဋ္ဌာန်းအလင်းပြ' ကျမ်း။
(၅) တောင်မြို့ အရှင်ဓမ္မသာမိ၏ 'ညဝါတံခွန်' ကျမ်း။
(၆) အရှင်အနုရုဒ္ဓ၏ 'အဘိဓမ္မတ္ထသင်္ဂြိုဟ်' ကျမ်း။
(၇) ဥာဏတိလောက၏ 'အဘိဓမ္မာပိဋကလမ်းညွှန်' (အင်္ဂလိပ်)။
(၈) ဗုဒ္ဓသာသနအဖွဲ့ထုတ် 'အဘိဓမ္မာသမိုင်းချုပ်' ;
(၉) နှင့်အဘိဓမ္မာဆိုင်ရာ သင်္ဂါယနာ အမေးအဖြေများ။

## ဤဆရာတော်များ၏ ကျေးဇူး

ကျွန်ုပ်သည် အထက်ဖော်ပြပါ ကျမ်းတို့ကို မှီငြမ်းပြု၍ ဤ 'ပဋ္ဌာန်းမဟာ' မည်သော ကျမ်းကို ရှေးဦးစွာ မူကြမ်းရေးသားပြီး မန္တလေးမြို့ ဗန်းမော် ကျောင်းတိုက် ဆရာတော် ဦးကုမာရာဘိဝံသ (သကျသီဟ- ဓမ္မာစရိယ၊ ဝင္ဂသကာ၊ ဘီအေ)အား ကြည့်ရှုစစ်ဆေးရန် ပြသခဲ့ပါသည်။

ထိုဆရာတော် တည်းဖြတ်ပေးသည့် စာမူကို အချောသပ်ရေးသားပြီး တဖန် မင်းကွန်း ဓမ္မနာဒ ကျောင်းတိုက်ဆရာတော် ပထမ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တာသာရာဘိဝံသနှင့် ဓမ္မနာဒ တိုက်အုပ်ဆရာတော် ဦးဥက္ကံသာဘိဝံသ (သကျသီဟ- ဓမ္မာစရိယ၊ ဝင္ဂသကာ) တို့အား ကြည့်ရှုစစ်ဆေးပေးတော်မူရန် ထပ်မံပြသခဲ့ပါသည်။

ဤသို့လျှင် ကျွန်ုပ်၏ "ပဋ္ဌာန်းမဟာ" ကျမ်းစာအုပ် ဤမျှ ကောင်းမွန်လာရခြင်းမှာ ဤဖော်ပြပါဆရာတော်များ၏ ကျေးဇူးကြောင့်သာ ဖြစ်ပါကြောင်း။

မြင့်ဆွေ
၃၀-၇-၇၀

# ပထမပိုင်း

## ပဋ္ဌာန်းပစ္စယနိဒ္ဒေသပါဠိတော်

# ပဋ္ဌာန်းပါဠိတော်

## ပစ္စယုဒ္ဒေသပါဠိတော်

ဟေတုပစ္စယော
အာရမ္မဏပစ္စယော
အဓိပတိပစ္စယော
အနန္တရပစ္စယော
သမနန္တရပစ္စယော
သဟဇာတပစ္စယော
အညမညပစ္စယော
နိဿယပစ္စယော
ဥပနိဿယပစ္စယော
ပုရေဇာတပစ္စယော
ပစ္ဆာဇာတပစ္စယော
အာသေဝနပစ္စယော
ကမ္မပစ္စယော
ဝိပါကပစ္စယော
အာဟာရပစ္စယော

ဣန္ဒြိယပစ္စယော
ဈာနပစ္စယော
မဂ္ဂပစ္စယော
သမ္ပယုတ္တပစ္စယော
ဝိပ္ပယုတ္တပစ္စယော
အတ္ထိပစ္စယော
နတ္ထိပစ္စယော
ဝိဂတပစ္စယော
အဝိဂတပစ္စယောတိ၊
ပစ္စယုဒ္ဒေသော နိဋ္ဌိတော။

(ပဋ္ဌာန်း ၂၄-ပစ္စည်း အကျဉ်းပြီး၏)

# ပစ္စယနိဒ္ဒေသပါဠိတော်

## ၁။ ဟေတုပစ္စယ

ဟေတုပစ္စယောတိ–

ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။

## ၂။ အာရမ္မဏပစ္စယ

အာရမ္မဏပစ္စယောတိ–

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

သဗ္ဗေ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

ယံယံ ဓမ္မံ အာရဗ္ဘ ယေယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။

## ၃-အဓိပတိပစ္စယ

အဓိပတိပစ္စယောတိ—

ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ဝီမံသာဓိပတိ ဝီမံသသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အဓိပတိပစ္စယေန ပစ္စယော။

ယံယံဓမ္မံ ဂရုံ ကတွာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အဓိပတိပစ္စယေန ပစ္စယော။

## ၄-အနန္တရပစ္စယ

အနန္တရပစ္စယောတိ—

စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

သောတဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနော ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တာ စ ဓမ္မာ မနောဝိညာဏ-ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ဃာနဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနော ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ဇိဝှါဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနော ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ကာယဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနော ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမနံ အဗျာကတာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

ယေသံ ယေသံ ဓမ္မာနံ အနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ အနန္တရပစ္စယေန ပစ္စယော။

## ၅-သမနန္တရပစ္စယ

သမနန္တရပစ္စယောတိ–

စက္ခုဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

သောတဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတုယာ တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ဃာနဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ဇိဝှါဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ကာယဝိညာဏဓာတု တံသမ္ပယုတ္တကာ စ ဓမ္မာ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

မနောဓာတု တံသမ္ပယုတ္တကာ ဓမ္မာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

ယေသံ ယေသံ ဓမ္မာနံ သမနန္တရာ ယေ ယေ ဓမ္မာ ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ၊ တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ သမနန္တရပစ္စယေန ပစ္စယော။

## ၆-သဟဇာတပစ္စယ

သဟဇာတပစ္စယောတိ-

စတ္တာရော ခန္ဓာ အရူပိနော အညမညံ သဟဇာတပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ သဟဇာတပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ သဟဇာတပစ္စယေန ပစ္စယော။

ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ကိဉ္စိ ကာလေ သဟဇာတ ပစ္စယေန ပစ္စယော၊ ကိဉ္စိ ကာလေ န သဟဇာတပစ္စယေန ပစ္စယော။

## ၇- အညမညပစ္စယ

အညမညပစ္စယောတိ—

စတ္တာရော ခန္ဓာ အရူပိနော အညမညပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညပစ္စယေန ပစ္စယော။

## ၈- နိဿယပစ္စယ

နိဿယပစ္စယောတိ-

စတ္တာရော ခန္ဓာ အရူပိနော အညမညံ နိဿယပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ နိဿယပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ နိဿယပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ နိဿယ ပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ နိဿယပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

## ၉ ဥပနိဿယပစ္စယ

ဥပနိဿယပစ္စယောတိ-

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ကေသဉ္စိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အဗျာကတာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ ဥပနိဿယပစ္စယေန ပစ္စယော။

ဥတုဘောဇနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။

ပုဂ္ဂလောပိ ဥပနိဿယပစ္စယေန ပစ္စယော။

သေနာသနမ္ပိ ဥပနိဿယပစ္စယေန ပစ္စယော။

## ၁၀ ပုရေဇာတပစ္စယ

ပုရေဇာတပစ္စယောတိ-

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏ ဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတ ပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ပုရေဇာတပစ္စယေန ပစ္စယော။

မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ကိဉ္စိကာလေ ပုရေဇာတ ပစ္စယေန ပစ္စယော၊ ကိဉ္စိ ကာလေ န ပုရေဇာတပစ္စယေန ပစ္စယော။

## ၁၁-ပစ္ဆာဇာတ ပစ္စယ

ပစ္ဆာဇာတ ပစ္စယောတိ--

ပစ္ဆာဇာတာ စိတ္တစေတသိကာ ဓမ္မာ ပုရေဇာတဿ ဣမဿ ကာယဿ ပစ္ဆာဇာတပစ္စယေန ပစ္စယော။

## ၁၂-အာသေဝန ပစ္စယ

အာသေဝန ပစ္စယောတိ—

ပုရိမာ ပုရိမာ ကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ အကုသလာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ အကုသလာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

ပုရိမာ ပုရိမာ ကြိယာဗျာကတာ ဓမ္မာ ပစ္ဆိမာနံ ပစ္ဆိမာနံ ကြိယာဗျာကတာနံ ဓမ္မာနံ အာသေဝနပစ္စယေန ပစ္စယော။

## ၁၃=ကမ္မပစ္စယ

ကမ္မပစ္စယောတိ—

ကုသလာကုသလံ ကမ္မံ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

စေတနာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။

## ၁၄ ဝိပါကပစ္စယ

ဝိပါကပစ္စယောတိ-

ဝိပါကာ စတ္တာရော ခန္ဓာ အရူပိနော အညမညံ ဝိပါကပစ္စယေန ပစ္စယော။

## ၁၅—အာဟာရပစ္စယ

အာဟာရပစ္စယောတိ—

ကဗဠီကာရော အာဟာရော ဣမဿ ကာယဿ အာဟာရ ပစ္စယေန ပစ္စယော။

အရူပိနော အာဟာရာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ အာဟာရ ပစ္စယေန ပစ္စယော။

## ၁၆ ဣန္ဒြိယ ပစ္စယ

ဣန္ဒြိယပစ္စယောတိ—

စက္ခုန္ဒြိယံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

သောတိန္ဒြိယံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယ ပစ္စယေန ပစ္စယော။

ဃာနိန္ဒြိယံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယ ပစ္စယေန ပစ္စယော။

ဇိဝှိန္ဒြိယံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယပစ္စယေ ပစ္စယော။

ကာယိန္ဒြိယံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ ဣန္ဒြိယ ပစ္စယေန ပစ္စယော။

ရူပဇီဝိတိန္ဒြိယံ ကဋတ္တာရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

အရူပိနော ဣန္ဒြိယာ သမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဣန္ဒြိယပစ္စယေန ပစ္စယော။

## ၁၇ ဈာနပစ္စယ

ဈာနပစ္စယောတိ–

ဈာနင်္ဂါနိ ဈာနသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဈာန ပစ္စယေန ပစ္စယော။

## ၁၈–မဂ္ဂပစ္စယ

မဂ္ဂပစ္စယောတိ–

မဂ္ဂင်္ဂါနိ မဂ္ဂသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ မဂ္ဂပစ္စယေန ပစ္စယော။

## ၁၉–သမ္ပယုတ္တပစ္စယ

သမ္ပယုတ္တပစ္စယောတိ–

စတ္တာရော ခန္ဓာ အရူပိနော အညမညံ သမ္ပယုတ္တပစ္စယေန ပစ္စယော။

## ၂၀ - ဝိပ္ပယုတ္တပစ္စယ

ဝိပ္ပယုတ္တ ပစ္စယောတိ–

ရူပိနော ဓမ္မာ အရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

အရူပိနော ဓမ္မာ ရူပီနံ ဓမ္မာနံ ဝိပ္ပယုတ္တပစ္စယေန ပစ္စယော။

## ၂၁ - အတ္ထိပစ္စယ

အတ္ထိ ပစ္စယောတိ–

စတ္တာရော ခန္ဓာ အရူပိနော အညမညံ အတ္ထိပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ အတ္ထိပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အတ္ထိပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ အတ္ထိပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏာဒါတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အတ္ထိပစ္စယေန ပစ္စယော။

## ၂၂ - နတ္ထိပစ္စယ

နတ္ထိပစ္စယောတိ

သမနန္တရနိရုဒ္ဓါ စိတ္တစေတသိကာ ဓမ္မာ ပဋုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ နတ္ထိပစ္စယေန ပစ္စယော။

## ၂၃ - ဝိဂတပစ္စယ

ဝိဂတ ပစ္စယောတိ -

သမနန္တရဝိဂတာ စိတ္တစေတသိကာ ဓမ္မာ ပဋုပ္ပန္နာနံ စိတ္တစေတသိကာနံ ဓမ္မာနံ ဝိဂတပစ္စယေန ပစ္စယော။

# ၂၄ - အဝိဂတပစ္စယ

အဝိဂတ ပစ္စယောတိ-

စတ္တာရော ခန္ဓာ အရူပိနော အညမညံ အဝိဂတပစ္စယေန ပစ္စယော။

စတ္တာရော မဟာဘူတာ အညမညံ အဝိဂတပစ္စယေန ပစ္စယော။

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ အဝိဂတပစ္စယေန ပစ္စယော။

စိတ္တစေတသိကာ ဓမ္မာ စိတ္တသမုဋ္ဌာနာနံ ရူပါနံ အဝိဂတပစ္စယေန ပစ္စယော။

မဟာဘူတာ ဥပါဒါရူပါနံ အဝိဂတပစ္စယေန ပစ္စယော။

စက္ခာယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

သောတာယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဃာနာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဇိဝှါယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ကာယာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဂန္ဓာယတနံ ဃာနဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ရသာယတနံ ဇိဝှါဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ဖောဋ္ဌဗ္ဗာယတနံ ကာယဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ရူပါယတနံ သဒ္ဒါယတနံ ဂန္ဓာယတနံ ရသာယတနံ ဖောဋ္ဌဗ္ဗာယတနံ မနောဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

ယံ ရူပံ နိဿာယ မနောဓာတု စ မနောဝိညာဏဓာတု စ ဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ စ မနောဝိညာဏဓာတုယာ စ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အဝိဂတပစ္စယေန ပစ္စယော။

**ပစ္စယနိဒ္ဒေသော နိဋ္ဌိတော။**

(ပဋ္ဌာန်း ၂၄-ပစ္စည်း အကျယ်ပြီး၏။)

# ဒုတိယပိုင်း

## ပဋ္ဌာန်း၊ ပစ္စယနိဒ္ဒေသ ပါဠိတော် နိဿယ

# ပဋ္ဌာန်းပါဠိတော် နိဿယ

## ပစ္စယုဒ္ဒေသ နိဿယ

ဟေတုပစ္စယော၊ ဟိတ်ခြောက်ပါးဖြစ်၍ ပစ္စယုပ္ပန် တရားတို့အား အမြစ် သဖွယ် ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

အာရမ္မဏပစ္စယော၊ အာရုံ ခြောက်ပါးဖြစ်၍ ကျေးဇူး ပြုတတ်သော တရားလည်းကောင်း။

အဓိပတိပစ္စယော၊ အကြီးအမှူး ဖြစ်၍ ကျေးဇူးပြုတတ်သော တရား လည်းကောင်း။

အနန္တရပစ္စယော၊ အခြားမဲ့ (တဆက်တည်း အကြားမရှိ)ဖြစ်၍ ကျေးဇူး ပြုတတ်သော တရားလည်းကောင်း။

သမနန္တရပစ္စယော၊ ကောင်းစွာအခြားမဲ့ (တဆက်တည်း အကြားမရှိ) ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

သဟဇာတပစ္စယော၊ အတူတကွ ဖြစ်၍ ကျေးဇူးပြုတတ်သော တရား လည်းကောင်း။

အညမညပစ္စယော၊ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

နိဿယပစ္စယော၊ မှီရာဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

ဥပနိဿယပစ္စယော၊ အားကြီးသော အကြောင်းဖြစ်၍ ကျေးဇူးပြုတတ် သော တရားလည်းကောင်း။

ပုရေဇာတပစ္စယော၊ ရှေး၌ ဖြစ်နှင့်၍ ကျေးဇူးပြုတတ်သော တရား လည်းကောင်း။

ပစ္ဆာဇာတပစ္စယော၊ နောက်မှဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

အာသေဝနပစ္စယော၊ အဖန်တလဲလဲ မှီဝဲထုံအပ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

ကမ္မပစ္စယော၊ စီရင်ခြင်း သိဝိတာနက်စွနှင့် မျိုးစေ့ပြုစေခြင်း ဗီဇနာမာနကိစ္စဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

ဝိပါကပစ္စယော၊ အကျိုးဖြစ်၍ ကျေးဇူးပြုတတ်သော တရား လည်းကောင်း။

အာဟာရပစ္စယော၊ ထောက်ပံ့ ခိုင်ခန့်စေတတ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

ဣန္ဒြိယပစ္စယော၊ အစိုးရသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရား လည်းကောင်း။

ဈာနပစ္စယော၊ ကပ်၍ စူးစူးစိုက်စိုက် ရှုတတ်သည်၏အဖြစ်ဖြင့် ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

မဂ္ဂပစ္စယော၊ ထွက်မြောက်ကြောင်းနည်းလမ်းဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

သမ္ပယုတ္တပစ္စယော။ ယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

ဝိပ္ပယုတ္တပစ္စယော၊ မယှဉ်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

အတ္ထိပစ္စယော၊ ပစ္စုပ္ပန်၌ ထင်ရှားရှိဆဲဖြစ်၍ ကျေးဇူး ပြုတတ်သော တရားလည်းကောင်း။

နတ္ထိပစ္စယော၊ မရှိသည်ဖြစ်၍ ကျေးဇူး ပြုတတ်သော တရား လည်းကောင်း။

ဝိဂတပစ္စယော၊ ကင်းမဲ့ချုပ်ပျောက်သည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

အဝိဂတပစ္စယော၊ မကင်းသည်ဖြစ်၍ ကျေးဇူးပြုတတ်သော တရားလည်းကောင်း။

ဣတိ၊ ဤသို့။ စတုဝီသတိပစ္စယာ၊ နှစ်ဆယ့်လေးပစ္စည်းတို့သည်။ မဟာပကရဏေ၊ အနန္တနယ သမန္တ မဟာပဋ္ဌာန်းကျမ်းကြီး၌။ ဋ္ဌိတာ၊ တည်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

# ပဋ္ဌာန်းခေါ်တွင်ပုံ

နာနပ္ပကာရာ ပစ္စယာ၊ နာနာဝိဘဇနာနိ ဝါ။
နာနာဂမနာ ဝါ ဧတ္ထ၊ ပဋ္ဌာနံ တေန ဝုစ္စတိ ၁။

ဧတ္ထ၊ ဤနှစ်ဆယ့်လေးနည်း ပစ္စည်းသမူဟ အနန္တနယ သမန္တပဋ္ဌာန်းကျမ်းကြီး၌။ နာနပ္ပကာရာ၊ ဟေတု-စသားများပြားကုန်သော။ ပစ္စယာ၊ အကြောင်းတရားတို့သည်။ သန္တိ၊ ရှိကုန်၏။ ဝါ၊ တနည်းကား။ ဧတ္ထ၊ ဤပဋ္ဌာန်းကျမ်း၌။ နာနာဝိဘဇနာနိ၊ ကုသိုလ်စသော တရားတို့ကို ဟေတုစသောအားဖြင့် အထူးထူးအပြားပြား ဝေဖန်တတ်ကုန်သော ပစ္စည်းတို့သည်။ သန္တိ၊ ရှိကုန်၏။ ဝါ၊ တနည်းကား။ ဧတ္ထ၊ ဤပဋ္ဌာန်းကျမ်း၌။ နာနာဂမနာ၊ ထူးလည်ထွေလာ လိုလွန်နှံ့စွာလျှင် အနာဝရဏ ဉာဏ်ဂေါစရ ကျက်စားရာ ပစ္စည်းတို့သည်။ သန္တိ၊ ရှိကုန်၏။ တေန၊ ထို့ကြောင့်။ တံ ပကရဏံ၊ ထိုနှစ်ဆယ့်လေးနည်း ပစ္စည်းသမူဟ အနန္တနယ သမန္တပဋ္ဌာန်းကျမ်းကြီးကို။ ပဋ္ဌာနံ၊ ပဋ္ဌာန်းဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

# တနည်း ပစ္စယုဒ္ဒေသ နိဿယ

ဤ အဋ္ဌကထာသင်္ဂဟ ဝိဂ္ဂဟ်ပြ ဂါထာနှင့်ညီစွာ ပဋ္ဌာန်းကျမ်းကြီး၌လာသော ပဋ္ဌာန်းပစ္စည်း၌ ရှေးဦးစွာ ဥပမာ, ပစ္စယုပ္ပန်, သဘာဂသရုပ်, ပစ္စယသတ္တိ, ပစ္စည်းသရုပ်တို့နှင့် ပြည့်စုံသော ပစ္စယုဒ္ဒေသကို နှုတ်ရလေ့ကျက်ဆောင်ရွက်မှတ်သားကြပါလေ။

(၁) **ဟေတုပစ္စယော။** ။ရေသောက်မြစ်လျှင်၊ ယင်း သစ်ပင်ကို၊ စိမ်းရှင်ညွန့်ဝေ၊ စည်ပင်စေထ၊ ထောက်ပံ့မသို၊ သဟဇာတံ၊ ရုပ်နှင့်နာမ်ကို၊ သန္ဓေ,ပဝတ်၊ မလွတ်စေရ၊ သဘာဂတာ၊ ဆယ့်နှစ်ဖြာတွင်၊ ကောင်းစွာခိုင်ကျည်၊ တည်သည်၏အဖြစ်ကို ပြီးစေတတ်သော ဟေတုသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဟိတ်ခြောက်ပါး ပစ္စည်းတရားလည်းကောင်း။

---

၁။ ပဋ္ဌပကြိုဏ်၊ ဋ္ဌ၊ နှာ-၃၄၅ (အဘိ၊ဋ္ဌ၊၃)

(၂) **အာရမ္မဏပစ္စယော**။ ။ကောင်ဝေး ကြိုးတန်း၊ သူ မစွမ်းကို၊ မပန်းရလေ၊ ထိုင် ထ စေသို့၊ စိတ်စေ လေးတန်၊ နာမကွန်ကို၊ ဖြစ်ဟန်တူစွာ၊ ရှစ်သဘာတွင်၊ ဆွဲငင်ထောက်ရာ အာရုံ၏ အဖြစ်တည်းဟူသော အာရမ္မဏသတ္တိထူးဖြင့်ကျေးဇူးပြုခြင်းလက္ခဏာ ရှိသော အာရုံခြောက်ပါး ပစ္စည်းတရားလည်းကောင်း။

(၃) **အဓိပတိပစ္စယော**။ ။စကြာဘုန်းငှ၊ များဗိုလ်လူကို၊ ပြိုင်သူမရှိ၊ စိုးအုပ်ဘိသို့၊ ဟာသိ မောဟ၊ ကြဉ်ပသည့်ဇော၊ လောဘမူလ၊ အဋ္ဌ ပညာ၊ ကြိယာသမ္ပယုတ်၊ လောကုတ်ရှစ်အား၊ ဆယ့်ခြောက်ပါးတွင်၊ ကြီးမားလွှမ်းမိုး၊ အစိုးရခြင်းဟူသော အဓိပတိသတ္တိထူးဖြင့်ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသ ဟူသော သဟဇာတာဓိပတိလေးပါး။ ။ဒုက္ခသာဟ၊ ပေဘဟကြဉ်စိတ်၊ လှူဋ္ဌနိပ္ဖန်၊ နိဗ္ဗာန်ဟူသော အာရမ္မဏာဓိပတိ ခြောက်ပါးပစ္စည်းတရား လည်းကောင်း။

(၄) **အနန္တရပစ္စယော**။ ။ပျော်စံနက်ရှာ၊ စကြာမင်းဖျား၊ သားကြီးအားသို့၊ အခြားမဲ့နေ၊ စိတ်နှင့် စေကို၊ မကွေတူစွာ၊ ခုနစ်ဖြာတွင်၊ သမာနဇာတ်၊ ခြားမပြတ်ပဲ၊ ဖြစ်စေတတ်သော အနန္တရသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော ရှေးရှေးသော နာမ်ခန္ဓာလေးပါး အနန္တရပစ္စည်းတရားလည်းကောင်း။

(၅) **သမနန္တရပစ္စယော**။ ။စည်းစိမ်မပက်၊ ကောကြိုး ထွက်သည့်၊ စက္ကဝတ်မင်းဖျား၊ သားကြီး အားသို့၊ အခြားမဲ့နေ၊ စိတ်နှင့် စေကို၊ မကွေပြိုင်ဘက်၊ ခုနစ်ချက်တွင်၊ အောက်ထက်ယာဝဲ၊ ဝေခွဲမရှိ၊ မိမိတမူ၊ တူသည့်အဖြစ်၊ ဆောင်လစ်ပမာ၊ ကောင်းမွန်စွာလျှင်၊ သမာနဇာတ်၊ ခြားမပြတ်ပဲ၊ ဖြစ်စေတတ်သော သမနန္တရသတ္တိထူး ဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ရှေးရှေးသော နာမ်ခန္ဓာလေးပါး သမနန္တရပစ္စည်းတရားလည်းကောင်း။

(၆) **သဟဇာတပစ္စယော**။ ။အလင်းဖြစ်မှု၊ ဘိမီးပုံသည်၊ ကန္တုပမာ၊ သဟဇာတ၊ နာမနှင့် ရုပ်၊ ဘူတုပ္ပါဒါ၊ သန္ဓေခါလည်း၊ ဝိပါ ဝတ္ထု၊ ယင်းခြောက်ခုအား၊ တူငြားအဋ္ဌ၊ သဘာဂတွင်၊ တကွမကွေ ဖြစ်စေခြင်းဟူသော သဟဇာတ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်, မဟာဘု၊ ဝတ္ထု, ပါက၊ သဟဇာတ ခြောက်ပါး ပစ္စည်းတရားလည်းကောင်း။

(၇) **အညမညပစ္စယော**။ ။သစ်သားသုံးခွ၊ ချင်းချင်းမသို့၊ ဥပကာရာ၊ ထောက်ပံ့လာသော၊ နာမ်မဟာဘူ၊ ပဋ္ဌု, နာမ်အခြား၊ တူရှစ်ပါးတွင်၊ ယောက်ထားလှန်ပင်း၊ အချင်းချင်းဟူသော အညမညသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်,မဟာဘူ၊ ပဋ္ဌု,ပါက၊ အညမည သုံးပါး ပစ္စည်းတရားသည်းကောင်း။

(၈) **နိဿယ ပစ္စယော**။ ။သစ်ပင်အားမြေ၊ထောက်ပံ့ပေသို့၊နှစ်တွေရုပ်နာမ်၊ သဟဇာအားလည်းကောင်း၊ စိတ္တကမ္မ၊ ပဋိသန္ဓေ၊ သပ်ဝိညာဏ်အားလည်းကောင်း၊ တူမှန်သဘာ၊ ဆယ့်သုံးပြားတွင်၊ တည်ရာမှီရာဟူသော အမိဋ္ဌာနကာရ, နိဿယာကာရ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသောနာမ်, မဟာဘူ၊ ဝတ္ထု, ပါကဟူသော သဟဇာတနိဿယသခြောက်ပါး၊ ပဝတ္တိစု၊ ဆဝတ္ထုဟူသော ပုရေဇာတနိဿယ ခြောက်ပါးပစ္စည်း တရားလည်းကောင်း။

(၉) **ဥပနိဿယ ပစ္စယော**။ ။မိုးနှင့်မကင်း၊စုံခပင်းကို၊ မိုးတွင်းခြိမ့်အုန်း၊ ထစ်ချုန်းမည်ကျိုး၊ ရွာသည့်မိုးသို့၊ သုံးမျိုးပြားလတ်၊ စိတ္တုပ္ပါဒ်အား၊ ဆယ့်လေးပါးတွင်၊ အားကြီးသော မှီရာအကြောင်း၏ အဖြစ်တည်းဟူသော ဥပနိဿယ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဒုက္ခသဟ၊ မောဟကြည်စိတ်၊ ဣဋ္ဌနိမ္မနိ၊ နိဗ္ဗာန်ဟူသော အာရမ္မဏူပနိဿယ၊ရှေးရှေးသော နာမက္ခန်ဟူသော အနန္တရူပနိဿယ၊ ဗလဝရုပ်၊ စိတ္တုပ် ပညတ်ဟူသော ပကတူပနိဿယသုံးပါး ပစ္စည်းတရားလည်းကောင်း။

(၁၀) **ပုရေဇာတပစ္စယော**။ ။အလင်းမှီနေ၊ မျှားဗိုလ်ခြေကို၊ကပွေ့ဖွား၊ ပေါ်လာထွန်းပ၊ နေနှင့်လသို့၊ နောက်မှဖြစ်ပေ၊ စိတ်နှင့်စေအား၊ တူကိုးပါးတွင်၊ ရှေးဖျာဖြစ်၍၊ ပစ္စုပ္ပန်နေ၊ ပုရေဇာတ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဆဝတ္ထုဟူသော ဝတ္ထု ပုရေဇာတနိပ္ဖန္နရုပ်ဟူသော အာရမ္မဏ ပုရေဇာတနှစ်ပါး ပစ္စည်းတရားလည်းကောင်း။

(၁၁) **ပစ္ဆာဇာတပစ္စယော**။ ။ဂိဇ္ဈပေါတက[၁]၊ သရီရအား၊ အာဟာရဝယ်၊ တာတွယ် အာသာ၊ ခေတနာသို့၊ ပုရေဇာတ၊ရုပ်ဓမ္မအား၊မျိုးလေးပါးတွင်၊နောက်ပါး၌ဖြစ်သဖြင့်

---

၁။ လင်းတငယ်

ထောက်ပံ့ခိုင်မာ၊ ပစ္ဆာဇာတ သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နောက်နောက် ပဋ္ဌဝေါကာ နာမ်ခန္ဓာလေးပါး ပစ္စည်း တရားလည်းကောင်း။

(၁၂) **အာသေဝန ပစ္စယော**။ ။နောက်နောက်မှန်းလေ၊ သာလွန်မွေးအောင်၊ ရှေးရှေးထုံထား၊ နှံ့သာလားသို့၊ မခြားမပြတ်၊ မျိုးဇာတ်တူစွာ၊ ကုသလာ ကုသလ၊ ကြိယာသဘော၊ နောက်နောက်ဇောအား၊ တူခြောက်ပါးတွင်၊ ခွန်အားဟုန်ပြင်း၊ ယူစေလျှင်း၍၊ ထုံခြင်းဟူသော အာသေဝနသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ရှေးရှေးသော လောကီဇော သတ္တစတ္တာလီသ၊ အာသေဝနသုံးပါး ပစ္စည်း တရား လည်းကောင်း။

(၁၃) **ကမ္မပစ္စယော**။ ။သစ်ပင်တို့အား၊ မျိုးစေ့လားသို့၊ ကြွင်းကြွင်းတူလတ်၊ သဟဇာတ်နှင့် ကဋတ္တာဝိပါက်၊ ဤနှစ်ချက်အား၊ တဆယ့်ငါးတွင်၊ အားပါးထုတ်ထ၊ လုံ့လသည်းစွာ၊ အမူအရာဟူသော ကမ္မသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော သဟဇာတ်စေတနာဟူသော သဟဇာတကမ္မ၊ အတိတ်ကုသိုလ် အကုသိုလ်စေတနာဟူသော နာနာက္ခဏိက ကမ္မနှစ်ပါး ပစ္စည်းတရားလည်းကောင်း။

(၁၄) **ဝိပါကပစ္စယော**။ ။ငြိမ်းရိပ်နားနေ၊ သွန်းလေပြေသို့၊ မကြွဖြစ်လတ်၊ သဟဇာတ်အား၊ မျိုးရှစ်ပါးတွင်၊ အင်အားချည့်ပန်း၊ ငြိမ်းချမ်းစေလျက်၊ ငြိမ်သက်ခြင်းဟူသော ဝိပါကသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဝိပါက်နာမက္ခန္ဓာဟူသော ဝိပါကပစ္စည်း တရားလည်းကောင်း။

(၁၅) **အာဟာရ ပစ္စယော**။ ။မယိမ်း မယိုင်၊ ခိုင်စေသောအား၊ ထောက်သည့်ကျားသို့၊ နှစ်ပါးသဟာ၊ ရုပ်နှင့်နာမ်အားလည်းကောင်း၊ လေးတန်သန္တတိ၊ သမုဋ္ဌာနိက ရုပ်အားလည်းကောင်း၊ ယထာက္ကမ၊ ဒွါဒသမျိုးတူတွင်၊ ဆောင်ယူ ထောက်ပံ့ခြင်းဟူသော အာဟာရသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ဖဿ, စေတနာ, ဝိညာဏ်ဟူသော နာမ်အာဟာရသုံးပါး၊ အဇ္ဈတ်ဗဟိ၊ စတုသမုဋ္ဌာနိက ဩဇာဟူသော ရုပ်အာဟာရ ပစ္စည်းတရားလည်းကောင်း။

(၁၆) **ဣန္ဒြိယပစ္စယော**။ ။တပြည်တွင်း၌၊ ချင်းချင်းမဟန့်၊ သီးမသန့်ပဲ၊ ခွဲခန့်ပိုင်းစား၊ မင်းအများသို့၊ သုံးပါးပြားလတ်၊ သဟဇာတ်နှင့်၊ ခုတ်ပဋ္ဌဝိညာဏ၊ ကမ္မဇရုပ်အားတူဆယ့်ငါးတွင်၊ အခြားမသွေ၊ မိမိသို့လိုက်စေဟူသော ဣန္ဒြိယသတ္တိထူးဖြင့် ကျေးဇူးပြုခြင်းလက္ခဏာရှိသော နာမ်ဣန္ဒြေတရားကိုယ်ရှစ်ပါးဟူသော သဟဇာတိန္ဒြိယ၊ မဇ္ဈိမာယက၊ ပသာဒရုပ် ငါးခုဟူသော ပုရေဇာတိန္ဒြိယ၊ ဇီဝိတရုပ်ဟူသော ရူပဇီဝိတိန္ဒြိယသုံးပါး ပစ္စည်းတရား လည်းကောင်း။

(၁၇) **ဈာန ပစ္စယော**။ ။သစ်ပင် တောင်ငူ၊ တက်သ သူသည်၊ အောက်လူတို့အား၊ ပြောသည့်လားသို့၊ နှစ်ပါးရုပ်နာမ်၊ သဟဇံအား၊ ဆယ့်တပါးတွင်၊ ထင်ရှားတပ်တပ်၊ ကပ်၍ ရှုခြင်းဟူသော အာရမ္မဏူပနိဇ္ဈာန လက္ခဏူပနိဇ္ဈာန သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ပဋ္ဌဝိည်ကြဉ် စိတ်မှာ ယှဉ်သည့် ဈာနင်ခုနစ်ပါး ပစ္စည်းတရားလည်းကောင်း။

(၁၈) **မဂ္ဂ ပစ္စယော**။ ။ထိုကြ၍မှာသို့၊ ဆောင်ယူပို့သည့်၊ ကူးတို့မသွေ၊ သဟေတုကတ်၊ သဟဇာတ်အား၊ ဆယ့်သုံးပါးတွင်၊ ဖြူစင်မည်းညစ်၊ ဤအဖြစ်မှ၊ ပြန်လစ်သူလယ်၊ ထုတ်ဆယ်ဆောင်ယူ၊ ထွက်မြောက်ကြောင်းဟူသော မဂ္ဂသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော သဟိတ်မှာယှဉ် မဂ္ဂင်ဆယ့်နှစ်ပါး ပစ္စည်း တရားလည်းကောင်း။

(၁၉) **သမ္ပယုတ္တပစ္စယော**။ ။စတုမဓုရောသည့်တူသို့၊ လေးဆူနာမ်အား၊ ခုနစ်ပါးတွင်၊ လေးပါးအင်္ဂါ၊ မကွာချင်းချင်း၊ ယှဉ်ကြခြင်းဟူသော သမ္ပယုတ္တသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော နာမ်ခန္ဓာလေးပါး သမ္ပယုတ္တ ပစ္စည်းတရားလည်းကောင်း။

(၂၀) **ဝိပ္ပယုတ္တ ပစ္စယော**။ ။ခြော်က်ထွေရသာ၊ ပေါင်းရောပါသို့၊ သဟဇာရုပ်၊ ဝတ္ထုပ်သန္ဓေ၊ အစထွေသား၊ သုံးမျိုးအားကိုတူငြားသဘာ၊ ဆယ့်သုံးဖြာတွင်၊ နာနာဘာဝ၊မယှဉ်ကြကြခြင်း ဟူသော ဝိပ္ပယုတ္တသတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော

ပစ္ဆေဝေါကာရ၊ ရူပသမုဋ္ဌာနိက စိတ်စေါသဠန္ဓေ, ဟဒယ စသော သဟဇာတ ဝိပ္ပယုတ်, ပုရေဇာတဝိပ္ပယုတ်,ပစ္ဆာဇာတဝိပ္ပယုတ် သုံးပါး ပစ္စည်းတရားလည်း ကောင်း။(အာဒိသဒ္ဒါနှစ်ခုဖြင့် အစဉ်အတိုင်း ဝတ္ထုပုရေဇာတနိဿယ, ပစ္ဆာ ဇာတ နှစ်ပါးတို့၏ ပစ္စယုပ္ပန်နှင့် ပစ္စည်းကိုညွှန်းသည်။)

(၂၁) **အတ္ထိပစ္စယော**။ မြေမြင့်မိုရ်သည်၊ ထိုထိုစိမ်းရှင်၊ မြက်သစ်ပင် အားးထင်ရှားရှိနေ၊ထောက်ပံ့ပေသို၊တွက်ရေ ကိုထံ၊ရုပ်နှင့်နာမ်အား၊ ဆယ့်ငါးပါးတွင်၊ ထင်ရှားရှိခိုက်၊ အထိုက်လျော်ထ၊ ဥပထမ္ဘက သတ္တိထူးဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော ထိုထိုရုပ်နာမ် ဟူသော သဟဇာတတ္ထိ, ပုရေဇာတတ္ထိ,ပစ္ဆာဇာတတ္ထိ, အာဟာရတ္ထိ, ဣန္ဒြိယတ္ထိ ငါးပါး ပစ္စည်းတရားလည်းကောင်း၊ (ဤအတ္ထိ ငါးပါးသည် အစဉ်အတိုင်း သဟဇာတ, ပုရေဇာတ, ပစ္ဆာဇာတ, ရုပ်အာဟာရ, ရူပဇီဝိတိန္ဒြိယ ငါးပါး တို့နှင့်တူ၏။ ထို့ကြောင့် အကျဉ်းမျှသာ အနက်သမွန်လိုက်သည်။)

(၂၂) **နတ္ထိပစ္စယော**။ ။မိုက်မှောင်ဖြစ်စေ၊ ငြိမ်းသေလေပြီး၊ ဆီမီး ပုံသွေး၊ဖြစ်ခွင့်ပေး၍၊ကျေးဇူးပြုခြင်းလက္ခဏာ ရှိသော နတ္ထိပစ္စည်းတရားလည်းကောင်း။ (အနန္တရ နည်းတူ)

(၂၃) **ဝိဂတပစ္စယော**။ ။နေရောင်ပျောက်ကင်း၊ လရောင်လင်းသို့၊ ချုပ်ကင်းသော အဖြစ်ဖြင့် ကျေးဇူး ပြုခြင်းလက္ခဏာရှိသော ဝိဂတပစ္စည်း တရားလည်းကောင်း။(အနန္တရနည်းတူ)

(၂၄) **အဝိဂတပစ္စယော**။ ။ငါးတို့ပျော်ရာ၊ မဟာသမုဒ်၊ ရေ အစုတ်သို့၊မချုပ်တင်းလင်း၊မကင်းသော အဖြစ်ဖြင့် ကျေးဇူးပြုခြင်း လက္ခဏာရှိသော အဝိဂတပစ္စည်းတရား လည်း ကောင်း၊ (အတ္ထိနည်းတူ)

ဣတိ၊ ဤသို့။ စတုဝီသတိပစ္စယာ၊ နှစ်ဆယ့်လေးပါး အကြောင်းတရား တို့သည်။မဟာပကရဏော၊ အနန္တနယသမန္တပဋ္ဌာန်းကျမ်းကြီး၌၊ ဠိတာ၊ တည် ကုန်၏။

## ဆုတောင်းဂါထာ

ဣမိနာနန္တဉာနမှိ၊ ဆေကော ဘဝေ,မိ သဗ္ဗဓိ။
သိတ္တာ နာဝါဝ နိဗ္ဗာနံ၊လောကေ ကုဟိဉ္စိ နာလယံ။

အဟံ၊ငါသည်။ ဣမိနာ ပုညကမ္မေန၊ ဤပစ္စယဒွေသနိဿယကို ရှုရှုနှုတ်တက် ဆောင်ရွက်ကျက်မှတ် ရွတ်ဖတ်ဖွေနည် ကြံစည်မြဲမြံ ကုသိုလ်ကံကြောင့်။ သဗ္ဗဓိဘဝေ၊ဘဝတိုင်း၌။ သဗ္ဗဓိ အနန္တဉာနမှိ၊ ကြွင်းမဲ့ကုန်စင်မထင်ဆုံးကမ်း ပဋ္ဌာန်းကျမ်း၌။ ဆေကော၊ တတ်ပွန်သိမြင် ကျွမ်းကျင်လိမ္မာသည်။ ဧမိ၊ ဖြစ်ရပါလို၏။သိတ္တာ၊ လေးသည့်ရေဝန် ပက်သွန်ပြီးသော။နာဝါ၊ လှေသည်။ တိတ္ထံ၊ လိုရာဆိပ်ကမ်းသို့။ ဝေဂေ၀၊ မတွယ်မတာ လျင်စွာထုတ်ချောက် ရောက်သကဲ့သို့။ကုဟိဉ္စိလောကေ၊ရူပ သဒ္ဒ စသည့်အာရုံ တစုံတခုသော လောက၌။ အနာလယံ၊ မတွယ်မတာ ဆိုတ်စာမထောင့်သည်ဖြစ်၍။ နိဗ္ဗာနံ၊ အမတမှန် ငြိမ်းရာမှန်သည် နိဗ္ဗာန်ပြည်နန်းသို့။ ဧမိ၊ လျင်စွာထုတ်ချောက် ရောက်ရပါလို၏။

## ပစ္စယဒွေသနိဿယ ပြီး၏။

(ကျေးဇူးရှင် မဟာဝိသုဒ္ဓါရုံ ဆရာတော်ကြီး ရေးသားတော်မူသော ပရမတ္ထ သရူပဘေဒနီကျမ်းမှ ထုတ်နုတ်ချက်ဖြစ်သည်။)

# ပစ္စယနိဒ္ဒေသ နိဿယ

## ၁-ဟေတုပစ္စည်း

ဟေတုပစ္စယောတိ၊ ဟေတုပစ္စည်းဟူသည်ကား—

ဟေတူ၊ လောဘ, ဒေါသ, မောဟ, အလောဘ, အဒေါသ, အမောဟ တည်းဟူသောဟိတ်ခြောက်ပါး· ပစ္စည်းတရားတို့သည်။ဟေတုသမ္ပယုတ္တကာနံ၊ ဟိတ်ခြောက်ပါးနှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်,စေတသိက်တရားတို့အား လည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုဟိတ်ခြောက်ပါးကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်,ပဋိသန္ဓေ ကမ္မဇရုပ်တို့အားလည်းကောင်း။ဟေတုပစ္စယေန၊ အကြောင်းရင်းမူလ ဟေတုပစ္စယသတ္တိဖြင့်။ပစ္စယော ဥပကာရကော၊ ကျေးဇူး ပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

**တနည်း။** ။ဟေတုပစ္စယေန၊ ပညောင်ပင် အစရှိသည်တို့၏ အမြစ်သည် ထိုသစ်ပင်အား မြဲမြံခိုင်ခန့်စွာ တည်စေခြင်းငှာ ကျေးဇူး ပြုသကဲ့သို့ ဟေတုပစ္စယ သတ္တိဖြင့်။ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ် သည်။ဟောတိ၊ဖြစ်၏။

မှတ်ချက်။ ။(၁) ဓမ္မာနဉ္စ-အရကား—သဟိတ်စိတ် ၇၁ ပါး၊ မောဟမူဒွေး၌ မောဟကြဉ် စေတသိက် ၅၂ တို့တည်း။

(၂) ကျေးဇူးပြုသည်ဟု ဆိုရာ၌—

(က) မဖြစ်ပေါ်သေးသည်ကို ဖြစ်ပေါ်စေခြင်း။ (ခ) ဖြစ်ပေါ်ပြီးကို တည်နေ စေခြင်း။ (ဂ) တည်နေသည်ကို တိုးပွားစေခြင်းတို့ပင်တည်း။

(ဤဟေတုပစ္စည်းသည် သဟဇာတ ဂိုဏ်း၌ ပါဝင်၏။)

## ၂-အာရမ္မဏပစ္စည်း

အာရမ္မဏပစ္စယောတိ၊ အာရမ္မဏပစ္စည်း ဟူသည်ကား-

ရူပါယတနံ၊ ရူပါရုံ အဆင်းဓာတ်သည်။ စက္ခုဝိညာဏဓာတုယာ စ၊ မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်'အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမြင်သိစိတ် 'စက္ခုဝိညာဏဓာတ်'နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရား ခုနစ်ပါးတို့အား လည်းကောင်း။ အာရမ္မဏပစ္စယေန၊ အာရမ္မဏပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူး ပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

**တနည်း။** ၊အာရမ္မဏပစ္စယေန၊ ကြိုးတန်း တောင်ဝှေး အစရှိသည် တို့သည် မစွမ်းမသန်သော သူတို့အား ထခြင်း ရပ်ခြင်း သွားခြင်းကိစ္စကို ပြီးစေသကဲ့သို့ အာရုံသည် စိတ်စေတသိက်တို့အား ဖြစ်ပေါ် လာစေရန် အာရမ္မဏပစ္စယသတ္တိဖြင့်။ပစ္စယော ဥပကာရကော၊ကျေးဇူးပြုတတ် သည် ဟောတိ၊ဖြစ်၏။

မှတ်ချက်။ ။ဓမ္မာနဉ္စ အရကား—သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်ပါး တို့တည်း။

သဒ္ဒါယတနံ၊ သဒ္ဒါရုံ အသံဓာတ်သည်။ သောတဝိညာဏဓာတုယာ စ၊ ကြားသိစိတ်၊ 'သောတဝိညာဏဓာတ်'အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို ကြားသိစိတ် 'သောတဝိညာဏဓာတ်' နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရား ခုနစ်ပါး တို့အား လည်းကောင်း။ အာရမ္မဏပစ္စယေန၊ အာရမ္မဏပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ဖြစ်၏။

(တနည်း—အထက်ကအနက်အတိုင်းဆို)

ဂန္ဓာယတနံ၊ ဂန္ဓာရုံ အနံ့ဓာတ်သည်။ ဃာနဝိညာဏဓာတုယာ စ၊ နံသိစိတ် 'ဃာနဝိညာဏဓာတ်' အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို နံသိစိတ် 'ဃာနဝိညာဏဓာတ်' နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရား ခုနစ်ပါးတို့အားလည်းကောင်း။ အာရမ္မဏပစ္စယေန၊ အာရမ္မဏပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ရသာယတနံ၊ ရသာရုံ အရသာဓာတ်သည်။ ဇိဝှါဝိညာဏဓာတုယာ စ၊ လျက်သိစိတ် 'ဇိဝှါဝိညာဏဓာတ်' အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို လျက်သိစိတ်'ဇိဝှါဝိညာဏဓာတ်'နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရား ခုနစ်ပါးတို့အား လည်းကောင်း။ အာရမ္မဏပစ္စယေန၊ အာရမ္မဏပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဖောဋ္ဌဗ္ဗာယတနံ၊ ဖောဋ္ဌဗ္ဗာရုံ အတွေ့အထိ ဓာတ်သည်။ ကာယဝိညာဏဓာတုယာ စ၊ ထိ သိစိတ် 'ကာယဝိညာဏဓာတ်' အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို ထိ သိစိတ် 'ကာယဝိညာဏဓာတ်' နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊စေတသိက်တရားခုနစ်ပါးတို့အားလည်းကောင်း။အာရမ္မဏပစ္စယေန၊ အာရမ္မဏပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ရူပါယတနံ၊ အဆင်း 'ရူပါရုံ' သည်လည်းကောင်း။ သဒ္ဒါယတနံ၊ အသံ 'သဒ္ဒါရုံ'သည်လည်းကောင်း။ ဂန္ဓာယတနံ၊ အနံ့ 'ဂန္ဓာရုံ'သည်လည်းကောင်း၊ ရသာယတနံ၊ အရသာ 'ရသာရုံ'သည်လည်းကောင်း။ဖောဋ္ဌဗ္ဗာယတနံ၊ အတွေ့အထိ 'ဖောဋ္ဌဗ္ဗာရုံ' သည်လည်းကောင်း။ မနောဓာတုယာ စ၊ အာရုံ ဟူ၍ သိရုံမျှ ဝိုးတဝါးသိမှု 'မနောဓာတ်' အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရား ဆယ်ပါးတို့ အားလည်းကောင်း။ အာရမ္မဏပစ္စယေန၊ အာရမ္မဏပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

မှတ်ချက်။ ။မနောဓာတ်အရကား– ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်း နှစ်ပါး၊ ပေါင်း သုံးပါးတည်း။ ။ဓမ္မာနဉ္စ အရကား–သဗ္ဗ·စိတ္တသာဓာရဏ စေတသိက် ခုနစ်ပါးနှင့် ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ။ ပေါင်း ၁၀·ပါး တို့တည်း။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဓမ္မာ၊ အာရုံ ခြောက်ပါး အကြောင်းပစ္စည်း တရားတို့သည်။မနောဝိညာဏ ဓာတုယာ စ၊ ကြံသိစိတ်'မနောဝိညာဏဓာတ်' အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ အာရမ္မဏ·ပစ္စယေန၊ အာရမ္မဏပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူး ပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

မှတ်ချက်။ ။မနောဝိညာဏဓာတ်-အရကား– သန္တီရဏစိတ် သုံးပါး၊ မနောဒွါရာဝဇ္ဇန်း၊ ဟသိတုပ္ပါဒ်၊ သဟိတ်စိတ် ၇၁-ပါး။ ပေါင်း ၇၆-ပါးတို့တည်း။

ဓမ္မာနဥ္စ-အရကား–စေတသိက် ၅၂-ပါးတည်း။

ယံ ယံ ဓမ္မံ၊ အကြင် အကြင်သို့သော အာရုံခြောက်ပါး ပစ္စည်းတရားကို။ အာရဗ္ဘ၊ အာရုံပြု၍။ စိတ္တစေတသိကာ၊ စိတ် စေတသိက် ဖြစ်ကုန်သော။ ယေ ယေ ဓမ္မာ၊ အကြင် အကြင် သို့သော ပစ္စယုပ္ပန် သဘောတရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တေ တေ ဓမ္မာ၊ ထိုထိုသို့သော အာရုံခြောက်ပါး ပစ္စည်းတရားတို့သည်။ တေသံ တေသံ ဓမ္မာနံ၊ ထိုထိုသို့သော စိတ်စေတသိက် ပစ္စယုပ္ပန် တရားတို့အား။ အာရမ္မဏပစ္စယေန၊ အာရမ္မဏပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

မှတ်ချက်။ ။အာရုံ ခြောက်ပါးကိုတွင် ဓမ္မာရုံဟူသည်ကား–ပသာဒရုပ် ငါးပါး၊ သုခုမရုပ် ၁၆-ပါး၊ စိတ် ၈၉ ပါး၊ စေတသိက် ၅၂-ပါး၊ နိဗ္ဗာန်၊ ပညတ်တို့တည်း။

### အာရမ္မဏခေါင်းဆောင်မျိုးကြီး ၈-ပါး

၁။ အာရမ္မဏ

၂။ အာရမ္မဏာဓိပတိ

၃။ ဝတ္ထာရမ္မဏပုရေဇာတနိဿယ

၄။ အာရမ္မဏူပနိဿယ

၅။ အာရမ္မဏပုရေဇာတ

၆။ ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ္တ

၇။ အာရမ္မဏပုရေဇာတတ္ထိ

၈။ အာရမ္မဏပုရေဇာတအဝိဂတ

## ၃-အဓိပတိပစ္စည်း

### (က) သဟဇာတာဓိပတိ

အဓိပတိပစ္စယောတိ၊ အဓိပတိပစ္စည်းဟူသည်ကား—

ဆန္ဒာဓိပတိ၊ အကြီးအမှူးဆန္ဒသည်။ ဆန္ဒသမ္ပယုတ္တကာနံ၊ ဆန္ဒနှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ ဒွိဟိတ်ဇော, တိဟိတ်ဇော စိတ်, စေတသိက်တရားတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုဆန္ဒကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်တို့အား လည်းကောင်း။ အဓိပတိပစ္စယေန၊ အကြီးအမှူးဖြစ်သော အဓိပတိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

**တနည်း။** ။အဓိပတိပစ္စယေန၊ စကြဝတေးမင်းသည် အထွတ်အထိပ် အခြုပ်အချာ အာဏာတန်းခိုးဖြင့် တပါးသောသူတို့၏ ကြီးသောသတ္တိကို တားမြစ်၍ တိုင်းနိုင်ငံသူ, နိုင်ငံသားတို့အား အကြီးအကဲ အစိုးရသောအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ အဓိပတိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဝီရိယာဓိပတိ၊ အကြီးအမှူး ဝီရိယသည်။ ဝီရိယသမ္ပယုတ္တကာနံ၊ ဝီရိယနှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ ဒွိဟိတ်ဇော, တိဟိတ်ဇော စိတ် စေတသိက်တရားတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုဝီရိယကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်တို့အားလည်းကောင်း။ အဓိပတိပစ္စယေန၊ အကြီးအမှူးဖြစ်သော အဓိပတိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ ဖြစ်၏။

(တနည်း—အထက်က အနက်အတိုင်းဆို။)

စိတ္တာဓိပတိ၊ အကြီးအမှူးစိတ်သည်။ စိတ္တသမ္ပယုတ္တကာနံ၊ စိတ်နှင့် ယှဉ်ကုန်သော။ဓမ္မာနဉ္စ၊စေတသိက် တရားတို့အား လည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုစိတ်ကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊စိတ္တဇ ရုပ်တို့အား လည်းကောင်း။ အဓိပတိပစ္စယေန၊ အကြီးအမှူးဖြစ်သော အဓိပတိပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ကျေးဇူးပြုတတ်သည်။ဟောတိ၊ဖြစ်၏။

ဝိမံသာဓိပတိ၊ အကြီးအမှူးပညာသည်။ ဝီမံသ သမ္ပယုတ္တကာနံ၊ ပညာနှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ စိတ် စေတသိက် တရားတို့အား လည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုပညာကြောင့် ဖြစ်ကုန်သော။ ရူပါနဥ္စ၊ စိတ္တဇရုပ်တို့အား လည်းကောင်း။ အဓိပတိပစ္စယေန၊ အကြီးအမှူးဖြစ်သော အဓိပတိ ပစ္စယ သတ္တိဖြင့်။ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## (ခ) အာရမ္မဏာဓိပတိ

ယံ ယံ ဓမ္မံ၊ အကြင် အကြင် အာရုံ ခြောက်ပါး ပစ္စည်းတရားကို။ ဂရုံကတွာ၊ အလေးအမြတ်ပြု၍။ စိတ္တစေတသိကာ၊ စိတ်စေတသိက် ဖြစ်ကုန်သော။ ယေယေဓမ္မာ၊ အကြင် အကြင် ပစ္စယုပ္ပန်တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တေ တေ ဓမ္မာ၊ ထိုထိုအာရုံခြောက်ပါး ပစ္စည်းတရားတို့သည်။ တေသံ တေသံ ဓမ္မာနံ၊ထိုထိုစိတ် စေတသိက် ပစ္စယုပ္ပန်တရားတို့အား။ အဓိပတိ ပစ္စယေန၊အကြီးအမှူးဖြစ်သော အဓိပတိ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာ ရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ဖြစ်၏။

မှတ်ချက်။ ။အတူတကွဖြစ်၍ အကြီးအမှူးအဖြစ်ဖြင့် အစိုးရသည်ကို သဟဇာတာဓိပတိ။ အလေးအမြတ်ပြုအပ်သော အာရုံအဖြစ်ဖြင့် အကြီးအမှူးပြု၍ အစိုးရသည်ကို အာရမ္မဏာဓိပတိ။

(အဓိပတိပစ္စည်းသည် အာရမ္မဏမျိုး, သဟဇာတမျိုး နှစ်ပါး၌ ပါဝင်၏။)

## ၄-အနန္တရပစ္စည်း

### စက္ခုဝိညာဏဓာတ်နှင့် မနောဓာတ်

အနန္တရပစ္စယောတိ၊ အနန္တရပစ္စည်း ဟူသည်ကား—

စက္ခုဝိညာဏဓာတု၊မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်'သည် လည်းကောင်း။ တံသမ္ပယုတ္တကာ၊ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာစ၊စေတသိက် တရား ခုနစ်ပါးတို့သည် လည်းကောင်း။ မနောဓာတုယာ စ၊ သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနော ဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက်တရား ဆယ်ပါးတို့အား

လည်းကောင်း၊ အနန္တရပစ္စယေန၊ အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

**တနည်း။** ။အနန္တရပစ္စယေန၊ စကြဝတေးမင်း၏ နတ်ရွာလားခြင်းသည် သားကြီး ရတနာအား မင်းအဖြစ် အဘိသိက် ခံခြင်းငှာ ကျေးဇူးပြုသကဲ့သို့ အခြားမဲ့ အခြားမရှိ (တဆက်တည်း) အနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

မနောဓာတု စ၊ သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်သည် လည်းကောင်း။ တံသမ္ပယုတ္တကာ၊ ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာ စ၊ စေတသိက် တရားတို့သည် လည်းကောင်း။ မနောဝိညာဏဓာတုယာ စ၊ သန္တီရဏဟုဆိုအပ်သော မနောဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း၊ အနန္တရပစ္စယေန၊ အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

(တနည်း–အထက်ကနည်းအတိုင်းဆို၊ အောက်၌ မပြတော့ပြီ။)

## သောတဝိညာဏဓာတ်နှင့် မနောဓာတ်

သောတဝိညာဏဓာတု စ၊ ကြားသိစိတ် 'သောတဝိညာဏဓာတ်' သည်လည်းကောင်း။ တံသမ္ပယုတ္တကာ၊ ထိုသောတဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာ စ၊ စေတသိက်တရား ခုနစ်ပါးတို့သည် လည်းကောင်း။ မနောဓာတုယာ စ၊ သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားဆယ်ပါးတို့အား လည်းကောင်း။ အနန္တရပစ္စယေန၊ အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

မနောဓာတု စ၊ သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်သည် လည်းကောင်း။ပ။ မနောဝိညာဏဓာတုယာ စ၊ သန္တီရဏဟု ဆိုအပ်သော မနောဝိညာဏဓာတ်အားလည်းကောင်း။ ပ။ (အထက်အတိုင်း ဆိုလေ)

## ဃာနဝိညာဏဓာတ်နှင့် မနောဓာတ်

ဃာနဝိညာဏဓာတု စ၊ နံသိစိတ် 'ဃာနဝိညာဏဓာတ်'သည် လည်းကောင်း။ တံသမ္ပယုတ္တကာ၊ ထိုဃာနဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ဓမ္မာစ၊စေတသိက်တရား ခုနစ်ပါးတို့သည် လည်းကောင်း။ မနောဓာတုယာ စ၊ သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားဆယ်ပါးတို့အား လည်းကောင်း။အနန္တရပစ္စယေန၊အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်။ပစ္စယော ဥပကာရကော၊ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

မနောဓာတု စ၊ သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်သည် လည်းကောင်း။ ပ။ မနောဝိညာဏဓာတုယာ စ၊ သန္တီရဏဟု ဆိုအပ်သော မနောဝိညာဏဓာတ်အားလည်းကောင်း။ ပ။ (အထက်အတိုင်း ဆိုလေ)

## ဇိဝှါဝိညာဏဓာတ်နှင့် မနောဓာတ်

ဇိဝှါဝိညာဏဓာတု စ၊ လျက်သိစိတ် 'ဇိဝှါဝိညာဏဓာတ်'သည်လည်းကောင်း။ တံသမ္ပယုတ္တကာ၊ ထိုဇိဝှါဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာ စ၊ စေတသိက် တရား ခုနစ်ပါးတို့သည် လည်းကောင်း။ မနောဓာတုယာ စ၊ သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ် နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရား ဆယ်ပါးတို့အား လည်းကောင်း။ အနန္တရပစ္စယေန၊အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်၊ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

မနောဓာတု စ၊သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်သည် လည်းကောင်း။ပ။ (အထက်အတိုင်းဆိုလေ)

## ကာယဝိညာဏဓာတ်နှင့်မနောဓာတ်

ကာယဝိညာဏ ဓာတု စ၊ ထိသိစိတ် 'ကာယဝိညာဏဓာတ်' သည် လည်းကောင်း။ တံသမ္ပယုတ္တကာ၊ ထိုကာယဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ဓမ္မာစ၊ စေတသိက်တရား ခုနစ်ပါးတို့သည်လည်းကောင်း။ မနောဓာတုယာစ၊ သမ္ပဋိစ္ဆိုင်းဟုဆိုအပ်သော မနောဓာတ် အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်နှင့်ယှဉ်ကုန်သော ။ဓမ္မာနဉ္စ၊ စေတသိက်တရား ဆယ်ငါးပါးတို့

အား လည်းကောင်း။ အနန္တရပစ္စယေန၊ အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိဖြစ်၏။

မနောဓာတု စ၊ သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်သည် လည်းကောင်း။ပ။ (အထက်အတိုင်း ဆိုပါလေ။)

## ကုသိုလ်ဝိုင်း

ပုရိမာ ပုရိမာ။ ရှေးရှေး၌ ဖြစ်ကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့အား။ အနန္တရပစ္စယေန၊ အနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိဖြစ်၏။

ပုရိမာ ပုရိမာ။ ရှေးရှေး၌ဖြစ်ကုန်သော။ ကုသလာဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အဗျာကတာနံ ဓမ္မာနံ၊ အဗျာကတ တရားတို့အား။ အနန္တရပစ္စယေန၊ အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## အကုသိုလ်ဝိုင်း

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ အကုသလာဓမ္မာ အကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့အား။ အနန္တရပစ္စယေန၊ အခြားမဲ့ အနန္တရပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အဗျာကတာနံ ဓမ္မာနံ၊ အဗျာကတ တရားတို့အား။ အနန္တရပစ္စယေန၊ အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## အဗျာကတပိုင်း

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော၊ အဗျာကတာ မမှာ၊ ကုသိုလ် အကုသိုလ်ဟု မဆိုအပ်ကုန်သော ဝိပါက်ကြိယာ တည်းဟူသော အဗျာကတ တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ဖြစ်ကုန်သော။ အဗျာက တာနံ ဓမ္မာနံ၊ အဗျာကတ တရားတို့အား။ အနန္တရပစ္စယေန၊ အခြားမဲ့ အနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ အဗျာကတာ ဓမ္မာ၊ အဗျာကတ တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ဖြစ်ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့အား။ အနန္တရပစ္စယေန၊ အခြားမဲ့ အနန္တရပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော၊ အဗျာကတာ ဓမ္မာ၊ အဗျာကတ တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ဖြစ်ကုန်သော၊ အကုသ လာနံ ဓမ္မာနံ။ အကုသိုလ်တရားတို့အား။ အနန္တရပစ္စယေန၊ အခြားမဲ့ အနန္တရ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ယေသံ ယေသံ၊ အကြင်အကြင် ရှေးရှေး၌ ဖြစ်ကုန်သော။ ဓမ္မာနံ၊ စိတ် စေတသိက်တရားတို့၏။ အနန္တရာ၊ အခြားမဲ့၌ ဖြစ်ကုန်သော။ ယေ ယေ ဓမ္မာ၊ အကြင်အကြင် နောက်နောက်၌ ဖြစ်ကုန်သော။ စိတ္တစေတသိကာ ဓမ္မာ၊ စိတ် စေတသိက် တရားတို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တေ တေ ဓမ္မာ၊ ထိုထို ရှေးရှေး၌ ဖြစ်ကုန်သော တရားတို့သည်။ တေသံ တေသံ ဓမ္မာနံ၊ ထိုထိုနောက် နောက်၌ ဖြစ်ကုန်သော စိတ် စေတသိက် တရားတို့အား။ အနန္တရပစ္စယေန၊ အခြားမဲ့အနန္တရပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ် သည်။ ဟောတိ၊ ဖြစ်၏။

## ၄-အနန္တရမျိုးကြီး ခုနစ်-ပါး

၁။ အနန္တရ

၂။ သမနန္တရ

၃။ အနန္တရူပနိဿယ

၄။ အာသေဝန

၅။ နာနာက္ခဏိကကမ္မ

၆။ နတ္ထိ

၇။ ဝိဂတ

ပေါင်း ခုနစ်ပါးဖြစ်ပါသည်။

## ၅- သမနန္တရပစ္စည်း

### စက္ခုဝိညာဏဓာတ်နှင့် မနောဓာတ်

သမနန္တရပစ္စယောတိ၊ သမနန္တရပစ္စည်းဟူးကား-

စက္ခုဝိညာဏဓာတု မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်' သည်လည်းကောင်း။ တံသမ္ပယုတ္တကာ၊ ထိုစက္ခုဝိညာဏဓာတ်တော်နှင့် ယှဉ်ကုန်သော။ ဓမ္မာ စ၊ စေတသိက်တရား ခုနစ်ပါးတို့သည်လည်းကောင်း။မနောဓာတုယာစ၊ သမ္ပဋိစ္ဆိုင်းဟုဆိုအပ်သောမနောဓာတ်အား လည်းကောင်း။တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်နှင့်ယှဉ်ကုန်သော။ဓမ္မာနဉ္စ၊စေတသိက် တရား ဆယ်ပါး တို့အားလည်းကောင်း။ သမနန္တရပစ္စယေန၊ ကောင်းစွာ အခြားမဲ့ သမနန္တရပစ္စယသတ္တိဖြင့်။ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

**တနည်း။** ။သမနန္တရပစ္စယေန၊ စကြဝတေးမင်း၏ အရည်ဝါသီ တောထွက်တော်မူ၍ ရဟန်းပြုခြင်းသည် သားကြီး ရတနာအားမင်းအဖြစ်ကို ရစေခြင်းငှာ ကျေးဇူးပြုကဲ့သို့ ကောင်းစွာအခြားမဲ့ အခြားမရှိ သမနန္တရပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူး ပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

မနောခါတု စ၊ သမ္ပဋိစ္ဆိုင်းဟု ဆိုအပ်သော မနောဓာတ်သည် လည်းကောင်း။ တံသမ္ပယုတ္တကာ၊ ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာ စ၊ စေတသိက်တရားတို့သည်လည်းကောင်း။ မနောဝိညာဏဓာတုယာစ၊ သန္တီရဏ ဟု ဆိုအပ်သော မနောဝိညာဏဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ သမနန္တရပစ္စယေန၊ ကောင်းစွာ အခြားမဲ့ သမနန္တရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

**(အောက်အနက်များကား-အနန္တရနှင့်အားလုံး တူပြီ)**

**ဤပစ္စည်းသည် အနန္တရမျိုး၌ ပါဝင်၏။**

## ၆–သဟဇာတပစ္စည်း

သဟဇာတပစ္စယောတိ၊ သဟဇာတပစ္စည်း ဟူသည်ကား—

စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ နာမ်တရား ဖြစ်ကုန်သော။ ခန္ဓာ၊ ဝေဒနာက္ခန္ဓာ,သညာက္ခန္ဓာ,သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့သည်။ အညမညံ၊ အချင်းချင်း။ သဟဇာတပစ္စယေန၊ အတူတကွ ဖြစ်ဖော်ဖြစ်ဖက် အထောက်အပံ့အားဖြင့် ကျေးဇူးပြုတတ်သော သဟဇာတ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

**တနည်း။** ။သဟဇာတပစ္စယေန၊ ဆီမီးသည် မီမီတောက်သည်နှင့် တပြိုင်နက် အတူတကွအလင်းကိုဖြစ်စေသကဲ့သို့ ထို့အတူအကြောင်းတရားတို့သည် မိမိတို့ဖြစ်ပေါ်လာသည်နှင့်တပြိုင်နက် ပစ္စယုပ္ပန်အကျိုးတရားတို့ကိုလည်း တပြိုင်နက် အတူတကွ ဖြစ်ပေါ်လာစေတတ်သော သဟဇာတ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာ၊ မဟာဘုတ်ရုပ် လေးပါးတို့သည်။ အညမညံ၊ အချင်းချင်း။ သဟဇာတပစ္စယေန၊ သဟဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဩက္ကန္တိက္ခဏေ၊ ပဋိသန္ဓေခဏ၌။ နာမရူပံ၊ ပဋိသန္ဓေနာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်သည်။ အညမညံ၊ အချင်းချင်း။ သဟဇာတပစ္စယေန၊

သဟဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော။ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

စိတ္တစေတသိကာ၊ စိတ် စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ နာမက္ခန္ဓာတရား လေးပါးတို့သည်။ စိတ္တသမုဋ္ဌာနာနံ၊ စိတ်ကြောင့် ဖြစ်ကုန်သော။ ရူပါနံ၊ စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်တို့အား။ သဟဇာတပစ္စယေန၊ သဟဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

မဟာဘူတာ၊ မဟာဘုတ်ရုပ်တို့သည်၊ ဥပါဒါရူပါနံ၊ ဥပါဒါရုပ်တို့အား။ သဟဇာတပစ္စယေန၊ သဟဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိဖြစ်၏။

ရူပိနော၊ ရုပ်ဖြစ်ကုန်သော။ ဓမ္မာ၊ ဟဒယဝတ္ထုတို့သည်။ အရူပီနံ၊ နာမ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ ပဉ္စဝေါကာရပဋိသန္ဓေနာမက္ခန္ဓာတို့အား။ ကိဉ္စိကာလေ၊ ပဋိသန္ဓေကာလ၌။ သဟဇာတပစ္စယေန၊ သဟဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ကိဉ္စိ ကာလေ၊ ပဝတ္တိကာလ၌။ သဟဇာတ ပစ္စယေန၊ သဟဇာတ ပစ္စယသတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ န ဟောတိ၊ မဖြစ်။

## သဟဇာတမျိုးကြီး -- ၁၅ပါး

### မဟာသဟဇာတကြီးလေးပါး

၁။ သဟဇာတ

၂။ သဟဇာတနိဿယ

၃။ သဟဇာတတ္ထိ

၄။ သဟဇာတအဝိဂတ

### သဟဇာတအလတ်လေးပါး

၅။ အညမည

၆။ ဝိပါက

၇။ သမ္ပယုတ္တ

၈။ သဟဇာတဝိပ္ပယုတ္တ

**သဟဇာတအင်္ဂါနှစ်ပါး**

၉။ ဟေတု
၁၀။ သဟဇာတာဓိပတိ
၁၁။ သဟဇာတကမ္မ
၁၂။ နာမ်အာဟာရ
၁၃။ သဟဇာတိန္ဒြိယ
၁၄။ ဈာန
၁၅။ မဂ္ဂ
ပေါင်း သဟဇာတမျိုး ၁၅ ပါးဖြစ်ပါသည်။

## ၇-အညမည ပစ္စည်း

အညမညပစ္စယောတိ၊ အညမညပစ္စည်းဟူသည်ကား -

စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ခန္ဓာ၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့သည်။ အညမညပစ္စယေန၊ အချင်းချင်း အထောက်အပံ့ဖြစ်သည့် အညမညပစ္စယ သတ္တိဖြင့်။ ပစ္စယောဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

**တနည်း။** ။အညမညပစ္စယေန၊ သစ်သားသုံးခွတိဒဏ္ဍသည် အချင်းချင်း တချောင်းသည် တချောင်းအား ထောက်ပံ့ခိုင်စေခြင်းငှာ အပြန်အလှန် ကျေးဇူးပြု သကဲ့သို့ အညမည ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာ၊ မဟာဘုတ်ရုပ် လေးပါးတို့သည်။ အညမညပစ္စယေန၊ အချင်းချင်း အညမညပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဩက္ကန္တိက္ခဏေ ပဋိသန္ဓေ ခဏ၌။ နာမရူပံ၊ ပဋိသန္ဓေစိတ်ဖြစ်သော နာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်သည်။ အညမညပစ္စယေန၊ အချင်းချင်း အညမညပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိဖြစ်၏။

(ဤပစ္စည်းသည် သဟဇာတမျိုး၌ ပါဝင်၏၊ ပဥ္စဝေါကာရဘုံ=ခန္ဓာငါးပါးရှိသော သတ္တဝါတို့ဖြစ်ရာဘုံ=အရူပဘုံနှင့် အသညသတ် မြဟ္မာဘုံကြဉ်သော ၂၆-ဘုံ။)

# ၈-နိဿယပစ္စည်း

## (က) သဟဇာတနိဿယ

နိဿယပစ္စယောတိ၊ နိဿယပစ္စည်းဟူသည်ကား-

စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ခန္ဓာ၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့သည်။ အညမညံ၊ အချင်းချင်း။ နိဿယပစ္စယေန၊ မှီရာ တည်ရာနိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

**တနည်း။** ။နိဿယပစ္စယေန၊ မြေကြီးသည် သစ်ပင်အစရှိသည် တို့အား မှီရာတည်ရာအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့မှီရာတည်ရာနိဿယ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော။ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ၏။

စတ္တာရော၊ လေးပါးကုန်သော မဟာဘူတာ၊ မဟာဘုတ်ရုပ် လေးပါး တို့သည်။ အညမညံ၊ အချင်းချင်း။ နိဿယပစ္စယေန၊ မှီရာတည်ရာ နိဿယ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဩက္ကန္တိက္ခဏေ၊ ပဋိသန္ဓေခဏ၌။ နာမရူပံ၊ ပဋိသန္ဓေစိတ် နာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်သည်။ အညမညံ၊ အချင်းချင်း။ နိဿယ ပစ္စယေန၊ မှီရာတည်ရာ နိဿယပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

စိတ္တစေတသိကာ၊ စိတ် စေတသိက် ဖြစ်ကုန်သော။ ဓမ္မာ၊ နာမက္ခန္ဓာတရား လေးပါးတို့သည်၊ စိတ္တသမုဋ္ဌာနာနံ၊ စိတ်ကြောင့် ဖြစ်ကုန်သော။ ရူပါနံ၊စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်တို့အား။ နိဿယပစ္စယေန၊ မှီရာတည်ရာ နိဿယ၊ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

မဟာဘူတာ၊ မဟာဘုတ်ရုပ် လေးပါးတို့သည်။ ဥပါဒါရူပါနံ၊ ဥပါဒါ ရုပ်တို့အား။ နိဿယပစ္စယေန၊ မှီရာတည်ရာ နိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## (၂) ပုရေဇာတနိဿယ

စက္ခာယတနံ၊ စက္ခုပသာဒရုပ် မျက်စိအကြည်သည်။ စက္ခုဝိညာဏ-ဓာတုယာ စ၊ မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်'အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ နိဿယပစ္စယေန၊ မှီရာတည်ရာ နိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

သောတာယတနံ၊ သောတပသာဒရုပ် နားအကြည်သည်။ သောတဝိညာဏဓာတုယာ စ၊ ကြားသိစိတ် 'သောတဝိညာဏဓာတ်' အား လည်းကောင်း၊ တံသမ္ပယုတ္တကာနံ၊ ထိုသောတဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့ အားလည်းကောင်း။ နိဿယပစ္စယေန၊ မှီရာတည်ရာ နိဿယပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဃာနာယတနံ၊ ဃာနပသာဒရုပ် နှာခေါင်း အကြည်သည်။ ဃာနဝိညာဏ-ဓာတုယာ စ၊ နံသိစိတ် 'ဃာနဝိညာဏဓာတ်' အား လည်းကောင်း။ တံသမ္ပ-ယုတ္တကာနံ၊ ထိုဃာနဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အားလည်းကောင်း။ နိဿယပစ္စယေန၊ မှီရာတည်ရာ နိဿယ ပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော ကျေးဇူး ပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဇိဝှါယတနံ၊ ဇိဝှါပသာဒရုပ် လျှာအကြည်သည်။ ဇိဝှါဝိညာဏဓာတုယာ စ၊ လျက်သိစိတ် 'ဇိဝှါဝိညာဏဓာတ်' အား လည်းကောင်း။ တံသမ္ပယုတ္တ-ကာနံ၊ ထိုဇိဝှါဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ နိဿယပစ္စယေန၊ မှီရာတည်ရာ နိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ကာယာယတနံ၊ ကာယပသာဒရုပ် ကိုယ်အကြည်သည်။ ကာယဝိညာဏ-ဓာတုယာ စ၊ ထိသိစိတ် 'ကာယဝိညာဏဓာတ်'အားလည်းကောင်း။ တံသမ္ပ-ယုတ္တကာနံ၊ ထိုကာယဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ နိဿယပစ္စယေန၊ မှီရာတည်ရာ နိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ယံ ရူပံ၊ အကြင် ဟဒယဝတ္ထုရုပ်ကို။ နိဿာယ၊ အမှီပြု၍။ မနောဓာတုစ၊ အာရုံကို သိရုံမျှ ဝိုးတဝါး သိတတ်သောစိတ် 'မနောဓာတ်' သည် လည်းကောင်း။ မနောဝိညာဏဓာတုစ၊ အာရုံကို အထူးသိတတ်သော ကြံသိစိတ် 'မနောဝိညာဏဓာတ်' သည်လည်းကောင်း။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။တံရူပံ၊ ထိုရုပ်သည်။ မနောဓာတုယာ စ၊ မနောဓာတ်အားလည်းကောင်း။ မနောဝိညာဏဓာတုယာ စ၊ မနောဝိညာဏဓာတ်အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ် မနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ နိဿယပစ္စယေန၊ မှီရာတည်ရာ နိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

(ဤပစ္စည်းသည် သဟဇာတမျိုး, ဝတ္ထုပုရေဇာတမျိုး နှစ်မျိုး၌ ပါဝင်၏။)

## ၉-ဥပနိဿယပစ္စည်း

### ကုသိုလ်ပိုင်း

ဥပနိဿယပစ္စယောတိ။ ဥပနိဿယပစ္စည်းဟူသည်ကား—

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ ကုသလာဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ကုသိုလ် တရားတို့အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာတည်ရာ အထောက်အပံ့ အကြောင်း ဥပနိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

**တနည်း။** ။ဥပနိဿယပစ္စယေန၊ မိုးတွင်း သုံးလပတ်လုံး ရွာသော မိုးကြီးသည် ထိုမိုးကို မှီကုန်သော သစ်ပင် သတ္တဝါအစ ရှိသည်တို့အား အားကြီးသောအကြောင်းဖြင့် ကျေးဇူးပြုသကဲ့သို့ ဥပနိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရ ကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ ကုသလာဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့အား။ ကေသဉ္စိ၊အချို့။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာတည်ရာ အထောက်အပံ့အကြောင်း ဥပနိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အဗျာကတာနံ ဓမ္မာနံ၊အဗျာကတ တရားတို့အား။ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာတည်ရာ အထောက်အပံ့အကြောင်း ဥပနိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## အကုသိုလ်ပိုင်း

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော အကုသလာနံဓမ္မာနံ၊ အကုသိုလ်တရားတို့အား။ ဥပနိဿယပစ္စယေန၊အားကြီးသော မှီရာတည်ရာ အထောက်အပံ့ အကြောင်း ဥပနိဿယပစ္စယသတ္တိဖြင့်၊ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊နောက်နောက်၌ဖြစ်ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့အား။ ကေသဉ္စိ၊ အချို့။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာတည်ရာ အထောက်အပံ့ အကြောင်း ဥပနိဿယ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အဗျာကတာနံ ဓမ္မာနံ၊ အဗျာကတတရားတို့အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာတည်ရာ အထောက်အပံ့အကြောင်း ဥပနိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## အဗျာကတပိုင်း

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ အဗျာကတာ ဓမ္မာ၊ အဗျာကတတရားတို့သည်။ပစ္ဆိမာနံ ပစ္ဆိမာနံ၊နောက်နောက်၌ဖြစ်ကုန်သော။အဗျာကတာနံဓမ္မာနံ၊ အဗျာကတ တရားတို့အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာတည်ရာ အထောက် အပံ့ အကြောင်း ဥပနိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ အဗျာကတာ ဓမ္မာ၊ အဗျာကတ တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ဖြစ်ကုန်သော။ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့အား။ ဥပနိဿယပစ္စယေန၊ အားကြီးသော မှီရာ တည်ရာ အထောက်အပံ့ အကြောင်း ဥပနိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ အဗျာကတာ ဓမ္မာ၊ အဗျာကတ တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားတို့အား။ ဥပနိဿယပစ္စယေန၊အားကြီးသောမှီရာတည်ရာ အထောက်အပံ့ အကြောင်း ဥပနိဿယပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဥတုဘောဇနမ္ပိ၊ ဥတုနှင့်ဘောဇဉ်သည်လည်း။ ဥပနိဿယ ပစ္စယေန၊ အားကြီးသော မှီရာတည်ရာ အထောက်အပံ့ အကြောင်း ဥပနိဿယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ပုဂ္ဂလောပိ၊ ပုဂ္ဂိုလ်သည်လည်း။ ဥပနိဿယပစ္စယေန။ အားကြီးသော မှီရာတည်ရာ အထောက်အပံ့ အကြောင်း ဥပနိဿယပစ္စယသတ္တိဖြင့်။ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

သေနာသနမ္ပိ၊ အိပ်ကျောင်း အိပ်ရာ နေရာသည်လည်း။ ဥပနိဿယ-ပစ္စယေန၊ အားကြီးသော မှီရာ တည်ရာ အထောက်အပံ့ အကြောင်း ဥပနိ-ဿယပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

(ဤင်းပစ္စည်းသည် အနန္တရမျိုး၌ ပါဝင်၏။ သို့ရာတွင် အလွန်ကျယ်ဝန်းသော ပစ္စည်းကြီး လေးမျိုးတွင် တပါး အပါအဝင်ဖြစ်ရကား အနန္တရနှင့် ပကတူပမျိုးတို့သည် ဥပနိဿယပစ္စည်း၌အကျုံးဝင်ကြပေသည်။)

## ၁၀-ပုရေဇာတပစ္စည်း

### စက္ခာယတန (စက္ခုဝတ္ထု၊ စက္ခုပသာဒ)

ပုရေဇာတပစ္စယောတိ၊ ပုရေဇာတ ပစ္စည်း ဟူသည်ကား–

စက္ခာယတနံ၊ စက္ခုပသာဒ ဝတ္ထုရုပ် မျက်စိ အကြည်သည်။ စက္ခုဝိညာဏ ဓာတုယာ စ၊ မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်'အား လည်းကောင်း။ တံသမ္ပ-

ယုတ္တကာနံ၊ ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ ပုရေဇာတပစ္စယေန၊ ရှေးဖြစ်နှင့်သော ပုရေဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

**တနည်း။** ။ပုရေဇာတပစ္စယေန၊ ကမ္ဘာဦး၌ဖြစ်သော နေ-လ တို့သည် မိမိတို့ ထင်ရှားရှိခိုက် အလင်းကို မှီကုန်သော သတ္တဝါတို့အား ရှေ့၌ဖြစ်နှင့်၍ ကျေးဇူးပြုသကဲ့သို့ ပုရေဇာတပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## သောတာယတန (သောတဝတ္ထု၊ သောတပသာဒ)

သောတာယတနံ၊ သောတပသာဒဝတ္ထုရုပ် နားအကြည်သည်။ သောတ-ဝိညာဏဓာတုယာ စ၊ ကြားသိစိတ် 'သောတဝိညာဏဓာတ်' အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုသောတဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အား လည်းကောင်း။ ပုရေဇာတပစ္စယေန၊ ရှေးဖြစ်နှင့်သော ပုရေဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

**(တနည်း။ ။အထက်နှင့် တူ၏)**

## ဃာနာယတန (ဃာနဝတ္ထု၊ ဃာနပသာဒ)

ဃာနာယတနံ၊ ဃာနပသာဒဝတ္ထုရုပ် နှာခေါင်းအကြည်သည်။ ဃာန-ဝိညာဏဓာတုယာ စ၊ နံသိစိတ် 'ဃာနဝိညာဏဓာတ်' အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုဃာနဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ ပုရေဇာတပစ္စယေန၊ ရှေးဖြစ်နှင့်သော ပုရေဇာတပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ဇိဝှါယတန (ဇိဝှါဝတ္ထု၊ ဇိဝှါပသာဒ)

ဇိဝှါယတနံ၊ ဇိဝှါပသာဒဝတ္ထုရုပ် လျှာအကြည်သည်။ ဇိဝှါ ဝိညာဏ-ဓာတုယာ စ၊ လျက်သိစိတ် 'ဇိဝှါဝိညာဏဓာတ်' အား လည်းကောင်း။

တံသမ္ပယုတ္တကာနံ၊ ထိုဇိဝှါဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ ပုရေဇာတပစ္စယေန၊ ရှေးဖြစ်နှင့်သော ပုရေဇာတပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

### ကာယာယတန (ကာယဝတ္ထု၊ ကာယပသာဒ)

ကာယာယတနံ၊ ကာယပသာဒ ဝတ္ထုရုပ် ကိုယ်အကြည်သည်။ ကာယ-ဝိညာဏဓာတုယာ စ၊ ထိသိစိတ် 'ကာယဝိညာဏဓာတ်' အားလည်းကောင်း၊ တံသမ္ပယုတ္တကာနံ၊ ထိုကာယဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ ပုရေဇာတပစ္စယေန၊ ရှေးဖြစ်နှင့်သော ပုရေဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

### ရူပါယတန (ရူပါရုံ)

ရူပါယတနံ၊ အဆင်း'ရူပါရုံ'ရုပ်သည်။ စက္ခုဝိညာဏဓာတုယာ စ၊ မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်'အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုစက္ခု-ဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ ပုရေဇာတပစ္စယေန၊ ရှေးဖြစ်နှင့်သော ပုရေဇာတပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

### သဒ္ဒါယတန (သဒ္ဒါရုံ)

သဒ္ဒါယတနံ၊ အသံ 'သဒ္ဒါရုံ' ရုပ်သည်။ သောတဝိညာဏဓာတုယာ စ၊ ကြားသိစိတ်'သောတဝိညာဏဓာတ်'အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုသောတဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ ပုရေဇာတပစ္စယေန။ ရှေးဖြစ်နှင့်သောပုရေဇာတပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

### ဂန္ဓာယတန (ဂန္ဓာရုံ)

ဂန္ဓာယတနံ၊ အနံ့ 'ဂန္ဓာရုံ' ရုပ်သည်။ ဃာနဝိညာဏဓာတုယာ စ၊ နံသိစိတ် 'ဃာနဝိညာဏဓာတ်' အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုဃာန-

ဝိညာဏဓာတ်နှင့်ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ ပုရေဇာတပစ္စယေန၊ ရှေးဖြစ်နှင့်သော ပုရေဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ရသာယတန (ရသာရုံ)

ရသာယတနံ၊ အရသာ 'ရသာရုံ' ရုပ်သည်။ ဇိဝှါဝိညာဏဓာတုယာ စ၊ လျက်သိစိတ် 'ဇိဝှါဝိညာဏဓာတ်'အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုဇိဝှါဝိညာဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိတ် တရားတို့အား လည်းကောင်း။ ပုရေဇာတပစ္စယေန၊ ရှေးဖြစ်နှင့်သော ပုရေဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်၊ ဟောတိ၊ ဖြစ်၏။

## ဖောဋ္ဌဗ္ဗာယတန (ဖောဋ္ဌဗ္ဗာရုံ)

ဖောဋ္ဌဗ္ဗာယတနံ၊ တွေ့ထိမှု 'ဖောဋ္ဌဗ္ဗာရုံ' ရုပ်သည်။ ကာယဝိညာဏဓာတုယာ စ၊ ထိသိစိတ် 'ကာယဝိညာဏဓာတ်' အားလည်းသေ‌ာင်း။ တံသမ္ပယုတ္တကာနံ၊ ထိုကာယဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အားလည်းကောင်း။ ပုရေဇာတပစ္စယေန၊ ရှေးဖြစ်နှင့်သော ပုရေဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ပဉ္စာရုံနှင့်မနောဓာတ်

ရူပါယတနံ၊ အဆင်း'ရူပါရုံ'သည် လည်းကောင်း။ သဒ္ဒါယတနံ၊ အသံ 'သဒ္ဒါရုံ'သည် လည်းကောင်း။ ဂန္ဓာယတနံ၊ အနံ့ 'ဂန္ဓာရုံ'သည် လည်းကောင်း။ ရသာယတနံ၊ အရသာ 'ရသာရုံ'သည် လည်းကောင်း။ ဖောဋ္ဌဗ္ဗာယတနံ၊ အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ'သည် လည်းကောင်း။ မနောဓာတုယာစ၊ မနောဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ ပုရေဇာတပစ္စယေန၊ ရှေးဖြစ်နှင့်သော ပုရေဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ဟာဒယဝတ္ထုရုပ်နှင့် မနောဓာတ်, မနောဝိညာဏဓာတ်

ယံ ရူပံ၊ အကြင်ဟာဒယဝတ္ထုရုပ်ကို။ နိဿာယ၊ အမှီပြု၍။ မနောဓာတုစ၊ မနောဓာတ်သည် လည်းကောင်း။ မနောဝိညာဏဓာတု စ၊ မနောဝိညာဏဓာတ်သည်လည်းကောင်း။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ တံ ရူပံ၊ ထိုဟာဒယဝတ္ထုရုပ်သည်။ မနောဓာတုယာ စ၊ မနောဓာတ်အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်နှင့် ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ ပုရေဇာတပစ္စယေန၊ ရှေးဖြစ်နှင့်သော ပုရေဇာတပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်။ ဟောတိ၊ ဖြစ်၏။

## အချို့

မနောဝိညာဏဓာတုယာ စ၊ မနောဝိညာဏဓာတ်အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ ကိဉ္စိကာလေ၊ အချို့သောကာလဟု ဆိုအပ်သော ပဝတ္တိကာလ၌။ ပုရေဇာတပစ္စယေန၊ ရှေးဖြစ်နှင့်သော ပုရေဇာတ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ကိဉ္စိကာလေ၊ အချို့သောကာလဟု ဆိုအပ်သော ပဋိသန္ဓေကာလ၌။ ပုရေဇာတပစ္စယေန၊ ရှေးဖြစ်နှင့်သော ပုရေဇာတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ နဟောတိ၊ မဖြစ်၏။

### ဝတ္ထုပုရေဇာတမျိုး ခြောက်ပါး

၁။ ဝတ္ထုပုရေဇာတနိဿယ
၂။ ဝတ္ထုပုရေဇာတ
၃။ ပုရေဇာတိန္ဒြိယ
၄။ ပုရေဇာတဝိပ္ပယုတ္တ
၅။ ပုရေဇာတတ္ထိ
၆။ ပုရေဇာတအဝိဂတ

ပေါင်း ခြောက်ပါးဖြစ်ပါသည်။

## ၁၁–ပစ္ဆာဇာတပစ္စည်း

ပစ္ဆာဇာတပစ္စယောတိ၊ ပစ္ဆာဇာတ ပစ္စည်းဟူသည်ကား–

ပစ္ဆာဇာတာ၊ နောက်နောက်၌ ဖြစ်ကုန်သော။ စိတ္တစေတသိကာ ဓမ္မာ၊ စိတ်စေတသိက်တရားတို့သည်။ ပုရေဇာတဿ၊ ရှေးရှေး၌ဖြစ်သော။ ဣမဿ ကာယဿ၊ ဤကေဇ ဒွိဇ တိဇ စတုဇကာယအား။ ပစ္ဆာဇာတပစ္စယေန၊ နောက်မှ ဖြစ်၍ ကျေးဇူးပြုသည့် ပစ္ဆာဇာတ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

**တနည်း။** ပစ္ဆာဇာတပစ္စယေန၊ လင်းတငယ်တို့၏ အာဟာရ၌ ချင်ခြင်းစေတနာသည် နောက်မှဖြစ်၍ ထင်ရှားရှိသော ကိုယ်အား ကျေးဇူးပြုသကဲ့သို့ နောက်မှဖြစ်သော ပစ္ဆာဇာတ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

### ပစ္ဆာဇာတမျိုး လေးပါး

၁။ ပစ္ဆာဇာတ

၂။ ပစ္ဆာဇာတဝိပ္ပယုတ္တ

၃။ ပစ္ဆာဇာတတ္ထိ

၄။ ပစ္ဆာဇာတအဝိဂတ

ပေါင်း လေးပါး ဖြစ်ပါသည်။

## ၁၂ အာသေဝနပစ္စည်း

အာသေဝနပစ္စယောတိ၊ အာသေဝနပစ္စည်းဟူသည်ကား–

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ ကုသလာနံ ဓမ္မာနံ၊ ကုသိုလ်တရားတို့အား။ အာသေဝနပစ္စယေန၊ အဖန်တလဲလဲ ထုံအပ်သော အာသေဝနပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

**တနည်း**။ ။အာသေဝနပစ္စယေန၊ ရှေးရှေး၌ ထုံအပ်သော နှံ့သာသည် နောက်နောက်၌ ထုံအပ်သော နံ့သာအားအဆင်းအနံ့ လွန်စွာ တိုးပွား ခိုင်မြဲစွာ ဖြစ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို လည်းကောင်း။ ရှေးရှေး သင်အပ်သော ကျမ်းဂန်သည် နောက်နောက် သင်အပ်သော ကျမ်းဂန်အား လေ့ကျက်ခြင်းငှာ အားရှိ၍ ကျေးဇူးပြုသကဲ့သို့ အဖန်တလဲလဲ ထုံအပ်သော အာသေဝနပစ္စယသတ္တိဖြင့်။ ပစ္စယောဉပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ဖြစ်ကုန်သော။ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ အကုသလာနံ ဓမ္မာနံ၊ အကုသိုလ်တရားအား။ အာသေဝနပစ္စယေန၊ အဖန်တလဲလဲ ထုံအပ်သော အာသေဝနပစ္စယသတ္တိဖြင့်။ ပစ္စယော ဉပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ပုရိမာ ပုရိမာ၊ ရှေးရှေး၌ ဖြစ်ကုန်သော။ ကြိယာဗျာကတာ ဓမ္မာ၊ ကြိယာအဗျာကတ တရားတို့သည်။ ပစ္ဆိမာနံ ပစ္ဆိမာနံ၊ နောက်နောက်၌ ဖြစ်ကုန်သော။ ကြိယာဗျာတာကနံ၊ကြိယာအဗျာကတဖြစ်ကုန်သော။ ဓမ္မာနံ တရားတို့အား။အာသေဝနပစ္စယေန၊ အဖန်တလဲလဲထုံအပ်သော အာသေဝနပစ္စယသတ္တိဖြင့်၊ ပစ္စယော ဉပကာရကော၊ ကျေးဇူးပြုကတ်သည်။ ဟောတိ၊ ဖြစ်၏။

(ဤပစ္စည်းသည် အနန္တရမျိုး၌ ပါဝင်၏။)

## ၁၃-ကမ္မပစ္စည်း

ကမ္မပစ္စယောတိ၊ ကမ္မပစ္စည်း ဟူသည်ကား—

ကုသလာကုသလံ၊ ကုသိုလ်အကုသိုလ် ဖြစ်သော။ ကမ္မံ၊ နာနာက္ခဏိက စေတနာကံသည်။ ဝိပါကာနံ၊ အကျိုးဝိပါက် ဖြစ်ကုန်သော။ ခန္ဓာနဉ္စ၊ နာမက္ခန္ဓာတို့အားလည်းကောင်း။ ကဋတ္တာရူပါနဉ္စ၊ ကမ္မဇရုပ်တို့အား လည်းကောင်း။ ကမ္မပစ္စယေန၊ မျိုးစေ့သဘာဝ ကမ္မပစ္စယသတ္တိဖြင့်။ ပစ္စယော ဉပကာရကော၊ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

**တနည်း။** ။ကမ္မပစ္စယေန၊ ကောင်းစွာ သိမ်းဆည်းစိရင်အပ်သော မျိုးစေ့သည် အညှန့်အညှောင့်၏ ဖြစ်ခြင်းငှာ အမူအရာ လုံ့လ၏အဖြစ်ဖြင့်ကျေးဇူးပြုသကဲ့သို့ မျိုးစေ့တည်းဟူသော ကမ္မပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

စေတနာ၊ စိတ်တခုယုတ် ကိုးဆယ်၌ရှိသော စေတနာတခုယုတ် ကိုးဆယ်သည်။ သမ္ပယုတ္တကာနံ၊ ယှဉ်ဘက်ဖြစ်ကုန်သော။ ဓမ္မာနဥ္စ၊ စိတ် စေတသိက်တရားတို့အားလည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုစေတနာကြောင့် ဖြစ်ကုန်သော။ ရူပါနဥ္စ၊ စိတ္တဇရုပ်,ပဋိသန္ဓေကမ္မဇရုပ်တို့အား လည်းကောင်း။ ကမ္မပစ္စယေန၊ မျိုးစေ့သဘာဝ ကမ္မပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

(ကမ္မပစ္စည်းသည် သဟဇာတ,အနန္တရ နှစ်မျိုး၌ပါဝင်၏။ ယင်းကမ္မပစ္စည်းသည် အရာကျယ်လှသော ပစ္စည်းကြီးပေတည်း။)

## ၁၄–ဝိပါကပစ္စည်း

ဝိပါကပစ္စယောတိ၊ ဝိပါကပစ္စည်းဟူသည်ကား-

ဝိပါကာ၊ အကျိုးဝိပါက်ဖြစ်ကုန်သော။ စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊နာမ်ဖြစ်ကုန်သော။ ခန္ဓာ၊ ပဝတ္တိပဋိသန္ဓေခန္ဓာတို့သည်။ အညမညံ၊ အချင်းချင်း။ ဝိပါကပစ္စယေန၊ အကျိုးဝိပါက ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

**တနည်း။** ။ဝိပါကပစ္စယေန၊ ချမ်းအေးသော လေသည် ချမ်းအေးသော အရိပ်၌နေသောသူအား ချမ်းငြိမ်းစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ကံတို့၏ အကျိုးအဖြစ်ဖြင့် အထောက်အပံ့ပြုမှု ဝိပါကပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

(ဤပစ္စည်းသည် သဟဇာတမျိုး၌ ပါဝင်၏။)

# ၁၅ - အာဟာရပစ္စည်း

## ရုပ်အာဟာရ

အာဟာရပစ္စယောတိ။ အာဟာရပစ္စည်းဟူသည်ကား–

ကဗဠီကာရော၊ အလုပ်အလွေ့ကို ပြုတတ်သကဲ့သို့သော။ အာဟာရော၊ အာဟာရသည်။ဣမဿ၊ဤသို့သဘောရှိသော။ကာယဿ၊ရုပ် ရူပကာယအား။ အာဟာရပစ္စယေန၊ ထောက်ပံ့ ခိုင်ခံ့စေခြင်း အာဟာရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

**တနည်း။** ။အာဟာရပစ္စယေန၊ နောက်မှထောက်သော တိုင်သစ်သည် အိမ်ဟောင်းအား မြဲမြံခိုင်စေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ဆောင်တတ်သောအာဟာရပစ္စယသတ္တိဖြင့် ။ပစ္စယော ဥပကာရကော၊ကျေးဇူး ပြုတတ်သည်။ ဟောတိ၊ဖြစ်၏။

## နာမ်အာဟာရ

အရူပိနော၊ နာမ်ဖြစ်ကုန်သော။ အာဟာရာ၊ ဖဿ, စေတနာ, ဝိညာဏ်တည်း ဟူသော နာမ်အာဟာရ သုံးပါးတို့သည်။ သမ္ပယုတ္တကာနံ၊ ယှဉ်ဘက်ဖြစ်ကုန် သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက် တရားတို့အားလည်းကောင်း။တံသမုဋ္ဌာနာနံ၊ ထိုနာမ်အာဟာရ သုံးပါးတို့ကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အားလည်းကောင်း။ အာဟာရပစ္စယေန၊ ထောက်ပံ့ ခြင်း အာဟာရပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ် သည်။ ဟောတိ၊ ဖြစ်၏။

## ရုပ်အာဟာရ ပစ္စည်းမျိုး သုံး ပါး

၁။ ရုပ်အာဟာရ
၂။ ရုပ်အာဟာရတ္တိ
၃။ ရုပ်အာဟာရအဝိဂတ

ပေါင်း သုံး မျိုးဖြစ်ပါသည်။

## ၁၆–ဣန္ဒြိယပစ္စည်း

### စက္ခုန္ဒြေ (စက္ခုပသာဒ)

ဣန္ဒြိယပစ္စယောတိ၊ ဣန္ဒြိယပစ္စည်းဟူသည်ကား–

စက္ခုန္ဒြိယံ၊စက္ခုန္ဒြေပသာဒရုပ် မျက်စိအကြည်သည်။ စက္ခုဝိညာဏဓာတုယာ စ၊မြင်သိစိတ်'စက္ခုဝိညာဏဓာတ်'အားလည်းကောင်း။တံသမ္ပယုတ္တကာနံ၊ ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်၍ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ ဣန္ဒြိယပစ္စယေန၊ အစိုးရသော ဣန္ဒြိယပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

**တနည်း။** ။ဣန္ဒြိယပစ္စယေန၊ တနိုင်ငံ တပြည်တည်း၌ အသီးသီးဆိုင်ရာ ကိစ္စတာဝန်ကို အစိုးရသော မင်းတို့သည် အချင်းချင်း ထိုအစိုးရသောသတ္တိကို မမြစ်မူ၍ မိမိတို့၏ တာဝန်အရာ၌သာ အစိုးရသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ အစိုးရသည်၏အဖြစ် ဣန္ဒြိယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

### သောတိန္ဒြေ (သောတပသာဒ)

သောတိန္ဒြိယံ၊ သောတိန္ဒြေပသာဒရုပ် နားအကြည်သည်။ သောတဝိညာဏဓာတုယာ စ၊ ကြားသိစိတ် 'သောတဝိညာဏဓာတ်' အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုသောတဝိညာဏဓာတ်နှင့် ယှဉ်၍ ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အားလည်းကောင်း။ ဣန္ဒြိယပစ္စယေန၊ အစိုးရသည်၏အဖြစ် ဣန္ဒြိယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်၊ ဟောတိဖြစ်၏။

### ဃာနိန္ဒြေ (ဃာနပသာဒ)

ဃာနိန္ဒြိယံ၊ ဃာနိန္ဒြေပသာဒရုပ် နှာခေါင်းအကြည်သည်။ ဃာနဝိညာဏဓာတုယာ စ၊ နံသိစိတ် 'ဃာနဝိညာဏဓာတ်' အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုဃာနဝိညာဏဓာတ်နှင့် ယှဉ်၍ ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ ဣန္ဒြိယပစ္စယေန၊ အစိုးရသည်၏ အဖြစ် ဣန္ဒြိယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ဇိဝှိန္ဒြေ(ဇိဝှါပသာဒ)

ဇိဝှိန္ဒြိယံ၊ ဇိဝှိန္ဒြေပသာဒရုပ် လျှာအကြည်သည်။ ဇိဝှါဝိညာဏဓာတုယာ စ၊ လျက်သိစိတ် 'ဇိဝှါဝိညာဏဓာတ်' အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို ဇိဝှါဝိညာဏဓာတ်နှင့် ယှဉ်၍ ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ ဣန္ဒြိယပစ္စယေန၊ အစိုးရသည်၏အဖြစ် ဣန္ဒြိယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ကာယိန္ဒြေ(ကာယပသာဒ)

ကာယိန္ဒြိယံ၊ ကာယိန္ဒြေပသာဒရုပ် ကိုယ်အကြည်သည်။ ကာယဝိညာဏ-ဓာတုယာ စ၊ ထိသိစိတ်'ကာယဝိညာဏဓာတ်'အား လည်းကောင်း။ တံသမ္ပ-ယုတ္တကာနံ၊ ထိုကာယဝိညာဏဓာတ်နှင့် ယှဉ်၍ ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အား လည်းကောင်း။ ဣန္ဒြိယပစ္စယေန၊ အစိုးရသည်၏အဖြစ် ဣန္ဒြိယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ရုပ်ဇီဝိတိန္ဒြေ(ဇီဝိတရုပ်)

ရူပဇီဝိတိန္ဒြိယံ၊ ရုပ်ဇီဝိတိန္ဒြေသည်။ ကဋတ္တာရူပါနံ၊ ကမ္မဇရုပ်တို့အား။ ဣန္ဒြိယပစ္စယေန၊ အစိုးရသည်၏အဖြစ် ဣန္ဒြိယပစ္စယသတ္တိဖြင့်၊ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်၊ ဟောတိ၊ ဖြစ်၏။

## နာမ်ဣန္ဒြေ ရှစ်ပါး

အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ဣန္ဒြိယာ၊ နာမ်ဇီဝိတ, စိတ်, ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ-ဟု ဆိုအပ်သော ဣန္ဒြေတို့သည်။ သမ္ပယုတ္တကာနံ၊ ယှဉ်၍ဖြစ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုဣန္ဒြေတို့ကြောင့်ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း။ ဣန္ဒြိယပစ္စယေန၊ အစိုးရသည်၏အဖြစ် ဣန္ဒြိယပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

(၎င်းပစ္စည်းသည် သဟဇာတ,ဝတ္ထုပုရေဇာတ, ရူပဇီဝိတိန္ဒြိယမျိုး သုံးပါး၌ ပါဝင်၏။)

## ရူပဇီဝိတိန္ဒြိယ ပစ္စည်းမျိုး သုံးပါး

၁။ ရူပဇီဝိတိန္ဒြိယ
၂။ ရူပဇီဝိတိန္ဒြိယတ္ထိ
၃။ ရူပဇီဝိတိန္ဒြိယအဝိဂတ
ပေါင်း သုံးပါး ဖြစ်ပါသည်။

## ၁၇–ဈာနပစ္စည်း

ဈာနပစ္စယောတိ၊ ဈာနပစ္စည်းဟူသည်ကား–

ဈာနင်္ဂါနိ၊ ဒွေပဉ္စဝိညာဏ်တဆယ်ကြဉ်သော စိတ်တခုယုတ် ရှစ်ဆယ်တို့၌ရှိသော ဝိတက်, ဝိစာရ, ပီတိ, ဝေဒနာ, ဧကဂ္ဂတာ-တည်းဟူသော ဈာန်အင်္ဂါ ငါးပါးတို့သည်။ ဈာနသမ္ပယုတ္တကာနံ၊ ဈာန်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စိတ်စေတသိက် တရားတို့အား လည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုဈာန်ကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား လည်းကောင်း။ ဈာနပစ္စယေန၊ ကပ်၍ရှုတတ်သော ဈာနပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

**တနည်း။** ။ဈာနပစ္စယေန၊ တောင်ဖျား သစ်ပင်ဖျားသို့တက်၍ ကြည့်သောသူသည် အဝေးအနီးအရပ်တို့ကို မြင်ခြင်း၊ ထိုမြင်ခြင်း၌ အလိုရှိသောသူအား ကျေးဇူးပြုသကဲ့သို့ ကပ်၍ရှုတတ်သော ဈာနပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

(၎င်းပစ္စည်းသည် သဟဇာတမျိုး၌ ပါဝင်၏)

## ၁၈–မဂ္ဂပစ္စည်း

မဂ္ဂပစ္စယောတိ၊ မဂ္ဂပစ္စည်းဟူသည်ကား–

မဂ္ဂင်္ဂါနိ၊ သဟိတ်စိတ်၌ရှိသော ပညာ, ဝိတက်, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, ဝီရိယ, သတိ, ဧကဂ္ဂတာ, မိစ္ဆာဒိဋ္ဌိဟု ဆိုအပ်သော မဂ္ဂင်တရားကိုးပါးတို့သည်။ မဂ္ဂသမ္ပယုတ္တကာနံ၊ မဂ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊

စေတသိက် တရားတို့အား လည်းကောင်း။ တံသမုဋ္ဌာနာနံ၊ ထိုမဂ္ဂင်ကြောင့် ဖြစ်ကုန်သော၊ ရူပါနဥ္စ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း။ မဂ္ဂပစ္စယေန၊ ဘဝတခုမှ ဘဝတခုသို့ ဆောင်ပို့ထွက်မြောက်ကြောင်း မဂ္ဂပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

**တနည်း။** ။မဂ္ဂပစ္စယေန၊ ဤမှာဘက်မှ ထိုမှာဘက်သို့ ကူးသောသူသည် ဤမှာဘက်မှ ထွက်မြောက်ကြောင်း ဖြစ်သကဲ့သို့ လည်းကောင်း၊ ထိုမှာဘက်မှ ဤမှာဘက်သို့ ကူးလိုသော သူသည် ထိုမှာဘက်မှ ထွက်မြောက်ကြောင်းဖြစ်သကဲ့သို့ လည်းကောင်း ဘဝတခုမှ တခုသို့ ဆောင်ပို့ထွက်မြောက်ကြောင်း မဂ္ဂပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

(ဇင်းပစ္စည်းသည် သဟဇာတမျိုး၌ ပါဝင်၏)

## ၁၉-သမ္ပယုတ္တပစ္စည်း

သမ္ပယုတ္တပစ္စယောတိ၊ သမ္ပယုတ္တပစ္စည်းဟူသည်ကား—

စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ခန္ဓာ၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့သည်။ အညမညံ၊ အချင်းချင်း။ သမ္ပယုတ္တပစ္စယေန၊ ယှဉ်ခြင်း သမ္ပယုတ္တပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုသတ်သည်။ ဟောတိ၊ ဖြစ်၏။

**တနည်း။** ။သမ္ပယုတ္တပစ္စယေန၊ နို့ရည်, ထောပတ်, ပျားသကာဟူသော စတုမဓုအရသာသည် အချင်းချင်း နှီးနှော ရောပြွမ်းသော အားဖြင့် ကျေးဇူးပြုသကဲ့သို့ အတူတကွ ယှဉ်ခြင်း သမ္ပယုတ္တပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

(ဇင်းပစ္စည်းသည် သဟဇာတမျိုး၌ပါဝင်၏)

## ၂၀-ဝိပ္ပယုတ္တပစ္စည်း

ဝိပ္ပယုတ္တပစ္စယောတိ၊ ဝိပ္ပယုတ္တပစ္စည်းဟူသည်ကား-

ရူပိနော၊ ရုပ်ဖြစ်ကုန်သော။ မွေ၊ ဝတ္ထုရုပ်ခြောက်ပါးတို့သည်။ အရူပီနံ၊ နာမ်ဖြစ်ကုန်သော။ မွောနံ၊ နောက်နောက်၌ဖြစ်သော အရူပဝိပါက် လေးခု ကြဉ်သော စိတ် ၈၅-ပါး, ပဋ္ဌဝေါကာရပဋိသန္ဓေ နာမက္ခန္ဓာတို့အား။

ဝိပ္ပယုတ္တပစ္စယေန၊ မယှဉ်ခြင်း ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

**တနည်း။** ။ဝိပ္ပယုတ္တပစ္စယေန၊ ခြောက်ပါးသော အရသာသည် အချင်းချင်း မနှီးနှော မရောပြွမ်းသောအားဖြင့် ကျေးဇူးပြုသကဲ့သို့ မနှီးမနှော မယှဉ်ခြင်းဝိပ္ပယုတ္တ ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

(ဝှင်းပစ္စည်းသည်) သဟဇာတ, ဝတ္ထုပုရေဇာတနှစ်မျိုး၌ပါဝင်၏၊)

အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ဓမ္မာ၊အတူတကွဖြစ်သော ပဉ္စဝေါကာရ ပဋိသန္ဓေ နာမက္ခန္ဓာ, ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက် အရူပဝိပါက်စိတ် လေးခု ကြဉ်သော ပထမဘဝင်အစရှိသော နောက်နောက်၌ ဖြစ်သည့် စိတ် ၇၅-ပါး နာမက္ခန္ဓာတို့သည်။ ရူပိနံ၊ ရုပ်ဖြစ်ကုန်သော။ ဓမ္မာနံ၊ တကွဖြစ်ကြသည့် စိတ္တဇရုပ်, ပဋိသန္ဓေ ကဇရုပ်, ရှေ့စိတ္တက္ခဏတချက်နှင့်အတူ ဥပါဒ်ပြိုင်သော ကေဇကာယ, ဒွိဇကာယ, တိဇကာယ, စတုဇကာယတို့အား။ ။ ဝိပ္ပယုတ္တပစ္စယေန၊ မယှဉ်ခြင်း ဝိပ္ပယုတ္တပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်၊ ဟောတိ၊ ဖြစ်၏။

(ဝှင်းပစ္စည်းသည် သဟဇာတ, ပစ္ဆာဇာတမျိုးတို့၌ ပါဝင်၏)

## ၂၁-အတ္ထိပစ္စည်း

အတ္ထိပစ္စယောတိ၊ အတ္ထိပစ္စည်းဟူသည်ကား—

စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ နာမ်ဖြစ်ကုန်သော။ ခန္ဓာ၊ ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့သည်။အညမညံ၊ အချင်းချင်း။ အတ္ထိပစ္စယေန၊ ထင်ရှားရှိသည်၏အဖြစ် အတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

**တနည်း။** ။အတ္ထိပစ္စယေန၊ ဟိမဝန္တာတောင်မင်းသည် မိမိကို မှီသောအားဖြင့် သစ်ပင် မြက်ပင် စသည်တို့အား ပြန့်ပွားစေခြင်းငှာ မိမိ ထင်ရှားရှိနေခြင်းအားဖြင့် ကျေးဇူးပြုသကဲ့သို့ ထင်ရှားရှိသော အဖြစ် အတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာ၊ မဟာဘုတ်ရုပ် လေးပါးတို့သည်။ အညမညံ၊ အချင်းချင်း။ အတ္ထိပစ္စယေန၊ ထင်ရှားရှိသည်၏အဖြစ်

အတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဩဠာရိကဇော၊ ပဋ္ဌပေါ် ကာရပဋိသန္ဓေခဏ၌။ နာမရူပံ၊ ပဋိသန္ဓေနာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်သည်။ အညမညံ၊ အချင်းချင်း။ အတ္ထိပစ္စယေန၊ ထင်ရှားရှိခြင်း အတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

စိတ္တစေတသိကာ၊ စိတ်, စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ နာမက္ခန္ဓာတရား လေးပါးတို့သည်။ စိတ္တသမုဋ္ဌာနာနံ၊ စိတ်ကြောင့်ဖြစ်ကုန်သော။ ရူပါနံ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား။ အတ္ထိပစ္စယေန၊ ထင်ရှားရှိခြင်း အတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

မဟာဘူတာ၊ ပထဝီ, တေဇော, အာပေါ, ဝါယောဟု ဆိုအပ်သော မဟာဘုတ်ရုပ်တို့သည်။ ဥပါဒါရူပါနံ၊ ဥပါဒါရုပ်တို့အား။ အတ္ထိပစ္စယေန၊ ထင်ရှားရှိခြင်း အတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူး ပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## စက္ခာယတန (စက္ခုပသာဒ)

စက္ခာယတနံ၊ စက္ခုပသာဒရုပ် မျက်စိအကြည်သည်။ စက္ခုဝိညာဏဓာတုယာ စ၊ မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်'အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုစက္ခုဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ အတ္ထိပစ္စယေန၊ ထင်ရှားရှိသော အတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## သောတာယတန (သောတပသာဒ)

သောတာယတနံ၊ သောတပသာဒရုပ် နားအကြည်သည်။ သောတဝိညာဏဓာတုယာ စ၊ ကြားသိစိတ် 'သောတဝိညာဏဓာတ်' အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုသောတဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အား လည်းကောင်း။ အတ္ထိပစ္စယေန၊ ထင်ရှားရှိခြင်း အတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူး ပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ဃာနာယတန (ဃာနပသာဒ)

ဃာနာယတနံ၊ ဃနပသာဒရုပ် နှာခေါင်းအကြည်သည်။ ဃာနဝိညာဏဓာတုယာ စ၊ နံ့သိစိတ် 'ဃာနဝိညာဏဓာတ်' အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို ဃာနဝိညာဉ်ဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အားလည်းကောင်း။ အတ္ထိပစ္စယေန၊ ထင်ရှားရှိခြင်း အတ္ထိပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ဇိဝှါယတန (ဇိဝှါပသာဒ)

ဇိဝှါယတနံ၊ ဇိဝှါပသာဒရုပ် လျှာ အကြည်သည်။ ဇိဝှါဝိညာဏဓာတုယာ စ၊ လျက်သိစိတ် 'ဇိဝှါဝိညာဏဓာတ်' အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို ဇိဝှါဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားအား လည်းကောင်း။ အတ္ထိပစ္စယေန၊ ထင်ရှားရှိခြင်း အတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ကာယာယတန (ကာယပသာဒ)

ကာယာယတနံ၊ ကာယပသာဒရုပ် ကိုယ်အကြည်သည်။ ကာယဝိညာဏဓာတုယာ စ၊ ထိသိစိတ် 'ကာယဝိညာဏဓာတ်' အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို ကာယဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ အတ္ထိပစ္စယေန၊ ထင်ရှားရှိခြင်း အတ္ထိပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ရူပါယတန (ရူပါရုံ)

ရူပါယတနံ၊ရူပါရုံ အဆင်းရုပ်ဓာတ်သည်။ စက္ခုဝိညာဏဓာတုယာ စ၊ မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်အား လည်းကောင်း၊ တံသမ္ပယုတ္တကာနံ၊ ထို စက္ခုဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ အတ္ထိပစ္စယေန၊ထင်ရှားရှိခြင်း အတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## သဒ္ဒါယတန (သဒ္ဒါရုံ)

သဒ္ဒါယတနံ၊ သဒ္ဒါရုံ အသံရုပ်ဓာတ်သည်။ သောတဝိညာဏဓာတုယာ စ၊ ကြားသိစိတ်'သောတာဝိညာဏဓာတ်'အားလည်းကောင်း။တံသမ္ပယုတ္တကာနံ၊

ထိုတောတဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက်တရားတို့ အားလည်းယောင်း။ အတ္ထိပစ္စယေန၊ ထင်ရှားရှိသည်၏အဖြစ် အတ္ထိပစ္စယ-သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်၊ ဟောတိ၊ ဖြစ်၏။

## ဂန္ဓာယတန (ဂန္ဓာရုံ)

ဂန္ဓာယတနံ၊ ဂန္ဓာရုံ အနံ့ ရုပ်ဓာတ်သည်။ ဃာနဝိညာဏဓာတုယာ စ၊ နံသိစိတ် 'ဃာနဝိညာဏဓာတ်'အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို ဃာနဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက်တရား တို့အားလည်းကောင်း။ အတ္ထိပစ္စယေန၊ ထင်ရှားရှိသည်၏အဖြစ် အတ္ထိပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ကောတိ၊ ဖြစ်၏။

## ရသာယတန (ရသာရုံ)

ရသာယတနံ၊ ရသာရုံ အရသာ ရုပ်ဓာတ်သည်။ ဇိဝှါဝိညာဏဓာတုယာ စ၊ လျက်သိစိတ် 'ဇိဝှါဝိညာဏဓာတ်'အားလည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို ဇိဝှါဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက်တရား တို့အားလည်းကောင်း။ အတ္ထိပစ္စယေန၊ ထင်ရှားရှိသည်၏အဖြစ် အတ္ထိပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ဖောဋ္ဌဗ္ဗာယတန (ဖောဋ္ဌဗ္ဗာရုံ)

ဖောဋ္ဌဗ္ဗာယတနံ၊ ဖောဋ္ဌဗ္ဗာရုံ အတွေ့ ရုပ်ဓာတ်သည်။ ကာယဝိညာဏ-ဓာတုယာ စ၊ ထိသိစိတ် 'ကာယဝိညာဏဓာတ်' အားလည်းကောင်း။ တံသမ္ပ-ယုတ္တာနံ၊ ထို ကာယဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက် တရားတို့အားလည်းကောင်း။ အတ္ထိပစ္စယေန၊ ထင်ရှားရှိသည်၏အဖြစ် အတ္ထိ-ပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ပဋ္ဌာရုံ

ရူပါယတနံ၊ အဆင်း 'ရူပါရုံ' သည်လည်းကောင်း။ သဒ္ဒါယတနံ၊ အသံ 'သဒ္ဒါရုံ'သည် လည်းကောင်း။ ဂန္ဓာယတနံ၊ အနံ့ 'ဂန္ဓာရုံ'သည် လည်း ကောင်း။ ရသာယတနံ၊ အရသာ 'ရသာရုံ'သည် လည်းကောင်း။ ဖောဋ္ဌဗ္ဗာ-

ယဝါနံ၊ အတွေ့ 'ဖောဋ္ဌဗ္ဗ'ရုံ၊သည်လည်းကောင်း။ မနောဓာတုယာ စ၊ မနော ဓာတ်အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်နှင့် ယှဉ်ကုန် သော။ ဓမ္မာနဥ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ အတ္ထိပစ္စယေန၊ ထင်ရှားရှိသည်၏ အဖြစ် အတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ယံ ရူပံ၊ အကြင်ဟဒယဝတ္ထုရုပ်ကို။ နိဿာယ အမှီပြု၍။ မနောဓာတုစ၊ မနောဓာတ်သည် လည်းကောင်း။ မနောဝိညာဏဓာတု စ၊ မနောဝိညာဏ ဓာတ်သည် လည်းကောင်း။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ တံ ရူပံ၊ ထို ဟဒယ ဝတ္ထုရုပ်သည်။ မနောဓာတုယာ စ၊ မနောဓာတ်အား လည်းကောင်း။ မနောဝိညာဏဓာတုယာ စ၊ မနောဝိညာဏဓာတ်အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို မနောဓာတ် မနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက်တရားတို့အားလည်းကောင်း။ အတ္ထိပစ္စ- ယေန၊ ထင်ရှား ရှိခြင်း အတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ကျေးဇူး ပြုတတ်သည်။ ဟောတိဖြစ်၏။

(ဤနည်းသည် သဟဇာတ, ဝတ္ထုပုရေဇာတ, ပစ္ဆာဇာတ, ရူပအာဟာရ, ရူပဇီဝိတိန္ဒြိယ မျိုးငါးပါဝင်၏။ အရကျယ်သော ပဋ္ဌာန်းကြီး မျိုးတပါးပင်တည်း။)

## ၂၂-နတ္ထိပစ္စည်း

နတ္ထိပစ္စယောတိ၊ နတ္ထိပစ္စည်းဟူသည်ကား–

သမနန္တရနိရုဒ္ဓါ၊ မိမိအခြားမဲ့၌ ကောင်းစွာချုပ်ကုန်ပြီးသော။ စိတ္တစေတ- သိကာ၊ စိတ်စေတသိက် ဖြစ်ကုန်သော။ ဓမ္မာ၊ ရဟန္တာတို့၏ စုတိကြဉ်သော နာမက္ခန္ဓာ တရားတို့သည်။ ပဋုပ္ပန္နာနံ၊ နောက်ဆက်တဖန် ဖြစ်ကုန်သော။ ဓမ္မာနံ၊ ရဟန္တာတို့၏ စုတိစိတ်နှင့်တကွ နာမက္ခန္ဓာတို့အား။ နတ္ထိပစ္စယေန၊ မရှိသော နတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ် သည်။ ဟောတိ၊ ဖြစ်၏။

**တနည်း။** ။နတ္ထိပစ္စယေန၊ ညဉ့်၏ ကင်းခြင်းသည် နေ့ဖြစ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့ လည်းကောင်း။ ဆီမီး၏ငြိမ်းခြင်းသည်

အံမိုက်ဖြစ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့ လည်းကောင်း မရှိသော နတ္ထိပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

(ဤပစ္စည်းသည် အနန္တရမျိုး၌ ပါဝင်၏)

## ၂၃-ဝိဂတပစ္စည်း

ဝိဂတပစ္စယောတိ၊ ဝိဂတပစ္စည်းဟူသည်ကား—

သမနန္တရဝိဂတာ၊ မိမိအခြားမဲ့၌ ကောင်းစွာကင်းကုန်ပြီးသော။ စိတ္တစေတသိကာ၊ စိတ် စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ ရုပ်နာမ်တို့၏ စုတိကြည်သော နာမက္ခန္ဓာတရားတို့သည်။ ပစ္စုပ္ပန္နာနံ၊ နောက်ဆက်တဖန်ဖြစ်ကုန်သော။ စိတ္တစေတသိကာနံ၊ စိတ် စေတသိက် ဖြစ်ကုန်သော။ ဓမ္မာနံ၊ ရုပ်နာမ်တို့၏ စုတိစိတ်နှင့်တကွ ဖြစ်သော နာမက္ခန္ဓာတို့အား။ ဝိဂတပစ္စယေန၊ ကင်းချုပ်သည်၏ အဖြစ် ဝိဂတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

**တနည်း။** ။ဝိဂတပစ္စယေန၊ နေ၏ဝင်ခြင်းသည် လရောင်လင်းစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့ ကင်းချုပ်သည်၏အဖြစ် ဝိဂတပစ္စယသတ္တိဖြင့်၊ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

(ဤပစ္စည်းသည် အနန္တရမျိုး၌ ပါဝင်၏။)

## ၂၄-အဝိဂတပစ္စည်း

အဝိဂတပစ္စယောတိ၊ အဝိဂတပစ္စည်းဟူသည်ကား—

စတ္တာရော၊ လေးပါးကုန်သော။ အရူပိနော၊ နာမ်တရားဖြစ်ကုန်သော။ ခန္ဓာ၊ ဝေဒနာက္ခန္ဓာ၊ သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာတို့သည်။ အညမညံ၊ အချင်းချင်း။ အဝိဂတပစ္စယေန၊ မကင်းသည်၏အဖြစ် ထင်ရှားရှိနေ

ခြင်းအဝိဂတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

တနည်း။ ။အဝိဂတပစ္စယေန၊ မဟာသမုဒ္ဒရာသည် မိမိကို မှီကုန်သော ငါးမကာရ်းအစရှိသည်တို့၏ ပီတိသောမနဿပွားခြင်းငှာ မိမိ၏ မကင်းသောအဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ မကင်းသည်၏အဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

စတ္တာရော၊ လေးပါးကုန်သော။ မဟာဘူတာ၊ မဟာဘုတ် ရုပ်တို့သည်။ အညမညံ၊ အချင်းချင်း။ အဝိဂတပစ္စယေန၊ မကင်းသောအဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ဩက္ကန္တိက္ခဏေ၊ ပဋိသန္ဓေခဏ၌။ နာမရူပံ၊ ပဋိသန္ဓေ နာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်သည်။ အညမညံ၊ အချင်းချင်း။ အဝိဂတ-ပစ္စယေန၊ မကင်းသည်၏ အဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

စိတ္တစေတသိကာ၊ စိတ် စေတသိက်ဖြစ်ကုန်သော။ ဓမ္မာ၊ နာမက္ခန္ဓာ တရားလေးပါးတို့သည်။ စိတ္တသမုဋ္ဌာနာနံ၊ စိတ်ကြောင့်ဖြစ်ကုန်သော။ ရူပါနံ၊ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား။ အဝိဂတပစ္စယေန၊ မကင်းသည်၏ အဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြု တတ်သည်။ ဟောတိ၊ ဖြစ်၏။

**စက္ခာယတန (စက္ခုပသာဒ)**

စက္ခာယတနံ၊ စက္ခုပသာဒရုပ် မျက်စိအကြည်သည်။ စက္ခုဝိညာဏဓာတုယာစ၊ မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်'အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို စက္ခုဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ အဝိဂတပစ္စယေန၊ မကင်းသည်၏အဖြစ် အဝိဂတပစ္စယသတ္တိ ဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## သောတာယတန(သောတပသာဒ)

သောတာယတနံ၊ သောတပသာဒရုပ် နားအကြည်သည်။ သောတဝိညာဏဓာတုယာ စ၊ ကြားသိစိတ် 'သောတဝိညာဏဓာတ်' အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို သောတဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ အဝိဂတပစ္စယေန၊ မကင်းသည်၏ အဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြု တတ်သည်။ ဟောတိ၊ ဖြစ်၏။

## ဃာနာယတန(ဃာနပသာဒ)

ဃာနာယတနံ၊ ဃာနပသာဒရုပ် နှာခေါင်းအကြည်သည်။ ဃာနဝိညာဏ-ဓာတုယာ စ၊ နံသိစိတ် 'ဃာနဝိညာဏဓာတ်'အား လည်းကောင်း။ တံသမ္ပ-ယုတ္တကာနံ၊ ထို ဃာနဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အား လည်းကောင်း။ အဝိဂတပစ္စယေန၊ မကင်းသည်၏အဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ဇိဝှါယတန(ဇိဝှါပသာဒ)

ဇိဝှါယတနံ၊ ဇိဝှါပသာဒရုပ် လျှာအကြည်သည်။ ဇိဝှါဝိညာဏဓာတုယာ စ၊ လျက်သိစိတ် 'ဇိဝှါဝိညာဏဓာတ်'အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို ဇိဝှါဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မနဉ္စ။ စေတသိက်တရားတို့အား လည်းကောင်း။ အဝိဂတပစ္စယေန၊ မကင်းသည်၏အဖြစ် အဝိဂတပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်၊ ဟောတိ၊ ဖြစ်၏။

## ကာယာယတန(ကာယပသာဒ)

ကာယာယတနံ၊ ကာယပသာဒ ကိုယ်အကြည်သည်။ ကာယဝိညာဏဓာတုယာ-စ၊ ထိသိစိတ် 'ကာယဝိညာဏဓာတ်' အား လည်းကောင်း။ တံသမ္ပယုတ္တ-ကာနံ၊ ထို ကာယဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အား လည်းကောင်း။ အဝိဂတပစ္စယေန၊ မကင်းသည်၏အဖြစ်

အဝိဂတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ရူပါယတန (ရူပါရုံ)

ရူပါယတနံ၊ ရူပါရုံ အဆင်းရုပ်သည်။ စက္ခုဝိညာဏဓာတုယာ စ၊ မြင်သိစိတ် 'စက္ခုဝိညာဏဓာတ်'အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို စက္ခုဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ အဝိဂတပစ္စယေန၊ မကင်းသည်၏အဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## သဒ္ဒါယတန (သဒ္ဒါရုံ)

သဒ္ဒါယတနံ၊ သဒ္ဒါရုံ အသံရုပ်သည်။ သောတဝိညာဏဓာတုယာ စ၊ ကြားသိစိတ် 'သောတဝိညာဏဓာတ်' အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို သောတဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက်တရားတို့ အားလည်းကောင်း။ အဝိဂတပစ္စယေန၊ မကင်းသည်၏အဖြစ် အဝိဂတပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော။ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ဂန္ဓာယတန (ဂန္ဓာရုံ)

ဂန္ဓာယတနံ၊ ဂန္ဓာရုံ အနံ့ရုပ်သည်။ ဃာနဝိညာဏဓာတုယာ စ၊ နံသိစိတ် ဃာန ဝိညာဏဓာ'အား လည်း ကောင်း။ တံ သမ္ပယုတ္တကာနံ၊ ထို 'ဃာနဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ အဝိဂတပစ္စယေန၊ မကင်းသည်၏အဖြစ် အဝိဂတပစ္စယ သတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သတ်။ ဟောတိ၊ ဖြစ်၏၊

## ရသာယတန (ရသာရုံ)

ရသာယတနံ၊ ရသာရုံ အရသာရုပ်သည်။ ဇိဝှါဝိညာဏဓာကုယာ စ၊ လျက်သိစိတ်၊ ဇိဝှါဝိညာဏဓာတ်အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို 'ဇိဝှါဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဥ္စ၊ စေတသိက်တရားတို့အား လည်းကောင်း။ အဝိဂတပစ္စယေန။ မကင်းသည်၏အဖြစ် အဝိဂတ ပစ္စယ သတ္တိဖြင့်၊ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

## ဖောဋ္ဌဗ္ဗာယတန (ဖောဋ္ဌဗ္ဗာရုံ)

ဖောဋ္ဌဗ္ဗာယတနံ၊ ဖောဋ္ဌဗ္ဗာရုံ အတွေ့ရုပ်သည်။ ကာယဝိညာဏဓာတုယာ စ၊ ထိသိစိတ် 'ကာယဝိညာဏဓာတ်အား' အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို ကာယဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော၊ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အား လည်းကောင်း။ အဝိဂတပစ္စယေန၊ မကင်းသည်၏အဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ရူပါယတနံ၊ အဆင်းရူပါရုံသည် လည်းကောင်း။ သဒ္ဒါယတနံ၊ အသံ 'သဒ္ဒါရုံ'သည် လည်းကောင်း။ ရသာယတနံ၊ 'အရသာ' ရသာရုံသည် လည်းကောင်း။ ဖောဋ္ဌဗ္ဗာယတနံ၊ အတွေ့ 'ဖောဋ္ဌဗ္ဗာရုံ' သည် လည်းကောင်း။ မနောဓာတုယာ စ၊ မနောဓာတ်အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို မနောဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အား လည်းကောင်း။ အဝိဂတပစ္စယေန၊ မကင်းသည်၏အဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

ယံ ရူပံ၊ အကြင် ဟဒယဝတ္ထုရုပ်ကို။ နိဿာယ၊ အမှီပြု၍။ မနောဓာတု စ၊ မနောဓာတ်သည် လည်းကောင်း။ မနောဝိညာဏဓာတု စ၊ မနောဝိညာဏဓာတ်သည်လည်းကောင်း။ ဝတ္တန္တိ၊ ဖြစ်ကုန်၏။ တံ ရူပံ၊ ထို ဟဒယဝတ္ထုရုပ်သည်။ မနောဓာတုယာစ၊ မနောဓာတ်အားလည်းကောင်း။ မနောဝိညာဏဓာတုယာစ၊ မနောဝိညာဏဓာတ်အား လည်းကောင်း။ တံသမ္ပယုတ္တကာနံ၊ ထို မနောဓာတ်, မနောဝိညာဏဓာတ်နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အား လည်းကောင်း။ အဝိဂတပစ္စယေန၊ မကင်းသည်၏အဖြစ် အဝိဂတပစ္စယသတ္တိဖြင့်။ ပစ္စယော ဥပကာရကော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

(ဤပစ္စည်းသည်သဟဇာတ, ဝတ္ထုပုရေဇာတ, ပစ္ဆာဇာတ, ရူပအာဟာရ ရူပဇီဝိတိန္ဒြိယမျိုး၌ ပါဝင်၏။)

### ပစ္စယနိဒ္ဒေသ ပါဠိနိဿယ ပြီး၏။

F, 2

# တတိယပိုင်း

## ပဋ္ဌာန်း၊ ၂၄ ပစ္စည်း အဓိပ္ပာယ် ရှင်းလင်းချက်

# ၂၄ ပစ္စည်းတို့၏ အဓိပ္ပာယ် ရှင်းလင်းချက်

## [၁] ဟေတုပစ္စည်း

**မှတ်ရန်ဆိုရိုး။** ။လောဘ, ဒေါသ, မောဟ၊ အလောဘ, အဒေါသ, အမောဟဟူသော ဟိတ်ခြောက်ပါးတို့သည် မိမိတို့နှင့် ယှဉ်ဖက်ဖြစ်သောသဟိတ်စိတ် ၇၁(မောဟမူစိတ်နှစ်ပါး၌မောဟကြဉ်သော) စေတသိက် ၅၂ ပါးတို့အား လည်းကောင်း၊ မိမိတို့ကြောင့်ဖြစ်သော သဟိတ်စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ်တို့အား လည်းကောင်း ဟေတုပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။

### အဓိပ္ပာယ်ရှင်းလင်းချက်

အထက်ပါဆိုရိုးကို တနည်းဆိုရသော် လောဘစသော ဟိတ်ခြောက်ပါးတို့သည် ပစ္စည်းတရားများမည်ကုန်၏။ ယင်းတို့နှင့်ယှဉ်ဖက် ဖော်ပြပါ စိတ်၊ စေတသိက်များနှင့် ယင်းတို့ကြောင့် ဖြစ်သော ရုပ်တရားတို့သည် ပစ္စယုပ္ပန်တရားများ မည်ကုန်၏။

**ပစ္စည်းတရား**– ဟူသည် အကြောင်း တရားပင်တည်း။ အကျိုးတရားများကို ဖြစ်စေတတ် ကျေးဇူးပြုတတ်သည့် အကြောင်းတရား ဟူလို။ **ပစ္စယုပ္ပန်တရား** –ဟူသည် အကျိုးတရားပင်တည်း။ ပစ္စည်းတည်းဟူသော အကြောင်းတရားကြောင့် ဖြစ်ပေါ်လာသည့် အကျိုးတရား ဟူလို။ (ပစ္စယ=ပစ္စည်းကြောင့်+ဥပ္ပန္န=ဖြစ်ပေါ်လာသောတရား=အကျိုးတရား)

**'ဟိတ်'**(ဟေတု)–ဟူသည်အရင်းအမြစ်ဟု အဓိပ္ပာယ်ရှိသည်။ ထိုကြောင့် **'ဟိတ်တရား'**ဟူသည် အရင်းအမြစ် (ဝါ) အရင်းခံဖြစ်သော တရားဟု ဆိုလိုသည်။

**'သဟိတ်'**–ဟူသည် ဟိတ်(အရင်းအမြစ်) နှင့် တကွ ဖြစ်သော (ဝါ) ဟိတ်ကြောင့်ဖြစ်သော ဟူ၍ အဓိပ္ပာယ်ရှိသည်။ ထို့ကြောင့် ဟိတ်တရားနှင့် အတူ ယှဉ်တွဲ၍ ဖြစ်ပေါ်လာသော စိတ်၊ စေတသိက်တို့ကို သဟိတ် စိတ်၊ သဟိတ် စေတသိက်ဟု ခေါ်ဆိုရသည်။ ထို့ပြင် ယင်း ဟိတ်တရားကြောင့် ဖြစ်ပေါ်လာကြသည့် စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့ကိုလည်း သဟိတ်-စိတ္တဇရုပ်၊ သဟိတ်ပဋိသန္ဓေကမ္မဇရုပ် ဟူ၍ ခေါ်ဆိုရသည်။

**'ဟေတုပစ္စယသတ္တိ'**- ဟူသောစကား၌ 'ဟေတု'သဒ္ဒါသည် အရင်း အမြစ်၊ အရင်းခံ၊ မူလ ဟူသော အနက်ကိုဟော၍ 'ပစ္စယ' သဒ္ဒါသည် ကျေးဇူးပြုတတ်သော အကြောင်းတရားဟု ဆိုလိုသည်။ 'ပစ္စယသတ္တိ' ဟူသည် အကြောင်း (ပစ္စည်း)တရားအဖြစ်ဖြင့် ကျေးဇူးပြုတတ်သည့် အစွမ်းသဘောကို ဆိုလိုသည်။ ထို့ကြောင့် ဟိတ်ခြောက်ပါးပစ္စည်းတရားတို့သည် ဆိုရိုးလာ စိတ်၊စေတသိက်၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် ဟူသော အကျိုး(ပစ္စယုပ္ပန်) တရားတို့အား တည်တံ့နေဖို့ရာ အရင်း အမြစ်၊ အရင်း မူလ အဖြစ်ဖြင့် (ဝါ) အရင်းခံ အကြောင်းတရားအဖြစ်ဖြင့် ကျေးဇူးပြုပေးနိုင်သည့် သတ္တိထူးများရှိကြကုန်၏၊ ထိုကဲ့သို့ ကျေးဇူးပြုနိုင်သည့် သတ္တိထူးကို 'ပစ္စယသတ္တိ' ဟု ခေါ်သည်။ (နောက်နောက် ပစ္စည်းတို့၌လည်း ထိုနည်းအတူ သိပါလေ)

**ထင်ရှားစေအံ့**– သစ်ပင်ကြီးများ၌ ရေသောက်မြစ် ဟူသည် ရှိ၏။ ထိုရေသောက် မြစ် ကြောင့် သစ်ပင်တပင်လုံး မယိုင် မလဲ ခိုင်မြဲ ကြီးပွား စည်ကားရ၏။ ထိုရေသောက်မြစ်သည် သစ်ပင်တပင်လုံး မယိုင်မလဲ ခိုင်မြဲ ကြီးပွား စည်ကားစေနိုင်သော သတ္တိထူးရှိသကဲ့သို့ ထို့အတူ လောဘ စသော ဟိတ်ခြောက်ပါးတရားတို့သည် မိမိတို့နှင့်အတူယှဉ်တွဲ၍ ဖြစ်လေ့ရှိသော စိတ်၊ စေတသိက်တရားများနှင့် မိမိကြောင့်ဖြစ်ကြရကုန်သော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ် တရားများအား မယိုင်မလဲ ခိုင်မြဲကြီးပွား စည်ကား စေနိုင်သော သတ္တိထူးရှိကြသည်။

တနည်းအားဖြင့် သစ်ပင်၏အမြစ်တို့သည် မြေကြီးအတွင်း၌ ကောင်းစွာ တည်နေ၍ မြေကြီး၏ အဆီအရသာကိုလည်းကောင်း၊ ရေ၏အဆီအရသာကို လည်းကောင်း ယူပြီး ထိုသစ်ပင်သို့အဖျားတိုင်အောင် ပို့ဆောင်ပေးကြသဖြင့် ထိုသစ်ပင်သည် ကာလကြာမြင့်စွာ ပတ်လုံးကြီးပွားလျက် တည်နေရသည်။ ထို့အတူပင် လောဘ စသော ဟိတ်ခြောက်ပါး တရားတို့သည် ထိုထိုဝတ္ထု၊

အာရုံတို့၏ ကောင်း၊ မကောင်းသော အဆီအရသာကို လည်းကောင်း၊ ယင်းဝတ္ထုအာရုံ၏ သာယာအပ် မသာယာအပ်သောသဘောကိုရရှိအောင် ဆောင်ရွက်ကြ၍ လည်းကောင်း မိမိတို့နှင့် အတူယှဉ်ဖြစ်ဖက် (သမ္ပယုတ်) တရားတို့အား ကာယကံ, ဝစီကံ, ကိုယ်မှု, နှုတ်မှုဖြင့် ပြုလုပ်ကြသည့် တိုင်အောင် ကာလကြာမြင့်စွာ ထောက်ပံ့ကျေးဇူးပြုကြကုန်၏။

ဥပမာ – ပုဂ္ဂိုလ်တဦး၏ စိတ်သန္တာန်ဝယ် အာရုံတခုခု၌ 'လောဘ' အမြစ်တွယ်မိလျှင် ထိုလောဘနှင့်အတူ ယှဉ်တွဲဖြစ်ဖက် (သမ္ပယုတ်) တရားတို့သည် ထိုအာရုံပေါ်မှာ စွဲမြဲတည်တံ့လေတော့သည်။ လောဘအမြစ် ထက်သန်လေလေ, ယှဉ်ဖက် တရားတို့လည်း စွဲမြဲကြလေဖြစ်၏။ လောဘအမြစ်က ထက်သန်သလောက် (ကံ ဟုခေါ်သော) စေတနာလည်း ထက်သန်ခိုင်မြဲရကား နောင်အကျိုးပေးသည့်အခါမှာလည်း မကောင်းကျိုး(ဆိုးကျိုး)များကို လောဘအမြစ် သန်မာသလောက် စေတနာက စည်စည်ကားကား ပေးနိုင်လေသည်။

ရူပါရုံစသော အာရုံတခုခု၌ 'လောဘ'သည် လိုချင်တပ်မက်မော၍ အမြစ်တွယ်မိသောအခါ ယှဉ်ဖက်စိတ်၊ စေတသိက် ဟူသော နာမ်တရားတို့သည် ထိုအာရုံအပေါ်မှာ တည်တံ့ခိုင်မြဲစည်ပင်ကြလေကုန်၏။ ထိုစိတ်, စေတသိက် နာမ်တရားများသာ ပဟုတ်သေး။ ရုပ်တရားတို့လည်း ထိုအာရုံအပေါ်မှာ စူးစိုက်စွဲမြဲသကဲ့သို့ တည်ကြကုန်၏။ ဥပမာ- ရူပါရုံ၌ လောဘဖြစ်နေသည့်အခါ မျက်စိများလည်း (မျက်စိဆိုင်ရာ ရုပ်များ) ထိုအာရုံ၌ စူးစိုက်လျက်ရှိကုန်၏။ ထိုကဲ့သို့ဖြစ်ရာဝယ် ရူပါရုံ၌ မျက်စိစူးစိုက်နေအောင်၊ တကိုယ်လုံး မလှုပ်နိုင်ပဲဖြစ်နေအောင် လောဘဟိတ်က စိတ္တဇရုပ်တို့အား ဟေတုသတ္တိဖြင့် ကျေးဇူးပြုနေခြင်းဖြစ်၏။

အာရုံတခု၌ 'ဒေါသ' ဖြစ်ရာမှာလည်း၊ ဥပမာ– မိမိ မုန်းတီးနေသော လူတယောက်ကိုမြင်ရလျှင် တကိုယ်လုံးရှိက်ချင်နှက်ချင် အံတကြိတ်ကြိတ်နှင့် ဖြစ်နေအောင် ဒေါသဟိတ်က (စိတ္တဇရုပ်တို့အား) ထောက်ပံ့ ကျေးဇူးပြုနေသည်။ထို့အတူ 'မောဟ'ဟိတ်က ကျေးဇူးပြုပေးသောကြောင့် စိတ်၊စေတသိက်များ ထိုင်းမှိုင်းနေကြသည်သာ မက ရုပ်နှင့်ပတ်သက်၍ တကိုယ်လုံး ထူထူထိုင်းထိုင်း ငိုင်တိုင်တိုင် ဖြစ်နေလေသည်။

ထို့ပြင် **အလောဘ၊ အဒေါသ၊ အမောဟ** ဟူသောဟိတ် တရားတို့က ကျေးဇူးပြု၍လည်း ထိုအာရုံများ၌ တွယ်တာခြင်းမရှိ၊ ဒေါသလည်း မဖြစ်ပဲ ဉာဏ်ပညာ (အမောဟ) အတွက် စိတ်၊ စေတသိက် များသာမက ရုပ် နှင့် ပတ်သက်၍ တကိုယ်လုံးသွက်လက်ထက်မြက်နေကြကုန်၏။ဤသို့လျှင် လောဘ စသည့် ဟိတ်တရားတခုခုဖြစ်လေသော် စိတ်၊ စေတသိက်–ဟူသော ယှဉ်ဖက် (သမ္ပယုတ်) တရားတို့သည် ထိုဟိတ်တရား၏ သဘောအလိုက် (သဘော အတိုင်း) ဖြစ်ကြရကုန်၏။ အတူတကွဖြစ်ဖက် (သဟဇာတ်) ရုပ်တရားများ= ရုပ်ကလာပ်များလည်း ထိုဟိတ်တရား၏ သဘောအတိုင်းပင် ဖြစ်ကြရသည် သာတည်း။

လောဘ (လိုချင်တပ်မက်ခြင်း)၊ ဒေါသ (ခက်ထန် ကြမ်းတမ်းခြင်း)၊ မောဟ (တွေဝေခြင်း၊ မသိခြင်း)- ဟူသော ဟိတ်တရား သုံးပါးတို့သည် မကောင်းကျိုးကို ဖြစ်စေတတ်သော၊ မကောင်းသော အကုသိုလ်ဟိတ်တရား သုံးပါးတို့မည်ကုန်၏။ အလောဘ (မလိုချင်မတပ်မက်ခြင်း)၊အဒေါသ(မခက် ထန်မကြမ်းတမ်းခြင်း)၊ အမောဟ=ပညာ (မတွေဝေခြင်း၊ သိမြင်ခြင်း)–ဟူ သောဟိတ်တရား သုံးပါးတို့ကား ကောင်းကျိုးကို ဖြစ်စေတတ်သော၊ ကောင်း သောကုသိုလ်ဟိတ်တရား သုံးပါးတို့မည်ကုန်၏။ ယင်း ဟိတ်ခြောက်ပါးလုံး သည် စေတသိက် တရားများချည်းဖြစ်ကုန်၏။ စေတသိက်ဟူသည် စိတ်ကို အမှီပြု၍ စိတ်နှင့်တပါတည်း ဖြစ်ကြသောတရားများဖြစ်၏။

## အကုသိုလ်ဟိတ်တို့က ကျေးဇူးပြုပုံ

ယောကျ်ားတဦးသည် မိန်းမတဦး၌ တပ်နှစ်သက်သည့်စိတ် ဖြစ်ပေါ်လာသော် ထိုယောကျ်ားသည် ထိုမိန်းမ၌ တပ်နှစ်သက်သည့်စိတ်ကို မတွန့်သမျှကာလ ပတ်လုံး ထိုမိန်းမကိုအစွဲပြု၍ ထိုယောကျ်ားအား '**လောဘ**'နှင့်တကွ ဖြစ်ကုန် သော ကာယကံ၊ ဝစီကံ၊ မနောကံ တို့လည်း ဖြစ်ကြကုန်၏။ လောဘကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့လည်း ကာလကြာရှည်စွာပင် ထပ်တလဲလဲ ဖြစ်နေ ကုန်၏။ အလုံးစုံသော ထို စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့သည် ထိုမိန်းမ၌ တပ်နှစ်သက်သည့် 'လောဘ'လျှင် အကြောင်းရင်းရှိကုန်၏။ ထိုလောဘသည် ထို စိတ်၊ စေတသိက်။ (စိတ္တဇ) ရုပ်တို့၏ အရင်းအမြစ် ဖြစ်လေသောကြောင့်

ဟိတ်(ဟေတု)မည်၏။ ထိုစိတ်၊ စေတသိက်၊ (စိတ္တဇ)ရုပ်တို့အား ကျေးဇူး ပြုတတ်သောကြောင့် ပစ္စည်း(ပစ္စယ)လည်းမည်၏။ ထို့ကြောင့် လောဘသည် ဟေတု ပစ္စည်းမည်၏။

ထိုတွင် သစ်ပင်၏အမြစ်သည် သစ်ပင်တပင်လုံးအား မြေ၏အဆီအရသာ၊ ရေ၏အဆီအရသာတို့ကို ပို့ပေး၍ ကြာမြင့်စွာ တည်တံ့နေအောင် ကျေးဇူး ပြုသကဲ့သို့၊ ထို့အတူ – လောဘသည်လည်း၊ ထိုထိုဝတ္ထုအာရုံတို့၌ တပ်နှစ်သက် ခြင်း၏အစွမ်းအားဖြင့် ကောင်းစွာစွဲမြဲတည်နေပြီး ထိုထိုဝတ္ထုအာရုံ၏ချစ်အပ် နှစ်သက်အပ်သည့် သဘောရှိသော အဆီအရသာကိုလည်းကောင်း၊ သာယာ အပ်သည့် သဘောရှိသော အဆီအရသာကို လည်းကောင်း ယူ၍ အတူဖြစ်ဖက် စိတ်၊ စေတသိက်၊ (စိတ္တဇ) ရုပ်တရားတို့အား ကိုယ်ဖြင့် ကျူးလွန်ခြင်း, နှုတ်ဖြင့်ကျူးလွန်ခြင်းတို့သို့ ရောက်အောင် လုပ်ဆောင်လေ၏။

ယို့အတူ မနှစ်သက် (ရွံရှာ၊မုန်းတီး)အပ်သည့် ဝတ္ထုတို့၌ **'ဒေါသ'**သည် လည်း ပနှစ်သက်ခြင်း၊ ပြစ်မှားခြင်း၏ အစွမ်းအားဖြင့် မချစ်မနှစ်မြို့အပ် သည့်သဘောရှိသော အဆီးအရသာကိုလည်းကောင်း၊ မသာယာအပ်သည့် သဘောရှိသော အဆီအရသာကိုငင်း ပွားစေ၍ (လောဘနည်းတူသိလေ)။ တဖန် တွေဝေအပ်သည့် ဝတ္ထုတို့၌ **'မောဟ'**သည်လည်း တွေဝေခြင်းအစွမ်း အားဖြင့် ထိုထိုအာရုံတို့၌ အချည်းနှီးသော စိတ်ဖြစ်ခြင်း–ဟူသော အဆီ အရသာကို ပွားစေ၍ (လောဘနည်းတူ သိလေ)။

ဤသို့လျှင် မကောင်းသော မူလတရားများဖြစ်သည့် 'လောဘ၊ ဒေါသ၊ မောဟ' ဟူသော ဟိတ်တရားသုံးပါးတို့သည် အကုသိုလ်တရားတို့၌ ယှဉ်ဖက် စိတ်၊စေတသိက်တရားများနှင့် ထွက်ဖြစ်ဖက် (စိတ္တဇ) ရုပ်တရားများအား ရှင်လန်းစေပြီး ကာလကြာမြင့်စွာ တိုးပွားစည်ပင်စေကုန်၏။ မိမိတို့၏ အရင်းမူလ သဘာဝအတိုင်း ဖြစ်ပွား တည်မြဲစေကုန်၏။

## ကုသိုလ်ဟိတ်တို့က ကျေးဇူးပြုပုံ

အခါတပါး၌ ထိုယောကျ်ားသည် ဝတ္ထုကာမ၊ ကိလေသာကာမတို့၌ အပြစ် ကို မြင်ရသောအခါ ထိုမိန်းမ၌ တပ်နှစ်သက်တတ်သော စိတ်ကိုစွန့်၏။ ထိုမိန်းမ

ကို အစွဲပြု၍ '**အလောဘ**'(မတပ်မက်မှု)သည် ဖြစ်၏။ ရှေးအခါကထိုမိန်းမကို အစွဲပြု၍ လောဘလျှင် အကြောင်းရှိကုန်သော မစင်ကြယ်သည့် ကာယကံ, ဝစီကံ,မနောကံတို့သည် ဖြစ်ခဲ့ကုန်၏။ ယခုမူ အလောဘလျှင် အကြောင်းရင်း ရှိကုန်သော စင်ကြယ်သည့် ကာယကံ, ဝစီကံ, မနောကံတို့သည် ဖြစ်ကုန်၏။ သီလကိုဆောက်တည် ထိန်းသိမ်း၏။ ကာမဂုဏ်ကို စွန့်ခွာ၍ ရဟန်းပြုကာ ရဟန်း ကျင့်ဝတ်သိက္ခာပုဒ်တို့ကို ဆောက်တည် ကျင့်သုံး၏။ ကမ္မဋ္ဌာန်း ဘာဝနာမှုများကို စီးဖြန်းအားထုတ်၏။နောက်ဈာန်,မဂ်,ဖိုလ်တရားတို့ကို ရရှိလေ၏။ ဤသို့လျှင်ထိုအလောဘသည် ထိုစင်ကြယ်သည့် ကာယကံ, ဝစီကံ, စသည့် တို့၏ အရင်းမြစ် ဖြစ်လေသောကြောင့် ဟိတ် (ဟေတု) မည်၏။ ထိုစင်ကြယ်သောစိတ်၊ စေတသိက် ရုပ်အမှုတွေကို ကျေးဇူးပြုလေသော ကြောင့် ပစ္စည်း(ပစ္စယ)လည်း မည်၏။ ထိုကြောင့် အလောဘသည် ဟေတု ပစ္စည်းမည်၏။

ထိုတွင် 'အလောဘ'သည် (သစ်ပင်၏ အမြစ်ကဲ့သို့) ချစ်နှစ်သက်အပ်, တပ်မက်အပ်သောဝတ္ထုတို့၌ လောဘကိုပယ်၍၊ လောဘကင်းခြင်း(မတပ်မက်ခြင်း)ကို အစွဲပြု၍ ဖြစ်သည့်ချမ်းသာခြင်း-ဟူသော အဆီအရသာကို တိုးပွား စေလျက်၊ ထိုလောဘကင်းမှု၏ ချမ်းသာသုခဖြစ် ယှဉ်ဖက်၊ တကွဖြစ်ဖက် တရားတို့အား ရှင်လန်းစေပြီး ဈာန်မဂ်ဖိုလ် ချမ်းသာ ဖြစ်သည့်တိုင်အောင် ပွားစီးစေလေ၏။

ထို့အတူ '**အဒေါသ**'သည်လည်း မနှစ်မြို့အပ်,ပြစ်မှားအပ်သော ဝတ္ထုတို့၌ ဒေါသကင်းခြင်းကို စွဲ၍ဖြစ်သည့် ချမ်းသာသုခဟူသော အဆီအရသာကို ပွားစေ၍ (အလောဘနည်းတူသိလေ)။ တဖန် '**အမောဟ**' (ပညာ) သည် လည်း မောဟကင်းခြင်းကို စွဲ၍ဖြစ်သည့် ချမ်းသာသုခ ဟူသော အဆီအရသာ ကို ပွားစေ၍ (အလောဘနည်းတူသိလေ)။

ဤသို့လျှင် ကောင်းသောမူလတရားများဖြစ်သည့် 'အလောဘ၊အဒေါသ၊ အမောဟ' ဟူသော ဟိတ်တရာ သုံးပါးတို့သည် ကောင်းသော (ကုသိုလ်၊ ကြိယာ၊ဝိပါက်) တရားတို့၌ ယှဉ်ဖက်တရားတို့အား ရှင်လန်းစေပြီး ကာလ ကြာမြင့်စွာ တိုးပွား စည်ပင်ကုန်၏။ မိမိတို့၏ အရင်း မူလ သဘာဝအတိုင်း ဖြစ်ပွား တည်မြဲစေကုန်၏။

## စိတ် ၈၉ ပါး

စိတ်သည် ၈၉ ပါး အပြားရှိ၏။ စိတ်တခုယုတ် ကိုးဆယ်-ဟု ခေါ်လေ့ရှိ၏။ ယင်းစိတ် ၈၉ ပါးကို ခြောက်ခု ခြောက်မျိုး ခွဲခြားထား၏။ ယင်းတို့မှာ—

(၁) အကုသိုလ်စိတ်· ၁၂ ပါး၊ (၂) အဟိတ်စိတ်· ၁၈ ပါး၊ (၃) ကာမဘုံဆိုင်ရာ ကာမာဝစရသောဘနစိတ်· ၂၄ ပါး၊ (၄) ရူပဗြဟ္မာဘုံဆိုင်ရာ ရူပါဝစရစိတ်· ၁၅ ပါး၊ (၅) အရူပဗြဟ္မာဘုံဆိုင်ရာ အရူပါဝစရစိတ်·၁၂ပါး (၆) လောကုတ္တရာစိတ် ရှစ်ပါး။

ထိုတွင် အဟိတ်စိတ် ၁၈-ပါးသည် လောဘစသည် မည်သည့် ဟိတ်တရားကြောင့်မျှ မဖြစ်သော စိတ်များ ဖြစ်၏။ (ထို့ကြောင့် အဟိတ်စိတ်ဟု ခေါ်၏။) ကြွင်းသောစိတ်အားလုံး ၇၁-ပါးသည်' လောဘစသည့် ဟိတ်တရားတို့ကြောင့် ဖြစ်သည့် စိတ်များ ဖြစ်ကုန်၏။ ထို့ကြောင့် ယင်းတို့ကို သဟိတ်စိတ်ဟု ခေါ်သည်။ တဖန်—သဟိတ်စိတ် ၇၁-ပါးတို့တွင် အကုသိုလ်စိတ် ၁၂-ပါးတို့သည် 'လောဘ၊ ဒေါသ၊ မောဟ' ဟူသော မကောင်းသော ဟိတ်သုံးပါးတို့ကြောင့်ဖြစ်၍ မကောင်းသောစိတ်များ ဖြစ်ကုန်၏။ ထိုမှ ကြွင်းသော စိတ် ၅၉-ပါး တို့သည် 'အလောဘ၊ အဒေါသ၊ အမောဟ' ဟူသော ကောင်းသော ဟိတ်သုံးပါးတို့ကြောင့်ဖြစ်၍ ကောင်းသော (သောဘန) စိတ်များ ဖြစ်ကုန်၏။

တဖန် အကုသိုလ်စိတ် ၁၂-ပါးကိုလောဘမူစိတ်(လောဘအရင်းခံရှိသော စိတ်) ရှစ်ပါး+ဒေါသမူစိတ် နှစ်ပါး+မောဟမူစိတ် နှစ်ပါး ဟူ၍ သုံးမျိုး ခွဲခြားထား၏။ ယင်းစိတ်တို့သည် လောဘ၊ ဒေါသ၊ မောဟ'(စေတသိက်) ဟူသော သုံးပါးတို့ကြောင့် ဖြစ်ကြ၏။ ထိုတွင် မောဟသည် အကုသိုလ်စိတ် ၁၂-ပါးလုံး၌ဖြစ်၏။ လောဘသည် လောဘမူစိတ် ရှစ်ပါး၌သာ ဖြစ်၏။ ဒေါသသည် ဒေါသမူစိတ် နှစ်ပါး၌သာ ဖြစ်၏။ သို့ဖြစ်၍ လောဘမူစိတ် ရှစ်ပါး၌ လောဘနှင့် မောဟတို့ ဖြစ်၍ ဒေါသမူစိတ် နှစ်ပါး၌ ဒေါသနှင့် မောဟတို့ ဖြစ်ကြ၏။ မောဟမူ စိတ်၌ကား မောဟတပါးတည်းသာ ဖြစ်၏။

**မှတ်ချက်။** ။မောဟမူစိတ် နှစ်ခု၌ ယှဉ်သော မောဟမှာ အကြောင်းဟေတုပစ္စည်း ဖြစ်ပြီး ယှဉ်ဖက်မရှိ။ မောဟကြောင့် မောဟဖြစ်သည်။ (ဝါ) မောဟသည် မောဟအား ကျေးဇူး ပြုသည်ဟု မဆိုနိုင်

ရကား အကျိုးပစ္စယုပ္ပန်ဘက်၌ မောဟကို ကြဉ်ဖယ်ထားရသည်။ ထို့ကြောင့် 'မောဟမူ နှစ်ပါး၌ မောဟကြဉ်သော'ဟူ၍ ဆိုရလေသည်။

ကာမာဝစရ၊ ရူပါဝစရ၊ အရူပါဝစရ၊လောကုတ္တရာ ဟူသော'သောဘန' စိတ်လေးမျိုး (စိတ်ပေါင်း ၅၉ ပါး)တို့တွင် ကာမဝစရစိတ် ၂၄ ပါးအနက် ဉာဏ်နှင့် မယှဉ်သည့်စိတ် ၁၂ ပါး၌အမောဟဟိတ် (ပညာစေတသိက်) မဖြစ်ပဲ 'အလောဘ၊ အဒေါသ' ဟူသော ဟိတ်နှစ်ပါးသာ ဖြစ်ကြ၏။ ကျန်ကာမာဝစရစိတ်၁၂ပါးနှင့်တကွ အလုံးစုံသော ရူပါဝစရ၊ အရူပါဝစရ၊ လောကုတ္တရာ တို့၌ကား အလောဘ၊ အဒေါသ၊ အမောဟ (ပညာ)ဟိတ် သုံးပါးလုံးပင် ဖြစ်ကြကုန်၏။

## စေတသိက် ၅၂ ပါး

စေတသိက် ဟူသည် စိတ်ကိုအမှီပြု၍ (ဝါ) စိတ်နှင့် အတူ ယှဉ်တွဲ၍ ဖြစ်ကြသည့် တရားများ ဖြစ်ကြသည်။ တနည်းအားဖြင့် စိတ်၏ အရည်အချင်း၊ ဂုဏ်သတ္တိသည် စေတသိက်မည်၏။ စိတ်နှင့် စေတသိက်တို့သည် (သတ္တိနှင့်သတ္တိရှိသူကဲ့သို့) ခွဲခြား၍ မရစကောင်း။ စိတ်ဖြစ်ပေါ်တိုင်း စေတသိက်များလည်း တပါတည်း ဖြစ်လာကြရ၏။ လူစသည် အရာဝတ္ထုနှင့် အရိပ်ကဲ့သို့မှတ်။ ထို့ကြောင့် စိတ်နှင့် စေတသိက်တို့သည် "တူသောဖြစ်ခြင်း၊တူသော ချုပ်ခြင်း၊ တူသောအာရုံရှိခြင်း၊ တူသော မှီရာဝတ္ထုရှိခြင်း"ဟူသောသမ္ပယုတ် လက္ခဏာ လေးပါးတို့ဖြင့် မကွေမကွာ ယှဉ်တွဲ ဖြစ်နေကြကုန်၏။

စေတသိက်မှာ ၅၂ ပါးရှိ၏ ယင်း ၅၂ပါးကို လေးစုလေးမျိုး အားဖြင့် ခွဲခြားထား၏။ (၁)**သဗ္ဗစိတ္တသာ ဓာရဏ စေတသိက်** ခုနစ်ပါး။စိတ် ၈၉ ပါးလုံး၌ တစုတပေါင်းတည်း ယှဉ်ဖြစ်လာသော စေတသိက် များတည်း။ (၂)**ပကိဏ်းစေတသိက်ခြောက်ပါး**။စိတ် ၈၉ ပါးအနက် များစွာသောစိတ်တို့၌ရောပြွမ်း၍ ယှဉ်သောစေတသိက် များတည်း။ ယှဉ်ပုံမှာ တခုနှင့်တခု မတူချေ။(၃)**အကုသိုလ် စေတသိက် ၁၄ ပါး**။အကုသိုလ်စိတ် ၁၂ ပါးတို့၌ ထိုက်သည် အားလျော်စွာယှဉ်သော စေတသိက်များတည်း။ ယင်းတို့အထဲ၌ 'လောဘ၊ ဒေါသ၊ မောဟ'ဟိတ် သုံးပါး ပါဝင်၏။ **သောဘန စေတသိက် ၂၅ ပါး**။ သောဘနစိတ် ၅၉ပါးတို့၌ ထိုက်သည့်အားလျော်စွာ ယှဉ်သော

စေတသိက်များတည်း။ ယင်းတို့အထဲ၌ 'အလောဘ၊ အဒေါသ၊ အမောဟ' ဟိတ်သုံးပါးတို့ ပါဝင်၏။

ဖော်ပြပါ စေတသိက် ၅၂ ပါးတို့သည် (အဟိတ်စိတ် ၁၈ ပါးမှ တပါးသော)သဟိတ်စိတ် ၇၁ ပါးတို့၌ ထိုက်သည့်အားလျော်စွာ ယှဉ်၍ ဖြစ်ကြကုန်၏။

## ကမ္မဇနှင့် စိတ္တဇရုပ်

ရုပ်တရားတို့မှာ (၁)ကံကြောင့်ဖြစ်သော ကမ္မဇရုပ်၊ (၂)စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်၊ (၃) ဥတုကြောင့်ဖြစ်သော ဥတုဇရုပ်၊ (၄) အာဟာရကြောင့် ဖြစ်သော အာဟာရဇာရုပ် ဟူ၍ အကြောင်းတရားကိုစွဲပြီး ရုပ်လေးမျိုး ကွဲပြား၏။

ထိုတွင် (၁)**ကမ္မဇရုပ်** ဟူသည် ကံကြောင့်ဖြစ်သော ရုပ်မျိုးဖြစ်သောကြောင့် ကံကြောင့်သာ ဖြစ်ရသော ပဋိသန္ဓေစိတ်နှင့် အတူတကွ တပြိုင်နက်သာဖြစ်ရသည်။ (၂)ပဋိသန္ဓေစိတ်မှာ ဥပါဒ် ဌီ ဘင်ခေါ်ဖြစ် တည် ပျက် ခဏငယ် သုံးခုရှိလေရာ ထို ပဋိသန္ဓေစိတ်၏ ဌီခဏ၌ **ဥတုဇရုပ်** ဖြစ်၏။ (၃) ပဋိသန္ဓေစိတ်နောက် ဘဝင်စိတ်များ ဖြစ်ကြလေရာ **စိတ္တဇရုပ်**သည် ပထမဘဝင်၏ ဥပါဒ်ခဏ၌ဖြစ်၏။ (၄)ထိုပဋိသန္ဓေနေသော သတ္တဝါသည် ဗဟိဒ္ဓမှ ဩဇာခေါ် အာဟာရဓာတ် ရရှိသောအခါတွင် **အာဟာရဇရုပ်** စတင်ဖြစ်လေ၏။

သတ္တဝါတဦး ပဋိသန္ဓေနေသည်မှာ ပဋိသန္ဓေစိတ်ဖြစ် (ဥပါဒ်) သည်မှစ၍ စုတေသည့်အထိ ကာလတခုလုံးကို ပဋိသန္ဓေအခါနှင့် ပဝတ္တိအခါ ဟူ၍ နှစ်မျိုးခွဲထား၏။ ပဋိသန္ဓေစိတ်၏ ဥပါဒ် (ဖြစ်)ခဏကို ပဋိသန္ဓေအခါဟု ယူ၍၊ ယင်းစိတ်၏ ဌီခဏမှစပြီး စုတိစိတ် ကျသည့် ကာလအထိကို ပဝတ္တိအခါဟု ယူရ၏။

ကမ္မဇရုပ်သည် ပဋိသန္ဓေစိတ်၏ ဥပါဒ် (ဖြစ်)ခဏမှ ထိုသတ္တဝါ စုတေသည့်အထိ တည်ရှိသောကြောင့် ပဋိသန္ဓေအခါ၊ ပဝတ္တိအခါ နှစ်ပါးလုံးနှင့် ဆက်ဆံ၏။ စိတ္တဇ၊ ဥတုဇ အာဟာဇ ရုပ်တို့သည်ကား ပဝတ္တိအခါမှသာ ဖြစ်ကြသောကြောင့် ပဝတ္တိရုပ်မျိုးချည်းသာတည်း။ (ပဋိသန္ဓေအခါနှင့် လုံးဝ

မသက်ဆိုင်)။ ထို့ကြောင့် ယင်းရုပ်သုံးမျိုးမှာ ပဋိသန္ဓေအခါ၊ ပဝတ္တိအခါဟု ခွဲခြားသတ်မှတ် ဖော်ပြစရာ မလိုတော့ချေ။ ကမ္မဇရုပ်အဖို့မှာသာ ယင်းသို့အခါ နှစ်မျိုးခွဲခြားသတ်မှတ်ရန် လို၏။

ဤဟေတုပစ္စည်း၌ ပဋိသန္ဓေ ကမ္မဇ၊ ပဝတ္တိကမ္မဇ နှစ်မျိုးတွင် ပဋိသန္ဓေ ကမ္မဇရုပ်ကိုသာ ယူအပ်၏။ ထို့ပြင် စိတ္တဇရုပ်မျိုးသည် ပဝတ္တိအခါမှာသာ ဖြစ်သောကြောင့် 'ပဝတ္တိ' ဟူသော စကားဖြင့် အထူးပြုဖွယ်မလို။ ထင်ရှားပြီး ဖြစ်၏။ တဖန်လည်း ယင်း ကမ္မဇနှင့် စိတ္တဇရုပ်တို့မှာ ဟိတ်ကြောင့် ဖြစ်ရသော 'သဟိတ် ကမ္မဇ၊ သဟိတ်စိတ္တဇ' မျိုးနှင့် ဟိတ်ကြောင့်မဟုတ်ပဲ ဖြစ်သော 'အဟိတ်ကမ္မဇ၊ အဟိတ်စိတ္တဇ' မျိုးဟူ၍ နှစ်မျိုးစီ ရှိလေရာ ဤဟေတုပစ္စည်း၌ ပစ္စည်း၏ သဘောလက္ခဏာအတိုင်းပင် 'သဟိတ် ကမ္မဇ' နှင့် 'သဟိတ်စိတ္တဇ' ရုပ်မျိုးကိုသာ ယူရမည်ဖြစ်၍ 'သဟိတ်' ဟူသော စကားကို ထည့်ပေးရခြင်း ဖြစ်၏။

သတ္တဝါတို့ သန္တာန်၌ ကမ္မဇ၊ စိတ္တဇ၊ ဥတုဇ၊ အာဟာရဇ ဟူသော ရုပ်လေးမျိုးတို့သည် အထက်ဖော်ပြပါ ကာလ အသီးသီးမှစ၍ တဘဝလုံး အဆက်မပြတ် ဖြစ်နေကြကုန်၏။ တို့တွင် ဥတုဇနှင့် အာဟာရဇ ရုပ်တို့မှာ ဤဟေတုပစ္စည်းနှင့် လုံးဝ ဆက်စပ်မှု မရှိသောကြောင့် ယင်းတို့ကို ဤ၌ ကြဉ်ဖယ်ထားရသည်။

**ဘုံသုံးမျိုး။** ။သတ္တဝါတို့မှာ ယင်းတို့၏ ခန္ဓာ ဖွဲ့စည်းပုံကို အစွဲပြု၍ "ရုပ်ခန္ဓာ တမျိုးသာရှိသော သတ္တဝါ၊ နာမ်ခန္ဓာလေးပါးသာရှိသော သတ္တဝါ၊ ရုပ်နာမ် ခန္ဓာ ငါးပါးလုံး ရှိသော သတ္တဝါ" ဟူ၍ သုံးမျိုးရှိ၏။ ထိုသတ္တဝါတို့ ဖြစ်ရာ ဘုံကိုလည်း ထို့အတူပင် သုံးမျိုးခွဲခြားထားအပ်၏။ သတ္တဝါတို့ ဖြစ်ရာ ဘုံ ၃၁ ရှိသည့် အနက်-

(၁) '**အသညသတ်**' ခေါ်သော ဗြဟ္မာ့ဘုံ၌ ဖြစ်သော သတ္တဝါတို့မှာ ရူပက္ခန္ဓာဟူသော ရုပ်ခန္ဓာ တမျိုးတည်းသာ ရှိသောကြောင့် ထိုဘုံကို **ဧကဝေါကာရဘုံ**= ခန္ဓာတပါးသာ ရှိသော ဘုံဟု ခေါ်၏။ (၂) 'အရူပ' ခေါ် ရုပ်မရှိသော ဗြဟ္မာ့ဘုံ လေးဘုံ၌ ဖြစ်သော သတ္တဝါတို့မှာ နာမ်ခန္ဓာ လေးပါးတို့သာ ရှိသောကြောင့် ထိုလေးဘုံကို **စတုဝေါကာရဘုံ**= ခန္ဓာလေးပါးသာ ရှိသောဘုံဟု ခေါ်၏။ (၃) ထိုမှကြွင်းသော ရူပ ဗြဟ္မာ့ဘုံ ၁၅ ဘုံနှင့် ကာမ ၁၁ ဘုံဟူသော ၂၆ ဘုံတို့၌ ဖြစ်ကြသည့် သတ္တဝါတို့မှာ ရုပ်နာမ်

ခန္ဓာ ငါးပါးလုံး ရှိကြသောကြောင့် ထိုဘုံတို့ကို **ပဉ္စဝေါကာရဘုံ**= ခန္ဓာ ငါးပါးရှိသော ဘုံဟု ခေါ်၏။

ဤဟေတုပစ္စည်း၌ ဟိတ်ခြောက်ပါး ဟူသော နာမ်တရားတို့က မိမိတို့နှင့်ယှဉ်ဖြစ်ဖက်(သမ္ပယုတ်) နာမ်တရားများ နှင့် မိမိတို့ကြောင့် ဖြစ်ရသော ကမ္မဇ၊ စိတ္တဇရုပ် နှစ်မျိုးတို့အား ကျေးဇူးပြုသည်ဖြစ်ရာ အသညသတ် ဘုံ၌ ဟိတ်တရား မရှိရကား ဟေတုပစ္စည်းကို မရနိုင်။ ဟိတ်တရားတို့သည် အရူပ လေးဘုံ၌ နာမ်တရားများအားသာ ကျေးဇူးပြုနိုင်ပြီး၊ ကြွင်းသော ပဉ္စဝေါကာရ ၂၆ ဘုံတို့၌မူ ရုပ်တရား၊နာမ်တရား နှစ်မျိုးလုံးအား ကျေးဇူး ပြုနိုင်သည် ဟူ၍ နားလည် သဘောပေါက်ရာ၏။

# သုတ္တန်နည်း

ဘုရားရှင် တရားဟောကြားတော်မူရာ၌ သုတ္တန်နည်းနှင့် အဘိဓမ္မာနည်း ဟူ၍ နှစ်မျိုးရှိသည်။ သုတ္တန်နည်း ဟူသည် တရားနာပုဂ္ဂိုလ်တို့ နားလည်ရုံ၊ ယင်းတို့နှင့် သင့်တော်ရုံဖြစ်သော အကြမ်းဖျဉ်း ယေဘုယျ သဘောအားဖြင့် ဟောကြားအပ်သော နည်းဖြစ်၏။ အဘိဓမ္မာနည်းသည်ကား တရားနာသတ္တဝါတို့၏ စရိုက်နှင့် အသိဉာဏ် အနု အရင့်ကို မလိုက်ပဲ၊ တရားရှိသည့်အတိုင်း (ဝါ) ဓမ္မဋ္ဌိတိနှင့်ကျကျသာ အသေးစိတ်၊ အနုစိတ်အားဖြင့် နက်နဲသိမ်မွေ့စွာ အကုန်အစင် ပြည့်ပြည့်စုံစုံ ဟောကြားအပ်သောနည်းဖြစ်သည်။

ဤ၌ ဟေတုပစ္စည်း၏ သဘော အဓိပ္ပာယ်ကို (ဖော်ပြပါ အဘိဓမ္မာနည်းအပြင်) သုတ္တန်နည်း အားဖြင့်လည်း နှိုင်းယှဉ် လေ့လာရာ၏။

သုတ္တန်နည်း၌– 'အဝိဇ္ဇာ' ဟု ဆိုအပ်သော 'မောဟ' သည် လည်းကောင်း၊ 'တဏှာ' ဟု ဆိုအပ်သော 'လောဘ'သည် လည်းကောင်း - ဤမကောင်းသော အရင်းမူလ တရားနှစ်ပါး (ဒွိမူလ) တို့သည် အလုံးစုံသော ဝဋ်ဆင်းရဲ ဒုက္ခတရားအပေါင်း၏ အရင်းအမြစ် ဖြစ်ကုန်၏။ 'ဒေါသ'သည်ကား 'လောဘ'၏ အကျိုးဆက်မျှသာ ဖြစ်သော အကုသိုလ် အရင်း အမြစ်ဖြစ်၏။ လောဘဖြစ်လျှင် ဒေါသလည်း လိုက်ပါလာရသည်–ဟူလို။

တဖန်– 'ဝိဇ္ဇာ'ဟု ဆိုအပ်သော 'အမောဟ' သည်လည်းကောင်း၊ 'တပ်မက်မှုကိုစွန့်ခြင်း'ဟူသည့် 'နေက္ခမ္မဓာတ်'ဟု ဆိုအပ်သော 'အလောဘ' သည်

လည်းကောင်း၊ ဤကောင်းမြတ်သော တရားနှစ်ပါးတို့သည် ဝဋ်ဆင်းရဲကင်းသော (ဝါ) ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ဖြစ်သော တရား တို့၏ အရင်းအမြစ်တို့ ဖြစ်ကုန်၏။ 'အဒေါသ'သည်ကား 'အလောဘ'၏ အကျိုးဆက်မျှသာ ဖြစ်သော ကုသိုလ် အရင်း အမြစ် ဖြစ်၏။ လောဘမရှိတော့လျှင် ဒေါသလည်း ကင်းတော့သည်သာ - ဟူလို။

ဤသို့ ဟိတ်ခြောက်ပါး ဟူသော အရင်း အမြစ် မူလ တရား တို့သည် အတူတကွ ဖြစ်ဖက်လည်းဟုတ်၊ ဖြစ်ဖက်လည်း မဟုတ် ကုန်သော ရုပ်နာမ် တရားတို့အား ကျေးဇူး ပြုတတ်ကုန်၏။ ဤကား သုတ္တန် ပါဠိတော် တို့၌ လာသောနည်းတည်း။ အဘိဓမ္မာနည်းမှာ ဟိတ်ခြောက်ပါး တရား များက အတူတကွ ဖြစ်ဖော်ဖြစ်ဖက် တရား များကို ကျေးဇူး ပြုသည်။ ဤကား အထူးတည်း။

**မှတ်ချက်။** ။လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည် ဟူသော သုဂတိဘုံများ၌ စည်းစိမ်ချမ်းသာ သုခကို အလိုရှိသဖြင့် ကုသိုလ်တရားများ (ပုညာဘိ သင်္ခါရ၊ အာနေဉ္ဇာဘိ သင်္ခါရ)ကို ပြုလုပ် ကြခြင်းကား (ယင်းသို့ ပြုလုပ်ခြင်း၌ အလောဘ, အဒေါသ, အမောဟ - ဟူသော ဟိတ်ကောင်းသုံးပါး ပါကြသော်လည်း) အမှန်စင်စစ် 'ဘဝဟူသမျှ ဒုက္ခကြီးသာ' ဟု မသိမှု 'အဝိဇ္ဇာ' ဓာတ်ကြီးနှင့် ထိုသုဂတိ ဘုံများ၏ 'တံလျှပ်ပမာ' စည်းစိမ်ချမ်းသာကလေးကို တပ်မက်မှု 'တဏှာ'ဓာတ်ကြီး တို့၏ လှည့်စား, ဖြားယောင်းမှုကြောင့် 'ဘဝမီးစာ - ကုသိုလ်ရှာ'ခြင်းသာဟု မှတ်ယူရာ၏။ ။

## [၂] အာရမဏ ပစ္စည်း

**မှတ်ရန်ဆိုရိုး။** ။အလုံးစုံသော စိတ် ၈၉၊ စေတသိက် ၅၂၊ ရုပ် ၂၈ ထို့နှင့်တကွ နိဗ္ဗာန်, ပညတ် ဟူသော အာရုံ ခြောက်ပါးတို့သည်- မိမိတို့ကို အာရုံပြု၍ ဖြစ်ကုန်သော အလုံး စုံသော စိတ် ၈၉၊ စေတသိက် ၅၂၊ (ဝိညာဏဓာတ် နာမ်ခန္ဓာ ခုနစ်ပါး) တို့အား အာရမဏပစ္စယသတ္တိဖြင့် ကျေးဇူး ပြုကုန်၏''။

### အဓိပ္ပာယ် ရှင်းလင်းချက်

အထက်ပါ ဆိုရိုး စကားသည် အာရုံ ခြောက်ပါး တို့က ဝိညာဏဓာတ် ခုနစ်ပါးတို့အား ကျေးဇူးပြုပုံကို ပေါင်း၍ ဆိုသော စကားတည်း။ အာရုံ တပါးစီ တပါးစီက ဝိညာဏဓာတ် အသီးသီးအား ကျေးဇူးပြုပုံကို အောက်ပါ အသေးစိတ် ပွေ့ရှုရလတ္တံ့။

'အာရမဏ ပစ္စယသတ္တိ' ဟူသော စကား၌ 'ပစ္စယသတ္တိ' အကြောင်းကို ဟေတုပစ္စည်း၌ ရှင်းပြခဲ့ပြီး ဖြစ်၏။

**'အာရမဏ'** ဟူသော ပါဠိကို 'အာရုံ' ဟု မြန်မာပြု၍ ခေါ်ဝေါ်လေ့ ရှိ၏။ ယင်း 'အာရမဏ' သဒ္ဒါသည် မွေ့လျော်ဖွယ်ရာအဓိပ္ပာယ် ရှိသည်။ အာရုံဟူသည် စိတ်၊ စေတသိက် တရားတို့၏ မွေ့လျော်ဖွယ်ရာဟု ဆိုလိုသည်။ ထိုစကား မှန်၏။ မည်သည့် စိတ်၊ စေတသိက်တို့ မဆို အာရုံနှင့် ကင်း၍ မဖြစ် နိုင်ပဲ ရှိလေသည်။ ဤသို့ 'အာရုံ'မှာ စိတ်၊ စေတသိက်

တရားတို့ မခွဲ နိုင် အောင် မွှေလျော် ဖွယ်ကို ဆောင်သော သတ္တိထူး ရှိလေသည်။ ထို့ကြောင့် 'အာရုံ' ဟူသည် အသီးအပွင့် အမျိုးမျိုးကို စိုက်ပျိုးထားသော အလွန် မွေ့လျော်ဖွယ်ကောင်းသည့် ဥယျာဉ်ကြီးနှင့် တူလှသည်။ ထိုကဲ့သို့သော ဥယျာဉ်ကြီးသည် လူတို့၏ မွေ့လျော်ဖွယ်ကို ဆောင်သော သတ္တိထူးရှိသကဲ့သို့၊ ထို့အတူ အာရုံသည်လည်း စိတ်၊ စေတသိက်တို့၏ မွေ့လျော်ဖွယ်ကို ဆောင်သော သတ္တိထူး ရှိလေသည်။

**တနည်း။** ။'အာရုံ'-ဟူသော ဝေါဟာရသည် 'အာလမ္ဗန'ခေါ် ဆွဲမှီရာ အနက်သဘောလည်းရှိ၏-ဟု အဋ္ဌကထာ၌ အဆိုရှိပြန်သည်။ ယင်း စကားအရ 'အာရုံ'-ဟူသည် စိတ်၊ စေတသိက်တရားတို့၏ ဆွဲမှီရာလည်း ဖြစ်၏ဟု ဆိုလိုသည်။ မည်သည့်စိတ်၊ စေတသိက်တို့မဆို အာရုံတခုခုကို မဆွဲမှီရပဲ မဖြစ်နိုင်ကြချေ။ ဤသို့လျှင် တုတ်, တောင်ဝှေး, ကြိုးတန်းတို့မှာ မစွမ်းမသန်သူတို့၏ ဆွဲကိုင်မှီခိုဖွယ်ကိုဆောင်သော သတ္တိထူးရှိသကဲ့သို့ ထို့အတူ အာရုံမှာလည်းစိတ်စေတသိက်တို့ လက်မလွှတ်နိုင် (လက်လွှတ်၍မရနိုင်) လောက်အောင် ဆွဲမှီဖွယ်ကို ဆောင်သော သတ္တိထူး ရှိလေသည်။

အထက်ပါစကားနှစ်ရပ်ကိုပေါင်း၍ယူသော် အာရုံသည် စိတ်၊ စေတသိက် တရားဟူသမျှ၏ မွေ့လျော်ဖွယ်ရာ၊ ဆွဲကိုင်မှီခိုရာ သတ္တိထူးရှိသည်။ စိတ် စေတသိက်တရားတို့သည် အာရုံတို့၌ မွေ့လျော်၍ အာရုံတို့ကို ဆွဲကိုင်မှီခို၍ ဖြစ်ကြရသည်သာတည်း။ထင်ရှားသောအာရုံနှင့်လည်းကောင်း၊မထင်ရှားသော အာရုံနှင့်လည်းကောင်း ကင်း၍ဖြစ်သော စိတ်၊ စေတသိက်တခုမျှပင်မရှိချေ။ ထို့ကြောင့် အာရုံခြောက်ပါး ပစ္စည်းတရား တို့သည် စိတ်၊ စေတသိက်တို့ ဖြစ်ပေါ်ဖို့ရာ လွန်စွာကျေးဇူးပြုကြကုန်၏။ စိတ်၊စေတသိက်တို့လည်း ထိုအာရုံ ခြောက် ပါးတို့ကို အမှီပြု၍ ဖြစ်ပေါ်ကြရသည်။

## အာရုံခြောက်ပါး

အာရုံတို့သည်ခြောက်ပါးအပြားရှိကုန်၏။ယင်းတို့ကား=(၁) အဆင်း-ဟူသော ရူပါရုံ၊ (၂) အသံ-ဟူသော သဒ္ဒါရုံ၊ (၃) အနံ့-ဟူသော ဂန္ဓာရုံ၊ (၄)-အရသာ-ဟူသော ရသာရုံ၊ (၅)အတွေ့-ဟူသော ဖောဋ္ဌဗ္ဗာရုံ၊ ယင်းတို့ကို ပဉ္စာရုံ=အာရုံငါးပါးဟု ခေါ်၏။ ယင်း အာရုံ ငါးပါးတို့ကား ရုပ်တရား

တို့သာ ဖြစ်ကုန်၏။ ပစ္စုပ္ပန်အာရုံ၊ အတိတ်အာရုံ၊ အနာဂတ်အာရုံ ဟူ၍ သုံးမျိုးရှိရာ ဤ၌ ဖြစ်ဆဲဖြစ်သော ပစ္စုပ္ပန်အာရုံမျိုးကို ယူအပ်၏။ ပစ္စုပ္ပန်ဖြစ်သော ဤအာရုံငါးပါးတို့ကသာ ဆိုင်ရာ ပဉ္စဝိညာဉ်စိတ်နှင့် မနောဓာတ်သုံးပါးတို့အား ကျေးဇူးပြုနိုင်ကြသည်။

(၆) အာရုံခြောက်ပါးအနက် ကျန်သောအာရုံတပါးသည်ကား ဓမ္မာရုံတည်း။ ယင်း ဓမ္မာရုံ၏ နယ်ပယ်ကား အလွန်ကျယ်ဝန်း၏။ ရုပ် ၂၈ ပါးရှိသည့်အနက် ဖော်ပြပါ အာရုံငါးပါး ပစ္စုပ္ပန်ရုပ် ငါးမျိုးမှ ကြွင်းသော ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ် ရုပ်ပေါင်း ၂၈ ပါးလုံးတို့သည်လည်းကောင်း ဤ ဓမ္မာရုံ၌ ပါဝင်၏။ ယင်း ရုပ်များသာမကသေး၊ အလုံးစုံသော စိတ် ၈၉၊ စေတသိက် ၅၂ ပါးနှင့်တကွ နိဗ္ဗာန်၊ ပညတ်တို့ပင် ဤ ဓမ္မာရုံထဲ၌ ပါဝင်ကြကုန်၏။

ဤ အာရုံခြောက်ပါးတို့၌ စိတ်၊ စေတသိက်၊ ရုပ်၊နိဗ္ဗာန်၊ ပညတ်-ဟူသော ရှိသမျှတရားများ ပါဝင်ကြသဖြင့် စိတ်၊ စေတသိက်တို့၏ အာရုံမဖြစ်သော တရားတခုမျှပင် မရှိပေ။ ယင်း အာရုံတရားများအနက် စိတ်၊ စေတသိက်နှင့် ရုပ်တရားတို့ကား ပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်-ဟူသော ကာလသုံးပါးတို့နှင့် သက်ဆိုင်ကြသဖြင့်ယင်းတို့ကို '**တေကာလိက**' (တေ=၃၊×ကာလိက=ကာလနှင့်ဆိုင်သော) တရားများ ဟု ခေါ်သည်။ နိဗ္ဗာန်နှင့်ပညတ်တို့ကား ကာလသုံးပါးလုံးမှ အလွတ်ဖြစ်သော တရားများဖြစ်၍ ယင်းတို့ကို ကာလဝိမုတ် (ဝိမုတ်=လွတ်)တရားနှစ်ပါးဟု မှတ်ရာ၏။

## ဝိညာဏဓာတ် ခုနစ်ပါး

စိတ် ၈၉ ပါးတို့ကို ဝိညာဏဓာတ် (ဝါ) ဝိညာဉ်ဓာတ် ခုနစ်ပါးဖြင့် ခုနစ်ခုခုနစ်မျိုး ခွဲခြားမှတ်သားနိုင်သည်။ ဝိညာဏဓာတ်ဟူသည် သိတတ်သောဓာတ် (ဝါ) အသိဓာတ်ပင် ဖြစ်၏။ အသိဓာတ်ဟူသည် ဝိညာဉ် (ဝိညာဏ်) ခေါ် စိတ်ပင်ဖြစ်၏။ ယင်း ဝိညာဏဓာတ် ခုနစ်ပါးတို့ကား "စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇိဝှာဝိညာဏဓာတ်၊ ကာယဝိညာဏဓာတ်၊ မနောဓာတ်၊ မနောဝိညာဏဓာတ်" တို့ ပင်တည်း။

(၁) စက္ခုဝိညာဏဓာတ် ဟူသည် မြင်သိစိတ်ဖြစ်၏။ မြင်သိစိတ်သည် နှစ်ပါးရှိ၏။ အဟိတ်စိတ် ၁၈-ပါးထဲမှ စက္ခုဝိညာဉ်စိတ် နှစ်ပါးဖြစ်၏။

(၂) သောတဝိညာဏဓာတ် ဟူသည် ကြားသိစိတ် ဖြစ်၏။ ကြားသိစိတ်သည် နှစ်ပါးရှိ၏။ အဟိတ်စိတ် ၁၈ ပါးထဲမှ သောတဝိညာဉ်စိတ် နှစ်ပါး ဖြစ်၏။

(၃) ဃာနဝိညာဏဓာတ် ဟူသည်နံသိစိတ်ဖြစ်၏။ နံသိစိတ်သည် နှစ်ပါး ရှိ၏။ အဟိတ်စိတ် ၁၈ ပါးထဲမှ ဃာနဝိညာဉ်စိတ် နှစ်ပါးဖြစ်၏။

(၄) ဇိဝှါဝိညာဏဓာတ်ဟူသည် လျက်သိစိတ်ဖြစ်၏။ လျက်သိစိတ်သည် နှစ်ပါးရှိ၏။ အဟိတ်စိတ် ၁၈ ပါးထဲမှ ဇိဝှါဝိညာဉ်စိတ် နှစ်ပါးဖြစ်၏။

(၅) ကာယဝိညာဏဓာတ်ဟူသည် တွေ့သိစိတ်ဖြစ်၏။ တွေ့သိစိတ်သည် နှစ်ပါးရှိ၏။ အဟိတ်စိတ် ၁၈ပါးထဲမှ ကာယဝိညာဉ်စိတ် နှစ်ပါး ဖြစ်၏။

ဤ ငါးမျိုး နှစ်လီဖြစ်သော စိတ်ပေါင်း ၁၀ပါးကို ဒွေပဉ္စဝိညာဉ်စိတ် ၁၀ ဟု ပေါင်းခေါ်လေ့ရှိ၏။ (ဒွေ=၂×ပဉ္စ=၅)။

(၆) မနောဓာတ် ဟူသည် အာရုံကို ဝိုးတဝါးသိမှု စိတ်မျိုး ဖြစ်၏။ မနောဓာတ်မှာ စိတ်သုံးပါးပါဝင်၍ 'မနောဓာတ်သုံးပါး' ဟု ခေါ်ဝေါ်လေ့ ရှိ၏။ ယင်းစိတ် သုံးပါးကား အဟိတ်စိတ် ၁၈ ပါးထဲမှ ပဉ္စဒွါရာဝဇ္ဇန်းစိတ် တပါးနှင့် သမ္ပဋိစ္ဆိုင်းစိတ် နှစ်ပါး-ပေါင်း သုံးပါးတို့ဖြစ်၏။ ပဉ္စဒွါရာဝဇ္ဇန်း စိတ်ဟူသည် အထက်ဖော်ပြပါ အာရုံငါးပါးကို ဆင်ခြင်သောစိတ်မျိုး ဖြစ်၏။ သမ္ပဋိစ္ဆိုင်းစိတ်ဟူသည် ထို အာရုံငါးပါးကို လက်ခံသော စိတ်မျိုး ဖြစ်၏။ ထို့ကြောင့် ဤမနောဓာတ်သုံးပါးသည် ရုပ်ရုံစသော အာရုံငါးမျိုးနှင့်သာ သက်ဆိုင်သော (ဝါ) ထိုအာရုံငါးမျိုး၏ ကျေးဇူးပြုခြင်းကို ခံရသော စိတ်မျိုးဟု မှတ်ယူရာ၏။

(၇) မနောဝိညာဏဓာတ် ဟူသည် အာရုံကို အထူးသိသော 'ကြံသိစိတ်' ဖြစ်၏။ မနောဝိညာဉ်စိတ် ဟူ၍လည်း မြန်မာမှုပြု၍ ခေါ်လေ့ရှိ၏။ ယင်း မနောဝိညာဏဓာတ်၌ အထက်ဖော်ပြပါ အဟိတ် စိတ် ၁၃ ပါးမှ ကြွင်းကျန်သော (ကျန်အဟိတ်စိတ် ငါးပါးနှင့်တကွ) စိတ်ပေါင်း ၇၆ ပါး ပါဝင် ကြကုန်၏။

အသက်ပါ ဝိညာဏဓာတ် ခုနစ်ပါး တို့ကို သုံးမျိုးစု၍ ပေါင်းခေါ်ရသော် ဒွေးပဉ္စဝိညာဉ် ၁၀။ မနောဓာတ် သုံးပါး။ မနောဝိညာဉ်စိတ် ၇၆ပါး (ပေါင်းစိတ် ၈၉) ဟူ၍ ဖြစ်သည်။

အသက်ဖော်ပြခဲ့သည်ကား စိတ်ကို ခုနစ်မျိုးခွဲခြား၍ ဖော်ပြခြင်းတည်း။ ဤသို့ စိတ်ကို ခုနစ်မျိုးခွဲ၍ ဖော်ပြခြင်း၌ စေတသိက်တို့လည်း ပါဝင်ပြီး ဖြစ်၏ ဟု နားလည်ရာ၏။ ယင်းစိတ် ခုနစ်မျိုးအသီးသီး၌ ယှဉ်၍ ဖြစ်သော စေတသိက်များလည်း ပါဝင်ကြသည် ဟူလို။ အကြောင်းမူကား စိတ်ဖြစ်သည်ဆိုလျှင် စေတသိက်တို့လည်း 'အရိပ်ပမာ' တပါတည်း ပါလာရသောကြောင့်တည်း။ ယင်းစိတ် ၈၉ ပါးလုံး၌ ယှဉ်သော စေတသိက်တို့မှာ ၅၂လုံးပင် ဖြစ်ကုန်၏။

## အာရုံခြောက်ပါးနှင့်ဝိညာဏဓာတ်ခုနစ်ပါး

ပဋ္ဌာန်း 'ပစ္စယနိဒ္ဒေသ' ပါဠိတော်လာ ဆိုရိုးအတိုင်း အာရုံ ခြောက်ပါးက ဝိညာဏဓာတ်ခုနစ်ပါးအား ကျေးဇူးပြုပုံကို တခုစီခွဲ၍ ပြရသော် –

(၁) ပစ္စုပ္ပန်ရူပါရုံသည် စက္ခုဝိညာဉ် စိတ်နှစ်ပါး၊ မနောဓာတ်သုံးပါး၊ ယင်းစိတ်တို့နှင့် ယှဉ်သည့် စေတသိက် တို့အားလည်းကောင်း။

(၂) ပစ္စုပ္ပန် သဒ္ဒါရုံသည် သောတ ဝိညာဉ်စိတ် နှစ်ပါး၊ မနောဓာတ် သုံးပါး၊ ယင်းစိတ်တို့နှင့်ယှဉ်သည့် စေတသိက်တို့အား လည်းကောင်း။

(၃) ပစ္စုပ္ပန် ဂန္ဓာရုံသည် ဃာန ဝိညာဉ်စိတ် နှစ်ပါး၊ မနောဓာတ် သုံးပါး၊ ယင်းစိတ်တို့နှင့်ယှဉ်သည့် စေတသိက်ကိုအား လည်းကောင်း။

(၄) ပစ္စုပ္ပန်ရသာရုံသည် ဇိဝှာဝိညာဉ် နှစ်ပါး၊ မနောဓာတ် သုံးပါး၊ ယင်းစိတ်တို့နှင့်ယှဉ်သည့် စေတသိက်တို့အားလည်းကောင်း။

(၅) ပစ္စုပ္ပန် ဖောဋ္ဌဗ္ဗာရုံသည် ကာယဝိညာဉ်စိတ် နှစ်ပါး၊ မနောဓာတ် သုံးပါး၊ ယင်းစိတ်တို့နှင့် ယှဉ်သည့် စေတသိက်တို့အား လည်းကောင်း။

(၆) ပစ္စုပ္ပန် အာရုံငါးပါး ရုပ်တရားမှ တပါး ကြွင်းသောပစ္စုပ္ပန်၊ အတိတ်၊ အနာဂတ်၊ ရုပ် ၂၀၊ စိတ် ၈၉၊ စေတသိက် ၅၂ နှင့် ကာလဝိမုတ် ဖြစ်သော နိဗ္ဗာန် ပညတ်တို့ပါဝင်သည့် 'ဓမ္မာရုံ' သည် ကြွင်းသော (မနောဝိညာဉ်) စိတ် ၇၆ ပါး နှင့် ယှဉ်ဖက် စေတသိက်တို့အား လည်းကောင်း အာရမဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုလေသည်။

## ဝိညာဉ်စိတ်ဖြစ်ပေါ်ပုံ

အာရုံခြောက်ပါးကို အမှီပြု၍ ဝိညာဉ်စိတ်များ (ယှဉ်ဖက်စေတသိက်များ နှင့်တကွ)ဖြစ်ပေါ်ပုံကို ဆိုဦးအံ့-

(၁) သတ္တဝါတို့၏မျက်စိထဲ၌ စက္ခုပသာဒရုပ်ခေါ် မျက်စိအကြည်ဓာတ် သည် ရှိ၏။ ယင်းစက္ခုပသာဒသည် အဆင်း-ရူပါရုံ ဝင်ရောက်ရာ တံခါးသဖွယ် ဖြစ်၍ ဒွါရ=တံခါးဟုလည်း ခေါ်၏။မြင်သိစိတ်ခေါ် စက္ခုဉာဉ်စိတ်ဖြစ်ပေါ် ရာ ဌာနဖြစ်၍ ဝတ္ထု=တည်ရာဌာန ဟုလည်း ခေါ်၏။ အပြင်ဘက်ရှိ ပစ္စုပ္ပန် အဆင်းရူပါရုံသည် စက္ခုဒွါရခေါ် မျက်စိတံခါးထဲသို့ ဝင်ရောက် ထင်ပေါ် လာ၏။ ထိုအခါ မြင်သိစိတ်ခေါ် စက္ခုဝိညာဉ်စိတ် ဖြစ်ပေါ်၏။

(၂) ထို့အတူပင် အပြင်ဘက်ရှိ ပစ္စုပ္ပန်အသံ=သဒ္ဒါရုံသည်နားအတွင်းရှိ သောတပသာဒခေါ် နားအကြည်ဓာတ်=သောတဒွါရခေါ် နားတံခါးထဲသို့ ဝင်ရောက် ထင်ပေါ်လာသောအခါ ကြားသိစိတ်ခေါ် သောတဝိညာဉ်စိတ် ဖြစ်ပေါ်သည်။

(၃) အပြင်ဘက်ရှိ ပစ္စုပ္ပန်အနံ့=ဂန္ဓာရုံသည် နှာခေါင်းအတွင်းရှိဃာန ပသာဒခေါ် နှာခေါင်း အကြည်ဓာတ်=ဃာနဒွါရခေါ် နှာခေါင်းတံခါး ထဲသို့ ဝင်ရောက်လာသောအခါ နံသိစိတ်ခေါ် ဃာနဝိညာဉ်စိတ် ဖြစ်ပေါ် သည်။

(၄) အပြင်ဘက်ရှိ ပစ္စုပ္ပန်အရသာ=ရသာရုံသည် လျှာပေါ်တွင်ရှိ ဇိဝှာ ပသာဒခေါ် လျှာအကြည်ဓာတ်=ဇိဝှာဒွါရခေါ် လျှာတံခါးထဲသို့ဝင်ရောက် လာသောအခါ လျက်သိစိတ်ခေါ် ဇိဝှာဝိညာဉ်စိတ်ဖြစ်ပေါ်သည်။

(၅) အပြင်ဘက်ရှိ ပစ္စုပ္ပန် အတွေ့= ဖောဋ္ဌဗ္ဗာရုံသည် ကိုယ်၌ရှိသော ကာယပသာဒခေါ် ကိုယ်အကြည်ဓာတ်= ကာယ ဒွါရခေါ် ကိုယ်တံခါး ထဲသို့ ဝင်ရောက် လာသော အခါ တွေ့သိစိတ်ခေါ် ကာယဝိညာဉ်စိတ် ဖြစ်ပေါ်သည်။

ထိုအာရုံ ငါးပါး ကြောင့်ပင် စက္ခု ဝိညာဉ်စိတ် စသည့် ဝိညာဉ်စိတ် ငါးမျိုးအပြင် မနောဓာတ်သုံးပါး (ပဉ္စဒွါရာဝဇ္ဇန်းနှင့် သမ္ပဋိစ္ဆိုင်း)လည်း ဖြစ်ပေါ်ကြ လေသည်။

(၆) အဆင်း ရူပါရုံစသော အာရုံ ငါးပါးနှင့် စိတ်, စေတသိက်, ရုပ်အားလုံးနှင့် နိဗ္ဗာန်, ပညတ်တို့ ပါဝင်သော 'ဓမ္မာရုံ' ခေါ် သဘော အာရုံသည် မနောဒွါရခေါ် စိတ်တံခါးထဲသို့ ဝင်ရောက် လာသော အခါ ကြံသိစိတ်ခေါ် မနောဝိညာဉ်စိတ် ၇၆ ပါးတို့ ထိုက်သည် အားလျော်စွာ ဖြစ်ပေါ်ကြကုန်၏။

## ဝိထိစိတ်ဖြစ်စဉ်

အာရုံ တခုခုသည် ဒွါရ တခုခု ထဲသို့ ဝင်ရောက် လာခြင်းကြောင့် ဖြစ်ပေါ်လာသော ဝိညာဉ်စိတ်တို့သည် အရမ်းကာရော, ဖြစ်ချင်တိုင်း(သလို) ဖြစ်ကြသည်မဟုတ်။ ဝိထိခေါ် လမ်းကြောင်း (ဝါ) စိတ္တ နိယာမခေါ် စိတ်ဖြစ်စဉ် နိယာမ သဘောအတိုင်းသာ စိတ်တမျိုး တမျိုး စီကာ စဉ်ကာ ဖြစ်ပေါ်ကြရကုန်၏။ ထို့ပြင်– အာရုံမည်သည် အလွန်ထင်ရှားသည့်အာရုံ၊ ထင်ရှားသောအာရုံ၊ မထင်ရှားသောအာရုံ၊ အလွန့်ကို (လုံးဝ) မထင်ရှား သော အာရုံ–ဟူ၍ လေးမျိုး လေးစား ရှိကြလေရာ–ထိုအာရုံ၏ 'အားကြီး အားသေး' အမျိုးအစား အလိုက်ပင် စိတ်တို့လည်း 'အနည်း–အများ' ဖြစ်ကြရလေသည်။ ဤကဲ့သို့ အာရုံ၏ 'အားကြီးမှု·အားသေးမှု' အလိုက် အလွန်လျင်မြန်သောနှုန်းဖြင့် စိတ်အစဉ် 'အနည်း·အများ' ဖြစ်ပုံကို အောက်တွင် အကျဉ်းချုပ်၍ ဖော်ပြပေအံ့–

(၁) စက္ခုဒွါရထဲသို့ ဝင်ရောက်လာသော ရူပါရုံသည် အလွန်ထင်ရှား အားကောင်းလှသည့် အာရုံမျိုးဖြစ်ပါက— ရှေးဦးစွာ ထိုအာရုံကို ဆင်ခြင်မှု စိတ်ခေါ် 'ပဉ္စဒွါရာဝဇ္ဇန်း' စိတ် ဖြစ်ပြီးနောက်တွင်၊ ထိုရူပါရုံကို မြင်သိစိတ် ခေါ် 'စက္ခုဝိညာဉ်' စိတ်၊ နောက်ထိုရူပါရုံကို လက်ခံမှု 'သမ္ပဋိစ္ဆိုင်း'စိတ်၊ နောက် ထိုအာရုံကို စူးစမ်းဆင်ခြင်မှု 'သန္တီရဏ' စိတ်၊ နောက်ထိုအာရုံကို ဆုံးဖြတ်မှု 'ဝုဋ္ဌော' ခေါ် မနောဒွါရာ ဝဇ္ဇန်း စိတ်၊ နောက် ထိုအာရုံကို ခံစားမှု 'ဇောစိတ်' ခုနစ်ကြိမ်၊ နောက်ဆုံး ထိုအာရုံ ကိုပင် အာရုံပြုမှု 'တဒါရုံ' စိတ်နှစ်ကြိမ် ဟူ၍ မြင်သိမှု ဆိုင်ရာတွင် စိတ်အဆင့် ခုနစ်ဆင့် အားဖြင့် အပြည့်အဝ ဖြစ်ကြလေသည်။

(၂) ရူပါရုံသည် သာမန်လောက် ထင်ရှားသည့် အာရုံမျိုး ဖြစ်ပါက— ယခင်စိတ်ဖြစ်စဉ် ခုနစ်ဆင့် အနက် 'တဒါရုံ'စိတ် မဖြစ်နိုင်ပဲ၊ ရှေ့အဆင့် ခြောက်ဆင့်သာ ဖြစ်နိုင်လေသည်။

(၃) ရူပါရုံသည် မထင်ရှားသော အာရုံမျိုး ဖြစ်ပါက ဇော,တဒါရုံတို့ မဖြစ်နိုင်ပဲ၊ ရှေ့စိတ် အဆင့် ငါးဆင့်သာ ဖြစ်နိုင်လေသည်။

(၄) ရူပါရုံသည် အလွန့်ကို= လုံးဝမထင်ရှားသည့် အာရုံမျိုး ဖြစ်ပါက— ပဉ္စဒွါရာဝဇ္ဇန်းစိတ်ပင် မဖြစ်နိုင်တော့သဖြင့် ဝီထိစိတ် လုံးဝပင် မဖြစ်နိုင်တော့ချေ။

သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ တို့လည်း ရူပါရုံ အတိုင်းပင် အာရုံ လေးမျိုး လေးစားရှိပြီး၊ ယင်းအာရုံအသီးသီးကြောင့် ဖြစ်စဉ်အနည်း အများ ဖြစ်ပုံကိုလည်း ရှေးနည်းအတိုင်း ဖြစ်ရလေသည်။

ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ—ဟူသော အာရုံငါးမျိုးတို့ မှာ အထက်ဖော်ပြပါ အတိုင်း အာရုံ လေးမျိုး လေးစား ရှိနိုင်သော်လည်း မနောဒွါရထဲသို့ ဝင်ရောက်လာသည့် ဓမ္မာရုံမှာမူ ထင်ရှားသော အာရုံနှင့် မထင်ရှားသောအာရုံ- ဟူ၍ နှစ်မျိုးသာ ရှိနိုင်လေသည်။ ယင်းအာရုံ နှစ်မျိုး အလိုက် စိတ်စဉ်ဖြစ်ပုံမှာ အောက်ပါအတိုင်း ဖြစ်၏။

(၁) မနောဒွါရထဲ၌ ထင်လာသော ဓမ္မာရုံသည် ထင်ရှားသော အာရုံ ဖြစ်ပါက ရှေးဦးစွာ ထိုအာရုံကို ဆင်ခြင်မှု 'မနောဒွါရာဝဇ္ဇန်း' စိတ် ဖြစ်ပြီး နောက်ဘွင်– ဇောစိတ် ခုနစ်ကြိမ်နှင့် တဒါရုံစိတ် နှစ်ကြိမ်–ဟူ၍ စိတ်စဉ် အဆင့် သုံးဆင့် ဖြစ်လေသည်။

(၂) ဓမ္မာရုံသည် မထင်ရှားသော အာရုံဖြစ်ပါက တဒါရုံစိတ် မဖြစ်ပဲ ရှေ့စိတ်စဉ် နှစ်ဆင့်သာ ဖြစ်နိုင်လေသည်။

**မှတ်ချက်**။ ။ဤ ဝီထိစိတ်များ ဖြစ်ပုံ အလုံးစုံကို အကျယ် သိလိုလျှင် အဘိဓမ္မတ္ထ သင်္ဂဟ- ခေါ် သင်္ဂြိုဟ် ကျမ်း၏ ဝီထိ ပိုင်း၌ ကြည့်ပါလေ။

## စိတ်ဖြစ်ပုံ ဥပမာ

စည်မျက်နှာပြင်၌ လက်ဖြင့် ဖြစ်စေ၊ တုတ်ဖြင့် ဖြစ်စေ ရိုက်ခတ် လေသော်- ရိုက်ခတ်သည့် ခဏတိုင်း ခဏတိုင်း စည်သံတို့ ဖြစ်ပေါ် ကုန်၏။ တနည်း- တယောကြိုးတို့၌ တယောတံဖြင့် ရှေ့ထိုးနောက်ငင် ထိုးလေသော် ထိုးတိုင်း ထိုးတိုင်းသော ခဏတိုင်း၌ တယောသံတို့သည် ဖြစ်ပေါ် ကြကုန် ၏။ ထိုတွင် တခါတီး တခါထိုးသော် အသံတခု ဖြစ်ပေါ်ပြီး ပျောက်သွား ၏။ နောက် တီးတိုင်း တီးတိုင်းမှာ အသံ တခုပြီး တခု ဖြစ်၍ တခုပြီး တခု ပျောက်သွား ကုန်၏။ ရှေ့တသံဖြစ်-ပျောက်၊ နောက်တသံဖြစ်-ပျောက်၊တဖန် ယင်းအသံဖြစ်-ပျောက်၊ နောက်တသံဖြစ်........ဤသို့ဖြင့် အသံတွေ တခုပြီး တခု ဖြစ်လိုက် ပျောက်လိုက် ဖြစ်ကြရကုန်၏။

ထို့အတူပင်- အာရုံ တခုသည် ဒွါရတခုထဲသို့ ဝင်ရောက် လာလေသော် စိတ်တခု ဖြစ်ပြီး ပျောက်(ချုပ်)။ နောက် စိတ်ထပ်ဖြစ်- ပျောက်၊ တဖန် နောက်စိတ်တခု ထပ်ဖြစ်.... ဤသို့ဖြင့် စိတ်တို့တည် ဝီထိခေါ် စိတ်လမ်း ကြောင်း(ဝါ) စိတ္တနိယာမ ခေါ် စိတ်ဖြစ်စဉ် နိယာမ သဘော အတိုင်း စိတ်တခုပြီး တခု ဖြစ်လိုက်၊ ပျောက်လိုက် ဖြစ်ကြရကုန်၏။ (စိတ်ဖြစ်စဉ်၌ စိတ်၏ လျင်မြန်နှုန်းနှင့် ပတ်သက်၍ အနန္တရပစ္စည်း၌ ဆက်ကြည့် ပါလေ။)

ဤသို့လျှင် အာရုံ ခြောက်ပါးတို့သည် သတ္တဝါတို့၏ ကိုယ်ခန္ဓာမှာ ရှိသော ဒွါရ ခြောက်ပါး တံခါး ခြောက်ပေါက်ထဲသို့ ဝင်ရောက် ထင်လာကြလေသော်၊ သတ္တဝါတို့၏ အဇ္ဈတ္တနိ သန္တာန်ထဲ၌ စိတ်အမျိုးမျိုးတို့သည် တခုပြီး တခု ဆက်တိုက် ဖြစ်ကြရကုန်၏။ ယင်းအာရုံတို့သည် သတ္တဝါတို့၏ ဒွါရခေါ် တံခါးများထဲသို့ ဝင်ရောက် ထင်ပေါ်မှု မရှိခဲ့သော် မည်သည့် စိတ်မျှ မဖြစ်နိုင်တော့ချေ။ အာရုံ မပါပဲ စိတ်မဖြစ်နိုင်။ ထို့ကြောင့် အာရုံ ခြောက်ပါး ပစ္စည်းတရားတို့သည် စိတ်၊စေတသိက် တရားတို့အား ဖြစ်ပေါ်လာနိုင်အောင် 'မွှေ့လျော်ဖွယ်၊ သဲ့ကိုင်မှီခိုရာ'· ဟူသော အာရမ္မဏ ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြုကြကုန်သတည်း။ ။

(နာမ် ခန္ဓာမရှိ၊ ရုပ်ခန္ဓာ တပါးသာ ရှိသော အသညသတ်ဘုံ၌ ဤ အာရမ္မဏ ပစ္စည်းကို မရနိုင်ကြောင်း မှတ်သားရာ၏။)

## [၇] အဓိပတိပစ္စည်း

**မှတ်ရန်ဆိုရိုး။** ။အဓိပတိပစ္စည်းသည် သဟဇာတာဓိပတိနှင့် အာရမ္မဏာဓိပတိဟူ၍ နှစ်မျိုးရှိသည်။ ထိုတွင်—

(က) **သဟဇာတာဓိပတိ၌**— ''၅၂-ပါး သောအဓိပတိဇောစိတ်နှင့် ယင်းဇောစိတ်တို့၌ ပါရှိသော ဆန္ဒ၊ ဝီရိယ၊ ဝီမံသ-(ပညာ)စေတသိက်ဟူသော အဓိပတိတရား လေးပါးတို့သည် ယှဉ်ဖက်ဖြစ်သော အဓိပတိဇောစိတ် ၅၂-ပါးနှင့် (ဝိစိကိစ္ဆာကြဉ်သော) စေတသိက် ၅၁-ပါးတို့အားလည်းကောင်း၊ မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်းကောင်း၊ (သဟဇာတ) အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

(ခ) **အာရမ္မဏာဓိပတိ၌**— ''အလေးအမြတ် ပြုအပ်သော ဣဋ္ဌဖြစ်သော ကောင်းသော အာရုံခြောက်ပါးတို့သည် မိမိတို့ကို အလေးအမြတ် အာရုံပြု၍ဖြစ်ကုန်သော(လောဘမူ-၈၊မဟာကုသိုလ်-၈၊မဟာကြိယာဉာဏသမ္ပယုတ်-၄၊ လောကုတ္တရာ-၈ ဟူသော ) ဇောစိတ် ၂၈-ပါးနှင့် (ဒေါသ၊ ဣဿာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိစိကိစ္ဆာ၊ အပ္ပမညာ ၂၊ပေါင်း ၇-ခုကြဉ်သော) စေတသိက် ၄၅ ပါးတို့အား (အာရမ္မဏ) အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

## အဓိပ္ပာယ်ရှင်းလင်းချက်

(က) **သဟဇာတာဓိပတိ။** ။-'အဓိပတိဟူသည်· အကြီးအမှူး အဖြစ်ဖြင့် အစိုးရခြင်းကို ဆိုလိုသည်။ အကြီးအမှူး အဖြစ်ဖြင့် အစိုးရခြင်းသဘောကို အစိုးရမှု အာဏာစက်ရှိမှုတွင် ပြိုင်ဘက်မရှိသော စကြဝတေးမင်း, ကေရာဇ်မင်းဖြင့် ဥပမာပြုကြသည်။

စကြ်ာဝတေးမင်း, ကေရာဇ်မင်းမည်သည် မိမိအုပ်ချုပ်စိုးပိုင်သော နိုင်ငံအတွင်း၌ ပြိုင်ဘက်မရှိပဲ မိမိဘဦးတည်းသာ 'သက်ဦးဆံပိုင်' အဖြစ်ဖြင့် ပိုင်ပိုင်နိုင်နိုင် အုပ်စိုးလွှမ်းမိုးနိုင်လေသည်။ ထို့အတူပင် အဓိပတိထိုက်သော ဆန္ဒ၊ စိတ္တ၊ဝီရိယ၊ ဝီမံသ(ပညာ)ဟူသော တရားလေးပါးတို့သည် မိမိနှင့်အတူတကွ ဖြစ်ကြသော (မိမိတို့၏ နယ်ပယ်အတွင်း၌ ရှိကြကုန်သော) စိတ်၊ စေတသိက် ဖြစ်သည့် နာမ်တရားတို့ကို လည်းကောင်း၊ မိမိတို့ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်တို့ကို လည်းကောင်း ပိုင်နိုင်စွာ စိုးမိုးအုပ်ချုပ်လွှမ်းမိုးနိုင်သော သတ္တိ ရှိကြလေသည်။

**သဟဇာတာဓိပတိ**- ဟူသောစကား၌ "သဟဇာတ=အတူတကွ ဖြစ်ခြင်း၊ အဓိပတိ=အကြီးအမှူး ဖြစ်ခြင်း၊ အလွန်အားရှိထက်သန်ခြင်း"ဟူ၍ အဓိပ္ပာယ်နှစ်ချက်ပါဝင်သည်။ ထို့ကြောင့် 'ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ ဝီမံသ (ပညာ) တို့သည် အလွန် အားကောင်းထက်သန် အားရှိသောတရားမျိုးဖြစ်ပါမှ အတူတကွဖြစ်ကြသည့် စိတ်၊ စေတသိက်၊စိတ္တဇရုပ်တို့အား အဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်သည်။ထို"ဆန္ဒ၊စိတ္တ၊ ဝီရိယ၊ ဝီမံသ"တို့၏ ထက်သန်အားကောင်းခြင်းမရှိသောအခါမှာ သဟဇာတာဓိပတိ ပစ္စယသတ္တိဖြင့် ကျေးဇူးမပြုနိုင်ကြပဲ သာမန် သဟဇာတပစ္စယ သတ္တိဖြင့်သာ ကျေးဇူးပြုကြသည်။ (သဟဇာတ ပစ္စည်း အကြောင်းကို အခန်း၆-တွင် ကြည့်ပါလေ)

အဓိပတိတရား လေးပါးတို့တွင် 'စိတ္တ' အရ အဓိပတိဇော ၅၂-ပါးကို ယူရသည်။ ဇဝနခေါ် **ဇောစိတ်** ဟူသည် အာရုံတခုကို အစွဲပြု၍ ဖြစ်ပေါ်လာသောစိတ်တို့တွင် အရှိန်အဟုန်ဖြင့် ခုနစ်ကြိမ်မျှ ဖြစ်ပေါ်၍ အာရုံ၏ အရသာကို ခံစားသော စိတ်မျိုးတည်း။ ဇောစိတ်မှာ ၅၅-ပါးရှိ၏။ ယင်းတို့မှာ အကုသိုလ်စိတ် ၁၂။ ကုသိုလ်စိတ် ၂၁၊ ဖိုလ်စိတ် ၄၊ အာဝဇ္ဇန်းစိတ် နှစ်ခု ကြဉ်သောကြိယာစိတ် ၁၈-ပါးတို့တည်း။ ယင်းဇောစိတ် ၅၅-ပါးတို့အနက် အကုသိုလ်စိတ်ထဲမှ မောဟမူစိတ် နှစ်ပါးနှင့်အဟိတ်ကြိယာထဲမှ ဟသိတုပ္ပါဒ် စိတ် တပါးဟူသော ဤစိတ် သုံးပါးတို့သည် အားကောင်းထက်သန်မှု မရှိနိုင်၍ အဓိပတိမဖြစ်နိုင်သော စိတ်များဖြစ်၏။ ထို့ကြောင့် ယင်းစိတ်သုံးပါး၊

တပါးသော ဇောစိတ် ၅၂-ပါးတို့သာ အဓိပတိထိုက်သော ဇောစိတ်များ ဖြစ်ကြသည်။ အဓိပတိ ဇောစိတ်ဟူသည် အကြီးအမှူးဖြစ်ပြီး လွန်စွာအား ကောင်းသော စိတ်မျိုးတည်း။ ယင်းအဓိပတိဇောစိတ် ၅၂-ပါးတို့၌ ဝိစိကိစ္ဆာ မှတပါးသော စေတသိက် ၅၁ ပါးတို့ ယှဉ်၍ဖြစ်ကုန်၏။

တဖန် ထိုအဓိပတိဇောစိတ် ၅၂-ပါးတို့တွင် အချို့သောစိတ်တို့မှာ ရံခါ သာ ထက်သန်အားကောင်းပြီး၊ ရံခါမူ အားမကောင်းကြချေ။ အချို့သော အဓိပတိဇောစိတ်တို့မှာမူ အမြဲပင် ထက်သန်အားကောင်းကြကုန်၏။ ဤသို့ ဇောနှစ်မျိုးကွဲပြား၏။ ထို နှစ်မျိုးတွင် (အကုသိုလ် - ၁၀၊ မဟာကုသိုလ်-၈၊ မဟာကြိယာ-၈ ဟူသော) ကာမဇော ၂၆-ပါးတို့မှာ ရံခါသာထက်သန် အားကောင်းကြသည်။ (ရူပကုသိုလ်-ကြိယာ ၁၀၊ အရူပကုသိုလ်-ကြိယာ ၈၊ လောကုတ္တရာ ၈-ဟူသော) အပ္ပနာဇောဟု ခေါ်သည့် ဇော်စိတ် ၂၆-ပါးတို့ ကား ဈာန်, မဂ်, ဖိုလ်တို့နှင့် သက်ဆိုင်သည့်စိတ်များဖြစ်၍ အမြဲပင် ထက်သန် အားကောင်းသည့် ဇောစိတ်များဖြစ်ကြသည်။

ထို့ကြောင့် ကာမဇော ၂၆-ပါး (ယှဉ်ဖက် စေတသိက်များနှင့် တကွ) တို့သည် ထက်သန်အားကောင်းသောအခါမှ အဓိပတိထိုက်သည့်ပစ္စည်းတရား ဖြစ်နိုင်ပြီး၊ ထက်သန်အားကောင်းမှုမရှိသောအခါမှာမူ အဓိပတိပစ္စည်းမထိုက် ချေ။ အပ္ပနာဇော ၂၆ ပါး (ယှဉ်ဖက်စေတသိက်များနှင့် တကွ)တို့ကားအမြဲ ထက်သန်အားကောင်းသည့် စိတ်မျိုးဖြစ်၍ အမြဲပင် အဓိပတိပစ္စည်း ဖြစ်နိုင် ကုန်၏။

အဓိပတိတရားလေးပါးတို့တွင် ဖော်ပြပါ 'စိတ္တ' (ဇောစိတ်၅၂)မှတပါး သော "ဆန္ဒ၊ဝီရိယ၊ ဝီမံသ" (ပညာ) ဟူသော အဓိပတိတရားသုံးပါး တို့ကား စေတသိက်များဖြစ်ကြသည်။ ယင်း စေတသိက်သုံးပါးတို့သည် များစွာသော စိတ်တို့၌ ယှဉ်ကြဖြစ်ကြသော်လည်း၊ ဖော်ပြပါ အဓိပတိဇောစိတ် ၅၂-ပါး တို့၌ယှဉ်ကြဖြစ်ကြသော "ဆန္ဒ၊ ဝီရိယ၊ ဝီမံသ" များသာ အဓိပတိပစ္စည်း ထိုက်ကုန်၏။ သို့သော်'ဝီမံသ'(ပညာ)သည် ထိုအဓိပတိဇော ၅၂-ပါးတို့တွင် ဉာဏ်နှင့်ယှဉ်ကြသော ကာမာဝစရမဟာကုသိုလ် ကြိယာစိတ် ရှစ်ပါးနှင့် အပ္ပနာဇော၂၆ပါး၊ ပေါင်း ၃၄-ပါးတို့၌သာ ယှဉ်၍ဖြစ်၏။ ဆန္ဒနှင့်ဝီရိယ တို့ကား ထိုအဓိပတိဇော ၅၂ပါးလုံး၌ပင် ယှဉ်၍ဖြစ်ကြ၏။ ထို့ကြေ

'ဝီမံသ'(ပညာ) ယှဉ်၍ဖြစ်နိုင်သော ဇော်ပြပါဇောစိတ် ၃၄ ပါး တို့၌သာ အဓိပတိတရား လေးပါးလုံးဖြစ်နိုင်ပြီး၊ ကျန်သောစိတ်၁၈ ပါး၌မူ အဓိပတိ တရားသုံးပါးသာ ဖြစ်နိုင်၏။ (ဝီမံသ-မရနိုင်။)

**အဓိပတိမှာတဦးသာ**။ ။တဖန်—'အဓိပတိ'ဟူသည် ပြိုင်ဘက်ကင်း၍အစိုးရ ခြင်းသဘောကို ဆောင်လေရကား (ဂူတခုထဲ၌ ခြသေ့်နှစ်ကောင် နေရိုးမရှိ၊ တကောင်တည်းသာ နေလေ့ရှိ၏ ဟူသကဲ့သို့) အဓိပတိတရားလေးပါးတို့သည် တစုတပေါင်းတည်း အတူတကွ ဖြစ်နိုင် ကြသော်လည်း၊ အဓိပတိ တရားလေးပါးအနက် တပါးသည် အဓိပတိ (အရှင်သခင်)အဖြစ်ဖြင့် လွှမ်းမိုးအုပ်စိုးမှုကိုရမူ ကျန်တရားသုံးပါးမှာ အဓိပတိ အဖြစ်ဖြင့် မထင်ရှားနိုင်ပဲ သာမန်နောက်လိုက်အဖြစ်ဖြင့်သာ ဖြစ်ကြရလေ သည်။ ဆိုလိုသည်မှာ ယင်း အဓိပတိ တရားလေးပါးအနက် အဓိပတိနေရာကို ရသော တရားတပါးသာ အဓိပတိပစ္စည်းဖြစ်နိုင်သည် ဟူလို။

## ဥပမာပေး၍ ရှင်းဦးအံ့

ရုပ်တရား ၂၈ ပါးတို့တွင် မဟာဘုတ်ကြီး လေးပါးတို့သာ ရုပ်ဟူသမျှတို့၌ လွှမ်းမိုး အုပ်စိုး ချယ်လှယ်သော ရုပ်များဖြစ်ကြသည်။ ရုပ်ဟူသမျှထဲ၌ ယင်း ဓာတ်ကြီး လေးပါးလုံး အမြဲပါရ၏။ ယင်း ဓာတ်ကြီး လေးပါးမပါပဲ မည် သည့်ရုပ်မျှ မဖြစ်နိုင်။ ဤမျှ အဓိက ပဓာနဖြစ်သော ဤဓာတ်ကြီး လေးပါး တို့သည် ရုပ်ဟူသမျှတိုင်း၌ လေးပါးလုံး စုပြုံ၍ လွှမ်းမိုးနိုင်ကြသည် မဟုတ်။ ဓာတ်ကြီးတပါးပါးသည် မိမိလွှမ်းမိုးနိုင်ခွင့်ရသော ရုပ်တို့၌သာ အဓိပတိ ဖြစ်လျက် ကျန်ဓာတ်ကြီး သုံးပါးတို့ကို လွှမ်းမိုးနိုင်၊ မိမိအလိုသို့ လိုက်စေ နိုင်သည်။

ထို့ကြောင့် '**ကျောက်တိုင်**'ဟူသော ရုပ်ဝတ္ထု၌ ပထဝီဓာတ်သည် အဓိပတိ ဖြစ်ပြီး၊ ကျန်ဓာတ်ကြီး သုံးပါးတို့ကို လွှမ်းမိုး၏။ မိမိအလိုသို့ လိုက်ပါစေ၏။ '**ရေ**'ဟူသော ရုပ်ဝတ္ထု၌ အာပေါဓာတ်သည် အဓိပတိဖြစ်ပြီး၊ ကျန်ဓာတ်ကြီး သုံးပါးတို့ကို လွှမ်းမိုး၏။ မိမိအလိုသို့ လိုက်ပါစေ၏။ 'မီး'ဟူသော ရုပ်ဝတ္ထု၌ တေဇောဓာတ်သည် အဓိပတိဖြစ်ပြီး၊ ကျန်ဓာတ်ကြီးသုံးပါးတို့ကို လွှမ်းမိုး၏။

မိမိအလိုသို့ လိုက်ပါစေ၏။ 'လေ'ဟူသော ရုပ်ဝတ္ထု၌ ဝါယောဓာတ်သည် အဓိပတိဖြစ်ပြီး၊ ကျန်ဓာတ်ကြီး သုံးပါးတို့ကို လွှမ်းမိုး၏။ မိမိအလိုသို့ လိုက်ပါစေ၏။ ဤသို့လျှင် ဓာတ်ကြီး လေးပါးတို့သည် အားလုံးဘုရင်ချည်း၊ အဓိပတိချည်း ဖြစ်ကြသော်လည်း၊မိမိ၏ တန်ခိုးအာဏာ အခွင့်သာမှုရသော နေရာ၌သာ အဓိပတိအဖြစ်ဖြင့် လွှမ်းမိုး အုပ်စိုးခွင့် ရနိုင်လေသည်။

ထို့အတူပင် "ဆန္ဒ၊ စိတ္တ၊ ဝီရိယ၊ဝီမံသ" တရားလေးပါးတို့သည် အားလုံးဘုရင်ချည်း၊ အဓိပတိချည်း ဖြစ်သော်လည်း၊ မိမိ မိမိ၏ တန်ခိုးအာဏာ အခွင့်သာမှုရသော အရာ၌သာ အဓိပတိအဖြစ်ဖြင့် လွှမ်းမိုးအုပ်စိုးနိုင်ခွင့် ရနိုင်လေသည်။ (တခုတခုသော အရာ၌ တရား တပါးပါးသည် အဓိပတိပစ္စည်း ဖြစ်နိုင်သည် ဟူလို။) ထို့ကြောင့်အကြင် အဓိပတိ တရားတပါးသည် အကြင် အရာ၌ အဓိပတိနေရာကို ရရှိ၏။ထို အဓိပတိတရားသည် ထိုအရာ၌ ကြွင်းသော အဓိပတိ တရားသုံးပါနှင့်တကွအတူ ဖြစ်ဖက် စိတ်၊ စေတသိက်၊စိတ္တဇရုပ်တရားတို့ကို လွှမ်းမိုးပြီး မိမိအလိုသို့ လိုက်ပါစေ၏။

## အဓိပတိတရားတို့၏ တန်ခိုးသတ္တိ

ဤအဓိပတိ တရားလေးပါးတို့သည် အတူအကွ ဖြစ်ဖက် စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့အား မည်ကဲ့သို့ ကျေးဇူးပြုသနည်း ဟူမူ။

(၁) **ဆန္ဒဝတော** ကိံနာမ ကမ္မံ န သိဇ္ဈတိ = ဆန္ဒ အားကြီးထက်သန်သူအား မပြီးမြောက်သော အမှုအလုပ်ဟူ၍ မရှိ။

(၂) **စိတ္တဝတော** ကိံနာမ ကမ္မံ န သိဇ္ဈတိ = စိတ်ဓာတ်အားကြီး ထက်သန်သောသူအား မပြီးမြောက်သော အမှုအလုပ်ဟူ၍ မရှိ။

(၃) **ဝီရိယဝတော** ကိံနာမ ကမ္မံ န သိဇ္ဈတိ = ဝီရိယ အားကြီးထက်သန်သောသူအား မပြီးမြောက်သော အမှုအလုပ်ဟူ၍ မရှိ။

(၄) **ပညာဝတော** ကိံနာမ ကမ္မံ န သိဇ္ဈတိ = ပညာ အားကြီး ထက်မြက်သောသူအား မပြီးမြောက်သော ဤမှု အလုပ်ဟူ၍ မရှိ။

ဤသို့မူလ ဋီကာကျမ်းကြီး၌ ဆိုထားလေသည်။

သတ္တဝါတို့အား မိမိတို့၏ အမှုကိစ္စကို ပြီးမြောက်အောင် လုပ်ဆောင်အားပေးသည့် တရားတို့ကား ဤ အဓိပတိတရား လေးပါးတို့ ဖြစ်ကုန်၏။ လောက၌ အလွန် ပြုနိုင်ခဲ့ကုန်သော၊ ယောကျ်ားကောင်း ယောကျ်ားမြတ်တို့သာ ပြုအပ်ကုန်သော ကြီးကျယ်သည့်အမှုတို့ ပေါ်ပေါက်လာကြသော် ဤ အဓိပတိတရားလေးပါးတို့သာ အမှုကိစ္စပြီးမြောက်ခြင်းငှာ (တန်ခိုးရှင်များ) ဖြစ်ကုန်၏။ အဓိပတိတရားချို့တဲ့ နုံချာအားနည်းသော သူတို့ကား မည်သည့် ကြီးကျယ်သောအမှုကိုမျှ ပြီးစီးအောင် လုပ်ဆောင်ရန် မစွမ်းနိုင်ကြကုန်။

(၁) လောက၌ '**ဆန္ဒ**' အားနည်းသောလူများစွာတို့သည် အလွန်ပြုနိုင်ခဲသည့် အလုပ်ကြီးများကို မြင်လျှင် ပြုလုပ်ရန်ဆန္ဒ ဆုတ်နစ်သွားကြပြီး မလုပ်ချင် မကိုင်ချင် ဖြစ်ကြကုန်၏။ "ဤအလုပ်ကား ငါတို့၏အရာမဟုတ်" ဟူ၍ လျစ်လျူရှုကာ ပစ်ထားကြကုန်၏။ ဆန္ဒအားကြီးသော ပုဂ္ဂိုလ်သည်ကား ထိုကဲ့သို့သော အလုပ်ကြီးများကိုမြင်လျှင် လုပ်ဆောင်ရန်တက်ကြွသည့် ဆန္ဒရှိ၏။ အလွန် လုပ်ချင်ကိုင်ချင်၏။ "ဤအမှုသည် ငါ၏အရာသာတည်း" ဟု ဆုံးဖြတ်ချက်ချပြီး ထိုပုဂ္ဂိုလ်သည် ဆန္ဒက ဆွဲငင်အားတင်းပေးသဖြင့် ထိုအမှုကြီးကို မပြီးသေးသရွေ့ မစွန့်လွှတ်နိုင်ချေ။ မပြီးပြီးအောင် လုပ်လေတော့၏။

ဥပမာအားဖြင့် ဂေါတမဘုရားအလောင်းတော် သုမေဓာ ရှင်ရသေ့သည် ဒီပင်္ကရာဘုရားရှင်ကိုဖူးတွေ့ရသည့်အခါ ဘုရားဖြစ်လိုသည့် ဆန္ဒသည် အလွန်ထက်သန်စွာဖြစ်ပေါ်၏။ တယူဇနာရှိသော မီးကျီးစုအပေါ် ကူးဖြတ်နိုင်လျှင် ဘုရားဖြစ်မည် ဆိုက သုမေဓာသည် ထို မီးကျီးစုကို မဆုတ်မနစ် ကူးဖြတ်မည်သာတည်း။ ထိုမျှအားကြီးထက်သန်သောဆန္ဒကြောင့်ပင် လေးသင်္ချေနှင့် ကမ္ဘာတသိန်းကာလပတ်လုံး လောကတွင် အလွန်ပြုနိုင်ခဲသော ပါရမီကြီးများကို ဖြည့်ကျင့်နိုင်ခဲ့ခြင်း ဖြစ်ပေသည်။

(၂)လောက၌ **‘ဝီရိယ’** အားနည်းတွန့်ဆုတ်သော လူများစွာတို့သည်လည်း ထိုသို့သဘောရှိသော အလွန်ပြုနိုင်ခဲသည့် အလုပ်ကြီးများကိုမြင်လျှင် လုံ့လ ဝီရိယ တွန့်ဆုတ်သွားကြကုန်၏။ “ငါသည် ဤအလုပ်ကြီးကို လုပ်ရလျှင် များစွာသော ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းတို့ကို ရပေလတ္တံ့” ဟူ၍ စဉ်းစားပြီး မလုပ်ပဲ နောက်ဆုတ်သွားကြကုန်၏။ ဇွဲ၊ လုံ့လ၊ ဝီရိယအားကြီးသော ပုဂ္ဂိုလ်သည်ကား ထိုအလုပ်ကြီးမျိုးတို့ကိုမြင်လျှင် လုံ့လဝီရိယတက်ကြွလာပြီး ချက်ချင်းထ၍ လုပ်ချင်စိတ် ပြင်းပြလာ၏။ သူသည် အလွန် ပြုနိုင်ခဲသည့် ထိုးအလုပ်ကြီးမျိုးကို လုပ်ရ၍ များစွာသော ကိုယ်၏ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းတို့ကို ကာလကြာရှည်စွာ ခံစားရသော်လည်း ထို ဝီရိယဖြင့် ပြုအပ်သောအမှု၌ မငြီးငွေ့ပဲ စိတ်၏ ချမ်းသာပျော်ရွှင်မှုကို ခံစားရလျက် မလျော့သော ဇွဲလုံ့လဖြင့် မပြီးပြီးအောင် လုပ်ဆောင်သည်သာတည်း။

ကမ္ဘာသင်္ချေ များစွာတိုင် အပင်ပန်းဆုံး၊ အခဲယဉ်းဆုံးသော ဘုရားဖြစ်ရန် ပါရမီတော်ကြီးများကို ဘုရားအလောင်းတော်တို့ ဖြည့်ကျင့်သည်မှာ အားကြီး ထက်သန်သော ဤ ဝီရိယအဓိပတိ၏ သတ္တိပင် ဖြစ်၏။ အားကြီးသော ဝီရိယ အရာတွင် စံနမူနာပြုအပ်သော အလောင်းတော် မဟာဇနကမင်းသား၏ ဇွဲလုံ့လကိုကြည့်လျှင်ပင် ဝီရိယအဓိပတိ၏ အားကြီးသော တန်ခိုးစွမ်းအားကို မြင်နိုင်၊ သဘောပေါက်နိုင်သည်သာတည်း။

(၃) လောက၌ တွန့်တိုနောက်ဆုတ် **‘စိတ်’** အားနည်းသော လူများစွာ တို့သည် ထိုသို့ သဘောရှိသော၊ အလွန်ပြုနိုင်ခဲသည့်အမှုအလုပ်တို့ကို မြင်လျှင် တွန့်တိုဆုတ်နစ်သည့် စိတ်ဓာတ်ရှိကြပြီး၊ တဖန်အာရုံလည်း မပြုကြကုန်။ (စိတ်ကူးထဲပင်မထည့်နိုင်ကြကုန်။) စိတ်ဓာတ်အားကြီးထက်သန်သော ပုဂ္ဂိုလ် သည်ကား ထိုကဲ့သို့သော အမှုအလုပ်ကြီးတို့ကို မြင်လျှင်၊ တက်ကြွသောစိတ် ရှိကြပြီး၊ ထိုပြုလုပ်လိုသောစိတ်ကို မဖျောက်နိုင်ကြချေ။ အခါခပ်သိမ်းပင် ထိုအမှု၌ စွဲမြဲသောစိတ် ရှိနေလေ၏။ ထိုပုဂ္ဂိုလ်သည် အားကြီးသောစိတ်၏ အလိုသို့လိုက်ပါလျက်၊ ကာလကြာမြင့်စွာပတ်လုံး များစွာသော ကိုယ်၏ ဆင်းရဲခြင်း၊ စိတ်၏ဆင်းရဲခြင်းတို့ကိုခံ၍ ထိုအမှုအလုပ်ကြီးကို ပြီးမြောက် လုပ်ဆောင်လေတော့၏။

(၄) လောက၌ **‘ဉာဏ်ပညာ’**နည်းပါး အားနည်းလှသော လူများစွာ တို့သည် ထိုသို့သဘောရှိသော၊ အလွန်ပြုနိုင်ခဲလှသည့် အမှုအလုပ်ကြီး တို့ကို

မြင်လျှင်၊ ဉာဏ်ပညာဆုတ်နစ်ပြီး၊ အမှုတို့၏အစကို လည်းကောင်း၊ အဆုံးကို လည်းကောင်း မသိမြင်နိုင်ကြကုန်။ အမိုက်မှောင်တွင်းထဲ၌ ဝင်ရဘိသကဲ့သို့ ဖြစ်ကုန်၏။ ထိုအမှုတို့ကို ပြုလုပ်ရန်စိတ်လည်း မညွတ်ကုန်(မပါကုန်)။ ပညာ ဉာဏ်လွန်ကဲအားကြီးသော ပုဂ္ဂိုလ်သည်ကား ထိုကဲ့သို့သော အမှုအလုပ်ကြီး တို့ကိုမြင်လျှင် တက်ကြွသော ပညာရှိသည်ဖြစ်၍၊ အမှုတို့၏အစကို လည်း ကောင်း၊ အဆုံးကိုလည်းကောင်း သိမြင်လေ၏။ ထိုအမှုတို့၏ အကျိုးဆက်ကို လည်းကောင်း၊ အကြောင်းရင်းအမျိုးမျိုးကို လည်းကောင်း သိမြင်လေ၏။ ထိုပုဂ္ဂိုလ်သည် ကာလကြာမြင့်စွာပတ်လုံး ကိုယ်စိတ်နှစ်ပါးအဆင်းရဲခံလျက်၊ ပညာဖြင့် စူးစမ်းဆင်ခြင်ပြီး၊ ထိုအမှုကြီးကို အပြီးတိုင် ဆောင်ရွက်လေ၏။ အားကြီးသော ပညာဉာဏ်အရာတွင် စံနမူနာပြုအပ်သော အလောင်းတော် 'မဟောသဓာ' ၏ပြဿနာပေါင်း သောင်းခြောက်ထောင် ဖြေရှင်းပုံတို့ကို ကြည့်လျှင်၊ ဇီဝိသခေါ် ပညာအဓိပတိ၏ ထက်မြက်သော တန်ခိုးသတ္တိကို သိမြင်သဘောပေါက်နိုင်လေသည်။

ဤသို့လျှင် လောက၌ အလွန်ပြုနိုင်ခဲကုန်သော၊ ယောကျ်ားအာဇာနည်တို့ သာပြုနိုင်ကုန်သောကြီးကျယ်လှသည့်ထိုအမှုအလုပ်ကြီးတို့ ပြီးမြောက်ခြင်းငှာ ပေါ်ပေါက်လာကုန်သော်ဤအဓိပတိတရားလေးပါးတို့သည် ထင်ရှားရှိသော ကြောင့် လောက၌ ယောကျ်ားထူး ယောကျ်ားမြတ်တို့ ထင်ရှားရှိကြကုန်၏။ သဗ္ဗညုဘုရားရှင်, ဘုရားအလောင်း, ပစ္စေက ဗုဒ္ဓဘုရား, ပစ္စေက ဗုဒ္ဓ အလောင်း, အဂ္ဂသာဝက- မဟာသာဝကများနှင့် အလောင်းအလျာများ ထင်ရှားရှိကုန်၏။ ဤလောက၌ ယောကျ်ားထူး ယောကျ်ားမြတ်တို့၏ အစွမ်း ဖြင့် သတ္တလောက၏ အကျိုး, စီးပွား, ချမ်းသာခြင်းငှာအတတ်ပညာအထူးထူး တို့သည်လည်းကောင်း၊ လူ့အသုံးအဆောင် ဝတ္ထုပစ္စည်းအထူးတို့သည် လည်း ကောင်း အံ့ဖွယ်ရာ တွေ့မြင်ကြရကုန်၏။

## ဆန္ဒ နှင့် လောဘ

များစွာသောလူတို့သည် ဆန္ဒနှင့်လောဘတို့၏ သဘောလက္ခဏာကို ကွဲပြား စွာ နားမလည်ကြပဲ၊ အထင်အမြင်လွဲမှားပြီး ရောထွေးနေကြကုန်၏။ ဆန္ဒ သည် အလိုရှိအပ်သော အရာကို မရရအောင်၊ မပြီးပြီးအောင် လုပ်လိုမှု ရှိ၏။ လောဘသည်လည်း အရာဝတ္ထုတခုကို တမ်းတမ်းစွဲ တပ်မက်ပြီး မရ

အရလိုချင်နေမှုဖြစ်၏။ ထို့ကြောင့်လည်း ဆန္ဒနှင့်လောဘတို့သည် တူသလိုလိုနှင့် ဆင်တူရိုးမှားဖြစ်နေကြ၏။ အမှန်အားဖြင့် လောဘသည် အမှန်တရားကို မသိမြင်ကြသော လူမိုက်တို့၌ အားကောင်းနိုင်၏။ ပညာရှိ သူတော်ကောင်း၌မူ လောဘသည် 'ခေါင်းမဖော်နိုင်အောင်' တိမ်မြုပ်အားနည်း၏။ ဆန္ဒသည်ကား ပညာရှိ သူတော်ကောင်းတို့၌ အလွန်လျှင် အားကောင်းလှ၏။

ထို့ပြင် လောဘသည် အလွန်အားကောင်းလေသော် စိတ်၏ တည်ငြိမ်အားကောင်းမှုကို မရ။ ပညာဉာဏ် ကင်းမဲ့သဖြင့် 'အိုးနင်းခွက်နင်း' အလွဲလွဲအမှားမှားကို ပြုလုပ်စေသဖြင့် ကောင်းကျိုးထက် ဆိုးကျိုးကို ပို၍ဖြစ်စေ၏။ လောဘသည် ထိုကဲ့သို့ မှုမမှန်သော အယုတ်တရားမျိုးဖြစ်၍ အဆိုးဘက်၌ အားကောင်းနိုင်ငြားသော်လည်း အကောင်းဘက်၌မူ လွန်စွာ အားနည်းသေးနုံလှ၏။ လောဘကြီးသူသည် စိတ်၏ ချမ်းသာမှု၊ တည်ငြိမ်မှုကိုမရနိုင်ချေ။ ထို့ကြောင့် လောဘကြီးလျှင် အန္တရာယ်ကို ဖြစ်စေ၏။

ဆန္ဒဟူသည်ကား အားကြီးထက်သန်လေလေ၊ ကောင်းသော၊ မှန်သော အလုပ်ကြီးတို့ကို ပြီးမြောက်နိုင်လေလေ၊ ကောင်းကျိုးများစွာတို့ကို ပေးလေလေ၊ စိတ်၏ချမ်းသာမှု၊ တည်ငြိမ်မှုကို ပေးလေလေ ဖြစ်၏။ လောဘသည် ထိုကဲ့သို့ယှဉ်ဖက် စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့ကို အခါခပ်သိမ်း လွှမ်းမိုးနိုင်သည့် သတ္တိမျိုးမရှိသောကြောင့် အဓိပတိပစ္စည်းတရား မဖြစ်နိုင်ချေ။

## (ခ) အာရမ္မဏာဓိပတိ

အာရမ္မဏပစ္စည်း၌ အာရုံခြောက်ပါးတို့က စိတ်၊ စေတသိက်တို့အား ကျေးဇူးပြုပုံကို ရှင်းပြခဲ့၏။ယင်း အာရမ္မဏပစ္စည်းအရ အာရုံတခုသည် ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ အလိုရှိအပ်သည်ဖြစ်စေ၊ အလိုမရှိအပ်သည်ဖြစ်စေ စိတ်၊ စေတသိက်တရားတို့အား ကျေးဇူးပြုသည်သာတည်း။

ဤအာရမ္မဏာဓိပတိပစ္စည်း၌မူ 'အဓိပတိ' ဟူသော အထူးပြုစကားပါလာသဖြင့် သာမန် အာရုံမျိုး၊ အလိုမရှိအပ်၊ မနှစ်သက်အပ်သော အာရုံမျိုးကို

မယူရပေ၊ အလေးအမြတ် ပြုရလောက်အောင်၊ အလွန်နှစ်သက် တပ်မက် စွဲလမ်းလောက်အောင် အလိုရှိအပ်သော၊ အလွန် အလိုရှိအပ်သော အာရုံမျိုး (ဣဋ္ဌာရုံ၊အတိဣဋ္ဌာရုံ) ကိုသာ ယူရသည်။ အာရမဏာဓိပတိဟူသောစကားကို အခြေပြု၍ဆိုရသော် အဓိပတိအာရုံမျိုး (ဝါ) အလွန် လွမ်းမိုး ဆွဲဆောင်နိုင်သည့် အာရုံမျိုးသာ အာရမဏာဓိပတိပစ္စည်းတရား ဖြစ်နိုင်သည်။

ထိုတွင် အလိုရှိအပ်သော၊ ကောင်းသောအာရုံမျိုးဟူသည် မည်ကဲ့သို့သော အာရုံမျိုးနည်း။ အာရုံကို မည်ကဲ့သို့ ကောင်း-မကောင်းဟူ၍ သတ်မှတ်ရမည်နည်း။ အဖြေကား–အာရုံသည် ပင်ကိုယ်မူလ သဘာဝအားဖြင့် ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ အာရုံကိုလက်ခံယူသော ပုဂ္ဂိုလ်၏ စိတ်ထဲ၌ 'ကောင်းလှ၏' ဟု သတ်မှတ်သော အာရုံအားလုံးပင် ဣဋ္ဌာရုံဟူ၍ ဤ၌ ယူအပ်၏။ "ကိုယ်ထင် ခုတင်ရွှေနန်း" ဟုသလို သဘာဝအားဖြင့် မကောင်းသော (အနိဋ္ဌာရုံ,) အာရုံပင် ဖြစ်လင့်ကစား အာရုံကို လက်ခံသူက အလွန်အလိုရှိအပ်သော၊ တပ်မက်နှစ်သက်အပ်သော အာရုံဟု ထင်မှတ်လျှင် ထိုအာရုံသည် ဣဋ္ဌာရုံပင် ဖြစ်လေ၏။ ဥပမာအားဖြင့် အသေကောင်ပုပ်တို့သည် သဘာဝအားဖြင့် စက်ဆုတ်ရွံရှာဖွယ် 'အနိဋ္ဌာရုံ'မျိုး ဖြစ်သော်လည်း လင်းတများအဖို့ အလွန်အလိုရှိအပ်သော ဣဋ္ဌာရုံပင် ဖြစ်လေသည်။

အာရုံခြောက်ပါးကို အစွဲပြု၍ ဝိညာဉ်ခြောက်ပါး (ဝိညာဏဓာတ်ခုနစ်ပါး) ဖြစ်ပေါ်လာပုံကို အာရမဏပစ္စည်း၌ ရှင်းပြခဲ့ပြီး ဖြစ်သည်။ အလွန်အလိုရှိအပ်သော ရူပါရုံသည် စက္ခုပသာဒပေါ် မျက်စိအကြည်ဓာတ် (ဝါ) စက္ခုဒွါရပေါ် မျက်စိတံခါးထဲသို့ ဝင်ရောက် ထင်ပေါ်လာသောအခါ "ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဉ်၊ သမ္ပဋိစ္ဆိုင်း၊သန္တီရဏ၊ ဝုဋ္ဌော၊ ဇော(ခုနစ်ကြိမ်)၊ တဒါရုံ(နှစ်ကြိမ်)"ဟူ၍ စိတ်သည် အဆင့် ခုနစ်ဆင့်အားဖြင့် ဆက်တိုက် ဖြစ်ပေါ်လေသည်။

(အလွန်အလိုရှိအပ်သော သဒ္ဒါရုံ၊ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ အသီးသီးတို့ သောတ, ဃာန, ဇိဝှါ, ကာယ ဟူသော ဒွါရ အသီးသီးထဲသို့ ဝင်ရောက် ထင်ပေါ်လာသော အခါ၌လည်း ရူပါရုံ၌ကဲ့သို့ပင် စိတ်အစဉ်သည် ခုနစ်ဆင့်ဖြစ်လေသည်။)

သို့သော် ဤအာရမဏာ ဓိပတိပစ္စည်းမှာ ရိုးရိုးသာမန် အာရမဏာ ပစ္စည်းနှင့် ထူးခြားချက်တခုရှိ၏။ အာရမဏာပစ္စည်း၌ ထင်ရှားသောအာရုံ စသည်ဖြင့် လေးမျိုးခွဲခြား၍ ကျေးဇူးပြုပုံကို ဖော်ပြခဲ့၏။ ဤ 'အာရမဏာ ဓိပတိ' ပစ္စည်း၌မူ ဇောစိတ်ကို ဖြစ်စေနိုင်လောက်အောင် အားကောင်းသော အလွန်အားကောင်းသော အာရုံ နှစ်မျိုးသာ ကျေးဇူးပြုနိုင်, ပစ္စည်းတရား ဖြစ်နိုင်သည်။ ဇောစိတ်ကသာ အာရုံ၏အရသာကို ခံစားသည် ဖြစ်၍ ဇောစိတ်ဖြစ်မှသာ အာရုံသည် အကျိုးတရားကို ဖြစ်ပေါ်စေနိုင်သည်။ ထို့ကြောင့် အာရမဏာ ဓိပတိ ပစ္စည်း၌ အာရုံတခုကြောင့် ဖြစ်ပေါ်လာသော စိတ်များထဲတွင် 'ဇောစိတ်'ကိုသာ ယူရလေသည်။

တဖန် အာရမဏာပစ္စည်းလာ ဇောစိတ် ၅၅ ပါးလုံးနှင့် သဟဇာတာဓိပတိ လာ ဇောစိတ် ၅၂ ပါးလုံးကိုတောင်မှ ဤ အာရမဏာဓိပတိပစ္စည်း၌ မယူ ရချေ။ ထို ဇောစိတ်များထဲမှာ အာရုံ၏အရသာကို အလွန်တပ်မက် မြတ်နိုးစွာ ခံစားနိုင်သော ဇောစိတ် တချို့ကိုသာ ဤပစ္စည်း၌ ယူနိုင်လေသည်။ထို့ကြောင့် "လောဘမူစိတ် ၈၊ မဟာကုသိုလ်စိတ် ၈၊ မဟာကြိယာ ဉာဏသမ္ပယုတ်စိတ် ၄၊ လောကုတ္တရာစိတ်၈" ဟူသော ဇောစိတ် ၂၈ ပါးတို့ကိုသာ လည်း ကောင်း၊ ယင်းစိတ်တို့၌ ယှဉ်သော (ဒေါသ,ဣဿာ, မစ္ဆရိယ, ကုက္ကုစ္စ, ဝိစိကိစ္ဆာ,အပ္ပမညာ ၂ ဟူသော စေတသိက် ခုနစ်ပါးမှ တပါးသော) စေတသိက် ၄၅ ပါးတို့ကိုသာ လည်းကောင်း ဤအာရမဏာဓိပတိပစ္စည်း၌ အကျိုးပစ္စယုပ္ပန်တရားအဖြစ်ဖြင့် ယူရလေသည်။

'ဇောစိတ်'အရသာ မဟုတ်သေး၊အာရုံခြောက်ပါးတို့နှင့်ပတ်သက်၍လည်း ရိုးရိုးအာရမဏာပစ္စည်းနှင့် အာရမဏာ ဓိပတိပစ္စည်း နှစ်ပါးတို့၏ ထူးခြား ချက် ရှိလေသည်။ အာရမဏာပစ္စည်း၌ အာရုံခြောက်ပါးအရ အလုံးစုံသော စိတ် ၈၉၊ စေတသိက် ၅၂၊ ရုပ်၂၈နှင့်တကွ နိဗ္ဗာန်, ပညတ် ဟူသော ရှိသမျှတရား အားလုံးကို ယူနိုင်၏။ သို့သော် ဤအာရမဏာ ဓိပတိပစ္စည်း၌မူ ထိုသို့ တရားအားလုံးကို မယူရချေ။ (၁) စိတ် ၈၉ ပါးထဲမှ ဒေါသမူ၂၊ မောဟမူ ၂၊ဒုက္ခသဟဂုတ် ကာယဝိညာဉ် ၁ ဟူသောစိတ်ငါးပါးမှကြွင်းသော စိတ် ၈၄ ပါးကိုသာလည်းကောင်း၊ (၂) စေတသိက် ၅၂ ပါးထဲမှ ဒေါသ, ဣဿာ,မစ္ဆရိယ, ကုက္ကုစ္စ ဝိစိကိစ္ဆာ ဟူသော စေတသိက် ငါးပါးမှ ကြွင်းသော စေတသိက် ၄၇ ပါးကိုသာလည်းကောင်း၊ (၃) ရုပ်၂၈ ပါးထဲမှ "မဟာ

ဘုတ် ၄၊ ပသာဒရုပ် ၅၊ အာရုံရုပ် ၄၊ ဘာဝရုပ် ၂၊ ဟဒယ, ဇီဝိတ အာဟာရရုပ်''ဟူသော နိပ္ဖန္နရုပ်ခေါ် ရုပ် ၁၈ ပါးကိုသာလည်းကောင်း၊ (၄) **နိဗ္ဗာန်** ပညတ်အနက် နိဗ္ဗာန်ကိုသာလည်းကောင်း ယူရလေသည်။

အချုပ်အားဖြင့်ဆိုရသော် ကျေးဇူးပြု = ပစ္စည်းတရားဖြစ်သည့် အာရုံခြောက်ပါးနှင့် ကျေးဇူးခံ = ပစ္စယုပ္ပန် တရားဖြစ်သည့် ဇောစိတ် (မနောဝိညာဉ်စိတ်), စေတသိက်တို့၌ အဓိပတိနှင့် ထိုက်တန်သော, အလွန်အားကောင်းသည့်စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်တရားတို့ကိုသာ ယူရပြီး၊ အားနည်းသော တရားများကိုမူ မယူရဟူ၍ မှတ်ရာ၏။

**မှတ်ချက်။** ။အထက်ဖော်ပြပါ 'နိပ္ဖန္နရုပ် ၁၈ပါး' ဟူရာ၌ အလေးအမြတ်ပြုအပ်သော ဂရုဖြစ်သော နိပ္ဖန္နရုပ် ၁၈ ပါးကို ယူရမည်။ သာမန်နိပ္ဖန္နရုပ်ကို မယူရချေ။ ထို့ပြင်- 'အာရုံရုပ် လေးပါး' ဟူရာ၌ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ဖောဋ္ဌဗ္ဗာရုံ ဟူ၍ အာရုံရုပ် ငါးမျိုးရှိလေရာ ဖောဋ္ဌဗ္ဗာရုံဟူသည် တခြားမဟုတ်၊ 'ပထဝီ, ဝါယော, တေဇော'ဟူသော မဟာဘုတ်သုံးပါး အစုအပေါင်းပင် ဖြစ်၏။ ယင်းမဟာဘုတ် သုံးပါးသည် မဟာဘုတ် လေးပါး စာရင်းအတွင်း ပါဝင်ပြီးဖြစ်သောကြောင့် တူရာကိုဖယ်ထားလို၍ 'အာရုံရုပ် လေးပါး' ဟု ဆိုခြင်းဖြစ်သည်။

## အာရမ္မဏာဓိပတိ ကျေးဇူးပြုပုံ

အာရမ္မဏာဓိပတိပစ္စည်း ကျေးဇူးပြုပုံကို ဆက်၍ဆိုဦးအံ့- သုတသောမဇာတ်၌ လူသားစားသော 'ပေါရိသာဒ' မင်းသည် လူသားကို အလွန်အလေးအမြတ်ပြုသည်ဖြစ်၍ လူသားဟူသော အကြောင်းကြောင့် ထီးနန်းစည်းစိမ်ကို စွန့်၍ တောထဲ၌ သွားရောက် နေထိုင် လှည့်လည်၏။ ထိုဇာတ်စကားရပ်၌ လူသားတွင်ရှိသော ဂန္ဓာရုံ, ရသာရုံတရားတို့သည် (၀၁) အနံ့အရသာတို့သည် ပေါရိသာဒမင်း၏ သန္တာန်မှာ လူသား၌ အလွန်တပ်နှစ်သက်သည့် လောဘမူဇောစိတ်အား အာရမ္မဏာဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းပင် ဖြစ်၏။

တဖန်-ယင်းဇာတ်ထဲ၌ 'သုတသောမ' မင်းသည် သစ္စာတရားကို အလွန် အလေးအမြတ်ပြု၍ သစ္စာတရား တည်းဟူသော အကြောင်းကြောင့် ထီးနန်း စည်းစိမ်၊ ဆွေမျိုးအပေါင်းနှင့် မိမိ၏ အသက်ကိုစွန့်၍ ပေါရိသာဒမင်းထံ တဖန်ပြန်သွားလေ၏။ ထိုသို့ ပြန်သွားရာ၌ သစ္စာတရားသည် သုတသောမ မင်း၏ သန္တာန်မှာ သစ္စာတရားကို အလေးအမြတ်ပြုသည့် ကုသိုလ်ဇောစိတ် အား အာရမဏာဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြုခြင်းပင် ဖြစ်၏။

ဤသို့ စသည်ဖြင့် အကုသိုလ်အရာ၊ ကုသိုလ်အရာတို့၌ အလေးအမြတ် ပြုအပ်သော အာရုံခြောက်ပါးတို့က အကုသိုလ်ဇောစိတ်၊ ကုသိုလ်ဇောစိတ် တို့အား အာရမဏာ ဓိပတိပစ္စယ သတ္တိဖြင့် ကျေးဇူးပြုပုံကို ချဲ့ထွင်၍ နားလည်သဘောပေါက်ရာ၏။

ဆက်လက်၍ ကုသိုလ်၊ အကုသိုလ် တရားများကို အာရုံပြုပြီး၊ ကုသိုလ်, အကုသိုလ်ဇောစိတ်များ ဖြစ်ပေါ်ပုံကို ဤသို့ မှတ်သားရာ၏။ ကုသိုလ်, အကုသိုလ်ဆိုင်ရာအာရုံများကို အာရုံပြုသည့်အခါ မိမိနှင့် သက်ဆိုင်သော အာရုံများကိုသာ အလေးအမြတ် အာရုံပြုနိုင်ပြီး၊ သူတပါးနှင့် သက်ဆိုင်သည့် အာရုံများကိုမူ သာမန်လောက်သာ အာရုံပြုနိုင်၏။ ထိုတွင် အလေးအမြတ် ထား၍ အာရုံပြုမှသာ အာရမဏာဓိပတိပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်သည်။ သာမန်အားဖြင့် အာရုံပြုမှု အာရမဏာပစ္စယ သတ္တိဖြင့်သာ ကျေးဇူးပြုသည်။

ထို့ကြောင့် မိမိ၏အကုသိုလ်ဆိုင်ရာ အာရုံတခုကို အလေးအမြတ် အာရုံ ပြုသည့်အခါ လောဘမူဇောစိတ် (ရှစ်ပါး) ဖြစ်၏။ ကာမကုသိုလ် ၈၊ ရူပ ကုသိုလ် ၅၊ အရူပကုသိုလ် ၄ ဟူသော လောကီ ကုသိုလ်စိတ် ၁၇ ပါးနှင့် သက်ဆိုင်သော မိမိ၏ ကုသိုလ်တရား အာရုံများကို အလေးအမြတ် အာရုံ ပြုသည့်အခါ မဟာကုသိုလ်ဇောစိတ် (ရှစ်ပါး) ဖြစ်၏။ မိမိ၏ ဒါန, သီလ, ဘာဝနာကုသိုလ်ကို ဖြစ်စေ၊ မိမိ၏ ရူပ-အရူပစျာန်ကုသိုလ်ကိုဖြစ်စေ အလေး အမြတ်ပြု၍ အားရပါးရ ဆင်ခြင်သောအခါမှာ ဤမဟာကုသိုလ် ဇောစိတ် (ရှစ်ပါး)ပင် ဖြစ်လေ၏။

မိမိ၏ဥစ္စာဖြစ်သော လောကုတ္တရာကိုးပါး (မဂ် - ၄၊ ဖိုလ်-၄၊ နိဗ္ဗာန်) ကို ခြေခြေငံငံ စွဲစွဲလမ်းလမ်း အာရုံပြုသည့်အခါ မဟာကုသိုလ်-မဟာကြိယာ

ဉာဏသမ္ပယုတ်ဇောစိတ် (ရှစ်ပါး) ဖြစ်လေ၏။ သောတာပန်, သကဒါဂါမ်, အနာဂါမ်ပုဂ္ဂိုလ်တို့သည်မိမိမိမိ၏ မဂ်ဖိုလ်,နှင့် နိဗ္ဗာန်ကိုအလေးအမြတ် အာရုံပြုသည့်အခါ မဟာကုသိုလ်ဉာဏသမ္ပယုတ်ဇောစိတ် (လေးပါး)ဖြစ်၍၊ရဟန္တာပုဂ္ဂိုလ်က မိမိ၏အရဟတ္တမဂ်, အရဟတ္တဖိုလ်နှင့် နိဗ္ဗာန်ကို အလေးအမြတ် အာရုံပြုသည့်အခါ မဟာကြိယာ ဉာဏသမ္ပယုတ်ဇောစိတ် (လေးပါး) ဖြစ်လေ၏။

လောကုတ္တရာစိတ် ရှစ်ပါးသည်လည်း နိဗ္ဗာန်ကိုအာရုံပြု၏။ဤ၌လည်းမိမိ၏ မဂ်ဖိုလ်က မိမိ၏ နိဗ္ဗာန်ကိုသာ အာရုံပြုနိုင်သည်။ လောကုတ္တရာစိတ်သည် နိဗ္ဗာန်ကို အမြဲပင် အလေးအမြတ် အာရုံပြုလေသည်။ လောကီစိတ်တို့အနက် လောဘမူစိတ်-၈၊ မဟာကုသိုလ်-၈၊ မဟာကြိယာ ဉာဏသမ္ပယုတ် - ၄ ဟူသော စိတ်ပေါင်း ၂၀-တို့သည် ဖော်ပြပါအာရုံများကို အလေးအမြတ် ပြုသည့်အခါလည်း ရှိ၏။ ဖော်ပြပါအာရုံများကို ဖြစ်စေ, တခြားအာရုံများကိုဖြစ်စေ-အလေးအမြတ် မဟုတ်ပဲ၊ သာမန်အာရုံပြုသည့်အခါလည်း ရှိ၏။ အလေးအမြတ်အာရုံပြုသည့်အခါ၌သာ အာရမဏာဓိပတိပစ္စည်းဖြင့် ကျေးဇူးပြုနိုင်သည်။ ဖော်ပြပါ စိတ် ၂၀-မှ တပါးသော လောကီစိတ်များကား လုံးလုံးအလေးအမြတ် မပြုတတ်သည့် တရားများသာ ဖြစ်ကုန်၏။

နိဂုံးချုပ်အားဖြင့်–အာရမဏာဓိပတိပစ္စည်း၌ ကာမအာရုံတို့သည်အလေးအမြတ်ပြုသော ပုဂ္ဂိုလ်အားသာလျှင် အာရမဏာဓိပတိ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ အလေးအမြတ် မပြုသော ပုဂ္ဂိုလ်အား အာရမဏာဓိပတိ ပစ္စယသတ္တိဖြင့် ကျေးဇူးမပြုချေ။ ရူပဈာန်, အရူပဈာန်ဆိုင်ရာ အာရုံတို့သည် မိမိရပြီးသည့် ဈာန်ကိုအာရုံပြုသော ပုဂ္ဂိုလ်အားလည်းကောင်း၊ လောကုတ္တရာတရား ကိုးပါးဆိုင်ရာ အာရုံတို့သည် မိမိရပြီးသော မဂ်, ဖိုလ်နှင့် နိဗ္ဗာန်တို့ကို အာရုံပြုသော ပုဂ္ဂိုလ်အားလည်းကောင်း အာရမဏာဓိပတိ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။ ။

# [၄] အနန္တရပစ္စည်း

# [၅] သမနန္တရပစ္စည်း

**မှတ်ရန်ဆိုရိုး။** ။"ဝီထိခေါ် စိတ်၏ဖြစ်စဉ် နိယာမတရားအရ ဖြစ်ပေါ်ကြရကုန်သောအလုံးစုံသောကုသိုလ်,အကုသိုလ်,ဝိပါက်၊ ကြိယာစိတ်များဖြစ်သည့်စိတ် ၈၉၊ စေတသိက် ၅၂ပါးတို့တွင်— ရှေးရှေး၌ ဖြစ်ကြကုန်သော (ရဟန္တာတို့၏ စုတိစိတ်ကြဉ်သော) စိတ် ၈၉၊ စေတသိက် ၅၂ပါးတို့သည်....နောက်နောက်၌ ဖြစ်ကြကုန်သော (ရဟန္တာတို့၏ စုတိစိတ်နှင့်တကွသော) စိတ် ၈၉၊ စေတသိက် ၅၂ ပါးတို့အား အနန္တရပစ္စယ သတ္တိဖြင့်လည်းကောင်း၊ သမနန္တရပစ္စယသတ္တိဖြင့် လည်းကောင်း ကျေးဇူးပြုကုန်၏။ (ထို့ပြင် - နောက်ဖော်ပြလတ္တံ့သော နတ္ထိပစ္စယသတ္တိဖြင့် လည်းကောင်း၊ ဝိဂတပစ္စယသတ္တိဖြင့် လည်းကောင်း ကျေးဇူးပြုကုန်သေး၏။)

## အဓိပ္ပာယ်ရှင်းလင်းချက်

'အနန္တရ' သဒ္ဒါသည်(အန်=မရှိခြင်း+အန္တရ=အကြား) ဟူသော ပုဒ်နှစ်ခုမှ ဆင်းသက်လာပြီး၊ အခြားမရှိခြင်း၊ အကြားမရှိခြင်း" ဟူသော အနက်အဓိပ္ပာယ်ကိုဟောလေရာ ဤ၌ 'ရှေ့စိတ်နှင့်နောက်စိတ်တို့၏အကြား၌ တခုနှင့်တခု ခြားထားသော ကြားတရားတခုမျှမရှိခြင်း' ဟူသော အဓိပ္ပာယ်ထူးကို ဆိုလိုလေသည်။ ယင်း 'အနန္တရ'ပုဒ်ကို 'အခြားမဲ့(အခြားမရှိ)ဟူ၍ တိုတိုထိထိဖြင့် ရှေးဆရာကြီးတို့ ဘာသာပြန်ထားခဲ့ကြသည်။

စိတ်တခုသည်ဖြစ်၍ချုပ်ပြီးနောက် မိမိနှင့်တူသော (သဘောတူသော) အခြားစိတ်တခုအား (ကာလခြားသော်မှလည်း ကြားတရားတခုမခြားပဲ) ဆက်တိုက်ဖြစ်စေနိုင်သည့် သတ္တိရှိသည်။ ယင်းသို့ရှေ့စိတ်သည် မိမိ ချုပ်ငြိမ်း ပြီးသည့် အခြားမဲ့၌ မိမိနှင့်တူသော အခြားစိတ်တခုအား ဆက်တိုက်ဖြစ်စေ သည့် သတ္တိကိုအနန္တရသတ္တိမျိုးဟုခေါ်၏။ တနည်းအားဖြင့် ရှေးစိတ်တခုသည် ဖြစ်၍ ချုပ်ပြီးနောက် မိမိနှင့်တူသော အခြား စိတ်တမျိုးအား ချက်ချင်း ဖြစ်ပေါ်လာစေအောင် (ရှေ့စိတ်နှင့် နောက်စိတ်တို့၏ အလယ်၌ ကြားဖြတ် 'အခြားစိတ် မရှိအောင်)အနန္တရပစ္စယသတ္တိဖြင့်ကျေးဇူးပြုသည်ဟု ဆိုလိုသည်။

ဥပမာအားဖြင့် စကြဝတေးပြည့်ရှင်မင်းသည် မိမိ နတ်ရွာစံပြီးနောက် မိမိ၏သားကြီးအား မိမိ၏ထီးနန်း (ထီးမွေနန်းမွေ)ကို ဆက်တိုက် ဆက်ခံ အောင် အခွင့်ပေး၏။ (ဝါ) ကျေးဇူးပြု၏။ ဤ၌ ဘခင်မင်း၏ နတ်ရွာ စံခြင်းသည် မိမိ၏ထီးနန်းအမွေကို မိမိ၏သားကြီးအား ဆက်ခံခွင့်ပေးလိုက် ခြင်းပင်ဖြစ်၏။ ထို့အတူပင် ရှေ့၌ဖြစ်သော (ဘခင်) စိတ်သည် ချုပ်ပျောက် ပြီးနောက် မိမိ၏စိတ်အမူ=ကြံမှုအမွေကို နောက်၌ဖြစ်သည့်(သား) စိတ်တခု အား ဆက်ခံခွင့် ပေးလေသည်။

**ထင်ရှားစေအံ့**-ရှေးရှေးစိတ်များ၌ မိမိချုပ်ငြိမ်းပြီးနောက် ဆက်လက်၍ အခြားစိတ်တမျိုးဖြစ်ပေါ်ရစ်စေနိုင်သော သတ္တိတူးရှိကြ၏။ ထိုသို့စိတ်တမျိုးကို ဖြစ်စေရာ၌လည်း "မည်သည့်စိတ်မဆို စိတ်တခုခုဖြစ် လျှင်ပြီးရော" ဟူသောအနေမျိုးဖြင့် ကျေးဇူးပြုကြသည် မဟုတ်။ "စိတ်၏ ဖြစ်စဉ်၊ စိတ်၏ဖြစ်ရာလမ်းကြောင်း"ဟု အဓိပ္ပာယ်ရှိသည့် ဝီထိခေါ် စိတ္တ နိယာမအတိုင်း စက္ခုဝိညာဉ်စိတ်ကမိမိ၏အခြားမဲ့၌သမ္ပဋိစ္ဆိုင်းစိတ်ဖြစ်အောင်၊ သမ္ပဋိစ္ဆိုင်းက မိမိ၏အခြားမဲ့၌ သန္တီရဏစိတ်ဖြစ်အောင် ဤသို့ စသည်ဖြင့် မိမိ၏အခြားမဲ့၌ မိမိနှင့်သက်ဆိုင်သော စိတ်၊ စေတသိက်များသာ ဖြစ်ပေါ် လာစေအောင် ကျေးဇူးပြုသည်။

ထို့ကြောင့် မိမိ၏အခြားမဲ့၌ ဖြစ်ထိုက်သော စိတ် (စိတ်တသိက်)များကို ဝီထိခေါ် စိတ္တနိယာမအတိုင်း ဖြစ်စေနိုင်စွမ်းသော ရှေးရှေးစိတ်၏ သတ္တိကို

အနန္တရပစ္စယ သတ္တိဟုခေါ်သည်။ (ရှေ့စိတ်ဟောင်း တခုတခုစီက နောက်စိတ်သစ်တခုတခုစီကို မွေးထုတ်ပေးခြင်း (ဝါ) ဖြစ်ပေါ်စေခြင်းဟု လွယ်လွယ်မှတ်ယူနိုင်သည်။)

'အနန္တရ' ဟူသောပုဒ်၏ 'အခြားမဲ့၊ အခြားမရှိခြင်း' အနက်အဓိပ္ပာယ်ကို ပို၍ လေးနက်ပေါ်လွင်အောင် ဖော်ပြထားသော ဝေါဟာရတခုရှိသေး၏။ ယင်းကား 'သမနန္တရ' ဖြစ်၏။

'သမနန္တရ' (သမ်+အန်+အန္တရ) ဟူသည် ''အလွန်ကို အခြားမရှိခြင်း' သဘောဖြစ်၏။ အလွန်ကို အကြားမရှိပဲ နောက်စိတ် ဖြစ်ပေါ်လာအောင် ကျေးဇူးပြုနိုင်သော ရှေးစိတ်၏သတ္တိကို'သမနန္တရ'သတ္တိဟုခေါ်သည်။အလွန်ကို အကြားမရှိ'' ဟူသည် ''ရှေ့စိတ်၊ နောက်စိတ်ဟု စိတ်နှစ်မျိုး ခွဲထားသော်လည်း ရှေ့စိတ်၏ ဘင် (ချုပ်ပျောက်ခြင်း) နှင့် နောက်စိတ်၏ ဥပါဒ် (ဖြစ်ပေါ်ခြင်း)တို့ ကြားပြတ်ခြင်းမရှိတော့ရကား စိတ်တမျိုးတည်းကဲ့သို့ ဖြင့်နေသောကြောင့် 'အလွန်ကို အကြားမရှိ၊ သိပ်ကိုအကြားမရှိ'' ဟု ဆိုလိုသည်။

**ထင်ရှားစေအံ့။** ။ရုပ်တရားတို့သည် ရှစ်ခု၊ ကိုးခု စသည် ပေါင်းစပ်တွေခဲ ကလာပ်တွဲ၍ ဖြစ်လေ့ရှိသောကြောင့် ပုံသဏ္ဍာန် ထင်ရှား၏။ ထို့ကြောင့် ''ဤရုပ်ကလာပ် (ရုပ်အစု)သည် ဤရုပ်ကလာပ်မှ အထက် ၌ တည်၏။ အောက်၌တည်၏။ ဝဲဘက်၊ ယာဘက်၌ တည်၏-'' ဟု ခွဲခြား၍ ရလောက်အောင် ရုပ်ကလာပ် တခုနှင့်တခုအကြား (အာကာသ) ရှိ၏။ နာမ်တရားတို့မှာကား ထိုကဲ့သို့ ပုံသဏ္ဍာန်လည်းမရှိ။ တခဏတည်းဝယ် စိတ် နှစ်မျိုးပေါင်း ပြိုင်တူဖြစ်လေ့မရှိရကား၊ ထိုကဲ့သို့ ခွဲခြား၍မရ။ ရှေ့စိတ်၊ နောက်စိတ်တို့ တခုတည်းကဲ့သို့ ထင်ရလောက်အောင် ဆက်သွယ်လျက် (ဆက်နေလျက်) ဖြစ်ကြလေသည်။

## လျှပ်တပြက်အတွင်း စိတ်ကုဋေ တသိန်း

စိတ်၏ ဖြစ်ပေါ် - ချုပ်ပျောက်သည့်နှုန်းကား လူသာမန်တို့ မယုံနိုင် (မသိနိုင်)လောက်အောင်၊ လက်မခံနိုင်လောက်အောင် လျင်မြန်လွန်းလှ၏။

မည်မျှလျင်မြန်သနည်း ဟူမူ 'လက်ဖျစ်တတွက်၊ မျက်စိတမှိတ်၊ လျှပ်တပြက်' ဟူသော ခဏလေးအတွင်း၌ စိတ်ပေါင်း ကုဋေတသိန်းပင် ဖြစ်ပေါ်- ချုပ်ပျောက်ကြကုန်၏။ ဤမျှသော ခဏလေးအတွင်းဝယ် ဤမျှ များပြားလှသည့် စိတ်ပေါင်း ဖြစ်-ပျက်နေသည်ဆိုလျှင်၊ ထိုရှေ့စိတ်-နောက်စိတ်တို့ကို မည်သို့မျှ ခွဲမရနိုင်။ စိတ်သည် တခုတည်း, တစပ်တည်းပင် ဖြစ်လျက်ရှိသည် မဟုတ်လော-ဟု စောဒနာဖွယ် ရှိ၏။ ယင်းစောဒနာဖွယ်ကို ရှင်းလင်းရန် နောင်တွင် 'နတ္ထိ' ပစ္စည်းနှင့် 'ဝိဂတ' ပစ္စည်းဟူ၍ ပစ္စည်းနှစ်မျိုးကို ထပ်၍ ဟောတော်မူလေသည်။

'နတ္ထိ' ပစ္စည်း ဟူသည် တရားတခု ချုပ်ပြီးသည့်နောက်၌ မရှိခြင်း၊ ကင်းဆိတ်ခြင်းကို ဆိုလိုသည်။ 'ဝိဂတ' ပစ္စည်းဟူသည် တရားတခု၏အထည် ကိုယ်သဘောမှ ကင်းချုပ်ခြင်း (ကင်းခြင်း)ကို ဆိုလိုသည်။ ညဥ့်၏ ကင်းပျောက်ခြင်းသည် နေ့ဖြစ်ခြင်းငှာ ကျေးဇူး ပြုသကဲ့သို့လည်းကောင်း၊ ဆီမီး၏ ငြိမ်းခြင်းသည် အမိုက်မှောင်ဖြစ်ခြင်းငှာ ကျေးဇူးပြုသကဲ့သို့လည်းကောင်း-ထို့အတူ တရားတပါးသည် မိမိမရှိခြင်းမျှဖြင့် နောက်နောက်တရားတို့အား ဖြစ်ရစ်စေရန် ကျေးဇူးပြုခြင်းသည် 'နတ္ထိ' ပစ္စည်းမည်၏။ တဖန်-နေရောင်၏ ကင်းပျောက်ခြင်းသည် လရောင်ဖြစ်ဖို့ရာ ကျေး ဇူး ပြု သကဲ့သို့၊ ထို့အတူ တရားတပါးသည် မိမိ ချုပ်ကင်း ကွယ်ပျောက်မှုဖြင့် နောက်နောက် တရားတို့အား ဖြစ်ခွင့်ပေးမှု ကျေးဇူးပြုခြင်းသည် 'ဝိဂတ' ပစ္စည်းမည်၏။

ဤသို့လျှင် ''အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတ'' ဟူသော ပစ္စည်းလေးခုတို့၏ သဘောများကို စုပေါင်း ခြုံကြည့်လျှင်- လျှပ်တပြက်အတွင်း၌ စိတ်ပေါင်း ကုဋေတသိန်းမျှ ဖြစ်-ပျက်ကြလေရာ၊ ရှေ့ တ ရား သည် ဖြစ် ၍ ချုပ်ပြီးသည့် အခြားမဲ့၌ ချက်ချင်းပင် နောက်တရားတပါးကို ဖြစ်ပေါ်စေ၏။ ယင်းတရားလည်း တဖန် ချုပ်ပြီးသည့် အခြားမဲ့၌ နောက်တရားတပါးကို ချက်ချင်း ဖြစ်ပေါ်စေ၏။ ဤသို့ စသည့် လျှပ် တ ပြက် အ တွင်း စိတ်ပေါင်း ကုဋေတသိန်းဖြစ်လိုက်၊ ချုပ်လိုက်ပြီး၊ နောက်တရားကို ဖြစ်ပေါ်စေရာ ရှေ့စိတ်နှင့် နောက်စိတ်တို့သည် တခုနှင့်တခု မတူ ကွဲပြား ခြားနားကြောင်းကို သဘောပေါက်ရာ၏။ စိတ်တို့သည် ဤမျှ လျင်မြန်သော နှုန်းဖြင့် ဖြစ် ပျက်နေကြရာဝယ် ရှေးရှေးစိတ်တို့က နောက်နောက်စိတ်တို့အား ဆင့်ဆင့် အဆက်ဆက် မပြတ်မွေးထုတ်ပေး (ဖြစ်ပေါ်စေ)နိုင်သည်မှာ ''အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတ'' ပစ္စည်းတို့၏ သတ္တိများကြောင့်ပင် ဖြစ်လေသည်။

လျှပ်တပြက်အတွင်း၌ စိတ်တွေ ကုဋေတသိန်း (တစ်နောက်သုည ၁၂လုံး ရှိဂဏန်း)ဖြစ်ကြသည် ဟူသော စကားမှာ ယုံနိုင်ဖွယ်မရှိ၊ ရယ်ဖွယ်ရာတည်း ဟု တချို့က ဆိုကောင်းဆိုကြပေမည်။ ဤသို့ဆိုခြင်းသည် ဆိုသူ၏ (ဝါ) အသိဉာဏ်မရှိမှု၏ အပြစ်ပေတည်း။ ဤနေရာ၌ ယခုခေတ် သိပ္ပံပညာရှင် တို့၏ သုတေသန ပြုချက်ကို လေ့လာရာ၏။ သိပ္ပံပညာရှင်တို့ တွေ့ရှိချက်အရ "ရုပ်တခုသည် တစက္ကန့်ကို တစ်နောက် သုည ၁၅ လုံးရှိသော အစိတ်ပေါင်း စိတ်လိုက်လျှင် တစိတ်သာ အသက်ရှည်၏။ တနည်းအားဖြင့် ရုပ်တရားတို့သည် တစက္ကန့်လျှင် တစ်နောက် သုည ၁၅ လုံးရှိ အရေအတွက်မျှ ဖြစ်နိုင်ကုန်၏ ဟု ဆိုနိုင်၏" ဤသို့ သိရာ၏။

ရုပ်တရားတို့ ပင်လျှင် ဤမျှ လျင်မြန်စွာ ဖြစ် ပျက် နိုင် ကြ သေး သည် ဟူသော အချက်ကိုထောက်လျှင်၊ ရုပ်တရားတို့ထက် ၁၅ ဆလောက် (ကျမ်း ဂန်အရ ၁၇ ဆ)ပို၍ လျင်မြန်စွာ ဖြစ်ပျက်နိုင်ကြသော နာမ်တရားတို့သည် တစက္ကန့်ထက်များစွာ တိုတောင်းလှသော လျှပ်တပြက်အတွင်း၌ ကုဋေတသိန်း (တစ်နောက် သုည ၁၂ လုံး) ဖြစ်ပျက်နိုင်ကြသည်ကို သံသယမရှိ ယုံကြည် ရာ၏။

## စိတ်တို့၏ လုပ်ငန်းအမျိုးမျိုး

အာရမဏ ပစ္စည်း ၌ လည်း ကောင်း၊ အာရမဏာဓိပတိ ပစ္စည်း ၌ လည်း ကောင်း အာရုံခြောက်ပါး တပါးပါးကြောင့် မည်သည့်စိတ် (စေတသိက်) များ ဆက်တိုက် ဖြစ်ကြသည့်အကြောင်းကို ပြဆိုခဲ့၏။ ဤ 'အနန္တရ' နှင့် 'သမ နန္တရ' ပစ္စည်းတို့၏ သဘောသည်လည်း ထို အာရမဏ ပစ္စည်း၏ သဘောနှင့် နီးကပ်စွာ ဆက်စပ်လျက်ရှိ၏။ အာရမဏပစ္စည်း၌ "အာရုံခြောက်ပါး တပါး ပါးကြောင့် ဝီထိခေါ် စိတ္တနိယာမ သဘောအရ မည်သည့်စိတ် (စေတသိက်) များ ဖြစ်ကြသည့်"ဟူ၍ အာရုံကို ပဓာနထားပြီးဆိုလေ၏။ ဤ 'အနန္တရ' (သမနန္တရ)ပစ္စည်း၌ကား "ယင်းသို့ အာရုံတခုခုကြောင့် ဖြစ်ပေါ်လာသည့် စိတ်တခုခုသည် မိမိ၏အခြားမဲ့၌ မိမိနှင့် တူသော စိတ်တမျိုးတမျိုးအား ဆက်တိုက် ဆက်လက် ဖြစ်ပေါ်စေကြောင်း၊ စိတ်တခု၏ သတ္တိကို အဓိက ထား၍ ဆိုလေသည်။

ဤ၌ ဆက်လက်၍ စိတ် ၈၉ ပါးတို့၌ မည်သည့်စိတ်တို့သည် မည်သို့သော လုပ်ငန်းကိစ္စကိုလုပ်၍ မည်သည့်သတ္တိရှိကြောင်းကို ဖော်ပြပေအံ့—

ဟေတုပစ္စည်း ၌ ဖော်ပြခဲ့သော စိတ် ၈၉ ပါးတို့၏ အမျိုးအစား ခြောက်စု ခြောက်မျိုး ခွဲခြားပုံကို ပြန်ကြည့်ပါ– (၁)အကုသိုလ်စိတ် ၁၂ ပါး။ (၂) အဟိတ်စိတ် ၁၈ပါးတွင် အကျိုးဝိပါက် ၁၅ နှင့် ကြိယ စိတ် သုံးပါးရှိ၏။ (၃)ကာမာဝစရ 'သောဘန'စိတ် ၂၄ ပါးတို့တွင် ကုသိုလ် ၈၊ ဝိပါက် ၈၊ ကြိယာ ၈-ပါရှိ၏။ (၄)ရူပါဝစရစိတ် ၁၅ ပါးတို့တွင်ကုသိုလ် ၅၊ဝိပါက်၅၊ကြိယာ ၅ ပါရှိ၏။(၅)အရူပါဝစရစိတ် ၁၂ပါးတို့တွင် ကုသိုလ် ၄၊ ဝိပါက် ၄၊ ကြိယာ ၄ ပါရှိ၏။ (၆) လောကုတ္တရာစိတ် ရှစ်ပါးတို့တွင် ကုသိုလ်ခေါ် မဂ်စိတ် ၄၊ ဝိပါက်ခေါ် ဖိုလ်စိတ် ၄ ပါရှိ၏။

**ကုသိုလ် အကုသိုလ်စိတ်** ဟူသည် ကောင်း-မကောင်းသော အကျိုး (ဝိပါက်) တရားများကို ဖြစ်ပေါ်စေသည့်အကြောင်း ကံတရားများ ဖြစ်၏။ **ဝိပါက်စိတ်** ဟူသည် ယင်းအကြောင်းကံတရားများကြောင့် ဖြစ်ပေါ်လာသည့် အကျိုးတရားများဖြစ်၏။ **လောကုတ္တရာစိတ်**-၌ အကြောင်းကံ ဖြစ်သော ကုသိုလ်တရားကို 'မဂ်'ဟုခေါ်၍ အကျိုးဖြစ်သော ဝိပါက်တရားကို 'ဖိုလ်'ဟု ခေါ်၏။ **ကြိယာစိတ်**-ဟူသည် (ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်ကြ၍) ကုသိုလ်,အကုသိုလ်စိတ်တို့ကဲ့သို့ အကျိုးတရားများကို ဖြစ်စေနိုင်သည့်သတ္တိမရှိ။ ပြုလုပ်ခြင်းသက်သက်သာဖြစ်သော စိတ်မျိုးတည်း။

ဖော်ပြပါစိတ် ၈၉ပါးတို့ကိုယင်းတို့၏လုပ်ငန်း 'ကိစ္စ' (ဝါ)သတ္တိအားဖြင့် ၁၄ မျိုး ခွဲခြားထားသည်။ ယင်းကိစ္စ ၁၄ မျိုးကား- "ပဋိသန္ဓေ၊ ဘဝင်၊ အာဝဇ္ဇန်း၊ ဒဿန၊ သဝန၊ ဃာယန၊ သာယန၊ ဖုသန၊ သမ္ပဋိစ္ဆန၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော၊ တဒါရုံ၊ စုတိ"ဟူ၍ ဖြစ်၏။

(၁) **ပဋိသန္ဓေကိစ္စ**- ဟူသည် ဘဝသစ်တခု၌ ပထမဦးဆုံး ပဋိသန္ဓေစိတ် ဖြစ်မှုတည်း။ ယင်းပဋိသန္ဓေကိစ္စကို ဆောင်ရွက်သော စိတ်တို့မှာ ၁၉ ပါး ရှိ၏၊ ယင်း ၁၉ ပါးကား- အဟိတ်ဝိပါက်ထဲမှ ဥပေက္ခာသန္တီရဏစိတ် ၂၊ ကာမာဝစရမဟာဝိပါက် စိတ် ၈၊ ရူပဝိပါက်စိတ် ၅၊ အရူပ ဝိပါက်စိတ် ၄ တို့ ဖြစ်သည်။

(၂) ဘဝင်ကိစ္စ-ဟူသည် အိပ်ပျော်နေစဉ်စသည့် ဝိထိစိတ် မဖြစ်သော အခါများ၌ ကံအရှိန်ရှိသမျှ ဘဝမပြတ်ရအောင်ဘဝဆက်စပ်ပေးခြင်းတည်း။ ပဋိသန္ဓေကိစ္စကို ဆောင်ရွက်သည့်စိတ် ၁၉ ပါးတို့သည်ပင် ဘဝင်ကိစ္စကို လည်း ဆောင်ရွက်ကြသည်။

(၃) အာဝဇ္ဇန်းကိစ္စ-ဟူသည် ဒွါရခြောက်ပါးထဲသို့ ဝင်ရောက်လာသည့် အာရုံခြောက်ပါးကို ဆင်ခြင်မှုတည်း။ ယင်းကိစ္စကိုဆောင်ရွက်သော စိတ်မှာ အဟိတ်ကြိယာထဲမှ 'ပဉ္စဒွါရာဝဇ္ဇန်း'နှင့် 'မနောဒွါရာဝဇ္ဇန်း'-ဟူသော စိတ် နှစ်ပါးဖြစ်၏။ထိုတွင်မနောဒွါရာဝဇ္ဇန်းကား မနောဒွါရ၌ ထင်သော မှာရုံကို ဆင်ခြင်သောစိတ်ဖြစ်ပြီး၊ ပဉ္စဒွါရာဝဇ္ဇန်းကား ကျန် ငါးဒွါရထဲ၌ ထင်သော အာရုံငါးပါးကို ဆင်ခြင်သောစိတ်တည်း။

(၄-၈) ဒဿန၊ သဝန၊ ဃာယန၊ သာယ၊ ဖုသန-ကိစ္စငါးပါးဟူသည် အစဉ်အတိုင်း မြင်မှု၊ ကြားမှု၊ နံမှု၊ လျက်မှု၊ တွေ့ထိမှုတို့ဖြစ်သည်။ ယင်းကိစ္စ ငါးပါး အသီးသီးကို ဆောင်ရွက်သောစိတ်အသီးသီးမှာ နှစ်ပါးစီရှိ၍ ပေါင်း စိတ် ၁၀ ရှိသည်။ ယင်းတို့ကား- အဟိတ်ဝိပါက်စိတ် များထဲမှ နှစ်ပါးစီ ရှိသော'စက္ခုဝိညာဉ်၊ သောတဝိညာဉ်၊ ဃာနဝိညာဉ်၊ ဇိဝှာဝိညာဉ်၊ ကာယ ဝိညာဉ်စိတ်တို့ဖြစ်၏။ ယင်းတို့ကို ဒွေပဉ္စဝိညာဉ်စိတ် ၁၀ ဟု ခေါ်၏။ စိတ် ငါးစုံတည်း။

(၉) သမ္ပဋိစ္ဆနကိစ္စ-ဟူသည် ယင်းဝိညာဉ်စိတ် ငါးမျိုးတို့ဖြင့် သိအပ် သော ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဟူသော အာရုံငါးပါး အသီးသီးကို လက်ခံခြင်းကိစ္စတည်း။ ယင်းကိစ္စကို ဆောင်ရွက်သော စိတ်မှာ အဟိတ်ဝိပါက်ထဲမှ သမ္ပဋိစ္ဆိုင်း စိတ်နှစ်ပါးဖြစ်၏။

(၁၀) သန္တီရဏကိစ္စ- ဟူသည် သမ္ပဋိစ္ဆိုင်းစိတ်က လက်ခံယူလိုက်သော အာရုံငါးပါးကို ကောင်း-မကောင်း စုံစမ်းခြင်း ကိစ္စတည်း။ ယင်းကိစ္စကို ဆောင်ရွက်သောစိတ်ကား အဟိတ်ဝိပါက်ထဲမှ သန္တီရဏစိတ် သုံးပါးဖြစ်၏။

(၁၁) ဝုဋ္ဌောကိစ္စ- ဟူသည် ထိုအာရုံ များကို ကောင်း- မကောင်း ဟု ဆုံးဖြတ်ခြင်းတည်း။ယင်းကိစ္စကို အဟိတ်ကြိယာထဲမှ မနောဒွါရာဝဇ္ဇန်းစိတ်က ပင် ဆောင်ရွက်လေသည်။

(၁၂) ဇောကိစ္စ- ဟူသည် ပြင်းထန်သော၊ အကြိမ် များစွာဖြစ်သော စိတ်အဟုန်ဖြင့် အလုံးစုံသော အာရုံတို့၏အရသာကို ခံစားခြင်းတည်း။ ယင်း ဇောကိစ္စကို ပြုသောစိတ်တို့မှာ ၅၅ ပါးရှိ၏။ ယင်းတို့ကား- အကုသိုလ် ၁၂၊ ကုသိုလ် ၂၁၊ ဖိုလ်=ဝိပါက် ၄၊ အမှတ် ၂ လာ အာဝဇ္ဇန်း စိတ် နှစ်ပါးမှ ကြွင်းသောကြိယာစိတ် ၁၈ တို့ဖြစ်သည်။

(၁၃) တဒါရုံကိစ္စ-ဟူသည် ဇောစိတ်က ယူအပ်ပြီးသော၊ အရသာခံစားအပ်ပြီးသော အာရုံကိုပင် ထပ်၍ =ဆက်၍ ယူခြင်း ကိစ္စ တည်း။ (ဝါ) ထိုအာရုံကို ထပ်၍ အာရုံပြုကာ မှတ် သား ခြင်း တည်း။ ယင်း ကိစ္စကို ပြုသောစိတ်တို့မှာ အဟိတ်ဝိပါက်ထဲမှ သန္တီရဏစိတ် သုံးပါးနှင့် ကာမာဝစရ မဟာဝိပါက်စိတ် ရှစ်ပါး-ပေါင်း ၁၁ ပါးတို့ ဖြစ်သည်။

(၁၄) စုတိကိစ္စ-ဟူသည် "ဝိထိစိတ်တို့၏ အကြားအကြား၌ ကံအရှိန် ရှိသမျှ ဘဝ မပြတ်ရအောင် ဘဝင်စိတ်က ဆက်စပ်၍လာခဲ့ရာ ကံအရှိန် ကုန်သောအခါ နောက်ထပ်မဆက်စပ်နိုင်တော့ပဲ" ဖြစ်ဆဲဘဝမှ ပျောကျခြင်း= ချုပ်ငြိမ်းသွားခြင်း = စုတေ သွားခြင်းတည်း။ ဘဝင်စိတ် မဖြစ်နိုင်တော့ပဲ အဆုံးသတ် ချုပ်ငြိမ်းသွားခြင်းပင် စုတေခြင်းမည်၏။ ထို့ကြောင့် အဆုံးသတ်ဖြစ်သော ဘဝင်စိတ်သည်ပင် ဘဝင်စိတ် ၁၉ ပါးသည်ပင် စုတိ ကိစ္စကို ပြုလေသည်။

အဘိဓမ္မာ၌ဖော်ပြအပ်သော အလုံးစုံသောစိတ် ၈၉ ပါး(စေတသိက်များနှင့်တကွ) တို့သည် သတ္တဝါတို့၏အမျိုးအစား အားလျော်စွာ သတ္တဝါတို့၏ သဏ္ဍာန်အသီးသီး၌ အစမထင်သော 'အနမတဂ္ဂ' သံသရာမှစ၍ နိဗ္ဗာန်သို့ မစံဝင်ရသေးမီအတွင်း၌ ဖော်ပြပါစိတ်တို့၏ လုပ်ငန်းကိစ္စ ၁၄ မျိုးအားဖြင့် အကြမ်းဖြင်းအရ အစဉ်အတိုင်း [လျှပ်တပြက်အတွင်း အကြိမ်ပေါင်း ကုဋေ တသိန်းနှုန်းဖြင့်] အလွန့်အလွန်လျင်မြန်စွာ [မီးလျှံမား၊ ရေအလျဉ်ကဲ့သို့] ဘဝအဆက်ဆက် မပြတ်မစဲ တမျိုးပြီးတမျိုး လှည့်ပတ် ဖြစ်ကြ၊ ပျက်ကြနေကုန်၏။

## ဆက်၍ရှင်းဦးအံ့

(၁) သတ္တဝါတဦးသည် ဘဝသစ်တခု၌ ပဋိသန္ဓေဝိပါက်စိတ် ၁၉ပါး တွင် တပါးပါးသောစိတ်ဖြင့် ပဋိသန္ဓေနေ၏-ပဋိသန္ဓေကိစ္စ။

(၂) ပဋိသန္ဓေစိတ်နှင့်အတူ ကမ္မဇသောရုပ်တို့ တဖြည်းဖြည်းဖြစ်လာ ကြရာ စက္ခုစသည့် ပသာဒရုပ်များဖြင့် အာရုံတို့ကိုယူ၍ ဝီထိစိတ် မဖြစ်နိုင် သေးသရွေ့ ကာလပတ်လုံး ထိုပဋိသန္ဓေစိတ် ဖြစ်ပြီးနောက် ထိုဘဝအစဉ် အဆက် မပြတ်ရလေအောင် ဘက်ပေးသည့်ဘဝင်စိတ်အသွင်ဖြင့် ဆက်လက် ဖြစ်နေရ၏ - ဘဝင်ကိစ္စ။

(၃) စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ-ဟူသော ပသာဒရုပ် ငါးခု တခုခုဖြင့် ရူပါရုံစသည့် ဆိုင်ရာအာရုံတခုခုကိုယူ၍ ဒွါရ ငါးခုဆိုင်ရာ ဝီထိစိတ် ဖြစ်နိုင်သော အခါတွင် ရှေးဦးစွာ ထိုအာရုံငါးမျိုးကို ဆင်ခြင်မှု ဟူသော ပဉ္စဒွါရာဝဇ္ဇန်းစိတ်ဖြစ်ပေ၏။ အကယ်၍စိတ်ဖြင့် မနောဒွါရဆိုင်ရာဓမ္မာရုံကို ယူ၍ ဝီထိစိတ်ဖြစ်သောအခါတွင် ထိုဓမ္မာရုံကို ဆင်ခြင်ခြင်း ဟူသော မနော ဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပေ၏-အာဝဇ္ဇန်းကိစ္စ။

(၄-၈) ထို့နောက်ရူပါရုံစသည်အာရုံငါးပါးအသီးသီးကို သိမှုဖြစ်သည့် 'စက္ခုဝိညာဉ်၊ သောတဝိညာဉ်၊ ဃာနဝိညာဉ်၊ ဇိဝှါဝိညာဉ်၊ ကာယဝိညာဉ်' ဟူသော စိတ်ငါးမျိုးနှစ်ခုစီ စိတ် ၁၀ ပါးအနက် တခုခုဖြစ်ပေ၏- ဒဿန၊ သဝန၊ဃာယန၊သာယန၊ဖုသန ကိစ္စငါးပါး။

(၉) ထို့နောက် ထိုအာရုံ ငါးပါးကို တပါးပါး လက်ခံခြင်း- ဟူသော သမ္ပဋိစ္ဆိုင်းစိတ် နှစ်ပါးအနက် တပါးပါး ဖြစ်ပေ၏- သမ္ပဋိစ္ဆနကိစ္စ။

(၁၀) ထို့နောက် ထိုအာရုံ ငါးပါးတပါးကို ကောင်း-မကောင်း စူးစမ်း ခြင်း-ဟူသောသန္တီရဏစိတ် သုံးပါးအနက်တပါးပါးဖြစ်ပေ၏- သန္တီရဏ ကိစ္စ။

(၁၁) ထို့နောက် ထိုအာရုံငါးပါး တပါးပါးကို ကောင်း-မကောင်း ဆုံးဖြတ်ခြင်းဟူသော 'ဝုဋ္ဌော' ခေါ် မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပေ၏- ဝုဋ္ဌောကိစ္စ။

(၁၂) ထို့နောက် ပြင်းထန်သော၊ အကြိမ်များစွာ ဖြစ်သော စိတ်အဟုန်ဖြင့် အလုံးစုံသော အာရုံတို့၏အရသာကိုခံစားခြင်းဟူသော ဇောစိတ် ၅၅-ပါးအနက် တပါးပါး ဖြစ်ပေါ်၏–ဇဝနကိစ္စ။ (**မှတ်ချက်**။ ။မနောဒွါရဆိုင်ရာ ဝီထိစိတ်ဖြစ်သောအခါဝယ် ဓမ္မာရုံကို ဆင်ခြင်ခြင်းဟူသော မနောဒွါရာဝဇ္ဇန်းစိတ် ဖြစ်ပြီးနောက် 'ဇောစိတ်' ဆက်တိုက်ဖြစ်လေသည်။ ထို့ကြောင့် အဆင့် ၉၊ ၁၀၊ ၁၁ တို့ကို ကျော်သွားသည်ဟု မှတ်။)

(၁၃) ထို့နောက် ဇောစိတ်က ယူအပ်ပြီး၊ အရသာခံစားအပ်ပြီးသော အာရုံကိုပင် ထပ်၍ ဆက်၍ ယူခြင်း (ဝါ) ထိုအာရုံကို ထပ်၍အာရုံပြုကာ မှတ်သားခြင်းဟူသော တဒါရုံခေါ် ဝိပါက်စိတ် ၁၁-ပါးအနက် တပါးပါး ဖြစ်ပေါ်၏–တဒါရုံကိစ္စ။

ဤသို့လျှင် အမှတ် ၃- ပဉ္စဒွါရာဝဇ္ဇန်း၊ သို့မဟုတ် မနောဒွါရာဝဇ္ဇန်း စိတ်မှစ၍ဖြစ်လာခဲ့သော ဝီထိခေါ် စိတ်အစဉ်သည် ဤတဒါရုံတွင် ပြီးဆုံးလေ၏။ ဝီထိစိတ်ပြီးဆုံးသော် နောက်ထပ် အာရုံတခုခုကြောင့် ထိုကဲ့သို့ ဝီထိစိတ် အစဉ်မဖြစ်နိုင်သေးသရွေ့ ကာလပတ်လုံး 'တဘဝ၏အသက်ဝိညာဉ်ကို ဆက်ပေးသော' အမှတ် ၂-ပါ ဘဝင်စိတ်တွေချည်း ဖြစ်ကြရသည်။ ဤသို့ တဘဝအတွင်းဝယ် အာရုံတခုခုကို ယူခွင့်ရသောအခါ **'ဝီထိစိတ်တွေ'** ဖြစ်ကြရကုန်၏။ အာရုံမရသောအခါတွင် **'ဘဝင်စိတ်တွေ'** ဖြစ်ကြရလျက် ကံအရှိန်မကုန်သေး၍ စုတိစိတ် မကျသေးသရွေ့ ကပလပတ်လုံး 'ဝီထိစိတ်' နှင့် 'ဘဝင်စိတ်နှစ်မျိုးတို့ တလှည့်စီ မရပ်မနား တလစပ် ဖြစ်နေကြရကုန်၏။

(၁၄) ကံအရှိန် ကုန်၍ စုတိပျက်ကြွေသေလွန်သော အခါ၌ကား အမှတ် ၂ လာ ဘဝင်စိတ်သည်ပင် စုတိစိတ်အဖြစ်ဖြင့် ပြတ်စဲပျက်ကြွေ၍ လက်ရှိဘဝ အဆုံးသတ်လေတော့၏–စုတိကိစ္စ။

## စိတ်အစဉ်မပြတ်သောသံသရာ

ယင်း စုတိစိတ်ကျပြီးသည့် အခြားမဲ့၌ပင် လက်ရှိဘဝဟောင်းက ထိုသတ္တဝါ ပြုခဲ့သော အံ့အားလျော်စွာ သုဂတိ၊ ဒုဂ္ဂတိဟူသော ဘဝသစ်တခုခု၌ အမှတ် ၁-လာ ပဋိသန္ဓေစိတ် ၁၉-ပါးအနက် တခုခုဖြင့် ဆက်တိုက်

ပဋိသန္ဓေနေရကာ ဘဝသစ်တခုဖြစ်ရပြန်လေသည်။ ထိုမှနောက်တွင်လည်း ရှေးနည်းတူပင် အမှတ် ၂-မှစ၍ အမှတ် ၁၃-အထိ ကံအရှိန်မကုန်သေးသမျှ 'ဝီထိစိတ်'နှင့် 'ဘဝင်စိတ်'တို့ တလှည့်စီ လှည့်ပတ်ပြီး မရပ်မနား ဖြစ်ရပြန်၏။ ကံအရှိန်ကုန်၍ စုတေရပြန်သော် ထို စုတိစိတ်ကျပြီးသည့်အခြားမဲ့ ၌ပင် တဆက်တည်း ဘဝသစ်တခု၌ ပဋိသန္ဓေနေကာ တဖန် ဖြစ်ရပြန်လေသည်။

ဤသို့သောနည်းဖြင့် သတ္တဝါတို့သည် ပရိနိဗ္ဗာန်စံဝင်သည့်ကာလအထိ မြစ်ရေအလျဉ်ကဲ့သို့ လည်းကောင်း၊ လှည်းဘီးစက်လည်ဘိသကဲ့သို့ လည်းကောင်း ဘဝသံသရာတွင် မပြတ်မစဲ တဝဲလည်လည်ဖြစ်ကြရသည်သာတည်း။ ပဋိသန္ဓေ- ဘဝနှင့်ဝီထိ၊ စုတိ — တဖန်စုတိမှပဋိသန္ဓေ၊ ဘဝင်နှင့် စုတိ—တဖန် ပဋိသန္ဓေ၊ ဤသို့ စသည်ဖြင့် စိတ်၊ စေတသိက်တရားတို့ အဆက်မပြတ် လှည့်လည်ဖြစ်ရာဝယ် ရှေးရှေးစိတ်သည် နောက်နောက် စိတ်အားအနန္တရ (သမနန္တရ) သတ္တိဖြင့် ကျေးဇူးပြုနေပေ၏။ (ဘဝတခုကပြုခဲ့သောကုသိုလ်၊ အကုသိုလ်ကံကြောင့် ဘဝသစ်တခု၌ သုဂတိဘဝ၊ ဒုဂ္ဂတိဘဝတခုခုသို့ ရောက်အောင် ကျေးဇူးပြုပေးသည့်သတ္တိကား နောက်ဖော်ပြလတ္တံ့သော 'ကမ္မ' ပစ္စည်းနှင့်သာ အဓိကအားဖြင့် သက်ဆိုင်လေသည်။)

ဤ ဖော်ပြပါ 'အနန္တရ၊ သမနန္တရ'ပစ္စည်းများနှင့် 'နတ္ထိ၊ဝိဂတ'ပစ္စည်း များအရ ဘဝသံသရာတလျှောက်၌ ဖြစ်ကြရသော စိတ် ၈၉-ပါးတို့တွင် (၁) အကုသိုလ်စိတ်က အကုသိုလ်စိတ်အားလည်းကောင်း၊ ဝိပါက်၊ကြိယာ အဗျာကတစိတ်တို့အား လည်းကောင်း ကျေးဇူးပြုပုံ၊ (၂) ကုသိုလ်စိတ်က ကုသိုလ်စိတ်အားလည်းကောင်း၊ ဝိပါက်၊ကြိယာ၊အဗျာကတစိတ်အား လည်းကောင်း ကျေးဇူးပြုပုံ၊ (၃) ဝိပါက်၊ကြိယာအဗျာကတစိတ်က အကုသိုလ်စိတ်အားလည်းကောင်း၊ ကုသိုလ်စိတ်အားလည်းကောင်း၊ ဝိပါက်၊ ကြိယာ၊အဗျာကတစိတ်အားလည်းကောင်း ကျေးဇူးပြုပုံတို့ကို "ဝီတိထိစိတ်နှင့် ဘဝင်စိတ်တို့ လှည့်ပတ်ဖြစ်ပုံကို ကြည့်ခြင်းအားဖြင့်" ကောင်းစွာ နားလည်သဘောပေါက်နိုင်လောက်ပေပြီ။

ဤ အနန္တရ၊ သမနန္တရ၊ (နတ္ထိ၊ ဝိဂတ) ပစ္စည်းတို့၌ အထူးမှတ်ဖွယ် အချက်သုံးချက် ရှိသေးသည်။ ယင်း သုံးချက်တို့ကား—

(၁) အကြင်အခါ၌ သတ္တဝါတဦးသည် ဝိပဿနာတရားများကို အား ထုတ် ပွားများ၍ ရဟန္တာ ဖြစ်သွား၏။ ထိုရဟန္တာပုဂ္ဂိုလ်အဖို့ လက်ရှိဘဝ သည် နောက်ဆုံးဘဝ ဖြစ်သောကြောင့် ပရိနိဗ္ဗာန်စံ၍ စုတိစိတ် ကျပြီး နောက်တွင် တဖန်ဘဝသစ်၌ မဖြစ်တော့ပြီ။ ပဋိသန္ဓေစိတ် ထပ်မဖြစ်တော့ ပြီ။ ထို့ကြောင့် ထိုရဟန္တာပုဂ္ဂိုလ်၏ စုတိစိတ်သည် အနန္တရ (သမနန္တရ) သတ္တိဖြင့် နောက်စိတ်တပါးအား ဖြစ်ပေါ်စေရန် ကျေးဇူးမပြုနိုင်တော့သဖြင့် ပစ္စည်းတရား မဖြစ်နိုင်တော့ပြီ။ သို့သော် ထိုရဟန္တာပုဂ္ဂိုလ်၏ စုတိစိတ်သည် မိမိရှေ့ကဖြစ်သောစိတ်၏ အနန္တရ (သမနန္တရ) သတ္တိဖြင့် ကျေးဇူးပြုခြင်းကို ရရှိသဖြင့် ယင်းကို ပစ္စယုပ္ပန်တရားထဲ၌ ထည့်သွင်းရလေသည်။

(၂) အနာဂါမ်၊ ရဟန္တာပုဂ္ဂိုလ်တို့သည် တရက်ဖြစ်စေ၊ နှစ်ရက်ဖြစ်စေ စသည်ဖြင့် အဓိဋ္ဌာန်အတိုင်း ခုနစ်ရက်အထိ စိတ်၊ စေတသိက်၊ စိတ္တဇရုပ် အလုံးစုံကို ချုပ်ငြိမ်းစေလျက် နိရောဓသမာပတ်ကို ဝင်စားနိုင်ကြကုန်၏။ ယင်းသို့ မဝင်စားမီ နောက်ဆုံးဖြစ်သော စိတ်ကား အရူပစတုတ္ထစျာန်စိတ် ဖြစ်သည့် "နူးညံ့သိမ်မွေ့လှသော" နေဝသညာနာသညာ ယတနစိတ်သည် ဖြစ်၏။ နောက်အဓိဋ္ဌာန်အတိုင်း တရက်စသည် ခုနစ်ရက်အထိ စိတ်၊ စေတသိက်၊ စိတ္တဇရုပ်တို့ အလျဉ်းမဖြစ်ပဲ ချုပ်ငြိမ်းနေကုန်၏။ အဓိဋ္ဌာန်သည့် ကာလပြည့်၍ ထို နိရောဓသမာပတ်မှထသောအခါ အနာဂါမ်ပုဂ္ဂိုလ်အား အနာဂါမိဖိုလ်စိတ်သည် လည်းကောင်း၊ ရဟန္တာပုဂ္ဂိုလ်အား အရဟတ္တဖိုလ် စိတ်သည်လည်းကောင်း ဖြစ်လေ၏။ ထိုတွင် နိရောဓသမာပတ်မဝင်စားမီ ဖြစ်သော ရှေ့စိတ်နှင့် ထိုသမာပတ်မှထသောအခါဖြစ်သော နောက်စိတ်တို့ အကြား "ကာလအားဖြင့် ခုနစ်ရက် ခြားနေသော်လည်း" စိတ်တခုမျှ ခြားကွယ်ခြင်းမရှိပေ။ ဤနေရာ၌လည်း ရှေ့စိတ်က နောက်စိတ်ကို အနန္တရ (သမနန္တရ) ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်ဟူ၍ပင် ဟူရသည်။

(၃) လူ့ပြည်၌ ယောဂီပုဂ္ဂိုလ်တဦးသည် "စိတ်၊ စေတသိက်"ဟူသော နာမ်တရားကြောင့် ဆင်းရဲဒုက္ခကို ခံစားနေရ၏ဟူ၍ နာမ်တရား၏အပြစ်ကို ရှုကာ ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်း၍ ပဉ္စမစျာန်ကို ရရှိ၏။ ထိုပုဂ္ဂိုလ်သည် စုတေသော် စိတ်၊ စေတသိက်ဟူသော နာမ်တရားတို့ အလျဉ်းမရှိပဲ ရုပ်ခန္ဓာ သာ ရှိသော အသညသတ်ဘုံမှာ ဗြဟ္မာကြီး ဖြစ်လေ၏။ ကမ္ဘာ ၅၀၀

ကာလပတ်လုံး 'နာမ်တရားတွေမဖြစ်ပဲ ရုပ်ခန္ဓာချည်းသာဖြစ်၍တည်နေလျက် တဖန် ထိုဘုံမှစုတေ၍ ကာမဘုံ၌ ဖြစ်ရလေ၏။ ထိုတွင် အသညသတ်ဘုံသို့ မရောက်မီကဖြစ်သော ရှေ့စုတိစိတ်နှင့် ကာမဘုံ၌ပြန်ဖြစ်သည့်နောက် ပဋိသန္ဓေစိတ်တို့အကြား၌ "ကာလအားဖြင့် ကမ္ဘာ ၅၀၀ ခြားသော်လည်း" စိတ်တခုမျှ ခြားကွယ်ခြင်းရှိပေ။ ဤနေရာ၌လည်း ရှေ့စုတိစိတ်က နောက် ပဋိသန္ဓေစိတ်အား အနန္တရ (သမနန္တရ) ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည် ဟူ၍ပင် ယူရသည်။

ဤတွင် နိရောဓသမာပတ် ဝင်စားမှုနှင့် အသညသတ်ဘုံ၌ ဖြစ်မှုတို့ကို ထောက်ရှု၍– အနန္တရ (သမနန္တရ) ပစ္စည်း၌ ရှေ့စိတ်နှင့် နောက်စိတ်တို့ အကြားဝယ် ကာလအားဖြင့် ခြားကွယ်နေမှု ရှိ-မရှိကို မယူရပဲ၊ အခြား နာမ်တရား တခုခု ခြားကွယ်နေမှု ရှိ-မရှိ ကိုသာ ယူရသည်–ဟူ၍ အနန္တရ၊ သမနန္တရ (နတ္ထိနှင့် ဝိဂတ) ပစ္စည်းတို့၏ သဘောကို နားလည်ရာ၏။ ။

# [၆] သဟဇာတကပစ္စည်း

**မှတ်ရန်ဆိုရိုး။** ။"(၁) အလုံးစုံသောစိတ် ၈၉၊ စေတသိက် ၅၂ ဟူသော ပဝတ္တိ၊ ပဋိသန္ဓေနာမ်ခန္ဓာ လေးပါးတို့သည် အချင်းချင်းအား လည်းကောင်း၊ စိတ်ကြောင့် ဖြစ်ကုန်သော စိတ္တဇ ရုပ်တို့အား လည်းကောင်း=(၂) မဟာဘုတ် ရုပ်ကြီး လေးပါးတို့သည် အချင်းချင်းအား လည်းကောင်း၊ မိတို့ကို မှီ၍ ဖြစ်ကြသော ဥပါဒါရုပ် ၂၄ ပါး တို့အား လည်းကောင်း– (၃) ပဉ္စဝေါကာရ ပဋိသန္ဓေ နာမ် ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်တို့သည် ပဋိသန္ဓေ ခဏ၌ အချင်းချင်းအားလည်းကောင်း– သဟဇာတ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုကုန်၏။

## အဓိပ္ပာယ်ရှင်းလင်းချက်

ဤသဟဇာတ ပစ္စည်း၌ အထက် ဖော်ပြပါ ဆိုရိုးအရ အခြေခံ အားဖြင့် အချက် ၄ ါးချက်တို့ကို နားလည်သဘောပေါက် မှတ်သားရန် အထူးလိုအပ် ပေသည်။ ယင်းအချက် ၄ ါးချက်တို့ကား–

(၁) သတ္တဝါတဦးသည် ဘဝဟောင်းမှ စုတေသည်၏ အခြားမဲ့တွင် ဘဝသစ်၌ ပဋိသန္ဓေစိတ် ဖြစ်၏။ ထိုပဋိသန္ဓေစိတ် ဥပါဒ်၊ ဌီ-ဘင်- ခဏသုံး ပါး၌ ဖြစ်သော စိတ်၊ စေတသိက်တို့ကို 'ပဋိသန္ဓေ နာမ်ခန္ဓာ လေးပါး'· ဟု ခေါ်သည်။

(၂) ထိုပဋိသန္ဓေစိတ်မှ နောက်၊ ပထမ ဘဝင်စိတ်မှ စ၍ စုတိစိတ်ကျသည်အထိ တဘဝအတွင်း ဖြစ်သမျှသော စိတ်၊ စေတသိက် တို့ကို 'ပဝတ္တိ နာမ်ခန္ဓာ လေးပါး'ဟု ခေါ်သည်။(၃) စုတိစိတ်၏ ခဏသုံးပါး၌ ဖြစ်သော စိတ်၊ စေတသိက် တို့ကို 'စုတိ နာမ်ခန္ဓာ လေးပါး'ဟု ခေါ်၏။ ဤသဟဇာတ ပစ္စည်း၌ ပဋိသန္ဓေ၊ ပဝတ္တိ၊ စုတိအခါ သုံးမျိုး လုံး၌ပင် ဖြစ်သမျှ စိတ်၊စေတသိက် နာမ်ခန္ဓာ လေးပါး တို့သည် အချင်းချင်းအား ကျေးဇူးပြုကုန်၏။

(၄) တဖန် ဟေတုပစ္စည်း၌ "ကမ္မဇရုပ်သည် ပဋိသန္ဓေ အခါ၌ ဖြစ်သော ပဋိသန္ဓေ ကမ္မဇရုပ်၊ပဝတ္တိ အခါ၌ ဖြစ်သော ပဝတ္တိ ကမ္မဇရုပ်ဟူ၍ နှစ်မျိုးရှိပြီး စိတ္တဇရုပ် ဟူသမျှသည် ပဝတ္တိ အခါ၌သာ ဖြစ်သော ရုပ်မျိုး ဖြစ်ကြောင်း" ဟူ၍ ဖော်ပြခဲ့၏။ ဤသဟဇာတပစ္စည်း၌ ပဋိသန္ဓေခဏ၌ ဖြစ်သော နာမ်ခန္ဓာလေးပါးတို့သည် ပဋိသန္ဓေ ကမ္မဇရုပ်အား ကျေးဇူးပြုနိုင်ကြောင်း။ပဝတ္တိ အခါ၌သာ စိတ္တဇရုပ် ဖြစ်နိုင်သောကြောင့် ပဝတ္တိ နာမ်ခန္ဓာ လေးပါးတို့သည် ထိုစိတ္တဇ ရုပ်အား ကျေးဇူး ပြုနိုင်ကြောင်း ခွဲခြား၍ သိရာ၏။

(၅) ဟေတု ပစ္စည်း၌ ဖော်ပြခဲ့သည့် အတိုင်း- 'ဧက ဝေါကာရ၊ စတုဝေါကာရ၊ ပဉ္စ ဝေါကာရ-' ဟူ၍ ဘုံသုံးမျိုးရှိရာ ထိုသုံးမျိုးတွင် ပဉ္စဝေါကာရဘုံ၌ ဖြစ်သည့် သတ္တဝါတို့၌သာ ပဋိသန္ဓေ စိတ်၊ စေတသိက် နာမ်ခန္ဓာတို့ ဖြစ်သည်နှင့် တပြိုင်နက် ဟဒယ ဝတ္ထုရုပ်လည်း တပါတည်း ဖြစ်ရလေသည်။ ထိုပဋိသန္ဓေ နာမ်ခန္ဓာနှင့် ဟဒယ ဝတ္ထု ရုပ်တို့လည်း အချင်းချင်းအား သဟဇာတ သတ္တိဖြင့် ကျေးဇူးပြုကြ၏။

(၆) အလုံးစုံသော ရှိသမျှရုပ် ၂၈ပါးတို့တွင် မဟာဘုတ်ကြီးလေးပါး တို့သည် အခြေခံ၊ အမာခံ ရုပ်ကြီးများဖြစ်၏။ ဥပါဒါရုပ် ၂၄ပါးတို့သည်ကား ထိုမဟာဘုတ်ကြီး လေးပါးကို အမှီပြု၍၊ အခြေခံ၍ ဖြစ်ကြရပြီး မဟာဘုတ်ကြီး မပါပဲ မိမိတို့ ဘာသာ ဖြစ်နိုင်၊ တည်နိုင်သည့် ရုပ်များ မဟုတ်ချေ။ ထို့ကြောင့် မဟာဘုတ်ကြီး လေးပါး တို့သည် အချင်းချင်း အား လည်းကောင်း၊ ဥပါဒါရုပ်တို့အား လည်းကောင်း သဟဇာတသတ္တိဖြင့် ကျေးဇူးပြုကြ၏။

**သဟဇာတပစ္စည်း**- ဟူသည် "သဟ= အတူ တကွ+ဇာတ=ဖြစ်ခြင်း၊ အတူတကွဖြစ်ခြင်း၊အတူတကွဖြစ်စေခြင်းသဘောကို သဟဇာတ ဟုခေါ်၏။ အတူတကွဖြစ်၍- ဖြစ်စေ၍ ကျေးဇူးပြုခြင်းကို သဟဇာတ ပစ္စည်းဟု ခေါ်သည်။ ဥပမာအားဖြင့်- ဆီမီးသည် မိမိတောက်သည်နှင့်တပြိုင်နက် အလင်းရောင် ဖြစ်ပေါ်အောင် ကျေးဇူးပြု သကဲ့သို့ ထိုအတူ အချို့သော ပစ္စည်းတရားတို့သည် ဖြစ်သည်ရှိသော်၊ မိမိတမျိုးတည်း ဖြစ်သည် သာမက၊မိမိနှင့်အတူတကွ (မိမိကြောင့်)ဖြစ်နိုင်ကုန်သော တရားတို့ကိုလည်း အတူတကွပင် ဖြစ်ပေါ်စေနိုင်သော သတ္တိရှိကုန်၏။ ထိုသို့ မိမိဖြစ်သည်နှင့် တပြိုင်နက်၊ တကွ ဖြစ်နိုင်သည့် အခြားတရားများကို ဖြစ်ပေါ်စေနိုင်အောင် ကျေးဇူးပြုသော သတ္တိကို သဟဇာတ ပစ္စယ သတ္တိဟု ခေါ်သည်။

ဥပမာ တနည်းအားဖြင့်— နေမင်းသည် အရှေ့ (ဥဒည်းတောင်)မှ ထွက်ပေါ်သည်ရှိသော် နေရှိန်တို့ကို လည်းကောင်း၊ နေရောင်တို့ကိုလည်းကောင်း မိမိနှင့် အတူတကွ သာလျှင် ဖြစ်စေလျက် ထွက်ပေါ်လာ၏။ ဆီမီးသည် တောက်သည်ရှိသော် ဆီမီးရှိန်တို့ကို လည်းကောင်း၊ဆီမီးရောင်တို့ကို လည်းကောင်း မိမိနှင့်အတူတကွ သာလျှင် ဖြစ်စေလျက် ထွန်းတောက်၏။ ထို ဥပမာ အတူသာလျှင် သဟဇာတ ပစ္စည်းသည် မိမိဖြစ်သည်ရှိသော်၊ မိမိနှင့် တကွ ဖြစ်ဖက် တရားတို့ကို မိမိနှင့်တကွသာလျှင် ဖြစ်စေလျက် ဖြစ်ပေါ်လေ၏။ ဤသို့ သဟဇာတ ပစ္စည်း၏ သဘောကို မှတ်သားရာ၏။

**ထင်ရှားစေဦးအံ့**.- သဟဇာတ ပစ္စည်း၌ ဖြစ်ဖော် ဖြစ်ဖက် အားဖြင့် ကျေးဇူးပြုရာဝယ် အတူတကွ ဖြစ်သော တရားတိုင်းမှာ သဟဇာတ သတ္တိမရှိနိုင်။ သစ်ပင်နှင့် အရိပ်တို့ အတူတကွ ဖြစ်ရာ၌ သစ်ပင်သည် မိမိလည်းဖြစ်၊ တကွ ဖြစ်ဖက် အရိပ်ကိုလည်း ဖြစ်စေနိုင်၏။ အရိပ်မူကား သစ်ပင်ကို မှီ၍သာ ဖြစ်ပေါ်နိုင်ပြီး သစ်ပင်ကိုမူ မဖြစ်စေနိုင်။ ထိုအတူပင် သဟဇာတ ပစ္စည်း၌ အချို့သော တရားတို့သည် မိမိဖြစ်သည် ရှိသော် တကွ ဖြစ်ဖက်တရားတို့ကိုလည်း ဖြစ်စေနိုင်၏။ အချို့သော တရားတို့ကား မိမိသာ (အခြားတရားကို မှီ၍) ဖြစ်နိုင်ပြီး အခြားတရားတို့ကို မဖြစ်စေနိုင်ချေ။ ထို့ကြောင့်—

(၁) စိတ်၊ စေတသိက် တရား တို့သည် သစ်ပင်ကဲ့သို့ ဖြစ်၍၊ စိတ် စေတသိက် အချင်းချင်းအား လည်းကောင်း၊ အရိပ်နှင့် တူသော ကကွ

ဖြစ်ဖက် စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇ ရုပ်တို့အား လည်းကောင်း ဖြစ်စေနိုင်၏။ ကျေးဇူးပြုနိုင်၏။ စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ် တို့သည်ကား အရိပ်ကဲ့သို့ ဖြစ်၍ စိတ်၊ စေတသိက် တို့ကို မဖြစ်စေနိုင်၊ ကျေးဇူး မပြုနိုင်။

(၂) မဟာဘုတ်ရုပ်ကြီး လေးပါးတို့လည်း သစ်ပင်ကဲ့သို့ဖြစ်၍ အချင်းချင်းအား လည်းကောင်း၊ အရိပ်နှင့်တူသော တကွဖြစ်ဖက် ဥပါဒါရုပ် ၂၄ ပါးတို့အားလည်းကောင်း ဖြစ်စေနိုင်၏။ ကျေးဇူးပြုနိုင်၏။ ဥပါဒါရုပ်တို့ကား အရိပ်ကဲ့သို့ဖြစ်၍ မဟာဘုတ် ရုပ်တို့ကို မဖြစ်စေနိုင်၊ ကျေးဇူးမပြုနိုင်။

(၃) သို့ရာတွင် ပဉ္စဝေါကာရဘုံ၌ ဖြစ်သော ပဋိသန္ဓေစိတ်နှင့် ဟဒယဝတ္ထုရုပ်တို့သည်ကား ပဋိသန္ဓေစိတ်ဖြစ်သည့် ခဏ၌မူ (မီးနှင့်အပူဓာတ်ပမာ ခွဲခြား၍ မရနိုင်သောကြောင့်) မိမိတို့အချင်းချင်းကို ဖြစ်စေနိုင်၏။ ကျေးဇူးပြုနိုင်၏။

## ဘုံပုဂ္ဂိုလ်အလိုက် ကျေးဇူးပြုပုံ

အရူပ လေးဘုံ၌ စိတ်၊ စေတသိက်ဟူသော နာမ်တရားများသာ ဖြစ်နိုင်ကြသဖြင့် စိတ်၊ စေတသိက် နာမ်တရားတို့အချင်းချင်း သဟဇာတသတ္တိဖြင့် ကျေးဇူးပြုခြင်းကိုသာ ရနိုင်၏။ ရုပ်တရားတို့နှင့် ပတ်သက်သည့် ကျေးဇူးပြုမှုဟူသမျှ အရူပလေးဘုံနှင့် မဆိုင်ချေ။ အသညသတ်ဘုံ၌လည်း ရုပ်တရားများသာ ဖြစ်နိုင်သောကြောင့်+မဟာဘုတ်လေးပါးတို့ အချင်းချင်းအားလည်းကောင်း၊ ဥပါဒါရုပ်တို့အားလည်းကောင်း သဟဇာတသတ္တိဖြင့် ကျေးဇူးပြုခြင်းကိုသာ ရနိုင်၏။ နာမ်တရားနှင့်ပတ်သက်သည့် ကျေးဇူးပြုမှု ဟူသမျှ အသညသတ်ဘုံနှင့် မဆိုင်ချေ။ ပဉ္စဝေါကာရဘုံ၌ကား သဟဇာတ ပစ္စည်းက ကျေးဇူးပြုပုံ အလုံးစုံကို ရနိုင်ပေ၏။ ဤသို့ ဘုံပုဂ္ဂိုလ်သဘောကို ကြည့်၍ ဤပစ္စည်း၏ ကျေးဇူးပြုပုံသဘောကို ခွဲခြားသိရာ၏။ ချဲ့ဦးအံ့—

(၁) စတုဝေါကာရခေါ် အရူပလေးဘုံ၌ ပဋိသန္ဓေအခါ၌ယ် အရူပဝိပါက်စိတ် လေးခုနှင့် ယှဉ်ဖက် စေတသိက် ၃၀ ဟူသော ပဋိသန္ဓေနာမ်ခန္ဓာ လေးပါးတို့ အချင်းချင်း ကျေးဇူးပြုကာ ဖြစ်ကြလေရာ ဝိညာဏက္ခန္ဓာသည် ပစ္စည်း၊ ကြွင်းနာမ် ခန္ဓာသုံးပါးသည် ပစ္စယုပ္ပန်။တဖန် ကြွင်းနာမ်ခန္ဓာ သုံးပါး

သည် ပစ္စည်း၊ ဝိညာဏက္ခန္ဓာသည် ပစ္စယုပ္ပန်။ ထိုအတူ ဝေဒနက္ခန္ဓာသည် ပစ္စည်း၊ကြွင်းနာမ်ခန္ဓာသုံးပါးသည် ပစ္စယုပ္ပန်။တဖန် ကြွင်းနာမ်ခန္ဓာ သုံးပါး သည် ပစ္စည်း၊ဝေဒနက္ခန္ဓာသည်ပစ္စယုပ္ပန်။ ဤသို့စသည်ဖြင့် နာမ်ခန္ဓာလေးပါး အနက် ခန္ဓာတပါးကို ပစ္စည်း၊ခန္ဓာသုံးပါးကို ပစ္စယုပ္ပန်၊ခန္ဓာသုံးပါးကို ပစ္စည်း, ခန္ဓာတပါးကို ပစ္စယုပ္ပန်ဟုလည်းကောင်း၊ ခန္ဓာနှစ်ပါးကို ပစ္စည်း, ခန္ဓာနှစ်ပါး ကို ပစ္စယုပ္ပန်ဟုလည်းကောင်း အပြန်အလှန် ကျေးဇူးပြုပုံကို ချဲ့ထွင်၍ သိပါလေ။ အရူပဘုံ၌ ပဝတ္တိအခါတွင် အရူပဝိပါက်စိတ်အပြင်၊ အခြားသော စိတ်, စေတသိက်များလည်း ဖြစ်ကြ၏။ ပဝတ္တိအခါ၌လည်း ယင်းသို့ နာမ်ခန္ဓာလေးပါးသာ ဖြစ်ကြ၍ ကျေးဇူးပြုပုံမှာ အထက်ပါ နည်းအတိုင်းပင် ဖြစ်၏။

(၂) ပဉ္စဝေါကာရခေါ် ခန္ဓာငါးပါးရှိ ၂၆ ဘုံ၌ ပဋိသန္ဓေအခါဝယ် အရူပဝိပါက်စိတ် လေးခုမှတပါးသော ပဋိသန္ဓေစိတ် ၁၅ ပါးအနက် ဆိုင်ရာ စိတ်၊စေတသိက်ဟူသော နာမ်ခန္ဓာလေးပါးနှင့် ကမ္မဇရုပ် ဟူသော ရုပ်ခန္ဓာတို့ ဖြစ်ကြလေရာ နာမ်ခန္ဓာ လေးပါးတို့အချင်းချင်း ကျေးဇူးပြုပုံကို အရူပဘုံ၌ ကျေးဇူးပြုပုံ နည်းအတိုင်း သိပါလေ။ ဤ၌ ကမ္မဇရုပ် ဖြစ်ခြင်းတခုသာ ပိုလာ၏။ ကမ္မဇရုပ်သည် ပဋိသန္ဓေစိတ်ကြောင့် ဖြစ်လာရသော တရားသာ ဖြစ်သောကြောင့် ပစ္စည်းတရား မဖြစ်နိုင်ပဲ ပစ္စယုပ္ပန်တရားသာဖြစ်နိုင်ကြောင်း သိနိုင်လောက်ပြီ။

ပဝတ္တိအခါ၌ကား ဖော်ပြပါ ပဋိသန္ဓေစိတ် ၁၅ ပါးအပြင်၊ အခြားသော စိတ်(စေတသိက်)များလည်း ပုဂ္ဂိုလ်အလိုက် ထိုက်သည်အားလျော်စွာ ဖြစ်ကြသည့်အပြင်၊ စိတ္တဇရုပ်တို့လည်း ဖြစ်ကြ၏။ ထိုတွင် နာမ်ခန္ဓာလေးပါးတို့ အချင်းချင်း အပြန်အလှန် ကျေးဇူးပြုပုံကို အရူပဘုံ၌ ကျေးဇူးပြုပုံနည်း အတိုင်း သိပါလေ။ စိတ္တဇရုပ်သည် စိတ်ကြောင့် ဖြစ်လာရသော တရားမျိုး ဖြစ်သောကြောင့် ပစ္စည်းတရား မဖြစ်နိုင်ပဲ ပစ္စယုပ္ပန်တရားသာဖြစ်နိုင်ကြောင်း ထင်ရှားသိသာ၏။

(၃) ထိုအပြင် ပဉ္စဝေါကာရဘုံများ၌ ပဋိသန္ဓေအခါဝယ် ပဋိသန္ဓေ ဝိပါက်စိတ် ၁၅ပါး အနက်ဆိုင်ရာ ပဋိသန္ဓေစိတ်၊ စေတသိက်ဟူသော နာမ်ခန္ဓာ လေးပါးနှင့် ကမ္မဇရုပ်ထဲပါသော ဟဒယဝတ္ထုရုပ်တို့ အတူတကွ တပြိုင်နက်

ဖြစ်ကြပြီး အချင်းချင်းမှီတင်း၍ကျေးဇူးပြုနိုင်ကြသည်။ထို့ကြောင့် ထိုပဋ္ဌိသန္ဓေနာမ်ခန္ဓာလေးပါးသည် ပစ္စည်း၊ဟာဒယဝတ္ထုရုပ်သည် ပစ္စယုပ္ပန်။ တဖန်ဟာဒယဝတ္ထုရုပ်သည်ပစ္စည်း၊ပဋိသန္ဓေနာမ်ခန္ဓာလေးပါးသည် ပစ္စယုပ္ပန်ဟူ၍ ကျေးဇူးပြုနိုင်လေသည်။(ရုပ်တရားတို့တွင် ဤပဋိသန္ဓေအခါဖြစ်သော ဟဒယဝတ္ထုရုပ်တခုသာ ပဋိသန္ဓေနာမ်ခန္ဓာလေးပါးနှင့် အပြန်အလှန် မှီဖော်မှီဖက်အဖြစ်ဖြင့် ကျေးဇူးပြုနိုင်သည်။ကြွင်းသောရုပ် ၂၇ ပါးတို့ကား ဤသို့ နာမ်တရားနှင့်အပြန်အလှန် ကျေးဇူးမပြုနိုင်ကြောင်း မှတ်သားထားရာ၏။)

(၄) ရုပ်တရားများကို "ဘုံပုဂ္ဂိုလ်ကိုလိုက်၍လည်းကောင်း ၊ ပဋိသန္ဓေ, ပဝတ္တိ-ဟူသော အခါကာလကိုလိုက်၍ လည်းကောင်း၊ "အမျိုးအစားများ ခွဲခြား၍အမည်ပေးရာတွင်ရှေးဆရာမြတ်တို့က "စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရ=ဗာဟိယ(ပြင်ပ=ဗဟိဒ္ဓ)ရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညတ်ကမ္မဇရုပ်၊ အလုံးစုံသော ပဝတ္တိကမ္မဇရုပ်"ဟူ၍ အမည်စဉ်ကာ မှည့်ခေါ်လေ့ရှိကြကုန်၏။ ထို ရုပ်အမျိုးမျိုးတိုင်းမှာ မဟာဘုတ်ရုပ် လေးပါးလုံးသည် လည်းကောင်း၊ ဥပါဒါရုပ်တို့လည်း ထိုက်သည့်အားလျော်စွာ လည်းကောင်း ပါရှိကြသည်သာတည်း။

သို့ဖြစ်၍ ထိုရုပ်မျိုးအားလုံးနှင့် သက်ဆိုင်သောမဟာဘုတ်၊ ဥပါဒါရုပ်တို့အနက် မဟာဘုတ်ရုပ် လေးပါးတို့သည် အချင်းချင်းအား ကျေးဇူး ပြုနိုင်သောကြောင့်၊ (နာမ်ခန္ဓာလေးပါးကျေးဇူးပြုပုံကဲ့သို့) ဘုတ်တပါးသည် ပစ္စည်း၊ ကြွင်းဘုတ်သုံးပါးသည် ပစ္စယုပ္ပန် ဟူ၍ လည်းကောင်း၊ ဘုတ် သုံးပါးသည် ပစ္စည်း၊ဘုတ်တပါးသည်ပစ္စယုပ္ပန်ဟူ၍လည်းကောင်း၊ဘုတ်နှစ်ပါးသည် ပစ္စည်း ကြွင်းဘုတ်နှစ်ပါးသည် ပစ္စယုပ္ပန်ဟူ၍လည်းကောင်း ကျေးဇူးပြုပုံကို သိလေ။ ထို့ပြင်-မဟာဘုတ် လေးပါးတို့သည် မိမိတို့နှင့်တကလာပ်တည်း၌အတူတကွ ဖြစ်သော ဥပါဒါရုပ်တို့အားလည်း သဟဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြသေးသည်။ ဥပါဒါရုပ် တို့ကား မဟာဘုတ် လေးပါးတို့ကိုမှီ၍သာ ဖြစ်ကြရသောကြောင့် ပစ္စည်းတရားမဖြစ်နိုင်ပဲ၊ ပစ္စယုပ္ပန်သာဖြစ်နိုင်ကြောင်း သိနိုင်လောက်ပြီ။

ဤသို့လျှင် သဟဇာတပစ္စည်း၌ (၁) မည်သည့်တရားသည် မိမိလည်းဖြစ်၊ တကွဖြစ်ဖက်မည်သည့်တရားတို့ကိုလည်း ဖြစ်စေနိုင်သဖြင့်၊ ပစ္စည်

တရား,ပစ္စယုပ္ပန်တရား နှစ်မျိုးလုံးဖြစ်နိုင်ပုံကို လည်းကောင်း၊ (၂) မည်သည့်တရားသည် မည်သည့်တရားကိုမှီ၍သာ ဖြစ်ပေါ်ရသဖြင့် ပစ္စယုပ္ပန်တရားသာ ဖြစ်နိုင်ပုံကိုလည်းကောင်း ကွဲပြားစွာနားလည်သဘောပေါက်အောင်ကြိုးစားရာ၏။

## သဟဇာတ နှင့် အခြားပစ္စည်း ငါးမျိုး

အထက်ဖော်ပြပါ သဟဇာတပစ္စည်း ကျေးဇူးပြုပုံအလုံးစုံသည် နောင်ဖော်ပြလတ္တံ့သော "**နိဿယ** ပစ္စည်း၊ အတ္ထိပစ္စည်း၊ အဝိဂတပစ္စည်း" တို့၌ အကျုံးဝင်လေသည်။ **နိဿယ** ပစ္စည်းသည် မှီရာဖြစ်၍ ကျေးဇူးပြုခြင်း ဖြစ်၏။ **အတ္ထိ**ပစ္စည်းသည် ရုပ်နာမ်တရားတို့ ထင်ရှားရှိခိုက်၌သာ ကျေးဇူးပြုခြင်း ဖြစ်၏။ **အဝိဂတ** ပစ္စည်းသည်လည်း ယင်းသို့ ထင်ရှားရှိခိုက်တွင် မကွေမကွာ ယှဉ်တွဲ၍ ကျေးဇူးပြုခြင်း ဖြစ်၏။ ထို့ကြောင့် သဟဇာတပစ္စည်း၏ ကျေးပြုပုံသဘောတရားထဲ၌ 'နိဿယ၊ အတ္ထိ၊ အဝိဂတ' ပစ္စည်းတို့၏သဘောလက္ခဏာများကိုပါ ထည့်သွင်း၍ အဓိပ္ပာယ်ပြည့်စုံစွာနားလည်ရာ၏။

ထို့ပြင် သဟဇာတပစ္စည်း၌ အချင်းချင်း ကျေးဇူးပြုနိုင်သော တရားများ (သုံးမျိုး)သည် ဖော်ပြလတ္တံ့သော **အညမည** ပစ္စည်း (အချင်းချင်းကျေးဇူးပြုခြင်း)၌ ပါဝင်ကြသေးသဖြင့် ဤပစ္စည်းပါ အချင်းချင်း ကျေးဇူးပြုနိုင်သော ကျေးဇူးပြုပုံ တရားများ၏ သဘောကိုပါ နားလည်လျှင် အညမည ပစ္စည်း၏ "အချင်းချင်းကျေးဇူးပြုပုံ"သဘောကိုလည်း တပါတည်း နားလည်သွားမည်သာ ဖြစ်၏။

တဖန်လည်း နာမ်သည် ရုပ်အား လည်းကောင်း၊ ရုပ်သည် နာမ်အား လည်းကောင်း သဟဇာတပစ္စည်းအရ "အတူတကွဖြစ်ခြင်း" သဘောအားဖြင့် ကျေးဇူးပြုရာ၌ နာမ်နှင့် ရုပ်တို့သည် ခွဲမရလောက်အောင် ရောနှောနေလျက် ကျေးဇူးပြုသည်ဟု ထင်မှတ်ဖွယ်ဖြစ်၏။ ဤသို့မမှတ်လင့်။ နောင်ဖော်ပြလတ္တံ့သော '**ဝိပ္ပယုတ္တ**' ပစ္စည်းအရ "အရသာခြောက်ပါးတို့ ဟင်းထဲ၌ အတူတကွ ဖြစ်ကြ၊ တည်နေကြသော်လည်း ယင်းအရသာ ခြောက်ပါးတို့၏ သတ္တိများသည် တခုနှင့်တခု မရောပဲ နေကြသကဲ့သို့" ကျေးဇူးပြုပုံ သဘောကိုလည်း ဤပစ္စည်း၌ ထည့်သွင်းမှတ်ယူရမည် ဖြစ်ပေသတည်း။ ။

# [၇] အညမညပစ္စည်း

**မှတ်ရန်ဆိုရိုး။** ။"(၁)အလုံး စုံသော စိတ် ၈၉၊ စေတသိက် ၅၂-ဟူသော ပဝတ္တိ၊ ပဋိသန္ဓေ နာမ်ခန္ဓာလေးပါးတို့သည် အချင်းချင်းအား လည်းကောင်း၊ (၂) မဟာဘုတ် ရုပ်လေးပါး တို့သည် အချင်းချင်းအားလည်းကောင်း၊ (၃) ပဉ္စဝေါကာရ ပဋိသန္ဓေနာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်တို့သည် အချင်းချင်းအားလည်းကောင်း အညမညပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။"

## အဓိပ္ပာယ်ရှင်းလင်းချက်

သဟဇာတ ပစ္စည်းအရ အတူတကွဖြစ်၍ ကျေးဇူးပြုနိုင်ကြသောတရားတို့တွင် "အတူတကွလည်းဖြစ်၊ အချင်းချင်းအားဖြင့် အပြန် အလှန် ကျေးဇူးပြုနိုင်သော(ဝါ)ပစ္စည်း,ပစ္စယုပ္ပန် နှစ်မျိုးလုံး ဖြစ်နိုင်သော" တရားသုံးမျိုးကိုသာ ရွေးထုတ်၍ အညမညပစ္စည်းထဲ၌ ထည့်သွင်းယူထားခြင်းဖြစ်သည်။ ထို့ကြောင့် အညမညပစ္စည်းသည် သဟဇာတပစ္စည်းထက် နယ်ပိုကျဉ်းသည်။ (ဝါ) အညမည ပစ္စည်းသည် သဟဇာတပစ္စည်း၏တစိတ်တဒေသမျှသာဖြစ်သည်— ဟူ၍ မှတ်ရာ၏။

"အညမညပစ္စည်း" ဟူသည်- "အချင်းချင်း အပြန်အလှန် ကျေးဇူးပြုနိုင်သော သတ္တိမျိုးဖြစ်၏။ ဥပမာအားဖြင့် ခြေထောက် သုံးချောင်းဖြင့် ပြုလုပ်

ထားအပ်သော ခုံကလေး၌ ခြေထောက် သုံးချောင်းသည် အချင်းချင်းကို ကျေးဇူးပြုကာ တချောင်းကျိုးလျှင် နှစ်ချောင်းဖြင့် မထောက်နိုင်မတည်နိုင်ပဲ ခြေသုံးချောင်းလုံးရှိမှသာ မပြိုမလဲ တည်နေသကဲ့သို့။ တနည်း- အချင်းချင်းကို မှီ၍ စိုက်ထောင်ထားအပ်သော တုတ်သုံးချောင်းတို့သည် အချင်ချင်းကိုမှီ၊ အချင်းချင်း၏ မှီရာလည်းဖြစ်လျက် တချောင်းလဲလျှင် ကျန် နှစ်ချောင်းတို့လည်း မတည်နိုင်ပဲ တုတ်သုံးချောင်းရှိမှသာ မယိုင်မလဲ တည်နေနိုင်သကဲ့သို့ ထို့အတူ အညမညပစ္စည်း၏ တရားတို့သည်လည်း အချင်းချင်းကို မှီ၍သာ မယိမ်းမယိုင် ခိုင်မြဲတည်နေကြကုန်၏။

ထို့ကြောင့် (၁) အလုံးစုံသော စိတ်, စေတသိက် ဟူသော နာမ်ခန္ဓာလေးပါးတို့သည် အချင်းချင်းကိုလည်းမှီ၊ အချင်းချင်း၏ မှီရာလည်းဖြစ်လျက် အပြန်အလှန် ကျေးဇူး ပြုနေကြကုန်၏။ (၂) သဟဇာတပစ္စည်း၌ ဖော်ပြခဲ့သည့်အတိုင်း "စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်၊ ဗာဟိရရုပ်၊ အာဟာရဇရုပ်၊ ဥတုဇရုပ်၊ အသညသတ်ကမ္မဇရုပ်၊ အလုံးစုံသော ပဝတ္တိကမ္မဇရုပ်" ဟူသော အထူးထူးသော ရုပ်မျိုးစုတို့၌ အခြေခံ အမာခံအဖြစ်ဖြင့် ပါရှိကြသော မဟာဘုတ်ကြီး လေးပါးတို့သည် အချင်းချင်းကိုလည်းမှီ၊ အချင်းချင်း၏မှီရာလည်း ဖြစ်ကြလျက် အပြန်အလှန် ကျေးဇူးပြုနေကြကုန်၏။ (၃) ပဉ္စဝေါကာရဘုံသားတို့၌ ပဋိသန္ဓေခဏဝယ် အတူတကွတပြိုင်နက် ဖြစ်ကြသော ပဋိသန္ဓေနာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်တို့သည် အချင်းချင်းကိုလည်းမှီ၊ အချင်းချင်း၏ မှီရာလည်းဖြစ်ကြလျက် အပြန်အလှန် ကျေးဇူးပြုနေကြကုန်၏။

အညမညပစ္စည်း၌ (၁) အတူတကွလည်း ဖြစ်ခြင်း- သဟဇာတသဘော၊ (၂) အချင်းချင်းကိုလည်းမှီ၊ အချင်းချင်း၏ မှီရာလည်းဖြစ်ခြင်း- အညမညသဘော။ ဤအင်္ဂါနှစ်ရပ်နှင့်ပြည့်စုံလျက် အပြန်အလှန် ကျေးဇူးပြုနိုင်(ဝါ) ပစ္စည်း၊ ပစ္စယုပ္ပန် နှစ်မျိုးလုံးဖြစ်နိုင်သော တရားမျိုးကိုသာ ယူအပ်၏။ အတူတကွ ဖြစ်ရုံသာဖြစ်ပြီး အပြန်အလှန်ကျေးဇူးမပြုနိုင်က အညမညပစ္စည်း မဖြစ်နိုင်။ ထို့ကြောင့် သဟဇာတ ပစ္စည်းထဲပါ (၁) အလုံးစုံသော စိတ်၊ စေတသိက် နာမ်ခန္ဓာလေးပါးတို့သည် မိမိတို့ကိုမှီ၍သာ ဖြစ်ကြရသော စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အား လည်းကောင်း။ (၂) မဟာဘုတ်ကြီးလေးပါးတို့သည် မိမိတို့ကိုမှီ၍သာ ဖြစ်ကြရသော ဥပါဒါရုပ်တို့အားလည်းကောင်း

သဟဇာတပစ္စည်းဖြင့် ကျေးဇူးပြုနိုင်သော်လည်း အညမညပစ္စည်းဖြင့် ကျေးဇူး မပြုနိုင်ကြောင်း သဘောပေါက်ရာ၏။

ထို့ပြင် အညမညပစ္စည်းတရား သုံးမျိုးသည် သဟဇာတအပြင် နိဿယ၊ အတ္ထိ၊ အဝိဂတ ပစ္စည်းတို့၌ အကျုံးဝင်သည် ဖြစ်သောကြောင့် သဟဇာတ ပစ္စည်း၌ ဖော်ပြခဲ့သည့်အတိုင်း ထိုပစ္စည်းတို့၏ သဘောလက္ခဏာများကိုလည်း ဤအညမညပစ္စည်း၏ သဘောလက္ခဏာထဲ၌ ထည့်သွင်းမှတ်သားရာ၏။ ဆိုလို သည်မှာ- အညမညပစ္စည်းတရားတို့မှာ "သဟဇာတသဘော၊နိဿယသဘော၊ အတ္ထိသဘော၊ အဝိဂတသဘော" တို့လည်း ပါရှိနေကုန်၏။ တဖန်-သဟဇာတ ပစ္စည်း၌ ဖော်ပြခဲ့သည့်အတိုင်း ပဋိသန္ဓေနာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်တို့ အချင်းချင်းကျေးဇူးပြုရာ၌လည်း 'ဝိပ္ပယုတ္တသဘော' ပါရှိကြောင်း မှတ်သား ထားရာ၏။

**စောဒနာပွယ်။** ။မနော ပုဗ္ဗင်္ဂမာဓမ္မာ= ခပ်သိမ်းသော နာမ်တရားတို့ သည် စိတ်သာလျှင် ဦးဆောင်ရှေ့သွား ရှိကုန်၏- ဟူ၍ ဘုရားရှင် ဟောတော်မူထားသောကြောင့် စေတသိက်တို့သည် စိတ် (မနော)တည်းဟူသော အထောက်အပံ့ပစ္စည်းကို မရသည်ရှိသော် ဖြစ်ခြင်းငှာ မတတ်နိုင်- ဟူ၍ ဆိုခြင်းငှာ သင့်တန်စေ။ စိတ်မူကား စေတသိက်ဟူသော အထောက်အပံ့ပစ္စည်းကို မရသည်ရှိသော် ဖြစ်ခြင်းငှာ မတတ်နိုင်-ဟူ၍ ဆိုခြင်း ငှာ မသင့်ပါသလောဟု စောဒနာဖွယ်ရှိ၏။

အဖြေကား—စေတသိက်တရားဟူသမျှသည် စိတ်နှင့်ကင်း၍ အလျဉ်းမဖြစ် နိုင်သကဲ့သို့ပင်၊ စိတ်ဟူသမျှသည်လည်း စေတသိက်တို့နှင့်ကင်း၍ အလျဉ်း မဖြစ်နိုင်သည်သာတည်း။ စိတ်နှင့်စေတသိက်တို့ကားတပြိုင်တည်းဖြစ်၊ တပြိုင် တည်းချုပ်ကြရသော၊ တကွဖြစ်ဖော်ဖြစ်ဖက် ယှဉ်ဖက်တရားများ ဖြစ်ကြ သောကြောင့်၊ စိတ်ချည်းသက်သက်၊ စေတသိက်ချည်း သက်သက် ဖြစ်ရိုး မရှိပေ။ (ဝါ) မဖြစ်နိုင်ချေ။ "နာမ်တရားဟူသမျှ စိတ်သာလျှင် ဦးဆောင်မှု ရှိ၏"ဟူသောသုတ္တန်စကား၌လွယ်လွယ်နှင့် အများနားလည်နိုင်အောင်စိတ်ကို ပဓာနပြု၍ အကြမ်းဖျင်း ယေဘုယျနည်းအားဖြင့် ဟောတော်မူခြင်း ဖြစ်၏။ နားလည်ရန် ခဲယဉ်းလှသော အနုစိတ်သည် အဘိဓမ္မာနည်းဖြင့်ဟောတော် မူလျှင်ကား သတ္တဝါတို့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရရှိရေး၌ နှောင့်နှေးသွားစေနိုင် သည်။ သုတ္တန်နည်း၊ အဘိဓမ္မာနည်းတို့၏ ထူးခြားချက်ကို ဤသို့ ခွဲခြား နားလည်ရာ၏။ အခြားနေရာများ၌ အလားတူသိပါလေ။ ။

## [၇] နိဿယ ပစ္စည်း

မှတ်ရန်ဆိုရိုး။ ။နိဿယပစ္စည်းသည် သဟဇာတနိဿယနှင့် ဝတ္ထုပုရေဇာတနိဿယ ဟူ၍ နှစ်မျိုး (၀၂) နှစ်ပိုင်းရှိလေသည်။ ထိုတွင် (က) သဟဇာတနိဿဟပစ္စည်းသည် သဟဇာတပစ္စည်းနှင့် ပစ္စည်း၊ ပစ္စယုပ္ပန် အလုံးစုံတူ၏။

### (ခ) ဝတ္ထုပုရေဇာတ နိဿယ

''ပဝတ္တိအခါ၌ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ-ဟူသော ပသာဒရုပ်ခေါ် ဝတ္ထုရုပ် ငါးပါးအသီးသီးသည် မိမိ မိမိကို မှီ၍ ဖြစ်သော စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏဓာတ်၊ ဃာနဝိညာဏဓာတ်၊ ဇိဝှါဝိညာဏဓာတ်၊ ကာယဝိညာဏဓာတ်-ဟူသော ဝိညာဏဓာတ်ငါးပါး အသီးသီးနှင့် ယှဉ်ဖက်စေတသိက် (ခုနစ်ပါး) တို့အား လည်းကောင်း၊ ဟဒယဝတ္ထုရုပ်သည် မိမိကို မှီ၍ ဖြစ်သော မနောဓာတ်၊ (အရူပဝိပါက်စိတ် လေးခုကြဉ်သော) မနောဝိညာဏဓာတ်နှင့် ယှဉ်ဖက် စေတသိက်တို့အား လည်းကောင်း ဝတ္ထုပုရေဇာတနိဿယပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။''

### အဓိပ္ပာယ်ရှင်းလင်းချက်

'နိဿယ' သဒ္ဒါသည် 'မှီရာ၊ တည်ရာ''ဟု ဆိုလိုသည်။ မှီရာတည်ရာ အဖြစ်ဖြင့် ကျေးဇူးပြုခြင်းသည် နိဿယပစ္စည်း မည်၏။ ဥပမာအားဖြင့် မြေကြီး

သည် သစ်ပင်တို့အား မှီရာ တည်ရာ အဖြစ်ဖြင့် ကျေးဇူးပြုသကဲ့သို့ ထို့အတူ ရုပ်နာမ်တရားတို့သည် အခြားတပါးသော ရုပ်နာမ်တရားတို့အား မှီရာတည်ရာ အဖြစ်ဖြင့် ကျေးဇူးပြုကြကုန်၏။ ဤကား ယေဘုယျအဓိပ္ပာယ်ကို ဖော်ပြခြင်း ဖြစ်၏။

ယင်းသို့ မှီရာ တည်ရာ အဖြစ်ဖြင့် ကျေးဇူးပြုသော နိဿယ ပစ္စည်းမှာ သဟဇာတနိဿယနှင့် ဝတ္ထုပုရေဇာတနိဿယ (ပုရေဇာတနိဿယ ဟုလည်း ခေါ်) ဟူ၍ နှစ်မျိုးရှိသည်။ ထိုတွင်—

## (က) သဟဇာတနိဿယ

'သဟဇာတနိဿယ' ဟူသည် 'သဟဇာတ=အတူတကွလည်းဖြစ်+နိဿယ=မှီရာတည်ရာလည်းဖြစ်' ဟု အဓိပ္ပာယ် ရှိသည်။ ထို့ကြောင့် သဟဇာတပစ္စည်း ဟူသည် သဟဇာတပစ္စည်း၌ ဖော်ပြခဲ့သည့် "အတူတကွ ဖြစ်၍ ကျေးဇူး ပြုသော" တရားတို့သည်ပင် မှီရာတည်ရာ(နိဿယ)အဖြစ်ဖြင့်လည်း ကျေးဇူး ပြုကြသော တရားများဖြစ်သောကြောင့် 'သဟဇာတ'ပစ္စည်းနှင့် 'နိဿယ' ပစ္စည်းနှစ်မျိုးလုံး၌ ပါဝင်ကြရသည်။ ထို့ကြောင့် ထိုအမည်နှစ်ခုကိုပေါင်း၍ 'သဟဇာတနိဿယ'ပစ္စည်း ဟု 'နိဿယ' ရှေ့က 'သဟဇာတ' ပုဒ်ဖြင့် အထူး ပြုကာ အမည်တပ်ရခြင်း ဖြစ်သည်။

ထို့ကြောင့် (၁) စိတ်၊ စေတသိက်နာမ်ခန္ဓာလေးပါးတို့သည်အချင်းချင်း အားဖြင့်လည်းကောင်း၊ စိတ္တဇရုပ်၊ ပဋိသန္ဓေကမ္မဇရုပ်တို့အားလည်းကောင်း အတူတကွဖြစ်ဖက် 'သဟဇာတသတ္တိ'နှင့် မှီရာ တည်ရာ အဖြစ် 'နိဿယသတ္တိ' တို့ဖြင့် ကျေးဇူးကုန်၏။

(၂) မဟာဘုတ်ကြီး လေးပါးတို့သည်အချင်းချင်းအား လည်းကောင်း၊ မိမိတို့ကို မှီ၍ ဖြစ်ကြရသော ဥပါဒါရုပ်တို့အား လည်းကောင်း အတူတကွ ဖြစ်ဖက်'သဟဇာတသတ္တိ' နှင့် မှီရာတည်ရာ အဖြစ် 'နိဿယသတ္တိ' တို့ဖြင့် ကျေးဇူးပြုကုန်၏။

(၃) ပဋ္ဌဝေါကောရ ပဋိသန္ဓေနာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ် တို့သည် ပဋိသန္ဓေခဏ၌ အချင်းချင်းအား အတူတကွဖြစ်ဖက် 'သဟဇာတသတ္တိ' နှင့် မှီရာ တည်ရာအဖြစ် 'နိဿယသတ္တိ' တို့ဖြင့် ကျေးဇူး ပြုကုန်၏။

ဤသို့လျှင် သဟဇာတပစ္စည်းတခုလုံးသည် နိဿယပစ္စည်း၏အစိတ်အပိုင်း တခုအဖြစ်ဖြင့် ပါဝင်နေသဖြင့်၊ ယင်းပါဝင်နေသော (၀၁) ပစ္စည်း နှစ်ခု လုံး၌ ထပ်တူဖြစ်နေသော အပိုင်းကို 'သဟဇာတနိဿယ' ပစ္စည်းဟု ပစ္စည်း အမည်တပ်ရခြင်း ဖြစ်သည်။ သို့ဖြစ်၍သဟဇာတနိဿယပစ္စည်းသည်သဟဇာတ ပစ္စည်းနှင့် ပစ္စည်း၊ ပစ္စယုပ္ပန် အလုံးစုံတူသည် ဟု ဆိုရလေသည်။(သဟဇာတ ပစ္စည်း၊ အညမညပစ္စည်းတို့၌ ပြဆိုခဲ့သည့်အတိုင်း- အညမည ပစ္စည်းတရား တို့လည်း ဤသဟဇာတနိဿယပစ္စည်းထဲ၌ တစိတ်တဒေသအားဖြင့် ပါဝင် နေသည်သာ ဖြစ်၏။)

## (ခ) ဝတ္ထုပုရေဇာတနိဿယ

'ဝတ္ထု ပုရေဇာတနိဿယ' ဟူသော ဝေါဟာရ၌ 'ဝတ္ထု+ပုရေဇာတ+ နိဿယ' ဟူ၍ ပုဒ် သုံးခု ပါဝင်နေသည်။ ထိုတွင် **ဝတ္ထု** ဟူသည် စိတ်၊ စေတသိက်တရားတို့ မှီ၍ ဖြစ်ရာ ဖြစ်သော ဝတ္ထု ရုပ်ခြောက်ပါးတို့ကို ဆိုလို သည်။ ယင်း ဝတ္ထုရုပ်ခြောက်ပါးတို့သည် မိမိတို့ကို မှီ၍ ဖြစ်ကြရသော စိတ်၊ စေတသိက်တို့ မဖြစ်မီရှေးဦးစွာဖြစ်နှင့်ကြရသဖြင့် '**ပုရေဇာတ**' (ရှေးကဖြစ်နှင့် ခြင်း)သဘောကိုလည်းဆောင်ကြသည်။ထို့ပြင်ထိုဝတ္ထုရုပ်ခြောက်ပါးတို့သည် စိတ်၊ စေတသိက်တရားတို့၏ မှီရာတည်ရာ (မှီခိုအားထားရာ) ဖြစ်သော ကြောင့် '**နိဿယ**' အမည်ကိုလည်း ရပြန်သည်။

ထို့ကြောင့် ဝတ္ထုပုရေဇာတ ပစ္စည်း ဟူသည် (၁)ဝတ္ထုလည်း ဟုတ်၏၊ (၂) စိတ်၊ စေတသိက်တရားတို့ မဖြစ်မီ ရှေးဦးစွာဖြစ်နှင့် သောကြောင့် ပုရေဇာတလည်း ဟုတ်၏၊ (၃) စိတ်၊ စေတသိက်တရားတို့၏ မှီရာ တည်ရာ ဖြစ်၍ နိဿယလည်း ဟုတ်၏ ဟူသော အင်္ဂါသုံးချက်နှင့် ညီသော ပစ္စည်း မျိုးတည်း။ ဤအင်္ဂါသုံးချက်နှင့်ညီသော တရားတို့ကား ဝတ္ထုခြောက်ပါး

ပင်တည်း။ ထိုဝတ္ထုခြောက်ပါးတို့သည် အရူပဝိပါက်စိတ်လေးခုမှတပါးသော စိတ် ၈၅၊ စေတသိက် ၅၂ ·တို့အား 'ဝတ္ထုပုရေဇာတနိဿယ' သတ္တိဖြင့် ကျေးဇူး ပြုကုန်၏။

''ဝတ္ထု ရုပ်ခြောက်ပါးတို့သည် စိတ်၊ စေတသိက်တို့မဖြစ်မီ ရှေးဦးစွာ ဖြစ်နှင့်၍ ကျေးဇူးပြုကြသည်'' ဟု ဆိုရာဝယ်၊ ယင်း ဝတ္ထု ရုပ်တို့သည် စိတ်၊ စေတသိက်တို့ မဖြစ်မီ ရှေးဦးစွာ ဖြစ်နှင့်၍ ချုပ်ပျောက်သွားပြီး နောက်မှ ကျေးဇူးပြုကြသလော-ဟု ထင်မှတ်ဖွယ်ရှိ၏၊ မေးဖွယ်ရှိ၏။ ထိုသို့ ကား မဟုတ်- ရုပ်သက်သည် (အနန္တရပစ္စည်း၌ ပြဆိုခဲ့သည့်အတိုင်း) စိတ် သက်ထက် ၁၇ ဆ အသက်ရှည်သည် ဖြစ်သောကြောင့် ဝတ္ထုရုပ်တို့သည် မိမိတို့ကို မှီ၍(အာရမဏ ပစ္စည်း၌ ပြဆိုခဲ့သည့် အတိုင်း) ဝီထိခေါ် စိတ် ဖြစ်စဉ် သဘောအရ ဖြစ်ထိုက်သမျှသော စိတ်၊စေသသိက် တရားတို့ အား လုံး ဖြစ်ပြီးမှ ချုပ်ပျောက်ကြကုန်၏။ ထို့ကြောင့် နောင်ဖော်ပြ လတ္တံ့သော 'အတ္ထိ' ပစ္စည်း (ထင်ရှားရှိလျက်သာ ကျေးဇူးပြုခြင်း)၏ သဘောလည်း ဤပစ္စည်း၌ ပါဝင်နေသောကြောင့်၊ ဝတ္ထုရုပ်တို့သည် စိတ်၊ စေတသိက်တို့ မဖြစ်မီ ရှေးဦးစွာ ဖြစ်နှင့်ကြ (ပုရေဇာတ) သော်လည်း မချုပ်ပျောက် သေးပဲ ထင်ရှားရှိနေစဉ် အခါ (အတ္ထိ) ၌သာ ထို စိတ်၊စေတသိက် တရား တို့အား ကျေးဇူးပြုနိုင်ကြသည်–ဟူ၍ မှတ်ရာ၏။

ထို့ကြောင့် တရားတခု၏ ကျေးဇူးပြုပုံ သဘောလက္ခဏာ အလုံးစုံကို အပြည့်အစုံ သိရှိနားလည်ရန်မှာ ထိုတရား၏ ကျေးဇူးပြုပုံ ပါဝင်သော ပစ္စည်းများ၏ သဘော လက္ခဏာ အလုံးစုံကို စုပေါင်း၍ စဉ်းစား ဖို့ရာ အထူးလိုအပ်ပေသည်။ သို့မဟုတ်ပါက တရားတခု၏ ကျေးဇူးပြုပုံကို အလွဲလွဲ အချော်ချော် ထင်မှတ်နေတတ်သည်။

**မှတ်ချက်။** ။ဤ ဝတ္ထု ပုရေဇာတ နိဿယ ပစ္စည်းသည် နောင် ဖော်ပြ လတ္တံ့သော ''ပုရေဇာတ၊ ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတ'' ပစ္စည်းတို့၌လည်း ယင်းတို့၏ တစိတ်တဒေသ အဖြစ်ဖြင့် အကျုံး ဝင် ပါရှိသည်ကို တွေ့ရဦးလတ္တံ့။

## ဝတ္ထုရုပ်ခြောက်ပါး

(၁) သတ္တဝါ တို့၏ မျက်စိထဲ၌= မျက်နက်ဝန်း၌ ပါရှိသော မျက်စိအကြည်ဓာတ်ကို စက္ခုပသာဒ-ဟု ခေါ်၏။ယင်း စက္ခု ပသာဒ ရုပ်သည် အပြင်ဘက်က အဆင်း= ရူပါရုံ ဝင်ရောက်ရာ တံခါးသဖွယ်ဖြစ်၍ 'စက္ခုဒွါရ' ဟု လည်းခေါ်၏။ ထိုစက္ခု ပသာဒရုပ်သည် ရူပါရုံကိုမြင်သိမှုခေါ် စက္ခုဝိညာဉ်စိတ် နှစ်ပါးဖြစ်ရာ ဌာနဖြစ်၍ 'စက္ခုဝတ္ထု' ဟု လည်းခေါ်၏။

(၂) နားထဲ၌လည်း နားအကြည်ဓာတ်ခေါ် သောတပသာဒ ရုပ်သည် ရှိ၏။ ထိုသောတ ပသာဒရုပ်သည် အပြင်ဘက်က အသံ= သဒ္ဒါရုံဝင်ရောက်ရာ တံခါးသဖွယ်ဖြစ်၍ 'သောတဒွါရ'ဟုလည်း ခေါ်၏။ သဒ္ဒါရုံကို ကြားသိမှုခေါ် သောတဝိညာဉ် စိတ်နှစ်ပါး၏ ဖြစ်ရာဌာနဖြစ်၍ 'သောတဝတ္ထု' ဟုလည်း ခေါ်၏။

(၃) နှာခေါင်းထဲ၌လည်း နှာခေါင်း အကြည်ဓာတ်ခေါ် ဃာနပသာဒ ရုပ်သည် ရှိသည်။ ထိုဃာနပသာဒရုပ်သည် အပြင်ဘက်က အနံ့= ဂန္ဓာရုံ ဝင်ရောက်ရာ တံခါးသဖွယ်ဖြစ်၍ 'ဃာနဒွါရ'ဟုလည်း ခေါ်၏။ ဂန္ဓာရုံကို နံသိမှုခေါ် ဃာနဝိညာဉ်စိတ် နှစ်ပါး၏ ဖြစ်ရာ ဌာနဖြစ်၍ 'ဃာနဝတ္ထု' ဟု လည်း ခေါ်၏။

(၄) လျှာ၏ အလယ်၌လည်း လျှာအကြည်ဓာတ်ခေါ် ဇိဝှာ ပသာဒ ရုပ်သည်ရှိ၏။ ထိုဇိဝှာ ပသာဒရုပ်သည် အပြင်ဘက်က အရသာ= ရသာရုံ ဝင်ရောက်ရာတံခါးသဖွယ်ဖြစ်၍ 'ဇိဝှာဒွါရ' ဟုလည်း ခေါ်၏။ ရသာရုံကို လျက်သိမှုခေါ် ဇိဝှာဝိညာဉ်စိတ် နှစ်ပါး၏ ဖြစ်ရာဌာနဖြစ်၍ 'ဇိဝှာဝတ္ထု' ဟုလည်းခေါ်၏။

(၅) တကိုယ်လုံး၌ ပျံ့နှံ့၍ တည်သော ကိုယ် အကြည်ဓာတ်ခေါ် ကာယပသာဒရုပ်သည် ရှိ၏။ ထိုကာယ ပသာဒရုပ်သည် အပြင်ဘက်အတွေ့ ဖောဋ္ဌဗ္ဗာရုံ ဝင်ရောက်ရာ တံခါးသဖွယ်ဖြစ်၍ 'ကာယဒွါရ'ဟုလည်း ခေါ်၏။ ဖောဋ္ဌဗ္ဗာရုံကို တွေ့သိမှုခေါ် ကာယဝိညာဉ်စိတ် နှစ်ပါး၏ ဖြစ်ရာဌာနဖြစ်၍ 'ကာယဝတ္ထု'ဟုလည်း ခေါ်၏။

(၆) နှလုံးသား၏ အလယ်၌ သွေးများတည်နေသော တွင်းငယ် တခု ရှိ၏။ ထိုသွေးများ ပျံ့နှံ့လျက် တည်သော ဝတ္ထုတမျိုးကို 'ဟဒယ'ဟုခေါ် ၏။ ပစ္စုပ္ပန် ပဋ္ဌာရုံကို ခံယူသော မနောဓာတ် သုံးပါးနှင့် (အရူပဝိပါက် စိတ် လေးခုကြဉ်သော) မနောဝိညာဏဓာတ်ခေါ် မနောဝိညာဉ်စိတ် ၇၂ ပါး (ပေါင်းစိတ် ၇၅ ပါး)တို့၏ မှီရန်ဖြစ်ရာ ဖြစ်သောကြောင့် '**ဟဒယ ဝတ္ထု**'ရုပ်ဟု ခေါ်၏။

**မှတ်ချက်။** ။ဝတ္ထုရုပ် ခြောက်ပါးကိုမှီ၍ ဖြစ်သော စိတ်တို့ကား "ဒွေပဉ္စဝိညာဉ်. ၁၀+ မနောဓာတ် ၃၊ အရူပ ဝိပါက်စိတ် လေးခု ကြဉ်သော မနောဝိညာဉ်စိတ် ၇၂" ဟူ၍ စိတ်ပေါင်း ၈၅ ပါးဖြစ်၏။အရူပ ဝိပါက်စိတ် လေးပါးသည် ရုပ်မရှိသော အရူပလေးဘုံ ၌သာ ပဋိသန္ဓေ ဘဝင် စုတိစိတ်အဖြစ် ဖြစ်သည့်စိတ်မျိုးဖြစ်၍ ကြဉ်ရသည်။ အရူပကုသိုလ်စိတ် ၄ နှင့် ကြိယာစိတ် လေးပါးတို့ကား ပဝတ္တိအခါဝယ် ခန္ဓာ ငါးပါးရှိ ပဉ္စဝေါကာရ ဘုံများ၌ ဖြစ်နိုင်သဖြင့် မကြဉ်ရခြင်းဖြစ်၏။

ယင်းသို့ ပြင်ပ အာရုံများကို ခံယူ၍ ဝိညာဉ် စိတ်များ ဖြစ်ပေါ်ရာ ထိုဝတ္ထုရုပ် ခြောက်ပါးတို့တွင် အချို့သည် ပဋိသန္ဓေ ခဏ၌ မဖြစ်ကြသေး။ အချို့မှာ ဖြစ်ကြသော်လည်း ကျေးဇူး မပြုနိုင်ကြသေး။ ပဋိသန္ဓေစိတ် ဖြစ် ပြီးနောက် ပဝတ္တိ အခါ၌သာ စိတ်၊စေတသိက်တို့၏ မှီရာ တည်ရာ အဖြစ် ဖြင့် ကျေးဇူး ပြုနိုင်ကြသည်။ ထို့ကြောင့် ဤဝတ္ထု ပုရေဇာတ နိဿယ ပစ္စည်းကို ပဝတ္တိ အခါ၌သာ ယူရသည်။

ဝတ္ထု ပုရေဇာတ နိဿယ ပစ္စည်းသည် ဝတ္ထုရုပ် ခြောက်ပါးကို အမှီ ပြု၍ စိတ်၊စေတသိက် နာမ်တရားများ ဖြစ်ကြပုံကို ပြဆိုသော ပစ္စည်းဖြစ် သောကြောင့် (၁) ရုပ်မရှိပဲ နာမ်ချည်းသက်သက် ရှိသော အရူပ လေးဘုံ နှင့် လည်းကောင်း၊ (၂) နာမ်မရှိပဲ ရုပ်ချည်း သက်သက်ရှိသော အသညသတ်ဘုံနှင့် လည်းကောင်း မသက်ဆိုင်ချေ။ (၃) ရုပ်နာမ် နှစ်ပါးစုံခန္ဓာ ငါးပါး အပြည့်အစုံရှိသော ပဉ္စဝေါကာရ ၂၆ဘုံနှင့်သာ သက်ဆိုင် လေ သည်။ ဤပဉ္စဝေါကာရ ၂၆ ဘုံ၌သာ ဝတ္ထုရုပ် ခြောက်ပါးတို့ ဖြစ်ကြ ကုန်၏။

ပဋ္ဌဝေါကာရ ၂၆ ဘုံ၌ ဝတ္ထုရုပ် ခြောက်ပါးတို့ ဖြစ်၏— ဟူသည် ယေဘုယျ စကားမျှသာ ဖြစ်၏။ ချဲ့ဦးအံ့— ပဋ္ဌဝေါကာရ ၂၆ မှာ ကာမ ၁၁ ဘုံနှင့် ရူပ ဗြဟ္မာ ၁၅ ဘုံ ဟူ၍ နှစ်မျိုးခွဲခြား မှတ်သားအပ်၏။ ကာမ ၁၁ ဘုံ၌ ဝတ္ထုရုပ် ခြောက်ပါးလုံးရှိကြ၏။ ရူပဗြဟ္မာ ၁၅ ဘုံ၌ကား 'စက္ခု၊ သောတ၊ ဟဒယ' ဟူသော ဝတ္ထုရုပ် သုံးမျိုးသာ ဖြစ်ကြပြီး၊ 'ဃာန၊ ဇိဝှာ၊ ကာယ–' ဟူသော ဝတ္ထုရုပ် သုံးပါးတို့ မဖြစ်ကြကုန်။

'ဃာန၊ ဇိဝှာ၊ ကာယ' ဝတ္ထုရုပ်သုံးပါး မဖြစ်· ဟူရာ၌ အပြင်မှ ဝင်ရောက်လာသော အနံ့= ဂန္ဓာရုံ၊ အရသာ= ရသာရုံ၊ အတွေ့=ဖောဋ္ဌဗ္ဗာရုံ' တို့ကို လက်ခံနိုင်သော ပသာဒ ရုပ်များ မရှိ-ဟုသာ ဆိုလို၏။ ရူပ ဗြဟ္မာ တို့၌ 'နှာခေါင်း၊ လျှာ၊ ကိုယ်'ဟူသော ပုံသဏ္ဌာန်များ မရှိမဟုတ်၊ ရှိကြသည်တည်း။ ထို့ကြောင့် ရူပဗြဟ္မာတို့၌ 'ဃာန၊ ဇိဝှာ၊ ကာယ' ဝတ္ထု သုံးပါးကို အမှီပြု၍ အပြင်မှ 'ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ' ဟူသော အာရုံ သုံးမျိုးကို သိမှု ဟူသော "ဃာနဝိညာဉ်စိတ် ၂၊ ဇိဝှာ ဝိညာဉ်စိတ် ၂၊ ကာယ ဝိညာဉ်စိတ် ၂" ပေါင်း စိတ်ခြောက်ပါးတို့ မဖြစ်နိုင်ကုန်။

[မှတ်ချက်။ ။'စက္ခု, သောတ' ပသာဒတို့ကား ဘုရားဖူးခြင်း၊ တရားနာခြင်း စသည် ဖြင့် သတ္တဝါအား ကောင်းကျိုးပြုနိုင်သော တရားများဖြစ်၏။ 'ဃာန၊ ဇိဝှာ၊ ကာယ' ပသာဒ တို့ကား သတ္တဝါအား မည်သည့် ကောင်းကျိုးသုခကိုမျှ မပေးနိုင်။ ဆိုးကျိုးနှင့် ဒုက္ခကိုသာ ပေးနိုင်၏။ ယင်းတို့သည် သက်သက်ကာမနှင့် သက်ဆိုင်သည့်(ဝါ) ကာမကို အားပေးသည့် တရားများသာ ဖြစ်ကုန်၏။]

## ဝတ္ထုခြောက်ပါးနှင့် ဝိညာဉ်စိတ်များ

ဝတ္ထုပုရေဇာတ နိဿယပစ္စည်းသည် ပြဆိုခဲ့ပြီးသော အာရမဏ ပစ္စည်းနှင့် ဆက်စပ်မှုရှိသည်။ထို့ကြောင့် 'ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဟူသော အာရုံငါးပါးတို့သည် အစဉ်အတိုင်း 'စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ' ဟူသော ပသာဒဝတ္ထုရုပ် 'အကြည်ဓာတ်' များထဲသို့ ဝင်ရောက်လာသော် ထိုဝတ္ထုရုပ် ငါးပါးကို အပြုမှီ၍ 'စက္ခုဝိညာဉ်၊ သောတဝိညာဉ်၊ ဃာနဝိညာဉ်၊ ဇိဝှာဝိညာဉ်၊ ကာယဝိညာဉ်ဟူသော ဝိညာဏဓာတ် (ဝိညာဉ်)

ငါးပါးတစုံ=စိတ် ၁၀ ပါးတို့ ဖြစ်ကြကုန်၏။ ထိုအာရုံငါးမျိုးကြောင့် ဝီထိစိတ် အစဉ်များ ဖြစ်ကြရာဝယ် ထိုဝိညာဉ် ၁၀ ပါးမှ ကြွင်းသော ပဉ္စဒွါရာဝဇ္ဇန်း စသည့်ဝီထိစိတ်ဟူသမျှတို့သည် ဟဒယဝတ္ထုရုပ်ကိုသာ မှီ၍ဖြစ်ကြကုန်၏။

ဓမ္မာရုံသည် မနောဒွါရခေါ် စိတ် တံခါးထဲသို့ ဝင်ရောက် လာသော အခါ၌ကား မနောဒွါရာဝဇ္ဇန်း အစရှိကုန်သော ဝီထိစိတ် အလုံးစုံတို့ သည် ဟဒယဝတ္ထုရုပ်ကိုသာ အမှီပြု၍ဖြစ်ကြရကုန်၏။ အချုပ်အားဖြင့် မနောဓာတ် သုံးပါးနှင့် မနောဝိညာဉ်စိတ် ၇၂ ပါးတို့သည် ဟဒယဝတ္ထုရုပ်ကိုသာ မှီ၍ ဖြစ်ကြရကုန်၏။ မနောဓာတ်သုံးပါးကို မနောဝိညာဏဓာတ်ခေါ် မနော ဝိညာဉ်ထဲသို့ ပေါင်းထည့်၍ 'ဝိညာဉ်စိတ်သည် ခြောက်မျိုးသာရှိ၍ 'ဝိညာဉ် ခြောက်ပါး' ဟုလည်း (အာရုံခြောက်ပါး၊ ဝတ္ထုရုပ်ခြောက်ပါးနှင့်ကိုက်ညီ အောင်) ခေါ်ဝေါ်နိုင်လေသည်။

ဤသို့လျှင် ဝိညာဉ်ခြောက်ပါး၊ စိတ်, စေတသိက် နာမ်တရားတို့သည် အာရုံခြောက်ပါးတို့ကြောင့် ဝတ္ထုရုပ်ခြောက်ပါးတို့ကို အမှီပြု၍ 'ဝီထိ'ခေါ် စိတ်အစဉ်တို့ ဖြစ်ကြကုန်၏။ သတ္တဝါတို့ မစုတေသေးသမျှ ကာလပတ်လုံး ဝတ္ထုရုပ်များကို အမှီပြု၍ ဝီထိစိတ်အစဉ်တို့ (ဘဝင်စိတ် ဖြစ်ချိန်မှ တပါး) အဆက်မပြတ် မရပ်မနား ဖြစ်နေကြကုန်၏။

ဤ၌ ဝတ္ထုရုပ်တို့သည် စုတိစိတ်ကျသည့်အထိဖြစ်သလော- မဖြစ်သလော- ဟု မေးဖွယ်ရှိ၏။ အဘိဓမ္မာသဘောအရ ဝတ္ထုရုပ်ခြောက်ပါးတို့သည် စုတိ စိတ်မှ ပြန်၍ ရေသည်ရှိသော် ၁၇ ချက်မြောက်သော ဘဝင်စိတ်၏ ဥပါဒ် (ဖြစ်ခဏ)အထိသာဖြစ်နိုင်ပြီး၊ ထိုဥပါဒ်ခဏမှ နောက် ဋ္ဌီခဏမှစ၍ စုတိစိတ် ကျသည့်အထိ မဖြစ်တော့ကုန်။ ထိုဝတ္ထုရုပ်တို့ကိုမှီ၍ ဖြစ်ကြသော ဝီထိစိတ်တို့ သည်ကား စုတိစိတ်တိုင်အောင် ဖြစ်ကြပြီး စုတိစိတ်ကျသည်နှင့် တပြိုင်နက် ချုပ်ပျောက်သွားကြကုန်၏။ နောက်ဘဝသစ်၌ဖြစ်သော် ဝတ္ထုရုပ်တို့လည်း သတ္တဝါအလိုက်ထိုက်သည်အားလျော်စွာ ဖြစ်ကြရကုန်ပြန်၏။

ဤသို့လျှင် သတ္တဝါတို့၏ သန္တာန်၌ ပရိနိဗ္ဗာန် မစံဝင်မီအတွင်း ဘဝတိုင်း ဘဝတိုင်း၌ အာရုံခြောက်ပါးတို့နှင့် တွေ့ကြုံရလျက် ဝတ္ထုခြောက်ပါးတို့ကို

အမှီပြုပြီး ဝိညာဉ်စိတ်ခြောက်ပါးနှင့် ယှဉ်ဖက် စေတသိက်တရားတို့ "မြစ်ရေအလျဉ်၊ လှည်းဘီးစက်ပမာ" မရပ်မနား အဆက်မပြတ် ထပ်ခါ ထပ်ခါ ဖြစ်ကြရလေသတည်း။

## ဝတ္ထာရမဏာပုရေဇာတနိဿယ

အကြောင်းတရားသည် (၁) ဝတ္ထုလည်း ဟုတ်၏- ဝတ္ထု၊ (၂) ပစ္စယုပ္ပန်တရားတို့၏ အာရုံလည်းဟုတ်၏- အာရမဏ၊ (၃) ပစ္စယုပ္ပန်တရားတို့မဖြစ်မီ ရှေးဦးစွာဖြစ်နှင့် သည်လည်း ဟုတ်၏- ပုရေဇာတ၊ (၄) နိဿယ သတ္တိဖြင့် အမှီခံရသည်လည်း ဟုတ်၏- နိဿယ။ ဤလေးချက်နှင့် ညီညွတ်နိုင်သော တရားမှာ 'ဟဒယဝတ္ထု'သာဖြစ်၏။

ဤဟဒယဝတ္ထုကိုအာရုံပြု၍ စိတ်, စေတသိက် တရားတို့ ဖြစ်နိုင်ကြသေးသဖြင့် ဟဒယဝတ္ထုသည် မိမိကို အာရုံပြု၍ ဖြစ်ကြကုန်သော စိတ်, စေတသိက်တရားတို့အား ကျေးဇူးပြုရာ၌ 'ဝတ္ထာရမဏပုရေဇာတနိဿယ' ဟု ခေါ်သော ပစ္စည်းခွဲကလေးတခုရှိသေး၏။ ဟဒယဝတ္ထုကိုအဘယ်သို့ အာရုံပြုသနည်းဟူမူ-

(၁) မိမိ၏ ဟဒယဝတ္ထုကို အာရုံပြု၍- "ငါ၏ မနောဝိညာဉ်စိတ်သည် ငါ၏ဟဒယ ဝတ္ထုကို အာရုံပြု၍ ဖြစ်၏။ ဤငါ၏မနောဝိညာဉ်စိတ်မှီရာ ဟဒယဝတ္ထုရုပ်သည် ငါ၏ဥစ္စာတည်း။ ဤဟဒယ ဝတ္ထုသည် ငါ၏ အတ္တာတည်း" ဤသို့ တဏှာ၊ မာန၊ ဒိဋ္ဌိ တို့ဖြင့်လည်းကောင်း။ (၂) "ဤဟဒယဝတ္ထုရုပ်သည် မမြဲ၊ ဆင်းရဲ၏၊ အနတ္တမှ ဆိတ်သုဉ်း၏" ဤသို့ လက္ခဏာရေးသုံးပါးသို့တင်၍ သုံးသပ်သည်၏ အစွမ်းဖြင့် လည်းကောင်း မနောဒွါရဇောဝီထိ ဇောနန်း အစရှိကုန်သော မနောဒွါရိက (စိတ်တံခါး၌ဖြစ်သော) ဝီထိစိတ်တို့သည် ဖြစ်ကြကုန်၏။

ဤသို့သောနည်းဖြင့် ဟဒယ ဝတ္ထုရုပ်သည် မိမိကို အာရုံပြု၍ ဖြစ်ကြကုန်သော (မနောဒွါရာဝဇ္ဇန်း၊ ကာမဇော ၂၉၊ တဒါရုံ ၁၁- ဟူသော)

မနောဝိညာဉ်စိတ် ၄၃ ပါးတို့နှင့် (ဍ္ဍာသာ၊ မစ္ဆရိယ၊ ကုက္ကုစ္စ၊ ဝိရတီ-၃၊ အပ္ပမညာ - ၂ ဟူ၍ ရှစ်ပါး ကြဉ်အပ်သော)စေတသိက် ၄၄ ပါးတို့အား 'ဝတ္ထာရမဏ ပုရေဇာတ နိဿယ' သတ္တိဖြင့် ကျေးဇူးပြု သည် – ဟူ၍ မှတ်သားရာ၏။

ဤသို့ ဟဒယဝတ္ထု ရုပ်ကို အာရုံပြု၍ ဝီထိစိတ်များ ဖြစ်ခြင်းသည် ပကတိ အခါ၌သာမက၊ သေကာနီး (မရဏာသန္န)အခါ၌လည်း ဖြစ်နိုင်သေး၏။ အလွန်လေးနက်သော အရာပေတည်း။ (ပဋ္ဌာန်းနှင့် ပတ်သက်သည့် 'သုံးချက်စု' ခေါ် ရှေးရိုးကျမ်းတို့ကား· သေကာနီးအခါ၌သာ ကျေးဇူးပြုပုံကို ပြကြသည်)။ ။

# [ ၉ ] ဥပနိဿယ ပစ္စည်း

**မှတ်ရန် ဆိုရိုး။** ။ဥပနိဿယ ပစ္စည်းသည် ''အာရမဏူပနိဿယ၊ အနန္တရူပနိဿယ၊ ပကတူပနိဿယ''- ဟူ၍ သုံးမျိုးရှိ၏။ ထိုတွင်(က) အာရမဏူပနိဿယ ပစ္စည်းသည် အာရမဏာဓိပတိ ပစ္စည်းနှင့်တူ၏။ (ခ) အနန္တရူပနိဿယ ပစ္စည်းသည် အနန္တရ ပစ္စည်းနှင့် တူ၏။

## (ဂ) ပကတူပနိဿယ

''ဗလဝ ဖြစ်သော၊ ရှေးရှေးသော စိတ် ၈၉၊ စေတသိက် ၅၂၊ ရုပ် ၂၈၊ (နိဗ္ဗာန်နှင့်) ပစ္စည်းထိုက်သော အချို့ပညတ် ဤတရားတို့သည် နောက်နောက်သော စိတ် ၈၉၊ စေတသိက် ၅၂ တို့အား ပကတူပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်ကြ၏''။

## အဓိပ္ပာယ် ရှင်းလင်းချက်

**'ဥပနိဿယ'** ဟူသော ဝေါဟာရသည် ''ဥပ=လွန်ကဲသော၊ အားကြီးသော+နိဿယ=မှီရာ'' ဟူသော ပုဒ် ၂ခုမှ ဆင်းသက်လာသဖြင့် စိတ်, စေတသိက်

တရားတို့ တလစပ်, တလကြမ်း ဖြစ်စေရာ၌ သာမန်မဟုတ်ပဲ (ပြဆိုခဲ့သည့်) နိဿယထက်ပင် လွန်ကဲစွာ ဖြစ်သော အားကြီးသော (ဗလဝဖြစ်သော) မှီရာ ဖြစ်သည့် သတ္တိကို ဆိုလိုသည်။

ဥပနိဿယ ပစ္စည်းကို မိုးနှင့်တူ၏–ဟု ဥပမာပြုကြ၏၊ မိုးသည် မိုးရည် (ရေ)ကို မှီ၍ ပေါက်ရောက် ကြီးပွားရသော သစ်ပင် အပေါင်းနှင့် တကွ သတ္တဝါသဟူမျှတို့၏ အလွန်အရေးကြီးစွာသော မှီရာအကြောင်းဖြစ်၏။ ထို့အတူပင် ဥပနိဿယပစ္စည်း တရားတို့သည် မိမိတို့ကို မှီ၍ ဖြစ်ပေါ်ကြကုန်သော ‘ပစ္စယုပ္ပန်’ တရားတို့၏ အားကြီးသော မှီရာ အကြောင်းတရားများ ဖြစ်ကြ ကုန်၏။

ဥပနိဿယသတ္တိသည် အရင်းအမြစ်အခြေခံဖြစ်သော မှီရာ သတ္တိမျိုးဖြစ်၏။ ပြဆိုခဲ့ပြီးသော နိဿယသတ္တိသည်ကား အကျိုးတရားပေါ်ချိန်မှ မကင်းရာ မကင်းကြောင်းဖြစ်သော မှီရာ သတ္တိမျိုးတည်း။ ဥပမာအားဖြင့် သလေးထမင်းဖြစ်ဖို့ရာ အရေး၌ သလေးမျိုးစေ့၊ လယ်မြေ၊ မိုးရေတို့သည် အရင်းအမြစ်အခြေခံမှီရာအကြောင်းများဖြစ်ကြပြီး ထမင်းအိုး၊ ထင်း (လောင်စာ) မီးစသည်တို့မှာ သလေးထမင်းဖြစ်ချိန်ကျမှ မကင်းရာမကင်းကြောင်း မှီရာမျိုးဖြစ်ကြ၏။ ထို့အတူ စက္ခုဝိညာဉ်ဝိပါက်စိတ်ဖြစ်ဖို့အရေး၌ ကံသည် အခြေခံအားကြီးသော မှီရာအကြောင်း ဥပနိဿယဖြစ်၍၊ စက္ခုဝတ္ထုမှာမူ စက္ခုဝိညာဉ် ဖြစ်ပေါ်ချိန်ကျမှ မကင်းရာ မကင်းကြောင်း မှီရာ နိဿယ သာ ဖြစ်လေသည်။

ဥပနိဿယပစ္စည်းသည် ကုသိုလ်၊ အကုသိုလ် အကြောင်းကံစိတ်များ၊ အကျိုးဝိပါက်စိတ်များနှင့် (ရဟန္တာတို့အဖို့) ကြိယာစိတ်များ ဖြစ်ပေါ်စေရာ၌ အားကြီးသောမှီရာ အခြေခံအကြောင်းတရားများအဖြစ်ဖြင့်ကျေးဇူးပြုသော ပစ္စည်းမျိုးဖြစ်သည်။ ထို့ကြောင့်–

(၁) ယင်း စိတ်များဖြစ်ပေါ်ရာ၌ ထက်သန်အားကောင်းသော အာရုံမျိုးသည်လည်း အားကြီးသော မှီရာဖြစ်၏။ ၎င်းသည် **‘အာရမ္မဏူပနိဿယ’** ပစ္စည်း ဟူ၍ အမည်ရလေသည်။

(၂) တဖန်–စိတ်၊ စေတသိက်များ အဆက်မပြတ် လျင်မြန်သောအဟုန် ဖြင့် ဖြစ်ကြရာ၌ ရှေးရှေးစိတ်တို့၌ နောက်နောက်စိတ်များဖြစ်ဖို့ရာ လွန်စွာ အရေးကြီးသော (အားကြီးသော) မှီရာ အကြောင်း ရှိကြပေ၏။ အနန္တရ ပစ္စည်း၏ သဘောကို လေးနက်စွာ ဖော်ပြခြင်း ဖြစ်၏။ သို့ဖြစ်၍ အနန္တရ ပစ္စည်းတရားစုကိုပင် '**အနန္တရူပနိဿယ**'ပစ္စည်းဟု လေးနက်သော အမည်တခု ထပ်ပေးထားခြင်း ဖြစ်၏။

(၃) စိတ်၊ စေတသိက်တရားတို့ ပြင်းထန်သော အဟုန်ဖြင့် တလစပ်, တလကြမ်းဖြစ်ပေါ်စေရန် တွန်းအားပေးသော သတ္တိမျိုးသည် အထက် ဖော်ပြပါ အာရုံများနှင့် ရှေးရှေး စိတ်တို့မှသာ ရှိသည် မဟုတ်သေး။ အခြားသော အကြောင်းတရားတို့မှာလည်းရှိကြသေး၏။ ယင်း အခြားသော အကြောင်းတရားတို့သည် စိတ်၊ စေတသိက်တို့ တလစပ်,တလကြမ်း ဖြစ်ဖို့ရာ ပင်ကိုယ်အားဖြင့်ပင် အားကောင်းလှသည့် သတ္တိများရှိကြသဖြင့် အားကြီး သော မှီရာဟူ၍ ဆိုနိုင်၏။ ထိုကဲ့သို့ စိတ်၊ စေတသိက်များ ဖြစ်စေရန် ပင်ကိုယ်သဘောအားဖြင့် အားကြီးသော မှီရာ အကြောင်း ဖြစ်ကြသည့် အခြားတရားစုများကို '**ပကတူပနိဿယ**' ပစ္စည်းတရားများဟု အမည်ပေး ထားလေသည်။

## (က) အာရမ္မဏူပနိဿယ

သာမန် အာရုံမျိုး မဟုတ်ပဲ၊ တမ်းတမ်းစွဲ ငန်းငန်းတက် စွဲမက်လောက်သော 'တပ်မက်ဖွယ်အာရုံ' မျိုး (**ဥပမာ**–မင်းကုသ အဖို့ ပဘာဝတီ ကဲ့သို့သော အာရုံမျိုး။ လူသားစား ပေါရိသာဒ မင်းအဖို့ လူသားကဲ့သို့သောအာရုံမျိုး) သည်လည်းကောင်း၊ စိတ်၏ဝမ်းမြောက်မှု၊ စိတ်၏ အေးငြိမ်းမှု ဖြစ်ရာ လွန်စွာ ကြည်နူးဖွယ်ကောင်းသော အာရုံမျိုး (**ဥပမာ**– သုမေဓာ ရှင်ရသေ့ အဖို့ ဒီပင်္ကရာဘုရားရှင်၏ အတုမရှိသော ဘုရားအသရေတော်ကဲ့သို့သောအာရုံမျိုး။ သုတသောမမင်းအဖို့ သစ္စာတရား ကဲ့သို့သော အာရုမျိုး)သည်လည်းကောင်း ဤသို့သော အာရုံတို့သည် မိမိတို့ကို အလေးအနက် အာရုံပြုကြသော ပုဂ္ဂိုလ် တို့၏ သဏ္ဍာန်ဝယ် စိတ်၊ စေတသိက်တရားများအား လျင်သောအဟုန်ဖြင့်

ဖြစ်စေရန် လွန်စွာကြီးမားသည့် အကြောင်းများ ဖြစ်ကြသောကြောင့် (သာမန်အာရမဏပစ္စည်းနှင့် မထိုက်တန်၍) 'အာရမဏူပနိဿယ' အမည်ကို ရကြကုန်၏။

ဤ အာရမဏူပနိဿယ ပစ္စည်းသည် ပစ္စည်း သဘောအားဖြင့် လည်းကောင်း၊ ပစ္စည်း ပစ္စယုပ္ပန် တရားကိုယ်အားဖြင့်လည်းကောင်း အာရမဏာဓိပတိ ပစ္စည်းနှင့်တူ၏။ ထို့ကြောင့် အာရမဏူပနိဿယ ပစ္စည်းတခုလုံးသည် အာရမဏာဓိပတိ ပစ္စည်းနှင့် တူ၏-ဟု ဆိုရလေသည်။ ယင်းပစ္စည်း နှစ်ခုပါ အမည်နှစ်ခု၏ အနက်အဓိပ္ပာယ်အရင်းကို ဖော်ပြရပါမူ—

မိမိနှင့်စပ်သော အာရုံပြုသည့် စိတ်တို့အား အာရုံ မပြုလျှင် မနေနိုင်လောက်အောင် ဆွဲဆောင် အုပ်စိုး လွှမ်းမိုးနိုင်သော အာရုံ၏ သတ္တိသည် 'အာရမဏာ ဓိပတိ' သတ္တိမည်၏။ အာရုံပြုသည့် စိတ်တို့ ဖြစ်ဖို့ရာ လွန်ကဲ အားကြီးသော မှီရာအဖြစ် ကျေးဇူးပြုသော အာရုံ၏ သတ္တိသည် 'အာရမဏူပ နိဿယ' သတ္တိမည်၏။ အချုပ်အားဖြင့်- ယင်းပစ္စည်း နှစ်ခု တို့၏ သဘောနှစ်ရပ်ကို ပေါင်း၍ ဆိုရသော်- အဓိပတိ အဖြစ်ဖြင့် လွှမ်းမိုးအုပ်စိုးနိုင်သော အာရုံမျိုးသည်ပင်လျှင် မိမိကို အာရုံပြု၍ ဖြစ်ပေါ်လာကြသည့် စိတ်၊ စေတသိက် တရားတို့၏ အားကြီးသော မှီရာ အကြောင်း ဖြစ်သောကြောင့် 'အာရမဏူပ နိဿယ' အမည်ကို ရပြန်လေသည်- ဟူလို။

## (ခ) အနန္တရူပနိဿယ

ယင်းသို့ အာရုံ တခုကို အာရုံပြု၍ စိတ်၊ စေတသိက်တို့ တာလစပ်၊ တာလကြမ်း အဆက်မပြတ် ဖြစ်ကြရာဝယ်- နောက်နောက် စိတ်တို့သည် ရှေး ရှေး စိတ်တို့၏ ပြင်းထန်သော တွန်းအားကြောင့်သာ လျင်စွာ ဆက်လက် ဖြစ်ကြရကုန်၏။ **ဥပမာ**- အထက်အညာ မြစ်ဖျားဒေသ၌ မိုးကြီး ရွာသွန်းသော် မိုးရေတို့သည် မြစ်ထဲသို့ ကမ်းနှစ်ဘက်လျှံ ပြင်းထန်သော အဟုန်ဖြင့် စီးဆင်းကြရာဝယ်၊ နောက်က ရေစု၏ ပြင်းထန်သော တွန်းအားကြောင့် ရှေ့ရေစုသည် ပြင်းထန်သော အဟုန်ဖြင့် စီးဆင်း သွားရကုန်၏။ ထိုတွင် မိုးကြီးနှင့် အဓိပတိအာရုံ၊ နောက်ကရေစုနှင့် ရှေးရှေးစိတ်၊ ရှေ့က

ရေစုနှင့်နောက်နောက်စိတ်တို့ တူပုံကို သိပါလေ။ (မြန်မာစကား၌- 'ရှေ' နှင့် 'နောက်' စကားတို့၏ အဓိပ္ပာယ်မှာ အဒါခပ်သိမ်း ရှင်းလင်းခြင်း မရှိကုန်။)

ဤသို့လျှင် ပြဆိုခဲ့ပြီးသော အနန္တရ ပစ္စည်း တရားစု သည်ပင်လျှင် နောက်နောက်စိတ် ဖြစ်ဖို့ရာ လွန်စွာ အရေးကြီးသော မှီရာ အကြောင်း ဖြစ်၍ 'အနန္တရူပ နိဿယ' အမည်ရပြန်ရကား၊ အနန္တရူပ နိဿယ ပစ္စည်း တခုလုံးသည် အနန္တရ ပစ္စည်းနှင့် ပစ္စည်း, ပစ္စယုပ္ပန် တရား ကိုယ်အားဖြင့် အလုံးစုံတူလေသည်။ ယင်းပစ္စည်း နှစ်ခု၏ သတ္တိ ထူးခြားပုံကို ဆိုရပါမူ- မိမိ (ရှေ့စိတ်)၏ အခြားမဲ့၌ ဖြစ်ထိုက်သော စိတ်ကို ဖြစ်စေနိုင်သော သတ္တိသည် အနန္တရသတ္တိ မည်၏။ နောက်နောက်စိတ် ဖြစ်ဖို့ရာ လွန်စွာ အားကြီးသော မှီရာအကြောင်း အဖြစ်ဖြင့် ကျေးဇူး ပြုသော ရှေးရှေး စိတ်၏ သတ္တိသည် 'အနန္တရူပ နိဿယ' သတ္တိမည်၏။

## (ဂ) ပကတူပ နိဿယ

စိတ်၊ စေတသိက်ဟူ၍ တရားစု တလကြွမ်း ဖြစ်စေရန် အားကြီးသော မှီရာ အဖြစ်ဖြင့် ကျေးဇူးပြုရာဝယ် ဖော်ပြပါ အာရုံများနှင့် ရှေးရှေးစိတ်တို့မှ ကြွင်းကျန်သော ပင်ကိုယ်အားဖြင့် အားကြီးသော မှီရာ ဖြစ်ကြသည့် အခြား အကြောင်းတရား ဟူသမျှတို့သည် ပကတူပ နိဿယ ပစ္စည်း ထဲ၌ အကျုံးဝင်လေ တော့သည်။ ထို့ကြောင့် ပကတူပ နိဿယပစ္စည်း၏ကျေးဇူး ပြုရာ နယ်ပယ်သည် အလွန်ပင် ကျယ်ဝန်းလေတော့သည်။ အတွင်းအဇ္ဈတ္တမှ ဖြစ်စေ၊ အပြင် ဗဟိဒ္ဓမှ ဖြစ်စေ- အကြင် အကြောင်း တရားသည် ကုသိုလ် အကုသိုလ်၊ ဝိပါက်၊ ကြိယာ- ဟူ၍ စိတ်ဟူသမျှ ဖြစ်ပေါ်စေရန် အားကြီး သော မှီရာ အကြောင်းတရား အဖြစ်ဖြင့် ကျေးဇူးပြု၏။ ထိုအကြောင်းတရား ဟူသမျှသည် ပကတူပ နိဿယပစ္စည်း ဖြစ်လေတော့၏။ ''မည်သည့် တရား သည် မည်သည့် တရားအား မည်သို့ ကျေးဇူးပြု၏-''ဟု တရားသေ မထား နိုင်လောက်အောင် ဤပစ္စည်း၏ နယ်ပယ်မှာ ကျယ်ဝန်းလှ ပေသည်။

ထို့ကြောင့် ဤပကတူပ နိဿယ ပစ္စည်းသည် အမျိုးမျိုးရှိ၏။(ဗဟုဓာတ) ဟူ၍ လည်းကောင်း၊ ပစ္စည်း ပဒေသာပင်ကြီး (ပစ္စယမဟာ ပဒေသာ) ဖြစ်၏ ဟူ၍လည်းကောင်း ကျမ်းဂန် တို့၌ ဆိုထားလေသည်။

ပုဂ္ဂိုလ်တဦး၏ သန္တာန်၌ ကောင်းသော၊ မကောင်းသော ကုသိုလ်၊ အကုသိုလ်၊ ဝိပါက်၊ ကြိယာစိတ်တို့ တမျိုးမျိုး ဖြစ်ရာ၏။ ထိုသို့ ဖြစ်ရာ၌ ကောင်းသော အကြောင်း ကြောင့်လည်း ဖြစ်နိုင်၏။ မကောင်းသော အကြောင်းကြောင့်လည်း ဖြစ်နိုင်၏။ မိမိ၏ စိတ်ကို မိမိဘာသာ ပြုပြင် ၍လည်း ဖြစ်နိုင်၏။ သူတပါးတို့က တိုက်တွန်း၍လည်း ဖြစ်နိုင်၏။ သူတပါးတို့၏ ကောင်း- မကောင်းသော အပြုအမူ (ကံ)၊ အကျိုးခံစားရပုံကို ကြည့်၍ 'အတုမြင်- အတတ်သင်' ဟူသော အကြောင်း ကြောင့်လည်း ဖြစ်နိုင်၏။ ပတ်ဝန်းကျင်ရှိ မိမိ တွေ့ကြုံခံစားရသော သက်ရှိ-သက်မဲ့အရာများကြောင့်လည်း ဖြစ်နိုင်၏။

ဤသို့ စသည် ပုဂ္ဂိုလ်တဦး၏ သန္တာန်၌ ကောင်း-မကောင်းသော ကုသိုလ်၊ အကုသိုလ်၊ ဝိပါက်၊ ကြိယာ စိတ်တို့ တမျိုးမျိုးဖြစ်ရာ၌ "ဝေးဝေး နီးနီး၊ အတွင်း-အပြင်၊တိုက်ရိုက်- သွယ်ဝိုက်" စသည် မရေမတွက် နိုင်အောင် မြောက်မြားလှစွာသော အကြောင်းတရားတို့သည် ရှိကုန်၏။ ထိုအကြောင်း တရား ဟူသမျှတို့သည် ဤပကတူပ နိဿယပစ္စည်းထဲ၌ ထည့်သွင်းနိုင်သည် သာတည်း။ ထိုအကြောင်း တရားတို့က ပကတူပ နိဿယ သတ္တိဖြင့် ကျေးဇူး ပြုပုံကို အောက်တွင် မကျဉ်းမကျယ် ဖော်ပြပေအံ့-

ရာဂ၊ ဒေါသ၊ မောဟ၊ မာန၊ ဒိဋ္ဌိ၊ ပတ္ထနာ (တောင့်တသော တဏှာ)ဟု ဆိုအပ်ကုန်သော အကုသိုလ်တရား (ဒုစရိုက် ဟူသမျှ) တို့သည် လည်းကောင်း+သဒ္ဓါ၊သီလ၊ သုတ၊စာဂ၊ ပညာဟု ဆိုအပ် ကုန်သော ကုသိုလ် တရား (သုစရိုက် ဟူသမျှ)တို့သည် လည်းကောင်း+ကာယိက သုခသည်လည်းကောင်း+ကာယိက ဒုက္ခသည် လည်းကောင်း+ကလျာဏမိတ္တစသော ပုဂ္ဂိုလ်သည် လည်းကောင်း+လျောက်ပတ်သော ဘောဇဉ်သည် လည်းကောင်း+လျောက်ပတ်သော ဥတုသည် လည်းကောင်း+လျောက်ပတ်သော ကျောင်း အိပ်ရာ နေရာသည်လည်းကောင်း ထိုက်သည် အားလျော်စွာ အဇ္ဈတ္တသန္တာန်၌လည်းကောင်း၊ဗဟိဒ္ဓသန္တာန်၌ လည်းကောင်း၊ ကုသိုလ်စိတ် ၂၁၊ အကုသိုလ်

စိတ် ၁၂၊ ဝိပါက်စိတ် ၃၆၊ ကြိယာစိတ် ၂၀၊ ပေါင်း စိတ် ၆၉ ပါးနှင့် ယှဉ်ဖက် ၅၂ ပါး ဟူသော နာမ်ခန္ဓာ တို့အား ပကတူပ နိဿယ သတ္တိ ဖြင့် ကျေးဇူး ပြုတတ်ကုန်၏။

ထို့ပြင် ဗလဝဖြစ်သော (အလွန်အားကောင်းသော) ကုသိုလ်၊အကုသိုလ် ကံသည် အကျိုး ဝိပါက် ၃၆ ပါး နှင့် ယှဉ်ဖက် စေတသိက် တို့အား ပကတူပ နိဿယ သတ္တိဖြင့် ကျေးဇူး ပြုတတ်လေ၏။

## ရာဂစသည့်အကုသိုလ်တရားကြောင့် ကုသိုလ်စသည်ဖြစ်ပုံ

(၁) **ကုသိုလ်ဖြစ်ပုံ။** ။ရှေးဦးစွာ ကာမဂုဏ်၌တပ်မက်မှု 'ရာဂ' သည် ဖြစ်၏။ ထိုရာဂ ကြောင့် ကာမဂုဏ်ခံစားဖို့ရန် လှူပြည်နတ်ပြည်ရောက်ကြောင်း ကုသိုလ်ကောင်းမှုကိုပြု၏။ ထိုရာဂကို ငြိမ်းဖို့ ရန်ဖြစ်စေ, ထိုရာဂကိုအကြွင်းမဲ့ ပယ်သတ်ဖို့ရန်ဖြစ်စေ- ဒါန, သီလ ကုသိုလ် များကို ပြု၏။ သမထ ဝိပဿနာကို အားထုတ်၏။ အားထုတ်၍ စျာန် အဘိညာဉ်, မဂ်ကိုရ၏။ ထိုကဲ့သို့ဖြစ်ရာ၌ ရာဂသည် ပြခဲ့သော ကာမာဝစရ ကုသိုလ်၊ ရူပစျာန်ကုသိုလ်၊ အရူပစျာန်ကုသိုလ်၊ လောကုတ္တရာကုသိုလ်တို့အား ပကတူပ နိဿယသတ္တိဖြင့် ကျေးဇူးပြုလေ၏။

(၂) **အကုသိုလ်ဖြစ်ပုံ။** ။ရှေးဦးစွာ 'ရာဂ' ဖြစ်၏။ ထိုရာဂ ကြောင့် နောက်နောက် 'ရာဂ' တိုးပွားလေရာ ထိုရာဂကို အကြောင်းပြု၍ မိမိအလိုမပါသူတို့ကို သတ်ဖြတ်မှု,လုယက်ဖျက်ဆီးမှုစသည်ကို ပြုရာ၌ ရှေးရှေးရာဂသည် နောက်နောက်သော အကုသိုလ် တရားတို့အား ပကတူပ နိဿယသတ္တိဖြင့် ကျေးဇူးပြုလေ၏။

(၃) **ဝိပါက် ကြိယာဖြစ်ပုံ။** ။ထိုရာဂကို, အကြောင်းပြု၍ ကုသိုလ်, အကုသိုလ်တို့၏ အကျိုးဝိပါက်ကို ခံစား ရာ၌ လည်းကောင်း၊ ထိုရာဂကို အကြွင်းမဲ့ ပယ်သတ်ဖို့ မဂ်ကိုအားထုတ်၍ ဖိုလ်စိတ်, ကြိယာစိတ်များ ဖြစ်ရာ၌လည်းကောင်း- ရာဂသည် ထိုဝိပါက်,

ကြိယာစိတ်ဟူသော အဗျာကတတရားတို့အား ပကတူပနိဿယသတ္တိဖြင့်ကျေးဇူး ပြုလေ၏။

(၄) ဗဟိဒ္ဓ သူ ဘပါး။ ။အဇ္ဈတ္တခေါ် မိမိသန္တာန်၌ ဖြစ်သော ရာဂကို သူပါးတို့က ရှုမှန်းစက်ဆုတ်၍ ကုသိုလ်ပြုရာ၌ လည်းကောင်း၊ သို့မဟုတ် တယောက်၏ ရာဂကိုသိ၍ တယောက်၏ သန္တာန်၌ ရာဂဖြစ်ပြန်ရာ၌ လည်းကောင်း၊ သို့မဟုတ် ထိုရာဂကို အကြောင်းပြုလျက် ကောင်း, မကောင်းသော ဝိပါက်, ကြိယာကိုဖြစ်စေရာ၌လည်းကောင်း မိမိ၏ ရာဂသည် ဗဟိဒ္ဓ သူတပါး၌ဖြစ်သော ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာ တရားတို့အား ကျေးဇူးပြုပြန်သည်။

ဤသို့လျှင် '**ရာဂ**' သည် မိမိသန္တာန်(အဇ္ဈတ္တ)၌လည်းကောင်း၊ သူတပါး သန္တာန်(ဗဟိဒ္ဓ)၌လည်းကောင်း ကုသိုလ်, အကုသိုလ်, ဝိပါက်, ကြိယာစိတ် တို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုနိုင်သည်။ (ဒေါသ **စသည်**တို့က ကျေးဇူးပြုပုံကိုလည်း အလားတူချဲ့ထွင်၍ ကြည့်ပါလေ)

## သဒ္ဓါစသည့်ကုသိုလ်ကြောင့် ကုသိုလ်စသည်ဖြစ်ပုံ

(၁) **ကုသိုလ်ဖြစ်ပုံ**။ ။ရှေးဦးစွာ 'သဒ္ဓါ'ဖြစ်၏။ ထိုသဒ္ဓါတရားကြောင့် ဒါန, သီလမှစ၍ မဂ်တိုင်အောင် ကုသိုလ်များကို ပြုလုပ်အားထုတ်၏။ ထိုသဒ္ဓါသည် ဒါနစသောကုသိုလ်တရားအား ပကတူပ နိဿယသတ္တိဖြင့် ကျေးဇူးပြုလေ၏။

(၂) **အကုသိုလ်ဖြစ်ပုံ**။ ။ထိုသဒ္ဓါတရားကိုအကြောင်းပြု၍ ဒါန, သီလ စသည့် ကုသိုလ်များကို ပြု၏။ ထိုသို့ ပြုခြင်းကြောင့် မိမိကိုယ်ကို ချီးမြှောက်(ချီးမွမ်း)၍ သူတပါးကို ကဲ့ရဲ့ရှုတ်ချသော် လည်းကောင်း၊ သဒ္ဓါတရားဖြင့် ကျောင်းဆောက်၍ 'သီလမရှိ၊ အယူဝါဒ မမှန်ကန်သော' ဘုန်းကြီးကို ကိုးကွယ်မိသဖြင့် အကုသိုလ် တိုးပွားလျှင်သော် လည်းကောင်း ထိုသဒ္ဓါတရားသည် အကုသိုလ်အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည် မည်၏။

(၃) **ဝိပါက် ကြိယာဖြစ်ပုံ**။ ။ထိုသဒ္ဓါတရားကြောင့် ကုသိုလ် အကုသိုလ် ဖြစ်ပြီး နောက် ကောင်း မကောင်းသောဆိုင်ရာဝိပါက်,ကြိယာကိုရရာ၌ ထိုသဒ္ဓါတရားသည် ထိုဝိပါက် ကြိယာတရားတို့အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုသည် မည်၏။

(၄) **ဗဟိဒ္ဓ သုတပါး**။ ။မိမိ၏သဒ္ဓါကို အကြောင်းပြု၍ သူတပါးအား ဟောပြောသဖြင့် သူတပါး၌ သဒ္ဓါတရား တိုးပွားရာ၌ လည်းကောင်း၊ထိုသို့ပြောဟောသည်ကို မနာလိုသဖြင့် သူတပါး၌ အကုသိုလ် တိုးပွားရာ၌လည်းကောင်း၊ သူတပါးမှာ ကောင်းကျိုး၊ မကောင်း ကျိုးကို ရရာ၌လည်းကောင်း- မိမိ၏သဒ္ဓါတရားက သူတပါး၏ ကုသိုလ်, အကုသိုလ်, အကျိုးဝိပါက်တရားတို့အား ပကတူပ နိဿယသတ္တိဖြင့် ကျေးဇူး ပြုသည် မည်၏။

ဤသို့လျှင် '**သဒ္ဓါ**' တရားသည် မိမိသန္တာန် (အဇ္ဈတ္တ)၌ လည်းကောင်း၊ သူတပါးသန္တာန်(ဗဟိဒ္ဓ)၌လည်းကောင်း ကုသိုလ်,အကုသိုလ်,ဝိပါက် ကြိယာ တရားတို့အား ပကတူပ နိဿယသတ္တိဖြင့် ကျေးဇူးပြုလေ၏။ (သီလ၊ သုတ စသည်တို့က အလားတူကျေးဇူးပြုပုံကိုလည်း ချဲ့ထွင်၍ကြည့်ပါလေ)

## သုခစသည်ကြောင့် ကုသိုလ်စသည်ဖြစ်ပုံ

(၁) **ကုသိုလ်ဖြစ်ပုံ**။ ။ခန္ဓာကိုယ်ချမ်းသာသုခရသည့်အခါ ထိုသုခကို အကြောင်းပြု၍ အချို့က အဆက်ဆက်သုခပွားရန် ဒါန,သီလစသော ကုသိုလ် ကောင်းမှုများကို ပြု၏။ ထိုသုခသည် ဒါနစသော ကုသိုလ်တရားအား ပကတူပ နိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

(၂) **အကုသိုလ်ဖြစ်ပုံ**။ ။တချို့ကမူ စည်းစိမ်ကိုခံစားလျက်အကုသိုလ် ကို တိုးပွားစေ၏။ဤ၌ ထိုသုခသည်အကုသိုလ် အား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

(၃) အကျိုးဝိပါက်ဖြစ်ပုံ။ ။ထိုကောင်းမှု မကောင်းမှုအတွက် ပစ္စက္ခ မျက်မှောက်မှာဖြစ်စေ၊တမလွန်မှာဖြစ်စေ ကောင်းကျိုး မကောင်းကျိုးကို ခံစားရ၏။ ထို့ကြောင့်မိမိ၏သုခသည် မိမိ၏ အကျိုးဝိပါက်ဖြစ်ဖို့ရန် ပကတူပ နိဿယသတ္တိဖြင့် ကျေးဇူးပြုလေ၏။

(၄) ဗဟိဒ္ဓ သူတပါး။ ။လူတယောက် 'သုခ'ခံစားရပုံကို မြင်ရကြား ရ၍ အခြားသူတို့က ထိုသုခကို ရလို သဖြင့် ကုသိုလ် စသည်ကို ပြုရာ၌ အခြား သူတို့၏ ကုသိုလ် စသည် အားလည်း ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

(၅) ဒုက္ခကျေးဇူး။ ။လူတယောက်သည် 'ဒုက္ခ' ခံစားနေရသည့်အခါ ထိုဒုက္ခမျိုးမှ ကင်းလွတ်ဖို့ရာ ဒါနစသည်ကိုပြုရာ၌ ဒုက္ခက ကုသိုလ်အားလည်းကောင်း၊ သို့မဟုတ် ထိုဒုက္ခမှ သက်သာပါစေတော့ အနေဖြင့် အကုသိုလ်ပြုရာ၌ ဒုက္ခက အကုသိုလ်အားလည်းကောင်း၊ ထိုဒုက္ခကို အကြောင်းပြု၍ ကုသိုလ် အကုသိုလ်တို့၏ ကောင်းကျိုး ဆိုးကျိုးကို ခံစားရာ၌ ထိုဒုက္ခက အကျိုးဝိပါက်အား လည်းကောင်း ပကတူပ နိဿယ သတ္တိဖြင့် ကျေးဇူးပြု၏။

တဖန်- လူတယောက်၏ဒုက္ခကိုမြင်ရကြားရ၍ ကုသိုလ်ကိုဖြစ်စေ၊အကုသိုလ် ကိုဖြစ်စေ ပြုရာ၌ ထိုသူ့ဒုက္ခက သူတပါး၏ ကုသိုလ်, အကုသိုလ်တို့အား လည်းကောင်း၊ နောက် ကောင်းကျိုး-ဆိုးကျိုးကို ခံစားရသောအခါ အကျိုး ဝိပါက်အားလည်းကောင်း ပကတူပ နိဿယသတ္တိဖြင့် ကျေးဇူးပြုပြန်၏။

## ပုဂ္ဂိုလ်စသည့်ပညတ်တရားကြောင့်ကုသိုလ်စသည်ဖြစ်ပုံ

(၁) သူကောင်း။ ။ကောင်းသော မိတ်ဆွေ=ကလျာဏမိတ္တ ပုဂ္ဂိုလ်ကို အမှီရ၍ ကုသိုလ်ဖြစ်ရာ၌ လည်းကောင်း၊ ရဟန္တာ ဖြစ်အောင် အားထုတ်၍ အရဟတ္တဖိုလ်, ကြိယာစျာန်များကို ရရာ၌ လည်း ကောင်း၊ ဘုရားသာသနာကို လည်းကောင်း၊ ရဟန္တာဟု ကျော်ကြားသော ပုဂ္ဂိုလ်ကို လည်းကောင်း မှီ၍ မတရား ကြံသူများကဲ့သို့ အကုသိုလ်ဖြစ်ရာ၌

လည်းကောင်း၊ နောက် ကောင်းကျိုး- ဆိုးကျိုးကို ခံစားရာ၌လည်းကောင်း ကလျာဏမိတ္တ ပုဂ္ဂိုလ်က သူတပါး၏ ကုသိုလ်, အကုသိုလ်, အကျိုး ဝိပါက်, ကြိယာတရားများအား ပကတူပ နိဿယသတ္တိဖြင့် ကျေးဇူးပြုလေ၏။

(၂) **သူယုတ်။** ။မိတ်ဆွေယုတ်, သူယုတ်မာကြောင့် အကုသိုလ်ဖြစ်ရာ၌လည်းကောင်း၊ထိုသူယုတ်မာအတွက် သံဝေဂ ရ၍ ကုသိုလ်ဖြစ်ရာ၌လည်းကောင်း၊ နောက် ယင်းကုသိုလ်, အကုသိုလ်တို့၏ အကျိုးဝိပါက်ကို ခံစားရာ၌လည်းကောင်း မိတ်ဆွေယုတ်, သူယုတ်မာက သူတပါး၏ ကုသိုလ်, အကုသိုလ်, အကျိုးဝိပါက်, ကြိယာတရားတို့အား ပကတူပ နိဿယသတ္တိဖြင့် ကျေးဇူးပြုလေ၏။

(၃) **ဥတု, အစာ, နေရာ,။** ။လျောက်ပတ်သောဥတု၊လျောက်ပတ်သော အစာ၊ လျောက်ပတ်သောနေရာ၊ ကျောင်းကိုရ၍ တရားအားထုတ်လျက် ကုသိုလ်, ဝိပါက်, ကြိယာ တိုးပွားပုံတို့ကို လည်းကောင်း၊ အကောင်းကိုတွေ့၍ တဏှာစသည် စိတ်ဖောက်ပြန်မှု ဖြစ်၍ အကုသိုလ် တိုးပွားပုံ၊ နောက်အကျိုးဝိပါက် ခံစားရပုံကိုလည်းကောင်း ချိုထွင်၍ ကြည့်ပါလေ။

## အတိတ်တရားက ကျေးဇူးပြုပုံ

(၁) လွန်လေပြီးသော မြတ်စွာဘုရားသည် လည်းကောင်း၊တရားတော်သည် လည်းကောင်း၊ အရိယာ တပည့်သား သံဃာ အပေါင်းသည် လည်းကောင်း၊ သမ္မုတိ သံဃာအဆက်ဆက်တို့သည် လည်းကောင်း၊ နောင်လာနောက်သား ရဟန်းသံဃာအပေါင်းအား ကုသိုလ်တရား ဖြစ်ပွားစေခြင်းငှာ ပကတူပ နိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

(၂)ထိုလွန်လေပြီးသော ဘုရား, တရား, သံဃာတို့ကို ကဲ့ရဲ့ရှုတ်ချ ပုတ်ခတ်ပြောဆိုကြသော သူတို့အားလည်း အကုသိုလ်တရား ဖြစ်ပွားစေခြင်းငှာ ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

ထို သူတို့ ကောင်း မကောင်းသော အကျိုး ဝိပါက်တို့ ကို ခံစားရာ၌ ဝိပါက်၊ ကြိယာတရားတို့အားလည်း ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြု၏။

(၃) လောက၌ ကွယ်လွန်လေပြီးသောအမိအဘတို့သည် လည်းကောင်း၊ ဆရာသခင်တို့သည်လည်းကောင်း၊ ရဟန်းပုဏ္ဏားတို့သည်လည်းကောင်း၊ အယူဝါဒအမျိုးမျိုးကို ပြုတတ်သည့် ဆရာကြီးတို့သည်လည်းကောင်း၊ ဘုန်းတန်ခိုးကြီးသည့် မင်းတို့သည်လည်းကောင်း၊ ယင်းတို့၏ အဆုံးအမ, အယူဝါဒ, အတတ်ပညာ တို့သည် လည်းကောင်း နောင်လာနောက်သား လူအပေါင်းအား ကုသိုလ်ဖြစ်ပွားစေခြင်းငှာလည်းကောင်း၊ အကုသိုလ် ဖြစ်ပွားစေခြင်းငှာ လည်းကောင်း၊ကောင်းကျိုး ဆိုးကျိုးတို့ကိုခံစားစေခြင်းငှာလည်းကောင်း၊ ချမ်းသာ–ဆင်းရဲ စေခြင်းငှာလည်းကောင်း၊ကြီးပွား–ဆုတ်ယုတ် စေခြင်းငှာ လည်းကောင်း ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

## အနာဂတ်တရားက ကျေးဇူးပြုပုံ

(၁) ပွင့် တော်မူ လတ္တံ့ သော မေတ္တေယျဘုရားရှင်သည် လည်းကောင်း၊ ထိုဘုရားရှင်၏ တရားတော်သည်လည်းကောင်း၊ထိုဘုရားရှင်၏ တပည့်သံဃာအပေါင်းသည်လည်းကောင်း ယခု ပစ္စုပ္ပန်ကာလ၌ ထင်ရှားရှိကုန်သော လူအပေါင်းတို့အား ပါရမီကုသိုလ် ပွားများစေခြင်းငှာ ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

(၂) ထိုအတူ ဤပစ္စုပ္ပန်ဘဝ၌လည်းကောင်း၊နောင်သောအခါကာလ၌ လည်းကောင်း ရလတ္တံ့ကုန်သော အစိုးရခြင်း, ဥစ္စာစည်းစိမ် ပေါများခြင်း တို့သည် ယင်းတို့ကို အလိုရှိကြကုန်သော လူအပေါင်းအား ကောင်းမှုကံ, မ ကောင်း မှု ကံ တို့ ကို ပြုလုပ် ဆည်းပူးစေခြင်းငှာ ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

(၃) အနာဂတ်ဘဝ၌လည်း ခံစားကြရလတ္တံ့ကုန်သော ဘဝသမ္ပတ္တိ, ဘောဂ သမ္ပတ္တိတို့သည်လည်းကောင်း၊ မဂ်,ဖိုလ်,နိဗ္ဗာန်တရားသည် လည်း

ကောင်း ယခု ပစ္စုပ္ပန်ဘဝ၌ ရှိကုန်သော လူအပေါင်းတို့အား ဒါန, သီလ စသော ကုသိုလ် ကောင်းမှုတို့ကို ပြုလုပ်ဆည်းပူးစေခြင်းငှာ ပကတူပ နိဿယ သတ္တိ ကျေးဇူးပြုကုန်၏။

( ၄ ) ဥပမာအားဖြင့် လောက၌ ဆောင်းအခါတွင် စပါးသီးနှံတို့ကို ရလတ္တံ့ဟု မျှော်လင့်ကြပြီး၊ မိုးအခါ၌ လယ်ထွန်ခြင်း, စိုက်ပျိုးခြင်းအမှုတို့ကို အားထုတ် ပြုလုပ်ကြကုန်၏။ တဖန် "ငါတို့ ပြုလုပ်သည့် အလုပ်သည် ပြီးစီး အောင်မြင်သော် ငါတို့ အလိုရှိကြသည့် ဥစ္စာတို့ကို ရကြကုန်လတ္တံ့"ဟု မျှော်လင့်ကြပြီး၊ ရှေးအဖို့၌ ထိုထိုကိုယ်ဖြင့် ပြုလုပ်အားထုတ်သောအမှု၊ ထိုထို စိတ်ကူးဉာဏ်ဖြင့် ပြုလုပ်အားထုတ်သောအမှုတို့ကို အားထုတ်ပြုလုပ်ကြကုန်၏။ ထိုဥပမာ၌ ထိုထို အလိုရှိအပ်သော စပါးသီးနှံကို ရခြင်းသည်လည်းကောင်း၊ ထိုထို အလိုရှိအပ်သော ဥစ္စာကို ရခြင်းသည်လည်းကောင်း၊ ထိုထို အမှုကိစ္စ အလုပ်အကိုင်တို့ကို အားထုတ် ပြုလုပ်ခြင်းအား အနာဂတ်မျိုးဖြစ်သော ပကတူပ နိဿယသတ္တိဖြင့်ကျေးဇူး ပြုကုန်၏။

(ထိုထို အမှုကိစ္စ အလုပ်အကိုင်တို့ကို အားထုတ်ပြုလုပ်ခြင်းသည်လည်း စပါးသီးနှံကို ရခြင်းအားလည်းကောင်း၊ ထိုထို အလိုရှိအပ်သော ဥစ္စာကိုရခြင်း အားလည်းကောင်း အတိတ်မျိုးဖြစ်သော ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူး ပြုကုန်၏။)

ဤနည်းအတူပင် နောက်ဖြစ်သော အနာဂတ်ကာလ၌ အထူးထူးသော အလုပ်အကိုင်တို့၏ အကျိုးစီးပွားတို့ကို မျှော် လင့် တောင့် တ ကုန် လျက် လူအပေါင်းတို့သည် ရှေးဖြစ်သော ပစ္စုပ္ပန်ကာလ၌ အထူးထူးသော ကောင်းမှု တို့ကို ပြုလုပ်ကြကုန်၏။ ထိုတွင် ကောင်းမှု၏ အကျိုးတို့သည် ကောင်းမှု ကုသိုလ်တို့အား အနာဂတ်မျိုးဖြစ်သော ပကတူပနိဿယသတ္တိဖြင့် ကျေးဇူး ပြုကုန်၏။ (ကောင်းမှုကုသိုလ်တို့သည် ကောင်းမှု၏ အကျိုးတို့အား အတိတ် မျိုးဖြစ်သော ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။)

ထို့ကြောင့် အနာဂတ်မျိုးဖြစ်သော ပကတူပနိဿယ ပစ္စည်းသည်လည်း အတိတ်မျိုးဖြစ်သော ပကတူပနိဿယ ပစ္စည်းကဲ့သို့ အလွန်ကျယ်ဝန်းကြီး မားသောပစ္စည်းဖြစ်ပေ၏။

## ပစ္စုပ္ပန်တရားက ကျေးဇူးပြုပုံ

(၁) ပစ္စုပ္ပန်ဖြစ်ကုန်သော ဘုရားရှင်၊ တရားတော်၊ ရဟန်းသံဃာအပေါင်း ယူသော ပစ္စည်းတရားတို့သည် ပစ္စုပ္ပန်ဖြစ်ကုန်သော လူနတ်ဗြဟ္မာ သတ္တဝါ အပေါင်းတို့အားလည်းကောင်း၊ အနာဂတ် ဖြစ်လတ္တံ့ကုန်သော လူနတ်ဗြဟ္မာ သတ္တဝါတို့အား လည်းကောင်း ကောင်းမှု မကောင်းမှု ဖြစ်စေခြင်းငှာလည်း ကောင်း၊ ကောင်းကျိုး-ဆိုးကျိုးတို့ကို ရစေခြင်းငှာလည်းကောင်း ပကတူပ နိဿယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

(၂) ပစ္စုပ္ပန်ဖြစ်ကုန်သော အမိအဘ၊ ဆရာသခင်၊ ဘာသာဂိုဏ်းဆရာ၊ အတတ်ပညာရှင်တို့သည် ပစ္စုပ္ပန်ဖြစ်ကုန်သော လူအပေါင်းတို့အား လည်း ကောင်း၊ နောင်လာနောက်သားတို့အား လည်းကောင်း ချမ်းသာခြင်း, ဆင်းရဲခြင်း, ကြီးပွားခြင်း, ဆုတ်ယုတ်ခြင်း တို့ အတွက် ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုကုန်၏။

## အဇ္ဈတ္တ ဗဟိဒ္ဓတရားတို့က ကျေးဇူးပြုပုံ

ဘုရား အစရှိကုန်သော သက်ရှိ သတ္တဝါတို့၏ သန္တာန်များ၌ ဖြစ်ကြသည့် ပစ္စည်းတရားတို့သည် အဇ္ဈတ္တ ဖြစ်ကုန်သော ပကတူပနိဿယပစ္စည်း တရားတို့ မည်ကုန်၏။

သတ္တဝါတို့၏ တည်ရာဖြစ်ကုန်သော မြေ၊ တောင်၊ မြစ်၊ သမုဒ္ဒရာ စသည် တို့သည်လည်းကောင်း၊ ထိုထို သတ္တဝါတို့အား ကျေးဇူးများကုန်သော တော၊ သစ်ပင်၊ မြက်၊ ကောက်ပဲသီးနှံ စသည်တို့သည်လည်းကောင်း၊ လ, နေ,ဂြိုဟ်, နက္ခတ်,စသည်တို့သည် လည်းကောင်း၊ မိုး, ရေ, မီး, လေ,အချမ်း,အပူ စသည် တို့သည် လည်းကောင်း ထို အလုံးစုံသည် ဗဟိဒ္ဓဖြစ်ကုန်သော ပကတူပနိဿယ ပစ္စည်းတရားတို့ မည်ကုန်၏။

ထို ဆိုခဲ့ပြီးကုန်သော အဇ္ဈတ္တ၊ ဗဟိဒ္ဓဖြစ်ကြသည့် ပစ္စည်းတရား အလုံး စုံတို့သည် သတ္တဝါတို့အား ကုသိုလ်တရား ပွားစေခြင်းငှာလည်းကောင်း၊ အကုသိုလ်တရား ပွားစေခြင်းငှာ လည်းကောင်း၊ ချမ်းသာတရား ပွားစေ

ခြင်းငှာလည်းကောင်း ဆင်းရဲတရား ပွားစေခြင်းငှာလည်းကောင်း အားကြီးသော အကြောင်း 'ပကတူပနိဿယ' သတ္တိဖြင့် ကျေးဇူးပြုကုန်၏။

## နိဗ္ဗာန်တရားက ကျေးဇူးပြုပုံ

မဂ်, ဖိုလ်, နိဗ္ဗာန်အတွက် ကျင့်ဆဲ အားထုတ်ဆဲဖြစ်ကုန်သော သူတော်ကောင်းတို့သည် "ဤဘဝ၌ပင် ငါတို့ပရိနိဗ္ဗာန်ပြုကုန်အံ့" ဟု နှလုံးသွင်း၍ ဗောဓိပက္ခိယတရား ၃၇ပါးတို့ကိုမူလည်း ပွားများကုန်၏။ "ငါတို့သည် နောင်ပွင့်လတ္တံ့သောမေတ္တေယျဘုရားရှင်လက်ထက်၌ ပရိနိဗ္ဗာန်ပြုကုန်အံ့" ဟု နှလုံးသွင်း၍ ပါရမီ ၁၀ ပါး အပြား ၃၀ တို့ကို လည်းကောင်း ဖြည့်ကျင့်ကြကုန်၏။ ထိုတွင် နိဗ္ဗာန်တရားသည် ထိုသူတော်ကောင်းတို့အား ထိုဗောဓိပက္ခိယတရား၊ ပါရမီတရားတို့ ဖြစ်စေခြင်းငှာ အားကြီးသော အကြောင်း 'ပကတူပနိဿယ' သတ္တိဖြင့် ကျေးဇူးပြုကုန်။

ဤသို့လျှင် ပကတူပနိဿယ ပစ္စည်း၌—

(၁) **ကုသိုလ်တရားက** ကုသိုလ်တရားအား လည်းကောင်း၊ အချို့သော အကုသိုလ် တရားအား လည်းကောင်း၊ အကျိုးဝိပါက်နှင့် ကြိယာခေါ် အဗျာကတ တရားအား လည်းကောင်း ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုပုံ—

(၂) **အကုသိုလ်**တရားက အကုသိုလ်တရားအား လည်းကောင်း၊ အချို့သော ကုသိုလ်တရားအား လည်းကောင်း၊ အကျိုးဝိပါက်နှင့် ကြိယာခေါ်သော အဗျာကတ တရားအား လည်းကောင်း ပကတူပနိဿယ သတ္တိဖြင့် ကျေးဇူးပြုပုံ—

(၃) **အဗျာကတ** တရားက အဗျာကတ တရားအား လည်းကောင်း၊ ကုသိုလ်တရားအားလည်းကောင်း၊ အကုသိုလ် တရားအား လည်းကောင်း၊ ပကတူပနိဿယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ—

(၄) မိမိ၏ အဇ္ဈတ္တသန္တာန်ရှိ တရားအမျိုးမျိုးက မိမိ၏ အဇ္ဈတ္တသန္တာန်၌ ကောင်း-မကောင်းသော တရားအမျိုးမျိုးနှင့် ချမ်းသာဆင်းရဲ ဖြစ်ပွားစေရန် လည်းကောင်း၊ ဗဟိဒ္ဓ သူတပါး၏ သန္တာန်၌ ကောင်း-မကောင်းသော တရားအမျိုးမျိုးနှင့် ချမ်းသာ-ဆင်းရဲဖြစ်ပွားစေရန်လည်းကောင်း 'ပကတူပနိဿယ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ—

(၃) လောကသုံးပါး၌ ရှိကုန်သော သက်ရှိ သက်မဲ့ အရာဟူသမျှတို့က လူနတ်ဗြဟ္မာ သတ္တဝါအပေါင်းအား ကောင်း- မကောင်းသော တရားအမျိုးမျိုး ဖြစ်ပွားစေရန် လည်းကောင်း၊ ချမ်းသာဆင်းရဲ ဖြစ်ပွားစေရန် လည်းကောင်း 'ပကတူပနိဿယ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံ-

--အလုံးစုံတို့ကို ကောင်းစွာ နားလည် သဘောပေါက်ရာ၏။

## အနန္တရူပ နှင့် ပကတူပ အရေး

အနန္တရူပနိဿယပစ္စည်း၏ သတ္တိသည် အခြားမဲ့သော စိတ်၌ သာလျှင် ကျရောက်ပံ့ပိုး၏။ ပကတူပနိဿယပစ္စည်း၏ သတ္တိသည်ကား အဝေး၌လည်း ပံ့ပိုးနိုင်သည်သာတည်း။ ထိုစကားမှန်၏။

ဤဘဝဝယ် ရှေးရှေး နေ့တို့၌ လည်းကောင်း၊ ရှေးရှေး ကာလတို့၌ လည်းကောင်း၊ ရှေးရှေးနှစ်တို့၌ လည်းကောင်း 'မြင်ဘူး၊ကြားဘူး၊နမ်းဘူး၊ လျက်ဘူး၊ တွေ့ထိဘူး၊ သိဘူး' ကုန်သော အာရုံခြောက်ပါးတို့သည် နောင်ကာလ၌ ထိုသို့ သဘောရှိသည့် အကြောင်း ပေါ်လာသော် နှစ်တရာကြာသောအခါ၌လည်း မနောဒွါရ (စိတ်တံခါး) ထဲ၌ ထင်လာကုန်၏။ "ငါတို့သည် ဤမည်သော ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံ (အတွေးသဘောအာရုံ)တို့ကို ရှေးအခါက မြင်ဘူး၏၊ ကြားဘူး၏" စသည်ဖြင့် သတ္တဝါတို့သည် အောက်မေ့ မှတ်မိကြကုန်၏။

ဥပပတ် သတ္တဝါတို့သည်ကား ရှေးအတိတ် ဘဝကိုလည်း အောက်မေ့ မှတ်မိ ကြကုန်၏။ အချို့သော လူတို့သည်လည်း ရှေးအတိတ်ဘဝကို မှတ်မိတတ်သော သညာ (ဇာတိဿရ သညာ)ကို ရကြကုန်၏။ ထိုအတူရှေးအခါက အရာအထောင်မက မြောက်မြားလှကုန်သော 'မြင်ဘူး၊ ကြားဘူး၊ နမ်းဘူး၊ လျက်ဘူး၊ တွေ့ထိဘူး၊ သိဘူး' ကုန်သော အာရုံဝတ္ထုခြောက်ပါးတို့တွင် တခုခုကို နောင်းကာလဝယ် တခုသောခဏ၌ မနောဝိညာဉ်အစဉ်ကို ပံ့ပိုးလျက်ဖြစ်၏။

ဤသို့ အတိတ်အာရုံတခုကို ပြန်လည်အောက်မေ့၍မနောဒွါရ၌ ဖြစ်သော စိတ်အစဉ်အား 'ပကတူပနိဿယ' ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုသည်ဟု မှတ်ရာ၏။ ။

## [၁၀] ပုရေဇာတ ပစ္စည်း

**မှတ်ရန်ဆိုရိုး။** ။ပုရေဇာတ ပစ္စည်းသည် ဝတ္ထုပုရေဇာတနှင့် အာရမဏ ပုရေဇာတ-ဟူ၍ နှစ်မျိုးရှိ၏။ထိုတွင်(က)ဝတ္ထုပုရေဇာတ ပစ္စည်းသည် ဝတ္ထုပုရေဇာတနိဿယ ပစ္စည်းနှင့် ပစ္စည်း,ဗစ္စယုပ္ပန် အားဖြင့် အလုံးစုံ တူ၏။

### (ခ) အာရမဏ ပုရေဇာတ

"ပစ္စုပ္ပန်ဖြစ်သောနိပ္ဖန္နရုပ် ၁၈ ပါးတို့သည်.... ကာမစိတ် ၅၄၊ အဘိညာဉ် ၂နှင့် (အပ္ပမညာ ၂-ကြဉ်သော) ယှဉ်ဖက် စေတသိက် ၅၀တို့အား အာရမဏ ပုရေဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

### အဓိပ္ပာယ်ရှင်းလင်းချက်

'**ပုရေဇာတ**' ဟူသော ဝေါဟာရသည် "ပုရေ= ပစ္စယုပ္ပန်တရား မဖြစ်မီ ရှေးဦးစွာ+ဇာတ=ဖြစ်နှင့်သော တရား" ဟူသောပုဒ်နှစ်ခုမှ ဆင်းသက်သည့် ဝေါဟာရဖြစ်၏။ ထို့ကြောင့် 'ပုရေဇာတ' ဟူသည် ဆိုင်ရာပစ္စယုပ္ပန် တရားတို့အား မှီရာ (ဝတ္ထု) အဖြစ်ဖြင့် ဖြစ်စေ၊ အာရုံ (အာရမဏ) အဖြစ်ဖြင့် ဖြစ်စေ ကျေးဇူးပြုဖို့ရာ ထိုပစ္စယုပ္ပန်တရားတို့ မဖြစ်မီ ရှေးဦးစွာ ဖြစ်နှင့်သော ဝတ္ထု, အာရုံဟူသော ရုပ်တရားတို့၏ သတ္တိကို ဆိုလိုသည်။

"ပစ္စယုပ္ပန်တရားတို့ မဖြစ်မီ ရှေးဦးစွာ ကြိုတင်၍ ဖြစ်နှင့်" ဟု ဆိုရာ၌ ဖြစ်ပြီး ချုပ်ပျောက်သွားသည်ကို မဆိုလို။ ဝတ္ထု, အာရုံ-ဟူသော ရုပ်တရား

ပစ္စည်းတို့သည် မိမိတို့ကိုမှီ၍ ဖြစ်ထိုက်သမျှသော စိတ်၊ စေတသိက် နာမ် တရားတို့အားလုံး ဖြစ်ပြီးသည်အထိ ထင်ရှားရှိခြင်း 'အတ္ထိ' သဘောဖြင့် တည်ရှိနေရသည်။ ထို့ကြောင့် ပုရေဇာတ ပစ္စည်းထိုက်သည့် ယင်းဝတ္ထု အာရုံဟူသောရုပ်တရားတို့သည် ပစ္စယုပ္ပန်တရားတို့ မဖြစ်မီ ရှေးဦးစွာဖြစ်နှင့်၍ မချုပ်ပျောက်သေးပဲ အတ္ထိသဘောဖြင့် ထင်ရှားရှိနေလျက် ဆိုင်ရာပစ္စယုပ္ပန် တရာတို့အား ကျေးဇူးပြုကြသည်· ဟူ၍မှတ်ရာ၏။

ဤပုရေဇာတပစ္စည်းသည် ကမ္ဘာဦးကစ၍ ပေါ်ထွန်းခဲ့သော နေ လ နှစ်ပါးနှင့်တူ၏–ဟူ၍ ရှေးဆရာတို့ ဥပမာပြကြ၏။ ကမ္ဘာဦးကစ၍ ပေါ် ထွန်းခဲ့သော နေ လ နှစ်ပါးသည် ယခုတိုင်အောင် ထင်ရှားရှိလျက်၊ နေ လ ပေါ်ထွက်ပြီးနောက် ပေါ်ပေါက်လာသော သတ္တဝါအပေါင်းအား အလင်း ရောင်ပေး၍ ကျေးဇူးပြုကြ၏။ ထို့အတူပင် ဝတ္ထု၊အာရုံ–ဟူသော ပုရေဇာတ ပစ္စည်းထိုက်သည့် ရုပ်တရားတို့သည် ကျေးဇူးခံ ပစ္စယုပ္ပန်တရားတို့ မဖြစ်မီ ရှေးဦးစွာဖြစ်နှင့်၍ မချုပ်ပျောက်သေးပဲ၊ထင်ရှားတည်ရှိလျက် မိမိတို့နောက်မှ ဖြစ်ကြသည့်စိတ်၊စေတသိက်နာမ်တရားတို့အား ကျေးဇူးပြုနိုင်သော သတ္တိသည် ပုရေဇာတ ပစ္စယသတ္တိဖြစ်၏–ဟု မှတ်ရာ၏။

ပုရေဇာတ ပစ္စည်းထိုက်သော ရုပ်တရားတို့မှာ ဝတ္ထုရုပ် ခြောက်ပါးနှင့် အာရုံခြောက်ပါးတို့ဖြစ်ကြ၏။ ဝတ္ထုရုပ်ခြောက်ပါးနှင့်သက်ဆိုင်သော ပုရေ ဇာတပစ္စည်းကို 'ဝတ္ထုပုရေဇာတပစ္စည်း'–ဟုခေါ်၍၊ အာရုံခြောက်ပါးနှင့် သက်ဆိုင်သော ပုရေဇာတပစ္စည်းကို 'အာရမဏ ပုရေဇာတ ပစ္စည်း 'ဟု ခေါ်သည်။ ထိုနှစ်ပါးတို့တွင်–

## (က) ဝတ္ထုပုရေဇာတ

သတ္တဝါတို့၏ ခန္ဓာကိုယ်၌'စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ဟဒယ' ဟူသော ဝတ္ထုရုပ် ခြောက်ပါးတို့သည် မိမိတို့ အသီးသီးကိုမှီ၍ဖြစ်ကြသော စိတ်၊ စေတသိက်တို့အား ရှေးဦးစွာဖြစ်နှင့်ခြင်းဖြင့် [ထိုပြင်–ဝတ္ထုပုရေဇာတ နိဿယပစ္စည်း၌ ပြဆိုခဲ့သကဲ့သို့–'မှီရာ တည်ရာ' အဖြစ်ဖြင့်လည်းကောင်း] ကျေးဇူးပြုကြကုန်၏။ ဤဝတ္ထုပုရေဇာတ ပစ္စည်းသည် ပြဆိုခဲ့သော နိဿယ ပစ္စည်း၏မျိုးခွဲ 'ဝတ္ထုပုရေဇာတနိဿယ' ပစ္စည်းနှင့် အလုံးစုံတူလေသည်။

တဖန်–ထိုဝတ္ထုပုရေဇာတနိဿယ ပစ္စည်း၌ 'ဟဒယဝတ္ထုသည် မိမိကို အာရုံပြု၍ ဖြစ်ပေါ်လာသော စိတ်၊ စေတသိက်တို့အားလည်း ကျေးဇူးပြုနိုင်သောကြောင့်၊ ဝတ္ထာရမဏပုရေဇာတနိဿယ-ဟူ၍ ပစ္စည်းခွဲကလေးတခု ပါဝင်သေးကြောင်း''–ပြဆိုခဲ့၏။ ဤဝတ္ထုပုရေဇာတ၌လည်း ထိုသဘောအဓိပ္ပာယ်ကို ယူ၍ 'ဝတ္ထာရမဏပုရေဇာတ'-ဟု ပစ္စည်းခွဲ ကလေး တခု ပါဝင်သေးကြောင်း။ ယင်းပစ္စည်းခွဲကလေးလည်း ပြဆိုခဲ့ပြီးသော ဝတ္ထာရမဏ ပုရေဇာတနိဿယပစ္စည်းနှင့်ပင် အလုံးစုံတူကြောင်း-မှတ်ယူပါလေ။ တနည်း–ဤပုရေဇာတပစ္စည်း၌ အာရမဏပုရေဇာတ–ဟူ၍ အာရုံနှင့် ပတ်သက်သည့် ပစ္စည်းမျိုးခွဲတခု သီးသန့်ပါဝင်သောကြောင့် ဖော်ပြပါ 'ဟဒယဝတ္ထုကို အာရုံပြုခြင်း'နှင့် ပတ်သက်သည့် 'ဝတ္ထာရမဏပုရေဇာတ'ကို အာရမဏ ပုရေဇာတ၏ ပစ္စည်းခွဲကလေး တခုဟူ၍လည်း ထည့်သွင်း ရေတွက်နိုင်ပေသည်။

## (ခ) အာရမဏပုရေဇာတ

ပြဆိုခဲ့ပြီးသော အာရမဏပစ္စည်း၌ အာရုံခြောက်ပါးတို့ အသီးသီးသည် သတ္တဝါတို့ ကိုယ်ခန္ဓာ၌ရှိသော သက်ဆိုင်ရာ ဒွါရခေါ် တံခါးခြောက်ခု အသီးသီးထဲသို့ ဝင်ရောက်ထင်ပေါ်ကြပြီး၊ စိတ်,စေတသိက် တရားတို့အား ဖြစ်ပေါ်စေခြင်းငှာ ကျေးဇူးပြုကြကြောင်း ပြဆိုခဲ့ပြီးဖြစ်၏။ အာရမဏပစ္စည်း၌ ပစ္စည်းထိုက်သော တရားတို့မှာ အလုံးစုံသော 'ပစ္စုပ္ပန်, အတိတ်, အနာဂတ်' စိတ်,စေတသိက်, ရုပ်တရားများနှင့်တကွ ကာလဝိမုတ် ဖြစ်သည့် နိဗ္ဗာန်, ပညတ်တို့ ပါဝင်ရကား အာရုံနှင့်ပတ်သက်၍ အကျယ်ဝန်းဆုံးဖြစ်၏။

ဤအာရမဏပုရေဇာတပစ္စည်း၌ကား (အာရမဏာဓိပတိမှာကဲ့သို့) ပစ္စုပ္ပန်ဖြစ်သော နိပ္ဖန္နရုပ် ၁၈ ပါးတို့သာ ပစ္စည်းထိုက်သည့်တရားများအဖြစ် ပါဝင်နိုင်ကြ၏။ ယင်းနိပ္ဖန္နရုပ် ၁၈ ပါးအကြောင်းကို အာရမဏာဓိပတိ ပစ္စည်း၌ ပြဆိုခဲ့ပြီးဖြစ်၏။ ဤနိပ္ဖန္နရုပ် ၁၈ ပါးတို့တွင် 'ရူပ၊ သဒ္ဒ၊ ဂန္ဓ၊ ရသနှင့်ဖောဋ္ဌဗ္ဗ ဟူသော မဟာဘုတ် သုံးပါး–ပေါင်း ခုနစ်ပါးသော ရုပ်တို့သည် 'ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ'-ဟူသော အာရုံငါးပါးတို့၌ ပါဝင်ကြပြီး ကြွင်းသော ရုပ်တို့ကား ဓမ္မာရုံထဲ၌ ပါဝင်လေသည်။

ဓမ္မာရုံနှင့်ပတ်သက်၍ အထူးမှတ်ဖွယ် တခုရှိနေ၏။ ယင်းကား- သင်္ဂြိုဟ် ပါဠိ(နှင့် ပဋ္ဌာန်း ပစ္စယနိဒ္ဒေသပါဠိ)အလိုအားဖြင့်''ပစ္စုပ္ပန်ဖြစ်သော ရူပါရုံ စသည့် အာရုံငါးပါးသာ အာရမဏပုရေဇာတပစ္စည်းတပ်သည်(ဝါ) ပစ္စည်း ထိုက်သည်''ဟူ၍ ထင်မှတ်ဖွယ်ရှိ၏။ သို့သော် ပဋ္ဌာန်းပဉ္စာဝါရ အလိုအားဖြင့် ယင်းအာရုံငါးပါးမှကြွင်းသော နိပ္ဖန္နရုပ် အားလုံးပါဝင်နိုင်သဖြင့် နိပ္ဖန္နရုပ် ၁၈ ပါးလုံးသည် 'အာရမဏပုရေဇာတ' ပစ္စည်းထိုက်သည် ဟု မှတ်ယူရာ၏။ ဥပမာအားဖြင့်– နိပ္ဖန္နရုပ် ၁၈ ပါးအနက် ပသာဒရုပ်ငါးခုတွင် ပစ္စုပ္ပန်စက္ခု ပသာဒရုပ်ကို အာရုံပြု၍ ဝိပဿနာရှုရာ၌ ထိုပစ္စုပ္ပန်စက္ခုပသာဒရုပ်သည် ပုရေ ဇာတလည်းဟုတ်၊ အာရုံလည်းဟုတ်သောကြောင့် အာရမဏပုရေဇာတပစ္စည်း ဖြစ်နိုင်သည်။ ကြွင်းသောပသာဒရုပ် စသည်ပသာဒရုပ်များ၊ ဘာဝရုပ်၊ဇီဝိတ ရုပ်များလည်း ဤနည်းအတိုင်းပင်ဖြစ်၏။ ထို့ကြောင့် အာရမဏပုရေဇာတ၌ နိပ္ဖန္နရုပ် ၁၈ ပါးလုံးကိုယူခြင်းသည် ပဋ္ဌာန်းပဉ္စာဝါရ၊ အဋ္ဌကထာကျမ်းများ နှင့် ညီညွတ်၍ အာရုံငါးပါးကိုသာကွက်၍ယူသောသင်္ဂြိုဟ်(နှင့် ပစ္စယနိဒ္ဒေသ) အဆိုမှာ မစုံလင်ချေ။

· (ဤကား ဆရာတော် အရှင်ဇနကာဘိဝံသ၏ ရှင်းလင်းချက်မှ အထူး မှတ်ဖွယ်အဖြစ် ကောက်နုတ် ဖော်ပြချက်ဖြစ်၏။)

## ကျေးဇူးပြုပုံ

ပစ္စုပ္ပန် ရူပါရုံကို အာရုံပြု၍ စက္ခုဒွါရ ဆိုင်ရာ ဝီထိစိတ် အစဉ်ဖြစ်ရာ၌ ပစ္စုပ္ပန် ရူပါရုံသည် စက္ခုဝိညာဉ်နှင့် တကွ စက္ခုဒွါရ ဆိုင်ရာ ဝီထိစိတ် နှင့် ယှဉ်ဖက် စေတသိက်တို့အား အာရမဏပုရေဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြု သည်။ ထို့အတူ ပစ္စုပ္ပန် ဖြစ်သော 'သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ' အသီးသီးကို အာရုံပြု၍ သောတဒွါရစသည်ဆိုင်ရာ ဝီထိစိတ်အစဉ်ဖြစ်ရာ၌ သဒ္ဒါရုံစသည်သည် သောတဒွါရ စသည်ဆိုင်ရာ ဝီထိစိတ်နှင့် စေတသိက်တို့ အား 'အာရမဏပုရေဇာတ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်။ ဤသို့စသည်- အာရမဏပစ္စည်းအတိုင်း သိပါလေ။

တဖန်- စက္ခုဝတ္ထုကို အာရုံပြု၍ ဝိပဿနာရှုရာ၌ ပစ္စုပ္ပန် စက္ခုဝတ္ထုသည် ဝိပဿနာရှုသော မနောဒွါရဆိုင်ရာ ဇောဝီထိစိတ်နှင့်ယှဉ်ဖက် စေတသိက်တို့ အား 'အာရမဏပုရေဇာတ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ထိုတွင် မိမိ၏ ပစ္စုပ္ပန်စက္ခုဝတ္ထုကို သာယာလျှင် လောဘဇော၊ နှလုံးမသာယာလျှင် ဒေါသ

ဇော၊ ပျံ့လွင့်လျှင် မောဟမူဇောစိတ်တို့အား ကျေးဇူးပြု၏။ 'သောတ, ဃာန, ဇိဝှါ, ကာယ, ဟဒယ' ဝတ္ထုရုပ်အသီးသီးကို အာရုံပြုရာ၌လည်း ဤနည်းပင်။

တဖန်- ပစ္စုပ္ပန် ရူပါရုံကိုအာရုံပြု၍ ဒိဗ္ဗစက္ခုအဘိညာဉ်၊ ပစ္စုပ္ပန်သဒ္ဒါရုံကို အာရုံပြု၍ ဒိဗ္ဗသောတအဘိညာဉ် ဖြစ်ရာ၌ ထိုရူပါရုံ၊ သဒ္ဒါရုံတို့က ထိုအဘိညာဉ်စိတ်နှစ်မျိုးအား ကျေးဇူးပြု၏။ထို့ပြင် "ငါ၏ကိုယ်သည် စိတ်၏အလား လျင်မြန်စွာ သွားနိုင်စေသား" ဟူ၍ ဣဒ္ဓိဝိဓအဘိညာဉ်ဖြင့် ဓိဋ္ဌာန်မှုကိုပြုရာဝယ် ခန္ဓာကိုယ်၌တည်ရှိသော နိပ္ဖန္နရုပ်တခုခုသည် ဣဒ္ဓိဝိဓအဘိညာဉ်အား ကျေးဇူးပြုသည်။ ဤသို့စသည်ဖြင့် ကျေးဇူးပြုပုံကို သိပါလေ။

ဤသို့လျှင် ပစ္စုပ္ပန်ဖြစ်သော နိပ္ဖန္နရုပ် ၁၈ ပါးတို့တွင် "ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ" ဟူသော အာရုံငါးပါး (ပဥ္စာရုံ) တို့သည် ဒွါရငါးပါးအသီးသီးထဲသို့ ဝင်ရောက်ထင်ပေါ်လာသော် မိမိတို့ကိုအာရုံပြု၍ ဖြစ်ပေါ်ကုန်သော ဒွါရငါးခုဆိုင်ရာဝီထိစိတ်အစဉ်တို့အား(တယောတံတို့ဖြင့် တယောကြိုးတို့၌ ရှေ့ထိုးနောက်ငင်ထိုးခတ်ပေးမှုကြောင့် တယောသံတို့အဆက်မပြတ်မြည်ထွက်လာကုန်သကဲ့သို့) အဆက်မပြတ် ဖြစ်ပေါ်အောင် ကျေးဇူးပြုကြကုန်၏။ ထိုအာရုံ ငါးပါးတို့သည် မိမိတို့ကြောင့် ဖြစ်ပေါ်လာကြသည့် ဝီထိစိတ်အစဉ်တို့ အားလုံး ဖြစ်ထိုက်သမျှဖြစ်၍၊ မပြီးသေးသရွေ့ ချုပ်ပျောက်မသွားကြသေးပဲ အတ္ထိသဘောဖြင့် ထင်ရှားရှိလျက် ကျေးဇူးပြုကုန်၏။ နိပ္ဖန္နရုပ် ၁၈ပါးတွင် မည်သည့်ရုပ်မဆို မနောဒွါရထဲသို့ ဝင်ရောက်ထင်ပေါ်လာနိုင်၏။ ထိုသို့ ထင်ပေါ်လာသော နိပ္ဖန္နရုပ်သည် မနောဒွါရဆိုင်ရာ ဝီထိစိတ်အစဉ်အား အဆက်မပြတ် စိတ်အစဉ် ဖြစ်ပေါ်လာအောင် မချုပ်သေးပဲ ထင်ရှားရှိလျက် ကျေးဇူးပြုလေ၏။

အာရမ္မဏပုရေဇာတ ပစ္စည်း၌ (အကုသိုလ်စိတ် ၁၂၊ အဟိတ်စိတ် ၁၈၊ ကာမာဝစရသောဘနစိတ် ၂၄ ဟူသော) ကာမစိတ် ၅၄ ပါးနှင့် အဘိညာဉ် ဇောစိတ် နှစ်ပါးတို့သာ ပစ္စုပ္ပန် နိပ္ဖန္န ရုပ်များကို အာရုံပြုနိုင်ကြသည်။ ကြွင်းသော ရူပ၊ အရူပ၊ လောကုတ္တရာစိတ်တို့ကား (ကသိုဏ်းပညတ်စသည်ကိုသာ အာရုံပြု၍) ပစ္စုပ္ပန်နိပ္ဖန္နရုပ်ကို အာရုံမပြုသောကြောင့် ယင်းတို့သည် ပစ္စယုပ္ပန်တရား၌ မပါဝင် နိုင်ကြကုန်။ ကာမစိတ် ၅၄ နှင့် အဘိညာဉ် ၂ တို့လည်း ထိုနိပ္ဖန္နရုပ်များကို အာရုံပြုမှသာ အာရမ္မဏ ပုရေဇာတပစ္စည်း၏

ကျေးဇူးပြုခြင်းကို ခံကြရ၏။ ကြွင်းသောအာရုံများကို အာရုံပြုသည့်အခါ အာရမဏာပုရေဇာတ သတ္တိဖြင့် ကျေးဇူးပြုခြင်းကို မခံရချေ။

ထိုပြင် နိပ္ဖန္နရုပ်များသည် ပရမတ်တရားများသာဖြစ်၍ သတ္တဝါပညတ်မဟုတ်သောကြောင့်၊ သတ္တဝါပညတ်ကို အာရုံပြုမှ ဖြစ်ကြရသော အပ္ပမညာ စေတသိက် နှစ်ပါးကိုလည်း ဤအာရမဏ ပုရေဇာတ ပစ္စည်း၏ ပစ္စယုပ္ပန်တရားမှ ကြဉ်ထားရလေသည်။

**ဝတ္ထာရမဏာပုရေဇာတ။** ။နိပ္ဖန္နရုပ် ၁၈ ပါးထဲတွင် ပါဝင်သော ဟဒယဝတ္ထုသည် 'ဝတ္ထာရမဏာပုရေဇာတနိဿယ' ပစ္စည်း၌ ပြဆိုခဲ့သည့်အတိုင်း တခါတရံ ဝတ္ထုလည်းဖြစ်၊ အာရုံလည်းဖြစ်၊ ပုရေဇာတလည်း ဖြစ်နိုင်သည်ဖြစ်၍၊ မိမိကို အာရုံပြု၍ ဝိပဿနာ ရှုရာ၌ ဝီထိစိတ်အစဉ်အား ကျေးဇူးပြုသောကြောင့်၊ ယင်းကို 'ဝတ္ထာရမဏာပုရေဇာတ' ပစ္စည်းတရားဟု ခေါ်နိုင်သေး၏။ယင်း ဟဒယဝတ္ထုနှင့် ပတ်သက်သည့် ဝတ္ထာရမဏာပုရေဇာတပစ္စည်းကို ဤ အာရမဏာပုရေဇာတ ပစ္စည်းထဲ၌ ပစ္စည်းခွဲကလေးတခုအဖြစ် ထည့်သွင်းနိုင်လေသည်။ ။

# [၁၁] ပစ္ဆာဇာတပစ္စည်း

**မှတ်ရန်ဆိုရိုး။** ။ပဉ္စဝေါကာရဘုံ၌(အရူပဝိပါက်စိတ်လေးခုကြဉ်သော) နောက်နောက်သော စိတ် ၈၅ နှင့် စေတသိက် ၅၂ ပါး တို့သည် ရှေးရှေး၌ ဖြစ်ကုန်သော (ဧကဇကာယ) ဒွိဇကာယ၊ တိဇကာယ စတုဇကာယဟုခေါ်သော စတုသမုဋ္ဌာနိက ရုပ်အပေါင်းအား ပစ္ဆာဇာတ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုကုန်၏။

## အဓိပ္ပာယ်ရှင်းလင်းချက်

ဤ 'ပစ္ဆာဇာတ' ပစ္စည်းသည် အထက်က ပြဆိုခဲ့ပြီးသော ပုရေဇာတ ပစ္စည်း၏ ဆန့်ကျင်ဘက်ဖြစ်၏။ '**ပုရေဇာတ**' ဟူသည် "ရုပ်တရားများက မိမိတို့ကြောင့် ဖြစ်ပေါ်လာသော စိတ်, စေတသိက် နာမ်တရားတို့အား ယင်း နာမ်တရားတို့ မဖြစ်မီ ရှေးဦးစွာ ဖြစ်နှင့်၍ ကျေးဇူးပြုခြင်း" ကို ဆိုလို သည်။ '**ပစ္ဆာဇာတ**' ပစ္စည်းသည်ကား "ယင်းသို့နောက်မှ ဖြစ်ပေါ်လာကြသည့် စိတ်, စေတသိက် နာမ်တရားများကလည်း မိမိတို့ မဖြစ်မီ ရှေးဦးစွာ ဖြစ်နှင့် ကြသည့် ရုပ်တရားတို့အားလည်း ကြီးပွားစည်ပင် စေခြင်းငှာ (သန္တာန် ဆက်စည် ရုပ်သက်ရှည်စေခြင်းငှာ) ပြန်၍ ကျေးဇူးပြုခြင်း" ကို ဆိုလိုသည်။

ဤ ပစ္စည်း နှစ်ခုတို့၏ သဘောကို ပေါင်းစပ်၍ ခြုံယူရလျှင် "ရုပ်တရား များက စိတ်, စေတသိက် နာမ်တရားတို့အား ဖြစ်ပေါ်လာအောင် ကျေးဇူး

ပြုပေးကြသလို၊ ထို စိတ်, စေတသိက် နာမ်တရားတို့ကလည်း ထိုရုပ်တရားတို့အား တုံ့ပြန်၍ သန္တာန်ဆက်စည် ရုပ်သက်ရှည်အောင် ကျေးဇူးပြုပေးကြသည်''ဟူ၍ မှတ်ယူရာ၏။

ပစ္ဆာဇာတပစ္စည်း (ပစ္ဆာ=နောက်မှ+ဇာတ=ဖြစ်၍ + ပစ္စယ = ကျေးဇူးပြုခြင်း)၌ ''နောက်နောက်ဖြစ်သော စိတ်,စေတသိက် နာမ်တရားတို့က ရှေးရှေး၌ဖြစ်သော (ဝါ) ရှေးရှေးစိတ်တို့နှင့်အတူ ဖြစ်လာကြသော ရုပ်တရားတို့အား မည်ကဲ့သို့ ကျေးဇူးပြုကြသနည်း-ယင်းသို့ ပစ္ဆာ ဇာ တ ပစ္စည်း ၏ ကျေးဇူးပြုပုံကို 'လင်းတငယ်'ဥပမာဖြင့် အဋ္ဌကထာ၌ ပြကြကုန်၏။

၁၂ဦးအုံ။ ။လင်းတကြီးတို့သည် အစာ အာဟာရကို မိမိတို့သာ ရှာဖွေစားသောက်၍အသိုက်ထဲ၌ကျန်ရစ်သော လင်းတငယ်ကလေးများအတွက် အစားအစာကို ဆောင်ယူလာရိုး မရှိကြ။ လင်းတငယ်ကလေးတို့မှာကား မိဘတို့ပြန်လာလျှင် မိမိတို့အတွက် အစာပါလာနိုးနိုးဖြင့် မျှော်ကိုးတောင့်တကြ ရှာ၏။ ဤသို့ အစာအာဟာရ၌ မျှော်ကိုးတောင့်တသော ရသတဏှာကို 'အာဟာရာသာ' (အာဟာရ+အာသာ)ဟု ခေါ်၍၊ ထို အာဟာရာသာ၌ ယှဉ်သော စေတနာကို 'အာဟာရာသာ စေတနာ'ဟု ခေါ်၏။ အစာအာဟာရကို မစားရပဲလျက်၊ ဤ အာဟာရာသာ စေ တ နာ တည်းဟူသော မျှော်လင့်တောင့်တချက်က လင်းတငယ်တို့၏ ကိုယ်ကို ထောက်ပံ့ထားသည့်အတွက်ကြောင့် လင်းတငယ်တို့၏ ကိုယ်သည် အတောင်အလက်စုံ၍ ကိုယ်တိုင် အစာရှာနိုင်သည့် ကာလတိုင်အောင် တည်တံ့နိုင်လေသည်။

ဆိုလိုရင်းကား–''အစာ မစားရလျှင် သေဖွယ်ရှိ၏။ သို့သော် လင်းတငယ်တို့မှာကား အာဟာရာသာ စေတနာ၏ ထောက်ပံ့မှုကြောင့် မသေပဲ တည်တံ့နိုင်၏။''ဟူလို။ ဤ အာဟာရာသာ စေတနာကား တခြားမဟုတ်၊ ပစ္ဆာဇာတ စိတ်စေတသိက်ထဲတွင် ပါဝင်သော စေတနာ စေတသိက်တည်း။ ထို့ကြောင့် ဤ'အာဟာရာသာ စေတနာဖြင့် ဥပမာဖြစ်ရုံမျှ မဟုတ်။ ဥပမာလည်းရ,ပစ္ဆာဇာတ သတ္တိ၏ ကျေးဇူးပြုပုံကိုလည်း ပြသည်။ မှန်၏ လင်းတငယ်တို့၏အာဟာရာသာ စေတနာသည် မိမိ မဖြစ်ပေါ်သေးမီ ရှေးဦးစွာ ဖြစ်နှင့်သော ခန္ဓာကိုယ်ရှိ ရုပ်အပေါင်းအား မိမိဖြစ်ပေါ်သည့်အခါ (တိုင်း)ပစ္ဆာဇာတ သတ္တိဖြင့် ထောက်ပံ့နေလေသည်။

ဥပမာ တနည်းအားဖြင့် နောက် နောက်သော နှစ်တို့၌ နှစ်စဉ် ရှာသွန်းချသော မိုးရေတို့သည် ရှေးရှေးနှစ်များက ပေါက်ရောက်နေ (နှင့်) ကုန်သော သစ်ပင်ငယ်တို့အား ကြီးပွားစည်ပင် စေခြင်းငှာ (အသက်ရှည် စေခြင်းငှာ) နောက်မှဖြစ်၍ကျေးဇူးပြုကုန်သကဲ့သို့၊ထိုအတူပင် နောက်နောက် ဖြစ်သော၊ ထင်ရှားဖြစ်ဆဲသော စိတ်သည် ရှေးက ဖြစ်နှင့်ပြီး ထင်ရှားနေကုန် သော 'ကံ၊ စိတ်၊ ဥတု၊ အာဟာရ' ဟူသော အကြောင်းတရား လေးပါး တို့ကြောင့် ဖြစ်ကုန်သော (စတုသမုဋ္ဌာနိက) ရုပ်အပေါင်း (ရူပကာယ= ရုပ်အကိုယ် = ရုပ်အစု)အား ကြီးပွားစည်ပင်စေခြင်းငှာ (သန္တာန်ဆက်စည် ရုပ်သက် ရှည်စေခြင်းငှာ)ပစ္ဆာဇာတပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည် ဖြစ်၏။

ဤပစ္ဆာဇာတ ပစ္စည်း၏ အရှိန်တေဇော် (ထောက်ပံ့မှု) ကြောင့် ဤ သတ္တဝါတို့၏ ရုပ်သည် (ကိုယ်သည်) တည်တည်တံ့တံ့ ခိုင်ခန့်လန်းရွှင် အရှင်ကဲ့သို့ ဖြစ်ရ၏။ (ရေကြောင့်လန်းဆန်းနေသော သစ်ပင်ကဲ့သို့ ဖြစ်ရ၏။) နာမ်မရှိသော သူသေကောင်နှင့် ယှဉ်ကြည့်ပါ။ ထို သူသေကောင်မှာ (ရုပ် ခန္ဓာအား ထောက်ပံ့နေသည့်) နာမ်မရှိ၍ ပစ္ဆာဇာတ ပစ္စည်း ဖြင့် (ထောက်ပံ့ကျေးဇူးပြုခြင်း) မရှိသောကြောင့် ရုပ်တို့သည် တခဏ တခြား ညှိုးနွမ်းပုပ်ဆွေး၍ သွားလေ၏၊ (ရေမရှိ၍ ညှိုးနွမ်း ခြောက်သွေ့ သွားရ သော သစ်ပင်ကဲ့သို့ ဖြစ်သွားရလေ၏။)

## ရုပ်–နာမ် ခန္ဓာဖြစ်ပုံ

နောက်နောက်၌ ဖြစ်သော နာမ်တရားတို့က ရှေးရှေး၌ ဖြစ်နှင့်၍ ထင်ရှား ရှိဆဲဖြစ်သော ရုပ်တရားတို့အား ပစ္ဆာဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုပုံကို ကောင်းစွာသဘောပေါက် နားလည်စေရန်သတ္တဝါတို့ တဘဝမှ တဘဝသို့ ကူးပြောင်းဖြစ်ကြပုံကို ရှေးဦးစွာ သိထားသင့်ပေ၏။

သတ္တဝါတဦးသည် ဘဝဟောင်းမှ စုတေ ရာဝယ် စုတိစိတ် ကျပြီး (လျှပ်တပြက်အတွင်း စိတ်ကုဋေတသိန်းဖြစ်သော နှုန်းဖြင့်)ချက်ချင်းပင် ဘဝ သစ်၌ ပဋိသန္ဓေစိတ် ဖြစ်လေ၏။ (ဝါ) ပဋိသန္ဓေနေရလေ၏။ ယင်းပဋိသန္ဓေ စိတ် ဖြစ်ခြင်း (ဥပါဒ်ခြင်း)နှင့် အတူတကွ တပြိုင်နက်ပင် 'ကမ္မဇ' ရုပ် အပေါင်းလည်း တပါတည်း ဖြစ်ကြ ရလေ၏။ ပဋိသန္ဓေစိတ်၏ ဖြစ်ခဏ (ဥပါဒ်ခဏ)၌ ကံတည်းဟူသော အကြောင်းတရား တခုတည်းကြောင့်

F. 22

ဖြစ်သော ကမ္မဇရုပ် တမျိုးတည်းသာ ဖြစ်သေး၍ ယင်းကမ္မဇရုပ် အပေါင်းကို 'ဧကဇကာယ'ဟု ခေါ်၏။ (ကာယ ဟူသည် ကိုယ်တည်း၊ အပေါင်းတည်း၊ အစုတည်း၊ရုပ်ကိုယ်၊ရုပ်အပေါင်း၊ ရုပ်အစု ဟု ဆိုလိုသည်။)

စိတ် တခု တခုမှာ ဥပါဒ်၊ဋ္ဌီ၊ဘင် (ဖြစ်၊ တည်၊ ပျက်) ဟူ၍ ခဏငယ် သုံးခုစီ ရှိလေရာ ထိုပဋိသန္ဓေစိတ်၏ ဋ္ဌီ (တည်)ခဏဝယ် ဥတုဇ ရုပ်အပေါင်း လည်း ဖြစ်လာလေ၏။ ထိုဋ္ဌီ အခိုက်၌ ကံနှင့်ဥတု ဟူသော အကြောင်းတရား နှစ်ပါးကြောင့် ဖြစ်ကြသော 'ကမ္မဇ' နှင့် 'ဥတုဇ' ရုပ်စု နှစ်မျိုး ရှိလာပြီ ဖြစ်ရာ၊ ယင်းရုပ်စုနှစ်မျိုးကို '**ဒွိဇကာယ**'ဟု ခေါ်၏။

ပဋိသန္ဓေစိတ်သည် ဥပါဒ်၊ ဋ္ဌီ၊ ဘင် (ဖြစ်၊တည်၊ပျက်) ခဏငယ် သုံးချက် စေ့၍ ချုပ်ပျောက်သွားပြီးနောက်၊ ဘဝင်စိတ်တို့ တခုပြီး တခု အဆက် မပြတ် ဖြစ်ကြလေရာ ပထမဘဝင်စိတ် ဥပါဒ် (ဖြစ်)ခဏ၌ စိတ္တဇရုပ်များ လည်း ဖြစ်လာကြသည်။ ထိုပထမ ဘဝင်စိတ်၏ ဥပါဒ် ခဏ၌ 'ကံ၊ ဥတု၊စိတ်' ဟူသော အကြောင်းတရား သုံးပါးကြောင့် ဖြစ်ကြသည့် 'ကမ္မဇ၊ ဥတုဇ၊ စိတ္တဇ' ရုပ်စု သုံးမျိုးရှိလာပြီ ဖြစ်ရာ ယင်းရုပ်စု သုံးမျိုးကို '**တိဇကာယ**' (ရုပ်သုံးမျိုးအပေါင်း)ဟု ခေါ်၏။

ထိုပဋိသန္ဓေ စသော စိတ်အပေါင်းနှင့် ထိုရုပ်သုံးမျိုး အပေါင်းတို့ အချင်း ချင်း ကျေးဇူးပြုလျက် ရုပ် ခန္ဓာ ကိုယ် တဖြည်းဖြည်း ကြီးထွား လာခဲ့ရာ၊ ထိုသတ္တဝါသည် အကြင် အခါ၌ ဗဟိဒ္ဓမှ ရသော အာဟာရထဲမှာ ဩဇာ ဓာတ် ပျံ့နှံ့ခြင်း ရရှိ၏။ ထိုအခါတွင် 'အာဟာရဇ' ရုပ်အပေါင်း တို့လည်း ဖြစ်လာကြ၏။ ထိုအခါကွင် 'ကံ၊ဥတု၊ စိတ်၊အာဟာရ' ဟူသော အကြောင်း တရား လေးပါးတို့ကြောင့်ဖြစ်သော 'ကမ္မဇ'ဥတုဇ၊စိတ္တဇ၊အာဟာရဇ'ရုပ်စု လေးမျိုးလုံး ရှိလာကြပြီဖြစ်ရာ၊ ထိုရုပ်စု လေးမျိုးကို'**စတုဇကာယ**'ဟုခေါ်၏။ (ယင်းသို့ အကြောင်းတရား လေးပါးကြောင့် ဖြစ်သော ရုပ်စု လေးမျိုးကို 'စတုသမုဋ္ဌာနိက'ဟု ခေါ်၏။)

ဤနေရာ၌ ပဋ္ဌာဇာတပစ္စည်း၏ သဘောအရ နောက်နောက်ဖြစ်သော စိတ်စေတသိက်နာမ်တရားတို့ကရှေးရှေး၌ဖြစ်သော(ဝါ)ရှေးရှေးသောစိတ်နှင့် အတူ ဥပါဒ် (ဖြစ်)သော ရုပ်တရားတို့အား ကျေးဇူးပြုပုံကို အထူးမှတ်သား ရန် လိုအပ်၏။

ပဋိသန္ဓေစိတ်သည် 'ဥပါဒ်- ဌီ-ဘင်' ခဏငယ် သုံးချက်စေ့၍ ချုပ်ပျောက်ပြီးနောက်၊ ဘဝင်စိတ်တို့ တခုပြီးတခု အဆက်မပြတ် ဖြစ်ကြလေရာ၊ ဘဝင်စိတ်တခုတခုသည် ဥပါဒ်-ဌီ-ဘင်ခဏငယ်သုံးချက်စီ တည်ရှိလျက် ချုပ်ပျောက်သွားရပြီး၊ နောက်နောက် ဘဝင်စိတ်သည် ထိုနည်းအတူ ဆက်ဖြစ်ရလေသည်။ ထိုတွင် ပစ္ဆာဇာတပစ္စည်း၏ သဘောအရ နောက်နောက်စိတ်က ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်(ဖြစ်)သော ရုပ်တရားကိုသာ ကျေးဇူးပြု နိုင်ထောက်ပံ့နိုင်၏။ ထို့ကြောင့် ဘဝသစ်၌ ပထမဦးဆုံးဖြစ်ရသော ပဋိသန္ဓေစိတ်သည် မိမိ၏ရှေ့၌ စိတ်တခုမျှလည်းမဖြစ်၊ မည်သည့်ရုပ်မျှလည်း မဖြစ်သေးချေ။ ထို့ကြောင့် ပဋိသန္ဓေစိတ်က မည်သည့်ရုပ်ကိုမျှ ကျေးဇူးမပြုနိုင်။ ယင်းနောက်ဖြစ်သော ဘဝင်စိတ်တို့တွင် ပထမဘဝင်စိတ်သည် ပဋိသန္ဓေစိတ်နှင့်အတူ ဥပါဒ်သော ရုပ်တရားအားလည်းကောင်း၊ ဒုတိယဘဝင်စိတ်သည် ပထမဘဝင်စိတ်နှင့်အတူ ဥပါဒ်သောရုပ်တရားအားလည်းကောင်း၊ တတိယဘဝင်စိတ်သည် ဒုတိယဘဝင်စိတ်နှင့်အတူ ဥပါဒ်သော ရုပ်တရားအားလည်းကောင်း၊ ဤသို့စသည်နည်းအားဖြင့် ကျေးဇူးပြုလေသည်။

ထိုတွင် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ကမ္မဇရုပ်သည်လည်းကောင်း၊ ဌီခဏ၌ ဥတုဇရုပ်သည်လည်းကောင်း ဖြစ်ရာ၊ ယင်း ပဋိသန္ဓေစိတ်နှင့်အတူဖြစ်သော 'ကမ္မဇ၊ဥတုဇ' ဟူသော 'ဒွိဇကာယ'ခေါ် ရုပ်စု နှစ်မျိုးအား နောက်ဖြစ်သော ပထမ ဘဝင်စိတ်က ပစ္ဆာဇာတ သတ္တိဖြင့် ကျေးဇူးပြုလေသည်။ပထမဘဝင်စိတ်၏ ဥပါဒ်ခဏ၌ ထိုကမ္မဇ, ဥတုဇ ရုပ်နှစ်မျိုးအပြင်၊စိတ္တဇရုပ်စုလည်းဖြစ်လာပေရာ၊ ယင်း ပထမ ဘဝင်စိတ်နှင့်အတူ ဖြစ်လျက်ရှိသော 'ကမ္မဇ၊ ဥတုဇ၊ စိတ္တဇ' ဟူသော 'တိဇကာယ'ခေါ် ရုပ်စု သုံးမျိုးအား နောက်ဖြစ်သော ဒုတိယ ဘဝင်စိတ်က ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြု၏၊ အကြင်အခါ၌ အာဟာရဇရုပ်စုသည်လည်း ဖြစ်လာ၏။ ထိုအခါ၌ ယင်းနောက်ကဖြစ်သော (စိတ် - နာမ်တရား)က ရှေးစိတ်နှင့်အတူ ဖြစ်နှင့်လေပြီးသော 'ကမ္မဇ၊ ဥတုဇ၊ စိတ္တဇ၊ အာဟာရဇ'ဟူသော 'စတုဇကာယ'ခေါ် ရုပ်စုလေးမျိုးအား ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုလေ၏။

အထက်စာပိုဒ်၌ ပြဆိုခဲ့ပြီးသော ''နောက်ဖြစ်သော နာမ်တရားက ရှေ့စိတ်နှင့်အတူ ဖြစ်နှင့်သော ရုပ်တရားအား ကျေးဇူးပြုပုံ''ကို သေချာစွာကြည့်လျှင် ဘဝသစ်တခု၌ ပဋိသန္ဓေနှင့်အတူ ဥပါဒ်နှင့် ဌီ ခဏများ၌ ပထမဦးဆုံး

'ဒွိဇာကာယ'ခေါ် ရုပ်စုနှစ်မျိုးအားသာ နောက်ဘဝင်စိတ်က ကျေးဇူးပြုနိုင်ကြောင်း ထင်ရှားသိသာ၏။ သို့သော် အချို့သော 'သုံးချက်စု'ခေါ် ပဋ္ဌာန်းပစ္စည်း ကျေးဇူးပြုပုံဆိုင်ရာ ကျမ်းများ၌ နောက်ဖြစ်သော နာမ်တရားက ပထမဦးဆုံး 'ဧကဇကာယ'ခေါ် ကမ္မဇရုပ်စုတမျိုးတည်းကို ကျေးဇူးပြုနိုင်ပုံ သဘောဖြင့် ပစ္စယုပ္ပန်တရားများထဲ၌ 'ဧကဇကာယ'ဟု ထည့်သွင်းထားလေသည်။ စင်စင် ဧကဇကာယ ရုပ်သက်သက် ကျေးဇူး ပြုခံရသည် မရှိပေ။ ထို့ကြောင့် 'ဧကဇကာယ'ဟု ထည့်သွင်းခြင်းကို ပညာရှင်တို့က မနှစ်သက်ကြကုန်။ သဘာဝယုတ္တိမရှိသောကြောင့် ဖြစ်၏။

## နာမ်က ရုပ်အား အဆက်မပြတ် ကျေးဇူးပြုပုံ

ဤသို့လျှင် သတ္တဝါတဦးသည် ဘဝသစ်တခု၌ ပဋိသန္ဓေစိတ်နှင့် အတူ တကွ (ဟဒယဝတ္ထုရုပ်လည်းပါဝင်သော) ကမ္မဇရုပ်အပေါင်းဖြင့် ပထမဆုံးစတင်ဖြစ်လာပြီးနောက်တွင် ဘဝင်စိတ်ဟူသော နာမ်တရားတွေနှင့် ဥတုဇ၊စိတ္တဇ၊ နောက်အာဟာရဇ ဟူသော ရုပ်တရားတွေ အဆက်မပြတ် ဖြစ်လာကြ၍ နောက်နောက်စိတ်တို့က ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်(ဖြစ်)သော ရုပ်တရားများကို အဆက်ဆက် ကျေးဇူးပြုပေးကြလျက် တဖြည်းဖြည်း ရုပ်ခန္ဓာကိုယ်ကြီး အပြည့်အစုံ စည်ပင်ကြီးပွားလာလေ၏။ အကြင်အခါ၌ ထို ရုပ်ခန္ဓာကိုယ်ကြီးတွင် 'စက္ခု၊သောတ၊ ဃာန၊ ဇိဝှာ' ပသာဒဝတ္ထုရုပ်များ ဖြစ်လာကြပြီး၊ 'ကာယနှင့် ဟဒယ'ဝတ္ထုရုပ်နှစ်ခုပါ ဝတ္ထုရုပ်ခြောက်ပါးတို့ အပြည့်အစုံ ဖြစ်လာကြကုန်၏။ ထိုအခါတွင် အာရုံခြောက်ပါး တပါးပါးကြောင့် ဝီထိစိတ်အစဉ်များ ဖြစ်လာကြကုန်၏။ ယင်းသို့ အာရုံခြောက်ပါး တပါးပါးကြောင့် ဝီထိစိတ်အစဉ်များ မဖြစ်ကြသော အခါများ၌ ဘဝင်စိတ်တွေချည်းသာ အဆက်မပြတ် ဖြစ်လျက်နေကြကုန်၏။

ဤသို့လျှင် ထိုသတ္တဝါ၏ သန္တာန်၌ ပဋိသန္ဓေစိတ်ဖြစ်သည်မှစ၍ ထိုဘဝမှ စုတေသည့်ကာလတိုင်အောင် 'ဘဝင်စိတ်'နှင့် 'ဝီထိစိတ်'တို့သည် တလှည့်စီ တသှည့်စီ, လှည့်ပတ်ဖြစ်နေကြကုန်၏။ ထိုထို 'ဘဝင်စိတ်၊ ဝီထိစိတ်တို့တွင် နောက်နောက်သော စိတ်တွေစိတ်တွေက–ရှေ့ရှေးစိတ်များနှင့်အတူ ဖြစ်ကြသော ထိုပုဂ္ဂိုလ်၏ ကိုယ်ခန္ဓာရှိ 'စတုသမုဋ္ဌာနိက'ခေါ် ရုပ်စု လေးမျိုး

အပေါင်းအား ပစ္ဆာဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုပြုသွားကြကုန်၏။ ထောက်ပံ့ထောက်ပံ့ သွားကြကုန်၏၊ ထိုသတ္တဝါ၏ ခန္ဓာကိုယ်ရှိ ရုပ်အပေါင်းတို့သည် ထိုသို့ စိတ်,စေတသိက် နာမ်တရားတို့၏ အထောက်အပံ့ကို အဆက်မပြတ်ရနေကြသောကြောင့်သာ မပြိုမကွဲ မပျက်မစီး စည်ပင် ရှင်သန်ကြကုန်၏။ ဆီ၏ ထောက်ပံ့မှုကို ရသောကြောင့် ဆီမီးသည် အဆက်မပြတ် တောက်လောင် နေနိုင်သကဲ့သို့ ဖြစ်ကုန်၏။

## နာမ်က ကျေးဇူးပြု၍ 'ရုပ်' ရှင်သန်ရပုံ

ပစ္ဆာဇာတ ပစ္စည်း၏ 'နာမ်တရားက ရုပ်တရားအား ကျေးဇူးပြုပုံ'၌ စဉ်းစားဖွယ် တခုရှိ၏။ ယင်းကား—"ရုပ်တရားတို့သည် မိမိတို့ဆိုင်ရာ ကံ၊စိတ်၊ ဥတု၊ အာဟာရတည်းဟူသော အကြောင်းတရားလေးပါး အသီးသီး တို့ကြောင့် ဖြစ်လာခဲ့ရကြရာ၊ ထိုရုပ်တရားတို့ကို နောက်နောက်သော နာမ်တရားတို့က ကျေးဇူးပြုရာ၌ အဘယ်သို့ အကျိုးထူး ရှိလေသနည်း" ဤသို့ မေးဖွယ် စဉ်းစားဖွယ်ရှိ၏။ အဖြေကား-"ရုပ်အစဉ်အဆက်ကို တာရှည်စွာ တည်တံ့စေခြင်းအကျိုးရှိ၏" နာမ်တရား၏ ထောက်ပံ့မှု မရသောကြောင့် သူသေကောင်၏ ရုပ်ကိုယ်သည် တခဏ တခြား ညှိုးနွမ်းပုပ်ဆွေး ပျက်စီးသွားပုံကို ထောက်ရှုပါလေ။

**ချဲ့ဦးအံ့**-ဆိုင်ရာပစ္စယုပ္ပန် (ကျေးဇူးခံ) တရားတို့အား ပစ္စည်း (ကျေးဇူးပြု) တရားတို့က ကျေးဇူးပြုရာ၌ 'ဇနကသတ္တိ၊ ဥပတ္ထမ္ဘကသတ္တိ၊ ဇနကော-ပတ္ထမ္ဘကသတ္တိ'ဟူသော သတ္တိသုံးမျိုးတွင် တမျိုးမျိုးဖြင့် ကျေးဇူးပြုကြ၏။ ထိုတွင်—

(၁) **ဇနကသတ္တိ**-ဟူသည် ပစ္စယုပ္ပန်တရားအား ဥပါဒ် (ဖြစ်ပေါ်လာ) အောင်သာ ကျေးဇူးပြုနိုင်သည့် သတ္တိမျိုးတည်း။ (၂) **ဥပတ္ထမ္ဘကသတ္တိ**-ဟူသည် ယင်းသို့ ဖြစ်ပေါ်လာသော တရားအစုအား ဌီ ခဏ၊ ဘင် ခဏ (တည်-ပျက်)တို့၌ တည်တံ့အောင်သာ ထောက်ပံ့နိုင်သော သတ္တိမျိုးတည်း။ (၃) **ဇနကောပတ္ထမ္ဘကသတ္တိ**-ဟူသည်-'ပစ္စယုပ္ပန်တရားအား ဖြစ်လည်းဖြစ်ပေါ်လာအောင်၊ တည်လည်း တည်တံ့နေအောင် နှစ်ပါးစုံအားဖြင့်ကျေးဇူးပြုနိုင်သော သတ္တိမျိုးတည်း။

ဤပစ္ဆာဇာတ ပစ္စည်းကား ဥပတ္ထမ္ဘက သတ္တိရှိ၏။ ဆိုင်ရာ အကြောင်းတရားတို့ကြောင့် ဖြစ်ပေါ်လာပြီးသော ရုပ်တရားတို့အား နာမ်တရားတို့က အထောက်အပံ့ အားပေးသောအားဖြင့် ကျေးဇူးပြုပေးကြ၏။

**ထင်ရှားစေအံ့** — မျိုးစေ့ကြောင့် ဖြစ်ပေါ် လာသော သစ်ပင်သည် ရေဖြင့် ထပ်မံ၍ ထောက်ပံ့ခြင်း မရှိက စည်ပင်ကြီးမား ထွားကြိုင်းခြင်းမရှိပဲ မကြာမီ ညှိုးနွမ်းခြောက်သွေ့ ပျက်စီးရသကဲ့သို့လည်းကောင်း၊ ကံလျှင် အရင်းခံ၍ မိဘတို့၏ သုက်သွေးကြောင့် ဖြစ်ရသော သူငယ်သည် နို့ချို တိုက်ကျွေး ထောက်ပံ့ အားပေးခြင်း မရှိက အသက်မရှည်နိုင် သကဲ့သို့လည်းကောင်း၊ ထို့အတူပင် ကံကြောင့် ဖြစ်ရသော ကမ္မဇရုပ်တို့သည် မိမိတို့ ချုပ်သွားသည့် အခါ အလားတူ ရုပ်အစဉ် ဖြစ်ဖို့ရာ ကျေးဇူးပြုသွားကြ၏။ ထိုကဲ့သို့ ကျေးဇူးပြုရာ၌ စိတ်တို့က ပစ္ဆာဇာတ သတ္တိဖြင့် ထောက်ပံ့ပေးမှ သာ၍ အားရှိကြသဖြင့် ဆက်ကာ ဆက်ကာ ကျေးဇူးပြုနိုင်ကြသည်။ စိတ္တဇ၊ ဥတုဇ၊ အာဟာရဇ ရုပ်တို့၏ အဆက်မပြတ်ဖြစ်ခြင်းကိုလည်း ထိုက်သင့်သမျှ တာရှည်အောင် စိတ်၊ စေတသိက် နာမ်တရားတို့က ပစ္ဆာဇာတသတ္တိဖြင့် ထောက်ပံ့ ကျေးဇူး ပြုကြလေသည်။

ဤသို့လျှင် နောက်နောက်သော [စိတ်၊ စေတသိက် နာမ်တရားတို့က] ပစ္ဆာဇာတ သတ္တိဖြင့် ကျေးဇူးပြုခြင်းသည် (ခန္ဓာကိုယ်ရှိ) ရုပ်အစဉ် အဆက်ကို တာရှည်တည်တံ့ စေခြင်းငှာ အကျိုးရှိ၏- ဟူ၍ မှတ်ပါလေ။

## ဘုံသုံးမျိုးဖြင့် ဝေဖန်၍ ပြဆိုခြင်း

ဤပစ္ဆာဇာတ ပစ္စည်းသည် 'နာမ်တရားက ရုပ်တရားအား ကျေးဇူးပြုသည် ဖြစ်၍ ရုပ်နာမ် နှစ်မျိုးလုံးနှင့် သက်ဆိုင်သော ပစ္စည်းဖြစ်၏။ ထို့ကြောင့် ဤပစ္စည်းသည် ရုပ်ခန္ဓာတပါးသာရှိသော 'ဧကဝေါကာရ' ခေါ် အသညသတ် ဘုံနှင့်လည်းကောင်း၊ နာမ်ခန္ဓာ လေးပါးသာရှိသော 'စတုဝေါကာရ' ခေါ် အရူပ လေးဘုံနှင့်လည်းကောင်း မသက်ဆိုင်ပဲ၊ ရုပ်နာမ်အစုံ ခန္ဓာ ငါးပါးလုံးရှိသော 'ပဉ္စဝေါကာရ' ဘုံ ၂၆ ဘုံ၌သာ သက်ဆိုင်လေသည်။ ထို့ကြောင့် 'ပဉ္စဝေါကာရဘုံ၌' ဟူ၍ ထည့်ဆို ရလေသည်။ ထို့ပြင် အရူပ

ဝိပါက်စိတ် လေးပါးသည် အရူပဘုံ၌သာ ပဋိသန္ဓေ.ဘဝင် စုတိစိတ်အဖြစ်ဖြင့် ဖြစ်သော စိတ်ဖြစ်၍ ပဥ္စဝေါကာရဘုံများနှင့် မသက်ဆိုင်သောကြောင့် ရုပ်ကို ကျေးဇူး မပြုနိုင်သော ယင်းစိတ် လေးပါးကို ပစ္ဆာဇာတ ပစ္စည်းတရားမှ ကြဉ်ရလေသည်။

တဖန် ပဥ္စဝေါကာရ ၂၆ ဘုံတွင်လည်း ကာမ ၁၁ ဘုံနှင့် ရူပဗြဟ္မာ ၁၅ ဘုံဟူ၍ နှစ်ပိုင်းခွဲခြား မှတ်သားသင့်၏။ အထက်က ပြဆို ခဲ့ပြီးသော ပစ္ဆာဇာတပစ္စည်း၏ သဘောအဓိပ္ပာယ် ရှင်းလင်းချက် တို့မှာ ကာမဘုံသားအများစုကို အဓိကရည်ရွယ်၍ ဆိုသော စကားများ ဖြစ်၏။ ယင်းကာမဘုံသားများတွင်လည်း 'ပဋိသန္ဓေစိတ်ဖြစ်သည်နှင့် တပြိုင်နက် ခန္ဓာ ငါးပါးကိုယ်လက်အင်္ဂါ အပြည့်အစုံ တခါတည်း ဖြစ်နိုင်ကြသော "ဥပပတ်သတ္တဝါများအဖို့ ဘဝသစ်ဖြစ်ရာမှာ အထက်ကပြဆိုခဲ့သလို ကြာမြင့်မှုမရှိကြောင်းကိုလည်း မှတ်သားရာ၏။

တဖန်– ရူပ ၁၅ ဘုံ၌ ဖြစ်သော ဗြဟ္မာကြီးတို့သည် ကာမဘုံသားများကဲ့သို့ အစာအာဟာရကို စားသုံးခြင်း မရှိပဲ၊ 'ပီတိဘက္ခ' ခေါ် ဈာန်ချမ်းသာ၌ ဝမ်းမြောက်မှု ပီတိလျှင် အစာရှိကြကုန်လျက် ကပ်ကမ္ဘာပေါင်းများစွာတို့ တည်နေနိုင်သည့် သတ္တဝါများ ဖြစ်ကြကုန်၏။ ထိုဗြဟ္မာကြီး တို့၏ ကိုယ်၌ 'အာဟာရဇ' ခေါ် ရုပ်ကလာပ်များ မရှိပဲ 'ကမ္မဇ၊စိတ္တဇ၊ဥတုဇ' ဟူသော 'တိဇကာယ' ခေါ် ရုပ်စု သုံးမျိုး အပေါင်းသာ ရှိကြကုန်၏။ ထို့ကြောင့် ထိုဗြဟ္မာကြီးတို့ အဖို့ 'တိဇကာယ'ရုပ်သုံးစု အပေါင်း အားသာ စိတ်၊စေတသိက် နာမ်တရားတို့က ပစ္ဆာဇာတ ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုနိုင်သည် ဟူ၍ ခွဲခြား မှတ်သားရာ၏။ ။

# [ ၁၂ ]အာသေဝနပစ္စည်း

မှတ်ရန်ဆိုရိုး။ ။ဇောတ်တူ အဆုံးဇောကြဉ်သော ရှေးရှေးသော လောကီဇောစိတ် ၄၇၊ စေတသိက် ၅၂ ပါးတို့သည် ပထမဇော၊ ဖိုလ်ဇောကြဉ်သော နောက်နောက်သော ဇောစိတ် ၅၁၊ စေတသိက်၅၂ပါးတို့အား အာသေဝန ပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

## အဓိပ္ပာယ်ရှင်းလင်းချက်

'အာသေဝန'ဟူသည် 'အဖန်ဖန် ဖြစ်စေခြင်း' ဟု အဓိပ္ပာယ်ရှိသဖြင့် တရားတမျိုးတည်းကိုပင် ထပ်၍ထပ်၍ ဖြစ်စေခြင်းဟု သိသာ၏။ သို့ဖြစ်၍ အာရုံခြောက်ပါး တပါးပါးကြောင့်၊ ဥပမာ- ရူပါရုံကြောင့် ဝီထိခေါ် စိတ်အစဉ်ဖြစ်ရာဝယ် ရှေးဦးစွာ ပဉ္စဒွါရာဝဇ္ဇန်း စိတ်ဖြစ်၊ နောက် စက္ခုဝိညာဉ်စိတ်ဖြစ်၊ နောက် သမ္ပဋိစ္ဆိုင်းစိတ်ဖြစ်၊ နောက် သန္တီရဏစိတ်ဖြစ်၊ နောက်ဝုဋ္ဌောစိတ်ဖြစ်- ဤသို့ အမျိုးမတူသော တရားတို့ တမျိုးပြီးတမျိုး ဖြစ်စေခြင်း သည် 'အာသေဝန'မဟုတ်(ပြဆိုခဲ့ပြီးသော အနန္တရသဘောသာဖြစ်၏။) ဆိုလိုသည်မှာ ယင်းစိတ် အမျိုးမျိုးသည် တကြိမ်စီသာ ဖြစ်ရသောကြောင့် အာသေဝန သတ္တိကင်းမဲ့သဖြင့် အားမရှိကြပေ။

ထိုနောက် ဖြစ်သော ဇောစိတ်သည်မူကား ဇောစိတ်တမျိုးတည်းပင်ထပ်၍ ထပ်၍ အကြိမ်ကြိမ်ဖြစ်၏။ ယင်းသို့ ဇောစိတ်တမျိုးတည်းအား ထပ်၍ ထပ်၍ ဖြစ်စေနိုင်ခြင်းကို 'အာသေဝန'ဟု ခေါ်၏ (အနန္တရသတ္တိသည်လည်းပါ၏။) တနည်းဆိုရသော် ဇောစိတ်တခုက မိမိနှင့်အလားတူစွာ အမျိုးတူနောက်တရား

တခု ထပ်၍ထပ်၍ ဖြစ်ပေါ်လာအောင် မိမိ၏သတ္တိအရှိန်ကို ပေးခဲ့ခြင်း၊ မိမိ၏ သတ္တိကို ထုံမွမ်းထားခဲ့ခြင်းသည် 'အာသေဝနသတ္တိ'မည်၏။

ယင်းသို့ ဇောစိတ်တခုက မိမိနှင့် အလားတူ (မျိုးတူ) တရား တမျိုးကို ထပ်၍ထပ်၍ ဖြစ်စေခြင်း၊ အလားတူဖြစ်ရအောင် မိမိ၏သတ္တိအရှိန်ကို ထုံမွမ်း ပေးခြင်းကြောင့် နောက်နောက်ဖြစ်ရသော ဇောစိတ်တို့ဆိုင်ရာကိစ္စ၌ အလေ့ အလာရသဖြင့် အားရှိခြင်း၊ အားအစွမ်းကြီးပွားခြင်း အကျိုး ရှိလေသည်။ ထို့ကြောင့် အာသေဝနပစ္စည်း၏ သဘောသတ္တိကို ရှေးဆရာတို့က "ကျမ်းဂန် (ဂန္ထ)တခုခုကို အထပ်ထပ်ရွတ်ဖတ်လေ့လာမှု၊ နံ့သာ(ဂန္ဓ)အမွှေးအကြိုင်ကို အထပ်ထပ်ထုံမွမ်းမှု"ဟူ၍ ဥပမာနှစ်မျိုးဖြင့် အဓိပ္ပာယ် ဖွင့်ဆိုထားကြ၏။

**ချဲ့ဦးအံ့**— ကျမ်းဂန်ဥပမာ၌ ကျမ်းဂန်တခုကို သင်ယူရာ၌ သင်ကာစဝယ် ခက်ခဲသော်လည်း အလေ့အလာများ၍ တဖြည်းဖြည်း အရှိန် ရသည့်အခါ လွယ်ကူလာ၏။ ထိုသို့ဖြစ်ရာ၌ ရှေးရှေးသင်ယူမှုက နောက်နောက် သင်ယူမှုအား (အားကောင်း အောင်) လွယ်ကူအောင် ထောက်ပံ့ ကျေးဇူးပြု ပေးခြင်းဖြစ်၏။ ထို့ပြင် နံ့သာဥပမာ၌ အဝတ်အထည်ကို နံ့သာအမွှေးအကြိုင် တို့ဖြင့် အထပ်ထပ် ထုံမွမ်းပေးရာတွင် ရှေးရှေး ထုံမှုသည် နောက်နောက် ထပ်၍ထပ်၍ ထုံမှုအား အနံ့ပို၍ ထွက်အောင် (နံ့သာပို၍ အားရှိအောင်) ထောက်ပံ့ကျေးဇူးပြုပေးသည်။ ထို့အတူပင် ဇောစိတ်တို့ အကြိမ်ကြိမ်ထပ်ကာ ထပ်ကာ ဖြစ်ရာဝယ် ရှေးရှေးဇောသည် မိမိနှင့်အလားတူ နောက်နောက် စိတ် အားပို၍ အားကောင်းအောင် ထောက်ပံ့ကျေးဇူး ပြုနိုင်သော သတ္တိသည် 'အာသေဝနသတ္တိ'မည်၏။

## အာရုံနှင့် ဝီထိစိတ်

အာရုံ ခြောက်ပါး တပါးပါးကြောင့် ဝီထိခေါ်စိတ်အစဉ်များ(၁၇ကြိမ်)ဖြစ် ရာဝယ် စိတ် တမျိုးတည်း အကြိမ်များစွာ ( ငါးကြိမ်၊ ခုနစ်ကြိမ်) ဖြစ်သော စိတ်တို့မှာ ဇောစိတ်များသာ ဖြစ်ကြ၏။ ဇောစိတ်တို့သည် ထိုသို့ အကြိမ်ကြိမ် ဖြစ်၍ တက်ကြွစွာ လှုပ်ရှားကြသဖြင့်ဝီထိစိတ်တို့တွင် အားအကောင်းဆုံးသော စိတ်များ ဖြစ်ကြသည်။ ထို့ကြောင့် 'ကာယကံ ဝစီကံ မနောကံ' ဟူသော ကံသုံးပါး တပါးပါးက အကျိုးတရားကို ဖြစ်ထွန်းစေရာတွင် ယင်း ကံ၏ အကျိုးကို ဖြစ်ပေါ်စေနိုင်သည့် သတ္တိရှိသော တရား(စိတ်)မှာ ဤဇောစိတ်

များသာ ဖြစ်၏။ ဇောစိတ်များကြောင့်သာ ပြုလုပ်သော ကံ၏ အကျိုး တရား ပေါ်ထွက်လာခြင်း ဖြစ်၏။ ဇောစိတ်က အရှိန်အဟုန် ပြင်းထန်စွာ အားကောင်းကောင်းနှင့်လှုပ်ရှားဖြစ်ပွားလေလေ၊အကျိုးတရားလည်းကြီးမား ပွားစီလေလေ ဖြစ်၏။

ထိုကဲ့သို့ အကြိမ်ကြိမ် ဖြစ်ကြသော ဇောစိတ်တို့သည် ကုသိုလ်၊အကုသိုလ်၊ ကြိယာ ဟူသော အကြောင်းကံတရားများ ဖြစ်ကြ၏။ ယင်းတို့၏ အကျိုးတရား များကား ဝိပါက်စိတ်များ ဖြစ်ကြ၏။ ဇောစိတ်သုံးမျိုးအနက် 'ကုသိုလ်၊ အကုသိုလ်'ဟူသော အကြောင်းကံ တရားတို့သည် အကျိုးဝိပါက် တရားများကို အကြောင်း ညီညွတ်လျှင် ကေန် ဖြစ်စေနိုင်သော တရားများ ဖြစ်ကြ၏။

ကြိယာဇောစိတ်များမှာမူကား "ဘဝ၏ အကျိုးတရားများကို ခံစားခွင့် မရှိတော့သော၊ဘဝသံသရာ အဆုံးသတ်တော့မည် ဖြစ်သော" ရဟန္တာ ပုဂ္ဂိုလ် မြတ်တို့၏ သန္တာန်မှာသာ ဖြစ်ကြသည့် စိတ်များဖြစ်သောကြောင့် ဝီထိစိတ် အစဉ်၌ အကြိမ်များစွာ ဖြစ်ကြသော်လည်း (နောင်ဘဝ မရှိတော့သည့်) ရဟန္တာ ပုဂ္ဂိုလ်မြတ်တို့အား တစုံတရာသော အကျိုးတရားများကို မပေး စွမ်းနိုင်တော့ချေ။ (အပင်ပေါက်စေနိုင်သည့် အရင်းခံ ဓာတ်မရှိတော့သော သစ်စေ့သည် ရေမည်မျှ လောင်းပေးသော်လည်း အပင်မပေါက်နိုင်တော့ သကဲ့သို့) ဘဝသစ်၏ ဗီဇဓာတ်အကြောင်း ကံတရားကို လုံးဝ ပယ်ဖြတ်ပြီး ဖြစ်သော ရဟန္တာပုဂ္ဂိုလ်မြတ်တို့အား နောင်ဘဝဖြစ်ခွင့် မရှိတော့သဖြင့် ပြုသမျှ ကံတို့မှာ အနာဂတ်အကျိုးတရားများကို မဖြစ်စေနိုင်တော့ချေ။

(ထိုကြောင့် ကုသိုလ်၊ အကုသိုလ် ကံစိတ်တို့သည် နောင်ဘဝဖြစ်ကြဦးမည့် ရဟန္တာ မဟုတ်သော ပုဂ္ဂိုလ်တို့အဖို့ အပင်ပေါက်စေနိုင်သည့် အရင်းခံ ဗီဇ ဓာတ်ရှိသော သစ်စေ့နှင့် တူ၍၊ ကြိယာ စိတ်တို့သည်ကား နောင်ဘဝ မရှိ တော့သော ရဟန္တာ ပုဂ္ဂိုလ်မြတ်တို့အဖို့ အပင်ပေါက်စေနိုင်သည့် အရင်ခံ ဗီဇဓာတ် မရှိတော့သော မျိုးစေ့နှင့် တူကုန်၏။)

သို့ဖြစ်၍ ဇောစိတ်တို့သည် ဝီထိစိတ်အစဉ်၌ မိမိ မဖြစ်မီ ရှေးအဖို့၌လည်း ဖြစ်စေဖို့ရန် လုံ့လ ပယောဂစိုက်ရ၏။ ဖြစ်သည့်အခါလည်း အကြိမ်ကြိမ် ဖြစ်၍ ထက်မြက်အားရှိအောင် လုံ့လ ပယောဂ စိုက်ကြရသော စိတ်များ ဖြစ်၏။ အကျိုးပေးမှု မပေးမှုကား ပုဂ္ဂိုလ် အမျိုးအစား အပေါ်မှာ မူတည် သည်။ ကံ၏ အကျိုးတရားကို နောင်ဘဝ၌ ခံစားရဦးမည့် ရဟန္တာမဟုတ်

သူတို့၏ သန္တာန်၌ ကောင်းကျိုး၊ ဆိုးကျိုးကို ပေးနိုင်သည့် 'ကံ'စိတ်များသည် ကုသိုလ်၊ အကုသိုလ် ဇောစိတ်များ ဖြစ်၏။ ကံ၏အကျိုး ဝိပါက်တရားကို မခံစားရတော့သော ရဟန္တာ ပုဂ္ဂိုလ်မြတ်တို့၏ သန္တာန်၌ အကျိုးမပေးတော့သည့် 'ကံ'စိတ်များကိုမူ ကြိယာစိတ် (ပြုခြင်းမျှဖြစ်သောစိတ်) ဟူ၍ ခေါ်ဝေါ်ရလေသည်။

အကျိုးဝိပါက်စိတ်များမှာမူကား- ကံအားလျော်စွာ ယခုဘဝ၌ အလိုလိုဖြစ်ပေါ်လာသော တရားများဖြစ်၍ လုံ့လပယောဂ၊ တက်ကြွမှု၊ အရှိန်အဟုန်၊ အားအစွမ်းမရှိသော စိတ်များဖြစ်ကြ၏။ (မိမိကိုယ်ကို ချမ်းသာအောင်ဆိုပြီး ထိုထို အလုပ်ဟူသမျှကို ပင်ပန်းကြီးစွာ လုပ်ကိုင်ခြင်းသည် ကုသိုလ်၊ အကုသိုလ် ဇောစိတ်=ကံစိတ်များနှင့် တူ ပြီး၊ ပြုခဲ့ ပြီးသမျှသော အမှု၏ အကျိုးကို အလိုလို ရရှိခံစားရခြင်းသည် အကျိုး ဝိပါက်စိတ်များနှင့် တူ၏။)

## ပစ္စည်းနှင့်ပစ္စယုပ္ပန်

ဇော စိတ် တို့ မှာ ၅၅-ပါး ရှိ ၏။ ယင်း တို့ ကား– အကုသိုလ်စိတ်- ၁၂၊ ကုသိုလ်စိတ်- ၂၁။ အဟိတ်စိတ်ထဲမှ အာဝဇ္ဇန်းစိတ် နှစ်ပါးကြဉ်သော ကြိယာစိတ်-၁၈၊ ဖိုလ်စိတ်-၄-ပေါင်း ၅၅ ပါးတို့ဖြစ်၏။ ထိုဇောစိတ် ၅၅-ပါးတွင် မဂ်စိတ်-၄ နှင့် ဖိုလ်စိတ်-၄ ဟူသော စိတ် ရှစ်ပါးတို့မှာ လောကုတ္တရာ ဇောစိတ်များဖြစ်၍ ကြွင်းသော ဇောစိတ် ၄၇-ပါးတို့ကား လောကီဇော စိတ်များဖြစ်၏-ဟူ၍ နှစ်မျိုးခွဲခြားပြီး မှတ်သားထားပါ။

အာသေဝနပစ္စည်းတရား၌ လုံ့လပယောဂဖြင့်လည်း ပြုသော၊ အရှိန်အဟုန်လည်းရှိသော လောကီဇောစိတ် ၄၇-ပါး တို့ သာ ပါဝင် နိုင်သည်။ မဂ်ဇောတို့သည် တကြိမ်တည်းဖြင့် (ဆိုင်ရာ) ကိလေသာသတ်ခြင်း ကိစ္စကို ပြီးပြတ်အောင် ရွက်ဆောင်ရကား– မိမိနောက်၌ မဂ်စိတ်တခု ဖြစ်စေရန် အရှိန်အငွေ့ (အာသေဝနသတ္တိ)ပေးဖို့ရာ ဗျာပါရ မရှိကြချေ။ မိမိနောက်၌ ဖြစ်သော ဖိုလ်ဇောအားလည်း ကုသိုလ်ဇာတ်(=မဂ်စိတ်) နှင့် အဗျာကတ ဇာတ်(=ဖိုလ်စိတ်)ဖြစ်၍ ဇာတ်ချင်းမတူသောကြောင့် မိမိ၏ သဘောသတ္တိ အရှိန်အငွေ့ကို မထုံမွမ်းနိုင်ချေ။ ထိုကြောင့် မဂ်ဇော၌ အာသေဝန သတ္တိ မရှိ။ ဖိုလ်ဇောတို့ကား ကံအားလျော်စွာ ဖြစ်ရသော အကျိုးတရားမျှသာ

ဖြစ်၍ အထူးပြုပြင်တတ်သော အရှိန်အငွေ့သတ္တိ မရှိကြချေ။ ထို့ကြောင့် ဖိုလ်ဇောနှင့်တကွ ဝိပါကစိတ်ဟူသမျှကို အာသေနဝ ပစ္စည်းမထိုက်ရုံမျှမက၊ ကံပစ်ချတိုင်း ဖြစ်ရသော တရားများသာ ဖြစ်သောကြောင့် သူတပါး၏ အယုံအငွေ့ကို မယူနိုင်ကြသဖြင့် ပစ္စယုပ္ပန် တရားမှာလည်း မပါဝင်နိုင်ကြချေ။

မဂ်စိတ်-၄၊ ဖိုလ်စိတ်-၄ တို့တွင် ဝိပါကဖြစ်သော ဖိုလ်စိတ်လေးပါးသည် ဝိပါကစိတ် ဖြစ်၍ ပစ္စည်း, ပစ္စယုပ္ပန် နှစ်ပါးစုံ၌ မပါဝင်နိုင် သော်လည်း ကုသိုလ် ဖြစ်သော မဂ်စိတ် လေးပါးမှာမူ ပစ္စယုပ္ပန် တရား ဖြစ်နိုင်သည်။ ထို့ကြောင့် ပစ္စယုပ္ပန်ကရားဘက်၌ မဂ်စိတ် ၄-နှင့် လောကီဇောစိတ် ၄၇-ပေါင်း ဇောစိတ် ၅၁-ဟု ဆိုရလေသည်။ အဘယ့်ကြောင့် မဂ်စိတ်လေးပါးမှာ ပစ္စယုပ္ပန်တရား၌ ပါဝင်ရသနည်း ဟူမူ—အာသေဝန ပစ္စည်း၏ သဘောမှာ 'ကုသိုလ်ချင်း၊ အကုသိုလ်ချင်း၊ ကြိယာချင်း' ဟူ၍ အမျိုးတူ ဇာတ်တူက အာသေဝနသတ္တိဖြင့် ကျေးဇူး ပြုနိုင်ရကား ထိုမဂ်ဇောသည် မိမိဖြစ်ပေါ် ရဖို့အရေး၌ ရှေးရှေး၌ဖြစ်သော လောကီ ကုသိုလ်ဇောတို့၏ အာသေဝန သတ္တိဖြင့် ကျေးဇူးပြုခြင်းကို ရယူလေသောကြောင့်တည်း။

သိုးရုံးတွင်– 'ဇာတ်တူအဆုံးဇော ဟူရာ၌ ကုသိုလ်ဇောချင်း၊ အကုသိုလ် ဇောချင်း၊ ကြိယာဇောချင်းဟူသော ဇောတို့၏ အဆုံးဇောတည်း။ အဆုံး ဇောဟူသည် ဝီထိစိတ်အစဉ်ဖြစ်ရာဝယ် ဇောခုနစ်ကြိမ်စောရာ၌ သတ္တမ ဇောလည်းကောင်း၊ ဇောငါးကြိမ်စောရာ၌ ပဉ္စမဇော လည်းကောင်း၊ အကြိမ်များစွာစောသော စျာန်ဇောတွင် အဆုံးဇော လည်းကောင်း ဖြစ်၏။ ထိုအဆုံးဇောများနောင် နောက်ထပ်ဇောမရှိသောကြောင့် ထိုဇောများက အာသေဝနသတ္တိဖြင့် တရားတပါးအား ကျေးဇူးပြုရော မရှိ၍ ယင်းအဆုံး ဇောများကို ပစ္စည်းတရားမှ ကြဉ်ရလေသည်။ ဇောခုနစ်ကြိမ်စောရာ၌ ပထမ ဇော၏ အရှိန်အငွေ့ကို ဒုတိယဇောက ရ၏။ ဒုတိယဇော၏ အရှိန်အငွေ့ကို တတိယဇောက ရ၏....ဤသို့စသည် ဆဋ္ဌမဇော၏ အရှိန်အငွေ့ကို အဆုံး ဖြစ်သည့် သတ္တမဇောက ရ၏။ ယင်းသတ္တမဇော၌ အရှိန်အငွေ့ အာသေဝန သတ္တိကုန်သွားပြီဖြစ်၍ အာသေဝနပစ္စည်းအဖြစ်မှ ကြဉ်ရလေသည်။ အခြား သော အဆုံးဇောများ၌လည်း ဤနည်းအတိုင်း အာသေဝနသတ္တိ မရှိကြောင်း ကို သိပါလေ။

(တစုံတခုသောကံကို ပြုရာ၌မူ သတ္တမဇောကျမှ ကံအထမြောက်လေသည်။ ထို့ကြောင့် ပဋ္ဌာနန္တရိယခေါ် ကံကြီးငါးပါး အစရှိသော ကံတို့မှာ သတ္တမဇောသာ ဖြစ်ရလေသည်)

ပစ္စယုပ္ပန်တရား၌ 'ပထမဇောကို ကြဉ်ရသည်' မှာ မိမိတို့ ရှေ့က အာသေဝန သတ္တိဖြင့် ကျေးဇူးပြုနိုင်သည့် (ဇာတ်တူဇော-ဖြစ်သော) တရား မရှိသောကြောင့် ဖြစ်၏။ ဤပထမဇော ဟူသည်မှာလည်း ကာမဇောပင် ဖြစ်၏။ ဈာန်,ဇော,မဂ်ဇောဟူသမျှမှာ မိမိတို့ရှေ့က ဂေါတြဘူ၊ ဝေါဒါန် ကိစ္စတပ်သော ကာမဇော၏ အာသေဝန အထုံကို အမြဲရကြသည်။

အာသေဝနပစ္စည်း၌ 'ကုသိုလ်ဇောချင်းချင်း၊ အကုသိုလ်ဇော အချင်းချင်း၊ ကြိယာဇောအချင်းချင်း' ဟူ၍ ဇာတ်တူဇောမှန်လျှင် အချင်းချင်းအား ကျေးဇူးပြုနိုင်သည် ဖြစ်သောကြောင့် ကာမဇောသည် ကာမဇောအပြင် ရူပဈာန်ဇော, အရူပဈာန်ဇော, လောကုတ္တရာ မဂ်ဇောတို့ အားလည်း (ဘုံမိ=ဘုံ-ဟု ခေါ်သော စိတ်အဆင့် အတန်းချင်း မတူကွဲပြား ခြားနားသော်လည်း) အာသေဝနသတ္တိဖြင့် ကျေးဇူးပြုနိုင်သည်သာတည်း။ ကုသိုလ်ဇောချင်း(ကြိယာဇောချင်း) တူဖို့သာ အရေးကြီးသည် ဟူ၍ မှတ်ထားရာ၏။

## ဥပနိဿယနှင့် အာသေဝန

ရှေးရှေးဘဝဟောင်းတို့၌ အဖန်တလဲလဲ မှီဝဲထုံအပ်, ပွားများအပ်, အကြိမ်များစွာလေ့ကျက်အပ်ကုန်သော ကုသိုလ်, အကုသိုလ် တရားတို့သည် နောက်နောက် ဖြစ်ပွားဘဝများစွာတို့၌အားကြီးသည်ထက်အားကြီးအောင် ကုသိုလ်, အကုသိုလ်တရားများဖြစ်ပွားစေခြင်းငှာ 'အာသေဝန'ပစ္စယသတ္တိဖြင့်ကျေးဇူးပြုကြကုန်၏။ ထိုတွင် ကာလတပါး၌ လည်းကောင်း၊ ဘဝ တပါး၌ လည်းကောင်းထိုကဲ့သို့သော ကုသိုလ်,အကုသိုလ်တရားများဖြစ်ပွားစေခြင်းငှာ ကျေးဇူးပြုသော ပစ္စည်းသည် '**ဥပနိဿယ**' ပစ္စည်း မည်၏။ ထိုကုသိုလ်, အကုသိုလ်တရားတို့ အားရှိသည်ထက် အားရှိအောင် ကျေးဇူးပြုသော ပစ္စည်းသည်'**အာသေဝန**'ပစ္စည်း မည်၏။ ။

# [၁၃] ကမ္မ ပစ္စည်း

မှတ်ရန်ဆိုရိုး။ ။ကမ္မပစ္စည်းသည် နာနက္ခဏိကကမ္မနှင့် သဟဇာတကမ္မ ဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင်—

## (က) နာနက္ခဏိကကမ္မပစ္စည်း

“အတိတ်ဖြစ်သောကုသိုလ်စိတ် ၂၁၊ အကုသိုလ်စိတ် ၁၂-ဟူသော စိတ် ၃၃ ပါးတို့၌ ပါရှိသည့် စေတနာ(စေတသိက်) ၃၃ ပါးတို့သည် အကျိုးဖြစ်သော ဝိပါက်စိတ် ၃၆။ ယှဉ်ဖက်စေတသိက် ၃၈ ပါး ဟူသော နာမ်ခန္ဓာအား လည်းကောင်း၊ ကံ(စေတနာ)ကြောင့် ဖြစ်သော ကမ္မဇရုပ်တို့အား လည်း ကောင်း နာနက္ခဏိကကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။”

## (ခ) သဟဇာတကမ္မပစ္စည်း

“စိတ် ၈၉ ပါးလုံး၌ ပါရှိသော စေတနာ (စေတသိက်) ၈၉ ပါး တို့သည် ယှဉ်ဖက်ဖြစ်သော စိတ်၈၉ ပါးနှင့်(စေတနာကြဉ်သော) ယှဉ်ဖက်စေတသိက် ၅၁ ပါးတို့အားလည်းကောင်း၊ ထိုစေတနာကြောင့် ဖြစ်သော စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်တို့အား လည်းကောင်း သဟဇာတ ကမ္မပစ္စယ သတ္တိဖြင့် ကျေးဇူးပြုကုန်၏။

## အဓိပ္ပာယ်ရှင်းလင်းချက်

စေတနာ’ဟူသည် ‘စေ့စော်ခြင်း၊ တိုက်တွန်းခြင်း၊ ပြုပြင်စီရင်ခြင်း’ သဘော ရှိသော စေတနာစေတသိက်တည်း။ ယင်းစေတနာစေတသိက်သည် စိတ် ၈၉

ပါးလုံး၌ ယှဉ်၍ဖြစ်၏။ 'ကမ္မ' (ကံ) ဟူသည် ပြုလုပ်ခြင်း သဘောတည်း။ ကိုယ်ဖြင့် လည်းကောင်း၊ နှုတ်ဖြင့် လည်းကောင်း၊ စိတ်ဖြင့် လည်းကောင်း ပြုလုပ်ခြင်းဟူမျှသည် ကံမည်သည်သာတည်း။ ထို့ကြောင့် ကာယကံ, ဝစီကံ မနောကံဟူ၍ ကံသုံးပါးစကား ဖြစ်ပေါ်လာရသည်။

ထိုကံသုံးပါးဖြင့် ပြုလုပ်ခြင်းဟူသမျှ၌ စိတ်, စေတသိက် ဟူသော နာမ်တရားတို့အား စေ့ဆော်တိုက်တွန်းပေးသည့် 'စေတနာ' စေတသိက် ပါသည်ချည်းသာတည်း။ စေတနာ၏ စေ့ဆော် တိုက်တွန်းမှု မပါပဲ (အကျိုးပေးနိုင်လောက်အောင် ကံအထမြောက်သည့်) မည်သည့် ကံတပါးကိုမျှ မပြုလုပ်နိုင်ချေ။ ကံသုံးပါးလုံးကို စေတနာဖြင့်သာ ပြုကြရကုန်၏။ စေတနာ သည် ကံသုံးပါးလုံးတို့၌ အကြီးအမှူးဖြစ်၏။ ကံသုံးပါးကိုပြုတိုင်း စေတနာပါရသည်သာတည်း။ စေတနာပါမှလည်း ကံသုံးပါး ပြီးစီးအထမြောက်နိုင်၏။ ထိုသို့ စေတနာသည် အမှုကံဟူသမျှကို ပြုကြောင်း၊ ပြီးစီးစေကြောင်း ဖြစ်သောကြောင့် 'ကံ'မည်၏။

ဤသို့လျှင် ကံ(ကမ္မ)နှင့် စေတနာတို့မှာ အမည်ကွဲသော်လည်း တသီးတခြား ခွဲခြားယူ၍မရစကောင်းသော တရားများဖြစ်ကြ၏။ တနည်းအားဖြင့် စေတနာသည် အမှုကံဟူသမျှကို ပြီးစီးအောင် လုပ်ဆောင်သော 'လက်သည်' အစစ်ဖြစ်သောကြောင့် စေတနာသည်ပင် 'ကံ'ဖြစ်ရလေသည်။ ထို့ကြောင့်လည်း ဘုရားရှင်က "စေတနာ ဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" (ရဟန်း တို့ စေတနာကိုပင် ကံဟူ၍ ငါဘုရားဆိုတော်မူ၏)ဟူ၍ ဟောကြားတော်မူခဲ့၏။ အချုပ်အားဖြင့် 'ကံ၊ ကံ'ဟူ၍ လောကလူအများ ပြောဆို နားလည်နေအပ်သော သဘောတရားကား အခြားမဟုတ် အဘိဓမ္မာသဘောအရ ပရမတ္ထအားဖြင့် တရားကိုယ် အမှန် စစ်ထုတ်လိုက်ပါက ဤ 'စေတနာ'စေတသိက်ပင်တည်းဟူ၍ မှတ်ထားပါလေ။

## သတ္တဝါတို့၏ အရှင်သခင်

သတ္တဝါတို့သည် နေ့စဉ်နှင့်အမျှကာယကံ, ဝစီကံ, မနောကံ ယူသော အမှုကံသုံးပါး တို့ကိုအဆက်မပြတ် လုပ်ကိုင်နေကြကုန်၏။ ထိုသို့ ပြုလုပ်ကြရာတွင် ကောင်းသောအမှုကံ (ကုသိုလ်)ဟို့ကိုပြုလုပ်သည့်လည်းရှိ၏။ မကောင်းအမှုကံ

(အကုသိုလ်)တို့ကို ပြုလုပ်သည်လည်းရှိသည်။ ထိုသို့ပြုလုပ်အပ်သော ကောင်းသောအမှုကံ၊ မကောင်းသောအမှုကံ အားလျော်စွာ သတ္တဝါတို့သည် ယခုပစ္စက္ခဘဝ၌လည်းကောင်း၊ နောင်တမလွန်ဘဝ၌လည်းကောင်း ကောင်းကျိုးချမ်းသာ မကောင်းကျိုးဆင်းရဲ တို့ကိုခံစားကြရကုန်၏။ ကောင်းသောအမှုကံတို့ကိုပြုလုပ်ကြလျှင် ကောင်းသော ချမ်းသာသော ဘုံဘဝများသို့ ရောက်၍ချမ်းသာသုခကိုခံစားရကြပြီး၊မကောင်းသောအမှုကံတို့ကိုပြုကြလျှင်မကောင်းသော ဆင်းရဲသော ဘုံဘဝများသို့ရောက်၍ ဆင်းရဲဒုက္ခကို ခံစားကြရကုန်၏။

ဤသို့လျှင် သတ္တဝါတို့မှာ မိမိတို့ပြုကြသည့် အမှုကံသာလျှင် အားကိုးရာ မှီခိုရာရှိကုန်၏။ မိတ်ဆွေဖြစ်ကုန်၏။ မိဘဖြစ်ကုန်၏။ အရှင်သခင် ခေါင်းဆောင်ဖြစ်ကုန်၏။ ထိုကံတို့၏ ကောင်းမွေဆိုးမွေတို့ကို ခံယူ ကြရကုန်၏။ ''ကမ္မံသတ္တေ ဝိဘဇတိ(=ကံသည် သတ္တဝါတို့ကို အမျိုးမျိုးဖြစ်အောင် ခွဲခြား၏)–ဟူသည်နှင့်အညီ၊ ၃၁ ဘုံအတွင်း၌ သတ္တဝါအမျိုးမျိုးအဖုံဖုံ ဖြစ်အောင် ဖန်တီးသူ ဖန်ဆင်းသူမှာ ကံသာဖြစ်၏(ဝါ)စေတနာသာလျှင်ဖြစ်၏။သတ္တဝါတို့ကို ဖန်းဆင်းသူ-အဖြစ် သီးခြား ပုဂ္ဂိုလ်-ဟူ၍လုံးဝမရှိ။ ဤသို့ စွဲမြဲစွာ ယုံကြည်ရာ၏။

ထို့ကြောင့် ကံ(ဝါ)စေတနာသည် သတ္တဝါအသီးသီးတို့၏ခေါင်းဆောင် အရှင်သခင်၊ ဖန်းဆင်းရှင်၊ ဗိသုကာဆရာကြီး ဖြစ်၏။ သတ္တဝါတို့သည် မိမိတို့ပြုခဲ့သည့် ကံ၏စီမံရာသို့ သွားရ၊ ရောက်ရပြီး၊ချမ်းသာအမျိုးမျိုး၊ ဆင်းရဲအဖုံဖုံတို့ကိုခံစားကြရသည်သာတည်း။ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်-ဟူသော အပါယ် လေးဘုံသို့ရောက်စေနိုင်သည့် ကံကိုပြုလျှင်၊ထိုဘုံဘဝများသို့ ကျေန ရောက်၏။ လူ့ဘဝကိုရစေနိုင်သည့် ကံကိုပြုလျှင် လူ့ဘဝကိုကျေနရ၏။နတ်ပြည် ခြောက် ထပ် တခုခုသို့ ရောက်စေနိုင်သည့်ကံကို ပြုလျှင် ထိုနတ်ပြည်တခုခုသို့ ကျေနရောက်၏။ အမျိုးပေါင်း ၂၀ ရှိသော ဗြဟ္မာပြည်၊ဗြဟ္မာဘဝတခုခုသို့ရောက်စေနိုင်သည့် ကံကိုပြုလျှင် ထိုဘုံဘဝအသီးသီးသို့ ကျေနရောက်၏။ (ထိုထိုဘုံဘဝသို့အကြောင်းမဲ့ ရောက်ကြရသည်မဟုတ်ကုန်)။

အကယ်၍ ထိုထိုဘုံဘဝ၏ ဆင်းရဲဒုက္ခ အစစ်အမှန်ကို တကယ်သိမြင်၍ ဘဝ၌ တပ်မက်မှု တဏှာနည်းပါးလာပြီး၊ ထိုထိုဘုံဘဝတို့မှ လွတ်ရာလွတ်ကြောင်း အမှုကံတို့ကို ပြုလျှင်လည်း ထိုထိုဘုံဘဝတို့မှ မကြာမီကျေန လွတ်မြောက်တော့မည့် သောတာပန်၊ သကဒါဂါမိ အနာဂါမိဘဝတို့ကို လည်း

ကောင်း၊ နောင်ဘဝသစ်ကောန်မရှိတော့သည့် ရဟန္တာဘဝကို လည်းကောင်း အမှန်မုချ ရောက်နိုင်သည်သာတည်း။

ဤသို့လျှင် "ဘယ်သူမပြု-မိမိမှု" ဆိုသကဲ့သို့၊ မိမိသည်သာ (ဝါ) မိမိပြုသည့် ကံသာလျှင် ၃၁ ဘုံ အတွင်း ဆင်းရဲ-ချမ်းသာ လှည့်လည်ခံစားနေရအောင်လည်းကောင်း၊ ၃၁ ဘုံမှ လွတ်မြောက်၍ နိဗ္ဗာန် ဟူသော ထာဝရငြိမ်းအေးမှု ချမ်းသာအစစ်ကို ရရှိအောင်လည်းကောင်း- မိမိ၏ဘဝ, မိမိ၏ ကံကြမ္မာကို ဖန်တီးနေသည်- (မိမိမှတပါး- တခြားလက်သည် မရှိ) ဟူ၍ တထစ်ချ ယုံကြည်အပ်ပေသတည်း။

စေတနာခေါ် ကံတရားသည် သတ္တဝါတို့အဖို့ အလွန် အရေးပါသည့် တရားကြီးဖြစ်၏။ အစမထင် သံသရာမှစ၍ သတ္တဝါတို့ သန္တာန်၌ အစဉ်ထာဝရ ကိန်းအောင် တည်ရှိလာခဲ့သော စေတနာ ကံတရားသည် ပစ္စက္ခဘဝ, တမလွန်ဘဝမှစ၍ ဘဝအဆက်ဆက် နိဗ္ဗာန်သို့ မရောက်မချင်း ကောင်းကျိုး ဆိုးကျိုး အဝဝကို ကောန်ပေးနေသော ပဓာနတရားကြီး ပေတည်း။ ယင်း စေတနာသည် သတ္တဝါတို့၏ သန္တာန်၌ရှိသော စိတ်, စေတသိက် နာမ်တရားတို့ကိုလည်းကောင်း၊ ကံ, စိတ်ကြောင့်ဖြစ်သော ရုပ်တရားတို့ကိုလည်းကောင်း မိမိအလိုသို့ လိုက်ပါစေ၍ မိမိအသွင်အတိုင်း ဖြစ်စေလျက် 'သဟဇာတ ကမ္မသတ္တိ၊ နာနက္ခဏိက ကမ္မသတ္တိ' ဟူသော အစွမ်းသတ္တိ နှစ်မျိုးဖြင့် ခြေခြေ မြစ်မြစ် ထောက်ပံ့ ကျေးဇူးပြုနေလေသည်။

## (က) နာနက္ခဏိက ကမ္မ

နာနက္ခဏိက ကမ္မ ပစ္စည်းတရားကား ရှေးရှေးအတိတ်က ပြုခဲ့ဘူးသော ကုသိုလ်, အကုသိုလ် စေတနာစုတည်း။(ဝါ)ကုသိုလ်စိတ် ၂၁၊အကုသိုလ်စိတ် ၁၂တို့၌ ပါသော စေတနာပေါင်း ၃၃ ပါးတည်း။ အကျိုး ပစ္စယုပ္ပန် တရားမှ တသီးတခြား ကွဲပြားသော ခဏ=ကာလ (နာနာ+ခဏ)၌ ဖြစ်သော စေတနာသည် 'နာနက္ခဏိက ကမ္မ'မည်၏။စေတနာ (ကံ)ဖြစ်ရာခဏ (ကာလ) က တခြား၊ အကျိုးပေးရာ ခဏ (ကာလ)က တခြားတည်း။(ဝါ) စေတနာ ကံ၏ ဖြစ်ရာခဏသည် ရှေ့ဖြစ်ပြီး၊ ယင်း၏ အကျိုးပစ္စယုပ္ပန် ဖြစ်ရာခဏက နောက်ဖြစ်၏ဟု ဆိုလိုသည်။

ဤစေတနာ (ကံ)ကို မျိုးစေ့ ဥပမာဖြင့် ပြဆိုကြ၏။ မျိုးစေ့သည် မြေ၊ ရေ စသော အကြောင်း, အထောက်အပံ့ရလျှင် ကြီးကျယ်သော သစ်ပင်ကြီးကို ဖြစ်စေနိုင်၏။ထို့အတူ နာနက္ခဏိက ကမ္မစေတနာသည် "ဂတိ၊ကာလ၊ ဥပဓိ၊ ပယောဂ"ဟူသောအကြောင်း အထောက်အပံ့ကိုရလျှင် ကြီးကျယ်သော အကျိုးဝိပါက် နာမ်ခန္ဓာနှင့် ကမ္မဇရုပ်များကို ဖြစ်စေလျက်၊ ခန္ဓာ အစဉ်ဘဝ တည်းဟူသော သစ်ပင်ပေါက်အောင် ထမြောက်ဖြစ်ပေါ်စေနိုင်၏။ ဤသို့လျှင် စေတနာကံသည် မျိုးစေ့နှင့်တူ၍ အကျိုးဝိပါက် (ပစ္စယုပ္ပန် တရား)သည် သစ်ပင်နှင့် တူလေ၏။

နောက် ဆက်လက် ဖော်ပြလတ္တံ့သော 'သဟဇာတ ကမ္မ' ပစ္စည်း၌ 'စေတနာကံ'သည် မိမိနှင့်အတူတကွ ဖြစ်ကြသည့် အကျိုးပစ္စယုပ္ပန် ရုပ်နာမ် တရားတို့အား ကျေးဇူးပြုသည်။ (ဝါ) စေတနာကံသည် အကျိုးပစ္စယုပ္ပန် တရားတို့နှင့် တပြိုင်နက်သော ခဏ၌ အတူတကွ ဖြစ်၏။ ဤ 'နာနက္ခဏိက ကမ္မ' ပစ္စည်း၌ကား စေတနာ ကံသည် ရှေးဦးစွာဖြစ်၍၊ မိမိ ဖြစ်ပြီးနောက် အခြားတပါးသော ကာလ၌သာ အကျိုးပစ္စယုပ္ပန် တရားတို့အား ကျေးဇူး ပြုသည်။ စေတနာကံ တခုတည်းကပင် ဤသို့သော အမှုကိစ္စ နှစ်ခုကို ပြီးစေနိုင်၏။

ဥပမာအားဖြင့် ဆီးမီးသည် တကြိမ်မျှ ထွန်းပြောင် လျှင် အမှောင်ကိုလည်းခွင်း, အလင်းကိုလည်းဆောင်၊ ဤသို့ နှစ်ကိစ္စကို တပြိုင်နက် ပြီးစေနိုင်သကဲ့သို့၊ ထို့အတူပင် ကုသိုလ်, အကုသိုလ် စေတနာ(ကံ)သည်လည်း မိမိနှင့် တကွ ဖြစ်ဖက်တရားတို့အား 'သဟဇာတ ကမ္မ' သတ္တိဖြင့် ကျေးဇူး ပြုပေးသည့်အပြင်၊ နောင်ဖြစ်ပေါ်မည့် အကျိုးဝိပါက် တရားတို့အားလည်း 'နာနက္ခဏိက ကမ္မ'သတ္တိဖြင့် ကျေးဇူးပြုနိုင်သော သတ္တိထူးကို ချန်ရစ်ခဲ့ပြီး၊ ချုပ်ပျောက် သွားလေသည်။

### မရှိပဲနှင့် အကျိုးပေးပုံ

ကုသိုလ်, အကုသိုလ် စေတနာသည် (အခြားသော နာမ်တရားများ ကဲ့သို့ပင်)ဖြစ်ပြီးနောက် ချက်ချင်း ပျောက်သွားလေ၏။ယင်းသို့ ချုပ်ပျောက် သွားပြီးသော စေတနာသည် ခဏ(ကာလ)အားဖြင့်ကွာခြား၍လည်းကောင်း၊

ဘဝများစွာ ကွာခြား၍ လည်းကောင်း အကျိုးဝိပါက်ကို ဖြစ်စေ၏- ဟူရာ၌ သာမန် အပေါ်ယံ စဉ်းစားကြည့်လျှင် ယုံနိုင်စရာမရှိဟု ထင်ရ၏။ သို့သော် လောက၌ ထင်ရှားမရှိပဲလျက် အကျိုးပေးသည့်အရာမျိုးတွေ များစွာရှိပေ၏။ ဥပမာအားဖြင့်—

(၁) အမြော်အမြင်ရှိသော မိဘတို့သည် မိမိတို့သားသမီးကို ငယ်ရွယ် နုနယ်စဉ်က ကျန်းမာ စေကြောင်း အစားကောင်း, ဆေးကောင်း များကို ကျွေးမွေး၏။ ထိုဆေး, ထိုအစာနှင့် ထိုဆေးအစာတို့ကြောင့် ဖြစ်သော ရုပ်တို့ သည် ကာလအတော်ကြာသော် စွဲမြဲတည်ရှိကြတော့သည် မဟုတ်။ သို့ရာတွင် ထိုသူငယ်တို့ ကြီးရင့်သည့်အခါ သူတကာထက် ကျန်းမာထွားကျိုင်း၍သန့်ရှင်း သည့် ရုပ်အဆင်း ရှိကုန်၏။

(၂) ထို့ပြင် ငယ်ရွယ်စဉ်က သင်ကြားထားသော နှုတ်မှု, လက်မှု, စိတ်မှု အတတ်တို့သည် ကာလအတန်ကြာသော် ခန္ဓာကိုယ်အတွင်း၌ စွဲမြဲတည်ရှိကြ တော့သည် မဟုတ်။ အချို့အတတ်များကို မှတ်ပင် မမှတ်မိတော့ချေ။သို့သော် ငယ်ရွယ်စဉ်က သင်ကြားမှုကြောင့် ကြီးရင့်သည့်အခါ(ဝါ) အောက်အောက် အတန်း၌ သင်ကြားမှုကြောင့် အထက် အထက်တန်းမှာ ကျေးဇူး ပြုလျက် အသိဉာဏ်တိုးတက်ကြကုန်၏။ ထိုကဲ့သို့ မရှိတော့ပဲ ချုပ်ပျောက်ပြီး နောက်မှ ကျေးဇူး ခံစားရသော်လည်း အခြားသူခံစားရသည်မဟုတ်။ ထိုသူပင် ခံစား ရသည်။

ဤသို့လျှင် ချုပ်ကွယ်ပြီး နောက်မှ ကျေးဇူး ခံစားရသော အ ရာ တွေ လောကမျက်မြင်အထင်အရှားရှိနေရကား ဤကုသိုလ်,အကုသိုလ် စေတနာတို့ ချုပ်ကွယ်ပြီးနောက်မှ အကျိုးပေးခြင်း၌ ယုံမှားဖွယ်မရှိထိုက်တော့ပြီ။

## သတ္တိထင်ရှားရှိပုံ

ကုသိုလ်, အကုသိုလ် စေတနာတို့သည် ချုပ် ပျောက် သွားပြီဟု ဆိုသော် လည်း 'ပြီးပြီးပျောက်ပျောက်'ဆိုသလို ဘာမျှအစအနမကျန်အောင် ချုပ်ကွယ် သွားကြသည်မဟုတ်။ ဥပါဒ်-ဌီ-ဘင် (ဖြစ်-တည်-ပျက်) ခဏငယ် သုံးချက် စေ့၍ ပရမတ္ထ အထည်တရားကိုယ် သဘောပျောက်ကွယ် သွားသော်လည်း ကုသိုလ်, အကုသိုလ် စေတနာ၏သတ္တိမှာ ကျန်ရစ်ခဲ့ပေ၏။ ဤနေရာ၌ အာရုံ

ခြောက်ပါး တပါးပါးကြောင့် ဝီထိခေါ် စိတ်အစဉ်ဖြစ်ပုံကို စဉ်းစားကြည့်သင့်၏။ သာမန်အာရုံကို အာရုံပြု၍ သာမန်အမှုကိစ္စကိုပြုခြင်းမှ ဖြစ်ပေါ်လာသော ကုသိုလ်,အကုသိုလ် ဇောစိတ်ဖြစ်ပုံမှာ မသိသာသော်လည်း တကယ်ထက်သန်သော စေတနာဖြင့် ပြုသည့် ကုသိုလ်, အကုလ် ဇောစိတ်တို့ ဖြစ်ပုံမှာ အလွန်သိသာထင်ရှား၏။

ချစ်စဖွယ်, တပ်မက်ဖွယ်အာရုံတခု၌ လောဘဇောစိတ် ဖြစ်ပုံ၊ မုန်းတီးဖွယ်ရွံရှာဖွယ်အာရုံ၌ ဒေါသစိတ်ဖြစ်ပေါ်ပုံ။ ဘုရားစသည်ကို လေးနက်စွာ အာရုံပြုရာ၌လည်းကောင်း၊ အလှူအတန်းကို ဝမ်းမြောက်ရွှင်လန်းစွာ ပေးလှူရာ၌လည်းကောင်း ကုသိုလ်ဇောစိတ်ဖြစ်ပုံတို့ကို ကိုယ်တွေ့ကြုံသမျှစဉ်းစားကြည့်ပါ။ ထိုအခါ၌ စိတ်စေတနာထက်သန်ပုံသည် တက်တက်ကြွကြွ ထက်ထက်သန်သန် ရှိလှ၏။ ထို့ကြောင့် ထိုစေတနာတွေ ဥပါဒ်-ဋ္ဌီ-ဘင် ခဏငယ်သုံးချက်စေ့၍ ချုပ်ကွယ်သွားသော်လည်း စေတနာ၏သတ္တိမှာ ခန္ဓာအစဉ်၌ (ဝါ) ပြုသူ၏အဇ္ဈတ္တသန္တာန်ထဲ၌ အဖတ်တင်ရစ်၏။အနန္တရပစ္စယသတ္တိဖြင့်စိတ်တခုက စိတ်တခုအား ကျေးဇူးပြုလျက် ဆက်သွယ်နေရာ၌ ထိုစိတ်အစဉ်ဝယ် စေတနာပေါင်းများစွာ၏သတ္တိပေါင်းများစွာသည် ကိန်းပါဝင်လျက်ရှိလေတော့၏။

ထို့ကြောင့် "ကာလ, ဂတိ, ဥပဓိ, ပယောဂ" ဟူသော အကြောင်း အထောက်အပံ့ ညွှတ်ဖျင်းသည့်အခါ အကုသိုလ် စေတနာ၏ သတ္တိကြောင့် မကောင်းကျိုး ပေါ်ထွက်လာ၍ ကာလ· စသည်အကြောင်း အထောက်အပံ့ ကောင်းမွန်သည့်အခါ ကုသိုလ်စေတနာ၏ သတ္တိကြောင့် ကောင်းကျိုးပေါ် ထွက်လာ၏။ မျိုးစေ့တခုလျှင် ဆိုင်ရာသစ်ပင်ကို တကြိမ်ပေါက်စေပြီးနောက် ထိုမျိုးစေ့ ပျက်စီးပျောက်ကွယ်သွားသကဲ့သို့ ထို့အတူပင် စေတနာကံ၏ သတ္တိအရှိန်သည် ဆိုင်ရာ အကျိုးကို (ထိုက်တန်စွာ) ပေးပြီးသည့်အခါ ကုန်ခန်းသွားလေတော့၏။

ထို့ကြောင့် စေတနာကွယ်ပျောက်ရာ၌ တရားကိုယ်သာ ကွယ်ပျောက်၍ သူ၏ 'နာနက္ခဏိကကမ္မ' သတ္တိမှာ မပျောက်မပျက်ပဲ (ပြာဖုံးနေသည့်မီးကျီးခဲ ပမာ) ခန္ဓာအစဉ်၌ အနုသယဓာတ်အနေဖြင့် အစဉ်ကိန်းဝပ်လျက် ဘဝ အဆက်ဆက်တွင် လိုက်ပါတည်ရှိရစ်လေ၏။ အကျိုးပေးပြီးသည့် အခါမှသာ (သို့မဟုတ်-အကျိုးပေးခွင့် မရတော့၍ အဟောသိကံ ဖြစ်သွားသည့် အခါမှသာ) ထိုစေတနာတို့၏ သတ္တိမှာ လုံးဝကင်းရှင်း ချုပ်ပျောက်သွားလေ၏။

ထိုကြောင့် ပြုလိုက်ပြီးသော စေတနာသည် ပရမတ်တရားကိုယ် အဖြစ်မှ ချုပ်ပျောက်သွားသော်လည်း၊ ကမ္ဘာအသင်္ချေ ကုန်ဆုံးလေလည်း ကျေပျက်ခြင်းမရှိပဲ 'တဏှာ၊ မာန၊ ဒိဋ္ဌိ' တို့ဖြင့် နှောင်ဖွဲ့နေသော သတ္တဝါတို့သန္တာန်မှာ အကျိုးပေးခွင့်သာလာသော် မိုးပေါ်ကျ အလေ့ပေါက်ကဲ့သို့ မည်သူတယောက်မျှ မမြင်နိုင်ပဲ ရုတ်တရက်လာ၍ အကျိုးပေးနိုင်သော နာနက္ခဏိက ကမ္မပစ္စည်း (စေတနာ)၏ သတ္တိစွမ်းသည် သာမန်ဉာဏ်နှင့် စဉ်းစား၍ မသိနိုင်လောက်အောင် ဆန်းကြယ်လှပေစွ။ "ကမ္မဝိပါကော အစိန္တိယော"= ကံ(စေတနာ)၏ အကျိုးတရားသည် မကြံစည်စကောင်းသော (ကြံစည်၍ မသိနိုင်သော) အရာပေတကား။

## ဗလဝ, ဒုဗ္ဗလ ကံနှစ်မျိုး

ဤဆိုအပ်ခဲ့ပြီးသည်ကား စေတနာ (ကံ) ၏ ယေဘုယျသဘော အဓိပ္ပာယ်ကို ဤသို့ မှတ်ရာ၏-

စေတနာကံသည် အားရှိသော 'ဗလဝ' ကံ၊ အားမဲ့သော 'ဒုဗ္ဗလ' ကံ ဟူ၍ နှစ်မျိုးရှိ၏။ အားရှိ-အားကောင်းသော စေတနာဖြစ်လျှင် 'ပကတူပနိဿယ' နှင့် 'နာနက္ခဏိကကမ္မ' နှစ်ပစ္စည်းတပ်၏။ အားမဲ့-အားနည်းသော စေတနာဖြစ်လျှင် 'နာနက္ခဏိက' တပစ္စည်းသာ တပ်၏။

ပဋ္ဌာနန္တရိက်-ကဲ့သို့သော ကြီးလေးသည့် (ဂရု) ကံမှာ ပကတူပနိဿယ သတ္တိအလွန်အားကြီး၍ မျက်မှောက်ဘဝ၌ပင် အကျိုးပေးနိုင်၏။ (ဒေဝဒတ် မြေမျိုခံရသကဲ့သို့-ပုဏ္ဏသူဆင်းရဲ၊ သူဌေးဖြစ်သကဲ့သို့)။-မဂ် လေးခု၌ ရှိသော စေတနာကံသည်ကား အတိုင်းထက်အလွန် ပကတူပနိဿယ သတ္တိထက်သန်လှသဖြင့် ကြား၌စိတ်တခုမျှ မခြားပဲ၊ ချက်ချင်းပင် ဘုရားကနဲ ဖိုလ်စိတ် တည်းဟူသော အကျိုးကို ပေးနိုင်လေသည်။

ထိုပြင် ရူပဈာန်ကုသိုလ်, အရူပဈာန်ကုသိုလ်ကံ စေတနာသည် အလွန် အားကောင်းသောကြောင့် နောက်ဘဝ (ဒုတိယဘဝ) တွင် ရူပဗြဟ္မာဘုံ၊ အရူပဗြဟ္မာဘုံ၌ ဗြဟ္မာ အတ္တဘောကို ဖြစ်စေလျက် အကျိုးပေးလေ၏။ ရူပ-အရူပကုသိုလ်စေတနာကံသည် ကောင်းစွာရင့်ကျက်ပြီးသည့် ကံဖြစ်သော

ကြောင့် ဒုတိယဘဝ၌သာ အကျိုးပေး၍ ကုန်ခန်းလေ၏။ ယင်းဒုတိယ ဘဝမှ နောက်နောက် ဘဝသို့ မလိုက်တော့ပေ။

ကာမာဝစရ (ကာမဘုံဆိုင်ရာ) ကုသိုလ်ကံ စေတနာသည်ကား အကျိုးပေးခွင့် မရ မချင်း (အခွင့်မသာ၍ အကျိုး မပေးရ မချင်း) ဘဝ ပေါင်းရာ-ထောင်-သိန်း-သန်း-ကုဋေ စ သည် ဘဝအသင်္ချေ၊ ကမ္ဘာအသင်္ချေ များစွာ ပတ်လုံး နိဗ္ဗာန်သို့ မရောက်မချင်း ထိုပုဂ္ဂိုလ်၏ ခန္ဓာအစဉ်ကို "အရိပ်ပမာ" အစဉ်တစိုက် လိုက်၍ နေလေတော့သည်။

## ကျေးဇူးပြုပုံ

အတိတ်ဖြစ်သော ကုသိုလ်, အကုသိုလ် စေတနာ (ကံ) ၃၃-ပါး တို့သည် ပဋိသန္ဓေအခါ၊ ပဝတ္တိအခါ နှစ်ပါးလုံး၌ အကျိုးဝိပါက်စိတ် ၃၆ နှင့် ယှဉ်ဖက် စေတသိက် ၃၈- ဟူသော နာမ်ခန္ဓာတို့အားလည်းကောင်း၊ ကမ္မဇရုပ်တို့အားလည်းကောင်း ကျေးဇူးပြုကြ၏။ ထိုတွင် အတိတ်ဖြစ်သော စေတနာ ဟူရာ၌ စေတနာသည် မိမိက ကျေးဇူးပြုသည့် ပစ္စယုပ္ပန် အကျိုး တရားတို့ ဖြစ်သည့်အခါမှာ ချုပ်ပျောက်သွားပြီ ဖြစ်သောကြောင့် 'အတိတ်' ဟုဆိုသည်။

(၁) အတိတ် အကုသိုလ်စိတ် ၁၂-ပါးတွင် တပါးပါး၌ ယှဉ်၍ ဖြစ်သော စေတနာကံသည် အပါယ်လေးဘုံ တဘုံဘုံ၌ ဖြစ် ရ သော ပဋိသန္ဓေ ဝိပါက် နာမ်ခန္ဓာနှင့် ပဋိသန္ဓေ ကမ္မဇရုပ်တို့အား လည်းကောင်း၊ ပဝတ္တိ အခါ၌ အကုသိုလ်ဝိပါက် စက္ခုဝိညာဉ် စ သော ဝိပါက် နာမ်ခန္ဓာအား လည်းကောင်း၊ ပဝတ္တိအခါ ဖြစ်ဖြစ်သမျှသော အနိဋ္ဌ (မကောင်းသော) ကမ္မဇရုပ်တို့အားလည်းကောင်း နာနက္ခဏိက ကမ္မသတ္တိဖြင့် ကျေးဇူး ပြု၏။

(၂) အတိတ် ကာမာဝစရကုသိုလ်ရှစ်ပါးတွင် တပါးပါး၌ ယှဉ်၍ ဖြစ်သော စေတနာသည် ကာမသုဂတိ ခုနစ်ဘုံ တဘုံဘုံ၌ ပဋိသန္ဓေဝိပါက် နာမ်ခန္ဓာနှင့် ပဋိသန္ဓေ ကမ္မဇရုပ်တို့အားလည်းကောင်း၊ ပဝတ္တိ အခါ၌ ကုသိုလ် ဝိပါက် စက္ခုဝိညာဉ် စသော ဝိပါက်နာမ်ခန္ဓာအား လည်းကောင်း၊ ပဝတ္တိ အခါ၌ ဖြစ်ဖြစ်သမျှသော ဣဋ္ဌ (ကောင်းသော) ကမ္မဇရုပ်တို့အား လည်း ကောင်း နာနက္ခဏိက ကမ္မ သတ္တိဖြင့် ကျေးဇူးပြု၏။

(၃) အတိတ် ဖြစ်သော ရူပကုသိုလ် စေတနာသည် ခန္ဓာ ငါးပါးရှိ (ပဉ္စဝေါကာရ) ရူပ ၁၅-ဘုံ တဘုံဘုံ၌ ပဋိသန္ဓေ နာမ်ခန္ဓာနှင့် ကမ္မဇရုပ်

တို့အားလည်းကောင်း၊ ပဝတ္တိနာမ်ခန္ဓာနှင့် ကမ္မဇရုပ် တို့အား လည်းကောင်း နာနက္ခဏိက ကမ္မသတ္တိဖြင့် ကျေးဇူးပြု၏။ သို့သော် ရုပ်ခန္ဓာ တပါးသာရှိသော (ဧကဝေါကာရ) အသညသတ်ဘုံ၌မူ သညာ (ဝါ) စိတ်=နာမ် ၏ အပြစ်ကိုရှု၍ စစ်ဆုတ်လျက် ဘာဝနာပွားသဖြင့်(သညာဝိရာဂဘာဝနာဖြင့်) ရအပ်သော အတိတ် ရူပပဥ္စမဈာန် ကုသိုလ်စေတနာက ပဋိသန္ဓေ၊ ပဝတ္တိ ကမ္မဇရုပ်တို့အား နာနက္ခဏိက ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(၄) အတိတ်ဖြစ်သော အရူပ ကုသိုလ်စေတနာသည် နာမ်ခန္ဓာ လေးပါးသာရှိသော (စတုဝေါကာရ)အရူပ လေးဘုံ တဘုံဘုံ၌ ပဋိသန္ဓေ ပဝတ္တိ နာမ်ခန္ဓာလေးပါးတို့အား နာနက္ခဏိက ကမ္မ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။

(၅) မဂ်လေးပါး တပါးပါး၌ ယှဉ်၍ ဖြစ်သော စေတနာသည် (ပဝတ္တိအခါဝယ်) ယင်း၏ အခြားမဲ့၌ဖြစ်သော ဖိုလ်ဇော နာမ်ခန္ဓာအား နာနက္ခဏိက ကမ္မပစ္စယသတ္တိဖြင့် (အနန္တရနှင့် ပကတူပနိဿယ သတ္တိတို့ဖြင့် လည်းကောင်း) ကျေးဇူးပြုလေ၏။ ဤ၌ မဂ်စေတနာသည် မိမိ၏ အခြားမဲ့၌ ဖိုလ်ဇော နာမ်ခန္ဓာအား ကျေးဇူး ပြုသောကြောင့် ဤနာနက္ခဏိက ကမ္မပစ္စည်းကို '**အနန္တရကမ္မ**'ပစ္စည်း-ဟူ၍ လည်းကောင်း၊ '**ပကတူပနိဿယကမ္မ**' ပစ္စည်း-ဟူ၍လည်းကောင်း အမည်ထူးဖြင့် သီးခြား ခေါ်ဝေါ်လေ့ရှိသည်။

## (ခ) သဟဇာတကမ္မ

အတူတကွ ဖြစ်ဖက်စိတ်၊ စေတသိက် များနှင့် စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်တို့အား ကျေးဇူးပြုသော စိတ် ၈၉ ပါးတို့၌ ပါရှိသည့် စေတနာပေါင်း ၈၉ ပါးသည် သဟဇာတ ကမ္မ ပစ္စည်းတရား မည်၏။

သတ္တဝါတို့ သန္တာန်၌ ပုဂ္ဂိုလ် အားလျော်စွာ ပဋိသန္ဓေအခါ၊ ပဝတ္တိအခါတို့၌ ထိုက်သည်အားလျော်စွာ စိတ် ၈၉၊ စေတသိက် ၅၂ ဟူသော နာမ်တရားများနှင့် ရုပ်တရားတို့ ဖြစ်ကြကုန်၏။ နာမ်တရားတို့ကြောင့် ဖြစ်သော ရုပ်များမှာ စိတ္တဇရုပ်နှင့် ကမ္မဇရုပ်တို့ ဖြစ်ကြ၏။ ဤ သဟဇာတ ကမ္မ ပစ္စည်း၌ ပဋိသန္ဓေ ကမ္မဇရုပ်နှင့် ( ပဝတ္တိအခါမှာ ဖြစ်သည့်) စိတ္တဇ ရုပ်များကိုသာ ယူအပ်၏။ သဟဇာတ ကမ္မ ပစ္စည်းတရားဖြစ်သည့် စေတနာ စေတသိက်သည် စိတ် ၈၉ ပါးလုံး၌ ယှဉ်သည်ဖြစ်၍ စေတနာ ၈၉ ပါးဟု ဆိုရသည်။ စေတနာစေတသိက်ကား 'စေ့ဆော် တိုက်တွန်းခြင်း၊ လုံ့လ

ကြောင့်ကြ ဗျာပါရစိုက်ခြင်း’ ရှိသည့်သတ္တိတည်း။ယင်း စေတနာ စေတသိက် သည် အာရုံခြောက်ပါး တပါးပါးကြောင့် ဝီထိခေါ် စိတ်အစဉ်များ ဖြစ်ကြ ရာ၌ မိမိနှင့်အတူတကွဖြစ်သော (သဟဇာတ)စိတ် ၈၉ ပါး၊ မိမိ (ဝါ) စေတနာမှ တပါးသော စေတသိက် ၅၁ ဟူသော နာမ်တရားတို့အား လည်းကောင်း၊ ပဋိသန္ဓေအခါ၌ ကမ္မဇရုပ်တို့အား . လည်းကောင်း၊ ပဝတ္တိ အခါ၌ စိတ္တဇရုပ်တို့အား လည်းကောင်း သဟဇာတကမ္မပစ္စယ သတ္တိဖြင့် ကျေးဇူးပြုလေ၏။

ဥပမာ-တပ်မက်ဖွယ် အာရုံကို အာရုံပြု၍ လောဘမူစိတ် တခုခုနှင့် စေတသိက်တို့ ဖြစ်ကြရာ၊ ထိုစိတ်၌ ပါရှိသော ‘စေတနာ’ စေတသိက်သည် ထိုလောဘမူစိတ်နှင့် (စေတနာမှ တပါးသော) ယှဉ်ဖက် စေတသိက်တို့အား လည်းကောင်း၊ လောဘကြောင့်ဖြစ်သည့် စိတ္တဇရုပ်တို့အား လည်းကောင်း သဟဇာတ ကမ္မပစ္စယ သတ္တိဖြင့် ကျေးဇူးပြုလေ၏။ ဘဝသစ်၌ ပဋိသန္ဓေစိတ် အဖြစ်ဖြင့် ကာမာဝစရ ဝိပါက်စိတ်၊ စေတသိက်တို့ ဖြစ်ကြရာ၊ ထိုစိတ်၌ ပါရှိ သော စေတနာ စေတသိက်သည် ထို ဝိပါက်စိတ်နှင့်(စေတနာမှ တပါးသော) ယှဉ်ဖက် စေတသိတ်တို့အား လည်းကောင်း၊ ပဋိသန္ဓေ ကမ္မဇရုပ်တို့အား လည်းကောင်း သဟဇာတ ကမ္မပစ္စယ သတ္တိဖြင့် ကျေးဇူးပြုလေ၏။

ဤနည်းကိုမှီ၍ ပဋိသန္ဓေ ဝိပါက်စိတ် ၁၉ ပါးအနက် တပါးပါး ဖြစ်တိုင်း ဘုံပုဂ္ဂိုလ် အားလျော်စွာ စေတနာက ကျေးဇူးပြုပုံကိုလည်းကောင်း၊ ပဝတ္တိ အခါ၌လည်း ဘုံပုဂ္ဂိုလ် အားလျော်စွာ စေတနာက ကျေးဇူးပြုပုံကို လည်း ကောင်း ချဲ့ထွင် သိပါလေ။

ဤ သဟဇာတ ပစ္စည်းတရားဖြစ်သည့် စေတနာသည် မိမိနှင့်အတူတကွ ဖြစ်သည့် တရားများအားသာ ကျေးဇူးပြုသောကြောင့် (၁) ရုပ်ခန္ဓာ တပါး သာ ရှိသော အသညတ်ဘုံ၌ ကျေးဇူးမပြုကြောင်း၊(၂) နာမ်ခန္ဓာ လေးပါး သာရှိသော အရူပ လေးဘုံ၌ ပဋိသန္ဓေ၊ ပဝတ္တိ နာမ်ခန္ဓာ လေးပါးတို့အား သာ ကျေးဇူးပြုနိုင်ကြောင်း၊ (၃) ခန္ဓာငါးပါးရှိ ပဉ္စဝေါ ကာရဘုံ ၂၆ ဘုံ၌မူ ပုဂ္ဂိုလ် အားလျော်စွာ အရူပဝိပါက်စိတ် လေးပါးမှ တပါးသောစိတ် ၈၅ ပါးနှင့် ယှဉ်ဖက်စေတသိက်များအပြင် ပဋိသန္ဓေ ကမ္မဇရုပ်, စိတ္တဇရုပ် တို့အားလည်း ကျေးဇူးပြုနိုင်ကြောင်း တို့ကို ဉာဏ်ချဲ့ထွင်၍ အသေးစိတ် သိပါ လေ။ မခက်တော့ပြီ။ ။

# [ ၁၄ ] ဝိပါကပစ္စည်း

**မှတ်ရန်ဆိုရိုး။** ။အကျိုးဖြစ်သောဝိပါက်စိတ် ၃၆၊ ယှဉ်ဖက် စေတသိက် ၃၈ ဟူသော ပတ္တိပဋ္ဌိသန္ဓေ နာမ်ခန္ဓာလေးပါးတို့သည် အချင်းချင်းအားလည်းကောင်း၊ (ဝိညတ်ရုပ်နှစ်ပါးကြဉ်သော)စိတ္တဇရုပ် နှင့် ပဋိသန္ဓေ ကမ္မဇရုပ်တို့အား လည်းကောင်း ဝိပါက ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုကုန်၏။

## အဓိပ္ပာယ်ရှင်းလင်းချက်

**'ဝိပါက'** သဒ္ဒါသည် "ရင့်ကျက်ခြင်း၊ မှည့်ခြင်း" ဟူသော အဓိပ္ပာယ်ရှိပြီး ယင်းကို 'အကျိုး'တရားဟု အဓိပ္ပာယ် ပြန်ဆိုသည်။ သရက်၊ ငှက်ပျော စသည် အသီးတို့သည် မမှည့်ခင်မှာ မာကျောကြမ်းတမ်းပြီး မှည့်အိလာသည့်အခါ၌မူ အလွန်နူးညံ့ ပျော့ပျောင်းအိစက်စက် ရှိကြ၏။ ယင်းသို့ သရက်သီးမှည့်, ငှက် ပျောသီးမှည့်ပမာ နူးညံ့ပျော့ပျောင်း သိမ်မွေ့လှသော အကျိုး ဝိပါက်စိတ် ၃၆ ပါးတို့သည် ဝိပါကပစ္စည်းတရားများ ဖြစ်ကြ၏။ ကိုယ်, နှုတ်, စိတ် အမူ အရာ ဖြစ်စေဖို့ရာ ဗျာပါရကင်းသော ငြိမ်သက်လှသည့် တရားများတည်း။

ဝိပါက်စိတ်၃၆ပါးတို့၌ စေတသိက် ၃၈ ပါးတို့ ယှဉ်၍ ဖြစ်ကြကုန်၏။ ထိုဝိပါက်စိတ် ၃၆ နှင့် စေတသိက် ၃၈ ဟူသော နာမ်ခန္ဓာ လေးပါးတို့ သည် အချင်းချင်းအား လည်းကောင်း၊ မိမိတို့နှင့် အတူဖြစ်ဖက် စိတ္တဇရုပ်,

ပဋ္ဌိသန္ဓေကမ္မဇရုပ်တို့အား လည်းကောင်း ဝိပါက ပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြ၏။ ဆိုလိုသည်မှာ ထိုနာမ်တရားတို့အနက် တပါးပါးသည် ငြိမ်သက်စွာဖြစ်နေလျှင် မိမိနှင့်တကွဖြစ်ဖက် ကျန် စိတ်, စေတသိက်နှင့် ရုပ်တရားတို့အားလည်း ငြိမ်သက်စွာဖြစ်နေစေရန် ကျေးဇူးပြုခြင်းဖြစ်၏။

ဥပမာ— လုံ့လဗျာပါရကင်းလျက် အေးဆေးငြိမ်သက်စွာ နေတတ်သောလူတယောက်သည် မိမိနှင့်အတူ နေထိုင်သူတို့အား အေးဆေး ငြိမ်သက်စွာနေစေရန် စိမံသကဲ့သို့ ထို့အတူ တရားတပါးသည် မိမိကိုယ်တိုင် ဗျာပါရကင်းလျက် ငြိမ်သက်စွာဖြစ်၍ တကွ ဖြစ်ဖက် တရားစုအားလည်း ဗျာပါရကင်းလျက် ငြိမ်သက်ဖို့ရာ ကျေးဇူးပြုတတ်သော သတ္တိသည် ဝိပါကပစ္စယသတ္တိမည်၏။

ဤဝိပါကပစ္စည်း၏ သဘောကိုဖော်ပြရာ၌ "ချမ်းအေးသော လေသည် ချမ်းအေးသည့်အရိပ်ထဲ၌ နေသောသူအား ချမ်းအေးစေခြင်းငှာ ကျေးဇူးပြုသကဲ့သို့" ဟူ၍ ဥပမာပေးကြ၏။ အမှန်စင်စစ် ဝိပါကပစ္စည်း၏သတ္တိမှာ အေးမြသည့်သဘောကို မဆောင်ပဲ ကိုယ် နှုတ် စိတ် အမှုအရာ ဗျာပါရ ကင်းသော ငြိမ်သက်ခြင်းသဘောကိုသာ ဆောင်သောကြောင့် ထိုဥပမာသည် ဝိပါကပစ္စည်း၏ သတ္တိသဘောနှင့် အံဝင် ခွင်ကျ မရှိလှချေ။ ယင်း ဥပမာထက် "လူအေး တယောက်သည် အခြား လူအေးတို့အား အေးအေး နေရန် စိမံသကဲ့သို့" ဟူသော ဥပမာက သာ၍ သင့်မြတ်၏– ဟူ၍ အချို့ပညာရှင်များက ပြင်ဆင်ယူကြလေသည်။

ယင်းသို့ယူဆရာဝယ်"ဗျာပါရမရှိသော ငြိမ်သက်အေးဆေးသည်၏ အဖြစ်ဖြင့် ဗျာပါရမရှိသော ငြိမ်သက်အေးဆေးစေရန် အကျိုးငှာ ကျေးဇူး ပြုတတ်သောအကျိုးတရားသည် ဝိပါကပစ္စည်းမည်၏" ဟူသော ပဋ္ဌာန်း အဋ္ဌကထာ၏ အဖွင့်စကားကို ကိုးကား ထောက်ပြလေသည်။ မည်သို့ပင် ဖြစ်စေ–ငြိမ်ငြိမ်သက်သက် ဖြစ်နေတတ်သော အကျိုးဝိပါက် တရားတို့သည် အတူဖြစ်ဖက် နာမ်တရား အချင်းချင်းအားလည်းကောင်း၊ မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ် တရားတို့အားလည်းကောင်း (ပဋိသန္ဓေ၊ ပဝတ္တိအခါ နှစ်ပါးလုံး၌) သိပ်၍ ထားဘိသကဲ့သို့ မလှုပ် မယှက် ငြိမ်ငြိမ်သက်သက် ရှိနေကြစေရန် ကျေးဇူးပြုခြင်းသည် ဝိပါကပစ္စည်း၏ သတ္တိဖြစ်၏-ဟူ၍ မှတ်ထားရာ၏။

## အကြောင်းကံနှင့် အကျိုးဝိပါက်

စိတ်ပေါင်း ၈၉ ပါးကို သဘောလက္ခဏာ တူရာချင်း ပေါင်း၍ အမျိုးအစား ခွဲခြားလိုက်လျှင် ''ကုသိုလ်ကံစိတ် ၂၁၊ အကုသိုလ်ကံစိတ် ၁၂၊ ဝိပါက်စိတ် ၃၆၊ ကြိယာစိတ် ၂၀'' ဟူ၍ လေးမျိုး လေးစား ဖြစ်လာသည်။ ထိုတွင်—

(၁) ကုသိုလ်ကံစိတ် ၂၁-ပါးတို့သည် ကောင်းသောစိတ်များ၊ လှုပ်ရှားတက်ကြွသော ဇောစိတ်များ၊ ကောင်းကျိုးကို ပေးတတ်သော ကံစိတ်များ ဖြစ်ကြ၏။

(၂) အကုသိုလ်ကံစိတ် ၁၂-ပါးတို့သည် မကောင်းသောစိတ်များ၊ လှုပ်ရှားတက်ကြွသော ဇောစိတ်များ၊ မကောင်းကျိုးကို ပေးတတ်သော ကံစိတ်များဖြစ်ကြ၏။

(၃) ဝိပါက်စိတ် ၃၆ ပါး တို့ကား- ထိုကုသိုလ်ကံ, အကုသိုလ်ကံစိတ်၊ ဇောစိတ် ၃၃ ပါးတို့၏ အကျိုးစိတ်များ၊ လှုပ်ရှား တက်ကြွမှုမရှိပဲ အလွန်ငြိမ်သက်သည့် သဘောရှိသော စိတ်များဖြစ်ကြ၏။

(၄) ကြိယာစိတ် ၂၀ အနက်— အာဝဇ္ဇန်းစိတ် နှစ်ပါးမှ တပါးသော ကြိယာစိတ် ၁၈ ပါးတို့သည် ကောင်းသောစိတ်များ၊ လှုပ်ရှား တက်ကြွမှုရှိသောစိတ်များ၊ ရဟန္တာပုဂ္ဂိုလ်မြတ်တို့၏ သန္တာန်၌ ဖြစ်ကြပြီး မည်သည့်အကျိုးဝိပါက်ကိုမျှ မပေးတော့သော (ပြုကာမတ္တဖြစ်သော)စိတ်များ ဖြစ်ကြ၏။ အာဝဇ္ဇန်းစိတ် နှစ်ပါး—ဟူသည် ဒွါရခြောက်ပါးထဲသို့ ဝင်ရောက်ထင်ပေါ်လာသည့် အာရုံတပါးပါးကို ဆင်ခြင်သော၊ လှုပ်ရှားမှုအနည်းငယ်ရှိသော၊ အကျိုးတစုံတရာကို ပေးစွမ်းခြင်း မရှိသော စိတ်များဖြစ်၏။

တနည်းအားဖြင့် သုံးမျိုးသုံးစား ခွဲခြားနိုင်သေး၏။ ကုသိုလ်ကံစိတ် ၂၁ ပါးနှင့် အကုသိုလ်ကံစိတ် ၁၂-ပါး ပေါင်း ဤစိတ် ၃၃-ပါး တို့သည်(ကမ္မပစ္စည်း၌ ဖြေဆိုခဲ့သည့်အတိုင်း) အကျိုးဝိပါက်စိတ်များကို ဖြစ်ပေါ်စေသည့် အကြောင်း ကံ စိတ်များချည်း ဖြစ်ကြသည်။ ကောင်းကျိုး-ဆိုးကျိုးကို ပေးတတ်သည့် ကောင်း-မကောင်းသော ကံစိတ်များ ဟူ၍သာ ကွာခြားကြသည်။ ဤသို့လျှင် အကြောင်းကံစိတ် ၃၃-ပါး၊ အကျိုးဝိပါက်စိတ် ၃၆-ပါး၊

အကျိုးမပေးသည့် ပြုကာမတ္တမျှ သဘောရှိသော ကြိယာစိတ် ၂၀-ဟူ၍ သုံးမျိုးခွဲခြားနိုင်သည်။

အကြောင်းကံစိတ် ၃၃ ပါးတို့မည်သည် တစုံတခုသော အကျိုးဝိပါက် တရားကို ရရှိရန်အတွက် ကာယကံ၊ ဝစီကံ၊ မနောကံ ဟူသော သုစရိုက်၊ ဒုစရိုက်များကို ပြုလုပ်တိုင်း အရှိန်အဟုန်ဖြင့် တက်ကြွစွာ ပါဝင်လှုပ်ရှားကြသည့် ဇောစိတ်များဖြစ်ကြသည်။ (ကမ္မပစ္စည်းတရားများတည်း။)

ယင်းသို့ အကြောင်းကံစိတ်များဖြင့် ကြိုးစား အားထုတ် ပြုလုပ်ခဲ့သော အမှုကံတို့မှ အကျိုးဝိပါက်တရားများ ပေါ်ထွက်လာကြ၏။ အကျိုးဝိပါက် စိတ်တို့သည် ယင်းသို့တက်ကြွစွာ အလုပ်လုပ်ခဲ့သော အကြောင်းကံစိတ်တို့၏ အကျိုးတရားများသာဖြစ်၍ လှုပ်ရှားတက်ကြွမှုမရှိပဲ ငြိမ်သက်မှုသာ ရှိကြ၏။

ဥပမာအားဖြင့်—လူတယောက်သည် ချမ်းသာကြွယ်ဝရေးကို မျှော်မှန်းပြီး သက်စွန့်ကြိုးပမ်း၊ ပင်ပန်းကြီးစွာဖြင့် နေ့ရောညပါ ကာလကြာမြင့်စွာစီးပွား ရေးလုပ်ငန်းကို လုပ်ဆောင်၏။ အလွန်ထကြွလှုပ်ရှားရသည့်အခါ ဖြစ်၏။ စီးပွားရေး လုပ်ငန်းအောင်မြင်၍ လုပ်ငန်း၏ အသီးအပွင့်အနေဖြင့် ဥစ္စာ များစွာ ကြွယ်ဝချမ်းသာလေသော အခါတွင် ထိုသူသည် မိမိဥစ္စာဖြင့် စည်းစိမ်ချမ်းသာကို ခံစားလျက် အေးအေးဆေးဆေး နေလေတော့၏။ အလွန်ငြိမ်သက်စွာ နေထိုင်ရသည့်အခါ ဖြစ်၏။

ဤဥပမာဖြင့် အမှုလုပ်ငန်းတွေ အလုပ်ချိန်၌ဖြစ်သော အကြောင်းကံ စိတ်များနှင့် အကျိုးစီးပွားခံစားချိန်၌ဖြစ်သော အကျိုးဝိပါက် စိတ်တို့၏ သဘောလက္ခဏာခြားနားပုံကို နားလည်သဘောပေါက်ရာ၏။

ထို့ကြောင့် အကြောင်းကံစိတ် ၃၃ ပါးတို့သည် အားထုတ်လုံ့လဗျာပါရ ရှိသော ကြမ်းတမ်းသော တရားများဖြစ်၏။ အကျိုးဝိပါက် ၃၆ ပါးတို့ကား ထိုသို့မဟုတ်။ အားထုတ်လုံ့လ ဗျာပါရကင်းလျက်၊ အေးဆေးငြိမ်သက် လှသည့် အကျိုးခံစားရုံမျှ သက်သက်ဖြစ်သော နူးညံ့သိမ်မွေ့သည့်စိတ်များ ဖြစ်၏။ (ကြိယာစိတ်တို့လည်း အကျိုးကိုဖြစ်စေသည့် အကြောင်းကံစိတ်များ မဟုတ်စေကာမူ အားထုတ်လုံ့လဗျာပါရရှိသော တရားများဖြစ်ကြသည်။)

## ဝိပါက်စိတ်တို့ ၏ သဘော

ဝိပါက်စိတ် ၃၆ ပါးတို့တွင် ဖိုလ်စိတ် လေးပါးတို့သည်ဇောစိတ်များဖြစ်သော ကြောင့် အနည်းငယ် လှုပ်ရှားမှုရှိသဖြင့် အခြား ဝိပါက်စိတ်များထက် သန့်စွမ်းထက်မြက်၏။ သို့သော် ယင်းစိတ်တို့လည်း အကျိုးဝိပါက်စိတ်များ ဖြစ်ကြသည့်အလျောက် အကြောင်းကံစိတ်များလောက် တက်ကြွမှု, ပြင်းထန်မှု, ကြမ်းတမ်းမှု မရှိပေ။

ကျန်ဝိပါက် ၃၂ ပါးအနက် ပဋိသန္ဓေ၊ ဘဝင်၊ စုတိကိစ္စတပ်သော စိတ် ၁၉ ပါးတို့သည်ကား (အနန္တရပစ္စည်းမှာကြည့်) အငြိမ်သက်ဆုံး ဖြစ်၏။ စိတ်ဖြစ်မှန်းပင် မသိရ, မသိနိုင်လောက်အောင် ငြိမ်သက်, သိမ်မွေ့လှ၏။ အိပ်ပျော်နေစဉ် ဘဝင်ကျနေသည့်အခါ (ဝါ)ဘဝင်စိတ်များ ဖြစ်နေသည့် အခါ၌ ယင်းဝိပါက်စိတ်တို့၏ ဖြစ်နေပုံသည် စိတ်ဖြစ်မှန်းပင် မသိရအောင် ငြိမ်သက်လှ၏။ ထိုအိပ်ပျော်ခိုက် သက်သက်၌ (အိပ်မက်မက်နေသည့်အခါ မပါ-နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခိုက်ကို ဆိုလို၏) မည်သည့် ကိုယ်မှု, နှုတ်မှု, စိတ်၏ ပယောဂမှုမျှ မဖြစ်ကြတော့ချေ။

ထို့ပြင် ကျန်စိတ် ၁၃ ပါး (၃၂-၁၉=၁၃)အနက် "အဆင်း, အသံ, အနံ့, အရသာ, အတွေ့" ဟူသော အာရုံ ၄ ါးပါးကြောင့် ဖြစ်ပေါ်လာသည့် ယင်းအာရုံ ၄ါးပါးအသီးသီးကို သိကာမျှဖြစ်ကြသော ဒွေပဥ္စဝိညာဉ် ၁၀ (အစုံ ၄ါးမျိုး)ခေါ် ဝိပါက်စိတ် ၁၀ ပါးတို့မှာလည်း လုံ့လပယောဂဗျာပါရ ကင်းပြီး ဖြစ်မှန်းပင် သိရမည်မဟုတ်ပေ။

နောက်ဆုံးကျန်သည့် စိတ်သုံးပါး(၁၃-၁၀=၃)တို့သည် ထင်လာသည့် အာရုံကို လက်ခံရုံ(သမ္ပဋိစ္ဆိုင်းစိတ် ၂ ပါး)၊ စုံစမ်းရုံ (သန္တီရဏစိတ်တပါး) ဖြစ်သော စိတ်များဖြစ်၍ ဇောစိတ်(ကြိယာစိတ်)များကဲ့သို့ လှုပ်ရှားတက်ကြွမှုမရှိ။ ဖြစ်မှန်းပင် သိပ်မသိရလောက်အောင် ငြိမ်ငြိမ် သက်သက်ရှိသည့် စိတ်များဖြစ်၏။

ဤမျှသော စကားအစဉ်ဖြင့် ဝိပါက်စိတ်တို့သည် ဇောစိတ်များ(ကုသိုလ် အကုသိုလ် ဟူသော အကြောင်းကံစိတ်နှင့် ကြိယာစိတ်)နှင့် မတူပဲ၊ ဖြစ်မှန်းပင် မသိရလောက်အောင် အလွန်ငြိမ်သက်နူးညံ့ သိမ်မွေ့လှသည့် တရားများဖြစ်ကြောင်း ထင်ရှားသိသာသည်။

ကျေးဇူးပြုပုံ။ ။ဤဝိပါက ပစ္စည်းပါ ဝိပါက်စိတ် ၃၆ပါး လုံးသည် နာမ် ခန္ဓာမရှိ၊ ရုပ်ခန္ဓာသာရှိသော အသညသတ်ဘုံ၌ မဖြစ်နိုင်၍ ကျေးဇူးမပြုနိုင်။ ဝိပါက်စိတ် ၃၆ ပါးတို့တွင် အရူပဘုံ၌သာဖြစ်သော အရူပဝိပါက်စိတ် လေးခုတို့သည် လည်းကောင်း၊ ထိုအရူပလေးဘုံ၌ ဖြစ်ခိုက်တွင် ဖိုလ်လေးပါးတို့သည်လည်းကောင်း ရုပ်ကို မဖြစ်စေနိုင် ကျေးဇူး မပြုနိုင်သောကြောင့် တကွ ဖြစ်ဖက် နာမ်ခန္ဓာ, နာမ် တရား ထိုအားသာ ဝိပါကပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်သည်။ အရူပဝိပါက်စိတ် လေးပါးမှ ကြွင်းသော ဝိပါက်စိတ် ၃၂ ပါးလုံးသည် နာမ် ရုပ် နှစ်ပါးစုံရှိသော ပဉ္စဝေါကာရ ၂၆ ဘုံ၌(ရူပ ၁၅ ဘုံ၌ ဃာန၊ ဇိဝှါ၊ ကာယ ဝိညာဉ်စိတ်များ မဖြစ်)ဖြစ်နိုင်သောကြောင့် တကွ ဖြစ်ဖက် နာမ် တရားတို့အားလည်းကောင်း၊ ကမ္မဇရုပ်တို့အား လည်းကောင်း၊ (ဝိညတ်ရုပ် နှစ်ပါး ကြဉ်သော) စိတ္တဇ ရုပ်တို့အား လည်းကောင်း ဝိပါက ပစ္စယ သတ္တိဖြင့် ကျေးဇူး ပြု နိုင် ၏။ ကာယဝိညတ်၊ ဝစီဝိညတ် ဟူသော ဝိညတ်ရုပ်နှစ်ပါးတို့သည်ကား လှုပ်ရှားသည့် သဘောရှိသော ရုပ်များဖြစ်၍ ယင်းတို့ကို ဝိပါက်စိတ်တို့က ဝိပါက ပစ္စယသတ္တိဖြင့် ကျေးဇူးမပြုနိုင်ခြင်းဖြစ်သည်။ ။

## [၁၅] အာဟာရပစ္စည်း

**မှတ်ရန်ဆိုရိုး။** ။အာဟာရပစ္စည်းသည် ရုပ်အာဟာရနှင့် နာမ်အာဟာရ ဟူ၍ နှစ်ပါးရှိ၏။ ထိုတွင်—

### (က) ရုပ်အာဟာရ

"ခဲဖွယ်ဘောဇဉ် အစရှိသည်၌ ပါသော ဗဟိဒ္ဓ (ဥတုဇ) ဩဇာသည် အာဟာရသမုဋ္ဌာနိက (အာဟာရဇ) ရုပ်အား ရုပ်အာဟာရ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။ (တနည်း) အဇ္ဈတ္တသန္တာန်၌ရှိသော စတုသမုဋ္ဌာနိကဩဇာနှင့် ဗဟိဒ္ဓဥတုဇဩဇာတို့သည် အဇ္ဈတ္တိက စတုသမုဋ္ဌာနိက(စတုဇ)ရုပ်အပေါင်း အား ရုပ်အာဟာရ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

### (ခ) နာမ်အာဟာရ

"ဖဿ၊ စေတနာ (စေတသိက်)၊ ဝိညာဉ် (စိတ်) ဟူသော နာမ်အာဟာရ တရားကိုယ် သုံးပါးတို့သည်....စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါးတို့အား လည်းကောင်း၊ စိတ္တဇရုပ် ပဋိသန္ဓေ ကမ္မဇရုပ် တို့အား လည်းကောင်း နာမ် အာဟာရပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏"။

### အဓိပ္ပာယ်ရှင်းလင်းချက်

'**အာဟာရ**'ဟူသော စကား၏ အဓိပ္ပာယ်ရင်းသည် 'လွန်စွာဆောင်ခြင်း'ဟူ၍ ဖြစ်၏ ။'လွန်စွာဆောင်ခြင်း'ဟူသည် အာဟာရပစ္စည်း တရားက မိမိ၏အကျိုး

ပစ္စယုပ္ပန်တရားတို့ကို အစွန့်ရှည်စွာ ဆက်လက် တည်တံ့အောင် ထောက်ပံ့မှု 'ဥပတ္ထမ္ဘက' သဘောပင် ဖြစ်၏။ ထို့ကြောင့် ဤအာဟာရ ပစ္စည်းကို ''အိမ်စသည်၌ မယိမ်းမယိုင် မြဲခိုင်အောင်ထောက်ထားသည့်(ထောက်ကန်ထားသည့်) 'ကျား'ဟု ခေါ်သော ထောက်တိုင်နှင့် တူ၏'' ဟူ၍ ဥပမာပြကြ၏။ ကျားကန်ပေးခြင်းနှင့်တူ၏ ဟူလို။

အမှန်စင်စစ် ဤအာဟာရပစ္စည်း၌ ရုပ်တရား အပေါင်းအား အစွန့်ရှည်စွာ ဆက်လက် တည်တံ့ ခိုင်မြဲနေအောင် ထောက်ပံ့ပေးမှု(ကျားကန်ပေးမှု) ဟူသော 'ဥပတ္ထမ္ဘက' သတ္တိတမျိုးသာ ရှိသည်မဟုတ်။ အချို့ နေရာများ၌ ရုပ်တရားများကို ဖြစ်ပေါ်စေခြင်း ဟူသော 'ဇနက'သတ္တိလည်း ရှိသည်သာ တည်း။ ထို့ကြောင့် 'အာဟာရပစ္စယသတ္တိ' ဟူသည် အကျိုးပစ္စယုပ္ပန် ရုပ်တရားတို့အား အရှဉ်အန အားလျော်စွာ လွန်စွာ ထောက်ပံ့ ပေးခြင်း၊ 'ဥပတ္ထမ္ဘက' သတ္တိနှင့် လွန်စွာဖြစ်ပေါ်စေခြင်း 'ဇနကသတ္တိ' နှစ်မျိုးလုံး ပါဝင်သည်ဟု မှတ်ယူရာ၏။

ထို့ပြင် အာဟာရ ပစ္စည်း၌ 'အာဟာရ'ဟူသည် ရုပ်နှင့် သက်ဆိုင်သော အာဟာရတမျိုးကိုသာ ဆိုလိုသည်ဟု မမှတ်လင့်။ နာမ်နှင့် သက်ဆိုင်သော 'အာဟာရ' မျိုးကိုလည်း ဆိုလိုသေး၏ ဟု မှတ်ရာ၏။ ရုပ်နှင့်သက်ဆိုင်သော အာဟာရ-(ဝါ) ရုပ်အာဟာရသည် ရုပ်တရားများ အားသာ ဖြစ်ပေါ်စေခြင်း၊ ထောက်ပံ့ ပေးခြင်းမျိုးကို ကျေးဇူးပြုနိုင်၏။ နာမ်နှင့် သက်ဆိုင်သော အာဟာရ (ဝါ) နာမ်အာဟာရသည်မူကား နာမ်တရားများ အားသာမက အချို့သော ရုပ်တရားများအားလည်း ဖြစ်ပေါ်စေခြင်း၊ ထောက်ပံ့ပေးခြင်း မျိုးကိုလည်း ကျေးဇူးပြုနိုင်သည်သာတည်း။

''ဩဇာ၊ ဖဿ၊ စေတနာ၊ ဝိညာဉ်'' ဟူသော တရားလေးပါး တို့သည် ထိုကဲ့သို့ သတ္တဝါတို့၏ အဇ္ဈတ္တသန္တာန်မှာ (ဝါ) ခန္ဓာအစဉ်မှာ လွန်စွာ ကျေးဇူးများသော တရားများဖြစ်၍ ထိုတရားလေးပါးတို့ကိုသာ 'အာဟာရ' ဟူ၍ အမည်ပေးခြင်း ဖြစ်ပေသည်။

## (က) ရုပ်အာဟာရ

ရုပ်အာဟာရ၌ နည်းနှစ်နည်း ပြဆိုထားရာ၊ ပထမနည်းအရ ဗဟိဒ္ဓဩဇာ ဟူသော ဗဟိဒ္ဓအာဟာရ၊ ဒုတိယ နည်းအရ အဇ္ဈတ္တိက ဩဇာ ဟူသေ

အဇ္ဈတ္တိက အာဟာရ ဟူ၍ နှစ်မျိုးရှိလေသည်။ ထိုတွင် (၁) ဗဟိဒ္ဓဩဇာ ဟူသည် အစားအစာ ခဲဖွယ် ဘောဇဉ် စသည် တို့၌ ပါရှိသော အပြင် ဗဟိဒ္ဓမှ ခန္ဓာကိုယ် တွင်းသို့ ထည့်သွင်း ရသည့် ဩဇာဓာတ် ဖြစ်၏။ (၂)အဇ္ဈတ္တိကဩဇာဟူသည် ခန္ဓာကိုယ်တွင်း အဇ္ဈတ္တသန္တာန်၌ ရှိနေကြသည့် ရုပ်တရားစုတို့၌ ပါရှိသော ဩဇာဓာတ်ကို ဆိုလိုသည်။ ချဲ့ဦးအံ့—

## (၁) ဗဟိဒ္ဓအာဟာရ

ခဲဖွယ် ဘောဇဉ် စသော အစာ၌ ပါရှိသည့် ဩဇာသည် ဗဟိဒ္ဓ အာဟာရမည်၏။ ထိုအာဟာရက ဖြစ်စေအပ်သော ရုပ်ကို အာဟာရသမုဋ္ဌာန် က (ဝါ) အာဟာရဇ ရုပ်ဟု ခေါ်သည်။ ဤဗဟိဒ္ဓ အာဟာရသည် အာဟာရဇ ရုပ်များကိုသာ ဖြစ်စေရုံမျှ ကျေးဇူးပြုသည် မဟုတ်။ အခြား ရုပ်တရားတို့အားလည်း အစွန့်ရှည်စွာ တည်တံ့ ခိုင်မြဲစေရန် ထောက်ပံ့ပေး ခြင်းဖြင့်လည်း ကျေးဇူးပြုသေးသည်။

ထင်ရှားစေအံ့—အစာ စားလိုက်သည့်အခါ ထိုအာဟာရကြောင့် အာဟာရဇရုပ် ဖြစ်ရုံသာမက၊ တကိုယ်လုံး၌ရှိသော ကမ္မဇ၊ စိတ္တဇရုပ်တို့လည်း တောင့်တောင့်တင်းတင်း လန်းလန်းဆန်းဆန်း ရှိသွားကြ၏။ ထိုကဲ့သို့ လန်းလန်းဆန်းဆန်း ရှိကြသဖြင့်၊ထိုကမ္မဇ ရုပ်စသော ရုပ်အစဉ်တို့ မပြတ်မစဲနိုင်ပဲ ဆက်လက် ဖြစ်ပွားကြပြန်လေသည်။ (နာမ်အာဟာရတို့ကလည်း တကွ ဖြစ်ဖက်တရားတို့ကို ဖြစ်စေသည်သာမက၊ နာမ်တရားတို့ အဆက်ဆက် တိုးပွားအောင် ထောက်လည်း ထောက်ပံ့လေသည်။)

ဤ ဗဟိဒ္ဓ အာဟာရ (ဩဇာ)သည် မည်ကဲ့သို့သော ရုပ်မျိုးနည်း။ ထိုရုပ် သဘောကို စိစစ်ရာ၏။ အလုံးစုံသော သက်ရှိ-သက်မဲ့ အရာတို့၌ ပါရှိသော ရုပ်ဟူသမျှသည် 'တေဇောဓာတ်'အပေါ်မှာ မှီနေကြရ၏။ တေဇောဓာတ် လျှင် အသက်ရှိကုန်၏။တေဇောဓာတ်လျှင် အားကြီးသော မှီရာရှိကုန်၏။ရုပ် ဟူသမျှသည် တေဇောဓာတ် ခြယ်လှယ်သမျှကို ခံနေရကုန်၏။ တေဇောဓာတ် လျှင် အုပ်ထိန်းစိုးရ ပဓာနရှိကုန်၏။

ယင်း တေဇောဓာတ်မှာလည်း 'ဩဇာ' တည်းဟူသော ဓာတ်ဆီကို မှီရ စားသောက်ရမှ တည်တံ့ နိုင်ရကား 'ဩဇာ'သည် တေဇောဓာတ်၏ မူလ ရင်း ဖြစ်ပြန်၏။ ထို့ကြောင့် အနုစိတ်၏ လိုရင်းတရားအစစ်ကို ဟောရာ

ပဋ္ဌာန်းဒေသနာတော်၌ ဩဇာ တပါးတည်းကိုသာ ခေါင်ကောက်၍ ပစ္စည်း တပါး ခေါ်လောက်အောင် (ရုပ်) အာဟာရ ပစ္စည်းဟူ၍ ဟောတော်မူ၏။ တေဇောဓာတ်ကိုမူကား 'သူရောင်ပါ' ပြမ်းသိပ်ပါနိုင်သော သဟဇာတ် (တကွဖြစ်ဖက်) တရားမျိုးမှသာ ပါဝင်ရလေသည်။ ထိုတွင် - ဩဇာရုပ် ဟူသည်လည်း ဥတုဇဩဇာ-ဖြစ်၏။ ဥတုဇ ဩဇာဟူရာ၌ 'ခဲဖွယ်ဘောဇဉ် စသည်တို့သည် ဥတုဇရုပ် ဖြစ်လေရာ ထိုဥတုဇရုပ်၌ပါရှိသော ဩဇာကို ဗဟိဒ္ဓသသန္တာန်၌ ဖြစ်သော ဥတုဇဩဇာဟု ဆိုလေသည်။

ဤရုပ် အာဟာရ ပစ္စည်း၌ နည်းနှစ်နည်း ရှိလေရာ၊ ပထမနည်း၌ ဗဟိဒ္ဓ အာဟာရ (ဩဇာ)က အာဟာရ သမုဋ္ဌာနိက=အာဟာရဇရုပ် (အာဟာရ ကြောင့်ဖြစ်သော ရုပ်) အား ဇနက (ဖြစ်စေခြင်း) သတ္တိဖြင့် ကျေးဇူးပြုနိုင် ရာ လောက်ကိုသာ ရည်ရွယ်၍ ပြဆိုထား၏၊ သို့သော် ဤဗဟိဒ္ဓ အာဟာရက ဥပတ္ထမ္ဘက (ထောက်ပံ့ပေးခြင်း) သတ္တိဖြင့် ကျေးဇူးပြုနိုင်သော အရာတွေ များစွာ ကျန်ရှိသေး၏။ ထို့ကြောင့်ဒုတိယနည်းကို ဆိုရပြန်၏ ဟု ဒုတိယ နည်းထဲ၌ ''ထို ဗဟိဒ္ဓအာဟာရသည် တခြား ဩဇာ=အာဟာရက ဖြစ်စေ အပ်သော အာဟာရဇရုပ်အားလည်းကောင်း၊ ကြွင်းသော ကမ္မဇ, စိတ္တဇ, ဥတုဇ-ဟူသော တိဇရုပ်ခေါ် ရုပ်စု သုံးမျိုးအား လည်းကောင်း ထောက်ပံ့ခြင်း ဥပတ္ထမ္ဘကသတ္တိဖြင့် ကျေးဇူးပြုကြောင်း'' ပြဆိုရလေသည်။ ဆိုလိုသည်မှာ - ဗဟိဒ္ဓဩဇာ = ဗဟိဒ္ဓ အာဟာရသည် အာဟာရဇရုပ်ကို ဖြစ်စေအောင် ကျေးဇူးပြုရုံသာမကပဲ စတုသမုဋ္ဌာနိက (စတုဇ-ဟုလည်းခေါ်)ရုပ်စုလေးမျိုး တို့အား လည်းကောင်း ထောက်ပံ့ပေးလေသည်။

**စတုသမုဋ္ဌာနိကရုပ်**—ဟူသည် ကံ၊စိတ်၊ဥတု၊ အာဟာရ-တည်းဟူသော အကြောင်းတရား လေးပါးတို့ကြောင့် ဖြစ်ပေါ် လာသည့် ရုပ်လေးမျိုး အပေါင်းတည်း။ယင်းတို့ကား 'ကမ္မဇ၊စိတ္တဇ၊ ဥတုဇ၊ အာဟာရဇ ရုပ်တို့ ဖြစ်၏။

## (၂) အဇ္ဈတ္တိက အာဟာရ

အထက် ဖော်ပြပါအတိုင်း-ဗဟိဒ္ဓအာဟာရ (ဩဇာ)က ရုပ်တရားတို့အား ထိုက်သည်အားလျော်စွာ ဇနကသတ္တိ၊ ဥပတ္ထမ္ဘကသတ္တိတို့ဖြင့် ကျေးဇူးပြု

သကဲ့သို့ပင်၊ဒုတိယနည်းအရ အဇ္ဈတ္တိက အာဟာရ(အဇ္ဈတ္တိကဩဇာ) ကလည်း အလားတူပင် ရုပ်တရားတို့အား ဇနကသတ္တိ၊ ဥပတ္ထမ္ဘက သတ္တိတို့ဖြင့် ကျေးဇူး ပြုနိုင်လေသည်။

အဇ္ဈတ္တိက အာဟာရ(ဩဇာ)ဟူသည် အဘယ်နည်း—သတ္တဝါတို့၏ ခန္ဓာ ကိုယ်၌ ကမ္မသမုဋ္ဌာန (ကမ္မဇ) ရုပ်အစဉ်၊ စိတ္တသမုဋ္ဌာန (စိတ္တဇ) ရုပ်အစဉ်၊ ဥတုသမုဋ္ဌာန (ဥတုဇ) ရုပ်အစဉ်၊ အာဟာရ သမုဋ္ဌာန (အာဟာရဇ) ရုပ် အစဉ်-ဟူ၍ ရုပ်စုလေးမျိုး ရှိကုန်၏။ ထိုရုပ်အစဉ် လေးမျိုးလုံး၌ ဩဇာဓာတ် များ ပါလေရာ၊ ထို ဩဇာဓာတ်များကို 'အဇ္ဈတ္တိကဩဇာ' ဟု ခေါ်လေ သည်။ ယင်းကို အဇ္ဈတ္တိက စတုသမုဋ္ဌာနိက ဩဇာ-ဟုလည်း နာမည် ပြည့်စုံ စွာ ခေါ်နိုင်သည်။ ထို အဇ္ဈတ္တိက အာဟာရ (ဩဇာ) တို့သည် (ဗဟိဒ္ဓ ဥတုဇဩဇာ ကဲ့သို့ပင်) အာဟာရ သမုဋ္ဌာန ရုပ်ကလာပ်များကို ဖြစ်စေ၊ (ဇနကသတ္တိဖြင့် ကျေးဇူးပြု)သည့်အပြင်၊ အခြား သော (ကမ္မဇ၊ စိတ္တဇ၊ ဥတုဇ-ဟူသော) တိဇရုပ်ကလာပ်များကိုလည်း ထောက်ပံ့ (ဥပတ္ထမ္ဘကသတ္တိ ဖြင့် ကျေးဇူးပြု) ကြကုန်၏။

## အာဟာရနှစ်မျိုးက ကျေးဇူးပြုပုံ

အမိဝမ်း၌ ပဋိသန္ဓေ နေရသော သတ္တဝါ တို့အား အမိ၏ အာဟာရ မပျံ့နှံ့မီ 'ကမ္မဇ၊ စိတ္တဇ၊ ဥတုဇ' ဟူသော တိဇရုပ်များ၌ ပါရှိ သည့် အဇ္ဈတ္တိကဩဇာက ထောက်ပံ့မှု 'ဥပတ္ထမ္ဘကသတ္တိ' ဖြင့် ကျေးဇူးပြု၏။ မိဘ တို့၏ လုံ့လပယောဂ မပါပဲ အလိုလို ကိုယ်ထင်ရှားဖြစ်ကြသော 'ဥပပတ်' နတ်တို့အား ဖြစ်စ၌ နတ်ဩဇာကို မသုံးဆောင်ရသေးမီ အခါတို့၌လည်း ထို တိဇဩဇာက ထောက်ပံ့မှု 'ဥပတ္ထမ္ဘကသတ္တိ' ဖြင့် ကျေးဇူးပြု၏။ ဤ၌ စားမျို အပ်သော ဗဟိဒ္ဓအာဟာရ၏ အထောက်အပံ့ကို မရ(သေး)သော အဇ္ဈတ္တ စတုသမုဋ္ဌာနိက ဩဇာသည် ထောက်ပံ့မှု 'ဥပတ္ထမ္ဘက' ကိစ္စကိုသာ ဆောင် စွမ်းနိုင်၏။ ဗဟိဒ္ဓ အာဟာရ ဩဇာ၏ အထောက်ပံ့ကို ရသောအခါမှ ရုပ်ကို ဖြစ်စေနိုင်ခြင်း၊ 'ဇနကကိစ္စ' ကို ဆောင်စွမ်းနိုင်လေသည်။

ကမ္မဇရုပ် အားကြီးသော အချို့သော နတ်, ဗြဟ္မာ, ပြိတ္တာ, ငရဲ သတ္တဝါတို့မှာကား- ဗဟိဒ္ဓအာဟာရနှင့် ကင်း၍ပင် (မရှိပဲနှင့်ပင်) (အစာ မစားရပဲနှင့်ပင်) အဇ္ဈတ္တိက အာဟာရဖြင့် ကာလကြာမြင့်စွာပတ်လုံး တည်တံ့

နိုင်သော ခန္ဓာကိုယ် (ရုပကာယ) ရှိကြကုန်၏။ ထင်ရှားစေအံ့- ထို သတ္တဝါတို့သည် လူများ, တိရစ္ဆာန်များကဲ့သို့ အစာ အာဟာရတွေကို မစားသုံးကြပေ။ ထို သူတို့၏ ခန္ဓာကိုယ်များမှာ ကမ္မဇ (ကံကြောင့် ဖြစ်သော) ရုပ်အားကြီးသည့် ခန္ဓာကိုယ်များ ဖြစ်သောကြောင့် အဇ္ဈတ္တိက အာဟာရ (ခန္ဓာအတွင်းရှိ အာဟာရဓာတ်) ဖြင့်သာ နှစ်ပေါင်းများစွာ ကပ်ကမ္ဘာများစွာတိုင် ဖြစ်စ ပကတိ ရုပ်သွင်အတိုင်း တည်နေနိုင်ကြကုန်၏။ ကံတရား၏ တန်ခိုးသတ္တိကား– ဤမျှ ကြီးကျယ်လေစွ။

အချုပ်အားဖြင့် ဆိုရ ပြန်သော်– (က) ဗဟိဒ္ဓ ဩဇာသည် ပါစက တေဇောဓာတ်က ချက်ပြီးသည်ရှိသော် ကမ္မဇဖရဏလေသည် တကိုယ်လုံးကို ဖြန့်လိုက်၍ အဇ္ဈတ္တိက စတုဇ ဩဇာနှင့် သဘောချင်း ရောမိသော အခါမှ ဇနကသတ္တိဖြင့် အာဟာရဇရုပ်ကိုဖြစ်စေ၏။ အာဟာရဇရုပ်-ဟူသည် သမုဋ္ဌာန ထက်သန်သော ရုပ်ကလာပ်တည်း။ ထိုကလာပ်မှ တဆင့် ဥတုဇရုပ်ကို ဖြစ်စေ၏။ထိုရုပ်ကားဩဇာပစ္စယဥတုဇဟည်း။ယင်းဗဟိဒ္ဓ ဩဇာသည် တခြား ဩဇာ (အဇ္ဈတ္တိကဩဇာ)က ဖြစ်စေအပ်သော အလုံးစုံသော စတုသမုဋ္ဌာနိက ရုပ်အပေါင်းအား ဥပတ္ထမ္ဘကသတ္တိဖြင့် ကျေးဇူးပြု၏။ (၂) အဇ္ဈတ္တိက စတုသမုဋ္ဌာနိက ဩဇာသည် ဗဟိဒ္ဓဩဇာ၏ အထောက်အပံ့ကို ရသောအခါ စတုသမုဋ္ဌာနိကရုပ်အပေါင်းအား ဇနက သတ္တိဖြင့်လည်းကောင်း။ ယင်းဗဟိဒ္ဓ ဩဇာ၏ အထောက်အပံ့ကိုမရမှုကား ဥပတ္ထမ္ဘကသတ္တိဖြင့် လည်းကောင်း ကျေးဇူးပြုလေသည်။

## (ခ) နာမ် အာဟာရ

'အာဟာရ'ဟူသော စကားသည် "မိမိနှင့် အတူတကွ ဖြစ်ဖက် (သဟဇာတ်) တရားတို့အား အခွန့်ရှည်စွာ ဆက်လက်တည်တံ့အောင် လွန်စွာထောက်ပံ့" ခြင်း ဟူသော အဓိပ္ပာယ်ကိုဆောင်၏။ ထို့ကြောင့် အဟာရ၏ အဓိပ္ပာယ်ကို သာမန် အများနားလည်သိနေကျဖြစ်သော 'အစာထဲရှိ ဩဇာဓာတ်' ဟူ၍သာ ယူရမည် မဟုတ်ပေ။

ရုပ်တရားများထဲ၌ ပါရှိသော အဇ္ဈတ္တ၊ ဗဟိဒ္ဓ ဩဇာတို့သည် တကွ ဖြစ်ဖက် ရုပ်တရားတို့အား အခွန့်ရှည်စွာ ဆက်လက် တည်တံ့အောင် လွန်စွာ

ထောက်ပံ့ ကျေးဇူးပြုသည့်နည်းတူ 'ဖဿ၊ စေတနာ၊ ဝိညာဉ်'ဟူသော နာမ် အာဟာရတရား သုံးပါးတို့ကလည်း တကွ ဖြစ်ဖက် နာမ်တရားတို့အား လည်းကောင်း၊ နာမ် (စိတ်)ကြောင့်ဖြစ်သော စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်တို့အား လည်းကောင်း အခွန့်ရှည်စွာ ဆက်လက် တည်တံ့နေ အောင် ထောက်ပံ့သမှု ကျေးဇူးပြုကြပေသည်။

'ဖဿ'ဟူသော နာမ်အာဟာရကို 'ဖဿာဟာရ'ဟု လည်းကောင်း၊ 'စေတနာ'ဟူသော နာမ်အာဟာရကို 'စေတနာ ဟာရ' (ဝါ) မနော သဉ္စေတနာဟာရဟု လည်းကောင်း၊ 'ဝိညာဏ်=ဝိညာဉ်' (စိတ်) ဟူသော နာမ်အာဟာရကို ဝိညာဏာဟာရ'ဟု လည်းကောင်း ခေါ်ဝေါ်လေ့ရှိသည်။ ထိုသုံးပါးတို့တွင် ဖဿနှင့် စေတနာတို့ကား စေတသိက် တရားများဖြစ်ပြီး စိတ် ၈၉ ပါးလုံး၌ ယှဉ်၍ ဖြစ်ကြ၏။ဝိညာဏ (ဝိညာဉ်)ဟူသည် အလုံးစုံသော စိတ် ၈၉ ပါးကို ဆိုလိုသည်။

'ဖဿ'ဟူသည် အာရုံကို တွေ့ထိခြင်းသဘောဖြစ်၍၊ ဖဿာဟာရသည် အာရုံတို့၌ ကောင်းသောအရသာ, မကောင်းသောအရသာတို့ကို ထုတ်ယူလျက် ယှဉ်ဖက် သမ္ပယုတ် (နာမ်)တရားတို့သို့ လွန်စွာ ပို့ဆောင်ပေတတ်၏။

**'စေတနာ'**ဟူသည် ယှဉ်ဖက် သမ္ပယုတ် (နာမ်)တရားတို့ကို ဆိုင်ရာကိစ္စ၌ ဆောင်ရွက်ကြဖို့ရာ စေ့ဆော်ခြင်း, တိုက်တွန်းနှိုးဆော်ခြင်း သဘောဖြစ်၍၊ စေတနာဟာရ (မနောသဉ္စေတနာဟာရ)သည် ကာယကံ, ဝစီကံ, မနောကံ တို့၌ လုံ့လကို ဖြစ်စေလျက် ယှဉ်ဖက် သမ္ပယုတ်တရားတို့ကို ပြင်းစွာ ဆောင်တတ်၏၊

**'ဝိညာဏ'**(ဝိညာဉ်)သည် အာရုံကို သိခြင်းသဘောဖြင့် ရှေ့သွားဖြစ်၍ ပြဓာန်းခြင်းကိစ္စကို ဆောင်ရွက်လျက် ယှဉ်ဖက်သမ္ပယုတ် (နာမ်) တရားတို့ကို လွန်စွာ ဆောင်တတ်၏။ မြဲမြံစွာ ဖြစ်စေတတ်၏။ အခွန့်ရှည်စွာ ဆက်လက် တည်တံ့စေတတ်၏။

ဤအာဟာရ သုံးပါးတို့သည် ထိုသို့ မိမိတို့၏ သတ္တိဖြင့် ယှဉ်ဖက် သမ္ပယုတ် (နာမ်)တရားတို့ကို ဆောင်သည်ရှိသော်၊တကွ ဖြစ်ဖက် သဟဇာတ် ဖြစ်သော

ရုပ်တရား (စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်) တို့ကိုလည်း လွန်စွာ ထောက်ပံ့ဆောင်သည်သာတည်း။

# ကျေးဇူးပြုပုံ

'ဖဿ၊ စေတနာ၊ ဝိညာဉ်' ဟူသော နာမ်အာဟာရ သုံးပါးတို့သည် အခါခပ်သိမ်းအတူတကွ မကွေမကွာ တပေါင်းတည်း ဖြစ်လေ့ရှိကြသောကြောင့် အချင်းချင်းအားလည်း အာဟာရသတ္တိဖြင့် ကျေးဇူးပြုကြကုန်၏။ ထို့ကြောင့် 'ဖဿ' သည် ပစ္စည်းဖြစ်ခိုက်-စေတနာနှင့် ဝိညာဉ်တို့သည် ပစ္စယုပ္ပန်ဖြစ်၏။ 'စေတနာ'သည် ပစ္စည်းဖြစ်ခိုက် ဖဿနှင့်ဝိညာဉ်တို့သည် ပစ္စယုပ္ပန် ဖြစ်၏။ 'ဝိညာဉ်'သည် ပစ္စည်းဖြစ်ခိုက်-ဖဿနှင့်. စေတနာတို့သည် ပစ္စယုပ္ပန် ဖြစ်၏။ ဤသို့ မှတ်ယူရာ၏။

ထို့ကြောင့် ဥပမာအားဖြင့် (အာရုံ ခြောက်ပါးတပါးပါးကြောင့်) လောဘမူစိတ်တခုခု၊ ၎င်းနှင့်ယှဉ်ဖက်စေတသိက်များ၊ စိတ္တဇရုပ်များ တပြိုင်နက်ဖြစ်ကြသောအခါ (၁) ဖဿသည် ပစ္စည်းဖြစ်လျှင် ယင်းလောဘမူစိတ်၊ ဖဿမှတပါးသောယှဉ်ဖက် စေတသိက်များနှင့် စိတ္တဇရုပ်များသည် ပစ္စယုပ္ပန်ဖြစ်၏။ (၂) စေတနာသည် ပစ္စည်းဖြစ်လျှင် ယင်းလောဘမူစိတ်၊စေတနာမှတပါးသော ယှဉ်ဖက် စေတသိက်များနှင့် စိတ္တဇရုပ်များသည် ပစ္စယုပ္ပန်ဖြစ်၏။ (၃) ယင်းလောဘမူစိတ်သည် ပစ္စည်းဖြစ်လျှင် ထိုစိတ်၌ယှဉ်သော ဖဿ, စေတနာအပါအဝင် စေတသိက်များနှင့် စိတ္တဇရုပ်များသည်ပစ္စယုပ္ပန်ဖြစ်၏။ ဤသို့ နားလည်ရာ၏။ အခြားသောစိတ်များဖြစ်ရာ၌လည်း ဤနည်းအတူ သိပါလေ။

တဖန်-ပဋိသန္ဓေနေသောအခါ ပဋိသန္ဓေစိတ်နှင့်အတူယှဉ်ဖက်စေတသိက်၊ ပဋိသန္ဓေကမ္မဇရုပ်များဖြစ်ကြရာ၌လည်း အထက်ပါနည်းအတိုင်း မှတ်ပါလေ။ ပစ္စယုပ္ပန်တရားဘက်၌ စိတ္တဇရုပ်အစား, ပဋိသန္ဓေကမ္မဇရုပ် အမြဲပါသည်သာ ထူး၏။

နိဂုံးချုပ်အားဖြင့် အာဟာရပစ္စည်း နှစ်မျိုးတို့တွင် 'ရုပ်အာဟာရ' ပစ္စည်းသည် နာမ်ခန္ဓာလေးပါးသာရှိသော အရူပလေးဘုံ၌ ကျေးဇူးမပြု

နိုင်ကြောင်း၊ 'နာမ်အာဟာရ'သည်လည်း ရုပ်ခန္ဓာတမျိုးသာရှိသော အသည သတ်ဘုံ၌ ကျေးဇူးမပြုနိုင်ကြောင်း၊ ခန္ဓာငါးရှိ ပဉ္စဝေါကာရ ၂၆ ဘုံတို့၌သာ ရုပ်အာဟာရ, နာမ်အာဟာရ နှစ်မျိုးလုံး ကျေးဇူးပြုနိုင်ကြောင်း တို့ကို မှတ်သားပါလေ။

# သုတ္တန်နည်း

သုတ္တန်နည်း (ဝါ) ပဋိစ္စသမုပ္ပါဒ် နည်းအားဖြင့် နာမ်အာဟာရ တရား သုံးပါးတို့က ကျေးဇူးပြုပုံကို ပြဆိုဦးအံ့–

(၁) '**ဖဿာဟာရ**' သည် ''ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ'' ဟူသော ပဋိစ္စသမုပ္ပါဒ် အင်္ဂါလေးပါးကို ကျေးဇူးပြုသည်။ မှန်၏- သတ္တဝါ ဟူသမျှတို့သည် ထိခိုက်လာသော အာရုံ၏အရသာကို ဖဿဖြင့်ခံယူ၍ ဝေဒနာ ဖြင့် သုံးဆောင်ပြီးကာ တဏှာ, ဥပါဒါန်တို့ ထက်သန်ကြီးမား ပွားကြီး ပွား၍ သုံးပါးသောဝဋ်စက်မှ မလွတ်နိုင်ပဲ ရှိနေကြကုန်၏။ အကယ်၍ ဖဿာဟာရမရှိခဲ့ငြားအံ့-ဝေဒနာအခွင့်မရ၍တဏှာ,ဥပါဒါန်တို့ပေါ်မလာပဲ ကမ္မဘဝ သုဉ်းလေရာ၏။ ကမ္မဘဝသုဉ်းလေသော် ဝိပါကဝဋ်, ကိလေသ ဝဋ်တို့ မရှိလေရာ။

(၂) '**စေတနာဟာရ**' သည် ဥပပတ္တိဘဝ တည်းဟူသော ကာမ, ရူပ, အရူပဝေါ ဘဝသုံးပါးကို ကျေးဇူးပြုသည်။ စေတနာဟာရ,သင်္ခါရ,ကမ္မဘဝ, ကမ္မဝဋ်တို့ဟူသည် အဓိပ္ပာယ်တူ ဖြစ်ကြ၏။ ယင်း စေတနာဟာရ မရှိက ဘဝသုံးပါးမရှိလေရာ။

(၃) '**ဝိညာဏာဟာရ**' သည် ''နာမ် ရုပ်၊ သဠာယတန'' (အာယတန ခြောက်ပါး)တို့ကို ကျေးဇူးပြုသည်။ ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်ပြီး၊ တဖန် နာမ်ရုပ်ကြောင့် သဠာယတနတို့ ဖြစ်ရသည်။ ထို ဝိညာဉ်မရှိက ၎င်း နာမ် ရုပ်နှင့် သဠာယတနတို့လည်း မရှိလေရာ။

(ပဋိစ္စသမုပ္ပါဒ်လာ 'ဇာတိ၊ ဇရာ၊ မရဏ စသည်တို့နှင့် အဝိဇ္ဇာတို့ကား စေတနာဟာရ၏ နယ်ပယ်၊ စေတနာဟာရ၏ ကျေးဇူးခံတည်း)။ ဤသို့လျှင်

နာမ်အာဟာရ သုံးပါးတို့ကြောင့် အင်္ဂါ ၁၂ ပါးရှိသော ပဋိစ္စသမုပ္ပာဒ် စက်ရဟတ်သည် ကောင်းစွာလည်လေတော့၏။

သုတ္တန်နည်း အကျဉ်းကိုဆိုဦးအံ့– ဤသတ္တဝါတို့သည် '**ဝိညာဏာဟာရ**' ဝိညာဉ် ခြောက်ပါးတို့ဖြင့် အာရုံ ခြောက်ပါးတို့ကို ဇောစိတ် အစဉ်တွင် ထင်ထင်ရှားရှား ပိုင်းခြားမှတ်သားလျက်၊ ခြောက်ပါးသော '**စေတနာဟာရ**' တို့ဖြင့် အာရုံ တည်းဟူသော မှီရာဝတ္ထုကို ရဖို့ရာ ကြောင့်ကြ လုံ့လကိုပြု၍ ခြောက်ပါးသော '**ဖဿာဟာရ**'တို့ဖြင့် အာရုံတို့၌ ကောင်းသောအရသာ- မကောင်းသော အရသာတို့ကို ထင်ရှားအောင်ပြု၍ သုခဝေဒနာ, ဒုက္ခဝေဒနာ တို့ကို ခံစားကုန်၏။

တနည်းကား- **ဝိညာဉ်ခြောက်ပါး** တို့ဖြင့် အာရုံခြောက်ပါးတို့ကို ထင်ရှားစေလျက် နာမ်ရုပ်နှစ်ပါး၏ ပြည့်စုံခြင်းကို ပြီးစေကုန်၏။ **ဖဿ** တို့ဖြင့် အာရုံတို့၌ ကောင်းသော အရသာ- မကောင်းသော အရသာတို့ကို ထင်ရှား အောင်ပြု၍ အာရုံ၏ အရသာကို ခံစားတတ်သော ဝေဒနာကို ပြည့်စုံစေလျက်၊ တဏှာ၏ဖောက်ပြန်ခြင်းသို့ ရောက်ကုန်၏။ **စေတနာ** တို့ဖြင့် တဏှာလျှင် အကြောင်းရင်းရှိကုန်သော အထူးထူးသော ကောင်းမှု, မကောင်းမှု တို့ကို ပွားစေလျက် ဘဝမှ ဘဝသို့ ပြောင်းရွှေ့ ကျင်လည်ရကုန်၏။ ဤသို့ အာဟာရသုံးပါးတို့၏ ကြီးစွာ (ပြင်းစွာ) ဆောင် တတ် ကျေးဇူးပြု တတ်သည့် သတ္တိကို သိမှတ်ရာ၏။ ။

## [၁၆] ဣန္ဒြိယပစ္စည်း

မှတ်ရန်ဆိုရိုး။ ။ဣန္ဒြိယ ပစ္စည်းသည် "ဝတ္ထု ပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယ နှင့် သဟဇာတိန္ဒြိယ" ဟူ၍ သုံးမျိုး ရှိ၏။ ထိုတွင်-

### (က) ဝတ္ထုပုရေဇာတိန္ဒြိယ

'စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ' ဟူသော ဝတ္ထုရုပ် (ဣန္ဒြေ) ငါးပါးတို့သည် စက္ခုဝိညာဉ်, သောတဝိညာဉ်, ဃာနဝိညာဉ်, ဇိဝှာဝိညာဉ်, ကာယဝိညာဉ် ဟူသော ဝိညာဏဓာတ် ငါးပါး ဖြစ်သည့် ပဉ္စဝိညာဉ်စိတ် ၁၀ ပါးနှင့် ယှဉ်ဘက် စေတသိက် ခုနစ်ပါး တို့အား ဝတ္ထုပုရေဇာတိန္ဒြိယ ပစ္စယသတ္တိဖြင့် ကျေးဇူး ပြုကုန်၏။

### (ခ) ရူပဇီဝိတိန္ဒြိယ

'ရုပ်ဇီဝိတ ခေါ် ရုပ်ဇီဝိတိန္ဒြေသည်.... ရုပ်ဇီဝိတိန္ဒြေကြဉ်သော ကလာပ်တူ ကမ္မဇရုပ် တို့အား ဇီဝိတိန္ဒြိယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုလေ၏။

## (၈) သဟဇာတိန္ဒြိယ

'စိတ်၊နှင့် ဇီဝိတ ဝေဒနာ, သဒ္ဓါ, ဝီရိယ, သတိ, ဧကဂ္ဂတာ, ပညာ, စေတသိက် ခုနစ်ပါး ဟူသော နာမ်ဣန္ဒြေတရားကိုယ် ရှစ်ပါးတို့သည် ယှဉ်ဖက် စိတ် ၈၉၊ စေတသိက် ၅၂ ပါးတို့အား လည်းကောင်း၊ မိမိတို့ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်တို့အား လည်းကောင်း သဟဇာတိန္ဒြိယ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

## အဓိပ္ပာယ် ရှင်းလင်းချက်

'ဣန္ဒြိယ'(ဣန္ဒြေ) ဟူသည် 'အစိုးရခြင်း'ဟု ဆိုလိုသည်။ 'အဘယ်တရားတို့၌ အစိုးရသနည်း' ဟူမူ မိမိ၏ ယှဉ်ဖက် သမ္ပယုတ် တရားများ၌ အစိုးရသည်ကို ဆိုလိုသည်။ ဥပမာအားဖြင့်- စက္ခုန္ဒြေခေါ် စက္ခု ပသာဒရုပ်သည် ကြည့်ခြင်း ဟူသော ဒဿန ကိစ္စ၌ အစိုးရ၏။ စက္ခုပသာဒ ကြည်လေလေ စက္ခုဝိညာဉ်က ရူပါရုံကို အမြင်သန်လေလေ ဖြစ်၏။ မည်မျှပင် ကြည့်ခြင်း အားကြီး(အားသန်)သော်လည်း၊ စက္ခု ပသာဒက ညံ့ဖျင်းနေလျှင် (မျက်စိမှုန်နေလျှင်) မြင်ခြင်းကိစ္စလည်း အားသေးရလေတော့၏။ ဤသို့လျှင် မိမိ၏ ဆိုင်ရာကိစ္စ၌ မိမိအလိုအတိုင်း ဖြစ်ရအောင် ပိုင်နင်းစိုးအုပ် လွှမ်းမိုးနိုင်သော သတ္တိသည် ဣန္ဒြိယ ပစ္စည်းမည်၏။

ဤတွင် စက္ခုပသာဒသည် မြင်ခြင်းဟူသော မိမိကိစ္စ၌သာ အစိုးရနိုင်၊ အုပ်စိုးနိုင်၏။ ကြားခြင်းစသော သူတပါးကိစ္စများ၌ မအုပ်စိုးနိုင်၊ မလွှမ်းမိုးနိုင်ချေ။ ထို့ကြောင့် ဣန္ဒြိယ ပစ္စည်းကို မိမိတို့ဆိုင်ရာ ကိစ္စများ၌သာ အာဏာရှိသော၊ အစိုးရသော ပြည်ထဲရေးအမတ် (ဝန်ကြီး)စသည့် အမတ်(ဝန်ကြီး) များဖြင့် ဥပမာပြကြ၏။ အုပ်စိုးမှုနယ်ပယ်တွင် ဣန္ဒြိယ ပစ္စည်းသည် အဓိပတိ ပစ္စည်းထက် နည်းကျဉ်း၏။ အဓိပတိပစ္စည်းသည် မိမိနှင့်ယှဉ်ဖက် (သမ္ပယုတ်)၊ တကွ ဖြစ်ဖက် (သဟဇာတ်) တရားဟူသမျှတို့အပေါ်၌ ပိုင်နိုင်စွာ (ပြိုင်ဘက်မရှိ) လွှမ်းမိုး အုပ်ချုပ်နိုင်သဖြင့်၊ ပြည့်ရှင်မင်း, စကြဝတေးမင်းနှင့် တူ၏။ ဣန္ဒြိယ ပစ္စည်းသည်ကား မိမိတို့ဆိုင်ရာ အမှုကိစ္စ၌သာ ပိုင်နိုင် အုပ်စိုး လွှမ်းမိုးနိုင်သဖြင့် မှူးကြီးမတ်ကြီး (ဝန်ကြီး)များနှင့်သာ တူလေသည်။

# (က) ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်း

'ဝတ္ထု ပုရေဇာတ' ဟူသည် (ပုရေဇာတ ပစ္စည်း၌ ပြဆိုခဲ့သည့်အတိုင်း) "ဝတ္ထုရုပ်တို့သည် မိမိတို့က ကျေးဇူးပြုအပ်သော ပစ္စယုပ္ပန်တရားများ မဖြစ်သေးမီ ရှေးဦးစွာ (ကြိုတင်၍) ဖြစ်နှင့်ခြင်းကို ဆိုလိုသည်။ ထို့ကြောင့် ရှေးဦးစွာ ဖြစ်နှင့်၍ မိမိတို့ဆိုင်ရာ ကိစ္စများ၌ အစိုးရသော စက္ခုန္ဒြေ စသည့် ဣန္ဒြေငါးပါး ရုပ်တရားများကို ဝတ္ထု ပုရေဇာတိန္ဒြိယ ပစ္စည်းတရားများဟု ခေါ်သည်။ ဝတ္ထု ပုရေဇာတိန္ဒြိယ ပစ္စည်းတရား ငါးပါးတို့ကား စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ ကာယိန္ဒြေ' ဟု ခေါ်သော ရုပ်ဣန္ဒြေ ငါးပါးတို့ ဖြစ်ကြ၏။ ထိုတရား ငါးပါးတို့သည် မိမိတို့က အစိုးရခြင်းဖြင့် ကျေးဇူးပြုအပ်သော ဆိုင်ရာဝိညာဉ်စိတ်တို့၏ မှီရာတည်ရာ ဝတ္ထုဖြစ်ကြသည့် စက္ခုပသာဒ စသော ဝတ္ထုရုပ် ငါးပါးတို့ပင် ဖြစ်ကြ၏။

"ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ'ဟူသော အာရုံ ငါးပါးတို့သည် (အစဉ်အတိုင်း) 'စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ' ဟူသော ပသာဒဝတ္ထုရုပ် ငါးပါးခေါ် ဒွါရ (တံခါး)ငါးခုထဲသို့ ဝင်ရောက် လာသော အခါ 'စက္ခုဒွါရဝီထိ၊ သောတဒွါရဝီထိ၊ ဃာနဒွါရဝီထိ၊ဇိဝှာဒွါရဝီထိ၊ကာယဝီထိ'ဟုခေါ်ဆိုအပ်သော ဝီထိငါးမျိုး(ပဉ္စဒွါရဝီထိ)တို့၌ ရှေးဦးစွာ 'ပဉ္စဒွါရာဝဇ္ဇန်းစိတ်' ဖြစ်ပြီးနောက်၊'စက္ခုဝိညာဉ်၊ သောတဝိညာဉ်၊ ဃာနဝိညာဉ်၊ ဇိဝှာဝိညာဉ်၊ ကာယဝိညာဉ်' (အစဉ်အတိုင်း)ဟူသော ဝိညာဉ်စိတ် ငါးမျိုး အသီးသီး ဖြစ်ကြပြီးလျှင်၊ (အာရမ္မဏပစ္စည်း၌ ပြဆိုခဲ့သည့် အတိုင်း) သမ္ပဋိစ္ဆိုင်းစိတ် စသည့် ဝီထိစိတ် အစဉ်တွေ ဆက်တိုက် ဖြစ်ကြလေသည်။

ထိုတွင် စက္ခု ပသာဒ စသော ဝတ္ထု ငါးပါးတို့သည် ရှေးဦးစွာ ကြိုတင်ဖြစ်လျက် မိမိတို့ကို မှီ၍ဖြစ်သော 'စက္ခုဝိညာဉ်' စသည့် ဝိညာဉ်စိတ် ငါးမျိုး (တမျိုးလျှင် စိတ် နှစ်ပါးဖြစ်၍၊ ဒွေပဉ္စ ဝိညာဉ် စိတ် ၁၀ပါး) တို့အား ရူပါရုံ စသည့် အာရုံငါးပါးတို့ကို 'မြင်ခြင်း၊ ကြားခြင်း၊ နံခြင်း၊ လျက်ခြင်း၊ တွေ့ထိခြင်း' ဟူသော ကိစ္စ ငါးပါး အသီးသီး၌ အစိုးရခြင်း အဖြစ်ဖြင့် ကျေးဇူးပြုကုန်ကြ၏။ ထို့ကြောင့်—

(၁) စက္ခုပသာဒ ဝတ္ထုရုပ်သည် မြင်ခြင်းကိစ္စ၌ မိမိကိုမှီ၍ ဖြစ်သော စက္ခုဝိညာဉ်စိတ် နှစ်ပါးနှင့် ယှဉ်ဖက် စေတသိက် ခုနစ်ပါးအား လည်းကောင်း၊ (၂) သောတပသာဒ ဝတ္ထုရုပ်သည် ကြားခြင်းကိစ္စ၌ မိမိကို

မှီ၍ဖြစ်သော သောတဝိညာဉ်စိတ် နှစ်ပါးနှင့် ယှဉ်ဖက် စေတသိက် ခုနစ်ပါးအား လည်းကောင်း၊ (၃)ဃာန ပသာဒဝတ္ထုရုပ်သည် နံခြင်း=နမ်းခြင်း ကိစ္စ၌ မိမိကိုမှီ၍ဖြစ်သော ဃာနဝိညာဉ်စိတ် နှစ်ပါးနှင့် ယှဉ်ဖက်စေတသိက် ခုနစ်ပါးအား လည်းကောင်း၊ (၄)ဇိဝှာပသာဒ ဝတ္ထုရုပ်သည် လျက်ခြင်း= အရသာခံခြင်းကိစ္စ၌ မိမိကိုမှီ၍ဖြစ်သော ဇိဝှာဝိညာဉ်စိတ် နှစ်ပါးနှင့် ယှဉ်ဖက် စေတသိက် ခုနစ်ပါးအားလည်းကောင်း၊ (၅)ကာယပသာဒ ဝတ္ထုရုပ်သည် ထိတွေ့ခြင်းကိစ္စ၌ မိမိကိုမှီ၍ဖြစ်သော ကာယဝိညာဉ်စိတ် နှစ်ပါးနှင့် ယှဉ်ဖက် စေတသိက် ခုနစ်ပါးအားလည်းကောင်း အစိုးရခြင်း ဣန္ဒြိယ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုကုန်၏။

ဤဘွင် 'အစိုးရသည်' ဟူရာ၌ စက္ခုပသာဒ စသည့် ပသာဒ ဝတ္ထုရုပ်တို့ အားကောင်းထက်သန်ပါမှ စက္ခုဝိညာဉ် စသည့် ဝိညာဉ်စိတ်တို့လည်း မြင်ခြင်းစသည့် ကိစ္စတို့၌ ထက်သန်နိုင်ကြကုန်၏။ အိုမင်းကြီးရင့်၍ ထိုပသာဒ ဝတ္ထုရုပ် ငါးပါးတို့ကို ဇရာဖိစီးသောအခါ မိမိတို့ကိုမှီ၍ ဖြစ်ကြသည့် စက္ခုဝိညာဉ် စသည်တို့လည်း မြင်ခြင်းစသည် ကိစ္စတို့ကို မတပ်စွမ်းနိုင် ကြကုန်၏။

## ဟဒယ ဝတ္ထုရုပ်

ဝတ္ထုပုရေဇာတနှင့် ဝတ္ထုပုရေဇာတနိဿယ ပစ္စည်းတို့၌ 'ဟဒယဝတ္ထု' ရုပ် အပါအဝင် ဝတ္ထုရုပ် ခြောက်ပါးလုံး ပါပါလျက်၊ ဤဣန္ဒြိယ ပစ္စည်း၌ အဘယ်ကြောင့် ဟဒယဝတ္ထုရုပ် မပါလေသနည်းဟု မေးငြားအံ့။ အဖြေကား—

"ဟဒယ ဝတ္ထုသည် ရှေးဦးစွာ ဖြစ်နှင့်၍ (ပုရေဇာတ)၊ မနောဓာတ်, မနောဝိညာဏဓာတ် ဟူသော ဝိညာဉ်စိတ် ၇၉ ပါးတို့၏ မှီရာ (ဝတ္ထု) ဖြစ်သည်ကား မှန်၏။ သို့သော် ၎င်းသည် ထိုဝိညာဉ်စိတ်တို့၌ အစိုးရခြင်း ကိစ္စကို မပြီးစေ၊ (ဝါ) အစိုးမရပေ။ စက္ခုပသာဒ စသည် ရှေးပသာဒ ရုပ်ငါးခုတို့သည် မိမိတို့ကိုမှီ၍ ဖြစ်ကုန်သော စက္ခုဝိညာဉ် စသည့် ဝိညာဉ်စိတ် ငါးမျိုးတို့ကို နုံ့ခြင်း, ထက်ခြင်းစသည်ဖြစ်အောင် အမြဲစွမ်းဆောင်နိုင်သကဲ့သို့၊ ဤဟဒယ ဝတ္ထုရုပ်သည် မိမိကိုမှီ၍ဖြစ်သော ဝိညာဉ်စိတ်များကို နုံ့ခြင်း, ထက်ခြင်းစသည်ဖြစ်အောင် အမြဲနိယာမ အားဖြင့် မတတ်နိုင်။ **အစိုးမရနိုင်ပေ။**

စက္ခုပသာဒစသည် ရှေးပသာဒဝတ္ထုရုပ်ငါးပါးနှင့် ရူပါရုံစသည် အာရုံငါးပါးတို့ကား အခံခေတ်(ဝတ္ထု)၊အတိုက်ခေတ်(အာရုံ)ဖြစ်ကြ၏။ ဟဒယဝတ္ထုရုပ်နှင့် ဓမ္မာရုံကား ထိုသို့ အခံခေတ်၊အတိုက်ခေတ် မဟုတ်ချေ။ ဓမ္မာရုံတည်းဟူသော အတိုက်ခေတ်သည် မနောဒွါရ(စိတ်တံခါး)၌သာ ခိုက်ရသည်။ မနောအကြည်၌သာ ပေါ်ရသည်။ ထို့ကြောင့် ဟဒယဝတ္ထုရုပ်သည် ဒွါရ မထိုက်၍ (ပသာဒရုပ်လည်း မဟုတ်) ပုရေဇာတိန္ဒြိယ ပစ္စည်း တရားလည်း မဖြစ်နိုင်သတည်း။

ထို့ကြောင့် အချုပ်အားဖြင့်-"အမှီခံခြင်း၊ ရှေးဦးစွာ ဖြစ်နှင့်ခြင်း၊မိမိကို မှီ၍ဖြစ်သည့် ဝိညာဉ်စိတ်ကို မိမိကိုစွဖြင့် ထက်ခြင်း၊ နုံ့ခြင်းအရာ၌ အစိုးရခြင်း" ဟူသော အင်္ဂါသုံးပါးနှင့် ကိုက်ညီမှသာ ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်း ဖြစ်နိုင် (တပ်နိုင်) သည်။ ဟဒယဝတ္ထုရုပ်ကား နောက်ဆုံးအင်္ဂါနှင့် မညီ၍ ဤပစ္စည်းထဲ၌ မပါဝင်နိုင်ခြင်းဖြစ်၏။

## (ခ) ရူပဇီဝိတိန္ဒြိယပစ္စည်း

သတ္တဝါတို့၏ အဇ္ဈတ္တ သန္တာန်၌ ဇီဝိတ ခေါ် အသက်သည် ရုပ်ဇီဝိတ= ရုပ်သက်နှင့် နာမ်ဇီဝိတ= နာမ်သက်ဟူ၍ နှစ်မျိုးရှိ၏။ ဤ၌ ရူပဇီဝိတခေါ် ရုပ်သက်ကို ယူအပ်၏။ (နာမ်ဇီဝိတခေါ် နာမ်သက်ကား ဖော်ပြမည့် သဟဇာတိန္ဒြိယ ပစ္စည်းထဲ၌ ပါဝင်၏။) ဇီဝိတရုပ်ကား ကမ္မဇရုပ်တို့၏ အသက်ပေတည်း။ သတ္တဝါတို့၏ ခန္ဓာကိုယ် အဇ္ဈတ္တသန္တာန်ထဲ၌ ပဋိသန္ဓေ အခါမှာ ဖြစ်စေ၊ ပဝတ္တိအခါမှာ ဖြစ်စေ- ကမ္မဇရုပ်ကလာပ်တွေဖြစ်တိုင်း ဇီဝိတရုပ် ပါ၏။

ထိုဇီဝိတရုပ် ဟူသမျှသည် မိမိနှင့် တကလာပ်တည်း ဖြစ်ကြသောကမ္မဇ ရုပ်တွေကို အရှည်တည်တံ့စေရန် စောင့်ရှောက်၏။အသက်၏ကိစ္စဖြင့်ကျေးဇူး ပြု၏။ စောင့်ရှောက်ခြင်း ကိစ္စ၌ အစိုးတရဖြစ်၏။ ထို့ကြောင့် ပဋိသန္ဓေ၊ ပဝတ္တိအားဖြင့် အလုံးစုံသော ရုပ်ဇီဝိတသည် ဣန္ဒြိယပစ္စည်းမည်၏။ ထိုဇီဝိတ ရုပ်သည် ကလာပ်တူ ကမ္မဇရုပ်ကို စောင့်ရှောက်မှု အစိုးရမှုသာ ရှိ၍ 'ဥပတ္ထမ္ဘက'(ထောက်ပံ့ခြင်း)ကိစ္စ တခုသာရှိ၏။ ကမ္မဇရုပ်ကို ဖြစ်စေခြင်း ဟူသော ဇနကသတ္တိမရှိပေ။

ရူပါရုံကိုမြင်ရာ စက္ခု ဝိညာဉ်စိတ်၏ တည်ရာ ဖြစ်သော စက္ခုပသာဒ ရုပ်ထဲ၌ ရုပ်အပေါင်း ၁၀ ခုပါဝင်၏။ ယင်းကို စက္ခုဒသကကလာပ် (စက္ခုပသာဒနှင့်တကွသော ရုပ်၁၀ ခုအပေါင်း)ဟု ခေါ်၏။ သောတဒသက၊ ဃာနဒသက၊ ဇိဝှါဒသက၊ ကာယဒသက ကလာပ်တို့၌လည်း ထို့အတူ ရုပ် ၁၀ ခု ပါဝင်၏။ ထိုရုပ်၁၀ ခု အပေါင်းဟူသော ဒသကကလာပ်များထဲ၌ ရုပ်ဇီဝိတသည် အမြဲပါ၏။ ထိုရုပ်တရား တို့သည် ကံကြောင့်သာ ဖြစ်ရ၍ ကမ္မဇရုပ်များပင် ဖြစ်၏။ ထိုဒသက ရုပ်ကလာပ်တို့၌ ဇီဝိတရုပ်သည် မိမိနှင့် တကလာပ်တည်းဖြစ်သော၊ (မိမိမှ) ကြွင်းသော ကမ္မဇရုပ် ကိုးခု တို့အား အရှည်တည်တံ့စေရန် စောင့်ရှောက်ခြင်း ဣန္ဒြိယ ပစ္စယသတ္တိဖြင့် ကျေးဇူး ပြု၏။ (ဝါ) အစိုးရ၏။

မှတ်ချက်။ ။ဇီဝိတ ရုပ်သည် တကွ ဖြစ်ဖက် ကလာပ်တူ ကမ္မဇ ရုပ် တို့အား ကျေးဇူး ပြုသော်လည်း (ဆက်လက် ဖော်ပြမည့် သဟဇာတိန္ဒြိယပစ္စည်းလာ) နာမ်ဣန္ဒြေများကဲ့သို့ ဥပါဒ်ခိုက်၌ အထင် အရှား ကျေးဇူးမပြုနိုင်။ သြဇာရုပ် ကဲ့သို့ ဌီအခိုက် ကျမှ စောင့်ရှောက် ထောက်ပံ့သောအားဖြင့် ကျေးဇူးပြုသည်။ ထို့ကြောင့်ရုပ်ဇီဝိတကို 'သဟဇာတ' 'ပုရေဇာတ'ဟူသော ဣန္ဒြိယပစ္စည်း နှစ်မျိုးထဲ၌ မသွင်းနိုင်ပဲ၊ သီးခြားထုတ် ရလေသည်။

## (ဂ) သဟဇာတိန္ဒြိယပစ္စည်း

'ဇီဝိတ၊ ဝေဒနာ၊ သဒ္ဓါ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ ပညာ- ဟူသော စေတသိက် ခုနစ်ပါးနှင့် စိတ်–ဤတရား ရှစ်ပါးတို့သည် နာမ်ဣန္ဒြေ တရား များ ဖြစ်သည်။ ဤတရား ရှစ်ပါးတို့သည် မိမိတို့ အသီးသီးနှင့် အတူတကွ ဖြစ်ဖက် 'စိတ်၊ စေတသိက်၊ စိတ္တဇရုပ်၊ ကမ္မဇရုပ်' တို့ အား စောင့် ရှောက် ခြင်း၊ အစိုးရခြင်းအားဖြင့် ကျေးဇူး ပြုကြသောကြောင့် 'သဟဇာတိန္ဒြိယ ပစ္စည်းတရားများ ဖြစ်ကုန်၏။ ယင်းတရားအသီးသီးတို့၏ သဘောလက္ခဏာ များမှာ—

(၁) **ဇီဝိတ**–ဟူသည် ဇီဝိတိန္ဒြေ စေတသိက်ဖြစ်ပြီး၊ ယှဉ်ဖက်တရားတို့ကို စောင့်ထိန်းခြင်း သဘော ဖြစ်၏။ ၎င်းသည် နာမ်တရားတို့၏ အသက်ပင် တည်း။ စိတ်အားလုံး၌ ယှဉ်၍ ဖြစ်၏။

(၂) **ဝေဒနာ**- စေတသိက်သည် အာရုံ၏ အရသာကို ခံစားခြင်း သဘော ဖြစ်၏။ စိတ်အားလုံး၌ ယှဉ်၍ဖြစ်၏။

(၃) **သဒ္ဓါ**- စေတသိက်သည် ရတနာ သုံးပါး၊ ကံ, ကံ၏ အကျိုး စသည်ကို ကြည်ညိုမှု, ယုံကြည်မှု ဖြစ်ပြီး၊ ယှဉ်ဖက် တရားတို့ကို ကြည်လင် စေတတ်၏။ ကောင်းသော 'သောဘန' စိတ် ၅၉ ပါးတို့၌သာ ယှဉ်၍ဖြစ်၏။

(၄) **ဝီရိယ**- စေတသိက်သည် အားထုတ်ခြင်း, အားတက်သရော်ရှိခြင်း သဘောဖြစ်၏။ ကောင်း-မကောင်းသော စိတ် ၇၃ ပါးတို့၌ ယှဉ်၍ ဖြစ်၏။

(၅) **သတိ**- စေတသိက်သည် ဘုရား, တရား စသော ကုသိုလ်နှင့် ဆိုင်ရာ ကို အောက်မေ့မှု, အမှတ်ရမှု သဘော ဖြစ်၏။ ကောင်းသော 'သောဘန' စိတ် ၅၉ ပါးတို့၌ ယှဉ်၍ဖြစ်၏။

(၆) **ဧကဂ္ဂတာ**- စေတသိက်သည် အာရုံ တခု၌ တည်တံ့ခြင်း, တည် ကြည်ခြင်း သဘော ဖြစ်၏။ စိတ် ၈၉ ပါးလုံး၌ ယှဉ်၍ ဖြစ်၏။

(၇) **ပညာ**- စေတသိက်သည် သိမှု 'ပညာ' ကိစ္စ၌ အစိုးရသောကြောင့် ပညိန္ဒြေ ဟုလည်း ခေါ်၏။ အထူးထူး အပြားပြားအားဖြင့် သိခြင်းသဘော ဖြစ်၏။ ၎င်းသည် ကောင်းသော 'သောဘန' စိတ် ၅၉ ပါးတွင် ဉာဏ်နှင့် ယှဉ်ကြသော စိတ် ၄၇ ပါး၌သာ ယှဉ်၍ဖြစ်၏။

(၈) **စိတ်**–ဟူသည် အာရုံကို ကြံစည်၍ သိတတ် သောကြောင့် ဝိညာဏ (ဝိညာဉ်)ဟု ခေါ်၏။ စိတ်မှာ ၈၉ ပါးရှိပြီး၊ ယင်းစိတ်တို့၏ ဖြစ် လိုက်တိုင်း, ချုပ်သွားတိုင်း ၅၂ ပါးသော စေတသိက်တို့လည်း လိုက်၍ ဖြစ်ကြရ- ချုပ်ကြရသည်။

## ကျေးဇူးပြပုံ

ဤနာမ်ဣန္ဒြေ တရားကိုယ် ရှစ်ပါး အသီးသီးသည် မိမိ မိမိနှင့် အတူ ယှဉ် ဖက်, ဖြစ်ဖက် တရားတို့၌ မိမိ မိမိ၏ သဘောသတ္တိအားဖြင့် အစိုးရမှု ရှိပေ သည်။ (ဝါ) ကျေးဇူးပြု ပေးလေသည်။ ဤနာမ်ဣန္ဒြေ တရား ရှစ်ပါးတွင် စေတသိက် ခုနစ်ပါး ပါဝင်ရာ၊ ယင်းတို့အနက် 'ဇီဝိတ၊ ဝေဒနာ၊ ဧကဂ္ဂတာ' တို့သည် စိတ် ၈၉ ပါးလုံး၌ ယှဉ်၍၊ ကျန်စေတသိက် လေးပါးတို့မှာ စိတ် အများစု၌သာ ယှဉ်ကြကုန်၏။ ထိုသို့ စိတ်အများစု၌ ထိုစေတသိက်ခုနစ်ပါး တို့ အတူတကွ တပေါင်းတည်း ယှဉ်၍ ဖြစ်နိုင်ကြရာ၊ တပါးသည် ပစ္စည်း

တရားဖြစ်က စိတ်နှင့်တကွ ကျန်စေတသိက်·ခြောက်ပါး (ငါးပါးစသည်)တို့သည် ပစ္စယုပ္ပန် ဖြစ်ကြရသည်။

ထို့ပြင် စိတ်တခုဖြစ်ပေါ်တိုင်း စေတသိက်များစွာတို့ယှဉ်၍ ဖြစ်ကြရာဝယ် ဣန္ဒြိယပစ္စည်းထိုက်သည့် စေတသိက်ခုနစ်ပါးတို့လည်း ထိုက်သည့်အားလျော်စွာ ဖြစ်လေသောကြောင့် စိတ်သည် ပစ္စည်းဖြစ်လျှင် ယှဉ်ဖက်နာမ် ဣန္ဒြေစေတသိက်တရားတို့သည် ပစ္စယုပ္ပန် ဖြစ်ကြရသည်။ ထိုမျှသာ မဟုတ်သေး။ ထိုသို့ စိတ်,စေတသိက်များဖြစ်ကြရာဝယ် စိတ်ကြောင့်ဖြစ်သည့် စိတ္တဇရုပ်တို့လည်း တပါတည်း ပါဝင်ကြရ၏။ စိတ္တဇရုပ်တို့သည် ပစ္စည်းတရားမဟုတ်၍ ပစ္စယုပ္ပန်အမြဲ ဖြစ်ရလေသည်။

ထို့ကြောင့် ဥပမာအားဖြင့်-ပဝတ္တိအခါ၌ လောဘမူစိတ်တခုခု၊ ယင်းနှင့်ယှဉ်ဖက် စေတသိက်များ, စိတ္တဇရုပ်များဖြစ်ကြရာဝယ် ဇီဝိတိန္ဒြေ စေတသိက်သည် ပစ္စည်းဖြစ်အံ့- ကြွင်းသော စိတ်, စေတသိက် နှင့် စိတ္တဇရုပ်တို့သည် ပစ္စယုပ္ပန် ဖြစ်ကြရ၏။ ထိုအတူ လောဘမူစိတ်၌ယှဉ်သည့် "ဝေဒနာ၊ ဝီရိယ၊ ဧကဂ္ဂတာ" ဟူသော ဣန္ဒြေထိုက်သော စေတသိက်တခုခုက ပစ္စည်းတရားဖြစ်လျှင် ကြွင်းစိတ် စေတသိက်နှင့် စိတ္တဇရုပ်တို့သည် ပစ္စယုပ္ပန်ဖြစ်ကြရသည်။ ထိုလောဘမူစိတ်သည် ပစ္စည်းတရား ဖြစ်အံ့- ယင်းနှင့်ယှဉ်သည့် ဣန္ဒြေထိုက်သော စေတသိက်များ, စိတ္တဇရုပ်များသည် ပစ္စယုပ္ပန်တရား ဖြစ်ကြရသည်။

အခြားသောစိတ်များဖြစ်ရာ၌လည်း ထိုနည်းအတူပင် စိတ်ယှဉ်၊စေတသိက်ယှဉ်ပုံကိုကြည့်၍ ပစ္စည်း,ပစ္စယုပ္ပန်ဖြစ်ပုံကို သိပါလေ။ ပဋိသန္ဓေစိတ်ဖြစ်သည့်အခါ၌မူကား- ကမ္မဇရုပ်သာဖြစ်ပြီး စိတ္တဇရုပ်မဖြစ်သောကြောင့် ပစ္စယုပ္ပန်ဘက်၌ ကမ္မဇရုပ်ကို အမြဲထားရသည်။ ဤမျှသာ ထူး၏။ ပစ္စည်း,ပစ္စယုပ္ပန် ဖြစ်ပုံမှာ ရှေးနည်းအတိုင်းပင်။

အထက်ပါကျေးဇူးပြုပုံစကားရပ်တို့ကား ပဉ္စဝေါကာရ ၂၆ ဘုံနှင့်သာဆိုင်သော စကားရပ်တို့တည်း။ ရုပ်မရှိသော အရူပလေးဘုံ၌ ဤနာမ် ဣန္ဒြေတရားတို့သည် အချင်းချင်းအားသာ ဣန္ဒြိယပစ္စယသတ္တိဖြင့် ကျေးဇူးပြုနိုင်၏။ စိတ္တဇရုပ်, ပဋိသန္ဓေကမ္မဇရုပ်တို့အား ကျေးဇူးမပြုနိုင်။ရုပ်ခန္ဓာ တပါးသာရှိသော အသညသတ်ဘုံ၌ကားဤနာမ်ဣန္ဒြေတရားများ လုံးဝမဖြစ်သောကြောင့် ဣန္ဒြိယပစ္စည်း မဖြစ်နိုင်ပေ။ ဤကဲ့သို့ ခွဲခြားသိပါလေ။

## ဘာဝရုပ် ဣန္ဒြေနှစ်ပါး

မိမိ မိမိတို့၏ ကိစ္စအသီးသီး၌ အစိုးရသည်ဖြစ်၍ ဣန္ဒြေထိုက်သော တရားတို့မှာ ၂၂ ပါး ရှိကုန်၏။ ထို ၂၂ ပါးတို့ကား- "စက္ခုန္ဒြေ၊ သောတိန္ဒြေ၊ ဃာနိန္ဒြေ၊ ဇိဝှိန္ဒြေ၊ကာယိန္ဒြေ၊ "ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ"၊ဇီဝိတိန္ဒြေ၊မနိန္ဒြေ(စိတ်)၊ "သုခိန္ဒြေ၊ ဒုက္ခိန္ဒြေ၊ သောမနဿိန္ဒြေ၊ ဒေါမနဿိန္ဒြေ ဥပေက္ခိန္ဒြေ၊" သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေ၊ "အနညာတညဿာမီတိန္ဒြေ၊ အညိန္ဒြေ၊ အညာတာဝိန္ဒြေ"တို့ ဖြစ်ကြသည်။

(၁) စက္ခုန္ဒြေမှ ကာယိန္ဒြေအထိ ဣန္ဒြေငါးပါးတို့သည် ဝတ္ထုပုရေဇာတိန္ဒြိယပစ္စည်းတရားများထဲ၌ ပါဝင်၏။ (၂) ဇီဝိတိန္ဒြေမှာ 'ရုပ်ဇီဝိတ၊ နာမ်ဇီဝိတ' ဟု နှစ်မျိုးရှိရာ ရုပ်ဇီဝိတသည် ရူပဇီဝိတိန္ဒြိယပစ္စည်းထဲ၌ ပါဝင်၍၊ နာမ်ဇီဝိတသည် သဟဇာတိန္ဒြိယ ပစ္စည်းထဲ၌ ဇီဝိတစေတသိက် အဖြစ်ဖြင့် ပါဝင်သည်။ (၃) သုခိန္ဒြေအစ ဥပေက္ခိန္ဒြေအထိသော ဣန္ဒြေငါးပါးတို့သည် ဝေဒနာငါးမျိုးဖြစ်၍ ဝေဒနာစေတသိက်ထဲ၌ ပါဝင်ပြီးဖြစ်၏။(၄)ပညိန္ဒြေအစ အညာတာဝိန္ဒြေ အထိသော ဣန္ဒြေလေးပါးတို့လည်း ပညိန္ဒြေခေါ် ပညာစေတသိက်၏ မျိုးကွဲများဖြစ်၍ ပညာစေတသိက်ထဲ၌ပါဝင်ပြီး ဖြစ်၏။ (၅) "သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ" တို့လည်း သဒ္ဓါ၊ ဝီရိယ သတိ၊ သမာဓိ' စေတသိက်များပင် ဖြစ်ကြ၏။

(၅) ဤသို့ဆိုလျှင် "ဣတ္ထိန္ဒြေ၊ ပုရိသိန္ဒြေ" တို့မှ တပါးသော ဣန္ဒြေ တရားကိုယ် ၂၀တို့သည် "ဝတ္ထုပုရေဇာတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယ၊ သဟဇာတိန္ဒြိယ"ပစ္စည်းများထဲ၌ ထိုက်သည့်အားလျော်စွာ အားလုံးပါဝင်ကြကုန်၏။

ဣတ္ထိန္ဒြေ ဟူသည် အမနှင့်ဆိုင်သော ဣတ္ထိဘာဝ ရုပ်တည်း။ ပုရိသိန္ဒြေ ဟူသည် အထီးနှင့်ဆိုင်သော ပုရိသဘာဝရုပ်တည်း။ ဣတ္ထိဘာဝရုပ် ဟူသည် 'အမ' ဖြစ်ဖို့ရန် အကြောင်းခံဖြစ်သော ဘာဝရုပ် ဖြစ်၏။ ပုရိသဘာဝရုပ် ဟူသည် အထီးဖြစ်ဖို့ရန် အကြောင်းခံဖြစ်သော ဘာဝရုပ်ဖြစ်၏။ ယင်းတို့ကို ဘာဝရုပ်နှစ်ပါးဟု ခေါ်လေ့ရှိ၏။ ဤဘာဝရုပ်နှစ်ပါးတို့သည် ဣန္ဒြေတရား ကိုယ် ၂၂ ပါးထဲ၌ ပါဝင်လျက် အဘယ့်ကြောင့် ဣန္ဒြိယပစ္စည်း တရားများ ထဲ၌မပါဝင်လေသနည်း။ (ဝါ) ဣန္ဒြိယပစ္စည်း မထိုက်လေသနည်း။ယင်းရုပ်တို့ သည် မိမိတို့၏ ကိစ္စ၌ အစိုးရခြင်း'ဣန္ဒြိယသဘော'ရှိသည်ဖြစ်၍ ဣန္ဒြိယပစ္စည်း ထိုက်သင့်သည် မဟုတ်ပါလောဟု စောဒနာဖွယ် ရှိ၏။

အပြောကား–တရားတခု၏ ပစ္စည်းတရားဖြစ်နိုင်ရန်မှာ အကြောင်းသုံးမျိုး ရှိ၏။ ယင်းတို့မှာ (၁) ဇနကသတ္တိ= ဖြစ်စေခြင်းသတ္တိ၊ (၂) ဥပတ္ထမ္ဘက သတ္တိ=ထောက်ပံ့ခြင်းသတ္တိ၊ (၃) အနုပါလနသတ္တိ=စောင့်ရှောက်ခြင်း သတ္တိ တို့ဖြစ်၏။ တရားတခုသည် ဤကိစ္စ (အကြောင်းတရား) သုံးမျိုးတွင် တပါး ပါးကိုရမှ ပစ္စည်းတရားဖြစ်နိုင်သည်။ ဘာဝရုပ်နှစ်ခုမှာမူကား ဤကိစ္စသုံးပါး အနက် တပါးမျှပင် မရှိချေ။ ထို့ပြင် ဣန္ဒြိယပစ္စည်း၌ 'အစိုးရခြင်း' ဟူသည် မိမိ၏ပရမတ္ထ (ပရမတ်) သဘောတရား၌ အစိုးရခြင်းကို ဆိုလိုသည်။ ပညတ်တရားအပေါ်၌ အစိုးရခြင်းကို မဆိုလို။ ဣတ္ထိဘာဝ၊ ပုရိသဘာဝ (ပုမ္ဘာဝ) ဟူသော ဘာဝရုပ်နှစ်ပါးတို့သည် အမ, အထီးနှင့် ပတ်သက် သော အရိပ်အသွင် (လိင်္ဂ)၊ နိမိတ်သဏ္ဌာန် (နိမိတ္တ)၊ ပုံဟန် (ကုတ္တ)၊ အမူအရာ (အာကပ္ပ) ဟူသော အပေါ်ယံ ပညတ်သဘောတို့၌သာ အစိုးရ ကြသဖြင့် သာမန်ဣန္ဒြေတရားများကား ဖြစ်ကြပေ၏။

သို့ရာတွင် (၁) ယင်းဘာဝရုပ်တို့သည် မည်သည့် ပရမတ်တရားအပေါ်မှ အစိုးရခြင်း မရှိချေ။ (၂) မည်သည့် ပရမတ် တရားတခုကိုမျှ ဖြစ်စေမှု ဇနက သတ္တိဖြင့် လည်းကောင်း၊ ထောက်ပံ့မှု ဥပတ္ထမ္ဘကသတ္တိဖြင့် လည်းကောင်း၊ စောင့်ရှောက်မှု အနုပါလနသတ္တိဖြင့် လည်းကောင်း ကျေးဇူးပြုနိုင်စွမ်း မရှိ ကြပေ။ (၃) ထို့ပြင် ဣန္ဒြိယ ပစ္စည်းသည် အတ္ထိပစ္စည်း၏ သဘောသတ္တိ ရှိ၍ အတ္ထိ ပစ္စည်းထဲ၌ အကျုံးဝင်၏။ အတ္ထိပစ္စည်း၏ သဘောကား ပစ္စည်းတရား ရော, ပစ္စယုပ္ပန်တရားပါနှစ်မျိုးလုံး ဥပါဒ်(ဖြစ်) အခိုက်မှာဖြစ်စေ၊ ဌီ (တည်) အခိုက်မှာ ဖြစ်စေ ထင်ရှား ရှိစေရမည်။ ဘာဝရုပ် နှစ်ပါးတို့သည် ပဋိသန္ဓေ စိတ် ဖြစ်သည့် ခဏ၌ပင်ဖြစ်ကြ၏။ ထိုပဋိသန္ဓေခဏ၌ လိင်္ဂစသည် (ပညတ် တရား) တို့ မရှိကြသေး။ဤသို့လျှင် ဘာဝရုပ်ဖြစ်သည့်အခါ လိင်္ဂစသည်တို့က ထင်ရှားမရှိသေးသည့်အတွက် အတ္ထိသဘော မသက်သောကြောင့် လိင်္ဂ စသည်တို့အား ဣန္ဒြိယသတ္တိဖြင့် ကျေးဇူးမပြုနိုင်။

ဤသို့သော အကြောင်းခြင်းရာတို့ကြောင့် ဘာဝရုပ်နှစ်ပါးတို့မှာ ဣန္ဒြိယ ပစ္စည်းတရားများ မဖြစ်နိုင်ခြင်းဖြစ်၏။ ဘာဝရုပ်နှစ်ပါးတို့သည် တိတိကျကျ အနုစိတ်၍ ဖော်ပြအပ်သော ပဋ္ဌာန်းနည်းအရ ဣန္ဒြိယပစ္စည်း မထိုက်သော် လည်း၊ အကြမ်းနည်း (အပေါ်ယံနည်း)အားဖြင့် ဖော်ပြအပ်သော သုတ္တန် နည်းအရ 'အသွင်အပြင်' လိင်္ဂစသည် ပညတ်တရားများ၌ အစိုးရခြင်း ကိစ္စ ရှိသေးသောကြောင့် ဣန္ဒြေမည်ကုန်၏(ဝါ) ဣန္ဒြေ ၂၂ ပါးထဲ၌ ပါဝင် ကြကုန်၏။ ။

## [ ၁၇ ] ဈာနပစ္စည်း

**မှတ်ရန်ဆိုရိုး။** ။ဝိတက်၊ဝိစာရ၊ ပီတိ၊ ဧကဂ္ဂတာ-ဟူသော ဈာန်အင်္ဂါ ငါးပါးတို့သည် ဒွေပဉ္စဝိညာဉ် စိတ် ၁၀ ကြဉ်သော စိတ် ၇၉၊ စေတသိက် ၅၂ ပါးတို့အားလည်းကောင်း၊ ထိုဈာန် တရားများကြောင့် ဖြစ်သော စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်တို့အား လည်းကောင်း ဈာနပစ္စယ သတ္တိဖြင့် ကျေးဇူးပြုကုန်၏။

### အဓိပ္ပာယ်ရှင်းလင်းချက်

ရှုးစိုက်ရှုမှု၊ အထူးမြဲမြံ၊ ရှုအားသန်။ ဈာန်ဟုခေါ်ဆိုရ'' ဟူသည်နှင့်အညီ အာရုံတခု၌ ရှူးရှူးစိုက်စိုက်, အထူးမြဲမြံစွာ ထက်သန်သောစိတ်ဖြင့် ရှုနေမှုကို ဈာန်ဟု ခေါ်၏။ ဥပမာအားဖြင့် မုဆိုးသည် တခုသော ချုံအတွင်းက တည်နေ၍ မြားဖြင့် သားကောင်ကို တည့်တည့်ချိန်ရွယ်ဘိသကဲ့သို့ လည်းကောင်း၊ ဗျိုင်းသည် ရေအိုင်ကမ်းစက တည်နေ၍ ငြိမ်သက်စွာ ငါးကို ချောင်းကြည့်နေဘိသကဲ့သို့ လည်းကောင်း၊ထို့အတူ အာရုံနှင့် တည့်မတ်စူးစိုက်အောင် ချိန်ရွယ်၍ ပဲ့ပြင်ခြင်းကိစ္စသည် ဈာန ကိစ္စ မည်၏။

ကောင်းသောအမှု, မကောင်းသော အမှုတို့၌ စိတ်၏ ဖြောင့်မတ်စွာ စူးစိုက်ခြင်းဟု ဆိုအပ်သော ဈာန်၏ကိစ္စဖြင့် ကျေးဇူးပြုသော တရားစုသည် ဈာနပစ္စည်းမည်၏။ ထို့ကြောင့် ကောင်းမှု-မကောင်းမှုဟူသော အမှုကိစ္စ

အစုစုမှာ ဈာနကိစ္စ မပါလျှင် ပြီးစီးနိုင်သည် မဟုတ်ချေ။ ဈာန်၏အင်္ဂါရပ် ငါးပါးတို့ဖြင့် စိတ်ကို ဖြောင့်မတ်နေအောင်၊ မလှုပ်မရှက် တည်ငြိမ်နေအောင် ပြု၍ အာရုံတခုကို ထင်းနေအောင်ပြုလျက် စူးစူးစိုက်စိုက် ကပ်၍ ရှုပြီး ကာယကံအမှုကိုဖြစ်စေ၊ ဝစီကံအမှုကိုဖြစ်စေ၊ မနောကံအမှုကိုဖြစ်စေ ပြုသည် ရှိသော်၊ ထိုသို့ ပြုအပ်သော အမှုသည် မတိမ်းမစောင်း တည့်တည့်မတ်မတ် ပြီးစီးလေသတည်း။

ဒါနစသော ကုသိုလ်ကောင်းမှု၊ သူ့အသက်သတ်ခြင်း စသော အကုသိုလ် မကောင်းမှုတို့ကို ဈာန်၏ အင်္ဂါရပ်များ မပါပဲ၊ အားနည်းသောစိတ်ဖြင့် ပြုလုပ်လျှင် ထိုပြုအပ်သော အမှုဟူသမျှသည် ထိထိရောက်ရောက် ပြီးမြောက် နိုင်မည် မဟုတ်ချေ။

ဈာန် (ဈာန)၏ အင်္ဂါရပ် အစိတ်အပိုင်းများကို ဈာန်အင်္ဂါ (ဝါ) ဈာနင်ဟု ခေါ်၏။ ဈာန်အင်္ဂါ (ဝါ) ဈာနင် တရားတို့မှာ ငါးပါးရှိ၏။ ယင်းငါးပါးအနက် “ဝိတက်၊ ဝိစာရ၊ပီတိ၊ ဝေဒနာ ဟူသော ရှေ့ဈာန် အင်္ဂါ လေးပါးတို့က မိမိတို့ဆိုင်ရာ ကိစ္စကို ဆောင်ရွက်အားပေးကြသဖြင့်၊နောက်ဆုံး ဈာန်အင်္ဂါဖြစ်သည့်‘ဧကဂ္ဂတာ’ (သမာဓိ)သည် အာရုံတခုအပေါ်၌ ကပ်နေ သလို၊ တွဲနေသလိုဖြစ်အောင်ငြိမ်သက်တည်ကြည်စွာဖြင့် အာရုံကိုစူးစူးစိုက်စိုက် ရှုနိုင်သောသတ္တိသည် ဈာနသတ္တိမည်၏။

ထိုစူးစူးစိုက်စိုက်ကပ်၍ ရှုမှုဟူသော ဥပနိဇ္ဈာနသတ္တိဖြင့် စူးစိုက်စွာ ရှုသည့် အခါ အာရုံများမှာ အလွန်ထင်ရှားလာကြ၏။ ထို့ကြောင့် ‘ဥပနိဇ္ဈာန’ ဟူ သည် ကပ်ရောက်၍ ရှုအပ်သော ဈာန်၏ အာရုံကို ဈာန်မျက်စိဖြင့် အထူး ထင်ရှားစွာ ကြည့်ရှုခြင်း ပေတည်း။

ဤဈာနသတ္တိကို သစ်ပင်ပေါ် (ဝါ) တောင်ထိပ် ပေါ်သို့ တက်သူဖြင့် ရှေးဆရာတို့ ဥပမာပြကြ၏။ သစ်ပင်ပေါ်၊ တောင်ထိပ်ပေါ် တက်သူသည် အရပ်လေးမျက်နှာရှိ ထိုထို၊ဤဤ၊ အထူးထူး အဆန်းဆန်း အမျိုးမျိုးသော အရာဝတ္ထုများကို ကိုယ်တိုင်လည်းကြည့်ရ မြင်ရ၏။ မိမိမြင်သမျှကို အောက် မှာရှိသည့် လူတို့အားလည်း ပြောပြ၏။ ထို့အတူပင် ဝိတက်စသော ဈာန် တရားတို့သည် အာရုံကို မိမိဟိုလည်း စူးစိုက်စွာယူ၏။ အတူတကွ ဖြစ်ဖက် (သဟဇာတ်) တရားတို့ အားလည်း မိမိတို့ကဲ့သို့ အာရုံကို စူးစိုက်ဖို့ရန် ဈာန

သတ္တိဖြင့် ကျေးဇူးပြုကြ၏။ ထိုစကားမှန်၏။ ဝိတက် စသည် တို့၏ ကူညီမှုဖြင့် အာရုံတခု၌ ဧကဂ္ဂတာကျ၊ သမာဓိ ရနေသည့် အခါ ယှဉ်ဖက်,တကွ ဖြစ်ဖက် တရားတို့လည်း ထိုအာရုံ၌ စွဲမြဲစွာ အာရုံပြုကြတော့သည်။

## ဈာနင်တရားတို့၏ လက္ခဏာ

ဝိတက်စသော ဈာနင်တရားတို့သည် စေတသိက်တရားများဖြစ်ကြ၏။ ထိုတရားတို့၏ သဘောလက္ခဏာသတ္တိသည် အဘယ်နည်း ဟူမူ—

(၁) **ဝိတက်**-သည် ယှဉ်ဖက် သမ္ပယုတ် တရားတို့ကို အာရုံသို့ ရှေးရှုတင်ပေးခြင်း၊ ကြံစည်ခြင်း သဘောသတ္တိရှိ၏။ ထိုဝိတက်သည် စိတ်ကို အာရုံ၌ မြဲစွာယှဉ်၍ နေစေသည်။

(၂) **ဝိစာရ**-သည် ထိုဝိတက်က တင်ပေးလိုက်သည့်အာရုံမှမခွာပဲ ရစ်ဝဲလှည့်လည်နေခြင်း၊ ထိုအာရုံကို ထပ်၍ ထပ်၍ အဖန်တလဲလဲ သုံးသပ်နေခြင်း သဘောသတ္တိရှိ၏။ ထိုဝိစာရသည် စိတ်ကို အာရုံ၌ မြဲစွာကောင်းစွာ ယှဉ်တွဲနေစေသည်။

(၃) **ပီတိ**-သည် ထိုဝိစာရဖြင့်အဖန်ဖန် သုံးသပ် နေအပ်သော အာရုံ၌ ကောင်းစွာ နှစ်သက်မြတ်နိုး ချစ်ခင်နေခြင်း သဘောသတ္တိရှိ၏။ ထိုပီတိသည် စိတ်ကို အာရုံ၌ နှစ်သက်မြတ်နိုး စုံမက်နေအောင် ပြုတတ်၏။

(၄) **ဝေဒနာ**-သည် ထိုပီတိဖြင့်နှစ်သက်မြတ်နိုး စုံမက်အပ်သောအာရုံ၏ ကောင်း, မကောင်းသော အရသာကို အားရပါးရ ခံစားခြင်း သဘောသတ္တိရှိ၏။ ထိုဝေဒနာသည် စိတ်ကို အာရုံ၌ ကောင်းသော, မကောင်းသော၊ အလယ်အလတ်ဖြစ်သော အရသာဟူသမျှကို ခံစားခြင်း ကိစ္စဖြင့်မြဲစွာဖွဲ့နှောင်တတ်လေသည်။

(၅) **ဧကဂ္ဂတာ**-သည်ထိုဝေဒနာဖြင့် မြိန်မြိန် ရှက်ရှက် အားပါး တရ အရသာ ခံစားနေအပ်သော အာရုံ၌ မလှုပ်မရှက် ငြိမ်သက် တည်ကြည်စွာ အာရုံပြုနေခြင်း သဘောသတ္တိရှိ၏။ ထိုဧကဂ္ဂတာသည် စိတ်ကို အာရုံ၌ မပျံ့မလွင့် မလှုပ်မရှက် တည်ငြိမ်နေအောင်ပြု၍ ထားတတ်လေသည်။(ဧကဂ္ဂတာသည် သမာဓိပင်ဖြစ်၏။)

ဤသို့သော သဘောလက္ခဏာ သတ္တိများနှင့် ပြည့်စုံသည့် ဈာန်အင်္ဂါ တရား ငါးတို့သည် စိတ်ကို တည်ငြိမ်အားကောင်း၊ တန်ခိုးထက်မြက်အောင် ပြုလုပ်ပေးကြသည့် ''အားငါးပါး''ပင် ဖြစ်ကြ၏။ ထို အားငါးပါးတို့ဖြင့် ထောက်ပံ့ ထားအပ်သော စိတ်သည် ထက်သန် အားကောင်း ထက်မြက်လေ၏။ ထိုကဲ့သို့သဘောရှိသော စိတ်မျိုးဖြင့် ကောင်းသောအမှုကို ဖြစ်စေ၊ မကောင်း သောအမှုကိုဖြစ်စေ ကံသုံးပါးလုံးကို ပြုလုပ်ပါလျှင် ထိုပြုအပ်သော အမှု သည် မတိမ်းမစောင်း ဧကန်မုချ ပြီးစီးမည်သာ တည်း။

ဤသို့လျှင် ဈာန်အင်္ဂါတရား ငါးပါးတို့သည် မိမိတို့နှင့် ယှဉ်ဖက် စိတ်၊ စေတသိက် တရားတို့အားလည်းကောင်း၊ စိတ်ကြောင့် ဖြစ်သည့် စိတ္တဇရုပ်တို့ အားလည်းကောင်း ထက်သန်အားကောင်းအောင် ပြုပေးခြင်းဖြင့် ကျေးဇူး ပြုကြကုန်၏။ သို့သော် ထိုဈာန်အင်္ဂါတရား ငါးပါးတို့သည် ဒွေပဉ္စဝိညာဉ် ၁၀-ဟု ခေါ်သော ပဉ္စဝိညာဉ်စိတ် ၁၀ ပါးတို့အား ဈာနသတ္တိဖြင့် ကျေးဇူး မပြုနိုင်ပေ။ အကြောင်းမူကား- ထိုပဉ္စဝိညာဉ် ခေါ် စိတ် ငါးမျိုးတို့သည် မိမိတို့မှီရာ စက္ခု စသော ပသာဒဝတ္ထု ရုပ်ငါးပါးပေါ်သို့ ထိခိုက် လာသော အာရုံငါးပါးတို့ကိုသာ ယူနိုင်သော၊ အာရုံကို သိရုံမျှ ဖြစ်သော စိတ်မျိုး ဖြစ်သောကြောင့်တည်း။ (ဝါ) ဈာန်အင်္ဂါ တရားတို့၏ အားပေးမှုကို ရရှိ သော်လည်း အာရုံကို သိမှု၌ ထူး၍ မလာနိုင်သောကြောင့်ပေတည်း။

## ကျေးဇူးပြုပုံ

စိတ်တခုခု ဖြစ်သောအခါ (အခြား စေတသိက်များအပြင်) ထို ဈာန် အင်္ဂါ စေတသိက် အများစုသည် အတူတကွ ယှဉ် ၍ ဖြစ်ကြသောကြောင့် ဈာန်အင်္ဂါ တရားတခုက ပစ္စည်းဖြစ်လျှင် ထိုဈာန် အင်္ဂါနှင့် ယှဉ်သော စိတ်၊ ကျန်ယှဉ်ဖက် ဈာန်အင်္ဂါ စေတသိက်များနှင့်တကွ အခြား စေတသိက်များ၊ စိတ္တဇရုပ်များသည် ပစ္စယုပ္ပန် တရားများ ဖြစ်ကြရသည်။ ဥပမာအားဖြင့်-- လောဘမူ စိတ်တခု၊ ယှဉ်ဖက် စေတသိက် ၁၉ ပါး၊ စိတ္တဇရုပ်များ အတူ တကွ ဖြစ်ကြရာ၌ 'ဝိတက်'သည် ပစ္စည်းဖြစ်လျှင် ထိုလောဘမူစိတ်၊ ဝိတက်မှ ကြွင်းသော စေတသိက် ၁၈ ပါး၊ စိတ္တဇရုပ်များသည် ပစ္စယုပ္ပန်ဖြစ်ကြ၏။ ထို့အတူ- ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာ အသီးသီးက ပစ္စည်းတရားဖြစ် တိုင်း၊ ထို လောဘမူစိတ်၊ ကြွင်းသော စေတသိက် ၁၈ ပါး၊ စိတ္တဇရုပ်တို့မှာ

ပစ္စယုပ္ပန် ဖြစ်ကြရသည်။ (အခြား စိတ် များ ဖြစ် ရာ ၌ လည်း စိတ် ယဉ်၊ စေတသိက် ယဉ်ကို ကြည့်၍ အလားတူ သိပါလေ။) ဤကား ပဝတ္တိအခါ၌ ကျေးဇူးပြုပုံတည်း။

ပဋိသန္ဓေစိတ်ဖြစ်သည့် ပဋိသန္ဓေအခါ၌မူကား- ပစ္စည်း, ပစ္စယုပ္ပန် ဖြစ်ပုံမှာ စိတ္တဇရုပ်အစား ကမ္မဇရုပ်က ပစ္စယုပ္ပန် အဖြစ် ပါဝင် လာခြင်းသာ ထူးပြီး၊ ကျန် ကျေးဇူးပြုပုံမှာ ပဝတ္တိအခါကဲ့သို့ပင် ဖြစ်လေသည်။

ဤစျာန ပစ္စည်းသည် သတ္တဝါတို့အား အစမထင် 'အနမတဂ္ဂ' သံသရာမှစ၍ ရဟန္တာပုဂ္ဂိုလ် ဖြစ်သည်အထိ ကောင်းကျိုး မကောင်းကျိုးကို ကောင်းစွာ ခံစားနိုင်စေရန်အတွက် ကောင်းမှု မကောင်းမှုတို့ကို စိတ်အားထက်သန်စွာဖြင့် ပြုလုပ်အောင် ကျေးဇူးပြုလျက် ရှိကြကုန်၏။ ဤစျာန်အင်္ဂါ တရားတို့သည် နာမ်ခန္ဓာလေးပါးသာရှိသော အရူပလေးဘုံ၌ စိတ္တဇရုပ်၊ ကမ္မဇရုပ်တို့အား ကျေးဇူးမပြုနိုင်ကြောင်း။ ရုပ်ခန္ဓာ တခုသာရှိသော အသညသတ်ဘုံ၌ လုံးဝ ကျေးဇူး မပြုနိုင်ကြောင်း။ ပဉ္စဝေါကာရ ၂၆ ဘုံ၌သာလျှင် အထက်ပါအတိုင်း ရုပ်နာမ် အပြည့်အစုံ အားဖြင့် ကျေး ဇူး ပြုနိုင်ကြောင်း ဉာဏ်ယှဉ်၍ သိမြင်နိုင်ပါစေ။

**မှတ်ချက်။** ။ဖော်ပြပါ စျာန်အင်္ဂါတရား ငါးပါးအနက်- 'ဝေဒနာ' မှာ စိတ် နှင့် ပတ်သက်သည့် သောမနဿ ဝေဒနာ, ဒေါမနဿ ဝေဒနာ, ဥပေက္ခာ ဝေဒနာ ဟူ၍ သုံး မျိုး ရှိသောကြောင့် ယင်း သုံးပါးကို ထင်ရှားစွာ ထည့်သွင်း ရေတွက်လျှင် စျာန်အင်္ဂါ တရား ခုနစ်ပါးဖြစ်ရာ၏။

ထို ဝေဒနာ သုံးပါးတို့သည် စိတ်ကို အာရုံ၌ ကောင်း သော အရသာ၊ မကောင်းသော အရသာ၊ အလယ်အလတ်ဖြစ်သော အရသာတို့ကို ခံ စား ခြင်း ကိစ္စဖြင့် မြဲစွာ ဖွဲ့နှောင်သည်ကို ပြုတတ်ကုန်၏။ ထိုဝေဒနာ သုံးမျိုးကို အမျိုးတူ၍ 'ဝေဒနာ' (စေတသိက်) ဟု ပေါင်းယူထားသဖြင့် စျာန် အင်္ဂါ ငါးပါးဟု ဆိုသတည်း။ ။

## [၁၈] မဂ္ဂပစ္စည်း

**မှတ်ရန်ဆိုရိုး။** ။ပညာ၊ ဝိတက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ ဝီရိယ၊ သတိ၊ ဧကဂ္ဂတာ၊ မိစ္ဆာဒိဋ္ဌိ (စေတသိက်များ) ဟူသော မဂ္ဂင်တရား ကိုးပါးတို့သည်....မဂ်နှင့် ယှဉ်ကုန်သော သဟိတ်စိတ် ၇၁၊ စေတသိက် ၅၂ ပါးတို့အား လည်းကောင်း၊ ထိုမဂ်ကြောင့် ဖြစ်ကုန်သော စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇ ရုပ်တို့အား လည်းကောင်း မဂ္ဂပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

### အဓိပ္ပာယ် ရှင်းလင်းချက်

'မဂ္ဂ' (မဂ်) ဟူသော ပုဒ်သည် သွားရိုးသွားစဉ် 'လမ်းခရီး' ကို ဟောရင်းတည်း။ ဤ၌ လမ်းခရီးနှင့်တူသော ပညာစသည့် လမ်းခရီး (ဝါ) လမ်းစဉ် ကို မဂ္ဂ (မဂ်) ဟု ခေါ်သည်။

**ချဲ့ဦးအံ့**—ပကတိလမ်းခရီးသည် ကောင်းသောအရပ်သို့လည်း ရောက်စေတတ်၊ မကောင်းသောအရပ်သို့လည်းရောက်စေတတ်၏။ ထို့အတူပင် ဤပညာ (သမ္မာဒိဋ္ဌိ) စသော သမ္မာမဂ္ဂင် (မှန်သောလမ်းစဉ်) တို့သည် ဒုဂ္ဂတိဘဝမှသုဂတိဘဝသို့ လည်းကောင်း၊ စိတ်၏ ညစ်နွမ်းသော 'သံကိလေသ' အဖို့မှ စိတ်၏ဖြူစင်သော 'ဝေါဒါန' အဖို့သို့လည်းကောင်း ရောက်စေတတ်၍

'ဒိဋ္ဌိ'(=မိစ္ဆာဒိဋ္ဌိ)စသော မိစ္ဆာမဂ္ဂင်(မှားသောလမ်းစဉ်)တို့က သုဂတိဘဝမှ ဒုဂ္ဂတိဘဝသို့လည်းကောင်း၊ စိတ်၏ဖြူစင်သော 'ဝေါဒါန' အဖို့မှ စိတ်၏ ညစ်နွမ်းသော 'သံကိလေသ' အဖို့သို့လည်းကောင်း ရောက်စေတတ်ကုန်၏။ ဤသို့လျှင် မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ထိုထိုဘဝ၊ ထိုထိုအဖို့ (စိတ်၏ အခြေအနေ) သို့ ရောက်စေနိုင်၊ ဆောင်ပို့နိုင်သော သတ္တိသည် မဂ္ဂပစ္စည်း မည်၏။

ဤမဂ္ဂပစ္စည်းကို ရှေးဆရာတို့က လှေသင်္ဘောနှင့် တူ၏· ဟု ဥပမာပြကြသည်။ လှေသင်္ဘောသည် ဤဘက်ကမ်းမှ ဟိုဘက်ကမ်းသို့လည်းကောင်း၊ ဟိုဘက်ကမ်းမှ ဤဘက်ကမ်းသို့လည်းကောင်းဆောင်ပို့သကဲ့သို့ ထို့အတူ မဂ္ဂင်တရားတို့သည် သုဂတိမှဒုဂ္ဂတိသို့လည်းကောင်း၊ဒုဂ္ဂတိမှသုဂတိသို့လည်းကောင်း ဆောင်ပို့တတ်ကုန်၏ဟု-ဆိုလိုသည်။ အမှန်စင်စစ် မဂ္ဂင်တရားတို့သည်သတ္တဝါတို့အား သုဂတိသို့လည်းကောင်း၊ ဒုဂ္ဂတိသို့လည်းကောင်း ရောက်စေတတ်သည့် လမ်းစဉ်ဖြစ်သောကြောင့် ပကတိသွားရိုးသွားစဉ် 'လမ်းခရီး' နှင့်တူ၏ ဟု ဆိုလျှင်လည်း အဓိပ္ပာယ်ပေါ်လွင်ထင်ရှားသည်သာတည်း။

ဆက်ဦးအံ့– 'မဂ္ဂ' သဒ္ဒါကိုက 'လမ်းခရီး' အဓိပ္ပာယ် ရှိသည်ကို ထည့်စဉ်းစားကြည့်လျှင် လွယ်လွယ်နှင့် အဓိပ္ပာယ်ထိရောက်သည့် ဥပမာ ဖြစ်သည်ဟု ယူဆနိုင်ပေ၏။ ပကတိလမ်းခရီးသည် မိမိအပေါ်၌ (မိမိဖြင့်) သွားလာသူကို လိုရာအရပ်သို့ ဆောင်ပို့သကဲ့သို့ ထို့အတူ ကုသိုလ်၊ အကုသိုလ်၊ ဝိပါက်၊ ကြိယာတို့၌ ပါရှိသော မဂ္ဂင် တရားတို့သည်လည်း မိမိတို့နှင့်တကွ ဖြစ်ဖက်တရားစုကို လိုရာအာရုံ၊ လိုရာကိစ္စသို့ ဆောင်ပို့နိုင်သော သတ္တိသည် မဂ္ဂပစ္စည်း ဟု မှတ်ယူနိုင်ပေသည်။

မကောင်းသည့် ဘုံဘဝဟုဆိုအပ်သော ဒုဂ္ဂတိသို့ လည်းကောင်း၊ ကောင်းသည့် ဘုံဘဝဟုဆိုကပ်သော သုဂတိသို့ လည်းကောင်း၊ ထိုဘုံဘဝ ဝဋ္ဋဒုက္ခမှ ထွက်မြောက်ရာ နိဗ္ဗာန်သို့ လည်းကောင်း ပြေးသွားသော စိတ်၊ စေတနာ၏ လမ်းခရီးသဖွယ် ကျေးဇူးပြုတတ်သော တရားစုသည် မဂ္ဂပစ္စည်း မည်၏။ စိတ်၊စေတနာကို ဖြောင့်ဖြောင့် သွားစေရန်လည်းကောင်း၊ ကောက်ကောက် သွားစေရန်လည်းကောင်း ကျေးဇူးပြုတတ်သော တရားများဟု ဆိုလိုသည်။ ဤတရားများကို မဂ္ဂင်တရားဟုခေါ်သည်။ မဂ္ဂင်ဟူသည် "မဂ္ဂ=လမ်းခရီ+အင်္ဂ

=စိတ်အပိုင်းများ'' ဟူသည်မှ ဆင်းသက်လာရကား မဂ်ခေါ် လမ်းခရီး၌ 'အင်္ဂါ'အဖြစ် ပါဝင်သောတရားများ ဟု ဆိုလိုသည်။ (မဂ္ဂင်-'မဂ္ဂ+အင်္ဂ'ကို မဂ်အင်္ဂါဟု လည်းကောင်း၊ မဂ္ဂင်ဟု လည်းကောင်း မြန်မာမှု ပြုနိုင်သည်။ ဈာနင်္ဂ— ဈာန + အင်္ဂကို ဈာန်အင်္ဂါဟု လည်းကောင်း၊ ဈာနင်ဟု လည်းကောင်း မြန်မာမှုပြုသကဲ့သို့တည်း။)

## မဂ္ဂင်တရားကိုးပါး

မဂ္ဂင်တရားတို့သည် ကိုးပါးရှိ၏ဟု အထက်၌ပြဆိုခဲ့၏။ ထိုကိုးပါး ဟူသော စကားသည် အကျဉ်းရုံး၍ ဆိုသောစကားဖြစ်၏။ အကျယ်အားဖြင့်ဆိုရသော် မဂ္ဂင်တရားတို့သည် ၁၂ ပါးရှိကုန်၏။ ရှင်းဦးအံ့-

သမ္မာဒိဋ္ဌိ(ပညာ)၊ သမ္မာသင်္ကပ္ပ (ဝိတက်)၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမာအာဇီဝ၊ သမ္မာဝါယမ (ဝီရိယ)၊ သမ္မာသတိ (သတိ)၊ သမ္မာသမာဓိ (ဧကဂ္ဂတာ) ဟူသော စေတသိက်ရှစ်ပါး မဂ္ဂင်တရားတို့သည် မှန်သော လမ်းဖြောင့်တရားများဖြစ်၍ သမ္မာမဂ္ဂင်ဟုခေါ်၏။ ထိုမှန်သောလမ်းဖြောင့်တရားတို့ဖြင့် ဒါန, သီလ, ဘာဝနာတရားများကို ကြိုးစားအားထုတ်၍ သုဂတိဘုံဘဝသို့ ရောက်ပြီးနောက် နိဗ္ဗာန်တိုင်အောင် ပေါက်ရောက်နိုင်လေ၏။

မိစ္ဆာဒိဋ္ဌိ (ဒိဋ္ဌိ)၊ မိစ္ဆာသင်္ကပ္ပ(ဝိတက်)၊ မိစ္ဆာဝါယမ (ဝီရိယ)၊ မိစ္ဆာသမာဓိ(ဧကဂ္ဂတာ)ဟူသော စေတသိက် လေးပါး- မဂ္ဂင်တရားတို့သည်ကား မှားသောလမ်းကောက်တရားများ ဖြစ်၍ မိစ္ဆာမဂ္ဂင်ဟု ခေါ်၏။ ထိုမှားသော လမ်းကောက်တရားတို့ဖြင့် သူ့အသက်သတ်ခြင်းစသည့် အကုသိုလ် ဒုစရိုက်မှုတွေကို ပြုကျင့်၍ ဒုဂ္ဂတိစခန်း အပါယ်လမ်းသို့ ရောက်ရကုန်၏။

ထိုမဂ္ဂင်၁၂ပါးတို့တွင် **'ဝိတက်'** သည် သမ္မာသင်္ကပ္ပ၊ မိစ္ဆာသင်္ကပ္ပ ဟူ၍ လည်းကောင်း၊ ဝီရိယသည်လည်း သမ္မာဝါယမ၊ မိစ္ဆာဝါယမဟူ၍ လည်းကောင်း၊ **'ဧကဂ္ဂတာ'** သည်လည်း သမ္မာသမာဓိ၊မိစ္ဆာသမာဓိ ဟူ၍ လည်းကောင်း(မဂ္ဂင်သုံးပါးတို့သည်) သမ္မာမဂ္ဂင်၊ မိစ္ဆာမဂ္ဂင် နှစ်နေရာလုံး၌ ပါဝင်နေကြ၏။ ယင်းတရားသုံးပါးတို့ အသီးသီးသည် (ကောင်း- မကောင်းသော ကုသိုလ် အကုသိုလ်စိတ် နှစ်မျိုးလုံး၌ပါဝင်၍ ဤသို့နှစ်မျိုး ကွဲပြားနေသော်လည်း) တရားကိုယ်အားဖြင့် တခုတည်းသာ ဖြစ်သောကြောင့် ယင်းတူရာ

တရားသုံးပါးကို မဂ္ဂင်၁၂ပါးထဲမှ နုတ်လိုက်လျှင် မဂ္ဂင်တရား အရင်းအစစ်မှာ ကိုးပါးသာရှိလေတော့သည်။

ထိုမဂ္ဂင်ကိုးပါး စာရင်း၌ "သမ္မာဒိဋ္ဌိခေါ် ပညာ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာသတိခေါ် သတိ" (စေတသိက်) မဂ္ဂင် ငါးပါးတို့သည် သမ္မာမဂ္ဂင်နှင့်သာ သက်ဆိုင်ပြီး နောက်ဆုံး (နဝမ) ဖြစ်သော မိစ္ဆာဒိဋ္ဌိခေါ် ဒိဋ္ဌိ (စေတသိက်) မဂ္ဂင်တခုတည်းသည် မိစ္ဆာမဂ္ဂင်နှင့်သာ သက်ဆိုင်ကြောင်း မှတ်သားထားရာ၏။(ထို့ကြောင့်၃×၂=၆+၅+၁=၁၂ ဟူ၍ လည်းကောင်း၊ တဖန် ၁၂-၃=၉ ဟူ၍လည်းကောင်း ဖြစ်လာရ၏။)

ထိုမဂ္ဂင်တရား ကိုးပါးတို့ အနက် (၁) နောက်ဆုံးဖြစ်သော မိစ္ဆာဒိဋ္ဌိခေါ် ဒိဋ္ဌိ စေတသိက်သည် အကုသိုလ် တရား မျှား၌ သာ ယှဉ်၍ ဖြစ်၏။ (၂) သမ္မာဒိဋ္ဌိခေါ် ပညာစေတသိက်၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝဟူသော ဝိရတီ စေတသိက်သုံးပါး၊ သမ္မာသတိခေါ် သတိစေတသိက် ဤငါးပါးတို့သည် ကုသိုလ်၊ဝိပါက်၊ကြိယာ စိတ်တို့၌သာ ယှဉ်၍ ဖြစ်ကုန်၏။ (၃) သက်ပ္ပခေါ် ဝိတက်၊ ဝါယမ ခေါ် ဝီရိယ၊ သမာဓိခေါ် ဧကဂ္ဂတာ စေတသိက်သုံးပါးတို့ကား အကုသိုလ်၊ကုသိုလ်၊ဝိပါက်၊ကြိယာ စိတ်အားလုံးတို့၌ ထိုက်သည်အားလျော်စွာ ယှဉ်၍ဖြစ်ကုန်၏။ ဤသို့ မဂ္ဂင် ကိုးပါးတို့ကို အခြေခံသဘောတူရာ ပေါင်း၍ သုံးမျိုး သုံးစားရှိကြောင်း မှတ်သား ရာ၏။

ထို့ပြင် ဤကိုးပါးအနက် အချို့သော မဂ္ဂင်စေတသိက် တရားတို့သည် အဟိတ် (ဝိပါက်၊ ကြိယာ) စိတ် ၁၈ ပါးတို့၌ ယှဉ်၍ ဖြစ်နိုင် ကုန်၏။ ထို အဟိတ်စိတ် ၁၈ ပါး၌ ယှဉ်၍ ဖြစ်ခြင်း၌ ထိုစေတသိက်တို့မှာ မဂ္ဂင်မထိုက် ကုန်။ တနည်းအားဖြင့် မဂ္ဂင်တရားတို့သည် ထိုအဟိတ်စိတ် ၁၈ ပါးတို့အား မဂ္ဂပစ္စယသတ္တိဖြင့် ကျေးဇူးမပြု (နိုင်)ကြကုန်၏။ ထို့ကြောင့် မဂ္ဂင် တရားတို့သည် သဟိတ်စိတ် ၇၁ ပါးတို့အားသာ မဂ္ဂပစ္စယသတ္တိဖြင့် ကျေးဇူး ပြုကြသည်ဟု ဆိုသတည်း။

## ကျေးဇူးပြုပုံ

အကုသိုလ်၊ ကုသိုလ်၊ ဝိပါက်၊ ကြိယာ ဟူသော စိတ်လေးမျိုး လေးစား အသီးသီးတို့၌ ယှဉ်၍ ပါဝင်ကြသည့် မဂ္ဂပစ္စည်း ဖြစ်ပုံမှာ–

(၁) အကုသိုလ်စိတ်များ၌ ယှဉ်၍ဖြစ်ကုန်သော လမ်းမှား၊လမ်းကောက် မိစ္ဆာမဂ္ဂင်တရား လေးပါးတို့ဖြင့် အကုသိုလ် ဒုစရိုက်မှုတို့ကို ပြု၍ ဒုဂ္ဂတိဘုံ ဘဝသို့ ရောက်ရလေ၏။

(၂) ကုသိုလ်စိတ်များ၌ ယှဉ်၍ဖြစ်ကုန်သော လမ်းမှန်၊ လမ်းဖြောင့် သမ္မာမဂ္ဂင်တရား ရှစ်ပါး တို့ဖြင့် ဒါန၊ သီလ၊ ဘာဝနာ ဟူသော ကုသိုလ် သုစရိုက် အဆင့်ဆင့်တို့ကို ပြုကျင့်၍ သုဂတိဘုံဘဝသို့ လည်းကောင်း၊ ဝဋ် ဒုက္ခမှ ထွက်မြောက်ရာ နိဗ္ဗာန်သို့ လည်းကောင်း ရောက်ရ လေ၏။

(၃) အကြောင်းဖြစ်သည့် ကုသိုလ်တရားတို့ကြောင့် ဖြစ်ရ၊ ပြီးစီးရသော အကျိုးဝိပါက် စိတ်တို့၌ ယှဉ်၍ဖြစ်ကုန်သော သမ္မာမဂ္ဂင်တရား ရှစ်ပါး တို့ လည်း မဂ္ဂပစ္စည်း ထိုက်ကုန်၏။

(၄) ကြိယာစိတ်များ၌ ယှဉ်၍ဖြစ်ကုန်သော သမ္မာမဂ္ဂင်တရား ရှစ်ပါး တို့ကား မိမိတို့က သုဂတိဘုံဘဝသို့ ဆောင်စွမ်း နိုင်သော တရားများ ဖြစ် လျက် ကိလေသာပြတ်၍ ဝဋ်လက်စ သတ်ပြီးသော ဘုရားရဟန္တာတို့သန္တာန် ၌ ဖြစ်ရ သောကြောင့် သုဂတိသို့ မဆောင်ချေ။ ဘုရား ရဟန္တာ တို့အား နောင်မည်သည့် ဘဝမျှ မဖြစ်တော့ပဲ၊ ဘဝသံသရာ အဆုံးသတ် ပြတ်လေ ပြီးဖြစ်သောကြောင့်တည်း။

ပစ္စည်း, ပစ္စယုပ္ပန် ဖြစ်ပုံ၌ (အထက်က ဖော်ပြခဲ့သည့် နည်းတူ) ပဝတ္တိ အခါ၌– စိတ်တခု ဖြစ်တိုင်း စေတသိက်များစွာ ပါဝင်ယှဉ်၍ ဖြစ်ကြသော ကြောင့် စေတသိက် တပါးက ပစ္စည်း ဖြစ်လျှင် ယင်းစိတ်သည် လည်း ကောင်း၊ ပစ္စည်းထိုက်သည့် စေတသိက်မှ ကြွင်းသော စေတသိက် တို့သည် လည်း ကောင်း ပစ္စယုပ္ပန် တ ရား များ ဖြစ် ကြ ရ သည်။ စိ တ္တ ဇ ရုပ်တို့သည် အမြဲပစ္စယုပ္ပန်ဖြစ်ကြသည်။ ဥပမာအားဖြင့် လောဘမူစိတ်တခု၌ 'ဝိတက်' ဝီရိယ၊ ဧကဂ္ဂတာ၊ ဒိဋ္ဌိ' စေတသိက်တို့ယှဉ်၍ ဖြစ်ကြရာဝယ်၊ ဝိတက် သည် ပစ္စည်း ဖြစ် လျှင် လောဘမူ စိတ်၊ ဝိ တက် ကြဉ် သော စေတသိက် ၁၈ ပါး၊ စိတ္တဇရုပ်တို့သည် ပစ္စယုပ္ပန် ဖြစ်ကြ၏။ ဝီရိယ။ ဧကဂ္ဂတာ၊ ဒိဋ္ဌိ စေတသိက် အသီးသီးက ပစ္စည်းဖြစ်လျှင် ပစ္စယုပ္ပန်တရား၌ ၎င်းကို ကြဉ်ရ သည်။ (အထက်အထက်က အတိုင်းပင်)။

ပဋိသန္ဓေစိတ်ဖြစ်သော ပဋိသန္ဓေ အခါ၌လည်း ပစ္စယုပ္ပန် တရားဘက်၌ စိတ္တဇရုပ်အစား, ပဋိသန္ဓေကမ္မဇရုပ် ပါသည်သာ ထူး၏။ အကြွင်းမှာ အကုန် တူ၏၊ ကြွင်းကုန်သော စိတ်တို့၌လည်း မဂ္ဂပစ္စည်း၏ ပစ္စည်း, ပစ္စယုပ္ပန်ဖြစ်ပုံ ကို အထက်နည်းကိုမှီး၍ ဉာဏ်ယှဉ်ကာ သိပါလေ။

## ဈာန နှင့်မဂ္ဂပစ္စယ သတ္တိ အထူး

(၁) ဈာနပစ္စည်းသည် အာရုံ၌ စိတ်ကို ဖြောင့်တန်းစွာပြုတတ်၏။ စွဲမြဲ အောင် ပြုတတ်၏။ ကသိုဏ်း နိမိတ် အစရှိသော နိမိတ် အာရုံ၌ စိတ် ကို စူးဝင်သွားအောင် စူးစိုက်နေအောင် ပြုတတ်၏။

(၂) မဂ္ဂပစ္စည်းသည်ကား- သံသရာစခန်း ခရီးလမ်း၌ စေတနာကံကို လည်းကောင်း၊ သံသရာထွက်ခန်း နိဗ္ဗာန်လမ်း၌ ဘာဝနာကံကို လည်းကောင်း ဖြောင့်တန်းစွာပြုတတ်၏။ ခိုင်မြဲအောင်ပြုတတ်၏။ ကံ အထမြောက်ခြင်းသို့ ရောက်အောင် ပြုတတ်၏။ ဘုံဘဝ အထူးထူးသို့ ရောက်အောင် ပြုတတ်၏။ ဘုံဘဝမှ ထွက်မြောက်ရာ နိဗ္ဗာန်သို့ ရောက်အောင်ပြုတတ်၏။ ပစ္စည်း နှစ်ခုတို့ ဤသို့ ထူးကြ၏။

## မဂ္ဂင် ၁၂ ပါးတို့၏ အဓိပ္ပာယ်

(၁) သမ္မာဒိဋ္ဌိ=ကောင်းစွာ သိမြင်ခြင်း၊ (၂) သမ္မာသင်္ကပ္ပ= ကောင်း စွာ ကြံစည်ခြင်း၊ (၃) သမ္မာဝါစာ = ကောင်းသော စကား ကို ဆို ခြင်း၊ (၄) သမ္မာကမ္မန္တ= ကောင်းစွာပြုလုပ်ခြင်း၊ (၅)သမ္မာအာဇီဝ – ကောင်းစွာ အသက်မွေးမှုခြင်း၊ (၆) သမ္မာဝါယမ = ကောင်း စွာ အား ထုတ် ခြင်း၊ (၇) သမ္မာသတိ= ကောင်းစွာမှတ်သားခြင်း၊ (၈) သမ္မာသမာဓိ=ကောင်း သော အာရုံ၌ စိတ်တည်ကြည်ခြင်း၊ (၉) မိစ္ဆာဒိဋ္ဌိ– မှား ယွင်း စွာ သိမြင် ခြင်း၊ (၁၀) မိစ္ဆာသင်္ကပ္ပ–မှားယွင်းစွာ ကြံစည်ခြင်း။ (၁၁) မိစ္ဆာဝါယမ= မှားယွင်းစွာ အားထုတ်ခြင်း၊ (၁၂) မိစ္ဆာသမာဓိ= မှားယွင်းသော အာရုံ၌ စိတ်တည်ကြည်ခြင်း။ ။

## [ ၁၉ ] သမ္ပယုတ္တပစ္စည်း

**မှတ်ရန်ဆိုရိုး။** ။စိတ် ၈၉၊ စေတသိက် ၅၂ ဟူသော ပဝတ္တိ ၊ပဋိသန္ဓေ နာမ် ခန္ဓာလေးပါးတို့သည် အချင်းချင်းအား သမ္ပယုတ္တ ပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

## အဓိပ္ပာယ်ဆိုရိုး

'သမ္ပယုတ္တ' (သမ္ပယုတ်) ဟူသည် "အညီအမျှ သမရှိ တပေါင်းတစုတည်း အဖြစ် ယှဉ်တွဲရောနှောနေခြင်း" ကိုဆိုလိုသည်။ စိတ်, စေတသိက်ဟူသော နာမ်ခန္ဓာလေးပါးတို့သည် အညီအမျှ သမရှိ တပေါင်းတည်း, တစုတည်းအဖြစ်ဖြင့် ယှဉ်တွဲရောနှော၍ ဖြစ်ကြကုန်၏။ ဤသမ္ပယုတ္တပစ္စည်း၏ အညီအမျှ သမရှိ စိတ်, စေတသိက်တို့ ယှဉ်တွဲ၍ဖြစ်နေပုံကို စတုမဓုအနေဖြင့် ဥပမာပြကြ၏။

**ချဲဦးအံ့။** ။'စတုမဓု' ဟူသည် "ထောပတ်၊ ပျားရည်၊ သကာ (တင်လဲ) ဆီ ဟူသော အချိုအဆိမ့် လေးမျိုးကို အညီအမျှ ထည့်ပြီး ရောလျက် သမအောင်ကျိုချက်၍ ရသောအရာဖြစ်၏။ ယင်းသို့ သမအောင် ရောနှောကျိုချက်အပ်ပြီးသော စတုမဓုမှာ "ဤအရသာကား ထောပတ်အရသာ၊ ဤအရသာကား ပျားအရသာ" စသည်ဖြင့် ခွဲခြား၍မသိနိုင်အောင် သမ နေသကဲ့သို့ ထို့အတူပင် နာမ်ခန္ဓာ လေးပါးတို့ အတူတကွယှဉ်၍ ဖြစ်သည့်

အခါ "ဤသဘောကား ဝိညာဏက္ခန္ဓာ၊ ဤသဘောကား ဒေဝနက္ခန္ဓာ" စသည်ဖြင့် ခွဲခြား၍ မသိနိုင်အောင် သမနေကြကုန်၏–ဟူလို။ ထို့ကြောင့် နာမ်ခန္ဓာလေးပါးတို့ အညီအမျှသမလျက် အတူတကွ ယှဉ်၍ဖြစ်ကြရာ၌ အချင်းချင်း မဆန့်ကျင်ပဲ တပါး၏သဘောကို တပါးကလိုက်လျောနိုင်သော သတ္တိသည် သမ္ပယုတ္တပစ္စည်းမည်၏။

ဤ 'စိတ်, စေတသိက်' ဟူသော နာမ်ခန္ဓာ လေးပါးတို့သည် အဘယ် လက္ခဏာအင်္ဂါရပ်များဖြင့် အတူတကွရောနှော၍သမ၍ ဖြစ်ကြကုန်သနည်း-ဟူမူ ထိုစိတ်,စေတသိက်တို့သည် အတူတကွ ဖြစ်ကြသော် အားလုံးပင် အတူတကွ (တပြိုင်နက်)ဖြစ်ကြ၏။ အတူတကွ(တပြိုင်နက်)ချုပ်ကြ၏။ အာရုံတခုတည်းကိုသာ အာရုံပြုကြ၏။ မှီရာဝတ္ထု တခုတည်းမှသာ မှီ၍ ဖြစ်ကြ၏။ ဤသို့ 'ဖြစ်အတူ၊ပျက်(ချုပ်)အတူ၊ အာရုံအတူ၊ မှီရာဝတ္ထုအတူ" (တနည်းအားဖြင့် တူသောဖြစ်ခြင်း၊ တူသောချုပ်ခြင်း၊ တူသော အာရုံရှိခြင်း၊ တူသော မှီရာဝတ္ထုရှိခြင်း) ဟူသော အင်္ဂါလေးရပ်နှင့်ပြည့်စုံလျက် ရောနှော၍သမ၍ ဖြစ်ကြကုန်၏။

ဤအင်္ဂါလက္ခဏာ လေးရပ်နှင့်ပြည့်စုံမှသာ သမ္ပယုတ် ပစ္စည်းတရားများ ဖြစ်နိုင်သည်။ ဤအင်္ဂါလက္ခဏာ လေးရပ်နှင့်ပြည့်စုံသော တရားတို့မှာ စိတ်၊ စေတသိက်ဟူသော နာမ်တရားများသာ ဖြစ်ကြသည်။

## သမ္ပယုတ္တပစ္စည်းကိုဟောရပုံ

ရုပ်တရားတို့ကား ဤအင်္ဂါလက္ခဏာ လေးရပ်နှင့်မပြည့်စုံ၍ သမ္ပယုတ္တ ပစ္စည်း မဖြစ်နိုင်ချေ။ ရုပ်ကလာပ်တခု၌ ပါရှိသော ရုပ်တရားတို့သည် "ဖြစ်အတူ၊ ပျက်အတူ" ဖြစ်ကြ၍ သမ္ပယုတ္တတရားဖြစ်လေရာ သလောဟု ယုံမှားဖွယ်ရှိ၍ ထိုယုံမှားဖွယ်ကို ပယ်ဖျောက်ရန် (အင်္ဂါလေးရပ်နှင့် ပြည့်စုံသည့် တရားမျိုးမှ သမ္ပယုတ်တရား ဖြစ်နိုင်၏ ဟု သိစေလိုသဖြင့်)သမ္ပယုတ္တပစ္စည်းကို ဟောရခြင်း ဖြစ်၏။

ဖော်ပြခဲ့ပြီးသော သဟဇာတ ပစ္စည်း၌ စိတ်၊ စေတသိက်၊ နာမ် ခန္ဓာ လေးပါးနှင့် စိတ်ကြောင့်ဖြစ်ကြသည့် စိတ္တဇရုပ်, ပဋိသန္ဓေ ကမ္မဇရုပ်တို့သည် လည်းကောင်း၊ ပဋိသန္ဓေအခါ၌ ပဋိသန္ဓေစိတ်, စေတသိက်ဟူသော နာမ်

ခန္ဓာလေးပါးနှင့် ဟဒယဝတ္ထုတို့သည် လည်းကောင်း၊ (ရုပ်တရား အချင်းချင်းတို့သည် လည်းကောင်း) အတူတကွ ဖြစ်ကြသဖြင့် သဟဇာတ (သဟဇာတ်) တရားများဖြစ်ကြကုန်၏။ ယင်းသဟဇာတ် တရားတို့သည် အတူတကွ သမ္ပယုတ်ဖြစ်ကြသည့် သမ္ပယုတ်တရားများဖြစ်ကြလေသလောဟု ယုံမှားသံသယဖြစ်သာမှုကို ပယ်ဖျောက်ရန်သာ (အတူတကွဖြစ်တိုင်း သမ္ပယုတ် မဟုတ်ဟု သိစေလိုသဖြင့်) ဤသမ္ပယုတ္တပစ္စည်းကို ထပ်၍ ဟောရခြင်းဖြစ်၏။

ထို့ကြောင့် ဤသမ္ပယုတ္တပစ္စည်းသည် "ဣန္ဒြိယ၊ ဈာန၊ မဂ္ဂ" ပစ္စည်းများကဲ့သို့ ကိစ္စအထူးဖြင့် ပစ္စည်းပြုသော တရားမဟုတ်။သဟဇာတပစ္စည်းမှ ခွဲ၍ အတူဖြစ်သော်လည်း (အတွဲဖြစ်တိုင်းလည်း) သမ္ပယုတ် ဖြစ်သင့်မှ ဖြစ်သည် ဟူသောအနေဖြင့် နာမ်ခန္ဓာတရားများသက်သက်ကို သီးခြားပြသော ပစ္စည်းပေတည်း။

စိတ်,စေတသိက်တရားတို့၏ သမ္ပယုတ်ဖြစ်ပုံကို ဆက်၍ ဆိုဦးအံ့-

ဥပမာအားဖြင့်- အပြင်ဗဟိဒ္ဓမှ ရူပါရုံကြောင့် စက္ခုပသာဒဝတ္ထုရုပ်ခေါ် မျက်စိအကြည်ဓာတ်ကိုမှီ၍ စက္ခုဝိညာဉ်စိတ်ဖြစ်သောအခါ ထိုစက္ခုဝိညာဉ်နှင့် အတူတကွ တပြိုင်နက်ပင်"ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ" ဟူသော စေတသိက် ခုနစ်ပါးတို့ ဖြစ်ကြကုန်၏။ ထိုစေတသိက် ခုနစ်ပါးတို့သည် စက္ခုဝိညာဉ်စိတ်နှင့် အတူတကွ တပြိုင်နက်ပင် ဖြစ်ကြကုန်၏။ စက္ခုဝိညာဉ်စိတ် ချုပ်သွားသောအခါ၌လည်း ထိုစေတသိက် ခုနစ်ပါးတို့သည် အတူတကွ တပြိုင်နက်ပင် ချုပ်သွားကြကုန်၏။ စက္ခုဝိညာဉ်စိတ်သည် ပစ္စုပ္ပန်ဖြစ်သော ရူပါရုံကို အာရုံပြုသည် ဖြစ်ရာ၊ ထိုစေတသိက် ခုနစ်ပါးတို့လည်း ယင်းပစ္စုပ္ပန်ရူပါရုံကိုပင် အာရုံပြုကြကုန်၏။ ထို့ပြင် စက္ခု ဝိညာဉ်စိတ်သည် မျက်စိအကြည်ရုပ် ဟူသော စက္ခုပသာဒဝတ္ထုရုပ်ကို မှီ၍ ဖြစ်ရာ ထိုစေတသိက် ခုနစ်ပါးတို့လည်း ယင်းစက္ခုပသာဒဝတ္ထုရုပ်ကိုပင် မှီ၍ ဖြစ်ကြကုန်၏။

ဤသို့လျှင် စက္ခုဝိညာဉ်စိတ်နှင့် စေတသိက် ခုနစ်ပါးတို့သည် "အတူဖြစ်ခြင်း၊ အတူချုပ်ခြင်း၊ တူသောအာရုံရှိခြင်း၊ တူသောမှီရာဝတ္ထု ရှိခြင်း" ဟူသော အင်္ဂါလက္ခဏာ လေးပါးတို့ဖြင့် သမနေလျက်၊ တခုစီ ခွဲခြား၍ မရနိုင်အောင် (တခုတည်းအဖြစ်ဖြင့်) ယှဉ်တွဲပေါင်းစု၍ ဖြစ်လေ့ ရှိကြကုန်၏။

သဒ္ဒါရုံ စသည် ကြွင်းသော အာရုံငါးပါးတို့ကြောင့် သောတပသာဒစသည် စက္ခုရုပ် ငါးပါးတို့ကိုမှီ၍ သောတဝိညာဉ်စိတ် စသည် ဝိညာဉ်ငါးပါးတို့ (ယှဉ်ဖက် စေတသိက်များနှင့်တကွ) ဖြစ်ကြရာ၌လည်း စက္ခုဝိညာဉ် နည်းတူ သိပါလေ။

## ကျေးဇူးပြုပုံ

သမ္ပယုတ္တပစ္စည်း၌ စိတ်တခုဖြစ်ပေါ်တိုင်း ယင်းနှင့်ယှဉ်ဖက် စေတသိက်တို့ တပါတည်း ဖြစ်ပေါ် လာကြရာဝယ် ထိုစိတ်နှင့် စေတသိက် တို့သည် အချင်းချင်းမဆန့်ကျင်ဘဲ တရားတပါးသည် တရားတပါးအား သမ္ပယုတ္တ ပစ္စယသတ္တိဖြင့် အချင်းချင်း အပြန်အလှန် (အညမည) ကျေးဇူး ပြုကြလေသောကြောင့် တရားတပါးက ပစ္စည်းဖြစ်လျှင် ကျန်တရား အားလုံးသည် ပစ္စယုပ္ပန်တရားများ ဖြစ်ကြရလေသည်။

ဥပမာ–လောဘမူ စိတ်တခုသည် ယှဉ်ဖက် စေတသိက်များနှင့် တကွ တပြိုင်နက်ဖြစ်ရာ၌ (ဝါ)နာမ်ခန္ဓာလေးပါးတို့ သမ၍ဖြစ်ရာ၌ ဝိညာဏခန္ဓာသည် ပစ္စည်းဖြစ်လျှင် 'ဝေဒနက္ခန္ဓာ၊ သညက္ခန္ဓာ၊ သင်္ခါရက္ခန္ဓာ' ဟူသော ကျန်စေတသိက် ခန္ဓာသုံးပါးသည် ပစ္စယုပ္ပန်ဖြစ်ကြရ၏။ ထိုစေတသိက်ခန္ဓာ သုံးပါးအနက် တပါးပါးက ပစ္စည်းဖြစ်လျှင် ကျန်ခန္ဓာသုံးပါးတို့က ပစ္စယုပ္ပန် ဖြစ်ကြရသည်။ ဤသို့ အပြန်အလှန် လှည့်လည်၍ ကျေးဇူးပြုပုံကို သိပါလေ။ ဤသို့ ရဟန္တာပုဂ္ဂိုလ်တို့၏ အရဟတ္တဖိုလ်စိတ်၊ စေတသိက် နာမ်ခန္ဓာတိုင် အောင် (ဘဝအဆက်ဆက်) ကျေးဇူးပြုပုံကို သိပါလေ။

## ပစ္စည်းသုံးစုံဟောရပုံ

ပဋ္ဌာန်းတရားတော်နည်း "နာမ်တရားအချင်းချင်း ကျေးဇူးပြုပုံ၊ ရုပ်တရား အချင်းချင်း ကျေးဇူးပြုပုံ၊ နာမ် တရား က ရုပ် တရားအား ကျေးဇူးပြုပုံ၊ ရုပ်တရားက နာမ်တရားအား ကျေးဇူးပြုပုံ" (လေးမျိုး) တို့နှင့် ပတ်သက်၍ အချို့နေရာများ၌ သို့လော သို့လော တွေးတောဖွယ်၊ မရှင်းမရှင်း သံသယ ဖြစ်စရာကလေးတွေ ရှိနေကြ၏။ ထို သံသယ ဖြစ်စရာ ကလေးတွေကို ပယ် ဖျောက်ရန် အလို့ငှာ အစုံလိုက် အစုံလိုက် ရှိသော ပစ္စည်းများကို ဆက်၍ ဆက်၍ ဟောတော်မူထားပေသည်။ ထိုကဲ့သို့သော ပစ္စည်း အစုံ အစုံ တို့မှာ သုံးစုံရှိသည်။ ယင်းတို့ကား–

(၁) **သမ္ပယုတ္တ နှင့် ဝိပ္ပယုတ္တ**။ ။အချို့သော ပစ္စည်း တရား တို့သည် မိမိ၏ ပစ္စယုပ္ပန် တရားတို့နှင့် သမစ္စာ ရောနှောလျက် ယှဉ်၍ ဖြစ်ကုန်၏။ သမ္ပယုတ္တ ပစ္စည်းအရ စိတ်, စေတသိက် အချင်းချင်း ကျေးဇူးပြုပုံကို ဆို လို၏။ အချို့သော ပစ္စည်းတရား တို့သည် အတူတကွ ဖြစ်ကြပေမယ့်၊ တခုနှင့်တခု သမနေသည့် သဘောဖြင့် ယှဉ်တွဲ၍ မဖြစ်ကြကုန်။ ဝိပ္ပယုတ္တ ပစ္စည်းများ အရ ရုပ် တရားက နာမ် တရားအား လည်းကောင်း၊ နာမ်တရားက ရုပ်တရားအား လည်းကောင်း ကျေးဇူးပြုပုံကို ဆိုလိုသည်။

(၂) **အတ္ထိ နှင့် နတ္ထိ**။ ။အချို့သော ပစ္စည်းတရားတို့သည် ထင်ရှားရှိ နေလျက်သာ=ထင်ရှားရှိနေခိုက်သာ ကျေးဇူး ပြုနိုင်ကုန်၏။ အတ္ထိ ပစ္စည်းအရ- နာမ်တရား အချင်းချင်းလည်းကောင်း။ ရုပ် တရား အချင်းချင်းလည်းကောင်း၊ ပဋိသန္ဓေစိတ်နှင့် ဟဒယဝတ္ထုအချင်းချင်း လည်းကောင်း၊ ဝတ္ထုရုပ် ခြောက်ပါးနှင့် အာရုံ ခြောက်ပါးတို့က ဝိညာဉ် ခြောက်ပါးတို့အားလည်းကောင်း ကျေးဇူးပြုပုံကို ဆိုလိုသည်။ အချို့သော ပစ္စည်း တရားတို့သည် ထင်ရှားမရှိသည် ဖြစ်လျက် (ဝါ) ချုပ် ပျောက်ပြီး နောက်မှ ကျေးဇူးပြုကုန်၏။ နတ္ထိပစ္စည်းအရ- ရှေးရှေးစိတ်,စေတသိက် နာမ် တရားတို့က နောက်နောက်စိတ်,စေတသိက် နာမ်တရားတို့အား ကျေးဇူးပြုပုံ ကို ဆိုလိုသည်။

(၃) **ဝိဂတ နှင့် အဝိဂတ**။ ။အချို့သော ပစ္စည်းတရားတို့သည် ကင်း ကွာနေလျက် (ဝါ) ထင်ရှား မရှိတော့ပဲ လျက် ကျေးဇူးပြုနိုင်ကြကုန်၏။ ဝိဂတပစ္စည်းအရ- နတ္ထိပစ္စည်းကဲ့သို့ ကျေးဇူး ပြုပုံကို ဆိုလိုသည်။ အချို့သော ပစ္စည်း တရားတို့သည် မကင်းကွာပဲလျက် (ဝါ) အတူတကွ ထင်ရှား ရှိနေလျက်သာ ကျေးဇူး ပြုကြကုန်၏။ အဝိဂတ ပစ္စည်းအရ- အတ္ထိပစ္စည်းအတိုင်း ကျေးဇူးပြုပုံကို ဆိုလိုသည်။ ။

# [၂၀] ဝိပ္ပယုတ္တပစ္စည်း

**မှတ်ရန်ဆိုရိုး။** ။ ဝိပ္ပယုတ္တ ပစ္စည်းသည် ဝတ္ထုပုရေဇာတ ဝိပ္ပယုတ်၊ ပစ္ဆာဇာတဝိပ္ပယုတ်၊ သဟဇာတဝိပ္ပယုတ်-ဟူ၍ သုံးပါး အပြားရှိ၏။ ထိုတွင်—

(က) **ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ** ပစ္စည်းသည် ဝတ္ထုပုရေဇာတ နိဿယ ပစ္စည်းနှင့်တူ၏။ တူပုံကား— "ပဝတ္တိ အခါ၌ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ ဟဒယ—ဟူသော ဝတ္ထုရုပ် ခြောက်ပါးတို့သည် မိမိတို့ကို မှီ၍ ဖြစ်ကုန်သော 'စက္ခုဝိညာဉ်၊ သောတ ဝိညာဉ်၊ ဃာန ဝိညာဉ်၊ ဇိဝှာ ဝိညာဉ်၊ ကာယ ဝိညာဉ်၊ မနောဝိညာဉ်(မနော ဓာတ်နှင့် မနောဝိညာဏဓာတ်) ဟူ သော ဝိညာဉ်ခြောက်ပါး နာမ်တရားတို့ အား ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုကုန်၏။

(ခ) **ပစ္ဆာဇာတ ဝိပ္ပယုတ္တ** ပစ္စည်းသည် ပစ္ဆာဇာတ ပစ္စည်းနှင့် တူ၏။ တူပုံကား ပဉ္စဝေါကာရ ဘုံ၌ (အရူပ ဝိပါက်စိတ် လေးခုကြဉ်သော) နောက်နောက်သောစိတ် ၈၅ပါး၊စေတသိက် ၅၂ပါးဟူသော နာမ်တရားတို့သည် ရှေးရှေး၌ ဖြစ်ကုန်သော(ဧကဇကာယ၊ ဒွိဇကာယ၊ တိဇကာယ၊ စတုဇကာယဟု ခေါ်သော) ရုပ်တရား အပေါင်း တို့အား ပစ္ဆာဇာတ ဝိပ္ပယုတ္တသတ္တိဖြင့် ကျေးဇူးပြုကုန်၏။

# (၈) သဟဇာတဝိပ္ပယုတ္တပစ္စည်း

“(၁) ပဥ္စဝေါကာရ ပဋိသန္ဓေ နာမ်ခန္ဓာ လေးပါးနှင့် ဟဒယ ဝတ္ထု ရုပ်တို့သည် အချင်းချင်းအားလည်းကောင်း၊ (၂) ပဥ္စဝေါကာရဘုံ၌ဖြစ်သော (အရူပဝိပါက်စိတ် ၄၊ ဒွေပဉ္စဝိညာဉ် ၁၀၊ ရဟန္တာတို့၏ စုတိစိတ် ကြဉ်သော) စိတ် ၇၅ ပါး၊ စေတသိက် ၅၂ ပါးဟူသော ပဝတ္တိ၊ ပဋိသန္ဓေ နာမ်ခန္ဓာ လေးပါးတို့သည် မိမိနှင့်အတူတကွဖြစ်ကုန်သော စိတ္တဇရုပ်၊ ပဋိသန္ဓေ ကမ္မဇရုပ် တို့အားလည်းကောင်း သဟဇာတဝိပ္ပယုတ္တပစ္စယသတ္တိဖြင့် ကျေးဇူးပြုကုန်၏။”

## အဓိပ္ပာယ်ရှင်းလင်းချက်

‘ဝိပ္ပယုတ္တ’ (ဝိပ္ပယုတ်) ဟူသည် “အတူတကွ ဖြစ်ကြ၊ တွေ့ဆုံမိကြလျက် လည်း အချင်းချင်း မနှီးနှော မရောပြွမ်းခြင်း၊ မယှဉ်တွဲခြင်း၊ သမနေသည် မဟုတ်ခြင်း-” ဟူ၍ အဓိပ္ပာယ်ရှိသည်။ (မရောနှောခြင်း၊ဝိသံသဋ္ဌ ဝိပ္ပယုတ်မျိုး တည်း)။ ဤသို့ အတူတကွကား ဖြစ်ကြ၏။ သို့သော် တရားတခုနှင့် တခု သမ နေအောင် (တသားတည်း ဖြစ်နေအောင်) မရော နှောပဲ သူ့ သဘော သူဆောင် အနေဖြင့်သာ (ဆက်ဆံကြလျက်) ကျေးဇူးပြုတတ်သော ပစ္စည်း သည် ဝိပ္ပယုတ္တ ပစ္စည်းမည်၏။

ဤဝိပ္ပယုတ္တပစ္စည်းသည် သမ္ပယုတ္တ ပစ္စည်း၏ ပြောင်းပြန်ဖြစ်၏။ ဤ၌ “အတူဖြစ်, အတူချုပ်, အာရုံတူ, မှီရာဝတ္ထုတူ” ဟူသော သမ္ပယုတ် အင်္ဂါလေး ရပ်တို့ဖြင့် မယှဉ်တွဲနိုင်ရကားပစ္စည်းနှင့် ပစ္စယုပ္ပန်တရားတို့ အချင်းချင်းမလိုက် မလျောနိုင်သောသတ္တိသည် ဝိပ္ပယုတ္တပစ္စည်းမည်၏။ သို့သော် သမ္ပယုတ်သဘော ဖြင့် မယှဉ်သော တရားတိုင်းကို ဝိပ္ပယုတ်ဟု မဆိုရ။ ပစ္စည်းတရားနှင့်ပစ္စယုပ္ပန် တရားတို့ အတူတကွ တွေ့မိ ဆုံမိ၍ ဖြစ်ကြရာ၌ ‘သမ္ပယုတ်များ ဖြစ်လေရော့ သလား’ ဟု ယုံမှားဖွယ်ဖြစ်နိုင်သော (သမ္ပယုတ် သဘောနှင့် မှားနိုင်သော) အရာများ၌သာ သမ္ပယုတ် မဟုတ်ကြောင်း သိစေဖို့ရာ ‘ဝိပ္ပယုတ္တ’ ဟု ထုတ်ပြန် ဟောကြားတော် မူလေသည်။

ထို့ကြောင့် ဝိပ္ပယုတ္တ ပစ္စည်းကို ‘အရသာ ခြောက်ပါး ရောစပ်ပုံ’ နှင့်တူ၏— ဟူ၍ ရှေးဆရာတို့ ဥပမာ ပြကြသည်။

**ထင်ရှားစေအံ့** — အရသာ ခြောက်ပါး ရောစပ်ရာ၌ (ပင်ကိုယ် သဘာဝ ချင်း မတူရကား) ရောပင် ရောသော်လည်း ကိုယ့်သဘော ကိုယ်ဆောင်ကာ အရသာတခုနှင့်တခု မနီးနှောကြသဖြင့် 'အညီအမျှ သမ' မဖြစ်နိုင် သကဲ့သို့ ထို့အတူပင်– ဤ၌ ပစ္စည်း၊ပစ္စယုပ္ပန် တရားတို့ ရောနှောမိကြ၊တွေ့မိဆုံမိ ကြသော်လည်း အချင်းချင်း မလိုက်လျောနိုင်ကြသဖြင့် 'အညီအမျှ သမ' ဆိုတဲ့ သမ္ပယုတ်သဘောမရှိ၊ ဝိပ္ပယုတ် သဘောသာ ရှိသည်ဟု ဆိုလိုသည်။ နာမ် တရားက ရုပ်တရားအားလည်းကောင်း၊ ရုပ်တရားက နာမ်တရားအား လည်း ကောင်း ကျေးဇူးပြုရာတွင် ထိုရုပ်နှင့် နာမ်တို့ တခု နှင့် တခု အတူတကွ (သဟဇာတ်) ဖြစ်ကြသော်လည်း တခုကို တခုက မှီ၍ (နိဿယ) ဖြစ်ကြ သော်လည်း သမ္ပယုတ်သဘောဖြင့် အညီအမျှ သမ၍ မဖြစ်ပဲ၊(သဘောချင်း မတူသော်လည်း အတူမနေ မဖြစ်၍ အတူနေရဟူသကဲ့သို့) 'ကိုယ်ပေါင်း စိတ်ခွာ သဘောမျိုးဖြင့် အတူတကွဖြစ်နေ ကြရသည်ဟု မှတ်ရာ၏။

**ဝိပ္ပယုတ်သုံးမျိုး။** ။ဝိပ္ပယုတ္တပစ္စည်းသည် "ဝတ္ထုပုရေဇာတ (ဝတ္ထုပုရေဇာတနိဿယ)၊ ပစ္ဆာဇာတ၊ သဟဇာတ" ဟူသော ပစ္စည်းသုံးမျိုးနှင့် ဆက်သွယ်နီးနွယ်နေ၏။ ယင်းပစ္စည်းများ၌ 'သမ္ပယုတ်ဖြစ် လေရော့သလား' ဟု ယုံမှားဖွယ်ရှိသည့် နေရာများအတွက်၊ သမ္ပယုတ်မဟုတ် ဝိပ္ပယုတ်သာဖြစ်၏-ဟု သိစေလို၍ ဤဝိပ္ပယုတ္တပစ္စည်းကို ဟောကြားတော်မူရ သည်ဖြစ်ရကား၊ ဤဝိပ္ပယုတ္တပစ္စည်းသည် သီးခြားပစ္စည်းတခုမဟုတ်ပဲ၊ ယင်း ပစ္စည်း သုံးမျိုးထဲ၌ ပါဝင်နေတော့သည်။ ထို့ကြောင့် ဝိပ္ပယုတ္တ ပစ္စည်း၌ ကိုယ်ပိုင် အမည်ရှေ့တွင် 'မြစ်ဖျားခံရာ' ပစ္စည်းသုံးမျိုး၏ အမည်အသီးသီးကို ထည့်ပေးရပြီး "ဝတ္ထုပုရေဇာတဝိပ္ပယုတ်၊ ပစ္ဆာဇာတ ဝိပ္ပယုတ်၊ သဟဇာတ ဝိပ္ပယုတ်"ဟူ၍ အမည်သုံးမျိုးခွဲ၍ ဆိုရလေသည်။

## (က) ဝတ္ထုပုရေဇာတဝိပ္ပယုတ်

ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ ပစ္စည်းသည် ဝတ္ထုပုရေဇာတ (ဝါ) ဝတ္ထုပုရေ ဇာတ နိဿယပစ္စည်းနှင့် တူ၏။ ထိုပစ္စည်းနှစ်မျိုး၌ 'ဝတ္ထုပုရေဇာတ (ဝါ) ဝတ္ထုပုရေဇာတ နိဿယ'ဟု လည်းကောင်း၊ 'ဝတ္ထာရမ္မဏပုရေဇာတ(ဝါ) ဝတ္ထာရမ္မဏ ပုရေဇာတ နိဿယ'ဟု လည်းကောင်း နှစ်မျိုးစီ ရှိသောကြောင့် ဤ'ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ' ပစ္စည်းမှာလည်း "**ဝတ္ထုပုရေဇာတ ဝိပ္ပယုတ်၊ ဝတ္ထာရမ္မဏပုရေဇာတဝိပ္ပယုတ်**" ဟူ၍ နှစ်မျိုးရှိ၏ဟု မှတ်ရာ၏။

ထိုတွင် ဝတ္ထုပုရေဇာတ ဝိပ္ပယုတ္တ ပစ္စည်းသည် ဝတ္ထုပုရေဇာတ ပစ္စည်း (ဝါ) ဝတ္ထုပုရေဇာတ နိဿယပစ္စည်းနှင့်တူ၍၊ ဝတ္ထာရမဏ ပုရေဇာတ ဝိပ္ပ ယုတ္တ ပစ္စည်းလည်း ဝတ္ထာရမဏပုရေဇာတ ပစ္စည်း (ဝါ) ဝတ္ထာရမဏ ပုရေ ဇာတ နိဿယပစ္စည်းနှင့်တူလေသည်။

ထိုပစ္စည်းများ၌ ပဉ္စဝေါကာရဘုံတွင် ပဝတ္တိအခါဝယ် ဝတ္ထုရုပ် ခြောက် ပါးတို့က မိမိတို့ကိုမှီ၍ဖြစ်ကြသော ဝိညာဉ်စိတ်ခြောက်ပါးတို့အား ကျေးဇူး ပြုကြသည်ဖြစ်ရာ၊ထိုပစ္စည်းအားလုံး၌ အစိတ်စိတ်ပါဝင်သည့် အမည်အသီးသီး ၏ အနက်အဓိပ္ပာယ်တို့ကိုကြည့်လျှင်၊ ပစ္စည်းတရားက ပစ္စယုပ္ပန် တရားအား ကျေးဇူးပြုပုံကို ကောင်းစွာနားလည် သဘောပေါက်သွားပေမည်။

(၁) **ဝတ္ထု**=မှီရာ-ဟူသော စကားအရ ဝတ္ထုရုပ် ခြောက်ပါး တို့သည် ဝိညာဉ်စိတ်ခြောက်မျိုးတို့၏ မှီရာတည်ရာဖြစ်ကြ၏။ (၂) **ပုရေဇာတ**=ရှေး ဦးစွာ ကြိုတင်၍ဖြစ်ခြင်း ဟူသော စကားအရ-ယင်းဝတ္ထုရုပ်ခြောက်ပါး တို့သည် ဆိုင်ရာဝိညာဉ်ခြောက်ပါးတို့ မဖြစ်သေးမီ ကြိုတင်၍ ဖြစ်ကြရ၏။ (၃) **နိဿယ**=မှီတင်းနေခြင်း ဟူသောစကားအရ-ဝိညာဉ်စိတ် ခြောက်ပါး တို့သည် ဆိုင်ရာဝတ္ထုရုပ် ခြောက်ပါးတို့ကို အမှီပြု၍သာ ဖြစ်ကြရ၏။ (၄) **ဝိပ္ပယုတ္တ**=မရောနှောမယှဉ်တွဲခြင်း ဟူသော စကားအရ-ဝတ္ထုရုပ်ခြောက်ပါး တို့နှင့် ဝိညာဉ်စိတ်ခြောက်ပါးတို့သည် ယင်းသို့အမှီပြုကာ ပစ္စည်း,ပစ္စယုပ္ပန် ဖြစ်ကြသော်လည်း တခုနှင့်တခု မရောမနှော, မယှဉ်တွဲပဲလျက်သာ ဖြစ်နေကြ ကုန်၏။ သမ္ပယုတ္တ သဘောဖြင့် ခွဲမရအောင် တခုတည်း အဖြစ် သမပြီး ရောနှော၍ မဖြစ်ကြကုန်။ ဝတ္ထုရုပ် ခြောက်ပါးက တခြား၊ ဝိညာဉ်စိတ် ခြောက်ပါးတို့က တခြား-ဤသို့တခြားစီ တည်နေ ဖြစ်နေကြသည် ဟူလို။

**ဝတ္ထာရမဏပုရေဇာတဝိပ္ပယုတ္တ**။ ။ဤပစ္စည်း နှင့် ပတ်သက် ၍ ကား အထူးရှင်းပြဖွယ်မလိုတော့ပြီ။ ဝတ္ထာ ရမဏ ပုရေဇာတ(ဝါ) ဝတ္ထာရမဏပုရေဇာတနိဿယ ပစ္စည်း၌-ရှင်းပြခဲ့သည့် အတိုင်းပင် ဟဒယဝတ္ထုရုပ်ကို အာရုံပြု၍ ဝိပဿနာရှုသော အခါ၌ လည်း ကောင်း၊ ဟဒယဝတ္ထုကို သာယာသောအခါ စသည်တို့၌ လည်းကောင်း ယင်းဟဒယဝတ္ထုရုပ်က မိမိကိုအမှီပြု၍၊ အာရုံပြု၍ ဖြစ်ပေါ်လာကြသော "မနောဒွါရဝဇ္ဇန်း၊ ကာမဇော ၂၉၊ တဒါရုံ ၁၁" ဟူသော မနောဝိညာဉ်

စိတ်များနှင့် (ဣဿာ၊ မစ္ဆရိယ၊ကုက္ကုစ္စ၊ ဝိရတီ ၃၊ အပ္ပမညာ ၂ ကြဉ်သော) စေတသိက် ၄၄ ပါး တို့အား (သမ္ပယုတ်သဘောဖြင့် ယှဉ်တွဲ ရောနှောမနေပဲ လျက်)'ဝတ္ထာရမဏပုရေဇာတ ဝိပ္ပယုတ္တ'ပစ္စယသတ္တိဖြင့် ကျေးဇူးပြုလေသည်။

## အာရုံခြောက်ပါးနှင့် ဝိညာဉ်ခြောက်ပါးမေးပွယ်

ပုရေဇာတပစ္စည်း၌ (၁) **ဝတ္ထုရုပ်ခြောက်ပါး**တို့က ဝိညာဉ်စိတ်ခြောက်ပါး တို့အားကျေးဇူးပြုသည်ဟု ဖော်ပြသော 'ဝတ္ထုပုရေဇာတ'ပစ္စည်းဟူ၍ လည်းကောင်း၊ (၂) **အာရုံခြောက်ပါး**တို့ကလည်း ထိုဝိညာဉ်စိတ် ခြောက်ပါးတို့အား ကျေးဇူးပြုသေးသည်ဟု ဖော်ပြသော 'အာရမဏပုရေဇာတ'ပစ္စည်း ဟူ၍ လည်းကောင်း ပစ္စည်းမျိုးခွဲနှစ်ခုပါဝင်သေးသည်။ထိုတွင် ဝတ္ထုရုပ်ခြောက်ပါး ကဲ့သို့ပင်၊ အာရုံ ခြောက်ပါးတို့ကလည်း မိမိတို့က ကျေးဇူး ပြုအပ်သော ဝိညာဉ်စိတ်ခြောက်ပါးတို့နှင့် မရောမနှော တသီးတခြား ကင်းကွာနေကြသည် ဖြစ်၍ ထိုအာရုံခြောက်ပါးတို့ကိုလည်း 'ဝိပ္ပယုတ္တ'ပစ္စည်းတရားများဟု (အာရမဏပုရေဇာတ ဝိပ္ပယုတ္တပစ္စည်းဟု အမည်ပေး၍)ကောန်ခေါ်ထိုက်သည်မဟုတ် ပါလောဟု စောဒနာဖွယ် ရှိ၏။

အဖြေကား—အာရုံ ခြောက်ပါးတို့သည် ဝိညာဉ်စိတ် ခြောက်ပါးတို့ နှင့် မယှဉ်ကြသည်မှာ၊ ဝိပ္ပယုတ်ဖြစ်ကြသည်မှာ အလွန်အထူးပင် ထင်ရှားလှ၏။ ယှဉ်တွဲဖြစ်ကြသည့် သမ္ပယုတ်တရားများလေလောဟူ၍ သာမက အတူတကွ ဖြစ်ဖက်'သဟဇာတ်'တရားများ လေလောဟူ၍ပင် ယုံမှားဖွယ်အလျဉ်းမရှိပေ။ အကြောင်းမူကား- အာရုံခြောက်ပါးတို့သည် အများအားဖြင့်ခန္ဓာကိုယ်ပြင်ပ၊ ဗဟိဒ္ဓ၌သာဖြစ်ကြပြီး ဝိညာဉ်ခြောက်ပါးတို့ကား ခန္ဓာကိုယ်တွင်း အဇ္ဈတ္တ သန္တာန်သာ ဖြစ်ကြသောကြောင့်တည်း။ ယင်းသို့ အာရုံခြောက်ပါးတို့မှာ ဝိညာဉ်ခြောက်ပါးတို့နှင့် ဖြစ်ရာသန္တာန် ကွဲပြားနေ၍ 'သဟဇာတ်'ပင် မဖြစ်နိုင်သောတရားမျိုးဖြစ်နေသဖြင့်၊သမ္ပယုတ်လေလော'ဟုလင်းပါးပွယ်မရှိသောကြောင့်ပင်'ဝိပ္ပယုတ္တ'ပစ္စည်းထဲ၌ မပါဝင်ခြင်းဖြစ်၏။(ဝါ) ဝိပ္ပယုတ္တပစ္စည်း ထဲ၌ ထည့်ဖွယ်မလိုပေ။

ဝတ္ထုရုပ်ခြောက်ပါးနှင့် ဝိညာဉ်ခြောက်ပါးတို့သည်ကား ခန္ဓာကိုယ်တွင်း အဇ္ဈတ္တသန္တာန်ထဲမှာချည်း 'မှီရာနှင့်အမှီတရား'ဖြစ်ကြသေးသဖြင့် 'သမ္ပယုတ်

လေလော'ဟု ယုံမှားဖွယ် ဖြစ်လာ၏။ ယင်းသို့ယုံမှားဖွယ် ဖြစ်နိုင်လောက်သော တရားမျိုးဖြစ်၍သာ ထိုယုံမှားသံသယကို ပယ်ဖျောက်ရန်အတွက် ဝတ္ထုရုပ်ခြောက်ပါးကိုသာ ဝိပ္ပယုတ္တပစ္စည်း၌ ထည့်သွင်းရခြင်း ဖြစ်လေသည်။

## (ခ) ပစ္ဆာဇာတဝိပ္ပယုတ်

ပစ္ဆာဇာတဝိပ္ပယုတ်' ပစ္စည်းလည်း ပြဆိုခဲ့ပြီးသော 'ပစ္ဆာဇာတ' ပစ္စည်းနှင့် ပစ္စည်းပစ္စယုပ္ပန်အားဖြင့် အလုံးစုံတူ၏။ ထိုသို့တူပါလျက် ထပ်၍ ဟောရခြင်းမှာ နောက်နောက်ဖြစ်သော စိတ်,စေတသိက်တရားတို့သည် မိမိရှေ့ကဖြစ်နှင့်၍ ဌီအခိုက်၌ တည်ရှိသော ရုပ်တရားများနှင့် တွေ့မိဆုံမိကြလေရာ၊ ထိုစိတ်, စေတသိက်နာမ်တရားနှင့် ထိုရုပ်တရားတို့သည် 'သမ္ပယုတ်များ ဖြစ်လေရော့ သလား'ဟု ယုံမှားဖွယ်ရှိပြန်ရကား (သမ္ပယုတ် အင်္ဂါလေးရပ် နှင့် မညီသောကြောင့်) 'ဝိပ္ပယုတ်'ဟု ထုတ်ဖော်ဟောပြောတော်မူလေသတည်း။

## (ဂ) သဟဇာတ ဝိပ္ပယုတ်

**'သဟဇာတဝိပ္ပယုတ်'** ဟူသည် အတူတကွ ဖြစ်ကြသော (သဟဇာတ) နာမ်တရားနှင့် ရုပ်တရားတို့သည် တခုနှင့်တခု မရောမနှော တသီးတခြားစီ ဖြစ်ကြလျက် (ဝိပ္ပယုတ္တ) ကျေးဇူးပြုခြင်းကို ဖော်ပြသော ပစ္စည်းဖြစ်သည်။ ဤသဟဇာတဝိပ္ပယုတ်သည် ပစ္စည်းတမျိုး သီးခြားမဟုတ်၊ သဟဇာတပစ္စည်းကြီးမှထုတ်၍ သဟဇာတမျိုးတို့ အလေ့ပဋိသန္ဓေကမ္မဇရုပ်၊ စိတ္တဇရုပ်တို့အား သဟဇာတပစ္စည်းတပ်သော ရုပ်နာမ် စုကို ပိုင်းခြား၍ပြသော ပစ္စည်းတည်း။

အကြင်ရုပ်နာမ် တရားအရာ၌ သမ္ပယုတ္တ ဖြစ်လေသလောဟု တွေးတောယုံမှားဖွယ် ရှိ၏။ ထိုအရာ၌သာလျှင် သမ္ပယုတ် မဟုတ်ဟု ပြခြင်းငှာ ဤဝိပ္ပယုတ္တပစ္စည်းကို ဟောတော်မူရလေသည်။ ဤ 'သဟဇာတဝိပ္ပယုတ္တ' ပစ္စည်း၊ ပစ္စယုပ္ပန်တရားတို့ကား သဟဇာတပစ္စည်း, ပစ္စယုပ္ပန်၌ ပါဝင်ခဲ့၍ 'သမ္ပယုတ်လေလော'ဟု ယုံမှားဖွယ်ရှိသော တရားများတည်း။

ချဲ့ဦးအံ့။ ။(၁)ပဉ္စဝေါကာရဘုံ၌ ပဋိသန္ဓေကိစ္စတပ်သော စိတ် (၁၉) ပါးတို့သည် ပဋိသန္ဓေအခါဝယ် ကမ္မဇရုပ်များနှင့်အတူတကွ ဖြစ်ကြ၏။ထိုပဋိသန္ဓေစိတ်နှင့်ပဋိသန္ဓေကမ္မဇရုပ်တို့သည်ပဋိသန္ဓေစိတ်ဖြစ်သည့်

ဥပါဒ်ခဏ၌ အတူတကွတွေ့မိဆုံမိကြလေရာ သူတို့ချင်းသမ္ပယုတ်များ ဖြစ်ကြလေရော့သလားဟု ယုံမှားဖွယ်ရှိ၏။

(၂) ထို့ပြင် ပဉ္စဝေါကာရဘုံ၌ ဖြစ်သော ပဋိသန္ဓေစိတ်, စေတသိက်ဟူသောနာမ်ခန္ဓာနှင့် မှီရာဟဒယဝတ္ထုရုပ်တို့လည်း ပဋိသန္ဓေ ခဏ၌အတူတကွ ဖြစ်ပြီးတွေ့ဆုံမိကြ၏။ ထိုပဋိသန္ဓေနာမ်ခန္ဓာနှင့် ဟဒယဝတ္ထုရုပ်တို့လည်း 'သမ္ပယုတ်'များဖြစ်လေရော့သလား' ဟု ယုံမှားဖွယ် ရှိပြန်၏။

(၃) တဖန်လည်း–ပဉ္စဝေါကာရဘုံ၌ပင် ပဝတ္တိ အခါဝယ် (အရူပဝိပါက်စိတ် လေးခု၊ ဒွေပဉ္စဝိညာဉ်စိတ် ၁၀ ကြဉ်သော) စိတ် ၇၅ ပါးနှင့် စေတသိက် ၅၂ ပါးဟူသော နာမ်ခန္ဓာတို့သည် မိမိတို့ကြောင့် ဖြစ်သော စိတ္တဇရုပ်တို့နှင့် အတူတကွဖြစ်ကြ၊ တွေ့ဆုံမိကြ၏။ ထို စိတ်, စေတသိက် နာမ်တရားများနှင့် ထိုစိတ္တဇရုပ်တို့လည်း 'သမ္ပယုတ်များဖြစ်လေရော့သလား' ဟု ယုံမှားဖွယ်ရှိပြန်၏။

ထိုကဲ့သို့ သဟဇာတပစ္စည်းလာ အချက်သုံးချက်တို့၌ အတူတကွ ဖြစ်ကြသည့်အတွက် သမ္ပယုတ်ဖြစ်လေရော့သလားဟု ယုံမှားဖွယ် ရှိသောကြောင့် ထိုယုံမှားဖွယ်ကို ပယ်ဖျောက်ရန် သမ္ပယုတ်မဟုတ်၊ ဝိပ္ပယုတ်သာဖြစ်၏–ဟု ထုတ်ပြရလေသည်။

## ရုပ်တရား အချင်းချင်းမေးဖွယ်

သဟဇာတပစ္စည်းထဲ၌ ပစ္စည်း၊ ပစ္စယုပ္ပန်ဖြစ်ပုံ (အသေးစိတ်က) အချက်ခြောက်ချက်ပါရှိလေရာ ယင်းခြောက်ချက်အနက် 'သမ္ပယုတ်လေလော'ဟု ယုံမှားဖွယ်ဖြစ်သည့် အချက်သုံးချက်ကို အထက်တွင် ဖော်ပြခဲ့ပြီး ဖြစ်၏။ ကျန်သုံးချက်အနက် တချက်မှာ စိတ်, စေတသိက် ဟူသော နာမ်ခန္ဓာလေးပါး အချင်းချင်း ကျေးဇူးပြုပုံမှာ ကေန်သမ္ပယုတ်ဖြစ်၍ သဟဇာတဝိပ္ပယုတ် မဖြစ်နိုင်တော့ပြီ(သမ္ပယုတ္တပစ္စည်းထဲ၌ ပါသွားလေပြီ။)

ကျန်နှစ်ချက်မှာကား (၁) မဟာဘုတ်လေးပါးတို့သည် အချင်းချင်းအားလည်းကောင်း၊ (၂) မဟာဘုတ်လေးပါးတို့က ဥပါဒါရုပ်တို့အား လည်းကောင်း ကျေးဇူးပြုပုံတို့ဖြစ်ကြ၏။ အတူတကွဖြစ်ကြ၍သဟဇာတပစ္စည်းထဲ၌

ပါရှိသောထိုရုပ်တရားတို့သည် သမ္ပယုတ်လည်းမဟုတ်၊ ဝိပ္ပယုတ်လည်း မဟုတ် (သဟဇာတ သက်သက်သာဖြစ်) သောကြောင့် ဤ 'သဟဇာတဝိပ္ပယုတ္တ ပစ္စည်းထဲ၌မပါဝင်နိုင်ချေ။

**ထင်ရှားစေအံ့။** ။ဓာတုကထာကျမ်းထဲ၌ ''နာမ်ခန္ဓာလေးပါးနှင့်သမ္ပယုတ်ဖြစ်ခြင်း၊ နာမ်ခန္ဓာလေးပါးနှင့် ဝိပ္ပယုတ်ဖြစ်ခြင်း'' ဟူ၍ သမ္ပယုတ်, ဝိပ္ပယုတ်လက္ခဏာကို နာမ်ခန္ဓာနှင့်သာ ပတ်သက်ကြောင်း ဖော်ပြထားလေသည်။ ထို့ကြောင့် မဟာဘုတ်လေးပါး အချင်းချင်းဖြစ်စေ၊ မဟာဘုတ်နှင့်ဥပါဒါရုပ်ဖြစ်စေအဝိနိဗ္ဘောဂရုပ်(မကွေမကွာဖြင့်ကြသည့်ရုပ်) ဖြစ်၍ မကွေမကွာအတူတကွ (သဟဇာတ) ဖြစ်ကြသော်လည်း သမ္ပယုတ်, ဝိပ္ပယုတ် နှစ်မျိုးလုံးပင် မဟုတ်တော့ရကား ဤ'သဟဇာတဝိပ္ပယုတ္တ' ပစ္စည်း ထဲမပါဝင်နိုင်ခြင်း ဖြစ်ပေသည်။ (ရုပ်တရား အချင်းချင်း သဘောတူသည် ဖြစ်၍ ဝိပ္ပယုတ္တ မခေါ်နိုင်။ သမ္ပယုတ်အင်္ဂါ လေးပါးနှင့် မညီ၍ သမ္ပယုတ္တ လည်း မခေါ်နိုင်–ဟူလို)

## ပစ္စည်း ပစ္စယုပ္ပန်

(၁) ပဝတ္တိအခါ၌ ဥပမာ–လောဘ မူစိတ်တခု၊ ယှဉ်ဖက် စေတသိတ် များဟူသော နာမ်ခန္ဓာလေးပါးကြောင့် စိတ္တဇရုပ်တို့ဖြစ်ကြရာ၌ နာမ်ခန္ဓာ လေးပါးသည်ပစ္စည်း၊ စိတ္တဇရုပ်သည် ပစ္စယုပ္ပန်။ အခြားစိတ်, စေတသိက် ဟူသော နာမ်ခန္ဓာ လေးပါးနှင့် စိတ္တဇရုပ်တို့ ဖြစ်ရာ၌လည်း အလားတူ သိပါလေ။

(၂) ပဋိသန္ဓေအခါ ပဥ္စဝေါကာရ ပဋိသန္ဓေစိတ် တခု၊ ယှဉ်ဖက် စေတသိက်များဟူသော နာမ်ခန္ဓာလေးပါးနှင့် ဟဒယဝတ္ထုရုပ်တို့ အတူတကွ ဖြစ်ရာ၌ ပဋိသန္ဓေနာမ်ခန္ဓာလေးပါးနှင့် ဟဒယဝတ္ထုရုပ်တို့သည် (အညမည ပစ္စည်းအတိုင်း) အချင်းချင်း အပြန်အလှန် ကျေးဇူးပြုနိုင်သောကြောင့် တရားတပါးက ပစ္စည်းဖြစ်လျှင် ကျန်တရားက ပစ္စယုပ္ပန်ဟုသိပါလေ။

(၃) ပဋိသန္ဓေအခါဝယ် ပဉ္စဝေါကာရ ပဋိသန္ဓေစိတ်တခုခု၊ ယှဉ်ဖက်စေတသိက်များ ဟူသော နာမ်ခန္ဓာလေးပါးနှင့် ပဋိသန္ဓေကမ္မဇရုပ်တို့ အတူဖြစ်ကြရာ၌ ပဋိသန္ဓေနာမ်ခန္ဓာလေးပါးသည် ပစ္စည်း၊ပဋိသန္ဓေကမ္မဇ ရုပ်သည် ပစ္စယုပ္ပန်။

**မှတ်ချက်။** ။အရူပဝိပါက်စိတ် လေးပါး၊ ဒွေပဉ္စဝိညာဉ်စိတ် ၁၀၊ ရဟန္တာတို့၏ စုတိစိတ်သည် ရုပ်ကို မဖြစ်စေနိုင်။ ထိုတွင် အရူပဝိပါက်စိတ် လေးခုတို့သည် ရုပ်မရှိသော အရူပလေးဘုံ၌သာဖြစ်၍ရုပ်ကို မဖြစ်စေနိုင်။ ဖော်ပြပါစိတ်တို့မှတပါး အခြားစိတ်တို့မှာ အရူပဘုံ၌ ဖြစ်ခိုက်တွင်ရုပ်ကိုမဖြစ်စေနိုင်သော်လည်း ပဉ္စဝေါကာရဘုံ၌ဖြစ်ကြသောအခါ ရုပ်ကို ဖြစ်စေနိုင်ကြကုန်၏။အသညသတ်ဘုံမှာလည်း နာမ်တရားလုံးဝမရှိ၍ ဤပစ္စည်းနှင့် မသက်ဆိုင်။ ဤပစ္စည်းသည် ရုပ်နာမ်နှစ်ပါးစုံနှင့် ပတ်သက်သည်ဖြစ်၍ အရူပလေးဘုံ၊အသညသတ်တို့နှင့် မသက်ဆိုင်ပဲ၊ ပဉ္စဝေါကာရ၂၆ဘုံနှင့်သာ သက်ဆိုင်လေသည်။ ။

# [၂၁] အတ္ထိပစ္စည်း မှ (၂၄) အဝိဂတပစ္စည်း ထိ

## (က) အတ္ထိပစ္စည်း

မှတ်ရန်ဆိုရိုး။ ။အတ္ထိ ပစ္စည်းသည် "သဟဇာတတ္ထိ၊ ဝတ္ထုပုရေဇာတတ္ထိ၊ အာရမ္မဏပုရေဇာတတ္ထိ၊ ဝတ္ထာရမ္မဏ ပုရေဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ ရူပအာဟာရတ္ထိ၊ ရူပဇီဝိတိန္ဒြိယတ္ထိ" ဟူ၍ ခုနစ်ပါးအပြားရှိ၏။ ထိုတွင်—

(၁) သဟဇာတတ္ထိသည် သဟဇာတပစ္စည်းနှင့်တူ၏။ (၂) ဝတ္ထုပုရေဇာတတ္ထိသည် ဝတ္ထုပုရေဇာတနိဿယ ပစ္စည်းနှင့်တူ၏။ (၃) အာရမ္မဏပုရေဇာတတ္ထိသည် အာရမ္မဏ ပုရေဇာတ ပစ္စည်းနှင့်တူ၏။ (၄) ဝတ္ထာရမ္မဏ ပုရေဇာတတ္ထိသည် ဝတ္ထာရမ္မဏ ပုရေဇာနိဿယ ပစ္စည်းနှင့်တူ၏။ (၅) ပစ္ဆာဇာတတ္ထိသည် ပစ္ဆာဇာတ ပစ္စည်းနှင့်တူ၏။ (၆) ရူပအာဟာရတ္ထိသည် ရုပ်အာဟာရ ပစ္စည်းနှင့်တူ၏။ (၇) ရူပဇီဝိတိန္ဒြိယတ္ထိသည် ရူပဝိတိန္ဒြိယ ပစ္စည်းနှင့်တူ၏။

## (ခ) အဝိဂတ ပစ္စည်း

အဝိဂတပစ္စည်းသည် အတ္ထိပစ္စည်းနှင့် အလုံးစုံ တူ၏။ ထို့ကြောင့် အတ္ထိ ပစ္စည်းမှာ ခုနစ်မျိုးရှိသကဲ့သို့ အဝိဂတ ပစ္စည်းမှာလည်း ခုနစ်မျိုး ရှိသည်။ ထိုအဝိဂတပစ္စည်း ခုနစ်မျိုးသည်လည်း အတ္ထိပစ္စည်း ခုနစ်မျိုးနှင့်လုံးဝတူ၏။ စင်စစ်အားဖြင့် အတ္ထိပစ္စည်းနှင့်အဝိဂတပစ္စည်းတို့သည် ပစ္စည်း အမည်သာ

ကွဲပြား၍ သဘောအဓိပ္ပာယ်၊ပစ္စည်း ပစ္စယုပ္ပန်အားဖြင့် ထပ်တူပင် ဖြစ်လေသည်။

## အဓိပ္ပာယ် ရှင်းလင်းချက်

'အတ္ထိ' သဒ္ဒါသည် 'ထင်ရှားရှိနေခြင်း' အနက်ကို ဟော၏။ထင်ရှားရှိသည် ဖြစ်၍ ကျေးဇူးပြုတတ်သော သတ္တိသည် အတ္ထိပစ္စည်းမည်၏။ထို့ကြောင့်အတ္ထိ ပစ္စည်း၌ ပစ္စည်း ပစ္စယုပ္ပန် တရားနှစ်မျိုးလုံးပင် ပစ္စုပ္ပန်အခိုက်၌(ဝါ)ကျေးဇူး ပြုခိုက်၌ ထင်ရှားရှိနေရမည်။ 'ပစ္စုပ္ပန် အခိုက်၌ ထင်ရှားရှိနေရမည်' ဟူသည် ဥပါဒ်(ဖြစ်)အခိုက်မှာ ဖြစ်စေ၊ ဌီ(တည်) အခိုက်မှာဖြစ်စေ၊ ဘင် (ပျက်) အခိုက်မှာ ဖြစ်စေ ခဏ သုံးပါးလုံး၌ ထင်ရှား ရှိနေရမည်ဟု ဆိုလိုသည်။

ထို့ကြောင့်- အတ္ထိပစ္စည်းကို သစ်ပင်တို့အား ထောက်ပံ့သော မြေကြီး၊ မြင့်မိုရ်တောင်နှင့်တူ၏ဟုရှေးဆရာတို့ဥပမာပြကြ၏။ မြေကြီး,မြင့်မိုရ်တောင်တို့ သည်မိမိတို့ ထင်းရှားရှိခိုက်မှာ မိမိတို့အပေါ်၌ ဆိုင်ရာမျိုးစေ့ကြောင့် ပေါက် နေသော (ထင်ရှား ရှိနေသော) သစ်ပင်တို့အား စိမ်းစိုရှင်လန်းအောင် ထောက်ပံ့သကဲ့သို့ ထို့အတူပင် ဤအတ္ထိပစ္စည်းတပ်သော တရားများလည်း မိမိတို့ ထင်းရှားရှိခိုက်မှာ မိမိတို့ကဲ့သို့ ထင်ရှားရှိနေသော တရားတို့အား ထောက်ပံ့သမှု ကျေးဇူးပြုသည် ဟု ဆိုလိုသည်။

'အဝိ..တ' ပစ္စည်းသည် အတ္ထိပစ္စည်းနှင့် ပစ္စည်း - ပစ္စယုပ္ပန်တရား ကိုယ် အရကောက်အားဖြင့် လုံးဝ တူသည်။ ထို့ကြောင့် 'အတ္ထိ' ပစ္စည်း၏ အခြားမဲ့၌ အဝိဂတပစ္စည်းကို ဆက်ပြောလျှင် ပိုကောင်း၏။ အဝိဂတပစ္စည်း၏ သဘောသည် အတ္ထိပစ္စည်း၏ သဘောကို အဓိပ္ပာယ် ရှင်းပြရာ၌ များစွာ အထောက်အကူပြုသဖြင့် ဤပစ္စည်းနှစ်ခု၏ သဘော အဓိပ္ပာယ်ကို ပေါင်း၍ လေ့လာက ပို၍ အကျိုးရှိပေမည်။ ထို့ကြောင့် ပေါင်း၍ထားလိုက်ပါသည်။

'အတ္ထိ' သဒ္ဒါသည် 'ထင်ရှား ရှိ ခြင်း' ဟူ သော အ နက် ကို ဟော ၏။ အဝိဂတ-သဒ္ဒါကား 'မကင်းသေး, မချုပ်သေး' ဟူသော အနက်ကို ဟော၏။ ထို့ကြောင့် 'အတ္ထိ' သ ဘော အ ရ ပစ္စည်း, ပစ္စယုပ္ပန် တ ရား နှစ်ပါးလုံး ပစ္စယုပ္ပန်အခိုက်၌ (ဝါ) ကျေးဇူး ပြုခိုက်၌ ထင် ရှား ရှိ နေ ရ မည်။ တဖန် 'အဝိဂတ' ပစ္စည်း သဘောအရလည်း ပစ္စည်း, ပစ္စယုပ္ပန် တရား နှစ်ပါးလုံး

ပစ္စုပ္ပန်အခိုက်၌ (ဝါ) ကျေးဇူးပြုခိုက်၌ ပရမတ္ထ သဘောမှ 'မချုပ်ပျောက်သေးပဲ' ရှိနေရမည်။

တနည်းအားဖြင့်လည်း– ပရမတ္ထအထည်ကိုယ် ထင်ရှားရှိနေသောအားဖြင့် ကျေးဇူးပြုတတ်သောသတ္တိကို အတ္ထိ-ပစ္စည်းဟု ခေါ်၍၊ ပရမတ္ထ သဘောမှ မကင်းမချုပ်သေးသောအားဖြင့် (ဝါ) မကွေမကွာ ပစ္စုပ္ပန်ရှိနေဆဲအဖြစ်ဖြင့် ကျေးဇူးပြုတတ်သော သတ္တိကို အဝိဂတပစ္စည်းဟု ခေါ်သည်။ ဤ သို့ လျှင် ဤပစ္စည်းနှစ်ခုအနက်၊ တခု၏သဘောအဓိပ္ပာယ်က အခြားတခု၏ သဘောအဓိပ္ပာယ် ထပ်ဆင့်ရှင်းပြဘိသကဲ့သို့ ရှိလေသည်။

ပစ္စည်း သဘောကို ဥပမာပေးရာ၌လည်း- အဝိဂတ ပစ္စည်းကို မဟာသမုဒ္ဒရာနှင့် တူ၏-ဟု ရှေးဆရာတို့ ဥပမာပြကြ၏။ မဟာသမုဒ္ဒရာသည် မိမိ၌ တည်ရှိသော ငါးလိပ်စသည်တို့အား မိမိမကင်းသေး၊ မကုန်ခန်းသေးသမျှ အေးအေးမြမြ တည်နေနိုင်ကြဖို့ရာ ကျေးဇူးပြုသကဲ့သို့ ထို့အတူပင်- အဝိဂတပစ္စည်းသည်လည်း မိမိ မကင်းသေး၊ မချုပ်ပျောက် သေးသည်၏ အဖြစ်ဖြင့် ကျေးဇူးပြုသည်ဟု ဆိုလိုသည်။ အတ္ထိပစ္စည်း၌ မြေကြီးနှင့် သစ်ပင်(ပစ္စည်းနှင့် ပစ္စယုပ္ပန်) နှစ်ဘက်လုံး ထင်ရှား ရှိနေကြမှသာ ကျေးဇူး ပြုနိုင်သကဲ့သို့၊ ဤ အဝိဂတပစ္စည်း၌လည်း မဟာသမုဒ္ဒရာနှင့် ငါးလိပ် (ပစ္စည်း နှင့် ပစ္စယုပ္ပန်) နှစ်ဘက်လုံး မပျက်သုဉ်းကြသေးသောအခါမှသာ ကျေးဇူးပြုနိုင်သည်။

မည်သို့ပင်ဖြစ်စေ အတ္ထိပစ္စည်းနှင့် အဝိဂတ ပစ္စည်းနှစ်ခုတို့သည် ပစ္စည်း, ပစ္စယုပ္ပန် ကျေးဇူးပြုပုံအားဖြင့် လုံးဝ တူနေသည် သာမက၊ သဘောသတ္တိ အဓိပ္ပာယ်အားဖြင့်လည်း တူနေသည်-ဟူ၍ မှတ်သားထားလျှင် ပြီးနိုင်ပါ၏။ ဤသို့လျှင် အတ္ထိပစ္စည်းနှင့်အဝိဂတပစ္စည်းတို့မှာ အဘက်ဘက်တွင်တူနေသဖြင့် ပစ္စည်းမျိုးကွဲများကို ဆက်လက်ရှင်းပြရာ၌ 'အတ္ထိ' ပစ္စည်းကိုသာ ဦးတည်၍ ရှင်းပါအံ့။ အဝိဂတပစ္စည်း၏ မျိုးကွဲတို့လည်း အတ္ထိပစ္စည်း အတိုင်းပင်-ဟု မှတ်သားထားပါလေ။

## အတ္ထိပစ္စည်း၏ မျိုးကွဲ ၃ နှစ်မျိုး

အတ္ထိပစ္စည်းသည် အ ထက် က ပြဆိုခဲ့ပြီးသော "**သဟဇာတ၊ ပုရေဇာတ၊ ပစ္ဆာဇာတ၊ အာဟာရ**၊ ဣန္ဒြိယ"- ဟူသော ပစ္စည်း ငါးမျိုးတို့နှင့် ဆက် စပ်လျက်ရှိ၏၊ ထို့ကြောင့် အတ္ထိပစ္စည်း တပါးသော ပစ္စည်းတို့နှင့် ပစ္စည်းသရုပ်

အခြားမဟုတ်၊ ဆိုခဲ့ပြီးသော ပစ္စည်း ငါးမျိုးထဲကပင် ပစ္စုပ္ပန်အနေ ထင်ရှားတင်းလင်းရှိဆဲအဖြစ်ဖြင့် ကျေးဇူးပြုသော ပစ္စည်း တရားမျိုးကို စုပေါင်း၍ ပြသော ပစ္စည်းပေတည်း။

ထို့ကြောင့် (၁) သဟဇာတ ပစ္စည်းနှင့်တူသော အတ္ထိပစ္စည်းကို '**သဟဇာတတ္ထိ**'ဟုလည်းကောင်း၊ (၂) ပုရေဇာတ ပစ္စည်းနှင့်တူသော အတ္ထိပစ္စည်းကို '**ပုရေဇာတတ္ထိ**'ဟု လည်းကောင်း၊ (၃) ပစ္ဆာဇာတပစ္စည်းနှင့်တူသောအတ္ထိပစ္စည်းကို '**ပစ္ဆာဇာတတ္ထိ**'ဟု လည်းကောင်း၊ (၄) အာဟာရပစ္စည်းနှင့် တူသော အတ္ထိပစ္စည်းကို'**အာဟာရတ္ထိ**' ဟုလည်းကောင်း၊ (၅) ဣန္ဒြိယပစ္စည်းနှင့်တူသော အတ္ထိပစ္စည်းကို '**ဣန္ဒြိယတ္ထိ**'ဟု လည်းကောင်း အကျဉ်းအားဖြင့် အတ္ထိပစ္စည်းမျိုးကွဲ အမည် ငါးပါးရှိလေသည်။

ဤသို့လျှင် အတ္ထိပစ္စည်းသည် (၁) သဟဇာတတ္ထိ – အတူတကွ ဖြစ်၍ ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုခြင်း၊ (၂) ပုရေဇာတတ္ထိ-ရှေးဦးစွာ ဖြစ်နှင့်၍၊ ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုခြင်း၊ (၃)ပစ္ဆာဇာတတ္ထိ-နောက်မှဖြစ်၍၊ ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုခြင်း၊ (၄) အာဟာရတ္ထိ-လွန်စွာဆောင်၍၊ ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုခြင်း၊ (၅) ဣန္ဒြိယတ္ထိ-အစိုးရ၍၊ ထင်ရှားရှိသည်ဖြစ်၍ ကျေးဇူးပြုခြင်း။ဤသို့ အတ္ထိပစ္စည်းမျိုးကွဲငါးမျိုး၏အဓိပ္ပာယ်ရင်း အကျဉ်းချုပ်ကို နားလည်ထားရန် လိုအပ်ပေသည်။

အတ္ထိပစ္စည်း ငါးမျိုးကို ဆက်၍ ရှင်းဦးအံ့–

(၁) သဟဇာတ ပစ္စည်းရင်းမှာ တမျိုးတည်းရှိ၍၊ယင်းနှင့်တူသော အတ္ထိပစ္စည်းကို 'သဟဇာတတ္ထိ'ဟူ၍ တခုတည်း ထားသည်၊

(၂) ပုရေဇာတ ပစ္စည်းမှာ 'ဝတ္ထုပုရေဇာတ၊ အာရမဏပုရေဇာတ၊ ဝတ္ထာရမဏ ပုရေဇာတ'ဟူ၍ မျိုးကွဲ သုံးခုရှိရာ၊ ယင်း သုံးမျိုး စလုံး နှင့်တူသောကြောင့် အတ္ထိပစ္စည်းကိုလည်း "ဝတ္ထုပုရေဇာတတ္ထိ၊ အာရမဏပုရေဇာတတ္ထိ၊ ဝတ္ထာရမဏပုရေဇာတတ္ထိ" ဟူ၍ အမည် သုံးမျိုး ဖြင့် ခွဲပြထားရ၏။

(၃) ပစ္ဆာဇာတ ပစ္စည်းမှာ တမျိုးတည်းရှိ၍၊ ယင်းနှင့် တူသော အတ္ထိပစ္စည်းကိုလည်း 'ပစ္ဆာဇာတတ္ထိ'ဟူ၍ တမျိုးတည်းထားသည်၊

(၄) အာဟာရပစ္စည်းမှာ 'ရုပ်အာဟာရ၊ နာမ်အာဟာရ'ဟူ၍ နှစ်မျိုးရှိသော်လည်း၊ နာမ်အာဟာရမှာ သဟဇာတ ပစ္စည်းမျိုးဖြစ်၍ 'သဟဇာတတ္တိ' ပစ္စည်းထဲ ပါဝင်ပြီးဖြစ်သောကြောင့် ယင်းအတွက် 'နာမ် အာ ဟာ ရ တ္တိ' ဟု အမည်သီးခြား မဖော်ပြပဲ၊ ထူးခြားသော ရုပ် အာ ဟာ ရ အ တွက် သာ 'ရုပ်အာဟာရတ္တိ'ဟု ခွဲ၍ ဖော်ပြခြင်း ဖြစ်၏။

(၅) ဣန္ဒြိယပစ္စည်းမှာလည်း 'သဟဇာတိန္ဒြိယ၊ ဝတ္ထု ပုရေ ဇာတိန္ဒြိ ယ၊ ရူပဇီဝ တိန္ဒြိယ'ဟူ၍ ပစ္စည်းမျိုးကွဲ သုံးခု ခွဲထားရာ၊ သဟဇာတိန္ဒြိယသည် သဟဇာတပစ္စည်းထဲ ပါသွားပြီဖြစ်၍ လည်းကောင်း၊ ဝတ္ထုပုရေဇာတိန္ဒြိယ လည်း ဝတ္ထုပုရေဇာတ ပစ္စည်းထဲ ပါသွားပြီဖြစ်၍ လည်းကောင်း ယင်းနှစ်မျိုး အတွက် အတ္တိပစ္စည်းအမည်ကို သီးခြား ဖော်မပြတော့ပဲ၊ ထူးခြားသော ရူပ ဇီဝိ တိန္ဒြိယအတွက်သာ 'ရူပဇီဝိတိန္ဒြိယတ္တိ'ဟူ၍ ခွဲခြားဖော်ပြခြင်း ဖြစ်၏။

ဤသို့လျှင် အတ္ထိပစ္စည်းသည် ဖော်ပြပါ ပစ္စည်းပါငါးမျိုးတို့နှင့် ဆက်စပ် နီးနွယ် တူနေရာဝယ်၊ သဘောချင်း ထပ်တူဖြစ်သည့် ပစ္စည်း မျိုး ကွဲ များ ကို ချန်ထား၍ ထူးခြားသော ပစ္စည်းမျိုးကွဲတို့ကို ပေါင်းပြီး ဆိုရသော် ပုရေဇာတ ပစ္စည်းမှ ပစ္စည်းမျိုးကွဲ သုံးခုရလေသောကြောင့် "သဟဇာတတ္တိ၊ ဝတ္ထု ပုရေ ဇာတတ္တိ၊ အာရမဏပုရေဇာတတ္တိ၊ ဝတ္ထာရမဏ ပုရေဇာတတ္တိ၊ ပစ္ဆာဇာတတ္တိ၊ ရူပအာဟာရတ္တိ၊ ရူပဇီဝိတိန္ဒြိယတ္တိ"ဟူ၍ (ဆိုရိုးမှာပြခဲ့သည့်အတိုင်း) အတ္တိ ပစ္စည်းမျိုးကွဲပေါင်း ခုနစ်မျိုး ဖြစ်လာလေသတည်း။

## (၁) သဟဇာတတ္တိ

ထင်ရှားရှိသောစိတ်,စေတသိက်အကုန် ဟူသော နာမ်ခန္ဓာ လေးပါးတို့သည် အချင်းချင်း အတ္တိပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ထိုနာမ်ခန္ဓာ လေးပါးတို့သည် မိမိတို့ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့အားလည်း 'ထင်ရှားရှိဆဲ' အတ္တိကိစ္စဖြင့် ကျေးဇူးပြုကြ၏။ ပဋိသန္ဓေ ါကာရပဋိသန္ဓေစိတ်(စေတသိက်)သည် မိမိနှင့်အတူ ဖြစ်သော ပဋိသန္ဓေကမ္မဇရုပ်တို့အား အတ္တိကိစ္စဖြင့် ကျေးဇူးပြု၏။ ပဉ္စဝေါ ကာရ ပဋိသန္ဓေစိတ်(စေတသိက်)နှင့်ဟဒယဝတ္ထုရုပ်တို့သည်အချင်းချင်း အတ္တိ ကိစ္စဖြင့် ကျေးဇူးပြု၏။မဟာဘုတ်လေးပါးတို့သည် အချင်းချင်း အတ္တိကိစ္စဖြင့် ကျေးဇူးပြုကြ၏။ ယင်းမဟာဘုတ်လေးပါးတို့ကိုမှီ၍ ဖြစ်ကြသော ဥပါဒါရုပ် တို့အားလည်း အတ္တိကိစ္စဖြင့် ကျေးဇူးပြု၏။

ဤသို့ သဟဇာတပစ္စည်းလာ အချက်ခြောက်ချက်တို့၌ အတ္ထိသတ္တိဖြင့် ကျေးဇူးပြုနိုင်လေ၏။

## (၂) ဝတ္ထုပုရေဇာတတ္ထိ

စက္ခုပသာဒ· စသော ပသာဒဝတ္ထုရုပ် ၅ ပါးတို့သည် မိမိတို့ကို မှီ၍ ဖြစ်ကြသော ပဉ္စဝိညာဉ်စိတ် ၁၀ ပါးတို့အား ထင်ရှားရှိဆဲ အတ္ထိကိစ္စဖြင့် ကျေးဇူးပြုကြ၏။ ပဋိသန္ဓေစသော ရှေးရှေးစိတ်နှင့်အတူ ဥပါဒ်(ဖြစ်) သော ဟဒယ ဝတ္ထုရုပ်သည် နောက်နောက်ဖြစ်သော မနော ဝိညာဉ် စိတ်များ (မနောဓာတ်၊ မနောဝိညာဏဓာတ်)အား အတ္ထိကိစ္စဖြင့်ကျေးဇူးပြု၏။သေခါ နီးအခါ ဝီထိစိတ်ဖြစ်စဉ်၌လည်း ယင်းဟဒယဝတ္ထုရုပ်သည် ခုထိတိုင်အောင် စိတ်တို့အား အတ္ထိကိစ္စဖြင့် ကျေးဇူးပြု၏။

## (၃) အာရမဏပုရေဇာတတ္ထိ

"အာရမဏပစ္စည်း၌ ဖော်ပြခဲ့သည့်အတိုင်း" ရူပါရုံသည် ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဉ်စသော ဝီထိစိတ်တို့အား 'မိမိထင်ရှားရှိဆဲ'အတ္ထိကိစ္စဖြင့် ကျေးဇူးပြု၏။ သဒ္ဒါရုံ, ဂန္ဓာရုံ,ရသာရုံ,ဖောဋ္ဌဗ္ဗာရုံ ဟူသော ကျန်အာရုံ လေးပါးတို့က ကျေးဇူးပြုပုံကိုလည်း အလားတူသိပါလေ။

(ရုပ်နာမ်တို့၏ သန္တတိပညတ်= အမျှင်မပြတ်ပဲနေခြင်း၊ သမူဟပညတ်= အခဲ အစိုင်တုံးတိုင် မြေရေဖြစ်၍ နေခြင်း၊ သဏ္ဌာနပညတ်-လူပုံ နတ်ဟန် တိရစ္ဆာန်နှင့် ပန်းမာလ်သစ်ပင်အမျိုးမျိုး ဖြစ်၍နေခြင်း....တို့သည် ဤအတ္ထိကိစ္စ,အဝိဂတကိစ္စတို့ပင်တည်း။)

## (၄) ဝတ္ထာရမဏပုရေဇာတတ္ထိ

အာရုံပြုခံသော၊ ပစ္စုပ္ပန်ရှိဆဲ ဟဒယ ဝတ္ထုရုပ်သည် မိမိကို အာရုံပြုသော "မနောဒွါရာဝဇ္ဇန်း ၁၊ ကာမဇော ၂၉၊ တဒါရုံ ၁၁၊ အဘိညာဉ် ၂" ဟူသော စိတ်များနှင့်ယှဉ်ဖက် စေတသိက် ၄၄ ပါးတို့အား အတ္ထိကိစ္စဖြင့် ကျေးဇူးပြု၏။

## (၅) ပစ္ဆာဇာတသတ္တိ

"ဘဝသစ်အစ၌"-ပထမ ဘဝင်စသောနောက်နောက်စိတ် ၇၅ ပါးတို့သည် ပဋိသန္ဓေ စိတ်စသော ရှေးရှေးစိတ်အခိုက်၌ ဥပါဒ် (ဖြစ်) သော၊ဌီ (တည်) ရှိဆဲ ရုပ်တို့အား နောက်မှ ဖြစ်၍ ထင်းရှားရှိဆဲ(လျက်)အတ္ထိကိစ္စဖြင့် ကျေးဇူး ပြုကြ၏။ရှေးရှေးစိတ်၌ ဥပါဒ်(ဖြစ်)ခဲ့ကြသော ရုပ်စုသည်နောက်နောက်စိတ် ဥပါဒ်(ဖြစ်)မှ ပစ္ဆာဇာတ ပစ္စည်းကိုရ၍၊ ၎င်းသည် နောက်နောက် စိတ်၏ ပစ္စယုပ္ပန် ဖြစ်နိုင်သည်။ နောက်နောက်စိတ်မဖြစ်မီ- ပစ္စယုပ္ပန် မဖြစ်နိုင်ကုန်။ ဤသို့ စသည် ပစ္ဆာဇာတပစ္စည်းအတိုင်း သိပါလေ။

## (၆) ရူပအာဟာရသတ္တိ

ပစ္စုပ္ပန်ရှိဆဲ- ခဲဖွယ်ဘောဇဉ်၌ပါသည့် ဗဟိဒ္ဓဩဇာသည် ဌီ(တည်)အနေရှိဆဲ ဖြစ်သော၊ အဇ္ဈတ္တသန္တာန်၌ စတုဇရုပ်တို့အား အတ္ထိကိစ္စဖြင့် ကျေးဇူးပြု၏။ ဗဟိဒ္ဓ ဩဇာ၏ အထောက်အပံ့ကိုရသော အဇ္ဈတ္တိက ဩဇာသည် ဌီခဏ၌ မိမိရှိဆဲ ပစ္စုပ္ပန်ဖြစ်၍ စတုဇရုပ်တို့အား အတ္ထိကိစ္စဖြင့် ကျေးဇူးပြု၏။

## (၇) ရူပဇီဝိတိန္ဒြိယသတ္တိ

ပစ္စုပ္ပန်=ထင်ရှားရှိဆဲ-ဇီဝိတရုပ်သည် ကလာပ်တူ ပစ္စုပ္ပန် ကမ္မဇရုပ်တို့အား အတ္ထိကိစ္စဖြင့် ကျေးဇူးပြု၏။

### နိဗ္ဗာန် နှင့် အတ္ထိပစ္စည်း

နိဗ္ဗာန်သည် ပရမတ္ထသဘောအားဖြင့် ထင်ရှားရှိရကား အတ္ထိပစ္စည်းထိုက် သည်မဟုတ်လော- ဟု စောဒနာဖွယ်ရှိ၏။ အဖြေကား-'အတ္ထိ-ဟူသောစကား ကို စဉ်းစားလျှင် ထင်ရှားရှိတဲ့အခါ ပစ္စည်းထိုက်၍၊ ထင်ရှားမရှိတဲ့အခါ ပစ္စည်းမထိုက်'ဟု အဓိပ္ပာယ်ထွက်နေသည်။ နိဗ္ဗာန်ကား ထိုကဲ့သို့ နှစ်မျိုးမရ။ အမြဲထင်ရှားရှိနေသောကြောင့် အတ္ထိပစ္စည်းမထိုက်။

တနည်း-ပစ္စည်းတခု၏ သတ္တိသည် အခြားသော ဆန့်ကျင်ဘက် ပစ္စည်း၏ သတ္တိကို ထောက်ဆလျှင် သာ၍ ထင်ရှား၏။ 'အတ္ထိသတ္တိသည် နတ္ထိပစ္စည်း၏

ဆန့်ကျင့်ဘက်ဖြစ်၏။ နတ္ထိသဘောကား- ဥပါဒ်,ဌီ,ဘင် (ဖြစ်-တည်-ပျက်) အားဖြင့် ထင်ရှားရှိပြီးနောက်၊ ချုပ်ပျောက်သွား၍ မရှိခြင်း သဘောတည်း။ နိဗ္ဗာန်မှာ ထိုကဲ့သို့သော နတ္ထိသတ္တိ မရှိရကား၊ နတ္ထိသတ္တိ၏ ဆန့်ကျင့်ဘက် ဖြစ်သော အတ္ထိသတ္တိလည်းမရှိချေ-ဟူ၍ မှတ်ယူရာ၏။

## အတ္ထိပစ္စည်း၏ သဘောကို နားလည်ခြင်း၏အကျိုး

(၁) ဤအတ္ထိ ပစ္စည်းသည် 'သန္တတိပညတ်၊ သမူဟပညတ်၊ သဏ္ဌာန ပညတ်' ဟူသော ပညတ် သုံးပါးကို ပယ်ဖျောက်နိုင်၏။ အတ္ထိကိစ္စဖြင့်ရုပ်နာမ် တရားတို့,အချင်းချင်းကျေးဇူး ပြုနေခြင်းကြောင့် လက်ခြေ အင်္ဂါ မျက်နှာ ပုံပန်း ဆန်းကြယ်သော, နိမိတ္တ အမျိုးမျိုးတွေ ဖြစ်နေသည်- ဟုထင်ရ၏။

ရုပ်နာမ်တရားတို့၏ ပစ္စုပ္ပန်အနေ တခုနှင့် တခုအတ္ထိကိစ္စဖြင့် ဖွဲ့စပ်ကျေးဇူး ပြုထားခြင်းကြောင့် အထူးထူးသော နိမိတ်သဏ္ဌာန်၊ ဟန်ပန်ပုံပန်း၊ အဆန်း တကြယ်တွေ ဖြစ်၍နေ၏။ အတ္ထိပစ္စည်း၏ ကိစ္စကို သေချာစွာ မြင်နိုင်လျှင် တခါတည်း ၎င်းနိမိတ်တို့ ပျက်စီး ပျောက်ကွယ်နိုင်၏။ အချင်းချင်း ပစ္စည်း, ပစ္စယုပ္ပန်အတ္ထိအနေဖြင့် စပ်ဖွဲ့ချိတ်ဆက်ရာ၌ ပရမတ္ထတရားတို့၏ ကျေးဇူးပြု သော အတ္ထိကိစ္စကြီးကို မြင်လျှင်ပင် နိမိတ္တ သညာတို့သည် တခါတည်း ကြေကွဲ ပျက်စီးလေတော့သည်။ နိမိတ္တ ပျောက်လေသော် အနိမိတ္တလမ်း ပေါက်လေတော့သည်။

ထို့ကြောင့် အတ္ထိပစ္စည်းသည် နိမိတ္တကို ပျောက်အောင် ကြိတ်ချေဖျက် ဆီးဖို့အရေးဝယ် အလွန်အစွမ်းထက်လှသည့် ဝရဇိန်လက်နက်နှင့် တူပေ၏။

(၂) ယင်းသို့ ရုပ်နာမ် တရားတို့၏ အစဥ်ဖြစ်နေသော သန္တတိ၊ သမူဟ၊ သဏ္ဌာနပညတ် သုံးပါးတို့ ဖန်ဆင်း၍ နိမိတ္တရှိသည့်အတွက်ကြောင့်'ဤဝတ္ထု သည် တင့်တယ်ဖွယ်ဖြစ်၏။ ဤဝတ္ထုသည် ချစ်ခင်နှစ်သက်ဖွယ်ရှိ၏'-စသည် ဖြင့် ပဏိဟိတ တရားပွားများနေ၏။ နိမိတ္တ မူလရင်း မရှိပါ မူကား ပဏိဟိတပင် မရှိလေရာ။ ရုပ်နာမ် တရား တို့၏ အတ္ထိပစ္စယ သတ္တိဖြင့် အချင်းချင်း ကျေးဇူးပြုနေကြပုံကို လက်တွေ့ကျန ဒိဋ္ဌမြင်သိခဲ့လျှင်၊ နိမိတ္တ မရှိသဖြင့် ပဏိဟိတလည်း မရှိလေရာ သာယာဖွယ်ထင်စရာ တစုံတခုမျှ မရှိ နိုင်ပြီ။ ပဏိဟိတပျောက်၍ အပ္ပဏိဟိတလမ်း ပေါက်လိမ့်တော့အံ့။

ထို့ကြောင့် ဤအတ္ထိပစ္စည်းသည် ပဏ္ဏိဟိတကိုပျောက်အောင် ချေဖျက်ရန်အတွက် ဝရဇိန်လက်နက်လည်း ဟုတ်ပေ၏။

(၃) ယင်းသို့ ရုပ်နာမ်တရားတို့၏ အစဉ်ဖြစ်နေသော 'သန္တတိ၊ သမူဟ၊ သဏ္ဌာန' ထင်မှားဖွယ်ရာ တို့ကြောင့်ပင်လျှင်–"ငါ၊ သူတပါး ယောကျ်ား၊ မိန်းမ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါအတန်၊ တိရစ္ဆာန် အမျိုးမျိုး"တည်း ဟူသော 'အတ္တ၊ ဇီဝ၊ ပုဂ္ဂလ၊ သတ္တ'ဖြစ်၍နေ၏။ စွဲထင်မှတ်မှား၍ နေ၏။

အမှန်စင်စစ် နိမိတ္တပင် မရှိပါမူကား အဘယ်မှာ အတ္တ၊ ဇီဝ ရှိနိုင်ပါအံ့နည်း၊ အတ္ထိ ပစ္စယ သတ္တိဖြင့် 'ဤတရား ရှိခြင်းကြောင့် ဤတရား တည်၍ရသည်။ ဤတရား တည်ရှိဖို့ရန် ဤတရားက ကျေးဇူး ပြုသည်' စသောအားဖြင့် ပစ္စည်းပြုပုံကို မြင်ပါမူကား၊ အတ္တ၊ ဇီဝ ရှိမည်ဝေးစွ။အတ္တ၊ ဇီဝ၏ အခြေမူလ နိမိတ္တပင် မရှိလေရာ အတ္တ၊ ဇီဝ သဘောမှ ရွေ့လျော ဆိတ်သုဉ်းသည်ကို မြင်ရလေတော့၏။

ထို့ကြောင့် အတ္ထိပစ္စည်းသည် အတ္တ၊ ဇီဝကို ချေဖျက်ရန် ဝရဇိန်လက်နက်ကြီးလည်း ဟုတ်ပေ၏။ သို့ဖြစ်၍ အတ္ထိပစ္စည်းကို သိမြင်လျှင် နိမိတ္တကင်းကွာ၍ ပဏ္ဏိဟိတပျောက်ပြီး၊ သုညတလမ်း ပေါက်လေတော့သည်။

(၄) တနည်းလည်း- ဤအတ္ထိပစ္စယသတ္တိကို ဝိပဿနာဉာဏ်ဖြင့် မသိခြင်းကြောင့် 'ဒိဋ္ဌိ' အယူအမျိုးမျိုးဖြစ်၍နေ၏။ ရူပါရုံတည်းဟူသော ပုရေဇာတတ္ထိပစ္စည်းနှင့် စက္ခုဝိညာဏဝီထိစိတ်-တည်းဟူသော ပစ္စယုပ္ပန် တို့သည် ပစ္စည်း၊ ပစ္စယုပ္ပန်အဖြစ်ဖြင့် ကျေးဇူးပြုသည်ကို မသိမမြင်သဖြင့်"ငါမြင်သည်" ဟု ဒိဋ္ဌိဖြစ်လေသည်။ သဒ္ဒါရုံ စသည်တို့၌လည်း ဤနည်းအတူပင် ဒိဋ္ဌိဖြစ်၍နေလေသည်။

ဤသို့ အတ္ထိပစ္စယသတ္တိဖြင့် ပစ္စည်း၊ ပစ္စယုပ္ပန် ကျေးဇူးပြု၍ "ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ"- မျိုးစေ့ကျ၍ ဘဝတပါး၌ 'ပဋိသန္ဓေဝိညာဉ်'- တည်းဟူသော ရုပ်နာမ်တို့၏ 'ဥပပတ္တိဘဝ' အဖန်ဖန်ဖြစ်ပေါ်နေသည်ကို "ငါဖြစ်ပြန်ပြီ"-ဟု ဒိဋ္ဌိဖြစ်ပြန်၏။

ထို့ပြင် "သဟဇာတတ္ထိ၊ ပစ္ဆာဇာတတ္ထိ၊ အာဟာရတ္ထိ၊ဣန္ဒြိယတ္ထိ"ပစ္စည်းတို့ဖြင့် အချင်းချင်း စပ်ဖွဲ့ချိတ်တွဲ၍ အပေါင်းအစည်း၊ ရုပ်ခဲ နာမ်ခဲ ဖြစ်နေသည်ကို "ငါ၏ ကိုယ်ထင်- ငါပင် ဧကန္တ"ဟု ဒိဋ္ဌိ ဖြစ်၍ နေ၏။

(၅) ဤသို့ ရုပ်,နာမ်,သင်္ခါရတို့၏ ပဋိစ္စသမုပ္ပါဒ် အကြောင်း, အကျိုး ဖြစ်စဉ်ကို အတတ်ထင်ထင် ပိုင်းခြားသိမြင်စေသော ဤအတ္ထိပစ္စယ သတ္တိကို ကျနပိုင်နိုင်စွာ သိမြင်လေက- ယုံမှားကင်္ခါ, ဝိစိကိစ္ဆာ ပျောက်၍ 'ကင်္ခါ ဝိတရဏဝိသုဒ္ဓိ' လမ်းပေါက်နိုင်လေ၏။

အတ္ထိပစ္စယသတ္တိကို မြင်ပုံကား—

(၁) ရူပါရုံ တည်း ဟူ သော **ပုရေဇာတတ္ထိ** ပစ္စည်း အ တွက် ကြောင့် မြင်ခြင်း- တည်းဟူသော 'ဝိညာဉ်' ပစ္စယုပ္ပန်တွေဖြစ်၍နေသည့် အကြောင်းကို စွဲပုံပြီး၊ အကျိုးတရားဖြစ်ပွား၍နေသော ပဋိစ္စသမုပ္ပါဒ်တည်း။ ငါမြင်သည် မဟုတ်'' ဟု စက္ခုဒွါရ၌ ယုံမှားကင်းလေ၏။ သောတဒွါရ စသည်တို့၌လည်း ဤနည်းအတူ သိပါလေ။

(၂) **သဟဇာတတ္ထိ** ပစ္စည်းအတွက်ကြောင့် ရုပ်နာမ်အစဉ် ဖြစ်နေသည်။ ''ငါဖြစ်နေသည် မဟုတ်''ဟု သိ။

(၃) **ပစ္ဆာဇာတတ္ထိ** ပစ္စည်းထိုက်သော နာမ်တရားတို့ အတွက်ကြောင့် (ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်း တရား လေးပါးတို့ ကြောင့် ဖြစ်သော) ဤ စတုသမုဋ္ဌာနိက ရုပ်သည် တည်တံ့၍ နေနိုင်သည်။ ''ငါတည်နေသည် မဟုတ်''ဟု သိ။

(၄) **အာဟာရတ္ထိ** ပစ္စည်း ထိုက် သော 'ဩဇာ' အ တွက် ကြောင့် စတုသမုဋ္ဌာနိကရုပ်တရားတို့ အားအင်ပြည့်ဝ၊ ရှင်ပလတ်ဆတ်၍ နေသည်။ ''ငါ အင်အား ပြည့်ဝ လတ်ဆတ်၍ နေသည်မဟုတ်''ဟု သိ။

(၅) **ဣန္ဒြိယတ္ထိ** ပစ္စည်းထိုက်သော ရုပ်ဇီဝိတအတွက်ကြောင့် သတ္တဝါ ထင်စရာ, အထည်ကိုယ်ဖြစ်သော ကမ္မဇရုပ်တို့ မပျက်ပြားပဲ၊ ရှည် ကြာစွာ အသက်ရှိကြသည့်အသွင်ဖြင့် တည်နေနိုင်သည်။ ''ငါတည်နေနိုင်သည်မဟုတ်'' ဟု သိ။

ဤသို့ အတ္ထိပစ္စည်း၏ သဘောကို ကျနစွာ သိစွမ်းနိုင်ပါမူ- ယုံမှားခြင်း အမျိုးမျိုးပျောက်၍ ကင်္ခါဝိတရဏ ဝိသုဒ္ဓိဉာဏ် လမ်းပေါက် နိုင်ခဲလသည်။ ယင်းဉာဏ်အမြင်ရှိသူသည် ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ကင်းကွာသွားပြီဖြစ်ရကား စူဠ သောတာပန် မည်တော့သည် ဟု ဝိသုဒ္ဓိမဂ် (ဒု၊ ၂၄၀) ၌ မိန့်ဆိုလေသည်။ အတ္ထိပစ္စည်း၏သဘောကို ကျနစွာ မြင်သိပါမူကား- ဤမျှလောက်ပင် အကျိုး များဘိတကား။ ။

# (၂၂) နတ္ထိပစ္စည်း နှင့် (၂၃) ဝိဂတပစ္စည်း

**မှတ်ရန်ဆိုရိုး။** ။နတ္ထိ ပစ္စည်းသည် လည်းကောင်း၊ ဝိဂတ ပစ္စည်းသည် လည်းကောင်း၊ အနန္တရ (သမနန္တရ)ပစ္စည်းနှင့် ပစ္စည်း ပစ္စယုပ္ပန်အားဖြင့် အလုံးစုံတူ၏။

ထိုသို့ပစ္စည်းလေးမျိုးစလုံး ပစ္စည်း ပစ္စယုပ္ပန်အားဖြင့် အလုံးစုံတူလေသော ကြောင့် "(ရဟန္တာတို့၏ စုတိစိတ်ကြဉ်သော)ရှေးရှေး၌ ဖြစ်ကုန်သော အလုံး စုံသော စိတ် ၈၉ ပါး၊ စေတသိက် ၅၂ပါးတို့သည် နောက်နောက်၌ဖြစ်ကြ ကုန်သော (ရဟန္တာတို့၏ စုတိစိတ်နှင့်တကွ) စိတ် ၈၉၊ စေတသိက် ၅၂ပါး တို့အား 'အနန္တရ၊ သမနန္တရ၊ နတ္ထိ၊ ဝိဂတ' ဟူသော ပစ္စယသတ္တိ လေးပါးတို့ ဖြင့် ကျေးဇူးပြုကုန်၏။

## အဓိပ္ပာယ်ရှင်းလင်းချက်

**'နတ္ထိ'** သဒ္ဒါသည် 'အတ္ထိ'နှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး 'မရှိခြင်း၊ ထင်ရှားမရှိခြင်း' ဟု အဓိပ္ပာယ် ရှိ၏။ ငြိမ်းသွားလေပြီးသော ဆီမီးသည် (ဝါ) ဆီမီး ငြိမ်းသွား ခြင်းသည် အမိုက်မှောင်ဖြစ်ရန် အခွင့်ပေးသကဲ့သို့ ထို့အတူ ရှေးရှေးတရား တို့က မိမိတို့ မရှိခြင်းမျှဖြင့် နောက်နောက် တရားတို့အား ဖြစ်ရစ်စေရန် ကျေးဇူးပြုခြင်းသည် နတ္ထိပစ္စည်း မည်၏။ (မရှိပဲနှင့်ကျေးဇူးပြုခြင်းဟုဆိုလို၏)။ ထို့ကြောင့် ချုပ်ပျောက်လေပြီးသော ရှေးရှေးစိတ်၊ စေတသိက် ဟူသော

နာမ်တရားတို့သည် မိမိတို့မရှိတော့ခြင်းဖြင့် နောက်နောက် စိတ်, စေတသိက် နာမ်တရား (အသစ်) တို့အား ဖြစ်ရစ်စေရန် နတ္ထိပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည် (ဝါ)ဖြစ်ခွင့်ပေးသည်- ဟူလို။

'ဝိဂတ'သဒ္ဒါလည်း 'အဝိဂတ'နှင့် ဆန့်ကျင်ဘက်ဖြစ်ပြီး 'ချုပ်ကင်းခြင်း, ကင်းပျောက်ခြင်းဟူ အဓိပ္ပာယ်ရှိ၏။ ချုပ်ငြိမ်းသွားသော နေရောင်သည်(ဝါ) နေရောင်၏ ပျောက်ကင်းသွားခြင်းသည် လရောင်ဖြစ်ဖို့ရာ ကျေးဇူးပြုသကဲ့သို့ ထို့အတူပင် ရှေးရှေး နာမ်တရားတို့က မိမိတို့ ချုပ်ကင်း ကွယ်ပျောက်မှုဖြင့် နောက်နောက် နာမ်တရားစုအား ဖြစ်ခွင့်ပေးမှု ကျေးဇူးပြုခြင်းသည် 'ဝိဂတ' ပစ္စည်းမည်၏။ ထို့ကြောင့် ချုပ်ပျောက်လေပြီးသော ရှေးရှေးစိတ်, စေတသိက် နာမ်တရားတို့သည် မိမိတို့ ချုပ်ငြိမ်းပျောက်ကင်းသွားခြင်းဖြင့် နောက်နောက် စိတ်, စေတသိက် နာမ်တရား(အသစ်)တို့အား'ဝိဂတ'ပစ္စယသတ္တိဖြင့်ကျေးဇူးပြုသည်- ဟူလို။

နတ္ထိနှင့် ဝိဂတပစ္စည်းတို့သည် ကျေးဇူးပြုပုံ သဘောလက္ခဏာ အားဖြင့် တူညီနေကြသော်လည်း သတ္တိအားဖြင့်ကား မတူညီကြ ဟူ၍ ကွဲစည်းကြသည်လည်း ရှိ၏။ 'နတ္ထိ'သဘောသည် ချုပ်ပြီးသည့် အခြားမဲ့၌ ကင်းဆိတ်ခြင်း, ဘာမျှ မရှိတော့ခြင်း သဘောတည်း။ 'ဝိဂတ' သဘောကား ချုပ်ကင်းမှုတည်း။ ချုပ်ပြီးနောက် ရှိခြင်း၊ မရှိခြင်းမှာ ဝိဂတသတ္တိ၏ တာဝန်မဟုတ်။ နတ္ထိ၏ တာဝန်တည်း- ဟူသတတ်။ မူလဋီကာ၌လည်း ထိုသဘောမျိုးကိုပင် ဤသို့ ဆိုထားလေ၏။

"မရှိခြင်းမျှဖြင့် ကျေးဇူးပြုနိုင်ခြင်းသည် နတ္ထိပစ္စည်းမည်၏။(အထည်ကိုယ်သဘောမှ မကင်းချုပ်သေးခြင်းကြောင့် ဖြစ်ခွင့်မရကုန်သော နောက်နောက် တရားတို့အား) အထည်ကိုယ်သဘောမှ ကင်းချုပ်ခြင်းဖြင့် ကျေးဇူးပြုနိုင်ခြင်းသည် ဝိဂတပစ္စည်းမည်၏။ ချုပ်ပြီးသည့် အခြားမဲ့၌ ကင်းဆိတ် (မရှိ)ခြင်းသည် နတ္ထိမည်၏။ ချုပ်ခြင်းသို့ရောက်ခြင်း (ချုပ်သွားခြင်း)သည် ဝိဂတပစ္စည်း မည်၏။ ဤကား ပစ္စည်းနှစ်ပါး၏ သတ္တိထူးခြားပုံတည်း"

အချို့ကမူ"နတ္ထိနှင့် ဝိဂတ၊ အတ္ထိနှင့် အဝိဂတတို့ကို ဒေသနာဝိလာသ, ပုဂ္ဂလဇ္ဈာသယ အားဖြင့် အရတူပါလျက် နှစ်မျိုး ဟောတော်မူသည်" ဟု

ဆိုကြ၏။ ယင်းပစ္စည်းနှစ်မျိုးစလုံးသည် သတ္တိချင်းလည်း တူသည်ဟု ယူလိုဟန် ရှိ၏။ သို့သော် စင်စစ်မှာ အထက်ကပြခဲ့သည့် အတိုင်း နတ္ထိသတ္တိနှင့် ဝိဂတ သတ္တိ၊အတ္ထိသတ္တိနှင့် အဝိဂတသတ္တိတို့ ကွဲပြားလေသည်သာတည်း။ဤသို့နက်နဲ ခက်ခဲလှစွာ နိုက်နိုက်ချွတ်ချွတ် ရှေးဆရာကြီးတို့က အဓိပ္ပာယ် ကောက်ယူကြ လေသည်။မည်သို့ပင်ဖြစ်စေ သဘောတရားတမျိုးကို လူအများစုက နားလည် နိုင်သည့် ဝေါဟာရနှစ်မျိုး, သုံးမျိုး, လေးမျိုး စသည်ဖြင့် ပြောဆိုဟောကြား လေလျှင် ယင်းသဘော၊ယင်း၏ အဓိပ္ပာယ် အတိအကျ အပြည့်အစုံကို မတိမ်း မစောင်း နားလည်နိုင်စေခြင်းအား များစွာထောက်ကူ ကျေးဇူးပြုသည်–ဟူ၍ မှတ်ယူရာ၏။

(အဘိဓမ္မာခေါ် နည်းသိမ်မွေ့နက်နဲ ခက်ခဲလှသော တရားတို့ကို အဓိပ္ပာယ် ဆင်တူ ဝေါဟာရ များစွာတို့ဖြင့် တန်ဆာဆင်ပြီး အဘိဓမ္မပိဋကဉ်ဟောတော် မူထား၏။ အဓိပ္ပာယ်ထပ်ဆင့် ရှင်းပြဘိသကဲ့သို့ ရှိ၍ အဓိပ္ပာယ်ရင်း,အဓိပ္ပာယ် မှန်ကို တိကျစွာ သိနိုင်ရေး၌ များစွာ အထောက်အကူ ပြု၏။ ထို့ကြောင့် အဘိဓမ္မာတရားဟောကြားပုံမှာ 'ရေပက်မဝင်နိုင်အောင် ဆိုသလို၊ ဆင်ခြေ ဆင်လက်တို့ဖြင့် ချေဖျက်၍ မနိုင်အောင်('ဟာကွက်၊ ပျော့ကွက်'တွေ မရှိ) အဘက်ဘက်တွင်ပြည့်စုံခိုင်လုံပြီး အလွန်ပင်တိကျလှပေသည်)

ရှေးရှေးနာမ်တရား အဟောင်း အဟောင်းတို့က နောက်နောက် နာမ် တရား အသစ်အသစ်အား အနမတဂ္ဂသံသရာမှစ၍ နိဗ္ဗာန်သို့စံဝင်သည့်အထိ 'မြစ်ရေအလျဉ်ကဲ့သို့' လည်းကောင်း၊ 'လှည်းဘီးစက်ကဲ့သို့' လည်းကောင်း လျှပ်တပြက် ခဏမျှမခြား မရပ်မနား ဖြစ်ဖြစ်နေကြစေရန် 'အနန္တရသတ္တိ၊ သမနန္တရသတ္တိ၊နတ္ထိသတ္တိ၊ဝိဂတသတ္တိ'တို့ဖြင့်ကျေးဇူးပြုနေကြကုန်၏။ဤပစ္စည်း လေးပါးတို့ကို ကောင်းစွာ လေ့လာ သဘောပေါက်လျှင် နာမ်တရား တို့၏ ထူးဆန်း အံ့ဩဖွယ် သဘောသဘာဝတို့ကို ကောင်းစွာ နားလည်နိုင်ပေမည်။

ပစ္စည်း,ပစ္စယုပ္ပန်ကျေးဇူးပြုပုံကို အနန္တရပစ္စည်းမှာကြည့်ပါလေ။ ။

# စတုတ္ထပိုင်း

## ၂၄-ပစ္စည်း အကြောင်း အထွေထွေမှတ်ဖွယ်အချုပ်

# ပဋ္ဌာန်းပစ္စည်းများအချုပ်မှတ်ဖွယ်

## ၁။ ။ပဋ္ဌာန်းပစ္စည်း အကျယ် ၅၂ ပါးတို့၏ ပစ္စည်း ပစ္စယုပ္ပန် အကျဉ်းပြ ဇယား

| | |
|---|---|
| ၁။ ဟေတု | ဟိတ် ၆ ပါး- သဟိတ်စိတ် ၇၁၊ စေ -၅၂၊ စိတ္တဇ,ပဋိကမ္မဇ။ |
| ၂။ အာရမဏ | စိတ်, စေ,ရုပ်အကုန်၊နိဗ္ဗာန်၊ ပညတ်- စိတ်,စေ-အကုန်။ |
| ၃။ သဟဇာတာအဓိပတိ | အဓိပတိ လေးပါး —စိတ် ၅၂, စေ-၅၁၊ စိတ္တဇ,ပဋိကမ္မဇ။ |
| ၄။ အာရမဏာဓိပတိ | စိတ် ၈၄၊ စေ ၄၇၊ ရုပ် - ၁၈၊ နိဗ္ဗာန်-စိတ် ၂၈၊ စေ- ၄၅။ |
| ၅။ အနန္တရ | စိတ်, စေ-အကုန်- စိတ်,စေအကုန်။ |
| ၆။ သမနန္တရ | =(၅) |
| ၇။ သဟဇာတ | စိတ်,စေ - အကုန်, ရုပ် ၅-စိတ်, စေ,ရုပ်အကုန်။ |
| ၈။ အညမည | စိတ်, စေ အကုန်, ရုပ် ၅—စိတ်,စေ, အကုန်,၊ ရုပ် ၅။ |
| ၉။ သဟဇာတနိဿယ | =(၇) |
| ၁၀။ ဝတ္ထုပုရေဇာတနိဿယ | ဝတ္ထုရုပ် ၆ — စိတ် ၈၅၊ စေ- ၅၂။ |

| | |
|---|---|
| ၁၁။ ဝတ္ထာရမဏပုရေဇာတနိဿယ | ဟဒယဝတ္ထု-စိတ် ၄၃၊ စေ·၄၄။ |
| ၁၂။ အာရမဏူပနိဿယ | =(၄) |
| ၁၃။ အနန္တရူပနိဿယ | =(၅) |
| ၁၄။ ပကတူပနိဿယ | စိတ်,စေ, ရုပ်အကုန်၊ ပညတ်·စိတ်, စေ အကုန်။ |
| ၁၅။ ဝတ္ထုပုရေဇာတ | =(၁၀) |
| ၁၆။ အာရမဏပုရေဇာတ | နိပ္ဖန္နရုပ် ၁၈·စိတ် ၅၆၊ စေ ၅၀။ |
| ၁၇။ ဝတ္ထာရမဏပုရေဇာတ | =(၁၁) |
| ၁၈။ ပစ္ဆာဇာတ | စိတ်,စေ အကုန်-စတုဇရုပ်။ |
| ၁၉။ အာသေဝန | လောကီဇော ၄၇၊ စေ ၅၂-စိတ် ၅၁၊ စေ· ၅၂။ |
| ၂၀။ သဟဇာတကမ္မ | စေတနာ၈၉·စိတ် ၈၉၊ စေ· ၅၁။ |
| *၂၁။ နာနက္ခဏိက ကမ္မ | စေတနာ ၃၃·ဝိပါက်စိတ် ၃၆၊ စေ ၃၈၊ ကမ္မဇ။ |
| ၂၂။ ဝိပါက | ဝိပါက်စိတ် ၃၆၊ စေ၃၈· စိတ်၃၆၊ စေ ၃၈၊စိတ္တဇ,ပဋိကမ္မဇ။ |
| ၂၃။ ရုပ်အာဟာရ | ဩဇာရုပ်-စတုဇရုပ်။ |
| ၂၄။ နာမ်အာဟာရ | နာမ်အာဟာရ·၃·စိတ်, စေ·အကုန်။ |
| ၂၅။ သဟဇာတိန္ဒြိယ | နာမ်ဣန္ဒြေ ၈ · စိတ်, စေ·အကုန်၊ စိတ္တဇ,ပဋိကမ္မဇ။ |
| ၂၆။ ဝတ္ထုပုရေဇာတိန္ဒြိယ | ဝတ္ထုရုပ် ၅· စိတ် ၁၀၊စေ·၇။ |
| ၂၇။ ရူပဇီဝိတိန္ဒြိယ | ဇီဝိတရုပ်· ကမ္မဇရုပ်။ |
| ၂၈။ ဈာန | ဈာနင်၅ ·စိတ်၇၉၊စေ·၅၂၊ စိတ္တဇ, ပဋိကမ္မဇ။ |
| ၂၉။ မဂ္ဂ | မဂ္ဂင် ၉· သဟိတ်စိတ် ၇၁၊စေ၅၂, စိတ္တဇ,ပဋိကမ္မဇ။ |
| ၃၀။ သမ္ပယုတ္တ | စိတ်·စေအကုန်·စိတ်-စေ အကုန်။ |
| ၃၁။ သဟဇာတဝိပ္ပယုတ် | စိတ်,စေ အကုန်, ဟဒယရုပ်· ပဋိစိတ် ၁၅စေ၃၅,ဟဒယ,စိတ္တဇ,ပဋိကမ္မဇ။ |

| | | |
|---|---|---|
| ၃၂။ | ဝတ္ထုပုရေဇာတဝိပ္ပယုတ် | =(၁၀) |
| ၃၃။ | ဝတ္ထာရမ္မဏပုရေဇာတ ဝိပ္ပယုတ် | =(၁၁) |
| ၃၄။ | ပစ္ဆာဇာတဝိပ္ပယုတ် | =(၁၈) |
| ၃၅။ | သဟဇာတတ္ထိ | =( ၇) |
| ၃၆။ | ဝတ္ထုပုရေဇာတတ္ထိ | =(၁၀) |
| ၃၇။ | အာရမ္မဏပုရေဇာတတ္ထိ | =(၁၆) |
| ၃၈။ | ဝတ္ထာရမ္မဏ ပုရေဇာတတ္ထိ | =(၁၁) |
| ၃၉။ | ပစ္ဆာဇာတတ္ထိ | =(၁၈) |
| ၄၀။ | ရူပအာဟာရတ္ထိ | =(၂၃) |
| ၄၁။ | ရူပဇီဝိတိန္ဒြိယတ္ထိ | =(၂၇) |
| ၄၂။ | သဟဇာတအဝိဂတ | =( ၇) |
| ၄၃။ | ဝတ္ထုပုရေဇာတ အဝိဂတ | =(၁၀) |
| ၄၄။ | အာရမ္မဏပုရေဇာတအဝိဂတ | =(၁၆) |
| ၄၅။ | ဝတ္ထာရမ္မဏ ပုရေဇာတ အဝိဂတ | =(၁၁) |
| ၄၆။ | ပစ္ဆာဇာတ အဝိဂတ | =(၁၈) |
| ၄၇။ | ရူပအာဟာရ အဝိဂတ | =(၂၃) |
| ၄၈။ | ရူပဇီဝိတိန္ဒြိယ အဝိဂတ | =(၂၇) |
| ၄၉။ | နတ္ထိ | =( ၅) |
| ၅၀။ | ဝိဂတ | =( ၅) |

၅၁။ –၂(**မှတ်ချက်**။ ။နာနက္ခဏိက ကမ္မ၌ (၁) ဖိုလ်ဇော လေးခုအား တပ်သော မဂ်၄ စေတနာကို အနန္တရကမ္မ ဟုလည်းကောင်း၊ (၂) ဝိပါက်စိတ်၃၆ နာမ်ခန္ဓာအား တပ်သော ဗလဝကုသိုလ်· အကုသိုလ်စေတနာကို ပကတူပနိဿယ 'နာနက္ခဏိက' ကမ္မ ဟုလည်းကောင်း၊ (၃) ကာမဝိပါက် ၂၃ နာမ်ခန္ဓာအား တပ်သော ဒုဗ္ဗလကာမကုသိုလ် အကုသိုလ်စေတနာနှင့် ကဋတ္တာရုပ်အားတပ်သော ဗလဝ, ဒုဗ္ဗလဖြစ်သော ပဉ္စဝေါကာရကုသိုလ်-အကုသိုလ်စေတနာတို့ကိုနာနက္ခဏိက ကမ္မဟုလည်းကောင်း-နာနက္ခဏိက ကမ္မပစ္စည်းကို သုံးမျိုးခွဲထားသည်လည်း ရှိ၏။ ယင်းသို့ခွဲသော် ပစ္စည်းအကျယ်အမျိုးပေါင်း ၅၂ မျိုးရှိ၏ ဟုမှတ်သားပါလေ။)

## ၂။ ။ ပစ္စည်းအကျယ် ၅၂ မျိုးကို အမျိုးတူရာ အုပ်စုဖွဲ့၍ဖော်ပြခြင်း

ဖော်ပြပါ ပစ္စည်း။ အကျယ် ၅၂ မျိုးကို အခြေခံသဘော လက္ခဏာ အမျိုးအစားတူရာ ပေါင်းပြီး အုပ်စုကြီး ၉ ခု၊ (အုပ်စုငယ်၁၂ ခု)ဖွဲ့၍ ဖော်ပြသည်လည်းရှိ၏။ ယင်းအုပ်စုကြီး ၉-ခုတို့မှာ—**သဟဇာတ**(ငယ်၊ လတ်၊ ကြီး သုံးစု)မျိုး၌ ၁၅ ပစ္စည်း။ **အာရမဏ** (အာရမဏ၊ ဝတ္ထာရမဏ-၂ စု) မျိုး၌ ၁၁ ပစ္စည်း။ **အနန္တရ** မျိုး၌ ခုနစ်ပစ္စည်း။ **ဝတ္ထုပုရေဇာတ** မျိုး၌ ခြောက်ပစ္စည်း။ **ပစ္ဆာဇာတ** မျိုး၌ လေးပစ္စည်း။ **ရုပ်အာဟာရ**မျိုး၌ သုံးပစ္စည်း။ **ရူပဇီဝိတိန္ဒြိယ** မျိုး၌ သုံးပစ္စည်း။**ပကတူပနိဿယ**မျိုး၌ နှစ်ပစ္စည်း။**နာနက္ခဏိကကမ္မ**မျိုး တစ်ပစ္စည်း။

### (၁) သဟဇာတမျိုး—၁၅

#### (က) သဟဇာတငယ်—၇

၁။ ဟေတု
၂။ သဟဇာတာဓိပတိ
၃။ သဟဇာတကမ္မ
၄။ နာမ်အာဟာရ
၅။ သဟဇာတိန္ဒြိယ
၆။ ဈာန
၇။ မဂ္ဂ

#### (ခ) သဟဇာတလတ်-၄

၈။ အညမည
၉။ ဝိပါက
၁၀။ သမ္ပယုတ္တ
၁၁။ သဟဇာတဝိပ္ပယုတ္တ

#### (ဂ) သဟဇာတကြီး-၄

၁၂။ သဟဇာတ
၁၃။ သဟဇာတနိဿယ
၁၄။ သဟဇာတတ္ထိ
၁၅။ သဟဇာတအဝိဂတ

## (၂) အာရမဏ–၁၁မျိုး

### (က) အာရမဏမျိုး–၆

၁။ အာရမဏ
၂။ အာရမဏာဓိပတိ
၃။ အာရမဏူပနိဿယ
၄။ အာရမဏပုရေဇာတ
၅။ အာရမဏပုရေဇာတတ္ထိ
၆။ အာရမဏပုရေဇာတအဝိဂတ

### (ခ) ဝတ္ထာရမဏမျိုး–၅

*၇။ ဝတ္ထာရမဏပုရေဇာတ
၈။ ဝတ္ထာရမဏပုရေဇာတနိဿယ
၉။ ဝတ္ထာရမဏပုရေဇာတဝိပ္ပယုတ္တ
*၁၀။ ဝတ္ထာရမဏပုရေဇာတတ္ထိ
*၁၁။ ဝတ္ထာရမဏပုရေဇာတအဝိဂတ

မှတ်ချက်။ ။အချို့မူ၌ အမှတ် ၇၊ ၁၀၊ ၁၁ ဖြစ်သည့် ''ဝတ္ထာရမဏပုရေဇာတ၊ ဝတ္ထာရမဏပုရေဇာတတ္ထိ၊ဝတ္ထာရမဏ ပုရေဇာတအဝိဂတ''ဟူသောပစ္စည်းသုံးခုကိုထည့်သွင်းဖော်ပြလေ့မရှိ။ထိုသုံးပစ္စည်းတို့သည် အမှတ်-၈ 'ဝတ္ထာရမဏပုရေဇာတနိဿယ'နှင့် လုံးဝတူသဖြင့် အမည်မျှပင် ထည့်သွင်းဖော်မပြခြင်း ဖြစ်၏။ ထိုမူအရ- အာရမဏမျိုးမှာ ရှစ်ခုသာ ရှိ၏ဟု ဖော်ပြထားပြီး၊ ပစ္စည်းသုံးခု လျော့နေသောကြောင့် ပစ္စည်းအကျယ်မှာ (၅၂-၃) ၄၉မျိုးသာ ရှိရလေ၏။

### (ဂ) အနန္တရမျိုး–၇

၁။ အနန္တရ
၂။ သမနန္တရ
၃။ အနန္တရူပနိဿယ
၄။ အာသေဝန
*၅။ အနန္တရကမ္မ
၆။ နတ္ထိ
၇။ ဝိဂတ

မှတ်ချက်။ ။အချို့မူ၌ 'အနန္တရကမ္မ' သည် မူလနာနက္ခဏိက ကမ္မထဲ၌ ပါဝင်နေ၍ ယင်းကို သီးခြား ဖော်မပြသောကြောင့် အနန္တရမျိုး ၆-ခု ရှိရလေ၏။

## (၄) ဝတ္ထုပုရေဇာတမျိုး–၆

၁။ ဝတ္ထုပုရေဇာတနိဿယ
၂။ ဝတ္ထုပုရေဇာတ
၃။ ဝတ္ထုပုရေဇာတိန္ဒြိယ
၄။ ဝတ္ထုပုရေဇာတဝိပ္ပယုတ်
၅။ ဝတ္ထုပုရေဇာတတ္ထိ
၆။ ဝတ္ထုပုရေဇာတအဝိဂတ

**မှတ်ချက်။** ။အာရမဏမျိုး-၆ + ဝတ္ထာရမဏမျိုး-၅ + ဝတ္ထုပုရေဇာတမျိုး-၆၊ (ပေါင်း ၁၇) တို့ကို ပေါင်း၍ 'ပုရေဇာတမျိုး ၁၇'-ဟု ပြဆိုသော နည်းလည်း ရှိသေး၏။

## (၅) ပစ္ဆာဇာတမျိုး–၄

၁။ ပစ္ဆာဇာတ
၂။ ပစ္ဆာဇာတဝိပ္ပယုတ်
၃။ ပစ္ဆာဇာတတ္ထိ
၄။ ပစ္ဆာဇာတ အဝိဂတ

## (၆) ရုပ်အာဟာရမျိုး–၃

၁။ ရုပ်အာဟာရ
၂။ ရုပအာဟာရတ္ထိ
၃။ ရုပအာဟာရ အဝိဂတ

## (၇) ရုပဇီဝိတိန္ဒြိယမျိုး–၃

၁။ ရုပဇီဝိတိန္ဒြိယ
၂။ ရုပဇီဝိတိန္ဒြိယတ္ထိ
၃။ ရုပဇီဝိတိန္ဒြိယ အဝိဂတ

**မှတ်ချက်။** ။ရုပ်အာဟာရမျိုး-၃ နှင့် ရုပဇီဝိတိန္ဒြိယမျိုး-၃ (ပေါင်း-၆) တို့ကို ပေါင်း၍ "ဥပသဟဇာတမျိုးခြောက်ခု"ဟူ၍ ပြဆိုသောနည်းလည်း ရှိသေး၏။

## (၈) ပကတူပနိဿယမျိုး–၂

၁။ (သုဒ္ဓ) ပကတူပနိဿယ
၂။ (မိဿက)ပကတူပနိဿယ နာနက္ခဏိက။ ကမ္မ(ဗလဝကံ)

## (၉) နာနက္ခဏိကကမ္မ–၁

၁။ နာနက္ခဏိက ကမ္မ (ဗလဝ, ဒုဗ္ဗလကံ)

## ၃။ ။ပစ္စည်းအကျယ် ၅၂-မျိုးတို့၏ ကျေးဇူးပြုပုံကို ဇူရာပေါင်း၍ ပစ္စည်း ၂၅မျိုးဖြင့်အချုပ်ပြခြင်း

၁။ **ဟေတု၌။** ။ဟိတ်ခြောက်ပါးတို့က သဟိတ်စိတ်၇၁၊စေ ၅၂၊စိတ္တဇ, ပဋိသန္ဓေကမ္မဇရုပ်တို့အား ကျေးဇူးပြု၏။

၂။ **အာရမ္မဏ၌။** ။စိတ် · စေ·ရုပ်အကုန်, နိဗ္ဗာန်, ပညတ်(အာရုံခြောက်ပါး)တို့က စိတ် ·စေအကုန်အား ကျေးဇူးပြု၏။

၃။ **သဟဇာတာဓိပတိ၌။** ။အဓိပတိလေးပါးတို့က စိတ် ၅၂,စေ ၅၁, စိတ္တဇ, ပဋိသန္ဓေကမ္မဇရုပ်တို့အား ကျေးဇူးပြု၏။

၄။ **အာရမ္မဏာဓိပတိ၊အာရမ္မဏူပနိဿယနှစ်မျိုး၌။** ။စိတ်၈၄,စေ ၄၇, နိပ္ဖန္နရုပ်၁၈၊ နိဗ္ဗာန်(အာရုံခြောက်ပါး) တို့က စိတ် ၂၈, စေ ·၄၅ တို့အားကျေးဇူးပြု၏။

၅။ **အနန္တရ၊သမနန္တရ၊ အနန္တရူပနိဿယ၊နတ္ထိ၊ ဝိဂတ ၅ မျိုး၌။** ။ စိတ်· စေအကုန်က စိတ် စေ· အကုန်အား ကျေးဇူးပြု၏။

၆။ **သဟဇာတ၊သဟဇာတနိဿယ၊သဟဇာတတ္ထိ၊ သဟဇာတအဝိဂတ- လေးမျိုး၌။** ။စိတ်, စေအကုန်၊ ရုပ်ငါးပါး တို့က-စိတ်, စေ, ရုပ် အကုန်အား ကျေးဇူးပြု၏။

၇။ **အညမည၌။** ။စိတ်·စေအကုန်၊ ရုပ်ငါးပါးတို့က· စိတ် စေအကုန်, ရုပ်ငါးပါးတို့အား ကျေးဇူးပြု၏။

၈။ **ဝတ္ထုပုရေဇာတနိဿယ၊ဝတ္ထုပုရေဇာတ၊ ဝတ္ထုပုရေဇာတဝိပ္ပယုတ်၊ ဝတ္ထုပုရေဇာတတ္ထိ၊ ဝတ္ထုပုရေဇာတအဝိဂတ ငါးမျိုး၌။** ။ဝတ္ထုရုပ်ခြောက်ပါးတို့က စိတ် ၈၅, စေ ၅၂ပါးတို့အား ကျေးဇူးပြု၏။

၉။ **ဝတ္ထာရမ္မဏပုရေဇာတနိဿယ၊ဝတ္ထာရမ္မဏပုရေဇာတ၊ ဝတ္ထာရမ္မဏ ပုရေဇာတဝိပ္ပယုတ်၊ ဝတ္ထာရမ္မဏ ပုရေဇာတတ္ထိ၊ ဝတ္ထာရမ္မဏ**

**ပုရေဇာတအဝိဂတ**- ငါးမျိုး၌။ ။ဟဒယဝတ္ထု ရုပ်က- စိတ် ၄၃၊ စေ ၄၄ တို့အား ကျေးဇူးပြု၏။

၁၀။ **ပကတူပနိဿယ**၌။ ။စိတ် စေ ရုပ်အကုန်၊ (နိဗ္ဗာန်) ပညတ်တို့က– စိတ်,စေ အကုန်အား ကျေးဇူးပြု၏။

၁၁။ **အာရမဏပုရေဇာတ၊ အာရမဏပုရေဇာတတ္ထိ၊ အာရမဏပုရေဇာတ အဝိဂတ**–သုံးမျိုး၌။ ။နိပ္ဖန္နရုပ် ၁၈ တို့က စိတ် ၅၆,စေ ၅၀တို့ အား ကျေးဇူးပြု၏။

၁၂။ **ပစ္ဆာဇာတ၊ ပစ္ဆာဇာတဝိပ္ပယုတ်၊ ပစ္ဆာဇာတတ္ထိ၊ ပစ္ဆာဇာတအဝိဂတ** လေးမျိုး၌။ ။စိတ်, စေ အကုန်တို့က စတုဇရုပ် တို့အားကျေးဇူး ပြု၏။

၁၃။ **အာသေဝန**၌။ ။လောကီဇော ၄၇,စေ ၅၂ တို့က–စိတ် ၅၁၊ စေ ၅၂ တို့အား ကျေးဇူးပြု၏။

၁၄။ **သဟဇာတကမ္မ**၌။ ။စေတနာ ၈၉ ပါးတို့က–စိတ် ၈၉၊စေ ၅၂ တို့အား ကျေးဇူးပြု၏။

၁၅။ **နာနက္ခဏိကကမ္မ** (သုံးမျိုးပေါင်း)၌။ ။စေတနာ ၃၃ ပါး တို့က- ဝိပါက်စိတ် ၃၆, စေ ၃၈။ ကမ္မဇရုပ်တို့အား ကျေးဇူးပြု၏။

၁၆။ **ဝိပါက**၌။ ။ဝိပါက်စိတ် ၃၆,စေ ၃၈ တို့က, ဝိပါက်စိတ် ၃၆,စေ ၃၈,စိတ္တဇ, ပဋိသန္ဓေကမ္မဇရုပ်တို့အား ကျေးဇူးပြု၏။

၁၇။ **ရုပ်အာဟာရ၊ ရူပအာဟာရတ္ထိ၊ ရူပအာဟာရအဝိဂတ**-သုံးမျိုး၌။ ။ ဩဇာရုပ်က–စတုဇရုပ်တို့အား ကျေးဇူးပြု၏။

၁၈။ **နာမ်အာဟာရ**၌။ ။နာမ်အာဟာရ သုံးပါးတို့က–စိတ်-စေအကုန် အား ကျေးဇူးပြု၏။

၁၉။ **သဟဇာတိန္ဒြိယ**၌။ ။နာမ်ဣန္ဒြေ ရှစ်ပါးတို့က-စိတ်, စေ အကုန်၊ စိတ္တဇ,ပဋိသန္ဓေကမ္မဇရုပ် တို့အား ကျေးဇူးပြု၏။

၂၀။ **ဝတ္ထုပုရေဇာတိန္ဒြိယ**၌။ ။ဝတ္ထုရုပ် ငါးပါးတို့က စိတ် ၁၀,စေ ၇ တို့အား ကျေးဇူးပြု၏။

၂၁။ **ရူပဇီဝိတိန္ဒြိယ၊ ရူပဇီဝိတိန္ဒြိယတ္ထိ၊ ရူပဇီဝိတိန္ဒြိယအဝိဂတ**-သုံးမျိုး ၌။ ။ဇီဝိတရုပ်က-ကမ္မဇရုပ်အား ကျေးဇူးပြု၏။

၂၂။ **ဈာနဥ္။** ။ဈာနင်ငါးပါးတို့က·စိတ် ၇၉,စေ ၅၂၊စိတ္တဇ, ပဋိကမ္မဇ ရုပ် တို့အား ကျေးဇူးပြု၏။

၂၃။ **မဂ္ဂဥ္။** ။မဂ္ဂင် ၉ ပါးတို့က· သဟိတ်စိတ် ၇၁,စေ ၅၂၊ စိတ္တဇ,ပဋိကမ္မဇ ရုပ်တို့အား ကျေးဇူးပြု၏။

၂၄။ **သမ္ပယုတ္တဥ္။** ။စိတ်စေအကုန်ကစိတ်,စေအကုန်အား ကျေးဇူးပြု၏။

၂၅။ **သဟဇာတဝိပ္ပယုတ်ဥ္။** ။စိတ် ၇၅,စေ ၅၂၊ ဟဒယဝတ္ထုရုပ်တို့က ပဋိစိတ် ၁၅,စေ ၃၅၊ ဟဒယ,စိတ္တဇ,ပဋိကမ္မဇ ရုပ်တို့အား ကျေးဇူး ပြု၏။

## ၄။ ။ပစ္စည်းအကျယ် ၅၂ မျိုးကို နာမ်ပစ္စည်း၊ ရုပ်ပစ္စည်း၊ နာမ်ရုပ်ပစ္စည်း ဟု သုံးမျိုးခွဲပြခြင်း

ပဋ္ဌာန်းပစ္စည်းအကျယ် ၅၂ မျိုး ဟူ တွင် (က) နာမ်သက်သက် ပစ္စည်း ပေါင်း ၂၃၊ (ခ) ရုပ်သက်သက် ပစ္စည်းပေါင်း ၂၀၊ (ဂ) ရုပ်နာမ်နှစ်ပါး ပစ္စည်းပေါင်း ၉ မျိုး ရှိလေသည်။ ဤနည်းအတိုင်း ခွဲခြားပြမှုမှာ အောက်ပါ အတိုင်းဖြစ်၏။

### (က) နာမ်သက်သက်ပစ္စည်း—၂၃

(၁) ဟေတု
(၂) သဟဇာတာဓိပတိ
(၃) အနန္တရ
(၄) သမနန္တရ
(၅) အနန္တရူပနိဿယ
(၆) ပစ္ဆာဇာတ
(၇) အာသေဝန
(၈) သဟဇာတကမ္မ
(၉) အနန္တရကမ္မ
(၁၀) ပကတူပနိဿယကမ္မ
(၁၁) နာနက္ခဏိကကမ္မ
(၁၂) ဝိပါက
(၁၃) နာမ်အာဟာရ
(၁၄) သဟဇာတိန္ဒြိယ
(၁၅) ဈာန
(၁၆) မဂ္ဂ
(၁၇) သမ္ပယုတ္တ
(၁၈) သဟဇာတဝိပ္ပယုတ္တ
(၁၉) ပစ္ဆာဇာတဝိပ္ပယုတ္တ
(၂၀) ပစ္ဆာဇာတတ္ထိ
(၂၁) နတ္ထိ
(၂၂) ဝိဂတ
(၂၃) ပစ္ဆာဇာတအဝိဂတ

## (၈) ရုပ်သက်သက်ပစ္စည်း—၂၀

(၁) ဝတ္ထုပုရေဇာတနိဿယ
(၂) ဝတ္ထာရမဏပုရေဇာတနိဿယ
(၃) အာရမဏပုရေဇာတ
(၄) ဝတ္ထုပုရေဇာတ
(၅) ဝတ္ထာရမဏပုရေဇာတ
(၆) ရုပ်အာဟာရ
(၇) ပုရေဇာတိန္ဒြိယ
(၈) ရူပဇီဝိတိန္ဒြိယ
(၉) ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ
(၁၀) ဝတ္ထာရမဏပုရေဇာတဝိပ္ပယုတ္တ
(၁၁) အာရမဏပုရေဇာတတ္ထိ
(၁၂) ဝတ္ထုပုရေဇာတတ္ထိ
(၁၃) ဝတ္ထာရမဏပုရေဇာတတ္ထိ
(၁၄) ရုပ်အာဟာရတ္ထိ
(၁၅) ရူပဇီဝိတိန္ဒြိယတ္ထိ
(၁၆) အာရမဏပုရေဇာတအဝိဂတ
(၁၇) ဝတ္ထုပုရေဇာတအဝိဂတ
(၁၈) ဝတ္ထာရမဏပုရေဇာတအဝိဂတ
(၁၉) ရုပ်အာဟာရအဝိဂတ
(၂၀) ရူပဇီဝိတိန္ဒြိယအဝိဂတ

## (၈) ရုပ်နာမ်နှစ်ပါးပစ္စည်း—၉

(၁) အာရမဏ
(၂) အာရမဏာဓိပတိ
(၃) သဟဇာတ
(၄) အညမည
(၅) သဟဇာတနိဿယ
(၆) အာရမဏူပနိဿယ
(၇) ပကတူပနိဿယ
(၈) သဟဇာတတ္ထိ
(၉) သဟဇာတအဝိဂတ

## ၅။ ။ပစ္စည်းအကျယ် ၅၂ မျိုးကို သင်္ဂြိုဟ်ကျမ်းလာ အုပ်စုကြီး လေးခုထဲသို့ သွင်း၍ပြခြင်း

ဖော်ပြပါ ပစ္စည်းအကျယ် ၅၂-မျိုးကို သင်္ဂြိုဟ်ကျမ်းတွင် "အာရမဏ၊ ဥပနိဿယ၊ အတ္ထိ၊ ကမ္မ" ဟူသော ပစ္စည်းအုပ်စုကြီး လေးခုထဲ၌ သွတ်သွင်း၍ ဖော်ပြထားပြန်သည်။ ယင်းတို့မှာ—

၁။ **အာရမဏမျိုး၌** အာရမဏပစ္စည်းမျိုးပေါင်း ၁၁ ခု ပါဝင်သည်။

၂။ **ဥပနိဿယမျိုး၌**–အနန္တရမျိုးသည် အနန္တရူပနိဿယမျိုး အဖြစ်ဖြင့်လည်းကောင်း၊ ပကတူပနိဿယမျိုးသည် ပကတူပနိဿယမျိုး အဖြစ်ဖြင့်လည်းကောင်း စုစုပေါင်း ပစ္စည်းကိုးခု ပါဝင်သည်။

၃။ **အတ္ထိမျိုး၌** သဟဇာတမျိုး ပစ္စည်း ၁၅ ခုသည် သဟဇာတတ္ထိမျိုး အဖြစ်ဖြင့်လည်းကောင်း။ ဝတ္ထုပုရေဇာတမျိုး ပစ္စည်း ခြောက်ခုသည် သဟဇာတတ္ထိမျိုး အဖြစ်ဖြင့်လည်းကောင်း၊ ရုပ်အာဟာရ ပစ္စည်းသုံးခုသည် ရူပအာဟာရတ္ထိမျိုးအဖြစ်ဖြင့်လည်းကောင်း၊ ရူပဇီဝိတိန္ဒြိယ ပစ္စည်း သုံးခုသည် ရူပဇီဝိတိန္ဒြိယတ္ထိမျိုး အဖြစ်ဖြင့်လည်းကောင်း စုစုပေါင်း ပစ္စည်း ၃၁ ခုပါဝင်သည်။

၄။ **ကမ္မမျိုး၌** နာနက္ခဏိက ကမ္မ(ဗလဝ,ဒုဗ္ဗလကံ) ကမ္မမျိုး တစ်ပစ္စည်း ပါဝင်သည်။

## ၆။ ။တနည်း-သင်္ဂြိုဟ်ကျမ်းအရ ၂၄ ပစ္စည်းတို့ကို နာမ်-ရုပ်အရ ကျေးဇူးပြုပုံခြောက်မျိုးဖြင့်ပြခြင်း

သင်္ဂြိုဟ်ကျမ်းထဲ၌ "(က) နာမ်ကနာမ်အား၊ (ခ) နာမ်က နာမ် ရုပ်အား၊ (ဂ) နာမ်က ရုပ်အား၊ (ဃ) ရုပ်က နာမ်အား၊ (င) ပညတ် နာမ်ရုပ်က နာမ်အား၊ (စ) နာမ် ရုပ်က နာမ်ရုပ်အား" ကျေးဇူးပြုပုံ ဟူ၍ ၂၄ ပစ္စည်းကို ခြောက်မျိုးဖြင့် ပြထားပြန်သည်။ ယင်းတို့မှာ–

**(က) နာမ်က နာမ်အား ကျေးဇူးပြု–၆**

(၁) အနန္တရ
(၂) သမနန္တရ
(၃) အာသေဝန
(၄) သမ္ပယုတ္တ
(၅) နတ္ထိ
(၆) ဝိဂတ

**(ခ) နာမ်က နာမ်ရုပ်အား ကျေးဇူးပြု–၅**

(၁) ဟေတု
(၂) ကမ္မ
(၃) ဝိပါက
(၄) ဈာန
(၅) မဂ္ဂ

(ဂ) နာမ်က ရုပ်အား ကျေးဇူးပြု—၁

(၁) ပစ္ဆာဇာတ

(ဃ) ရုပ်က နာမ်အား ကျေးဇူးပြု—၁

(၁) ပုရေဇာတ

(င) ပညတ်နာမ်ရုပ်က နာမ်အား ကျေးဇူးပြု—၂

(၁) အာရမ္မဏ (၂) ဥပနိဿယ

(စ) နာမ်ရုပ်က နာမ်ရုပ်အား ကျေးဇူးပြု—၉

(၁) အဓိပတိ
(၂) သဟဇာတ
(၃) အညမည
(၄) နိဿယ
(၅) အာဟာရ
(၆) ဣန္ဒြိယ
(၇) ဝိပ္ပယုတ္တ
(၈) အတ္ထိ
(၉) အဝိဂတ

## ၇။ ၂၄ ပစ္စည်းကို ကာလသုံးပါးဖြင့် ဝေဖန်၍ ပြဆိုခြင်း

ပစ္စုပ္ပန်ဖြစ်၍ ကျေးဇူးပြုသော ပစ္စည်းမျိုး - ၁၅။ အတိတ်ဖြစ်၍ ကျေးဇူးပြုသော ပစ္စည်းမျိုး-၅။ပစ္စုပ္ပန်အတိတ် နှစ်ပါးဖြစ်၍ ကျေးဇူးပြုသော ပစ္စည်းမျိုး ၁။ တေကာလိကနှင့် ကာလဝိမုတ်ဖြစ်၍ ကျေးဇူးပြုသော ပစ္စည်းမျိုး ၃။ ဤသို့အားဖြင့် ၂၄ ပစ္စည်းမျိုးကို လေးမျိုးဖြင့် ခွဲပြထားပြန်၏။ ယင်းတို့မှာ—

(က) ပစ္စုပ္ပန်ဖြစ်၍ ကျေးဇူးပြု—၁၅

(၁) ဟေတု
(၂) သဟဇာတ
(၃) အညမည
(၄) နိဿယ
(၅) ပုရေဇာတ
(၆) ပစ္ဆာဇာတ

(၇) ဝိပါက (၁၂) သမ္ပယုတ္တ
(၈) အာဟာရ (၁၃) ဝိပ္ပယုတ္တ
(၉) ဣန္ဒြိယ (၁၄) အတ္ထိ
(၁၀) ဈာန (၁၅) အဝိဂတ
(၁၁) မဂ္ဂ

ဤ ၁၅ပစ္စည်းတို့သည် အတ္ထိပစ္စည်းမျိုး၌ ပါဝင်ပြီး ထင်ရှားရှိဆဲဖြစ်သော ပစ္စုပ္ပန်အနေဖြင့် ကျေးဇူးပြုသည့် ပစ္စည်းမျိုးတည်း။

(၁) အတိတ်ဖြစ်၍ ကျေးဇူးပြု–၅

(၁) အနန္တရ (၄) နတ္ထိ
(၂) သမနန္တရ (၅) ဝိဂတ
(၃) အာသေဝန

(ဂ) ပစ္စုပ္ပန် အတိတ် နှစ်ပါးဖြစ်၍ ကျေးဇူးပြု–၁

(၁) ကမ္မ

ဤကမ္မပစ္စည်း၌ 'သဟဇာတကမ္မ'သည် ပစ္စုပ္ပန်ရှိဆဲဖြစ်၍ ကျေးဇူးပြုပြီး နာနက္ခဏိကကမ္မသည် 'ချုပ်ပြီးအတိတ်ဖြစ်၍' ကျေးဇူးပြု၏။

(ဃ) တေကာလိက–ကာလဝိမုတ်ဖြစ်၍
ကျေးဇူးပြု–၃

(၁) အာရမဏ (၃) ဥပနိဿယ
(၂) အဓိပတိ

ထိုတွင် (၁) **အာရမဏပစ္စည်း**၌ နိဗ္ဗာန်၊ ပညတ်မှတပါး အာရုံခြောက်ပါးသည် တေကာလိက=ကာလသုံးပါးဖြစ်၍ ကျေးဇူးပြုပြီး၊ နိဗ္ဗာန်, ပညတ်တို့သည် ကာလဝိမုတ်ဖြစ်၍ ကျေးဇူးပြုသည်။

(၂) **အဓိပတိ** ပစ္စည်း၌ သဟဇာတာ ဓိပတိ ပစ္စည်းသည် ပစ္စုပ္ပန်ပစ္စည်းဖြစ်၏။ အာရမဏာဓိပတိ၌ နိဗ္ဗာန်သည် ကာလဝိမုတ်ပစ္စည်းဖြစ်၍, ကြွင်းတရားစုသည် တေကာလိကနှင့် ဆိုင်သည့် ပစ္စည်းဖြစ်၏။

(၃) ဥပနိဿယ ပစ္စည်း၌ အာရမဏူပနိဿယပစ္စည်းသည် အာရမဏာ-ဓိပတိအတိုင်းပင် ကာလဝိမုတ်, တေကာလိကနှင့် ဆိုင်သည့် ပစ္စည်းဖြစ်၏။ အနန္တ ရူပ နိဿယသည် အတိတ်ပစ္စည်းဖြစ်၏။ ပကတူပနိဿယ၌ (နိဗ္ဗာန်) ပညတ်သည် ကာလဝိမုတ်ပစ္စည်းဖြစ်ပြီး၊ ကြွင်းတရားစုသည် တေကာလိက ပစ္စည်းဖြစ်၏။

ဤ ပစ္စည်း သုံးစုသည် ဤသို့ တေကာလိက၊ ကာလဝိမုတ် ရောနှော နေကြ၏။

## ၈။ ။ ၂၄ ပစ္စည်းကို သတ္တိသုံးပါးဖြင့် ဝေဖန်၍ ပြခြင်း

၂၄ ပစ္စည်းအနက် တချို့မှာ ဇနကသတ္တိရှိကြ၏။ တချို့မှာ ဥပတ္ထမ္ဘက သတ္တိရှိကြ၏။ တချို့မှာ ဇနကော ပတ္ထမ္ဘကသတ္တိ (ဇနကနှင့် ဥပတ္ထမ္ဘကသတ္တိ နှစ်မျိုးလုံး) ရှိကြ၏။

**ဇနကသတ္တိ** – ဟူသည် ပစ္စယုပ္ပန် တရားများကို ဥပဒ်ခဏ၌ ဖြစ်ပေါ် စေအောင်သာ ကျေးဇူးပြုနိုင်ပြီး၊ ဌီအခိုက်၌ တည်တံ့အောင် ကျေးဇူး မပြု နိုင်သော သတ္တိမျိုးဖြစ်၏။

**ဥပတ္ထမ္ဘကသတ္တိ**–ဟူသည် ပစ္စယုပ္ပန် တရားတို့အား မိမိကိုယ်တိုင် ဖြစ်ပေါ် လာစေအောင် ကျေးဇူးမပြုနိုင်ပဲ၊ ဆိုင်ရာ အကြောင်းတို့ကြောင့် ဖြစ်ပြီး သော တရားစုကို ဌီ အခိုက်၊ ဘင် အခိုက်၌ တည်တံ့အောင် (အစဉ် အဆက် တည်တံ့အောင်လည်း) ထောက်ပံ့နိုင်သော သတ္တိမျိုးဖြစ်၏။

**ဇနကောပတ္ထမ္ဘကသတ္တိ**–ဟူသည် ပစ္စယုပ္ပန် တရားတို့အား ဖြစ်ပေါ် အောင်လည်း ဇနကသတ္တိဖြင့် ကျေးဇူးပြုနိုင်သည့်အပြင်၊ တည်တံ့အောင် လည်း ဥပတ္ထမ္ဘက သတ္တိဖြင့် ကျေးဇူးပြုနိုင်သော သတ္တိဖြစ်၏။

### (က) ဇနကသတ္တိရှိ ပစ္စည်း–၅

(၁) အနန္တရ
(၂) သမနန္တရ
(၃) အာသေဝန
(၄) နတ္ထိ
(၅) ဝိဂတ

(ခ) ဥပတ္ထမ္ဘက သတ္တိရှိ ပစ္စည်း—၁

(၁) ပစ္ဆာဇာတ

(ဂ) ဇနကော့ ပတ္ထမ္ဘကသတ္တိရှိပစ္စည်း—၁၈

| | |
|---|---|
| (၁) ဟေတု | (၁၀) ဝိပါက |
| (၂) အာရမ္မဏ | (၁၁) အာဟာရ |
| (၃) အဓိပတိ | (၁၂) ဣန္ဒြိယ |
| (၄) သဟဇာတ | (၁၃) ဈာန |
| (၅) အညမည | (၁၄) မဂ္ဂ |
| (၆) နိဿယ | (၁၅) သမ္ပယုတ္တ |
| (၇) ဥပနိဿယ | (၁၆) ဝိပ္ပယုတ္တ |
| (၈) ပုရေဇာတ | (၁၇) အတ္ထိ |
| (၉) ကမ္မ | (၁၈) အဝိဂတ |

## ၉၊ ။၂၄ ပစ္စည်းကို ဘုံ=ဘဝ သုံးမျိုးအားဖြင့် ဝေဖန်၍ ပြခြင်း

(က) **ပဉ္စဝေါကာရဘုံ**။ ။ရုပ်နာမ်နှစ်ပါးစုံ ခန္ဓာငါးပါးရှိ၍ပဉ္စဝေါကာရဘုံဟု ခေါ်ဆိုသော ဘုံပေါင်း ၂၆ ဘုံ၌ ၂၄ ပစ္စည်းလုံးကို ရ၏။ 'ရ၏' ဟူသည် ပစ္စည်းတရားက ပစ္စယုပ္ပန် တရားအား ကျေးဇူးပြုနိုင်သည်။(ဝါ) ပစ္စည်းတရားက ကျေးဇူး ပြုပေးသည့် ပစ္စယုပ္ပန် တရားစုဘို့ ဖြစ်နိုင်သည်—ဟူလို။

(ခ) **စတုဝေါကာရဘုံ**။ ။နာမ်ခန္ဓာ လေးပါးသာရှိ၍ စတုဝေါကာရဘုံဟု ခေါ်ဆိုသော အရူပ လေးဘုံ၌မူ "ပုရေဇာတ၊ ပစ္ဆာဇာတ၊ဝိပ္ပယုတ္တ" ပစ္စည်း သုံးခုတို့ မရနိုင်။ ကြွင်းပစ္စည်း ၂၁ ခု တို့သာ ရနိုင်၏။(ဝါ) ပစ္စည်းတရားက ကျေးဇူးပြုပေးသည့် ပစ္စယုပ္ပန် တရားတို့ဖြစ်နိုင်သည်။ ထိုမရသည့် ပစ္စည်းသုံးမျိုး၌ ပစ္စည်း တရားမှာ ဖြစ်စေ၊ ပစ္စယုပ္ပန် တရားမှာ ဖြစ်စေ ရုပ်တရား ပါနေ သောကြောင့် ဖြစ်၏။

(ဂ) **ကေဝေါကာရဘုံ**။ ။ရုပ်ခန္ဓာ တပါးသာရှိ၍ ကေဝေါကာရဘုံဟု ခေါ်ဆိုသော 'အသညသတ်' ဘုံ၌ကား "သဟဇာတ၊ အညမည၊ နိဿယ၊ နာနက္ခဏိက ကမ္မ(အတိတ်မျိုးသာ)၊ ရူပဇီဝိတိန္ဒြိယ၊ အတ္ထိ၊ အဝိဂတ" ဟူသော ပစ္စည်း ခုနစ်မျိုးသာ ရနိုင်၏။ ထိုပစ္စည်းတို့၌ ပစ္စည်း ပစ္စယုပ္ပန် နှစ်မျိုးလုံးမှာ(ပစ္စုပ္ပန်အနေဖြင့်)ရုပ်တရား ပါသောကြောင့်ဖြစ်၏။

(**မှတ်ချက်**။ ။နာနက္ခဏိက ကမ္မ၌ ပစ္စည်း နာမ်တရားသည် အတိတ် ဖြစ်ပြီး ပစ္စယုပ္ပန်၌ ရုပ်ပါသောကြောင့် ရခြင်း ဖြစ်၏။)

(ဃ)**ဗဟိဒ္ဓ ဥတုဇရုပ်**။ ။မျှား၌ "သဟဇာတ၊ အညမည၊ နိဿယ၊ အတ္ထိ၊ အဝိဂတ" ဟူသောပစ္စည်းငါးမျိုးသာရနိုင်၏။ သစ်ပင်၊ တော၊ တောင် စသည့် သက်မဲ့လည်းဖြစ်၊ ကံကြောင့် မဟုတ်ပဲ ရုပ်သဘာဝ တရားအရ ဖြစ်ကြရသော အရာတို့၌ ပါရှိသော ရုပ်ကလာပ်တို့မှာ မဟာဘုတ် ရုပ်တို့က အချင်းချင်းအား လည်းကောင်း၊ ဥပါဒါရုပ် တို့အား လည်းကောင်း ကျေးဇူးပြုပုံကို ကြည့်၍ သိပါလေ။ ။

# ပဌမပိုင်း

စိတ် စေတသိက် ရုပ်တရားတို့ကို မူတည်၍
၂၄ ပစ္စည်းတို့ဖြင့် ရောပြွမ်း ကျေးဇူးပြုပုံ

# ၂၄ ပစ္စည်းအကြောင်း

# အတွေ့တွေ့ မှတ်ဖွယ် အချုပ်

## စိတ်၊ စေတသိက်၊ ရုပ်၊ နိဗ္ဗာန် ဟူသော ပရမတ္ထတရား လေးပါးတို့ကို အခြေခံ၍ ပဋ္ဌာန်း ၂၄ ပစ္စည်းတို့ဖြင့် ကျေးဇူးပြုပုံကို ရောနှော၍ ပြဆိုခြင်း

### အပစ္စယ၊ အသင်္ခတတရားနှစ်ပါး

နိဗ္ဗာန်နှင့် ပညတ်ဟူသော ဤတရား ၂နှစ်ပါး တို့သည် အပ္ပစ္စယတရားများ၊ အသင်္ခတတရားများဖြစ်ကြကုန်၏။ အကြောင်းမူကား- ဤနိဗ္ဗာန်နှင့်ပညတ်တို့သည် ဥပါဒ်(ဖြစ်ခြင်း) အားဖြင့် ထင်ရှားဖြစ်ပေါ်တတ်သော တရားမျိုး မဟုတ်သောကြောင့်တည်း။ ထိုစကားမှန်၏- အကြင်တရားတို့မှာ ထင်ရှား ဖြစ်ပေါ်ခြင်း 'ဇာတိ' တရားနှင့် ဥပါဒ်ခြင်း မည်သည်တို့ရှိကြ၏။ ထိုတရား တို့သည် (၁) အကြောင်းတရားတို့နှင့်တကွ ဖြစ်တတ်သော'တရားများဖြစ်၍ **သပ္ပစ္စယ**တရားမည်ကုန်၏။ (၂) ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရားလေးပါးတို့က ပြုပြင်အပ်သော တရားများဖြစ်၍ **သင်္ခတ** တရားများ မည်ကုန်၏။ (၃) အကြောင်းတရားတို့ကို အစွဲပြု၍ ဖြစ်တတ်သော တရားများဖြစ်၍ '**ပဋိစ္စသမုပ္ပာဒ်**' တရားများ မည်ကုန်၏။

ဤနိဗ္ဗာန်နှင့် ပညတ်တရား နှစ်ပါးတို့သည် '**အဇာတိက**'= ဇာတိကင်း သောတရားများဖြစ်သောကြောင့်လည်းကောင်း၊**အနုပ္ပာဒ**=ဥပါဒ်(ဖြစ်ခြင်း) ကင်းသော တရားမျိုးဖြစ်သောကြောင့်လည်းကောင်း၊ **အဇာတိပစ္စယ**=ဇာတိ

ဖြစ်ပေါ်ခြင်းငှာ အကြောင်းတရားကင်း (မရှိ)သောကြောင့်လည်းကောင်း **'အပစ္စယ'** တရားများ၊ **'အသင်္ခတ'** တရားများ ဖြစ်ကြကုန်၏။

## သပစ္စယ၊ သင်္ခတတရားများ

စိတ်, စေတသိက်, ရုပ်-ဟူသော ပရမတ္ထတရားတို့သည်ကား အကြောင်းတရားတို့နှင့်တကွ ဖြစ်တတ်ကြသောကြောင့် **'သပစ္စယ'** တရားတို့လည်း မည်ကုန်၏။ အကြောင်းတရားတို့က ပြုပြင်အပ်သောကြောင့် **'သင်္ခတ'** တရားတို့လည်း မည်ကုန်၏။ ထိုသပစ္စယ၊ သင်္ခတဖြစ်ကြသည့် စိတ်, စေတသိက်, ရုပ်တရားတို့၌ မည်သည့်တရားတခုမျှ မြဲသည်(နိစ္စ)၊ ခိုင်ခံ့သည် (ဓုဝ)၊ အခါခပ်သိမ်း တည်နေသည်(သဿတ)၊ မဖောက်မပြန် မပျက်စီးသည် (အဝိပရိဏာမ) မရှိလေ။ စင်စစ်အားဖြင့် ထို 'သပစ္စယ၊ သင်္ခတ' တရားတို့အားလုံးသည် ကုန်ခန်းပျက်စီးတတ်သည့် သဘောရှိသောကြောင့် မမြဲသော **'အနိစ္စ'** တရားတို့သာ ဖြစ်ကုန်၏။ အကြောင်းမူကား– ထိုတရားတို့သည် မိမိကိုယ်တိုင်လည်း အကြောင်းတရားနှင့်စပ်၍ ဖြစ်ခြင်းသဘော ရှိသောကြောင့် လည်းကောင်း၊ ထိုအကြောင်းတရားတို့မှာလည်း မြဲသည့်သဘော မရှိသောကြောင့် လည်းကောင်း အနိစ္စတရားတို့သာ ဖြစ်ကြရကုန်၏။

ထိုမမြဲသော အနိစ္စတရားတို့သည် အခါခပ်သိမ်းသတ္တဝါတို့ကို သုံးပါးသော ဒုက္ခဘေးရန် ဒဏ်အပေါင်းတို့ဖြင့် နှိပ်စက်အပ်ကုန်၏။ ညှဉ်းဆဲကုန်၏။ ထို့ကြောင့် ထိုအနိစ္စတရားတို့သည် ကြောက်လန့်အပ်သည့် 'ဘေး' ဟူသော သဘောရှိသောကြောင့် နှိပ်စက်ညှဉ်းဆဲ ဆင်းရဲသော 'ဒုက္ခ' တရားတို့သာ ဖြစ်ကုန်၏။ ထိုစကား၌ ဘေးရန်ဒုက္ခသုံးပါးဟူသည်ကား (၁)ဒုက္ခ ဒုက္ခ= ကာယိကဒုက္ခ, စေတသိက်ဒုက္ခတို့၏ ဆင်းရဲကေန် အမှန်ဒုက္ခဖြစ်ခြင်း၊ (၂) **သင်္ခါရဒုက္ခ**=သင်္ခါရတရားတို့၏ အမြဲမပြတ် ပြုပြင်အပ်သည့် အဖြစ်ဟူသော ဆင်းရဲဒုက္ခ၊ (၃) **ဝိပရိဏာမဒုက္ခ**–သုခ စသည် မြဲမတည်သဖြင့်, ကစဉ့်ကရဲ ဖောက်လွဲဖောက်ပြန်, ဖြစ်တတ်ဟန်ကြောင့်အမှန်ဆင်းရဲသည့်အဖြစ် ဟူသော ဆင်းရဲဒုက္ခ....တို့ ဖြစ်ကြကုန်၏။

ထိုအလုံးစုံသော သင်္ခါရတရားတို့သည် အမြဲမတည်သော အနိစ္စ တရားတို့သာ ဖြစ်ကုန်၏။ တခုသော ဣရိယာပုထ်၌လည်း အဖန်တလဲလဲ ပြိုကွဲပျက်စီးကြကုန်၏။ ထိုအမြဲမတည်သော အနိစ္စတရားတို့သည် အကြောင်းညီလျှင် အသက်

ထက်ဆုံး နိစ္စ-ဟု ယူမှတ်တတ်ကုန်သော သတ္တဝါ ပုဂ္ဂိုလ်တို့၏ '**အတ္တ**'မည်သည်ဖြစ်နိုင်ကုန်ရာ ဘုံနည်း။ အနှစ်သာရ မည်သည် ဖြစ်နိုင်ကုန်ရာအံ့နည်း။ ဆင်းရဲခြင်း အမှန်ကေန်ဖြစ်သော ထိုဒုက္ခတရားတို့သည် အဘယ်သို့လျှင် ဒုက္ခဖြင့် စစ်သုတ်ရှုရှားကုန်သော၊ သူခကို အလိုရှိကြကုန်သော သတ္တဝါ တို့၏ '**အတ္တ**'မည်သည် ဖြစ်နိုင်ကုန်ရာအံ့နည်း။အနှစ်သာရ မည်သည် ဖြစ်နိုင်ကုန်ရာအံ့နည်း။ ထို့ကြောင့် ထို(အနိစ္စ၊ဒုက္ခ)တရားတို့သည် အနှစ်မရှိခြင်းသဘောကြောင့် '**အနတ္တ**' တရားတို့သာ ဖြစ်ကြကုန်၏။

## အနတ္တနှင့် ပဋ္ဌာန်းတရားတော်

''အလုံးစုံသော သင်္ခတ တရားတို့မည်သည့် အကြောင်းပစ္စည်းနှင့်စပ်၍ ဖြစ်ခြင်းရှိကုန်သည်သာတည်း။ သတ္တဝါတို့၏ အလိုဆန္ဒနှင့်စပ်၍ ဖြစ်ခြင်းရှိသည် မဟုတ်ကုန်။ အကြောင်းပစ္စည်းနှင့်စပ်၍ ဖြစ်ခြင်းရှိကုန်သော ထိုတရားတို့သည်လည်း တရားတခုတလေမျှ အနည်းငယ်သော အကြောင်းပစ္စည်း (တရား) ကြောင့် ဖြစ်သည်မဟုတ်။ စင်စစ် များစွာသော အကြောင်းပစ္စည်း(တရား) တို့ကြောင့်သာ ဖြစ်ကြရလေ၏။''

ဤအနက်သဘောကို ၂၄ ပါး အပြားရှိသော ဤပဋ္ဌာန်းပစ္စည်းဒေသနာတော်ကြီးက ထင်လင်းစွာ ပြသနေပေ၏။ ထိုသို့ ''တရား တခုသည် အကြောင်းပစ္စည်း အနည်းငယ်ကြောင့် မဖြစ်၊ များစွာသော အကြောင်းပစ္စည်းတို့ကြောင့်သာဖြစ်၏'' ဟူသော အနက်ကိုပြသောကြောင့် ဤပဋ္ဌာန်းပစ္စယဒေသနာတော်ကြီးသည် အလုံးစုံသော တရားတို့၏ 'အနတ္တ'လက္ခဏာသဘောကို ပြရာ၌ အထွတ်အထိပ်သို့ ရောက်သည့် (အထွတ်အထိပ်ဖြစ်သည့်) တရားတော်ကြီးပေတည်း။

## အကျိုးတခု–အကြောင်းများစွာ

'ပစ္စယသင်္ဂဟ' နည်းကို အောက်တွင်ဆက်လက်၍ ဆိုပေအံ့–တခု တခုသော အကျိုး(ပစ္စယုပ္ပန်)တရား၌ များစွာကုန်သော အကြောင်း(ပစ္စည်း) တရားတို့၏ ပါဝင်ပေါင်းဆုံခြင်းသည် 'ပစ္စယသင်္ဂဟ' မည်၏။

အကြောင်တရားတို့သည် (၁)အကြောင်းပစ္စည်းတရားတို့နှင့်တကွ ဖြစ်တတ်ကုန်သော '**သမစ္စယ**' တရားတို့မည်ကုန်၏။ (၂) အကြောင်းတရားတို့ကပေါင်း

ရှုပ်ပြွင်တတ်ကုန်သော 'သင်္ခတ' တရားတို့ မည်ကုန်၏။ (၃) အကြောင်းတရားတို့ကို စွဲ၍ ဖြစ်တတ်ကုန်သော 'ပဋိစ္စသမုပ္ပန္န' တရားတို့ မည်ကုန်၏။ ထိုအလုံးစုံသော (သပ္ပစ္စယ၊ သင်္ခတ၊ ပဋိစ္စသမုပ္ပန္န) တရားတို့သည် ဥပါဒ်ခဏ၌လည်းကောင်း၊ ဌီခဏ၌လည်းကောင်း၊ ၂၄ ပါး အပြားရှိသော အကြောင်းပစ္စည်းတရားတို့နှင့်တကွ ဖြစ်တတ်သည့် သဘောကြောင့် 'သပ္ပစ္စယ' မည်ကုန်၏။ ထိုသို့အကြောင်းပစ္စည်းနှင့်တကွ ဖြစ်တတ်သည့်သဘောရှိ၍ သပ္ပစ္စယဖြစ်သော ကြောင့်ပင်လျှင် 'သင်္ခတ' မည်ကုန်၏။ ထိုသို့ အကြောင်းတရားတို့က ပေါင်းပြီး ပြုပြင်အပ်သည့် သဘောရှိ၍ သင်္ခတ' ဖြစ်သောကြောင့် ပင်လျှင်'ပဋိစ္စသမုပ္ပန္န မည်ကုန်၏။

ထို ''သပ္ပစ္စယ၊ သင်္ခတ၊ ပဋိစ္စသမုပ္ပန္န'' မည်သော တရားတို့သည် အဘယ် တို့နည်း ဟူမူ– စိတ် ၈၉ ပါး၊ စေတသိက် ၅၂ ပါးနှင့် ရုပ် ၂၈ ပါးတို့ ဖြစ် ကုန်၏။

## စိတ် ၈၉ ပါး

စိတ် ၈၉ ပါးကို ''အကုသိုလ်စိတ် ၁၂၊ အဟိတ်စိတ် ၁၈၊ ယာမာဝစရ 'သောဘန' စိတ် ၂၄၊ ရူပါဝစရ စိတ် ၁၅၊ အရူပါဝစရ စိတ် ၁၂၊ လောကုတ္တရာစိတ် ၈'' ဟူ၍ ခြောက်မျိုး ခြောက်စား အားဖြင့် ဤသို့ ခွဲခြားနိုင်သည်။

(၁) **အကုသိုလ်စိတ်·၁၂**။ ။ယင်း ၁၂ ပါးတွင် လောဘကြောင့်ဖြစ် သော လောဘမူစိတ် ရှစ်ပါး + ဒေါသ ကြောင့်ဖြစ်သော ဒေါသမူစိတ် နှစ်ပါး+ မောဟကြောင့် ဖြစ်သော မောဟ မူစိတ် နှစ်ပါးရှိ၏။ ။လောဘမူစိတ် ရှစ်ပါးတွင် ဝမ်းမြောက်မှု'သောမနဿ' နှင့် တကွဖြစ်သောစိတ် လေးပါး+ လစ်လျူရှုမှု 'ဥပေက္ခာ'နှင့် တကွဖြစ်သော စိတ် လေးပါး ဟူ၍ လည်းကောင်း။ မှားယွင်း–မှားသောအမြင် 'ဒိဋ္ဌိ' နှင့် ယှဉ် သော စိတ် လေးပါး + ယင်း ဒိဋ္ဌိနှင့် မယှဉ်သောစိတ် လေးပါး ဟူ၍ လည်း ကောင်း ထပ်မံခွဲခြားသားသည်။

(၂) **အဟိတ်စိတ် ၁၈**။ ။ဟိတ်ခြောက်ပါး ယှဉ်ပါးပါးကြောင့် မယှဉ် သော စိတ်ကို 'အဟိတ်' စိတ် ဟု ခေါ်၏။ အဟိတ်စိတ် ၁၈ ပါးတွင် အဟိတ် အကုသိုလ်ဝိပါက်စိတ် ခုနစ်ပါး+အဟိတ်

ကုသိုလ်ဝိပါက်စိတ် ရှစ်ပါး+ အဟိတ်ကြိယာစိတ် သုံးပါး ၌၏။ တဖန်-ထို အဟိတ်ဝိပါက်စိတ် နှစ်မျိုး အသီးသီးတွင် စက္ခုဝိညာဉ်စိတ်, သောတဝိညာဉ် စိတ်, ဃာနဝိညာဉ်စိတ်, ဇိဝှာဝိညာဉ်စိတ်, ကာယဝိညာဉ်စိတ် တပါးစီ ပါ သဖြင့် နှစ်ခုပေါင်း ပဉ္စဝိညာဉ် ငါးခုမှာ စိတ်ပေါင်း ၁၀ပါးရှိ၏။ ယင်းကို ဒွေပဉ္စဝိညာဉ် ၁၀- ဟု ခေါ်၏။

ထို့ပြင် ယင်းအဟိတ်ဝိပါက်စိတ် နှစ်မျိုး၌ပါသော သမ္ပဋိစ္ဆိုင်းစိတ် နှစ်ခု နှင့် အဟိတ်ကြိယာစိတ် သုံး ပါး ထဲ ပဉ္စဒွါရာဝဇ္ဇန်းစိတ်၊ ပေါင်း သုံး ခု ကို 'မနောဓာတ်သုံးပါ' ဟု ခေါ်၏။ ဤစိတ် ၁၃ ပါးမှကြွင်းသော စိတ် ငါး ပါးနှင့် အဟိတ်ကိုက်မှတပါးကုန်သော စိတ်အားလုံးကို 'မနောဝိညာဏဓာတ်' (ခေါ်) မနောဝိညာဉ်စိတ် ဟု ခေါ်၏။

ဤ အကုသိုလ်စိတ် ၁၂ + အဟိတ် စိတ် ၁၈- ပေါင်း စိတ် ၃၀ ကို အသောဘန=မကောင်းကယ်သောစိတ်များ ဟု ခေါ်ပြီး၊ ကြွင်းသောစိတ်ပေါင်း ၅၉ ပါးကို သောဘန=တင့်တယ်သော စိတ်များဟု ခေါ်၏။

(၃) **ကာမာဝစရ 'သောဘန'စိတ် ၂၄။** ။ကာမ ၁၁ ဘုံ၌ အဖြစ်များ သော စိတ်ကို ကာမာဝစရ စိတ်ဟု ခေါ်၏။ ယင်းစိတ် ၂၄ ပါးကို သုံးမျိုးခွဲသော်- 'မဟာ'ကုသိုလ်စိတ် ရှစ်ပါး+ 'မဟာ' ဝိပါက်စိတ် ရှစ်ပါး+ 'မဟာ'ကြိယာစိတ် ရှစ်ပါး'' ဟူ၍ ၂၄ ပါးဖြစ်၏။ တဖန် ယင်းစိတ်သုံးမျိုးအသီးသီး၌ ''သောမနဿနှင့်တကွ ဖြစ်သော စိတ် လေးပါးစီ+ ဥပေက္ခာနှင့် တကွဖြစ်သောစိတ် လေးပါးစီ'' ဟူ၍ လည်းကောင်း၊ ဉာဏ်(ပညာ) နှင့် ယှဉ်သောစိတ် လေးပါးစီ+ဉာဏ်နှင့် မယှဉ်သောစိတ် လေးပါးစီ''ဟူ၍လည်းကောင်း ထပ်မံခွဲခြားထားသည်။

(၄) **ရူပါဝစရစိတ်-၁၅။** ။ဝန္ဓာငါးပါးရှိ ရူပပြဟ္မာ ၁၅-ဘုံ၌ အဖြစ် များသော စိတ်ကိုရူပါဝစရစိတ်ဟုခေါ်၏။ ယင်း ၁၅ ပါးကို သုံးမျိုးခွဲသော် ''ကုသိုလ်စိတ် ၅ပါး+ဝိပါက်စိတ်၅ပါး+ ကြိယာစိတ် ၅ပါး'' ဟူ၍ ၁၅ ပါးဖြစ်၏။ ယင်းစိတ် ၅ပါး အသီးသီးသည် ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, ပဉ္စမဈာန် ဟူ၍ ဈာန် ၅ပါးကို အစွဲပြုပြီး ဖြစ်ပေါ်လာသော စိတ်များဖြစ်၏။

(၅) **အရူပါဝစရစိတ်-၁၂**။ ။နာမ်ခန္ဓာ လေးပါးသာရှိသော အရူပ ဗြဟ္မာလေးဘုံ၌ အဖြစ်များသောစိတ်ကို အရူပါဝစရစိတ် ဟု ခေါ်၏။ ယင်းစိတ် ၁၂-ပါးကို သုံးမျိုးခွဲသော် "ကုသိုလ်စိတ်လေးပါး+ဝိပါက်စိတ်-လေးပါး+ကြိယာစိတ် လေးပါ" ဟူ၍ ၁၂ ပါးဖြစ်၏။ ယင်းစိတ် လေးပါးအသီးသီးသည် ဖြစ်ရာဘုံလေးပါးကိုအစွဲ ပြု၍ ဖြစ်ပေါ်လာသော စိတ်များဖြစ်၏။ ထိုစိတ် ၁၂ ပါးလုံးပင် ပဥ္စမ ဈာန်စိတ်များချည့် ဖြစ်ကြ၏။

ဤရူပါဝစရစိတ် ၁၅ ပါးနှင့် အရူပါဝစရစိတ် ၁၂ ပါးဟူသော စိတ် ၂၇ ပါးတို့သည် မြင့်မြတ်သည့် အဆင့်သို့ရောက်သောစိတ်များဖြစ်၍ ယင်း တို့ကို '**မဟဂ္ဂုတ်**'စိတ်များ ဟု ခေါ်၏။ ထိုစိတ် ၂၇ ပါးလုံးပင် ဉာဏ်နှင့် ယှဉ်သည့်စိတ်များချည်း ဖြစ်သည်။ ဗြဟ္မာဘုံ ၂၀ အနက် ဖော်ပြခဲ့သော ၁၉ ဘုံမှ ကြွင်းကျန်နေသော 'အသညသတ်' ဘုံ၌ကား ရုပ်ခန္ဓာတပါးသာ ရှိပြီး နာမ်ခန္ဓာလေးပါးခေါ် စိတ်, စေတသိက်ဟူသမျှ အလျှင်းမရှိကြကုန်။

ဖော်ပြခဲ့သောစိတ်ငါးမျိုးပါစိတ်ပေါင်း ၈၁ ပါးတို့သည်လောကသုံးပါး တို့၌ ဖြစ်သောစိတ်များ ဖြစ်၍ ယင်းတို့ကို '**လောကီ**' စိတ်များဟု ခေါ်၏။

(၆) **လောကုတ္တရာစိတ်-၈**။ ။လောကီစိတ် ၈၁ ပါးတို့ထက် သာလွန် မြင့်မြတ်သော စိတ်များကို လောကုတ္တရာ စိတ် (လောကသုံးပါးမှ ထွက်မြောက်ရာ စိတ်) ဟု ခေါ်၏။ ယင်းစိတ် ရှစ်ပါးကို နှစ်မျိုးခွဲသော်မဂ်စိတ်လေးပါး + ဖိုလ်စိတ် လေးပါး" ဟူ၍ ရှစ်ပါးဖြစ်၏။ ထိုစိတ် ၄လေးပါး အသီးသီးသည် မဂ်ပုဂ္ဂိုလ်လေးဦး၊ ဖိုလ်ပုဂ္ဂိုလ် လေးဦးကို အစွဲပြု၍ ဖြစ်ပေါ်လာသည့်စိတ်များ ဖြစ်ကြ၏။

## စေတသိက် ၅၂ ပါး

စိတ် ၈၉ ပါးတို့ကို မှီ၍ ဖြစ်ကြရသော တရားများကို စေတသိက်ဟု ခေါ်၏။ တနည်းအားဖြင့် စေတသိက်တို့မည်သည် စိတ်၏ ဂုဏ်အရည်အချင်း ဖြစ်သည့် တရားများဖြစ်ကြ၏။ စိတ်ဖြစ်တိုင်း, စေတသိက်တို့က တပြိုင်နက် အတူတကွ ဖြစ်ကြရ၏။ ထို့ကြောင့်စိတ်နှင့် စေတသိက်တို့သည် "တူသော ဖြစ်ခြင်း၊ တူသောချုပ်ခြင်း၊ တူသောမှီရာဝတ္ထုရှိခြင်း၊ တူသောအာရုံရှိခြင်း" ဟူသော သမ္ပယုတ် လက္ခဏာ လေးပါးတို့ဖြင့် အခါခပ်သိမ်း မကွေမကွာ အတူတကွ ယှဉ်တွဲ ဖြစ်ကြရကုန်၏။

စေတသိက် ၅၂ ပါးကို လေးမျိုး လေးစား ခွဲခြားထား၏။

(၁) သဗ္ဗစိတ္တသာဓာရဏစေတသိက် ခုနစ်ပါး။ ။စိတ် ၈၉ ပါးလုံးနှင့် ယှဉ်သောစေတသိက်များဖြစ်ကြ၏။

(၂) ပကိဏ်းစေတသိက်ခြောက်ပါး။ ။စိတ် ၈၉ ပါးတို့အထဲတွင် စိတ်ပေါင်း များစွာတို့၌ ရောပြွမ်းယှဉ်ကြသောစေတသိက်များဖြစ်ကြ၏။

(၃) အကုသိုလ်စေတသိက် ၁၄ ပါး။ ။အကုသိုလ်စိတ် ၁၂ ပါးတို့၌သာ ထိုက်သည့်အားလျော်စွာ ယှဉ်ကြသော စေတသိက်များ ဖြစ်ကြ၏။

(၄) သောဘနစေတသိက် ၂၅ ပါး။ ။သောဘနစိတ် ၅၉ ပါး တို့၌သာ ထိုက်သည့် အားလျော်စွာ ယှဉ်ကြသော စေတသိက်များ ဖြစ်ကြ၏။ ထိုစေတသိက် ၂၅ ပါးကို လေးမျိုး ခွဲခြားသား၏ (က) သောဘနသာဓာရဏစေတသိက် ၁၉ ပါး– သောဘန စိတ် ၅၉ ပါးသုံးဟို့၌တစုတပေါင်းတည်း အမြဲယှဉ်သော စေတသိက်များ ဖြစ်ကြ၏။ (ခ) ဝိရတိစေတသိက် သုံးပါး–မကောင်းမှုဒုစရိုက်မှ ရှောင်ကြဉ် သော စေတသိက်များ ဖြစ်ကြ၏။ (ဂ) အပ္ပမညာစေတသိက် နှစ်ပါး-သတ္တဝါ တို့ကို အာရုံပြု၍ သနားမှု, ဝမ်းမြောက်မှုဖြစ်သော စေတသိက်များ ဖြစ်ကြ၏။ (ဃ) ပညိန္ဒြေဝေါ် ပညာစေတသိက် တပါး-ဉာဏ်နှင့် ယှဉ်သည့် စိတ်ပေါင်း ၄၇ ပါး (ကာမာဝစရစိတ်ထဲမှ ၁၂ + မဟဂ္ဂုတ်စိတ် ၂၇ + လောကုတ္တရာ စိတ် ၈) ၌သာ ယှဉ်၍ဖြစ်သော စေတသိက် ဖြစ်၏။

## ၂၄ ပစ္စည်းနှင့် စိတ်, စေတသိက်

၂၄ ပစ္စည်းဟို့တွင် "အာရမဏ၊ အနန္တရ၊ သမနန္တရ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဥပနိဿယ၊ ကမ္မ၊ အာဟာရ၊ ဣန္ဒြိယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ" ဟူသော -ပစ္စည်း တို့သည် အလုံးစုံသောစိတ္တုပ္ပာဒ် (ဝါ)စိတ်, စေတသိက် တို့အား ဘက်ဘက်ကျေးဇူးပြုကြကုန်၏။ ထိုစကားမှန်၏။ တစုံတခုသော စိတ်, တစုံတခုသောစေတသိက်သည် အာရမဏပစ္စည်းနှင့် (ဝါ) အာရုံ ခြောက်ပါး တပါးပါးနှင့်ကင်း၍ဖြစ်သည်မရှိပေ။ ထိုအတူ အနန္တရ - အစရှိသော ပစ္စည်း တို့နှင့်ကင်း၍ဖြစ်သည် မရှိ (ဝါ) မဖြစ်နိုင်။

တဖန်-''ဟေတု၊ အဓိပတိ၊ ပုရေဇာတ၊ အာသေဝန၊ ဝိပါက၊ ဈာန၊ မဂ္ဂ၊ ဝိပ္ပယုတ္တ'' ဟူသော **ရှစ်ပစ္စည်း** တို့သည် အချို့သော စိတ္တုပ္ပါဒ် (၀၁) စိတ်၊ စေတသိက်တို့အားသာ ဆက်ဆံ ကျေးဇူး ပြုကုန်၏။ ထို ရှစ်ပစ္စည်းတို့တွင်—

**'ဟေတု'** ပစ္စည်းသည် သဟိတ်စိတ်၊ စေတသိက်များ အားသာ ဆက်ဆံ ကျေးဇူးပြု၏။

**'အဓိပတိ'** ပစ္စည်းသည် အဓိပတိဇော စိတ္တုပ္ပါဒ်တို့ အားသာ ဆက်ဆံ ကျေးဇူးပြု၏။

**'ပုရေဇာတ'** ပစ္စည်းသည် အချို့သော စိတ္တုပ္ပါဒ် တို့အားသာ ဆက်ဆံ ကျေးဇူးပြု၏။

**'အာသေဝန'** ပစ္စည်းသည် ကုသိုလ်၊ အကုသိုလ်၊ ကြိယာ- ဇောစိတ်တို့ အားသာ ဆက်ဆံကျေးဇူးပြု၏။

**'ဝိပါက'** ပစ္စည်းသည် ဝိပါက်စိတ္တုပ္ပါဒ် တို့အားသာ ဆက်ဆံ ကျေးဇူး ပြု၏။

**'ဈာန'** ပစ္စည်းသည် မနောဓာတ်၊ မနောဝိညာဏဓာတ် စိတ္တုပ္ပါဒ်တို့ အားသာ ဆက်ဆံကျေးဇူးပြု၏။

**'မဂ္ဂ'** ပစ္စည်းသည် သဟိတ်စိတ္တုပ္ပါဒ်တို့အားသာ ဆက်ဆံကျေးဇူး ပြု၏။

**'ဝိပ္ပယုတ္တ'** ပစ္စည်းသည် အရူပဘုံ၌ ဖြစ်သည့် စိတ္တုပ္ပါဒ်တို့အား ဆက်ဆံ ကျေးဇူးပြုခြင်း မရှိ။

ဤသို့လျှင် အလုံးစုံသော စိတ္တုပ္ပါဒ်တို့အား ဆက်ဆံ ကျေးဇူးပြုသော ပစ္စည်းတို့မှာ ၁၅ ပါးရှိ၍၊ စိတ္တုပ္ပါဒ် အချို့အားသာ ဆက်ဆံ ကျေးဇူးပြုသည့် ပစ္စည်းတို့မှာရှစ်ပါးရှိကုန်၏။ တခုတည်းကြွင်းကျန်နေသည့် **'ပစ္ဆာဇာတ'** ပစ္စည်းသည်ကား ရုပ်တရားတို့အားသာ ဖြစ်သော (၀၁) ကျေးဇူး ပြုသော ပစ္စည်းဖြစ်၏။

အကျယ်ချဲ့၍ အသေးစိတ် ပြဆိုဦးအံ့-

## (၁) သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်ပါး

ယင်း စေတသိက် ၇ ပါးကား ''ဖဿ၊ ဝေဒနာ၊ သညာ၊ စေတနာ၊ ဧကဂ္ဂတာ၊ ဇီဝိတိန္ဒြေ၊ မနသိကာရ'' တို့ဖြစ်၏။ ထိုတွင် ယှဉ်ရာ **စိတ်** သည်

"အဓိပတိ၊ အာဟာရ၊ ဣန္ဒြိယ" ပစ္စည်းမျိုးဖြစ်၏။ **ဖဿ** သည် အာဟာရ ပစ္စည်းဖြစ်၏။ **ဝေဒနာ** သည် 'ဣန္ဒြိယ နှင့် ဈာန' ပစ္စည်း ဖြစ်၏။ **စေတနာ** သည် 'ကမ္မ နှင့် အာဟာရ' ပစ္စည်း ဖြစ်၏။ **ဧကဂ္ဂတာ** သည် 'ဣန္ဒြိယ, ဈာန, မဂ္ဂ, ပစ္စည်း ဖြစ်၏။ **ဇီဝိတိန္ဒြေ** သည် 'ဣန္ဒြိယ' ပစ္စည်း ဖြစ်၏။ ကြွင်းသော '**သညာ နှင့် မနသိကာရ**' တို့ကား ပစ္စည်း အထူး မဖြစ်ကုန်။ (ယင်းနှစ်ပါး သည်ပဲ ယှဉ်ဖက်စိတ် ၈၉ ပါး၊ အခြား စေတသိက်များ နှင့် ရော နှော ပါ သွားသည်သာတည်း။)

**ပဉ္စဝိညာဉ်စိတ်-၁၀။** ။ပဉ္စဝိညာဉ် ခေါ် ဝိညာဉ်စိတ် ငါးမျိုးတို့တွင် စက္ခုဝိညာဉ်စိတ်၌ သဗ္ဗစိတ္တသာဓာရဏစေတသိက် ခုနစ်ပါးတို့ ယှဉ်၍ ဖြစ်ကုန်၏။ ထိုနာမ်တရား ရှစ်ပါးတို့သည် အတူတကွဖြစ်ကုန်၏၊ ထိုနာမ်တရား ရှစ်ပါးတို့သည် ပစ္စည်း ခုနစ်ပါးတို့ဖြင့် အချင်းချင်း အား ကျေးဇူးပြုကုန်၏။ ထို ပစ္စည်း ခုနစ် ပါး တို့ ကား- "သဟဇာတကြီး လေးမျိုးနှင့် ဝိပ္ပယုတ္တကြဉ်သော သဟဇာတလတ် သုံးမျိုး" တို့ ဖြစ်ကုန်၏။

ထို့ပြင် နာမ်တရား ရှစ်ပါးတို့တွင် **စက္ခုဝိညာဉ်စိတ်** သည် ဆိုခဲ့ပြီးသော ခုနစ်ပစ္စည်းအပြင် ကြွင်းသောတရား ခုနစ်ပါးတို့အား 'အာဟာရ၊ ဣန္ဒြိယ' ပစ္စယသတ္တိတို့ဖြင့်လည်း ကျေးဇူးပြု၏။ ထို့အတူပင်– **ဖဿ** သည် အာဟာရ ပစ္စယသတ္တိဖြင့်၊ **ဝေဒနာ** သည် ဣန္ဒြိယ ပစ္စယ သတ္တိဖြင့်၊ **စေတနာ** သည် ကမ္မ နှင့် အာဟာရပစ္စယ သတ္တိတို့ဖြင့်၊ **ဧကဂ္ဂတာ** သည် ဣန္ဒြိယ ပစ္စယ သတ္တိဖြင့်၊ **ဇီဝိတိန္ဒြေ** သည် ဣန္ဒြိယပစ္စယသတ္တိဖြင့်လည်း ကြွင်းသောတရား ခုနစ်ပါး တို့အား ကျေးဇူးပြု၏။

**စက္ခုဝတ္ထု** ရုပ်သည် ထိုနာမ်တရား ရှစ်ပါးတို့အား ဝတ္ထုပုရေဇာတမျိုး ခြောက်ပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။ ထိုစက္ခုဝတ္ထုရုပ်၌ ဝင်ရောက်ထင်ပေါ် လာသော ပစ္စုပ္ပန် ရူပါရုံ တို့သည် ထို နာမ်တရားရှစ်ပါးတို့အား အာရမ္မဏ ပုရေဇာတမျိုး လေးပစ္စည်းတို့ဖြင့် ကျေးဇူးပြု၏။ စက္ခုဒွါရဝီထိစိတ် ဖြစ်စဉ် အရ စက္ခုဝိညာဉ်စိတ် မဖြစ်မီ အခြားမဲ့၌ ချုပ်လေပြီးသော ပဉ္စဒွါရာဝဇ္ဇန်း စိတ်ကလည်း ထိုနာမ်တရား ရှစ်ပါးတို့အား အနန္တရမျိုး ငါးပစ္စည်း တို့ဖြင့် ကျေးဇူးပြု၏။

ရှေး၌ ဖြစ်ခဲ့ဘူးသော ကုသိုလ်, အကုသိုလ်ကံတို့က အဟိတ် ကုသလ ဝိပါက်၊အဟိတ်အကုသလ ဝိပါက်ဖြစ်သော စက္ခုဝိညာဉ်စိတ် နှစ်ပါးအား နာနက္ခဏိက ကမ္မ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။ ထိုကုသိုလ်, အကုသိုလ်ကံ၏ အဖော်ဖြစ်သော အဝိဇ္ဇာ (မောဟ), တဏှာ (လောဘ), ဥပါဒါန်တို့က လည်းကောင်း၊ ဤပစ္စုပ္ပန်ဘဝ၌ နေရာ, ပုဂ္ဂိုလ်,ဥတု,ဘောဇဉ် စ သည် တို့ အား လည်းကောင်း ထိုနာမ်တရား ၅စ်ပါးတို့အား ပကတူပနိဿယ ပစ္စယ သတ္တိဖြင့် ကျေးဇူးပြု၏။

ဤ စက္ခုဝိညာဉ်စိတ်၌ ''ဟေတု၊ အဓိပတိ၊ ပစ္ဆာဇာတ၊ အာသေဝန၊ ဈာန၊ မဂ္ဂ'' ဟူသော ခြောက်ပစ္စည်းတို့ကို မရကုန်။ ကြွင်းသော ၁၈-ပစ္စည်း တို့ကို ရနိုင်ကုန်၏။ သောတဝိညာဉ်, ဃာနဝိညာဉ်, ဇိဝှာဝိညာဉ်, ကာယ ဝိညာဉ်စိတ်တို့၌လည်း ထိုစက္ခုဝိညာဉ်စိတ်အတိုင်းပင် ၁၈-ပစ္စည်းရ၍၊ ခြောက် ပစ္စည်း မရခြင်းတို့ကို သိပါလေ။

## (၂) ပကိဏ်းစေတသိက်ခြောက်ပါး

ယင်းစေတသိက်ခြောက်ပါးတို့အား ''ဝိတက်၊ ဝိစာရ၊ အဓိမောက္ခ၊ ဝီရိယ၊ ပီတိ၊ ဆန္ဒ''တို့ ဖြစ်ကြ၏။ ထိုခြောက်ပါးတို့တွင် **ဝိတက်** သည် 'ဈာန နှင့် မဂ္ဂ' ပစ္စည်းဖြစ်၏။ **ဝိစာရ** သည် 'ဈာန'ပစ္စည်း ဖြစ်၏။ **'ဝီရိယ'** သည် 'အဓိ ပတိ၊ မဂ္ဂ၊ ဣန္ဒြိယ' ပစ္စည်းဖြစ်၏။ **ပီတိ** သည် 'ဈာန'ပစ္စည်းဖြစ်၏။**ဆန္ဒ**သည် 'အဓိပတိ' ပစ္စည်းမျိုး ဖြစ်၏။ **အဓိမောက္ခ** သည်ကား ပစ္စည်းအထူးမရှိ။ (ယှဉ်ဖက်စိတ်များ, အခြားစေတသိက်များနှင့် ရောနှော ပါသွားသည်သာ တည်း)

**အဟိတ်စိတ်ငါးပါး။** ။ပဉ္စဒွါရာဝဇ္ဇန်း ၁+သမ္ပဋိစ္ဆိုင်း- ၂+ဥပေက္ခာ သန္တီရဏ- ၂'' ဟူသော အဟိတ်စိတ် ငါးပါး တို့၌သဗ္ဗစိတ္တသာဓာရဏစေတသိက် ခုနစ်ပါးနှင့် 'ဝိတက်,ဝိစာရ,အဓိမောက္ခ' ဟူသော ပကိဏ်းစေတသိက် သုံးပါး-ပေါင်း စေတသိက် ၁၀ ပါးတို့ ယှဉ်၍ ဖြစ်ကုန်၏။ စိတ်နှင့်တကွ ထိုစေတသိက်၁၀ပါးတို့သည် နာမ်တရား ၁၁ပါး ဖြစ်ကုန်၏။ ဤစိတ်တို့၌ ဈာနပစ္စည်း ရ၏။ **'ဝေဒနာ**, ဧကဂ္ဂတာ, ဝိတက်, ဝိစာရ'တို့သည် ဈာနပစ္စယသတ္တိကို ပြီးစေကုန်၏။

**'ပဉ္စဒွါရာဝဇ္ဇန်း'**စိတ်သည် ကြိယာစိတ်ဖြစ်၍ 'ဝိပါက'ပစ္စည်းမရှိ (မရ)။ [နာနက္ခဏိကမ္မသည်လည်း ဥပနိဿယပစ္စည်းနေရာ၌ တည်၏] ထို့ကြောင့်

ပဋ္ဌဒွါရာဝဇ္ဇန်းစိတ်၌ ဝိပါကပစ္စည်းနှင့်တကွ ပစ္စည်းခြောက်ပါး [ဟေတု၊ အဓိပတိ၊ ပစ္ဆာဇာတ၊ အာသေဝန၊ မဂ္ဂ၊ ဝိပါက] တို့ကိုမရပဲ ကြွင်းသော ပစ္စည်း ၁၈ ပါးတို့သာ ရနိုင်ကုန်၏။ 'သမ္ပဋိစ္ဆိုင်း၊သန္တိရဏ'ဟူသော ဝိပါက် စိတ် လေးခုတို့၌[အထက်ခြောက် ပစ္စည်းထဲမှ ဝိပါကကို ရသည်ဖြစ်၍]ပစ္စည်း ငါးပါးကို မရနိုင်ပဲ ဝိပါက, ဈာနတို့နှင့်တကွ ကျန်ပစ္စည်း ၁၉ ပါး တို့ကို ရနိုင်ကုန်၏။

**ကျန်အဟိတ်စိတ်သုံးပါး။** ။ယင်းစိတ်သုံးပါးကား "အဟိတ်ဝိပါက်ထဲမှ သောမနဿသန္တိရဏ တပါး၊အဟိတ်ကြိယာ ထဲမှ မနောဒွါရာဝဇ္ဇန်းနှင့် ဟသိတုပ္ပါဒ်စိတ်" ပေါင်း သုံးပါးတို့ ဖြစ်၏။ ထိုတွင် သောမနဿသန္တိရဏစိတ်၌ ပီတိစေတသိက်နှင့်တကွ[အထက်ဖော်ပြပါ စေတသိက် ၁၀ ပါး]စေတသိက် ၁၁ ပါးတို့ ယှဉ်ကုန်၏။ မနောဒွါရာဝဇ္ဇန်း စိတ်၌ ဝီရိယစိတ်နှင့်တကွ စေတသိက် ၁၁ပါးတို့ ယှဉ်ကုန်၏။ ဤသို့စိတ်နှင့် စေတသိက် ၁၁ ပါး-ပေါင်း ၁၂ ပါးတို့သည် နာမ်တရားများ ဖြစ်ကြ၏။ ဟသိတုပ္ပါဒ်စိတ်၌ ပီတိ, ဝီရိယနှင့်တကွ စေတသိက် ၁၂ပါးတို့ ယှဉ်ကုန်၏။ စိတ်နှင့်တကွ ထိုစေတသိက် ၁၂ ပါး-ပေါင်း ၁၃ ပါးတို့သည် နာမ်တရား များ ဖြစ်ကြ၏။

ထိုတွင် '**သောမနဿသန္တိရဏ**' စိတ်၌ ပီတိ စေတသိက်မျှသာ ပိုလွန်း သဖြင့် ဥပေက္ခာသန္တိရဏ၌ [ပြဆိုခဲ့သော ပစ္စည်းခြောက်ပါးအနက် ဈာန ပစ္စည်းသာ ရသည်ဖြစ်၍] ဈာနပစ္စည်းမှတပါးသော ၅ ပစ္စည်းတို့ကိုမရကုန်။ ကျန်၁၉ ပစ္စည်းတို့ကိုသာ ရနိုင်ကုန်၏။ 'မနောဒွါရာဝဇ္ဇန်း'စိတ်၌လည်း ဝီရိယ စေတသိက်မျှသာ ပိုလွန်၏။ ထိုဝီရိယစေတသိက်သည် "ဣန္ဒြိယကိစ္စ၊ ဈာန ကိစ္စ"ကိုသာ ပြီးစေနိုင်ပြီး၊ 'အဓိပတိ ကိစ္စနှင့် မဂ္ဂကိစ္စ' ကို မပြီး စေနိုင်။ ထို့ကြောင့်- ပဋ္ဌဒွါရာ ဝဇ္ဇန်းစိတ် ကဲ့သို့ပင် ဝိပါကပစ္စည်းနှင့်တကွ ပစ္စည်း ခြောက်ပါး(ဟေတု,အဓိပတိ, ပစ္ဆာဇာတ, အာသေဝန,မဂ္ဂ, ဝိပါက) တို့ကို မရနိုင်ပဲ၊ ဈာန ပစ္စည်း နှင့် တကွ ကျန် ၁၈ ပစ္စည်း တို့သာ ရနိုင် ကုန်၏။ '**ဟသိတုပ္ပါဒ်**'စိတ်သည် ဇောစိတ်ဖြစ်၍ ယင်း၌ အာသေဝနပစ္စည်းကား ရ နိုင်သော်သည်း၊ကြိယာစိတ်ဖြစ်၍ ဝိပါကပစ္စည်းကို မရနိုင်။ထို့ကြောင့်ဝိပါက ပစ္စည်းနှင့်တကွ ပစ္စည်းငါးပါး (ဟေတု၊အဓိပတိ၊ ပစ္ဆာဇာတ၊မဂ္ဂ ဝိပါက) တို့ကို မရနိုင်ပဲ၊ကြွင်း ၁၉ ပစ္စည်းတို့ကို ရနိုင်ကုန်၏။

## (၃) အကုသိုလ် စေတသိက် ၁၄ ပါး

"လောဘမူစိတ်-၈+ဒေါသမူစိတ်-၂+မောဟမူစိတ်-၂"ဟူသော အကုသိုလ်စိတ် ၁၂ပါးတို့၌ အကုသိုလ် စေတသိက် ၁၄ပါးတို့ ထိုက်သည် အားလျော်စွာ ယှဉ်၍ ဖြစ်ကုန်၏။ ထိုအကုသိုလ် စေတသိက် ၁၄ ပါးတို့တွင်-

(၁) လောဘ၊ဒိဋ္ဌိ၊မာနတို့သည် လောဘ စေတသိက် သုံးပါးစု ဖြစ်၏။ (၂)ဒေါသ၊ဣဿာ၊မစ္ဆရိယ၊ကုက္ကုစ္စ တို့သည် ဒေါသစေတသိက် လေးပါးစု ဖြစ်၏။(၃) မောဟ၊အဟိရိက၊အနောတ္တပ္ပ၊ဥဒ္ဓစ္စ တို့သည် မောဟစေဘသိက် လေးပါးစုဖြစ်၏။(၄) ထိန၊မိဒ္ဓ၊ဝိစိကိစ္ဆာ တို့သည် သီးခြားစေတသိက် သုံးပါးစုဖြစ်၏။ ဤသို့ လေးစုခွဲ၍ မှတ်သားပါလေ။

ထိုအကုသိုလ် စေတသိက်တို့တွင် "**လောဘ၊ဒေါသ၊မောဟ**"စေတသိက်ဟူသော မူလတရား သုံးပါး တို့သည် ဟေတု ပစ္စည်း ဖြစ်ကုန်၏။ 'ဒိဋ္ဌိ' စေတသိက်သည် မိစ္ဆာမဂ္ဂင်တရားဖြစ်၍မဂ္ဂပစ္စည်းဖြစ်၏။ကြွင်းသောစေတသိက် ၁၀ ပါးတို့ကား ပစ္စည်းအထူး မဖြစ်ကုန်။ (ယှဉ်ဖက်စိတ်များ၊ အခြားစေတသိက်များနှင့် ရောနှော ပါသွားကြသည် သာတည်း။)

**လောဘမူစိတ်ရှစ်ပါး။** ။လောဘမူစိတ်ရှစ်ပါးတို့၌"သဗ္ဗစိတ္တသာဓာရဏစေတသိက် ခုနစ်ပါး+ ပကိဏ်း စေတသိက် ခြောက်ပါး+မောဟစေတသိက်စု လေးပါး+လောဘစေတသိက်စု သုံးပါး+ ထိနနှင့်မိဒ္ဓ"ဟူ၍ စေတသိက် ၂၂ပါးတို့ ယှဉ်ကုန်၏။

ထိုစေတသိက် ၂၂ ပါးတို့တွင် 'လောဘနှင့် မောဟ' တို့သည် ဟေတုပစ္စည်းဖြစ်၏။ "ဆန္ဒ၊စိတ်၊ဝီရိယ" ဟူသော နာမ်တရား သုံးပါး တို့သည် အဓိပတိမျိုးဖြစ်၍ တခါတရံ အဓိပတိ ကိစ္စကို ပြီးစေကုန်၏။ 'စေတနာ၊ စေတသိက်သည်ကမ္မပစ္စည်းဖြစ်၏။"ဖဿ၊စေတနာ၊ဝိညာဉ် (စိတ်)" ဟူသော နာမ်အာဟာရ သုံးပါးတို့သည် အာဟာရ ပစ္စည်းဖြစ်၏။ "စိတ်နှင့် ဝေဒနာ၊ ဧကဂ္ဂတာ၊ဇီဝိတိန္ဒြေ၊ဝီရိယ"စေတသိက် ဟူသော ဣန္ဒြေတရား ငါးပါး တို့သည် ဣန္ဒြိယပစ္စည်း ဖြစ်၏။ "ဝိတက်၊ ဝိစာရ၊ ပီတိ၊ ဝေဒနာ၊ ဧကဂ္ဂတာ" စေတသိက် ဟူသော ဈာနင်တရား ငါးပါး တို့သည် ဈာနပစ္စည်း ဖြစ်၏။ "ဝိတက်၊ဧကဂ္ဂတာ၊ဒိဋ္ဌိ၊ဝီရိယ" စေတသိက် ဟူသော မဂ္ဂင်တရား လေးပါး တို့သည် မဂ္ဂပစ္စည်းဖြစ်၏။

ဤလောဘမူ စိတ်တို့၌ 'ပစ္စာဇာတနှင့်ဝိပါက 'ဟူသော နှစ်ပစ္စည်း တို့ကို မရအပ်ကုန်။ကြွင်းသော ၂၂ပစ္စည်းတို့ကို ရအပ်ကုန်၏။

**ဒေါသမူစိတ်နှစ်ပါး။** ။ဒေါသမူစိတ် နှစ်ပါးတို့၌ ''လောဘမူစိတ်၌ ယှဉ်သည့် စေတသိက် ၂၂ ပါးထဲမှ 'ပီတိနှင့်လောဘ၊ စေတသိက် သုံးပါးစု' ဤလေးပါးကိုနုတ်၍ ဒေါသစေတသိက် လေးပါးစုကို ပေါင်းထည့်လျက်- စေတသိက် ၂၂ ပါးတို့ပင် ယှဉ်၍ ဖြစ်ကုန်၏။

'ဒေါသနှင့်မောဟ' စေတသိက် နှစ်ပါးတို့သည် ဟေတု ပစ္စည်းဖြစ်၏။ (လောဘမူစိတ်ကိုကြည့်ပါ)—အဓိပတိမျိုးတို့သည် သုံးပါးဖြစ်၏။ အာဟာရ ထိုက်သော တရားတို့သည် သုံးပါးဖြစ်၏။ ဣန္ဒြေထိုက်သော တရားတို့သည် ငါးပါးဖြစ်၏။ ဈာနင်ထိုက်သော တရားတို့သည် (ပီတိမပါ)လေးပါးဖြစ်၏။ မဂ္ဂင်ထိုက်သော တရားတို့သည် (ဒိဋ္ဌိမပါ) သုံးပါးဖြစ်၏။ ဤဒေါသမူ စိတ္တုပ္ပါဒ်၌လည်း 'ပစ္စာဇာတနှင့် ဝိပါက' ပစ္စည်းနှစ်ပါးကို မရအပ်ကုန်။ ကြွင်း၂၂ ပစ္စည်းတို့ကို ရအပ်ကုန်၏။

**(၁) မောဟမူစိတ်နှစ်ပါး။** ။မောဟစိတ် နှစ်ပါးမှာ 'ဝိစိကိစ္ဆာ'နှင့် ယှဉ်သော စိတ်နှင့်'ဥဒ္ဓစ္စ'နှင့် ယှဉ်သော စိတ်တို့ဖြစ်၏။ ထိုမောဟမူစိတ် နှစ်ပါးတွင်-

(၁) ဝိစိကိစ္ဆာနှင့် ယှဉ်သော စိတ်၌ ''သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်ပါး+ဝိတက်,ဝိစာရ,ဝီရိယ''ဟူသောပကိဏ်းစေတသိက်သုံးပါး×မောဟ စေတသိက် လေးပါးစု+ဝိစိကိစ္ဆာ''ဟူသော စေတသိက် ၁၅ ပါးတို့ ယှဉ်၍ ဖြစ်ကုန်၏။ ထိုစိတ်နှင့်စေတသိက် ၁၅ ပါးတို့သည် နာမ်တရား ၁၆ ပါးတို့ ဖြစ်ကုန်၏။

ထိုနာမ်တရား ၁၆ ပါးတို့တွင် 'မောဟ'စေတသိက်သည် ဟေတု ပစ္စည်း ဖြစ်၏။ 'ဝိတက်နှင့် ဝီရိယ'တို့သည် မဂ္ဂပစ္စည်းဖြစ်၏။ 'ဧကဂ္ဂတာ'စေတသိက် သည်ကား ဝိစိကိစ္ဆာစေတသိက်က နှောင့်ယှက် ဖျက်ဆီးအပ်သောကြောင့် ဤစိတ်၌ 'ဣန္ဒြိယကိစ္စနှင့် မဂ္ဂကိစ္စ'ကို မပြီးစေပဲ၊ ဈာနကိစ္စမျှကိုသာ ပြီးစေ ၏။ ဤစိတ်၌ 'အဓိပတိ၊ ပစ္စာဇာတနှင့် ဝိပါက' ဟူသော ပစ္စည်းသုံးပါး တို့ကိုမရပဲ ကြွင်းသော ၂၁ ပစ္စည်းတို့ကို ရအပ်ကုန်၏။

(၂) ဥဒ္ဓစ္စနှင့်ယှဉ်သောစိတ်၌ ယင်းစေတသိက် ၁၅ ပါးထဲပါ 'ဝိစိ ကိစ္ဆာ'စေတသိက်ကိုနုတ် အဓိမောက္ခစေတသိက်ကို ထည့်သွင်း၍ စေတသိက်

၁၅ ပါးတို့ပင် ယှဉ်ရ၍ဖြစ်ကုန်၏။ ထိုစိတ်နှင့် စေတသိက် ဟူသော တရား ၁၆ ပါးတို့သည် နာမ်တရားများဖြစ်ကြ၏။

ဤစိတ်၌'ကေဂ္ဂတာ' စေတသိက်သည် 'ဈာနင်္ဂ, မဂ္ဂင်္ဂ'တို့ကို ပြီးစေ၏။ ဤစိတ်၌ 'အဓိပတိ၊ပစ္ဆာဇာတနှင့် ဝိပါက'ဟူသော ပစ္စည်းသုံးပါးတို့ကို မရအပ်။ ကြွင်းသော ၂၁ ပစ္စည်းတို့ကိုသာ ရအပ်ကုန်၏။

## (၄) သောဘနစေတသိက် ၂၅ ပါး

သောဘနစိတ်ပေါင်း ၅၉ ပါးတို့ ၌သာ ယှဉ်သည့် 'သောဘနစေတသိက်' ပေါင်း ၂၅ ပါး ရှိ၏။ ယင်းတို့ကို လေးမျိုး လေးစား ခွဲခြား ထား၏။ ယင်းတို့မှာ-

(၁) **သောဘနသာဓာရဏစေတသိက် ၁၉ ပါး။** ။''သဒ္ဓါ,သတိ, ဟိရိ, ဩတ္တပ္ပ, အလောဘ, အဒေါသ,တ ြတ္တမဇ္ဈတ္တတာ, ကာယပဿဒ္ဓိ, စိတ္တပဿဒ္ဓိ, ကာယလဟုတာ, စိတ္တလဟုတာ, ကာယမုဒုတာ, စိတ္တမုဒုတာ, ကာယကမ္မညတာ, စိတ္တကမ္မညတာ, ကာယပါဂုညတာ,စိတ္တပါဂုညတာ, ကာယုဇုကတာ,စိတ္တုဇုကတာ'' တို့ဖြစ်သည်။

(၂) **ဝိရတိစေတသိက် သုံးပါး** ''သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ''တို့ဖြစ်၏။

(၃) **အပ္ပမညာစေတသိက်နှစ်ပါး** ''ကရုဏာ နှင့် မုဒိတာတို့ ဖြစ်၏။
(၄) ပညိန္ဒြေခေါ်ပညာ=အမောဟ စေတသိက်။

ထိုစေတသိက် ၂၅ ပါးတို့တွင်''အလောဘ၊အဒေါသ၊အမောဟ (ပညာ) စေတသိက်သုံးပါးတို့သည် ဟေတုပစ္စည်းဖြစ်၏။အမောဟ (ပညာ)စေတသိက်သည် အဓိပတိပစ္စည်း၌ 'ဝိမံသာ ဓိပတိ' လည်းကောင်း၊ ဣန္ဒြိယ ပစ္စည်း၌ ပညိန္ဒြေလည်းကောင်း၊မဂ္ဂပစ္စည်း၌ သမ္မာဒိဋ္ဌိ လည်းကောင်း မည်လေ၏။ **'သဒ္ဓါ'** စေတသိက်သည် ဣန္ဒြိယပစ္စည်း၌ သဒ္ဓိန္ဒြေမည်၏။ **'သတိ'** စေတသိက်သည် ဣန္ဒြိယပစ္စည်း၌ သတိန္ဒြေမည်၍ မဂ္ဂပစ္စည်း၌ သမ္မာသတိ မဂ္ဂင်မည်၏။ **'ဝိရတိ'** စေတသိက် သုံးပါးတို့သည် မဂ္ဂပစ္စည်းဖြစ်၏။ ဤစေတသိက် ရှစ်ပါးမှ ကြွင်းသော စေတသိက် ၁၇ ပါးတို့သည် ပစ္စည်း အထူးတို့မဖြစ်ကုန်။

(ယှဉ်ဖက်စိတ်များ အခြား စေတသိက်များနှင့် ရောနှော ပါသွား ကြသည် သာတည်း။)

**'ကာမာဝစရ' မဟာကုသိုလ်စိတ်ရှစ်ပါး။** ။ဤစိတ်ရှစ်ပါးတို့၌ "သဗ္ဗစိတ္တသာဓာရဏ စေတသိက် ခုနစ်ပါး+ပကိဏ်ဏ စေတသိက် ခြောက်ပါး+ သောဘန စေတသိက် ၂၅ပါး" ပေါင်း စေတသိက် ၃၈ ပါးတို့ ယှဉ်၍ဖြစ်ကုန်၏။ထိုစေတသိက် ၃၈ပါးတို့တွင် 'ပီတိ' စေတသိက်သည် သောမနဿနှင့်ယှဉ်သော ကုသိုလ်စိတ် လေးပါးတို့၌ လည်းကောင်း၊ 'အမောဟ' (ပညာ) စေတသိက်သည် ဉာဏ်နှင့်ယှဉ်သော ကုသိုလ်စိတ် လေးပါးတို့၌ လည်းကောင်း ယှဉ်ကုန်၏။ 'ဝိရတီ' စေတသိက် သုံးပါးတို့သည် ဒုစရိုက်မှ ရှောင်ကြဉ်၍ သိက္ခာပုဒ်ကို စောင့်ထိန်းသော အခါ၌သာ ဖြစ်ကုန်၏။ 'အပ္ပမညာ' စေတသိက် နှစ်ပါးတို့သည် သတ္တဝါတို့၌ သနားကြင်နာခြင်း၊ ဝမ်းမြောက်ခြင်းကို ဖြစ်စေသော အခါတို့၌သာ ဖြစ်ကုန်၏။

ဤကာမကုသိုလ် ရှစ်ပါးတို့တွင် ဉာဏ်နှင့်မယှဉ်သော စိတ်လေးပါးတို့၌ 'အလောဘနှင့်အဒေါသ' နှစ်ပါးတို့သည် လည်းကောင်း၊ဉာဏ်နှင့်ယှဉ်သော စိတ်လေးပါးတို့၌ 'အလောဘ၊အဒေါသ၊အမောဟ' သုံးပါးတို့သည် လည်းကောင်း ဟေတုပစ္စည်းဖြစ်၏။ 'စိတ်နှင့်ဆန္ဒ၊ဝီရိယ၊ပညာ (ဝီမံသ) စေတသိက် သုံးပါး' ဤတရားလေးပါးတို့သည် အဓိပတိမျိုး ဖြစ်ကုန်၏။ 'စေတနာ' စေတသိက်သည် ကမ္မပစ္စည်းဖြစ်၏။ "ဝိညာဉ်(စိတ်)၊ဖဿ၊စေတနာ" ဟူသော အာဟာရတရား သုံးပါးတို့သည် အာဟာရပစ္စည်း ဖြစ်၏။ "စိတ်နှင့် တက္ခ၊ ဝေဒနာ၊ကေဂ္ဂတာ၊ဇီဝိတိန္ဒြေ၊သဒ္ဓါ၊ သတိ၊ဝီရိယ၊ပညာစေတသိက် ခုနစ်ပါး" ဟူသော ဣန္ဒြေထိုက်သည့် တရား ရှစ်ပါး တို့သည် ဣန္ဒြိယပစ္စည်း ဖြစ်၏။ "ဝိတက်၊ဝိစာရ၊ပီတိ၊ဝေဒနာ၊ကေဂ္ဂတာ" ဟူသော ဈာနင်ထိုက်သည့် တရား ငါးပါးတို့သည် ဈာနပစ္စည်း ဖြစ်၏။ "ပညာ၊ဝိတက်၊ဝိရတီ သုံးပါး၊ သတိ၊ ဝီရိယ၊ကေဂ္ဂတာ" ဟူသော မဂ္ဂင်ထိုက်သည့် တရား ရှစ်ပါး တို့သည် မဂ္ဂပစ္စည်းဖြစ်၏။

ဤ 'ကာမာဝစရ' မဟာ ကုသိုလ်စိတ် ရှစ်ပါးတို့၌ "ပစ္ဆာဇာတနှင့် ဝိပါက" ပစ္စည်း နှစ်ပါးတို့ကို မရအပ်ကုန်။ ကြွင်းသော ၂၂ ပစ္စည်း တို့ကို ရအပ်ကုန်၏။

**'ကမာဝစရ'မဟာကြိယာစိတ် ရှစ်ပါး။** ။ဤစိတ်ရှစ်ပါးတို့၌ ဝိရတီစေတသိက်သုံးပါးတို့မယှဉ်ကြသဖြင့် (ကုသိုလ်စိတ် တို့ကိုကြည့်) စေတသိက် ၃၅ ပါး တို့သာ ယှဉ်၍ဖြစ်ကုန်၏။ ကုသိုလ်စိတ် ရှစ်ပါး၌ ကဲ့သို့- ဤကြိယာ စိတ် ရှစ်ပါး တို့၌ "ပစ္ဆာဇာတနှင့်ဝိပါက"ပစ္စည်း နှစ်ပါးကို မရအပ်ကုန်၊ ကြွင်းသော ၂၂ ပစ္စည်းတို့ကို ရအပ်ကုန်၏။

**'ကာမာဝစရ'မဟာဝိပါက်စိတ် ရှစ်ပါး။** ။ဤစိတ် ရှစ်ပါးတို့၌ ဝိရတီသုံးပါးနှင့်အပ္ပမညာနှစ်ပါး" ဟူသော စေတသိက် ၅ါးပါးတို့ မယှဉ်ကြသဖြင့် (ကုသိုလ်စိတ်တို့ကိုကြည့်) စေတသိက် ၃၃ ပါးတို့သာ ယှဉ်၍ ဖြစ်ကုန်၏။ဤဝိပါက်စိတ် ရှစ်ပါး တို့၌ "အဓိပတိ၊ပစ္ဆာဇာတ၊အာသေဝန"ဟူသော သုံးပစ္စည်းတို့ကို မရအပ်ကုန်။ ကြွင်းသော ၂၁ ပစ္စည်းတို့ကို ရအပ်ကုန်၏။

**မဟဂ္ဂုတ်၊ လောကုတ္တရာစိတ်များ။** ။"ရူပါဝစရစိတ်-၁၅+ အရူပါဝစရစိတ်-၁၂ပါး" ပေါင်းစိတ် ၂၇ပါးတို့ကို မဟဂ္ဂုတ်စိတ်များ ဟုခေါ်၏။ ဤ မဟဂ္ဂုတ်စိတ် ၂၇ ပါးနှင့် လောကုတ္တရာစိတ် ရှစ်ပါးဟူသော စိတ်ပေါင်း ၃၅ ပါးတို့သည် ကာမာဝစရစိတ်တို့ထက်အထူးသဖြင့် ကြီးမြတ်ကုန်၏။အကြောင်းမူကား အာသေဝနသတ္တိ အားကြီးသည်၏ အဖြစ်ကြောင့်တည်း။

ထိုရူပ,အရူပ,လောကုတ္တရာစိတ်တို့သည် ဘာဝနာကံအထူးတို့ဖြင့် ပြီးစီးရသည် ဖြစ်သောကြောင့်၊ ထိုစိတ်တို့၌ 'အာသေဝန' ပစ္စည်းသည် အလွန်အားကြီးလေ၏။ထိုသို့အာသေဝနသတ္တိအားကြီးသည်၏အဖြစ်ကြောင့်လည်း'ဈာန်ဣန္ဒြိယပစ္စည်း၊ဈာနပစ္စည်း, မဂ္ဂပစ္စည်းနှင့် ထိုစိတ်တို့၌ ဖြစ်ကြသည့် အခြားသော ပစ္စည်းတို့သည် အလွန်အားကြီးကုန်၏။ ထိုသို့ ပစ္စည်းတို့၏ အဆင့်ဆင့်အင်အားကြီးသည်၏ အဖြစ်ကြောင့်၊ထိုရူပ,အရူပ,လောကုတ္တရာစိတ်တို့သည် ကာမစိတ်များထက် အထူးသဖြင့် ကြီးမြတ်လေကုန်၏။

ထိုရူပ,အရူပ, လောကုတ္တရာစိတ်တို့၌လည်း(ကာမာဝစရစိတ်များမှာကဲ့သို့ပင်) ၂၂-ပစ္စည်းတို့ကို ရအပ်ကုန်၏။ ဤစိတ်တို့သည် ဉာဏ်နှင့်ယှဉ်သည့် ကာမာဝစရ စိတ်များနှင့် ပစ္စည်းတို့၏ သဘောလက္ခဏာအားဖြင့်တူကြကုန်၏။

## ရုပ်၂၈ပါး

ရုပ် ၂၈ ပါးတို့ကား- (၁) ပထဝီ, အာပေါ, တေဇော, ဝါယော- ဟူသော မဟာဘုတ်ကြီးလေးပါး။ (၂) စက္ခု,သောတ,ဃာန,ဇိဝှာ,ကာယ– ဟူသော ပသာဒရုပ် ငါး ပါး၊(၃) ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ - ဟူသော ဂေါစရ ရုပ်ခုနစ်ပါး။ ထိုတွင် ဖောဋ္ဌဗ္ဗာရုံ ဟူသည် ပထဝီ,တေဇော,ဝါယော ဟူသော ဓာတ်ကြီး သုံးပါး အပေါင်းဖြစ်၍၊ မတူသော ရုပ်အရေအတွက်အားဖြင့် ဂေါစရရုပ်မှာ လေးပါးသာ ရှိ၏။ (၄) ဣတ္ထိဘာဝ, ပုမ္ဘာဝ ဟူသော အထီး,အမ ဘာဝ ရုပ် နှစ်ပါး၊ (၅) ဇီဝိတရုပ်တပါး၊ (၆) ဟဒယရုပ် တပါး၊ (၇) အာဟာရရုပ် တပါး။ (၈) ပရိစ္ဆေဒရုပ် ခေါ် အာကာသ ဓာတ် တပါး။ (၉)ကာယဝိညတ်, ဝစီဝိညတ် ဟူသော ဝိညတ်ရုပ် နှစ်ပါး။ (၁၁) ဥပစယ,သန္တတိ,ဇရတာ,အနိစ္စတာ ဟူသော လက္ခဏာရုပ် လေးပါး။

ထိုတွင် အမှတ် ၁ ပါး **မဟာဘုတ်ကြီး** လေးပါးမှ တပါးကုန်သောရုပ် ၂၄ ပါးတို့ကို **ဥပါဒါန်ရုပ်များ** ခေါ်၏။ မဟာဘုတ်ကြီး လေးပါးတို့ကို မှီ၍ ဖြစ်ကြသည့် ရုပ်များ ဟုဆိုလို၏။ ထို့ပြင် အမှတ် ၁ မှ ၇ အထိ။ (ဝါ) မဟာဘုတ် လေးပါးမှအစ အာဟာရရုပ် အဆုံးရှိသော ရုပ်ပေါင်း ၁၈ ပါး တို့ကို 'နိပ္ဖန္န' ရုပ်ဟုခေါ်၍၊ ကြွင်းသောရုပ် ၁၀ ပါးကို 'အနိပ္ဖန္န' ရုပ် ဟု ခေါ်၏။

**ရုပ်က ရုပ်အား ကျေးဇူးပြုပုံ။** ။ထိုရုပ် ၂၈ ပါးတို့တွင် မဟာဘုတ် လေးပါး၊ ဇီဝိတရုပ်, အာဟာရရုပ်- ဟူသော ရုပ်ခြောက်ပါးတို့သည် ရုပ်တရားတို့အား ကျေးဇူးပြုတတ် ကုန်၏။ ထိုသို့ ကျေးဇူးပြုရာ၌ '**မဟာဘုတ်**'တို့သည် အချင်းချင်းအား "သဟဇာတ, အညမည,နိဿယ,အတ္ထိ, အဝိဂတ" ဟူသော ငါးပစ္စည်းတို့ဖြင့် ကျေးဇူး ပြုတတ်ကုန်၏။ ယင်းမဟာဘုတ်လေးပါးတို့သည် မိမိတို့နှင့် တကွ /ဖြစ်ဖက် (သဟဇာတ်) ဖြစ်သည့် ဥပါဒါရုပ် တို့အားအညမညမှ တပါးသော "သဟ ဇာတ၊ နိဿယ၊ အတ္ထိ၊ အဝိဂတ" ဟူသောလေးပစ္စည်းတို့ဖြင့်ကျေးဇူးပြုတတ် ကုန်၏။ '**ဇီဝိတ**' ရုပ်သည် သဟဇာတ်ဖြစ်သော ကမ္မဇ ရုပ်တို့အား 'ဣန္ဒြိယ' ပစ္စယ သတ္တိဖြင့် ကျေး ဇူး ပြု တတ်၏။ **အာဟာရ** ရုပ် သည် သဟဇာတ် ဖြစ်သော- မဖြစ်သော အဇ္ဈတ္တိက ရုပ်အားလုံးတို့အား 'အာဟာရ' ပစ္စယသတ္တိ ဖြင့် ကျေးဇူးပြုတတ်၏။

**ရုပ်က နာမ်အား ကျေးဇူးပြုပုံ။** ။ထို ရုပ် ၂၈ ပါး တို့တွင် ပသာဒရုပ် ငါးပါး၊ ဂေါစရရုပ် ခုနစ်ပါး၊ ဟဒယဝတ္ထု ဟူသော ဤရုပ်တရား ၁၃ ပါးတို့သည် နာမ် တရား တို့အား အထူးသဖြင့် ကျေးဇူးပြုတတ်ကုန်၏။ ထိုသို့ကျေးဇူးပြုရာ၌—

(၁) **ပသာဒရုပ်ငါးပါး** တို့သည် ဝိညာဏဓာတ်ငါးပါးတို့အား (အမိသည် သားသမီးတို့အား ကျေးဇူး ပြုသကဲ့သို့) "ဝတ္ထုပုရေဇာတနိဿယ၊ ဝတ္ထုပုရေဇာတ၊ ဝတ္ထုပုရေဇာတိန္ဒြိယ၊ ဝတ္ထုပုရေဇာတဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ" ဟူသော ပစ္စယသတ္တိ ခြောက်ပါးတို့ဖြင့် ကျေးဇူးပြုကုန်၏။

(၂) **ဂေါစရရုပ်ခုနစ်ပါး**· တို့သည် ဝိညာဏဓာတ် ငါးပါးနှင့် မနောဓာတ် သုံးပါးတို့အား (အဘတို့သည် သားသမီးတို့အား ထောက်ပံ့ကုန်သကဲ့သို့) "အာရမဏ၊ အာရမဏ ပုရေဇာတ၊ အတ္ထိ၊ အဝိဂတ" ဟူသော ပစ္စယသတ္တိ လေးပါးတို့ဖြင့် ကျေးဇူး ပြုကုန်၏။

(၃) **ဟဒယဝတ္ထုရုပ်** သည် မနောဓာတ်, မနောဝိညာဏဓာတ် နှစ်ပါး တို့အား (သစ်ပင် သည် သစ်ပင်စောင့် ရုက္ခစိုး နတ်အား ကျေးဇူး ပြုသကဲ့သို့) ပဋိသန္ဓေ အခါ၌ "အညမည၊ နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ" ဟူသော ပစ္စယ သတ္တိ ခြောက်ပါး တို့ဖြင့် ကျေးဇူး ပြုတတ်၏။ ပဝတ္တိ အခါ၌ "အညမည မှတပါး· ပစ္စယသတ္တိ ငါးပါးတို့ဖြင့် ထိုက်သည့် အားလျော်စွာ ကျေးဇူးပြုလေ၏။

## ရုပ်ကလာပ်များ

ရုပ်ကလာပ်တို့သည် ၂၃ ပါး ရှိကုန်၏။ ထို ရုပ်ကလာပ် ၂၃ပါးတို့၌ (ကြိုး တချောင်းဖြင့် ဖွဲ့ချည်ထားအပ်သော ဆံပင်တို့၏ ဆံစု ဆံစည်းကဲ့သို့ လည်း ကောင်း၊ မြက်တို့၏ မြက်စုမြက်စည်းကဲ့သို့လည်းကောင်း) တခုသော ဇာတိ ရုပ်ဖြင့် ဖွဲ့စည်းထားအပ်သော ရုပ်တရားတို့၏ အပေါင်းအစုသည် ရုပ်ကလာပ် မည်၏။

ထို ရုပ်ကလာပ်၌ ''မဟာဘုတ်ကြီးလေးပါး, ရူပါရုံ, ဂန္ဓာရုံ, ရသာရုံ, အာဟာရ (ဩဇာ) ရုပ်'' ဟူသော ရုပ်တရား ရှစ်ပါးတို့သည် အလုံးစုံသော ရုပ်ကလာပ်တို့၏ အရင်းဖြစ်၍ '**သဒ္ဓမူလကလာပ်** (သုဒ္ဓဋ္ဌ-ကလာပ်) မည်၏။ တနည်း- ယင်း ရုပ် ရှစ်ပါးတို့သည် တခုစီ ခွဲခြား၍ မရစကောင်းသော ရုပ်များဖြစ်၍ '**အဝိနိဗ္ဘောဂရုပ်** များလည်း မည်၏။

**ကမ္မဇကလာပ်-ကိုးစည်း**။ ။ကံကြောင့် ဖြစ်သော ရုပ်ကို ကမ္မဇရုပ် ဟု ခေါ်၏။ ထိုကမ္မဇ ရုပ်တို့မှာ ၁၈ ပါးရှိ၏။ ယင်းတို့မှာ– ''ဝတ္ထုပ်ရုပ် ခြောက်ပါး+ဘာဝရုပ် နှစ်ပါး+ ဇီဝိတရုပ်တပါး (ကေန် ကမ္မဇရုပ် ကိုးပါး ဟု ခေါ်)နှင့် သဗ္ဗမူလ ကလာပ်ခေါ် ရုပ်ရှစ်ပါး+ အာကာသဓာတ်'' တို့ဖြစ်၏။ ယင်းကမ္မဇရုပ်တို့၏ အပေါင်း အစု ဖြစ်သည့် ကမ္မဇကလပ်တို့သည် ကိုးပါးရှိ၏။ ယင်း ကိုးပါးတို့မှာ သဗ္ဗမူလ ကလာပ်ရုပ် ရှစ်ပါးကို မူတည်၍၊ ကေန် ကမ္မဇရုပ် ကိုးပါးတို့ အသီးသီးကို လှည့် လည် ထည့်သွင်းထားခြင်းဖြစ်၏။

(၁) ဇီဝိတနဝက ကလာပ်- သဗ္ဗမူလကလာပ်ရုပ် ၈ + ဇီဝိတရုပ်။ (၂) စက္ခုဒသက ကလာပ်–ဇီဝိတ နဝက+စက္ခုပသာဒရုပ်။ (၃) သောတ ဒသက ကလာပ်– ဇီဝိတနဝက + သောတပသာဒရုပ်။ (၄) ဃာနဒသက ကလာပ်-ဇီဝိတနဝက+ဃာနပသာဒရုပ်။ (၅) ဇိဝှာဒသက ကလာပ်– ဇီဝိတ နဝက+ဇိဝှာပသာဒရုပ်။ (၆) ကာယဒသက ကလာပ်-ဇီဝိတနဝက+ကာယ ပသာဒရုပ်။ (၇) ဣတ္ထိဘာဝဒသက ကလာပ်-ဇီဝိတနဝက + ဣတ္ထိဘာဝရုပ်၊ (၈) ပုမ္ဘာဝဒသက ကလာပ်- ဇီဝိတနဝက+ပုမ္ဘာဝရုပ်။ (၉) ဝတ္ထုဒသက ကလာပ်-ဇီဝိတနဝက+ဟဒယဝတ္ထုရုပ်။

ထိုကမ္မဇကလာပ် ကိုးစည်းတို့တွင် ဇီဝိတနဝက ကလပ်, ကာယဒသက ကလာပ်, ဘာဝဒသက ကလာပ် နှစ်စီး ဟူသော ကလာပ် လေးစည်းတို့သည် သတ္တဝါတို့၏ တကိုယ်လုံး၌ ပျံ့နှံ့၍ ဖြစ်ကုန်၏။ ထိုစကားရပ်၌–

(၁) **ဇီဝိတနဝကကလာပ်** ဟူသည် ပါစကဂ္ဂိနှင့် ကာယဂ္ဂိတို့ပင် ဖြစ်၏။ ''ပါစကဂ္ဂိ'' ဟူသည် အစာအာဟာရကို ကျက်စေတတ်သော အပူဓာတ် အစုပင်တည်း။ ထိုပါစကတေဇောသည် အစာသစ်အိမ်၌ ဖြစ်၍ စားသောက်

လျက်အပ်သော အစာအာဟာရတို့ကို ကျက်စေတတ်၏။ "ကာယဂ္ဂိ" ဟူသည် ကား တကိုယ်လုံး၌ ပျံ့နှံ့၍ တည်သော 'ဥသ္မတေဇော' ခေါ် ကိုယ်ငွေ့ အပူ ဓာတ်အစုပင်တည်း။ ထို ဥသ္မတေဇောသည် တကိုယ်လုံး၌ ဖြစ်၍ သလိပ်, သည်းခြေ, သွေးတို့ကို မပုပ်မသိုးအောင်၊ကြည်လင်နေအောင် ပြုတတ်၏။

ထိုပါစကတေဇော, ဥသ္မတေဇော ဟူသော အပူဓာတ်နှစ်ပါးတို့ မညီ မညွတ် ဖြစ်လေသော် သတ္တဝါတို့သည် အနာရောဂါ များပြားကုန်၏။ ထိုအပူဓာတ်နှစ်ပါးညီမျှ နေလေသော် အနာရောဂါ နည်းပါကုန်၏။ ထို နှစ်ပါးသော ဇီဝိတနဝကသည် သတ္တဝါတို့၏အသက်ကို ပြည့်စုံစေတတ်၏။ အဆင်းကို ပြည့်စုံစေတတ်၏။

(၂) **ကာယဒသက ကလာပ်**သည် တကိုယ်လုံး၌ ချမ်းသာအတွေ့ဆင်းရဲ အတွေ့တို့ကို ဖြစ်စေ၏။ (၃) **ဣတ္ထိဘာဝဒသကကလာပ်** သည် မိန်းမတို့၏ အလုံးစုံသော မိန်းမအခြင်းအရာတို့ကို ဖြစ်စေ၏။(၄) **ပုမ္ဘာဝဒသကကလာပ်** သည် ယောကျ်ားတို့၏ အလုံးစုံသောယောကျ်ားအခြင်းအရာတို့ကို ဖြစ်စေ၏။

စက္ခုဒသကကလာပ်စသည် ကြွင်းသော ဒသကကလာပ် တို့သည်ကား 'ပဒေသ ဒသက' ခေါ် တစိတ်တဒေသ၌ ဖြစ်သော ဒသကတို့ မည်ကုန်၏။ (၅-၈)**စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှာဒသက** ကလာပ်တို့ သည် မျက်လုံး, နားတွင်း, နှာခေါင်းတွင်း, လျှာအပြင်တို့၌ ဖြစ်၍ မြင်ခြင်း, ကြားခြင်း, နမ်းခြင်း, လျက်ခြင်း တို့ကို ဖြစ်စေတတ်၏။ (၉) **ဝတ္ထုဒသက** ကလာပ်သည် နှလုံးအိမ်၏ အတွင်း၌ဖြစ်၍သတ္တဝါတို့၏အထူးထူးအပြားပြား သော ကောင်းသောအကြံ, မကောင်းသော အကြံတို့ကို ဖြစ်စေတတ်၏။

## စိတ္တဇကလာပ် ရှစ်စည်း

စိတ်ကြောင့်ဖြစ်သော ရုပ်သည် စိတ္တဇရုပ်မည်၏။ စိတ္တဇရုပ်မှာ ၁၅ပါး ရှိ၏။ ယင်းတို့မှာ "ဝိညတ်ရုပ်-၂+သဒ္ဒရုပ်+ဝိကာရရုပ် ၃" ပေါင်းခြောက်ပါး နှင့်တကွ၊ သဗ္ဗမူလကလာပ် ရုပ် ၈+အာကာသဓာတ်တို့ ဖြစ်၏။ သဗ္ဗမူလ ကလာပ် ရုပ် ရှစ်ပါးကိုမူတည်၍ ကေန်စိတ္တဇရုပ် ခြောက်ပါး အသီးသီးကို ထည့်သွင်းပြီး စိတ္တဇရုပ်တို့၏ အပေါင်းအစု ဖြစ်သည့် စိတ္တဇ ကလာပ်တို့သည် ရှစ်ပါးရှိကုန်၏။ ယင်းတို့မှာ—

(၁) **သဒ္ဒနဝကကလာပ်**-သဗ္ဗမူလကလာပ်ရုပ်ရှစ်ပါး+သဒ္ဒရုပ်။(၂)**ကာယဝိညတ္တိနဝကကလာပ်**- သဗ္ဗမူလ ကလာပ်ရုပ် ရှစ်ပါး + ကာယ ဝိညတ်ရုပ်။ (၃) **ဝစီဝိညတ္တိနဝကကလာပ်**-သဗ္ဗမူလကလာပ်ရုပ် ရှစ်ပါး + ဝစီဝိညတ်ရုပ်။ (၄) **သဒ္ဒဝစီဝိညတ္တိဒသကကလာပ်** သဗ္ဗမူလကလာပ်ရုပ် ရှစ်ပါး+သဒ္ဒရုပ်၊ ဝစီဝိညတ်ရုပ်။ထိုကလာပ်လေးစည်းတို့သည် စိတ္တဇမူလကလာပ်တို့ မည်ကုန်၏။ ယင်းကလာပ်လေးစည်းထဲသို့ "လဟုတာ၊ မုဒုတာ၊ ကမ္မညတာ" ဟူသော ဝိကာရရုပ် သုံးစည်းတို့ကို ပေါင်းထည့်သော် အောက်ပါ ကလာပ်လေးစည်းတို့ကို ထပ်ရလေ၏။

(၅) သဒ္ဒလဟုတာဒိဒွါဒသက ကလာပ်– သဒ္ဒဝနက ကလာပ်ရုပ် ၉ + ဝိကာရရုပ် သုံးပါး။ (၆) ကာယဝိညတ္တိလဟုတာဒိဒွါဒသက ကလာပ်– ကာယဝိညတ္တိနဝက ကလာပ် ၉ + ဝိကာရရုပ် သုံးပါး။ (၇) ဝစီဝိညတ္တိလဟုတာဒိဒွါဒသက ကလာပ်- ဝစီဝိညတ္တိနဝက ကလာရုပ် ၉ + ဝိကာရရုပ် သုံးပါး။ (၈) သဒ္ဒဝစီဝိညတ္တိ လဟုတာဒိတေရသက ကလာပ်- သဒ္ဒဝစီဝိညတ္တိကလာပ်ရုပ် ၁၀ + ဝိကာရရုပ် သုံးပါး။

ထိုစိတ္တဇကလာပ် ၈ စည်းတို့တွင် ကိုယ်၌ဖြစ်သော ဓာတ်တို့ မညီမညွတ်သောအခါကာလ၌ နာမကျန်းသောသူအား စိတ္တဇမူလကလာပ် ၄ စည်းတို့သာ ဖြစ်ကုန်၏။ (ကြွင်းသော ၅ မှ ၈ ကလာပ်တို့ မဖြစ်ကုန်)

ထိုစကား မှန်၏။ (၁) ထိုနာမကျန်းသောအခါ၌ ထိုနာသောသူအား ကိုယ်၌ဖြစ်သော ရုပ်တို့သည် လေးလံကုန်၏ (လဟုတာ မဖြစ်)။ ကြမ်းတမ်းကုန်၏ (မုဒုတာမဖြစ်)။ အမှု၌ မခံ့ကုန် (ကမ္မညတာ မဖြစ်)။ အလိုရှိတိုင်း ဣရိယာပုထ်ကိုဖြစ်စေခြင်းငှာလည်းကောင်း၊ အင်္ဂါကြီးငယ်တို့ကို လှုပ်ခြင်းငှာလည်းကောင်း၊ စကားကိုပြောဆိုခြင်းငှာလည်းကောင်း ခက်ခဲ ဆင်းရဲလေ၏။ (၂) ကိုယ်၌ဖြစ်သော ဓာတ်တို့ ညီညွတ်စွာဖြစ်သောကာလ၌ကား ကျန်းမာသောသူအား လေးလံခြင်း၊ ကြမ်းတမ်းခြင်း၊ အမှု၌ မခံ့ခြင်းဟူသော ကိုယ်၌ဖြစ်သည့် အပြစ်များ မရှိသောကြောင့် ဝိကာရရုပ်နှင့်တကွ ဖြစ်ကုန်သော (အမှတ် ၅ မှ ၈ အထိ) ရုပ်ကလာပ် ၄ စည်းတို့ ဖြစ်ကုန်၏။

## ဥတုဇကလာပ်လေးစည်း

ဥတုကြောင့် ဖြစ်သော ရုပ်သည် ဥတုဇရုပ် မည်၏။ ယင်း ဥတုဇရုပ်တို့မှာ ၁၃ပါးရှိ၏။ ယင်းတို့မှာ "သဒ္ဒရုပ်+ဝိကာရရုပ်သုံးပါး"ပေါင်း-ရုပ်လေးပါးနှင့်တကွ သဗ္ဗမူလကလာပ်ရုပ် ရှစ်ပါး+အာကာသဓာတ်တို့ဖြစ်၏။ သဗ္ဗမူလကလာပ်ရုပ် ရှစ်ပါး တို့ကို မူတည်၍ ဖော်ပြပါ ဥတုဇရုပ် လေးပါးတို့ကို ထည့်သွင်းပြီး ဥတုဇရုပ်တို့၏ အပေါင်းစု ဖြစ်သည့် ဥတုဇကလာပ်တို့သည် လေးပါးဖြစ်ကုန်၏။ ယင်းတို့မှာ-

(၁) **သဗ္ဗမူလအဋ္ဌကလာပ်-** သဗ္ဗမူလ ကလာပ်ရုပ်ရှစ်ပါး။ (၂) **သဒ္ဒနဝကကလာပ်**- သဗ္ဗမူလကလာပ်ရုပ်ရှစ်ပါး+သဒ္ဒရုပ်။ ယင်းရုပ်တို့သည် မူလကလာပ်နှစ်စည်းတို့ ဖြစ်ကြ၏။ ယင်းနှစ်ခု အသီးသီးထဲသို့ ဝိကာရရုပ် သုံးခုပေါင်းထည့်သော် ကလာပ်နှစ်စည်းထပ်ရ၏။ ယင်းတို့မှာ(၃) **လဟုတာဒိဧကာဒသက** ကလာပ်- သဗ္ဗမူလ ကလာပ်ရုပ် ရှစ်ပါး + ဝိကာရရုပ် သုံးပါး။ (၄) **သဒ္ဒလဟုတာဒိဒွါဒသက** ကလာပ်- သဗ္ဗမူလ ကလာပ်ရုပ် ရှစ်ပါး + သဒ္ဒရုပ် + ဝိကာရရုပ် သုံးပါး။

ကိုစကားရပ်၌-"ဤကိုယ်သည်အသက်ရှင်သမျှကာလပတ်လုံးဣရိယာပုထ်၏ အလျဉ်သို့ အစဉ်လိုက်လျက် မျှတနေ၏။ထို့ကြောင့် ဣရိယာပုထ်ထူးသည်၏ အဖြစ်ကို အစွဲပြု၍ ဤကိုယ်၌ ခဏတိုင်းခဏတိုင်း ဓာတ်တို့၏ ညီညွတ်စွာ ဖြစ်ခြင်း, မညီမညွတ်ဖြစ်ခြင်းတို့ ထင်ရှားဖြစ်ကုန်၏။ ထို့အတူပင် ဥတုထူးသည်၏အဖြစ်ကို အစွဲပြု၍၊ အာဟာရ ထူးသည်၏ အဖြစ်ကို အစွဲပြု၍၊ လေနေပူတို့၏ တွေ့ထိခြင်း ထူးသည်၏အဖြစ်ကို အစွဲပြု၍၊ ကိုယ်အင်္ဂါဆောင်ခြင်းထူးသည်၏အဖြစ်ကို အစွဲပြု၍ မိမိလုံ့လ- သူတပါးလုံ့လထူးသည်၏ အဖြစ်ကို အစွဲပြု၍ ဓာတ်တို့၏ ညီညွတ်စွာဖြစ်ခြင်း, မညီမညွတ်ဖြစ်ခြင်းတို့သည်ထင်ရှားဖြစ်ကုန်၏။

ထိုဥတုဇကလာပ်လေးစည်းတို့တွင် မညီမညွတ်ခြင်း ဖြစ်သောအခါ၌ ဥတုဇမူလကလာပ် နှစ်စည်း (အမှတ် ၁ နှင့် ၂)တို့သာ ဖြစ်ကုန်၏။ညီညွတ်စွာဖြစ်သောအခါ၌ကား ဝိကာရရုပ်သုံးပါးနှင့် တကွသော,ကလာပ် နှစ်စည်း (အမှတ် ၃ နှင့် ၄) တို့ ဖြစ်ကုန်၏။ ထိုကလာပ် လေးစည်းတို့ တွင်လည်း သဒ္ဒကလာပ် နှစ်စည်း(သဒ္ဒရုပ်ပါသည့် ၂ နှင့် ၄)တို့သည် စိတ္တဇ အသံမှ အဆင့်ဆင့်သော အသံတို့၌ လည်းကောင်း၊ တပါးကုန်သော, လောက၌ အထူးထူးအပြားပြားသော အသံတို့၌လည်းကောင်း ဖြစ်ကုန်၏။

## အာဟာရဇကလာပ် နှစ်စည်း

အစာအာဟာရ (ဩဇာ)ကြောင့်ဖြစ်သော ရုပ်သည် အာဟာရဇရုပ် မည်၏။ ယင်းအာဟာရရုပ်တို့မှာ ၁၂ ပါးရှိ၏။ ယင်းတို့ကား"ဝိကာရရုပ် သုံးပါးနှင့်တကွ၊ သဒ္ဒမူလ ကလာပ်ရုပ် ရှစ်ပါး+ဖောကာသဓာတ်တို့ဖြစ်၏။ ယင်းရုပ် ၁၂ ပါးတို့ကို စုစည်းကလာပ်ဖွဲ့သော် အာဟာရဇကလာပ် နှစ်စည်းရ၏။ ယင်းတို့မှာ-(၁) **သဒ္ဒမူလအဋ္ဌ** ကလာပ်-သဒ္ဒမူလကလာပ်ရုပ် ရှစ်ပါး။ (၂) **လဟုတာဒိဧကာဒသက** ·ကလာပ် -သဒ္ဒမူလ ကလာပ်ရုပ် ရှစ်ပါး+ဝိကာရရုပ် သုံးပါး။

ထိုကလာပ်နှစ်စည်းတို့တွင် မကျေကပ်သည့် အစာအာဟာရကို မှီရသောအခါ၌ ပထမ ကလာပ်သာဖြစ်၏။ (ဝါ)·မညီညွတ်သော ရုပ်တို့ဖြစ်ကုန်၏။ ကျေကပ်သော အစာအာဟာရကို မှီရသော အခါ၌ကား ဒုတိယကလာပ်ဖြစ်၏။ (ဝါ)ညီညွတ်သော ရုပ်တို့ ဖြစ်ကုန်၏။

## ကလာပ်လေးမျိုးအချုပ်မှတ်ဖွယ်

အထက်တွင်ပြဆိုခဲ့သည့်အတိုင်း (၁) **ကမ္မဇ** ရုပ်တို့မှာ ၁၈ ပါးဖြစ်ပြီး၊ယင်းတို့ကို ကလာပ်ဖွဲ့သော် ကိုးစည်းရ၏။ (၂) **စိတ္တဇ** ရုပ်တို့မှာ ၁၅ ပါးဖြစ်ပြီး ယင်းတို့ကို ကလာပ်ဖွဲ့သော် ရှစ်စည်းရ၏။ (၃) **ဥတုဇ** ရုပ်တို့မှာ ၁၃ ပါး ဖြစ်ပြီး ယင်းတို့ကိုကလာပ်ဖွဲ့သော် လေးစည်းရ၏။ (၄) **အာဟာရဇ** ရုပ်တို့မှာ ၁၂ ပါးဖြစ်ပြီး ယင်းတို့ကို ကလာပ်ဖွဲ့သော် နှစ်စည်းရ၏။ ဤသို့ ရုပ်ကလာပ်ပေါင်း ၂၃ စည်းတို့ ဖြစ်လာကြ၏။

**မှတ်ချက်။** ။သင်္ဂြိုဟ်ကျမ်း၌ စိတ္တဇကလာပ် ခြောက်စည်းဟု ယူလျက် ကလာပ်စည်းပေါင်း ၂၁ စည်း ရှိ၏ဟု ဆို၏။ သို့သော် အဋ္ဌကထာကြီးများ၌စိတ္တဇကလာပ် ရှစ်စည်းယူ၍ ၂၃ စည်းဖြစ်၏။

ယင်းကလာပ်စည်း လေးမျိုးတို့၌ ပါဝင်သော· ရုပ်တို့တွင်-(၁) သဒ္ဒမူလ ကလာပ်ရုပ် ရှစ်ပါးတို့သည် 'ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇ" ဟူသော

ရုပ်ကလာပ် လေးမျိုးလုံး၌ အမြဲ ပါဝင်ကြ၏။ (၂) အာကာသဓာတ်သည် ရုပ်ကလာပ်တို့ တခုနှင့်တခု မရောနှောအောင် ပိုင်းခြားပေးသော ရုပ်ဖြစ်၍ ယင်းကို 'ပရိစ္ဆေဒရုပ်'ဟု ခေါ်၏။ ယင်းရုပ်သည် ကလာပ်ဖွဲ့စည်းရာ၌ကလာပ်၏ အစိတ်အပိုင်း မဖြစ်ချေ။ သို့သော် ရုပ်ကလာပ်စည်းတိုင်းမှာ အထောက်အကူသဘောမျိုးဖြင့် အမြဲပါရသည်သာတည်း။ ထို့ကြောင့် ဤရုပ် ကိုးပါးလုံးကို 'ကံ,စိတ်, ဥတု, အာဟာရ'တည်း ဟူသော အကြောင်းတရား လေးပါးတို့ကြောင့်ဖြစ်သော ရုပ်များဖြစ်၍ စတုဇရုပ်ဟုဆိုအပ်၏။

(၃) လဟုတာစသောဝိကာရရုပ်သုံးပါးတို့သည် "စိတ္တဇ, ဥတုဇ, အာဟာရဇ" ကလာပ်သုံးမျိုးတို့၌ ပါဝင်သည်ဖြစ်၍ ယင်းရုပ်သုံးပါးကို 'တိဇရုပ်' ဟုဆိုအပ်၏။ (၄) သဒ္ဒရုပ်သည် 'စိတ္တဇနှင့် ဥတုဇ' ရုပ်ကလာပ် နှစ်မျိုး၌ ပါဝင်၍ ယင်းကို 'ဒွိဇရုပ်'ဟု ဆိုအပ်၏။

ယင်းသို့ ကလာပ်လေးမျိုး၌ ပါဝင်သည့် ထူရာရုပ်တို့ကို နုတ်၍ မထူရာရုပ်တို့ကိုချည်း ရေတွက်သော် ကလာပ်လေးမျိုးတို့၌ ပါဝင်သည့် ရုပ်ပေါင်းမှာ ၂၄ ပါးသာရှိကြောင်း တွေ့ရှိရ၏။

ရုပ် ၂၈ ပါးရှိရာတွင် ကလာပ်ဖွဲ့စည်းရာ၌ မပါဝင်သော ရုပ်ပေါင်း လေးခုရှိ၏။ ယင်းတို့ကား "ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ" ဟူသော ရုပ်လေးပါးဖြစ်၏။ ယင်းရုပ်လေးပါး တို့သည် ရုပ်တရား တို့၏ သဘော လက္ခဏာမျှကိုသာ ပြသည့် ရုပ်များဖြစ်သောကြောင့်(ဝါ) အကြောင်းတရား တို့ကပေါင်း၍ပြုပြင်စီရင်အပ်ကုန်သော ရုပ်ကလာပ်တို့၏'ပေါင်း၍ ပြုပြင်စီရင်အပ်သည့်အဖြစ်'ကို သိစေရန်အတွက် မှတ်ကြောင်း (အမှတ်အသား)မျှသာ ဖြစ်သောကြောင့် 'လက္ခဏရုပ်'များဟု ခေါ်၏။ ဤရုပ် လေးပါး တို့သည် အကြောင်းတရား လေးပါးတို့ကြောင့် ဖြစ်ပေါ်လာသည့် ရုပ်များ မဟုတ်သောကြောင့် 'နကုတောစိ' ရုပ်များဟု ခေါ်ပြီး ကလာပ် ဖွဲ့စည်းခြင်းမှ လွတ်ကုန်၏။

**အဇ္ဈတ္တ ဗဟိဒ္ဓ။** ။ဖော်ပြခဲ့သော ရုပ်ကလာပ် ၂၃ စည်းလုံးမှာ အဇ္ဈတ္တ သန္တာန်၌ ရအပ်ကုန်၏။ ဗဟိဒ္ဓသန္တာန်၌ကား ဥတုဇ မူလ ကလာပ် နှစ်စည်းတို့ကိုသာ ရအပ်ကုန်၏။ ထိုစကားရပ်၌- ရုပ်အစဉ်

သန္တာန်တို့သည် အဇ္ဈတ္တသန္တာန်နှင့် ဗဟိဒ္ဓသန္တာန် ဟူ၍ နှစ်မျိုးရှိ၏။ ထိုနှစ်ပါးတွင် အဇ္ဈတ္တသန္တာန်ဟူသည် သတ္တဝါတို့၏ သန္တာန်ကိုဆိုလို၏။ ဗဟိဒ္ဓသန္တာန်ဟူသည် မြေ,တောင်,မြစ်, သမုဒ္ဒရာ, သစ်ပင်, မြက်ပင် စသည်တို့ကိုဆိုလို၏။ ထိုသန္တာန်နှစ်ပါးတွင် အဇ္ဈတ္တ သန္တာန်၌ ရုပ် ၂၈ ပါးလုံးကိုလည်းကောင်း၊ ရုပ်ကလာပ် ၂၃ စည်း တို့ကိုလည်းကောင်း ရအပ်ကုန်၏။

## နာမ်က ကမ္မဇရုပ်အား ကျေးဇူးပြုပုံ

ပဋိသန္ဓေ နာမ်ခန္ဓာလေးပါးတို့သည် ပဋိသန္ဓေခဏ၌ (၁) ကမ္မဇရုပ်တို့အား "သဟဇာတကြီး လေးပါး၊ ဝိပါက၊ ဝိပ္ပယုတ္တ" ဟူသော ပစ္စယသတ္တိ ခြောက်ပါးတို့ဖြင့် ကျေးဇူးပြုကုန်၏။(၂) ဟဒယဝတ္ထုရုပ်အားမူ ထိုခြောက်ပစ္စည်းနှင့် အညမညဟူသော ပစ္စယသတ္တိ ခုနစ်ပါးတို့ဖြင့် ကျေးဇူးပြုကုန်၏။

ထိုနာမ်ခန္ဓာ လေးပါးတို့တွင် ဟိတ်တရားတို့က ဆိုခဲ့ပြီးသော ပစ္စယသတ္တိ ခုနစ်ပါးအပြင် '**ဟေတု**' ပစ္စယသတ္တိဖြင့်၊ စေတနာက '**ကမ္မ**' ပစ္စယ သတ္တိဖြင့်၊ အာဟာရ တရားတို့က '**အာဟာရ**' ပစ္စယသတ္တိဖြင့်၊ ဣန္ဒြေတရားတို့က '**ဣန္ဒြိယ**' ပစ္စယသတ္တိဖြင့်၊ ဈာန်တရားတို့က '**ဈာန**' ပစ္စယသတ္တိဖြင့်၊ မဂ်တရားတို့က '**မဂ္ဂ**' ပစ္စယသတ္တိဖြင့်လည်း ကျေးဇူးပြုကုန်၏။ ဤသို့ ထိုက်သည်အားလျော်စွာ ပစ္စယသတ္တိခြောက်ပါးတို့ဖြင့် ကျေးဇူးပြုကုန်၏။

အတိတ်ကုသိုလ်ကံ, အကုသိုလ်ကံတို့သည်ကား '**ကမ္မ**' ပစ္စယသတ္တိ တပါးဖြင့်သာ ကျေးဇူး ပြုတတ်ကုန်၏။ (ပဋိသန္ဓေ စိတ် ဥပါဒ်-ဖြစ်ပြီး နောက်) ပထမ ဘဝင်အစရှိသော နောက်နောက်၌ဖြစ်ကြသည့် ပဝတ္တိနာမ်ခန္ဓာတို့က ရှေးရှေး၌ဖြစ်ကုန်သော ကမ္မဇကလာပ်တို့အား '**ပစ္ဆာဇာတ**' ပစ္စယသတ္တိဖြင့်သာ ကျေးဇူးပြုတတ်ကုန်၏။ ဤ၌ 'ပစ္ဆာဇာတ' ပစ္စယသတ္တိ ဟူသည် ပစ္ဆာဇာတမျိုးဖြစ်သည့် ပစ္စည်းလေးပါးလုံးကို ယူအပ်ကုန်၏။

ဤသို့လျှင် နာမ်တရားတို့သည် ကမ္မဇရုပ်တို့အား ထိုက်သည့် အားလျော်စွာ ၁၄ ပါးသော ပစ္စည်းတို့ဖြင့် ကျေးဇူး ပြုကုန်၏။ ဤကမ္မဇ ရုပ်တို့အား ကျေးဇူး ပြုရာ၌ အာရမ္မဏ၊ အဓိပတိ၊ အနန္တရ၊ သမနန္တရ၊ ဥပနိဿယ၊ ပုရေဇာတ၊ အာသေဝန၊ သမ္ပယုတ္တ၊ နတ္ထိ၊ ဝိဂတ" ဟူသော ဤ ၁၀ ပစ္စည်းတို့ကိုမရအပ်ကုန်။

## နာမ်ကဝိတ္တဇရုပ်အားကျေးဇူးပြုပုံ

ပဝတ္တိအခါ၌ ရုပ်ကိုဖြစ်စေ တတ်ကုန်သော နာမ်တရားတို့သည် မိမိနှင့် တကွ ဖြစ်ကုန်သော စိတ္တဇကလာပ်တို့အား ''သဟဇာတကြီးလေးပါးနှင့် ဝိပ္ပယုတ္တ'' ဟူသော ပစ္စယသတ္တိ 'ငါးပါး'တို့ဖြင့် ကျေးဇူးပြုကုန်၏။

ထိုနာမ်ခန္ဓာ တရားတို့တွင် ဟိတ်တရားတို့က **'ဟေတု'** ပစ္စယ သတ္တိဖြင့်၊ အဓိပတိတရားတို့က **'အဓိပတိ'** ပစ္စယ သတ္တိဖြင့်၊ စေတနာ တရားက 'ကမ္မ' ပစ္စယသတ္တိဖြင့်၊ ဝိပါက်တရားတို့က **'ဝိပါက'** ပစ္စယသတ္တိဖြင့်၊ အာဟာရတရားတို့က **'အာဟာရ'** ပစ္စယသတ္တိဖြင့်၊ ဣန္ဒြေတရားတို့က **'ဣန္ဒြိယ'** ပစ္စယသတ္တိဖြင့်၊ ဈာန်တရားတို့က **'ဈာန'** ပစ္စယသတ္တိဖြင့်၊ မဂ်တို့တရားတို့က **'မဂ္ဂ'** ပစ္စယ သတ္တိဖြင့်-ဤသို့ ထိုက်သည့်အားလျော်စွာ **'ရှစ်ပါး'**သော ပစ္စယ သတ္တိတို့ဖြင့် ကျေးဇူးပြုတတ်ကုန်၏။

နောက်နောက်၌ ဖြစ်ကုန်သော အလုံးစုံသော နာမ်တရားတို့က ရှေးရှေး၌ ဖြစ်ကုန်သော စိတ္တဇကလာပ်တို့အား **'ပစ္ဆာဇာတ'** ပစ္စယသတ္တိ တပါးဖြင့် (ပစ္ဆာဇာတမျိုး လေးပစ္စည်း)ကျေးဇူးပြုတတ်ကုန်၏။ ဤသို့လျှင် နာမ်တရားတို့သည် စိတ္တဇရုပ်ကလာပ်တို့အား ထိုက်သည့်အားလျော်စွာ **'၁၄ပါး'** သော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုတတ်ကုန်၏။

ဤစိတ္တဇရုပ်တို့အား ကျေးဇူးပြုရာ၌လည်း '' အာရမ္မဏ၊ အနန္တရ၊ သမနန္တရ၊ **အညမည၊** ဥပနိဿယ၊ ပုရေဇာတ၊ အာသေဝန၊ သမ္ပယုတ္တ၊ နတ္ထိ၊ ဝိဂတ'' ဟူသော ၁၀ပစ္စည်းတို့ကို မရအပ်ကုန်။

**မှတ်ချက်။** ။ကမ္မဇရုပ်နှင့် စိတ္တဇရုပ်တို့အား ကျေးဇူးမပြုသည့် ပစ္စည်းတို့မှာ ၁၀ ပါးချင်းတူသော်လည်း ပစ္စည်းထပ်တူ မဖြစ်ကုန်။ အဓိပတိပစ္စည်းနှင့် အညမညပစ္စည်း ဤ နှစ်ပစ္စည်းအသီးသီးသည် တခုစီ၌သာ ပါ၏။ ဆိုလိုသည်မှာ ကမ္မဇရုပ်အရာ၌ **'အဓိပတိ'**ပစ္စည်းပါ၍ အညမည ပစ္စည်း မပါ။ စိတ္တဇရုပ်အရာ၌မူ **'အညမည'**ပါ၍ 'အဓိပတိ'မပါချေ။ ကြွင်းသော ပစ္စည်းကိုးခုလုံးသည် ကမ္မဇ,စိတ္တဇနှစ်မျိုးအား ကျေးဇူးမပြုသည့် ပစ္စည်းများ ဖြစ်သည်ဟု မှတ်ပါလေ။

## နာမ်က ဥတုဇ, အာဟာရဇရုပ်တို့အားကျေးဇူးပြုပုံ

ပဋိသန္ဓေစိတ်၏ ဌီကာ၃လမှစ၍ ပဝတ္တိအခါ အလုံးစုံသော နာမ်တရားတို့သည် အလုံး စုံသော ဥတုဇ ရုပ်ကလာပ် တို့အား လည်းကောင်း၊ အာ ဟာ ရ ဇ ရုပ်ကလာပ်တို့အားလည်းကောင်း 'ပစ္ဆာဇာတ' ပစ္စယသတ္တိ တပါးဖြင့်သာ ကျေးဇူးပြုတတ်၏။ 'ပစ္ဆာဇာတ'ပစ္စယသတ္တိတပါး ဟူရာ၌ ပစ္ဆာဇာတမျိုးဝင် ပစ္စည်းလေးပါးလုံးကို ယူအပ်ကုန်၏။ထိုပစ္ဆာဇာတမျိုး ၄ ပစ္စည်းမှ ကြွင်းကုန် သော ပစ္စည်း ၂၀ တို့ကို (နာမ်တရားက ဥတုဇ, အာဟာရဇ ရုပ်တို့အား ကျေးဇူးပြုရာ၌) မရအပ်ကုန်။

## ရုပ်အချင်းချင်းကျေးဇူးပြုပုံ

အလုံးစုံသော ရုပ်ကလာပ် ၂၃ စည်းတို့တွင် (ဝါ) ရုပ် ၂၈ပါးတို့တွင် '**မဟာဘုတ်ရုပ်**'လေးပါးတို့သည် (၁)အချင်းချင်းအား သဟဇာတကြီး လေးပါးနှင့် အညမည ဟူသော ပစ္စယသတ္တိ ငါးပါး တို့ဖြင့် ကျေးဇူး ပြုတတ် ကုန်၏။ (၂)မိမိနှင့်တကွ ဖြစ်ကုန်သော ဥပါဒါရုပ်တို့အား သဟဇာတကြီးလေးပစ္စည်း တို့ဖြင့် ကျေးဇူးပြုတတ်ကုန်၏။

'**အာဟာရ**'ရုပ်သည်မိမိနှင့်တကွဖြစ်သောမဖြစ်သောအလုံးစုံသောအဇ္ဈတ္တ ရုပ်ကလာပ်တို့အား 'အာဟာရ'ပစ္စယသတ္တိဖြင့်(ဝါ)ရုပ်အာဟာရမျိုး သုံးပါး (ရုပ်အာဟာရ၊ အတ္ထိ၊ အဝိဂတ)ဖြင့် ကျေးဇူးပြုတတ်၏။ ကမ္မဇရုပ်ကလာပ် ကိုးပါးတို့တွင် '**ဇီဝိတ**'ရုပ်သည် မိမိနှင့်တကွဖြစ်သော ရုပ်တို့အားသာ'ဣန္ဒြိယ' ပစ္စယသတ္တိဖြင့် (ဝါ)ရူပဇီဝိတိန္ဒြိယမျိုး သုံးပါး(ဣန္ဒြိယ၊ အတ္ထိ၊ အဝိဂတ)တို့ဖြင့် ကျေးဇူးပြုတတ်၏။ ဤသို့လျှင် အဇ္ဈတ္တရုပ် တရားတို့သည် အဇ္ဈတ္တ ရုပ်တရားတို့အား ခုနစ်ပါး သော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးတတ်ကုန်၏။

ဗဟိဒ္ဓ ရုပ်တရားတို့သည်ကား ဗဟိဒ္ဓ၌ ဖြစ်ကုန်သော ဥတုဇ ရုပ်ကလာပ် နှစ်ပါးတို့အား ပစ္စယသတ္တိ ငါးပါး ( သဟဇာတမျိုး ၄ + အညမည )တို့ဖြင့် ကျေးဇူး ပြုတတ်ကုန်၏။ တနည်းဆိုရသော် ဗဟိဒ္ဓ၌ ဖြစ်သည့် မဟာဘုတ် လေးပါးတို့သည် အချင်းချင်းအား သဟဇာတကြီး လေးပါးနှင့် အညမည ဟူသော ၅ ပစ္စည်းတို့ဖြင့် လည်းကောင်း၊ မိမိနှင့်တကွဖြစ်သည့် ဥပါဒါရုပ် တို့အား သဟဇာတကြီး လေးပါးတို့ဖြင့် လည်းကောင်း ကျေးဇူးပြုတတ်သည်— ဟူလို။ ။

# ဆဋ္ဌမပိုင်း

ပဋ္ဌာန်းနည်း နှင့် ပဋိစ္စသမုပ္ပါဒ်နည်းတို့ကို
နှိုင်းယှဉ်၍ပြခြင်း

# ပဋ္ဌာန်း နှင့်ပဋိစ္စသမုပ္ပါဒ်

ပဋ္ဌာန (ပဋ္ဌာန်း)ဟူသည် "အဓိက, ပဓာန ပြဋ္ဌာန်းသော အကြောင်း" ဟု ဆိုလိုသည်။ ပြဋ္ဌာန်းသောအကြောင်း ဟူသည် မုချဖြစ်သော, ကေန်ဖြစ်သော အကြောင်းတည်း။ ထိုကေန် အကြောင်း (ပစ္စည်း) ကိုလည်း ကေန်အကျိုး (ပစ္စယုပ္ပန်)ကို အစွဲပြု၍ ဆိုအပ်၏။ မှန်၏-အကျိုးမည်သည် မုချ=ကေန်အကျိုးနှင့် အကျိုးဆက်ဟူ၍ နှစ်မျိုးရှိ၏။ မုချအကျိုး-ဟူသည် မူလ(မူရင်း)အကျိုး-အကျိုးရင်းကို ဆိုလိုသည်။ အကျိုးဆက်-ဟူသည် အဆက်ဆက် အကျိုးတည်း။

ထိုအကျိုးနှစ်မျိုးတွင် အကျိုးရင်းသည်သာ ကေန်အကျိုး မည်၏။ မှန်၏- ထိုကေန်အကျိုးသည် မိမိ၏အကြောင်းတရားဖြစ်ပေါ်လာသော် မဖြစ်ပဲမနေ၊ ကေန်ဖြစ်သည်သာတည်း။ အဆက်ဆက် အကျိုးသည်ကား အနေကန်အကျိုး မည်၏။ မှန်၏- ထိုအနေကန်အကျိုးသည် မိမိ၏ အကြောင်းတရား ဖြစ်ပေါ်လာသော်လည်း ဖြစ်သည်လည်း ရှိ၏။ မဖြစ်သည်လည်း ရှိ၏၊ (ဖြစ်ချင်မှ ဖြစ်မည်)။

ထိုအကျိုးနှစ်မျိုးတွင် ကေန်အကျိုးကို အစွဲပြု၍ ထို အကြောင်း သည် ကေန် အကြောင်းမည်၏။ (၀၁) ကေန်အကြောင်းဟူသော သဘော တရား

ဖြစ်ပေါ်လာရ၏။ ထိုကေန်အကြောင်းမျိုးကိုသာလျှင် ဤပဋ္ဌာန်းကျမ်းကြီး၌ ဟောတော်မူအပ်၏။ ထိုသို့ကေန်အကြောင်းကို ဟောတော်မူသောကြောင့် သာလျှင် ဤ ၂၄ ပါးသော ပစ္စည်းအပေါင်းကို·လည်းကောင်း၊ ထို ၂၄ ပစ္စည်းတို့ကို ဟောရာ ကျမ်းမြတ်ကြီးကိုလည်းကောင်း 'ပဋ္ဌာန်း' ကျမ်း–ဟူ၍ ဆိုအပ်၏။

**ဥပမာအားဖြင့်**– ယောကျ်ားတဦးအား ဥစ္စာစပါးကိုရခြင်းငှာ လောဘ ဖြစ်၏။ ထိုယောကျ်ားသည် လောဘ၏ အစွမ်းအားဖြင့် ထ၍ တောသို့ သွားကာ တခုသောအရပ်၌ လယ်များ,ယာများကို ပြုလုပ်၏။ ဥယျာဉ်များကို ပြုလုပ်၏။ ထိုလယ်,ဥယျာဉ်တို့ ကောင်းစွာ ပြည့်စုံ အောင်မြင်လေသော်၊ ထို ယောကျ်ားသည် များစွာသော ဥစ္စာစပါးတို့ကိုရ၍ မိမိလည်း သုံးဆောင်၏။ သားမယားတို့ကိုလည်း လုပ်ကျွေး၏။ ကောင်းမှုတို့ကိုလည်းပြု၏။ ကောင်းမှု၏ အကျိုးတို့ကိုလည်း နောင်အခါ၌ ခံစားရလတ္တံ့။

ထိုဥပမာ၌–လောဘနှင့်တကွဖြစ်သည့် နာမ်ရုပ်တရားတို့သည် မုချအကျိုး တို့မည်ကုန်၏။ ထို မုချ အကျိုးမှ နောက်၌ အနာဂတ်ဘဝများမှာ ကောင်းမှု ၏ အကျိုးတို့ကို ခံစားရ လတ္တံ့သော ကာလပတ်လုံး အ ဆက် ဆက် သော အကျိုးတို့သည် ထိုလောဘ၏ အကျိုးဆက်တို့ မည်ကုန်၏။

ထိုအကျိုး နှစ်ပါးတို့တွင် မုချ (မူလ) အကျိုးကိုသာလျှင် ပဋ္ဌာန်းကျမ်း၌ ဟောတော်မူအပ်၏။ အကျိုးဆက်ကိုကား– သုတ္တန်နည်းဖြင့် ဟော တော် မူ အပ်၏။ ထိုစကားရပ်၌ "ဤအကြောင်းသည်ရှိလေသော်– ဤအကျိုးသည် ဖြစ်၏။ ဤအကြောင်း၏ ဖြစ်ခြင်းကြောင့် ဤအကျိုးသည် ဖြစ်၏" ဤသို့ သဘောရှိသော အကြောင်းကို ပြသည့်နည်းသည် သုတ္တန်ဆိုင်ရာနည်းမည်၏။

နည်း တနည်းကို ဆိုဦးအံ့–

"လောဘ, ဒေါသ, မောဟ" ဟူသော မကောင်းသည့် တရား သုံးပါး တို့သည် အလုံးစုံသော သတ္တလောက, သင်္ခါရလောက, ဩကာသလောက သုံးပါးတို့၏ ပျက်စီးခြင်းငှာ အကြောင်းရင်း ဖြစ်သောကြောင့် 'ဟိတ်' တို့ မည်ကုန်၏။ "အလောဘ, အဒေါသ, အမောဟ" ဟူသော ကောင်း သည့် တရားသုံးပါးတို့သည် အ လုံး စုံ သော သတ္တ လောက, သင်္ခါရ လောက,

သြကာသလောက သုံးပါးတို့၏ ပြည့်စုံကြီးပွားခြင်းငှာ အကြောင်းရင်းဖြစ်သောကြောင့် 'ဟိတ်'တို့မည်ကုန်၏။ ဤသို့ သဘောရှိသောနည်းကို ပဋ္ဌာန်းဆိုင်ရာ ပစ္စည်းတို့၌ ထိုက်သည်အားလျော်စွာ သိအပ်၏။

ဤ ဆိုခဲ့ပြီးသည့် အတိုင်းသာ ဖြစ်လေသော် လောက၌ ဖြစ်သမျှသော အရာအားလုံးသည် ဤ ၂၄ ပါးသော ပစ္စည်းတို့၏ မုချ အကျိုးနှင့် တကွသော အကျိုးဆက်တို့သာလျှင် ဖြစ်ကုန်၏။ ဤသို့ ပဋ္ဌာန်းနည်း, သုတ္တန်နည်း နှစ်ပါးတို့၏ သဘောတရားတို့ကို နားလည်ရာ၏။

အထက်ပါ စကားရပ်၌ 'သုတ္တန်နည်း' ဟူသည် ဤ၌ အဓိက အားဖြင့် ပဋိစ္စသမုပ္ပါဒ်နည်းကို ဆိုလိုသည်။ ပဋိစ္စသမုပ္ပါဒ်နည်းသည် ပဋ္ဌာန်းနည်းနှင့် အလွန် နီးကပ်စွာ ဆက်စပ်လျက်ရှိသည့် နည်းဖြစ်၏။ ထို့ကြောင့် ဤအပိုင်းတွင် ပဋ္ဌာန်းနည်းနှင့် ပဋိစ္စသမုပ္ပါဒ်–ဟူသော နည်းနှစ်ပါးကို နှိုင်းယှဉ်၍ ဖော်ပြပေအံ့–။

အခြေခံအားဖြင့်– ပဋ္ဌာန်းနည်းနှင့် ပဋိစ္စသမုပ္ပါဒ်နည်းတို့သည် "ဤမည်သော အကြောင်းသည် ဤမည်သော အကျိုးဖြစ်ရန် ကျေးဇူးပြု၏။ ဤမည်သော အကျိုးသည် ဤမည်သော အကြောင်း၏ ကျေးဇူးပြုကိုခံ၍ ဖြစ်ပေါ်ရ၏"ဟု ပြသောကြောင့် ပစ္စည်းပင် မည်ကြ၏။ ထို နှစ်ပါး တို့တွင် ပဋိစ္စသမုပ္ပါဒ်နည်းသည် ကြမ်း၏။ ပဋ္ဌာန်းနည်းသည် သိမ်မွေ့၏။

တခုသော အကျိုးတရားဖြစ်ရာ၌ အကြောင်းတရားမူကား တပါးတည်း မဟုတ်၊ စပ်ဆိုင်သမျှ အလွန်ပင် များလှ၏။ ဥပမာအားဖြင့်– ဟိတ်ခြောက်ပါးကြောင့် သဟိတ်စိတ်, သဟိတ်စိတ္တဇရုပ်တို့ ဖြစ်ကြသည် ဆိုသော်လည်း ယင်း အကျိုး တရားတို့သည် ဟိတ်ခြောက်ပါး ဟူသော အကြောင်း တရားကြောင့်သာ ဖြစ်သည်မဟုတ်။ အာရုံ·ဟူသော အကြောင်း၊ မှီရာ· ဟူသော အကြောင်း စသည် အကြောင်း များစွာ တို့လည်း ပါဝင် ကြ ကုန် ၏။ ပစ္စဋိသမုပ္ပါဒ်နည်းအရ· အဝိဇ္ဇာကြောင့် သင်္ခါရ ခေါ် ကံတရားများ ဖြစ်သည်ဆိုသော်လည်း အဝိဇ္ဇာကြောင့်သာ ဖြစ်သည်မဟုတ်၊ အာရမဏပစ္စည်း၊ နိဿယပစ္စည်း စသည်တို့လည်း အများပင် ပါဝင်နိုင်ကြကုန်၏။

ထိုသို့ပင် အကျိုးတရားတပါး၌ အကြောင်းတရားများစွာ ပါဝင်ကြကုန်သော်သည်း၊ တရားကိုနာခံသော ဝေနေယျသတ္တဝါတို့၏ အလို အဇ္ဈာသယကို (ဝါ) ဉာဏ်၏ ထက်ခြင်း နံ့ခြင်းကို ထောက်ရှုသဖြင့် အချုပ် အခြာပဓာန ပြဋ္ဌာန်းသော အကြောင်းကိုသော် လည်းကောင်း၊ ထင် ရှား သော အကြောင်းကိုသော်လည်းကောင်း နည်း အ မျိုး မျိုး (ပဋ္ဌာန်းနည်း၊ ပဋိစ္စသမုပ္ပါဒ်နည်း စသည်)တို့ဖြင့် ဟောတော်မူခြင်း ဖြစ်ပေသည်။

အောက်တွင် ပဋိစ္စသမုပ္ပါဒ် တရားတော်ကို အခြေခံ၍ ပဋ္ဌာန်းနည်းဖြင့် ရောနှောဝေဖန်၍ ပြဆိုပေအံ့—။

## (၁) အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်၏

အဝိဇ္ဇာ(မောဟ) ဟူသော အကြောင်း တရားကြောင့် သင်္ခါရ ဟူသော အကျိုးတရား ဖြစ်ပေါ်၏။ အဝိဇ္ဇာ (မောဟ) တရားသည် သင်္ခါရ တရားများအား ကျေးဇူးပြုသည်- ဟူလို။ အဝိဇ္ဇာသည် အကြောင်း (ပစ္စည်း)တရား ဖြစ်၍၊ သင်္ခါရသည် အကျိုး (ပစ္စယုပ္ပန်)တရားဖြစ်၏။

"**အဝိဇ္ဇာ**" ဟူ သည် သစ္စာ လေးပါးတို့၏ သိမြင်နိုင်ခဲ, နက်နဲလှသော သဘောတို့ကို မသိမှု- ဟူသော မောဟ-စေတသိက် ဖြစ်၏။ ထိုသို့နက်နဲသော သစ္စာ အနက်သဘော လေးချက်ကို အဝိဇ္ဇာက ဖုံးလွှမ်း၍ နေ၏။ သို ငှက် ကွယ်ကာ၍ နေ၏။ သတ္တဝါတို့၏ စိတ်အစဉ်၌ ထိုအဝိဇ္ဇာ-ဟူသော အမှောင်ထုကြီး ကိန်းဝပ်၍နေ၏။ (ဝါ) အဝိဇ္ဇာ မှောင်ကြီး ကျ၍ နေ၏။ ပုထုဇဉ် သတ္တဝါတို့၏စိတ်ထဲမှာ ထိုအဝိဇ္ဇာ အမှောင်ခေတ်ကြီး ကိန်းဝပ်တည်ထောင်၍ နေသောကြောင့် သင်္ခါတရား သုံးပါးတို့ ဖြစ်ပွားကာ နေကြသည်။

'**သင်္ခါရ**' ဟူသည် သတ္တဝါတို့ကို ပြုပြင်စီမံ အုပ်ချုပ်နေသော ကံတရား ပေတည်း။ သင်္ခါရသည် သုံးမျိုးရှိ၏။ ယင်းတို့မှာ (၁)မကောင်းမှု ဒုစရိုက် ၁၀ ပါးဟူသော အကုသိုလ်အမှုတို့သည် 'အပုညာဘိသင်္ခါရ'မည်၏။ အကုသိုလ်ကံတရားများ ဖြစ်၏။ (၂) ကောင်းမှု သုစရိုက် ၁၀ ပါးဟူသော ကုသိုလ်မှုသည်ပုညာဘိသင်္ခါရမည်၏။ ကုသိုလ်ကံတရားများဖြစ်၏။ (၃)ယင်းကုသိုလ် သုစရိုက် ၁၀ ပါးထဲမှ ခွဲထွက်လာသော အရူပဗြဟ္မာဘုံသို့ရောက်လို၍ ပြုသည့် အရူပ ကုသိုလ်တရားသည် 'အာနေဉ္ဇာဘိ သင်္ခါရ' မည်၏။ အရူပ ကုသိုလ် ကံတရားများဖြစ်၏။

(၁) **အကုသိုလ်သခ်ါရဖြစ်ပုံ။** ။ယခုမျက်မှောက် ထင်ရှား ရှိနေသော ကိုယ်ခန္ဓာစုသည် ဒုက္ခသာအမှန်ဖြစ်၏။ ထိုသို့ဖြစ်သော်လည်း အဝိဇ္ဇာဟူသော အမှောင်ဓာတ်ကြီး ဖုံးပိတ်ကွယ်ကာ၍ ထားသောကြောင့် ဒုက္ခအနေဖြင့် မထင်နိုင် မမြင်နိုင်ကြပဲ၊သုခအနေဖြင့်သာ ထင်ကြ မြင်ကြရသည်။ သုခအနေဖြင့် ထင်ကြမြင်ကြသောကြောင့် "ငါ့ကိုယ် ငါ့ကိုယ်"ဟု ခင်ကြ၊မင်ကြ၊စွဲလမ်း ကြ၏။ ထိုသို့ ခင်မင် စွဲလမ်း ကြသောကြောင့် သူ့အသက်ကို သတ်ခြင်း အစရှိသော ဒုစရိုက် ၁၀ ပါး အကုသိုလ် တရားတို့ကို ပြုနိုင်ကြကုန်၏။

(၂) **ကုသိုလ်သခ်ါရဖြစ်ပုံ။** ။နောင်ဘဝ၌ ဖြစ်ရလတ္တံ့သော လူ့ခန္ဓာ၊ နတ်ခန္ဓာ စုသည်လည်း ဒုက္ခသာ အမှန် ဖြစ်၏၊ ထိုသို့ ဖြစ်သော်လည်း အဝိဇ္ဇာဟူသော အမှောင်ဓာတ်ကြီး ဖုံးပိတ် ကွယ်ကာ၍ နေသောကြောင့် ဒုက္ခအနေဖြင့် မထင်နိုင်ကြ၊ မမြင်နိုင်ကြပဲ သုခ အနေဖြင့်သာ ထင်ကြ မြင်ကြ ရသည်။ သုခအနေဖြင့်သာ ထင်ကြ မြင်ကြ သောကြောင့် ယခုခန္ဓာ ပျက်ဆုံးလျှင် ကောင်းမြတ်ရာဘုံဘဝ၌ အသစ် ဖြစ် သော လူ့ခန္ဓာ၊ နတ်ခန္ဓာ၊ ဗြဟ္မာခန္ဓာကို ရလိုသောကြောင့် ဒါန၊ သီလ၊ ဘာဝနာ အစ ရှိသော သုစရိုက် ၁၀ ပါး ကုသိုလ် တရားတို့ကို ကြိုးကြိုး စားစား အားထုတ်ကြကုန်၏။ ထိုသုစရိုက် ၁၀ ပါး ကုသိုလ် တရားတို့တွင် (ကာမသုဂတိ ခုနစ်ဘုံအတွက်) ကာမကုသိုလ်တရားနှင့် (ရူပဗြဟ္မာ ၁၆ ဘုံ အတွက်) ရူပကုသိုလ် တရား တို့ကို ပုညာဘိသခ်ါရဟု ခေါ်၏။

(၃) **အာနေဥ္စာဘိသခ်ါရ။** ။ထိုသုစရိုက် ၁၀ ပါး ကုသိုလ် တရား တို့တွင် အရူပ လေးဘုံသို့ရောက်လိုသော ကြောင့် အားထုတ် ပြုလုပ် အပ်သော ဘာဝနာ ကုသိုလ် တရားတို့ကို အာနေဥ္စာဘိ သခ်ါရဟု ခေါ်၏။

ဤကား ပဋိစ္စသမုပ္ပာဒ် နည်းအရ အဝိဇ္ဇာက သခ်ါရ အား ကျေးဇူး ပြုပုံတည်း။

ပဋ္ဌာန်းနည်းအရ ကျေးဇူးပြုပုံကား–

'အဝိဇ္ဇာ'ဟူသော မောဟ (စေတသိက် ဟိတ်တရားက သဟိတ်စိတ်များ ဖြစ်ကြသော (၁) အကုသိုလ်စိတ် ၁၂ ပါးဟူသော အပုညာဘိ သခ်ါရအား

လည်းကောင်း၊ (၂) ကာမ ကုသိုလ်စိတ် ရှစ်ပါးနှင့် ရူပကုသိုလ်စိတ် ငါးပါး ဟူသော ပုညာဘိသင်္ခါရ အားလည်းကောင်း၊ (၃) အရူပ ကုသိုလ်စိတ် လေးပါး ဟူသော အာနေဉ္ဇာဘိ သင်္ခါရအား လည်းကောင်း ကျေးဇူး ပြုလေသည်။

(၁) အဝိဇ္ဇာသည် အကုသိုလ်ကံဟူသောအပုညာဘိသင်္ခါရအား ကျေးဇူး ပြုရာတွင် "ဟေတု၊ အာရမဏ၊ အဓိပတိ၊ အနန္တရ၊ သမနန္တရ၊ သဟဇာတ၊ အညမည၊ နိဿယ၊ ဥပနိဿယ၊ အာသေဝန၊ သမ္ပယုတ္တ၊ အတ္ထိ၊နတ္ထိ၊ ဝိဂတ၊ အဝိဂတ" ဟူသော ၁၅ပါးသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုလေ၏။

အဝိဇ္ဇာကို အလေးအမြတ် အာရုံပြု၍ လောဘမူစိတ် ဖြစ်သောအခါ အဝိဇ္ဇာသည် အပုညာဘိသင်္ခါရအား "အာရမဏ, အဓိပတိ, အာရမဏူပ-နိဿယ" ဟူသော ပစ္စယသတ္တိ သုံးပါးတို့ဖြင့် ကျေးဇူးပြု၏။ အလေး အမြတ်မဟုတ်ပဲ သာမန်အာရုံပြုလျှင်ကား 'အာရမဏ' ပစ္စယသတ္တိဖြင့်သာ ကျေးဇူးပြု၏။

အဝိဇ္ဇာဖုံးလွှမ်း၍ အပြစ်ကို မသိမမြင်သဖြင့် ဒုစရိုက်မှုကို ပြုသောအခါ ရှေ့အဖို့၌ဖြစ်သောအဝိဇ္ဇာသည် အပုညာဘိသင်္ခါရအား 'ပကတူပနိဿယ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

ဝီထိစိတ်ဖြစ်ရာတွင် ရှေ့ဇော (အကုသိုလ်)၌ ပါသော အဝိဇ္ဇာသည် အပုညာဘိသင်္ခါရဖြစ်သော နောက်ဇောအား "အနန္တရ၊ သမနန္တရ၊ အနန္တ-ရူပနိဿယ၊အာသေဝန၊နတ္ထိ၊ ဝိဂတ"ဟူသော ပစ္စယသတ္တိ ခြောက်ပါးတို့ဖြင့် ကျေးဇူးပြု၏။

တခုသော စိတ္တုပ္ပါဒ် (စိတ်ဖြစ်ခြင်း)၌ သဟဇာတ် အဝိဇ္ဇာသည် သဟဇာတ် (တကွဖြစ်ဖက်) အပုညာဘိသင်္ခါရအား "ဟေတု၊သဟဇာတ၊ အည-မည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ" ဟူသော ပစ္စယသတ္တိ ခုနစ်ပါး တို့ဖြင့် ကျေးဇူးပြု၏။

(၂) အဝိဇ္ဇာသည် ကုသိုလ်ကံခေါ်သော ပုညာဘိသင်္ခါရအား "အာရ-မဏ ပကတူပနိဿယ" ဟူသော ပစ္စယသတ္တိ နှစ်ပါးတို့ဖြင့် ကျေးဇူးပြု၏။ ပြုပုံကား-အဝိဇ္ဇာ၏အပြစ်ကို ရှု၍ ယင်းအဝိဇ္ဇာကို လက္ခဏာရေးဖြင့် ဆင်ခြင် ၍ ပုညာဘိသင်္ခါရဖြစ်သောအခါ ယင်းအဝိဇ္ဇာသည် ပုညာဘိသင်္ခါရအား

'အာရမဏ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ တဖန် အဝိဇ္ဇာကို လွန်မြောက်ရန် ဘာဝနာ ကုသိုလ်တရားကို ကြိုးစားရာ၌လည်းကောင်း၊ အဝိဇ္ဇာဖုံးလွှမ်းသည့် အတွက် ကာမဘုံ၊ ရူပဘုံကို အကောင်းထင်၍ ယင်းကာမဘုံ၊ရူပဘုံသို့ရောက် ရန် ပုညာဘိသင်္ခါရကို အားထုတ်ရာ၌လည်းကောင်း အဝိဇ္ဇာသည် ပုညာဘိ· သင်္ခါရအား 'ပကတူပနိဿယ' ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။

(၃) အဝိဇ္ဇာသည် အရူပကုသိုလ်ကံ ခေါ်သော အာနေဉ္ဇာဘိသင်္ခါရ အား 'ပကတူပနိဿယ'ပစ္စယသတ္တိတပါးဖြင့်သာ ကျေးဇူးပြု၏။ ပြုပုံကား– အဝိဇ္ဇာဖုံးလွှမ်းသည့် အတွက်ကြောင့်၊ အရူပ ပြဟ္မာဘုံကို အမြတ်ထင်၍၊ ယင်းဘုံသို့ရောက်ရန် အာနေဉ္ဇာဘိသင်္ခါရကို အားထုတ်၍ ရရှိရာတွင် အဝိဇ္ဇာ သည် အာနေဉ္ဇာဘိသင်္ခါရအား 'ပကတူပနိဿယ' ပစ္စယသတ္တိဖြင့် ကျေးဇူး ပြု၏။

အားလုံးကိုပေါင်း၍ ဆိုရသော် အဝိဇ္ဇာသည် သင်္ခါရသုံးပါး ကံတရား တို့အား ၁၅ ပါးသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုလေ၏။

## (၂) သင်္ခါရကြောင့် ဝိညာဉ်ဖြစ်၏

သင်္ခါရဟူသော ကုသိုလ်, အကုသိုလ်ကံ အကြောင်းတရားများကြောင့် ဝိညာဉ်ခြောက်ပါးဟူသော အကျိုးတရားများဖြစ်ပေါ်ကြ၏။ သင်္ခါရတရား က ဝိညာဉ် တရားအား ကျေးဇူးပြုသည်-ဟူလို။ သင်္ခါရသည် အကြောင်း (ပစ္စည်း)တရား ဖြစ်၍ ဝိညာဉ်သည် အကျိုး (ပစ္စယုပ္ပန်)တရားဖြစ်၏။

ဒုစရိုက် ၁၀ ပါးတည်းဟူသော အပုညာဘိသင်္ခါရတရား ပွားများသည့် အဘွက်ကြောင့် နောင်ဘဝ၌ အပါယ်လေးဘုံတွင် ဝိညာဉ်ဟူသော ပဋိသန္ဓေ တခု ဖြစ်ပေါ်စမြဲ ဖြစ်၏။

သုစရိုက်၁၀ပါးတည်းဟူသော ပုညာဘိသင်္ခါရတရား ပွားများမှုကြောင့် နောင်ဘဝ၌ လူ့ဘုံ, နတ်ပြည် ခြောက်ထပ်, ရူပပြဟ္မာ ၁၆ ဘုံ ဟူသော ၂၂ ဘုံတွင် ဝိညာဉ်ဟူသော ပဋိသန္ဓေတခု ဖြစ်ပေါ်စမြဲဖြစ်၏။

အရူပကုသိုလ် လေးပါးတည်း ဟူသော အာနေဉ္ဇာဘိ သင်္ခါရ တရား ပွားများမှုကြောင့် နောင်ဘဝ၌ အရူပလေးဘုံတွင် အရူပ ဝိညာဉ်ဟူသော ပဋိသန္ဓေတခု ဖြစ်ပေါ်စမြဲ ဖြစ်၏။

**ဝိညာဉ်** ဟူသည်- စိတ်ပင်ဖြစ်၏။ ဝိညာဉ်သည်"စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ, မနော"ဟူသော ဒွါရခြောက်ပါးကို အစွဲပြု၍ ဖြစ်ပေါ်သဖြင့် ဝိညာဉ်သည် "စက္ခုဝိညာဉ်, သောတဝိညာဉ်, ဃာနဝိညာဉ်, ဇိဝှာဝိညဉ်, ကာယဝိညာဉ်, မနောဝိညာဉ်"ဟူ၍ ခြောက်ပါး ပြားလေ၏။ ထိုဝိညာဉ်သည်, 'စက္ခု,သောတ' အစရှိသော ဒွါရခြောက်ပါးတို့၌ အကြီးအကဲဖြစ်၏။ အရှင်သခင်ဖြစ်၏။အရှင်ခေတ်မင်း ဖြစ်၏။

ထိုသို့သင်္ခါရကြောင့် ဖြစ်ပေါ်လာရသော ဝိညာဉ်စိတ်ကို'ဖဿ, ဝေဒနာ, စသော (စေတသိက်) နာမ်တရားအပေါင်း မဟာဘုတ်ကြီး လေးပါး အစရှိသော ရုပ်အပေါင်းတို့ဖြင့် ဝန်းဝိုင်းခြံရံကြရကုန်၏။ ထိုဝိညာဉ်ဟူသော အရှင်သခင် ခေတ်မင်းသည်ပင်လျှင် "မြင်ခြင်း, ကြားခြင်း, နံခြင်း, လျက်ခြင်း, ထိတွေ့ခြင်း, ကြံသိခြင်း" အမျိုးမျိုးတို့ကို အုပ်စိုး ဆောင်ရွက်လေသည်။

ထိုဝိညာဉ်ဟူသောခေတ်မင်းသည်ပင်လျှင် ခန္ဓာကိုယ်အတွင်း၌ လျှမ်းလျှမ်းထက်မြက်သော တန်ခိုးတေဇာ, အရှိန်အဝါတို့ဖြင့် 'သွားခြင်း, လာခြင်း, ပြောဆိုခြင်း, ပြုမူခြင်းစသည့် အမှုကိစ္စတို့ကို ပြည့်စုံပြီးစီးစေ၏။ ထို့ကြောင့်ပင်"ပုဂ္ဂိုလ်, သတ္တဝါ, ငါပဲ, သူပဲ, မိန်းမပဲ, ယောကျ်ားပဲ" အစရှိသည်ဖြင့် အထင်အယူ မှောက်မှား၍ အပါယ် လေးပါးမှ မလွတ်နိုင်၊ သံသရာမှ မလွတ်နိုင်၊ ဝဋ်နွယ်ရှည်လျား, တမားမား ဖြစ်နေကြရသည်။

ဤကား ပဋိစ္စသမုပ္ပာဒ် နည်းအရ သင်္ခါရက ဝိညာဉ်အား ကျေးဇူးပြုပုံတည်း။

ပဋ္ဌာန်းနည်းအရ ကျေးဇူးပြုပုံမှာကား—

သင်္ခါရကြောင့် ဝိညာဉ်ဖြစ်သည် ဆိုရာ၌ ဝိညာဉ်ဟူသည် ပဋိသန္ဓေအခါ၊ ပဝတ္တိအခါ၌ဖြစ်သော လောကီဝိပါက်စိတ် ၃၂ ပါးပင် တည်း။

အကုသိုလ်ကံ ဟူသော အပုညာဘိသင်္ခါရကြောင့် ပဋိသန္ဓေ အခိုက်၌ အဟိတ် အကုသလ ဝိပါက် ဥပေက္ခာသန္တီရဏဝိညာဉ်ဖြစ်၏။ ပဝတ္တိအခါ၌ အဟိတ်အကုသလ ဝိပါက် ဝိညာဉ် ခုနစ်ပါးဖြစ်၏။

ကာမကုသိုလ်ကံ ဟူသော ပုညာဘိ သင်္ခါရကြောင့် ပဋိသန္ဓေ အခိုက်၌ အဟိတ် ကုသလဝိပါက် ဥပေက္ခာသန္တီရဏစိတ် တပါး + မဟာ ဝိပါက်စိတ် ရှစ်ပါးဟူသော ဝိညာဉ် ကိုးပါးဖြစ်၏။ ပဝတ္တိအခါ၌ အဟိတ်ကုသလ ဝိပါက် စိတ် ရှစ်ပါး + မဟာဝိပါက်စိတ် ရှစ်ပါးဟူသော ဝိညာဉ် ၁၆ ပါးဖြစ်၏။

ရူပကုသိုလ်ကံ ဟူသော ပုညာဘိသင်္ခါရကြောင့် ပဋိသန္ဓေ, ပဝတ္တိအခါ နှစ်ပါးစုံ၌ ရူပဝိညာဉ် ငါးပါးဖြစ်၏။

အရူပ ကုသိုလ်ကံဟူသော အာနေဉ္ဇာဘိ သင်္ခါရကြောင့် ပဋိသန္ဓေ, ပဝတ္တိ အခါနှစ်ပါးစုံ၌ အရူပဝိပါက် ဝိညာဉ်လေးပါး ဖြစ်၏။

ဤ၌ ကံ ဟူသော သင်္ခါရတရားသည် ဝိပါက်စိတ် ဟူသော ဝိညာဉ် အား 'ပကတူပနိဿယ၊ နာနက္ခဏိက ကမ္မ' ဟူသော ပစ္စယသတ္တိ နှစ်ပါးတို့ ဖြင့် ကျေးဇူးပြုလေ၏။

## (၃). ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်၏

ဝိညာဉ် ဟူသော အကြောင်း တရားကြောင့်၊ နာမ်ရုပ် ဟူသော အကျိုး တရား ဖြစ်ပေါ်လာရ၏။ ဝိညာဉ်က နာမ်ရုပ်အား ကျေး ဇူး ပြုသည် ဟူလို။ ဝိညာဉ်သည် အကြောင်း (ပစ္စည်း) တရား ဖြစ်၍၊ နာမ်ရုပ်သည် အကျိုး (ပစ္စယုပ္ပန်)တရားဖြစ်သည်။

နောင်ဘဝ၌ ဝိညာဉ် ဟူသော ပဓာန ခေါင်းဆောင် ဖြစ်ပေါ်လျှင် "ဖဿ, ဝေဒနာ, စေတနာနှင့် တကွ သညာ, ဝိတက် အစရှိသည့် စေတသိက် တရား တည်းဟူသော နာမ်၊ မဟာဘုတ်လေးပါးအစရှိသော ရုပ်—ဤ နာမ် ရုပ် တရား နှစ်ပါးတို့သည် ထိုဝိညာဉ်နှင့်ပင် ထက်ကြပ်မကွာ အတူ တကွ ဖြစ် ပေါ်ကြကုန်၏။

ဥပမာအားဖြင့် မီးတောက်ကြီးတခု တောက်လိုက်လျှင် ထိုမီးတောက်မှ မီးအရှိန်, မီးအရောင်အဝါတို့သည် ထို မီးတောက်နှင့် တပြိုင်နက် ဖြစ်ပေါ် သကဲ့သို့ပင်တည်း။ ထို့ပြင် ဝေပုလ္လတောင်ရှိ 'ကြောင်မျက်ရွဲ'ခေါ် ကျောက် မြတ်ရတနာတုံးကြီးမှာ အနီ, အဝါ,စ သော ကြိုး ပေါင်း အရာမက ခြယ် လည်လျက် ရှိသကဲ့သို့ စိတ်ဝိညာဉ်မှာလည်း စေတသိက်နာမ် တည်းဟူသော ကြိုးတို့ဖြင့် ခြယ်လည်သည်။

ဝိညာဉ်ဖြစ်ပေါ်လာသော် ဝိညာဉ်နှင့် တပြိုင်နက်ပင် 'နာမကာယ'ခေါ် နာမ်တရားအစုသည်လည်းကောင်း၊ 'ရူပကာယ' ခေါ် ရုပ်တရား အစုသည် လည်းကောင်း ဖြစ်ပေါ်ကြရကုန်၏။ ဤ၌ '**နာမကာယ**' ဟူ သည် ဖဿ, ဝေဒနာ, စသော၊ 'ဝိတက်၊ ဝိစာရ, စသော၊ 'မောဟ, အဟိရိက, စသော၊

သဒ္ဓါ, သတိ, စသော လေးမျိုးလေးစား ၅၂ ပါးသော စေတသိက် တို့ကို ပင် ဆိုလိုသည်။ 'ရူပကာယ' ဟူသည် မဟာဘုတ်ကြီးလေးပါး၊ ယင်းတို့ကို မှီ၍ ဖြစ်သော ဥပါဒါရုပ် ၂၄ ပါး ဟူသော ၂၈ ပါးသော ရုပ်တို့ကိုပင် ဆိုလို၏။

ဤ 'ရူပကာယ'ခေါ် ရုပ်တရားအစု ထင်ရှားဖြစ်ပေါ်လာသည့် အတွက်ကြောင့် ကိုယ်အမျိုးမျိုး၊ ခေါင်းအမျိုးမျိုး အစရှိသော ရေနေ သတ္တဝါအနန္တ၊ မြေနေသတ္တဝါအနန္တ၊ ကောင်းကင်နေသတ္တဝါအနန္တ ဟု ရှိနေကြရသည်။

'သဒ္ဓါ, သတိ, အစရှိသည့် ကောင်းမြတ်သော နာမ်တရားစု၊ 'မောဟ, အဟိရိက, အစရှိသည့် မကောင်းသော နာမ်တရားစု တို့ ထင်ရှား ဖြစ်ပေါ်လာသည့်အတွက်ကြောင့် သူတော်ကောင်း, သူ ယုတ် ဟူ ၍ ရှိကြ သည်။ 'သဒ္ဓါ, သတိ, အစရှိသည့် ကောင်းသော နာမ် တရားစု ဖြစ် ပွား တည် နေသော သူကို သူတော်ကောင်း သူမြတ်လောင်း ဟု ခေါ်ကြရသည်။ 'မောဟ, အဟိရိက' အစရှိသည့် မကောင်းသော နာမ်တရားစု ဖြစ်ပွားတည်နေသော သူကို သူယုတ်, သူခိုး, သူမကောင်းဟု ဆိုကြရသည်။

ဤကား— ပဋိစ္စသမုပ္ပါဒ် နည်းအရ ဝိညာဉ်က နာမ် ရုပ်အား ကျေးဇူး ပြုပုံတည်း။

ပဋ္ဌာန်းနည်းအရ ကျေးဇူးပြုပုံမှာကား—

ဝိညာဉ်ကြောင့် နာမ်ရုပ်ဖြစ်သည် ဆိုရာဝယ်၊ ဝိညာဉ် အ ရ လောကီ ဝိပါက်စိတ် ၃၂ ပါးကို ယူရ၏။ နာမ်အရ ထို ဝိပါက်စိတ် ၃၂ ပါး တို့ ၌ ယှဉ်သော စေတသိက် ၃၅ ပါးကို ယူရ၏။ ရုပ်အရ ကမ္မဇရုပ်ကိုယူရ၏။

တဖန်လည်း-ဝိညာဉ်သည် ပဋိသန္ဓေဝိညာဉ်၊ ပဝတ္တိဝိညာဉ်–ဟု နှစ်မျိုး ရှိ၏။ ထိုဝိညာဉ်အတူပင် နာမ်ရုပ်ကိုလည်း ပဋိသန္ဓေနာမ်ရုပ်, ပဝတ္တိ နာမ်ရုပ်-ဟူ၍ နှစ်မျိုးယူရမည်။ ပဋိသန္ဓေဝိညာဉ်-ဟူသည် ပဋိသန္ဓေ အခါ၌ ဖြစ်သော ဝိညာဉ်စိတ်တည်း။ ပဝတ္တိဝိညာဉ်- ဟူသည် ပဋိသန္ဓေစိတ်ဖြစ် (ဥပါဒ်) ပြီးနောက် ပဝတ္တိအခါ၌ ဖြစ်သော ဝိညာဉ်တည်း။ ပဋိသန္ဓေ နာမ်ရုပ်, ပဝတ္တိနာမ်ရုပ်ကိုလည်း ထိုနည်းအတူပင် ခွဲခြား၍သိပါလေ။

ပဋိသန္ဓေဝိညာဉ်သည် မိမိနှင့် ယှဉ်ဖက် (သမ္ပယုတ်)ဖြစ်သောစေတသိက် ဟူသော နာမ်တရားအား "သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ" ဟူသော ပစ္စယသတ္တိ ကိုးပါးတို့ဖြင့် ကျေးဇူးပြု၏။

ထိုပဋိသန္ဓေဝိညာဉ်သည် မိမိနှင့် တပြိုင်နက် အတူတကွ ဖြစ်ရသော ပဋိသန္ဓေကမ္မဇ, ဟဒယဝတ္ထုရုပ်အား ယခင် ကိုးပစ္စည်းတို့တွင် သမ္ပယုတ္တကို နုတ်၊ ဝိပ္ပယုတ္တကိုထည့်၍ ပစ္စယသတ္တိ ကိုးပါးတို့ဖြင့်ပင် ကျေးဇူးပြု၏။ သို့သော် ဟဒယဝတ္ထုရုပ်မှ တပါးသော အခြားကမ္မဇရုပ်တို့အားမူ ပထမ ကိုးပစ္စည်းတို့တွင် 'အညမည၊ သမ္ပယုတ္တ'ကိုနုတ်၊ ဝိပ္ပယုတ္တကိုထည့်၍ ပစ္စယ- သတ္တိ ရှစ်ပါးတို့ဖြင့်သာ ကျေးဇူးပြု၏။

ဤကား ပဋိသန္ဓေအခါကို အဓိကထား၍ ဝိညာဉ်အရနှင့် ယင်းကြောင့် ဖြစ်သော နာမ်ရုပ်အရကို ပြခြင်းဖြစ်၏။ ပဝတ္တိအခါ၌မူကား ဝိညာဉ် အရနှင့် နာမ်ရုပ်အရ အခြားများစွာသော တရားတို့ကိုလည်း ယူနိုင်သေး၏။

## (၄) နာမ်ရုပ်ကြောင့် အာယတန ခြောက်ပါး ဖြစ်၏

နာမ်ရုပ်ဟူသော အကြောင်းတရားကြောင့် 'သဠာယတန'ခေါ် အာယတန ခြောက်ပါးဟူသော အကျိုးတရား ဖြစ်ပေါ်လာရ၏။ နာမ်ရုပ်က အာယတန ခြောက်ပါးအား ကျေးဇူးပြုသည် ဟူလို။ နာမ်ရုပ်သည် အကြောင်း(ပစ္စည်း) တရားဖြစ်၍ အာယတန ခြောက်ပါးသည် အကျိုး (ပစ္စယုပ္ပန်) တရား ဖြစ်သည်။

စေတသိက်အပေါင်းအစု ဟူသော နာမကာယနှင့် မဟာဘုတ် ရုပ်ကြီး လေးပါး အစရှိသည့် ရုပ်အပေါင်းဟူသော ရူပကာယ—ဤ နာမကာယ၊ ရူပကာယနှစ်ပါးဖြစ်ပေါ်၍ အကောင်အထည်, ကြီးငယ်ကာယ, ဖြစ်ပြန် လေသောအခါ ထိုကာယတို့ကို တန်ဆာဆင်ဘိ သကဲ့သို့ (အပြင်ဗဟိဒ္ဓမှ) အာရုံခြောက်ပါးတို့ကို ခံစားစံစားရန်အတွက် ဒွါရခြောက်ပါး (တံခါး ခြောက်ပေါက်) ဟူ ဆိုအပ်သော အာယတနခြောက်ပါးတို့ထင်ရှားဖြစ်ပေါ် ရပြန်၏။

ဒွါရ (အာယတန) ခြောက်ပါးတို့ဟူသည် "စက္ခုပသာဒရုပ် ဟူသော မျက်စိအကြည်ခေတ်၊ သောတပသာဒရုပ် ဟူသော နားအကြည်ခေတ်၊ ဃာနပသာဒရုပ်·ဟူသော နှာခေါင်းအကြည်ခေတ်၊ဇိဝှာပသာဒ·ရုပ်ဟူသော လျှာအကြည်ခေတ်၊ ကာယပသာဒရုပ် ဟူသော ကိုယ်အကြည်ခေတ်၊ ဟဒယ ဝတ္ထု၌ တည်နေသည့် 'မနော' ဟူသော စိတ်အကြည်ခေတ်" တို့ ဖြစ်ကြ၏။

ဒွါရ(တံခါး) ဟူသည် အာကာသတံခါးပေါက်မျိုးကဲ့သို့ ဖြစ်သည်ကို ဆိုလိုသည် မဟုတ်။ ဖလ်တံခါး, မှန်တံခါးများကဲ့သို့ ဖိတ်ဖိတ်လည်နေသော အကြည်တံခါးမျိုးကိုသာ ဆိုလိုသည်။

မျက်စိအကြည်သည် မျက်လုံးအိမ်အတွင်းမှာ ပေါ်သည်။ နားအကြည်သည် နားအိမ်အတွင်းမှာ ပေါ်သည်။နှာခေါင်းအကြည်သည် နှာခေါင်းအိမ်အတွင်းမှာ ပေါ်သည်။ လျှာအကြည်သည် လျှာအပြင်မှာ ပေါ်သည်။ ကိုယ်အကြည်သည် တကိုယ်လုံးမှာ အနှံ့အပြားပေါ်သည်။ မနော အကြည်သည် ရင်တွင်းရှိ နှလုံးအိမ် (ဟဒယ ဝတ္ထု) အတွင်းမှာ ပေါ်သည်။ ထိုခြောက်ပါးတွင် ရှေ့အကြည် ငါးပါးကား ရုပ်အကြည်စု ဖြစ်၏။ မနော အကြည်မှုကား နာမ်အကြည်ပေတည်း။ယင်းအကြည် ခြောက်ပါး တို့သည် အတုမရှိ လျှမ်းလျှမ်းတောက်သော အကြည်(ခေတ်မှန်)တို့ပေတည်း။

(၁) နေဝန်း၊လဝန်း စသည့် အဆင်းသဏ္ဌာန် ဟူသမျှသည် မျက်စိအကြည်၊မနောအကြည် နှစ်ပါးလုံး၌ တပြိုင်နက် အရိပ်အသွင် ထင်ကြရသည်။ထိုအခါတွင် "ဤကား နေဝန်းတည်း၊ဤကား လဝန်းတည်း" စသည်ဖြင့် မြင်ကြ သိကြရသည်။

(၂) မိုးသံ၊လေသံ၊စည်သံ အစရှိသော အသံမျိုး ဟူသမျှသည် နားအကြည်၊မနောအကြည် နှစ်ပါးလုံး၌ တပြိုင်နက် ထင်ကြရသည်။ ထိုအခါတွင် "ဤကား မိုးသံတည်း"စသည်ဖြင့် ကြားကြ သိကြရသည်။

(၃) စပယ်၊ ကံ့ကော်အစရှိသော အနံ့မျိုး၊ချေးပုပ်၊လူပုပ် အစ ရှိသော အနံ့မျိုး ဟူသမျှသည် နှာခေါင်းအကြည်၊မနောအကြည် နှစ်ပါး လုံးမှာ တပြိုင်နက် ထင်ကြရသည်။ထိုအခါတွင် "ဤကား စပယ်အနံ့တည်း"စသည်ဖြင့် နံကြသိကြရသည်။

(၄) အချိုအချဉ်စသော အရသာမျိုး ဟူသမျှသည် လျှာအကြည်၊ မနောအကြည် နှစ်ပါးလုံး၌ တပြိုင်နက် ထင်ကြရသည်။ ထိုအခါတွင် ''ဤကား အချိုအရသာတည်း'' စသည်ဖြင့် လျက်ကြ၊ သိကြ ရသည်။

(၅) အပူ၊အချမ်း၊အကြမ်း၊အနု ဟူသော အတွေ့ဖောဋ္ဌဗ္ဗာရုံမျိုး ဟူသမျှ သည် ကိုယ်အကြည်၊မနောအကြည် နှစ်ပါးလုံး၌ တပြိုင်နက် ထင်ကြရသည်။ ထိုအခါတွင် ''ဤကား အပူအတွေ့တည်း'' စသည်ဖြင့် တွေ့ထိကြ၊ သိကြ ရသည်။

(၆) ထို့မှ ကြွင်းသမျှ ကုသိုလ်၊ အကုသိုလ်၊စိတ်၊စေတသိက် အစရှိသည့် ဓမ္မာရုံနှင့်အာရုံ ခြောက်ပါး ဟူသမျှသည် မနောအကြည် တပါးတည်း မှာ သာ ထင်ကြရသည်။ ထိုအခါတွင်မှ ''မည်သည့် ဝတ္ထုကို ငါသိသည်၊မည်သည့် အမှုကို ငါပြုသည်''ဟု ဖြစ်ကြရသည်။ ထိုသို့ ဖြစ်သည်ကို အစွဲပြု၍ ဒေါသ တရား၊မာန တရားတို့ကြောင့် ''ငါငါ့,ငါငါ''ဟု ထောင်ထောင် လွှားလွှား ဖြစ်ပွားကြရသည်။

ဤကား ပဋိစ္စ သမုပ္ပာဒ် နည်းအရ နာမ်ရုပ်က 'သဠာယတန' ခေါ် အာယတန ခြောက်ပါးအား ကျေးဇူး ပြုပုံတည်း။

ပဋ္ဌာန်းနည်းအရ ကျေးဇူးပြုပုံမှာကား—

နာမ်ရုပ်ကြောင့် အာယတန ခြောက်ပါးဖြစ်သည် ဆိုရာဝယ် အာယတန ခြောက်ပါးအရ ''စက္ခုပ သာဒ၊ သောတပသာဒ၊ ဃာနပသာဒ၊ဇိဝှာပသာဒ၊ ကာယပသာဒ ဟူသော ပသာဒ ခေါ်၊ အာယတနခေါ် ရုပ်ဒွါရ ငါးပါးနှင့် မနာယတနခေါ် မနောဒွါရ ဟူသော နာမ်ဒွါရ၊ ဤဒွါရ ခြောက်ပါးတို့ကို ယူရ၏။ထိုတွင် မနောဒွါရခေါ် မနာယတန အရ ဝိပါက်စိတ်ကိုသာ ယူရ မည်ဖြစ်၍ လောကီဝိပါက် ၃၂ ပါးကို မနာယတန ဟု ခေါ်၏။

နာမ် ရုပ်အရတွင် ဝိပါက်စိတ် နှင့် ယှဉ်သော စေတသိက် ၃၅ ပါး ဟူသော နာမ်ခန္ဓာ သုံးပါးသည် နာမ်မည်၏။ ကမ္မဇ မဟာဘုတ် လေးပါး၊ စက္ခု၊သောတ၊ဃာန၊ဇိဝှာ၊ကာယ၊ဟဒယ၊ဇီဝိတ၊ဩဇာ(အာဟာရ)ဟူသော ရုပ် ၁၂ ပါးသည် ရုပ်မည်၏။

ဝိပါက်စေတသိက် ခန္ဓာသုံးပါးတည်း ဟူသော နာမ်သည် အတူတကွ ဖြစ်ဖက် သဟဇာတ်ဖြစ်သည့် မနာယတနအား "သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ သမ္ပယုတ္တ၊အတ္ထိ၊ အဝိဂတ"ဟူသော ပစ္စယသတ္တိ ခုနစ်ပါး တို့ဖြင့် ကျေးဇူးပြုသည်။

တဖန်–ဝိပါက်စေတသိက် ၃၅ ပါးတို့တွင် "အလောဘ, အဒေါသ, အမောဟ" စေတသိက် သုံးပါးသက်သက်ကို ခွဲ၍ ပစ္စည်းတပ်လျှင် ယခင် ခုနစ်ပစ္စည်းတွင်'ဟေတု'ကို ထည့်၍ ပစ္စယသတ္တိ ရှစ်ပါးဖြင့် ကျေးဇူးပြုသည်။ 'ဖဿ, စေတနာ' စေတသိက်ဖြစ်လျှင် 'သဟဇာတကမ္မ' ပစ္စည်းတခုကိုထည့်။'ဖဿ, စေတနာ' စေတသိက်ဖြစ်လျှင် 'အာဟာရ' ပစ္စည်းကို ထည့်၍ ရှစ်ပစ္စည်း။ 'ဝိစာရ,ပီတိ' စေတသိက်ဖြစ်လျှင် 'ဈာန' ပစ္စည်းကို ထည့်၍ ရှစ်ပစ္စည်း။ 'ဝေဒနာ' ဇီဝိတ(ဇီဝိတိန္ဒြေ), သဒ္ဓါ' စေတသိက်များ ဖြစ်လျှင် 'ဣန္ဒြိယ' ပစ္စည်းကိုထည့်၍ ရှစ်ပစ္စည်း။ 'ဧကဂ္ဂတာ' စေတသိက်ဖြစ်လျှင် 'ဣန္ဒြိယ'ဈာန မဂ္ဂ ပစ္စည်းတို့ကို ထည့်၍ ၁၀ ပစ္စည်း။

ဤသို့ဝိပါက်စိတ် ဟူသမျှမှာ စေတသိက်ယှဉ်ပုံကိုကြည့်၍ ပစ္စည်းတပ်ပုံ (ကျေးဇူးပြုပုံ)ကို ဉာဏ်ထွင်၍သိပါလေ။

'စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ'ဟူသော ဝိညာဉ်စိတ် ၁၀ါးမျိုး မှာ 'သဗ္ဗစိတ္တသာဓာရဏ'ခေါ် စေတသိက် ခုနစ်ပါးသာ ယှဉ်သည်ဖြစ်၍ 'ဟေတု၊ ဈာန၊ မဂ္ဂ' ပစ္စည်းတို့နှင့် မဆိုင်။ ယခင် ခုနစ်ပစ္စည်းတွင် 'ကမ္မ' အာဟာရ၊ ဣန္ဒြိယ' ပစ္စည်းတို့ကို ထိုက်သည်အားလျော်စွာထည့်၍ ပစ္စည်း တပ်ပုံ(ကျေးဇူးပြုပုံ)ကို ဝေဖန်သိပါလေ။

**စတုဝေါကာရ** ခေါ် အရူပလေးဘုံတွင် ပဋိသန္ဓေ၊ ပဝတ္တိ နှစ်ပါး၌ စေတသိက် နာမ်စုသည် မနာယတနာအားသာ အထက်တွင် ပြဆိုခဲ့သည့် အတိုင်း ပစ္စည်းတပ်၏။ ရုပ်မရှိ၍ ရုပ်နှင့်မဆိုင်။

**ပဉ္စဝေါကာရ** ဘုံ၌ ပဋိသန္ဓေအခါ (၁) ဝိပါက်နာမ် စေတသိက် ခန္ဓာ သုံးပါးတို့သည် ပဋိသန္ဓေစိတ်ဟု ဆိုအပ်သော မနာယတနအားဆိုခဲ့ပြီးသည့် အတိုင်း "သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ သမ္ပယုတ္တ၊ အတ္ထိ၊

အဝိဂတ'' ဟူသော ပစ္စယသတ္တိ ခုနစ်ပါးတို့ဖြင့် ကျေးဇူးပြု၏။ (၂) ဟဒယ ဝတ္ထုရုပ်သည် ပဋိသန္ဓေ မနာယတနာအား ဆိုခဲ့ပြီးသော ခုနစ် ပစ္စည်းတွင် 'ဝိပါက၊ သမ္ပယုတ္တ ကိုနုတ်၊ 'ဝိပ္ပယုတ္တ' ကို ထည့်၍ ပစ္စယသတ္တိ ခြောက်ပါး တို့ဖြင့်ကျေးဇူးပြု၏။

ပဝတ္တိအခါ ရှေးရှေးစိတ်နှင့်အတူပြိုင် ဥပါဒ်သော 'ဟဒယဝတ္ထု'သည် ဝိပါက်မနာယတနအား 'နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ' ဟူသော ပစ္စယသတ္တိ ငါးပါးတို့ဖြင့် ကျေးဇူးပြု၏။

'စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ' ဟူသော ပသာဒရုပ်ခေါ် ရုပ် အာယတန ငါးပါးတို့က 'စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ'ဟူသော ဝိညာဉ်စိတ် ငါးပါးဖြစ်သည့် မနာယတနအား 'နိဿယ၊ပုရေဇာတ၊ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ'ဟူသော ပစ္စယသတ္တိခြောက်ပါးတို့ဖြင့် ကျေးဇူး ပြု၏။

ပဉ္စဝေါကာရ ပဋိသန္ဓေအခါ ဝိပါက်စေတသိက် နာမ်ခန္ဓာ သုံးပါးတို့ သည် 'စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ' ဟူသော အာယတန ငါးပါး အား ''သဟဇာတ, နိဿယ, ဝိပါက, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ'ဟူသော ပစ္စယသတ္တိ ခြောက်ပါးတို့ဖြင့် ကျေးဇူးပြု၏။

ပဝတ္တိအခါ ယင်းစေတသိက် ဝိပါက် နာမ်ခန္ဓာသုံးပါးတို့သည် 'စက္ခု, သောတ, ဃာန, ဇိဝှာ, ကာယ' ဟူသော အာယတန ငါးပါးအား ''ပစ္ဆာဇာတ, ဝိပ္ပယုတ္တ, အတ္ထိ, အဝိဂတ'ဟူသော ပစ္စယသတ္တိ လေးပါးတို့ ဖြင့် ကျေးဇူးပြု၏။

ဤကား- နာမ်ရုပ်နှစ်ပါးက ထိုက်သည်အားလျော်စွာကျေးဇူးပြုပုံတည်း။

ရုပ်က ရုပ်အား ကျေးဇူးပြုပုံမှာ--

**'မဟာဘုတ်လေးပါး'** တို့သည် ကလာပ်တူ (ရုပ်)အာယတန ငါးပါး အား သဟဇာတ, နိဿယ, အတ္ထိ, အဝိဂတ' ဟူသော ပစ္စယသတ္တိ လေးပါး တို့ဖြင့် ကျေးဇူးပြု၏။ **ရုပ်ဇီဝိတ သည်** ကလာပ်တူ အာယတန **ငါးပါးအား**

"ဣန္ဒြိယ, အတ္ထိ, အဝိဂတ ပ႒ာနေသာ ပစ္စယသတ္တိ သုံးပါးတို့ဖြင့် ကျေးဇူးပြု၏။ ကာမဘုံ၌ 'ကမ္မဇသြေဇာ, (အာဟာရ)သည် ကလာပ်တူ ကလာပ်ပြား အာယတန ၄ ါးပါးအား 'အာဟာရ, အတ္ထိ, အဝိဂတ, ဟူသော ပစ္စယသတ္တိ သုံးပါးတို့ဖြင့် ကျေးဇူးပြု၏။

ဆိုခဲ့ပြီးသည့် ပစ္စည်းအားလုံးကို ပေါင်းလေသော် နာမ်ရုပ်က အာယတန ခြောက်ပါးအား ၁၆ ပါးသော ပစ္စယသတ္တိတို့ဖြင့် ကျေးဇူးပြုကုန်၏။

## (၅) အာယတနခြောက်ပါးကြောင့် ဖဿဖြစ်၏

အာယတန ခြောက်ပါးဟူသော အကြောင်းတရားကြောင့် ဖဿ ခြောက်ပါး ဟူသော အကျိုးတရားဖြစ်ပေ၏။ အာယတန ခြောက်ပါးက ဖဿ ခြောက်ပါးအား ကျေးဇူးပြုသည် ဟူလို။ အာယတန ခြောက်ပါး ဟူသော အကြောင်း (ပစ္စည်း)တရားကြောင့် ဖဿ ခြောက်ပါး ဟူ သော အကျိုး (ပစ္စယုပ္ပန်)တရားဖြစ်ရကုန်၏။

ဗဟိဒ္ဓဖြစ်သော ပကတိ ဖလ်အကြည်, မှန်အကြည်,တို့၌ နေဝန်း၊လဝန်း စသည်တို့ ထင်ပေါ်ကြသကဲ့သို့ ထို့အတူပင် ဤကိုယ်ခန္ဓာ၌ရှိသော "စက္ခု သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနော" ဟူသော ကမ္မဇ (ကံကြောင့် ဖြစ် သော) ခတ်မှန်အကြည်ခြောက်ပါးတို့၌လည်း "နေဝန်း စ သော ရူပါရုံ၊ မိုးသံ စသော သဒ္ဒါရုံ၊ ပန်းနံ့ စသော ဂန္ဓာရုံ၊ အချိုစသော ရသာရုံ၊ အပူ အအေး စသော အတွေ့ ဖောဋ္ဌဗ္ဗာရုံ၊ စိတ်ထဲထင်မြင်လာသော ဓမ္မာရုံ" ဟူ သော အာရုံခြောက်ပါးတို့၏ အသွင်သဏ္ဌာန်တို့ ထင်ပေါ်ကြကုန်၏။ ဒွါရ ခြောက်ပါးနှင့် အာရုံခြောက်ပါးတို့ တိုက်ခိုက် ထိခိုက်ကြကုန်၏။

ထို အာရုံခြောက်ပါးတို့ ထိခိုက် ထင်ပေါ်ရာ 'စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မနော' ဟူသော အကြည် ခြောက်ပါး ဒွါရ (အာယတန) များ၌ "စက္ခုဝိညာဉ်၊ သောတဝိညာဉ်၊ ဃာနဝိညာဉ်၊ဇိဝှါဝိညာဉ်၊ ကာယ ဝိညာဉ်၊ မနောဝိညာဉ်" ဟူသော ဝိညာဉ်ခြောက်ပါးတို့ ဖြစ်ပေါ်ကြကုန်၏။ တိမ်တိုက်နှစ်ခုတို့ ခွပ်ကြတိုက်ကြရာ၌ လျှပ် ရောင် ဖြစ်ပေါ်သကဲ့သို့ လည်း ကောင်း၊ ကျောက်နှင့် မီးခတ်တို့ ခတ်ကြရာ၌ မီးပွင့်မီးဖွား ဖြစ်ပေါ်သကဲ့သို့

လည်းကောင်း၊ ဒွါရခြောက်ပါး အကြည်ဓာတ်များနှင့် အာရုံခြောက်ပါး တို့ တိုက်ခိုက်ထိခိုက်ကြရာ၌ ဝိညာဉ်စိတ် ခြောက်ပါးတို့ ဖြစ်ပေါ်လာပုံ သဘောကို မှတ်ယူရာ၏၊

(၁) အတွင်းဓာတ်မှန်အကြည်=ဒွါရ=အာယတန ခြောက်ပါး၊ (၂) ထိုဓာတ်မှန် အကြည်တို့၌ ထင်ပေါ်လာသော အာရုံခြောက်ပါး၊ (၃) ထို နှစ်ပါးတို့ ထိခိုက် မိရာတွင် ဖြစ်ပေါ်လာသော ဝိညာဉ်စိတ် ခြောက်ပါး၊ ဤသုံးမျိုး ပေါင်းဆုံစည်းဝေးမှုကြောင့် ဖဿ ခြောက်ပါးတို့ ဖြစ်ပေါ်ကြ ကုန်၏။ ယင်းဖဿခြောက်ပါးမှာ—"စက္ခုမှာဖြစ်သောဖဿ(=စက္ခုသမ္ဖဿ) သောတမှာဖြစ်သော ဖဿ (=သောတသမ္ဖဿ)၊ ဃာနမှာ ဖြစ်သော ဖဿ (=ဃာနသမ္ဖဿ)၊ ဇိဝှာမှာ ဖြစ်သောဖဿ (ဇိဝှာသမ္ဖဿ)၊ ကာယမှာ ဖြစ် သော ဖဿ(=ကာယသမ္ဖဿ)၊ မနောမှာ ဖြစ်သော ဖဿ(=မနောသမ္ဖဿ)" တို့ပင်တည်း။

ထို 'ဖဿ' သည် မိမိနှင့် ပေါင်းဆုံမိသော "အဆင်း, အသံ, အနံ့, အရသာ, အတွေ့, အကြံအတွေ့" ဟူသော အာရုံခြောက်ပါးတို့ကြောင့် ကောင်းသော ရသဂုဏ်, မကောင်းသော ရသဂုဏ်တို့ကို တဖွားဖွားပေါ်ထွက် လာအောင် ကြိတ်ဝါးတိုက်ခိုက်ပေးလေ၏။ အာရုံတို့၏ ရသဂုဏ်ကို 'အာရုံ ရည်'ဟု ခေါ်စမှတ်ပြုလေ့ရှိ၏။

အဆင်း=ရူပါရုံမှာ လည်းကောင်း၊ အသံ=သဒ္ဒါရုံမှာ လည်းကောင်း၊ အနံ့= ဂန္ဓာရုံမှာ လည်းကောင်း၊ အရသာ= ရသာရုံမှာ လည်းကောင်း၊ ထိတွေ့မှု=ဖောဋ္ဌဗ္ဗာရုံမှာလည်းကောင်း၊ (ကုသိုလ်, အကုသိုလ်အစရှိသော) ဓမ္မာရုံမှာလည်းကောင်း ကောင်းသောရသ (ဣဋ္ဌရသ)၊ မကောင်းသော ရသ(အနိဋ္ဌရသ) တို့ ရှိကြကုန်၏။

ဖဿက ကြိတ်နယ်ပေး၍ အာရုံ၏ ကောင်း—မကောင်းသော အရသာ တို့ပေါ်ထွက်လာသောအခါမှ ကောင်းသည်- မကောင်းသည်ကို အစွဲပြု၍ 'ချစ်ခြင်း, မုန်းခြင်း, သာယာခြင်း, မသာယာခြင်း' ဟူသော အမှု (ခံစားမှု) ဖြစ်ပွားလေသတည်း။

ဤကား ပဋိစ္စသမုပ္ပာဒ် နည်းအရ အာယတန ခြောက်ပါးက ဖဿ ခြောက်ပါးအား ကျေးဇူးပြုပုံပေတည်း။

ပဋ္ဌာန်းနည်းအရ ကျေးဇူးပြုပုံမှာကား—

"အာယတန ခြောက်ပါးကြောင့် ဖဿခြောက်ပါးဖြစ်သည်" ဆိုရာဝယ် စက္ခုစသည့် အတွင်း အာယတန ခြောက်ပါးနှင့် ရူပါရုံစသည့် အပြင် အာယတနခြောက်ပါးတို့ ပေါင်းဆုံမိကြသောအခါ စက္ခုဝိညာဉ် စသည့် ဝိညာဉ်စိတ်ခြောက်ပါးတို့ ဖြစ်ပေါ်လာကြ၏။ ယင်းသို့ ဖြစ်ပေါ်လာကြသည့် ထိုဝိညာဉ် ခြောက်ပါးနှင့်အတူတကွ တပြိုင်နက်ပင် 'ဖဿ' တရားလည်း တပါတည်းရောနှောဖြစ်ပေါ်လေ၏။ ဆိုလိုသည်မှာ ဝိညာဉ်ခြောက်ပါးဟူသော စိတ်ခြောက်မျိုးဖြစ်တိုင်း ဖဿစသော စေတသိက် တရားတို့ တပြိုင်နက် တပါတည်းဖြစ်ပေါ်လာကြစမြဲပေတည်း။

(၁) စက္ခုပသာဒရုပ် ဟူသော စက္ခာယတနသည် မိမိကို မှီ၍ဖြစ်သော စက္ခုသမ္ဖဿအား လည်းကောင်း၊ (၂) သောတပသာဒရုပ် ဟူသော သောတာယတနသည် မိမိကိုမှီ၍ ဖြစ်သော သောတသမ္ဖဿအား လည်းကောင်း၊ (၃) ဃာနပသာဒရုပ်ဟူသော ဃာနာယတနသည် မိမိကိုမှီ၍ ဖြစ်သော ဃာနသမ္ဖဿအား လည်းကောင်း၊ (၄) ဇိဝှာပသာဒရုပ်ဟူသော ဇိဝှာယတနသည် မိမိကိုမှီ၍ဖြစ်သော ဇိဝှာသမ္ဖဿအား လည်းကောင်း၊ (၅) ကာယပသာဒရုပ် ဟူသော ကာယာယတနသည် မိမိကိုမှီ၍ ဖြစ်သော ကာယသမ္ဖဿအားလည်းကောင်း "နိဿယ၊ ပုရေဇာတ၊ ဣန္ဒြိယ၊ ဝိပ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ" ဟူသော ပစ္စယသတ္တိခြောက်ပါးတို့ဖြင့် ကျေးဇူးပြုကုန်၏။

(၆) ဟဒယဝတ္ထုကို မှီ၍ ဖြစ်သော မနောအကြည်ဓာတ်ဟူသော ဝိပါက်စိတ် ဖြစ်သည့် မနာယတနသည် မိမိကို မှီ၍ဖြစ်သော မနောသမ္ဖဿအား (နာမ်က နာမ်အား ကျေးဇူးပြုသည် ဖြစ်၍) "သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ ဣန္ဒြိယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ" ဟူသော ပစ္စယသတ္တိ ကိုးပါးတို့ဖြင့် ကျေးဇူးပြုလေ၏။

## (၆) ဖဿကြောင့် ဝေဒနာဖြစ်၏

ဖဿဟူသော အကြောင်းတရားကြောင့် ဝေဒနာဟူသော အကျိုးတရား ဖြစ်ပေါ် လာရ၏။ ဖဿသည် ဝေဒနာ အား ကျေးဇူးပြုသည်- ဟူလို။ ဖဿသည်အကြောင်း(ပစ္စည်း)တရားဖြစ်၍ ဝေဒနာသည် အကျိုး(ပစ္စယုပ္ပန်) တရားဖြစ်သည်။

ဖဿခြောက်ပါးတို့ကကြိတ်နယ်ပေးမှုကြောင့် အာရုံခြောက်ပါးတို့မှ ရသ ခြောက်ပါးတို့ ပေါ်ထွက်လာသောအခါ ထိုရသကို ခံစားသော ဝေဒနာ ခြောက်ပါးတို့သည် ဖြစ်ပေါ်လာကြသည်။ယင်းဝေဒနာ ခြောက်ပါးကား—

(၁) စက္ခုသမ္ဖဿဇာ ဝေဒနာ - စက္ခုသမ္ဖဿကြောင့် ဖြစ်ပေါ်သော ဝေဒနာ၊ (၂) သောတသမ္ဖဿဇာ ဝေဒနာ - သောတသမ္ဖဿ ကြောင့် ဖြစ်ပေါ်သော ဝေဒနာ၊ (၃) ဃာနသမ္ဖဿဇာ ဝေဒနာ — ဃာနသမ္ဖဿ ကြောင့် ဖြစ်ပေါ်သော ဝေဒနာ၊ (၄) ဇိဝှာသမ္ဖဿဇာ ဝေဒနာ— ဇိဝှာ သမ္ဖဿကြောင့် ဖြစ်ပေါ်သော ဝေဒနာ၊(၅) ကာယသမ္ဖဿဇာ ဝေဒနာ - ကာယသမ္ဖဿကြောင့် ဖြစ်ပေါ်သော ဝေဒနာ၊ (၆) မနောသမ္ဖဿဇာ ဝေဒနာ - မနောသမ္ဖဿကြောင့် ဖြစ်ပေါ်သော ဝေဒနာတို့ ဖြစ်၏။

အဆင်း=ရူပါရုံ၌ ကောင်းသော ဣဋ္ဌရသ၊မကောင်းသော အနိဋ္ဌရသဟူ၍ နှစ်ပါးရှိ၏။ ဝေဒနာသည် ထိုရသနှစ်ပါးကို ခံစား၍ ကောင်းသည် ဟူ၍သော် လည်းကောင်း၊မကောင်းသည် ဟူ၍သော်လည်းကောင်းထင်ရှား ပေါ်လာ၏။ ထိုသို့ထင်ရှားပေါ်လာသည်ကို ဝေဒနာခံစားချက်ဟု ဆိုသည်။သဒ္ဒါရုံ၊ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ၊ ဓမ္မာရုံတို့၌လည်း ထိုနည်းအတူ သိပါလေ။

လောက၌ အလုံးစုံသော သတ္တဝါအပေါင်းတို့သည် သုခဝေဒနာကိုသာ တောင့်တကြကုန်၏။ သုခဝေဒနာကို ရလိုသောဆန္ဒတခုမှာ အကုန်ဆုံမိကြ, စုမိကြကုန်၏။ လောက၌ ကိုယ်အမှု၊ နှုတ်အမှုတို့နှင့် နေ့နေ့ ညည လုံ့လ ဥဿာဟ ပြုပြုသမျှသည် သုခဖို့ချည်းသာအမှန်ဖြစ်၏။သုခကိုရလိုသဖြင့် အပြင်း အထန် ကြောင့်ကြ စိုက်ကုန်၏။

သုခဝေဒနာသည် အရိယာ ပုဂ္ဂိုလ် သူတော်စင်သူမြတ် တို့ကို ချန်လှပ်၍ ပုထုဇဉ်သတ္တဝါအပေါင်းအား ဒုက္ခတရား ပွားများမှုကို ပြုလေ၏။မိမိကိုယ်ကို ချမ်းသာစေလိုသောကြောင့် သူ့အသက်ကို သတ်ခြင်းစသည့် ဒုစရိုက်အမှု တို့ကိုပြု၍ အပါယ်၌ ကျကြရကုန်၏။ လောက၌လည်း သုခကိုရလို၍ လှေထိုး၊ လှတိုက်၊ လယ်လုပ် စသော ဒုက္ခတွေကို ခံကြရကုန်၏။ သုခဝေဒနာသည် နောက်ဆက် ဖြစ်ပေါ်လာသည့် တဏှာဖြစ်ပွားကြောင်း အားကြီးသောတရား ဖြစ်၍ 'ချမ်းသာသုခ၊ တခုမျှ၌' လောကတခုလုံး အကုန် စုလေတော့သည်။

ဤကား ပဋိစ္စသမုပ္ပါဒ် နည်းအရ ဖဿက ဝေဒနာအား ကျေးဇူးပြုပုံ ပေတည်း။

ပဋ္ဌာန်းနည်းအရ ကျေးဇူးပြုပုံမှာကား-

"ဖဿကြောင့် ဝေဒနာဖြစ်သည်" ဟူရာ၌ ဝေဒနာသည် ဖဿခြောက်ပါးကို အစွဲပြု၍'စက္ခုသမ္ဖဿဇာ ဝေဒနာ စသည်ဖြင့် ခြောက်ပါးပြားလေသည်။ ဖဿနှင့် ဝေဒနာနှစ်ပါးလုံးသည် စိတ်၈၉ပါးလုံး၌ မကွေမကွာ အစဉ်ထာဝရ ပူးတွဲဖြစ်ပေါ်ကြသည့် စေတသိက်တရားများပင် ဖြစ်ကြ၏။

ထို့ကြောင့် ဖဿသည် မိမိနှင့် အတူတကွ ဖြစ်ဖက် သဟဇာတ်ဖြစ်သော ဝေဒနာအား "သဟဇာတ၊ အညမည၊ နိဿယ၊ ဝိပါက၊ အာဟာရ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ" ဟူသော ပစ္စယသတ္တိ ရှစ်ပါးတို့ဖြင့် ကျေးဇူး ပြုလေ၏။

## (၇) ဝေဒနာကြောင့် တဏှာဖြစ်၏

ဝေဒနာ ဟူသော အကြောင်း တရားကြောင့် တဏှာ ဟူသော အကျိုးတရား ဖြစ်ပေါ်လာရသည်။ ဝေဒနာက တဏှာအား ကျေးဇူးပြုသည်-ဟူလို။ ထို့ကြောင့် ဝေဒနာသည် အကြောင်း (ပစ္စည်း) တရား ဖြစ်၍ တဏှာသည် အကျိုး (ပစ္စယုပ္ပန်)တရား ဖြစ်လေသည်။

သုခဝေဒနာ ဖြစ်ပေါ်လာသော အခါ ထိုသုခ ဝေဒနာ၌ သာယာခင်မင်သော တဏှာသည် ဖြစ်ပွားလေ၏။ အာရုံ ခြောက်ပါးကို ခံစားမှု ဟူသော ဝေဒနာ ခြောက်ပါးကို အစွဲပြု၍ တဏှာလည်း ခြောက်ပါးပင် ပြားလေ၏။ တဏှာ ခြောက်ပါးတို့မှာ-

(၁) ရူပါရုံ၌ တပ်မက် သာယာသော တဏှာသည် ရူပတဏှာမည်၏။
(၂) သဒ္ဒါရုံ၌ တပ်မက် သာယာသော တဏှာသည် သဒ္ဒတဏှာ မည်၏။
(၃) ဂန္ဓာရုံ၌ တပ်မက် သာယာသော တဏှာသည် ဂန္ဓတဏှာ မည်၏။
(၄) ရသာရုံ၌ တပ်မက် သာယာသော တဏှာသည် ရသတဏှာ မည်၏။
(၅) ဖောဋ္ဌဗ္ဗာရုံ၌တပ်မက်သာယာသော တဏှာသည် ဖောဋ္ဌဗ္ဗ တဏှာ မည်၏။
(၆) ဓမ္မာရုံ၌ တပ်မက်သာယာသော တဏှာသည် ဓမ္မတဏှာမည်၏။

ရူပါရုံစသော အာရုံငါးပါးနှင့် "ဖဿ ခြောက်ပါး၊ ဝေဒနာခြောက်ပါး၊ စက္ခုဒွါရ အကြည် ခြောက်ပါး၊ ထိုမှကြွင်းသော သဒ္ဒါ၊ စေတနာ၊ သညာ၊ သတိ အစရှိသော" ဓမ္မာရုံ ဤအာရုံ ခြောက်ပါးသည် သတ္တဝါတို့ အလွန်

လိုလားတောင့်တနေသော သုခဝေဒနာကို လိုတိုင်း ပေးနိုင်သော သင့်ေ
ရတနာတွေနှင့်တူကုန်၏။ ထို့ကြောင့် သတ္တဝါတို့သည် သုခဝေဒနာကိုသာယာ
လိုသည့် အတွက်ကြောင့် ထိုအာရုံ ခြောက်ပါးကိုပင် ခင်မင်တွယ်တာရှာဖွေ
စုဆောင်းကြရကုန်၏။

ထို့ကြောင့် ''ကာမဝတ္ထု၊ အစုအပုံ၊ ခြောက်အာရုံ၌၊ ခုံတမင်မင်၊ ခင်တမျှားမျှား၊ နေ့စဉ်ပွား၍၊ တရားအချက်၊ သဘောနက်ကို၊ အိပ်မက်တွင်မျှ၊ မမြင်ကြပဲ၊ ကာမထောင်တွင်း၊ ခန္ဓာသွင်းသည်၊ ခြောက်သင်းတဏှာ စွမ်းရည်တည်း''ဟူ၍ လယ်တီဆရာတော်ဘုရားကြီးက စပ်ဆိုတော်မူထား ခဲ့ပေ၏။

ဤကား ပဋိစ္စသမုပ္ပါဒ် နည်းအရ ဝေဒနာက တဏှာအား ကျေးဇူးပြုပုံပေတည်း။

ပဋ္ဌာန်းနည်းအရ ကျေးဇူးပြုပုံမှာကား—

''ဝေဒနာကြောင့် တဏှာဖြစ်သည်''ဆိုရာဝယ် တဏှာ ဟူသည် အာရုံခြောက်ပါးတို့၌ သာယာတပ်မက်သော 'ဘောဘ' စေတသိက် ပင်တည်း။ တဏှာက တပ်မက် သာယာအပ်သော အာရုံခြောက်ပါး တို့မှာ ရူပါရုံအစ-ဓမ္မာရုံအဆုံးရှိသော အာရုံ ခြောက်ပါး ပေတည်း။ ထိုတွင် ဓမ္မာရုံ အရ ''လောကီစိတ် ၈၁၊ စေတသိက် ၅၂၊ ပသာဒရုပ် ၅ ပါး၊ သုခုမရုပ် ၁၆ ပါး၊ ပညတ်''ဟူသော တဏှာ၏ နယ်ပယ်ဖြစ်သည့် ဓမ္မာရုံကို ယူအပ်၏။

အရုံ ခြောက်ပါး၏ အရသာကို ခံစားမှု ဟူသော ဝေဒနာ စေတသိက်က ထိုအာရုံ ခြောက်ပါး၌ တပ်မက်သာယာသည့် 'တဏှာ'ဟူသော 'လောဘ' စေတသိက်အား ''ပကတူပနိဿယ' ပစ္စယ သတ္တိ တပါးဖြင့်သာ ကျေးဇူး ပြု၏။ ဤ၌ဝေဒနာအရ'ဝိပါက် ဝေဒနာ'ကိုသာယူရသောကြောင့်သဟဇာတ ဖြစ်သော တဏှာ (လောဘ)ကို ပဋ္ဌာန်းနည်းအားဖြင့် သဟဇာတ စသည့် ပစ္စည်း မတပ်နိုင်။

သုခဝေဒနာသည် တဏှာအား ကျေးဇူးပြု၏— ဟူသောစကားမှာ အလွန်ထင်ရှားမှန်ကန်လှ၏။ ဒုက္ခဝေဒနာက တဏှာအား အဘယ်သို့လျှင် ကျေးဇူးပြုနိုင်အံ့နည်းဟု မေးဖွယ်ရှိ၏။ အဖြေကား....ဒုက္ခဝေဒနာကို ရရှိသောသူသည်

ဒုက္ခဝေဒနာကို စစ်ဆုတ်ကြောက်လန့်၍ သုခဝေဒနာကို တောင့်တသော တဏှာဖြစ်၏။ ထိုအခါ ဒုက္ခဝေဒနာသည် တဏှာအား 'ပကတူပနိဿယ' ပစ္စယသတ္တိဖြင့်ကျေးဇူးပြုလေ၏။

## (ဂ) တဏှာကြောင့်ဥပါဒါန်ဖြစ်၏

တဏှာဟူသော အကြောင်းတရားကြောင့် ဥပါဒါန် ဟူသော အကျိုးတရား ဖြစ်ပေါ်ရ၏။ တဏှာက ဥပါဒါန်အား ကျေးဇူးပြုသည်– ဟူလို။ ထို့ကြောင့် တဏှာသည် အကြောင်း (ပစ္စည်း) တရားဖြစ်၍ ဥပါဒါန်သည် အကျိုး(ပစ္စယုပ္ပန်) တရားဖြစ်လေသည်။

အာရုံခြောက်ပါးတို့၌ တပ်မက်သာယာမှုမှတဆင့် အပြင်းအထန်စွဲလမ်းမှု ဟူသော ဥပါဒါန်တရား ဖြစ်ပေါ်လာသည်။ အာရုံခြောက်ပါး၌ တပ်မက်သာယာမှု ဟူသော တဏှာ ခြောက်ပါးသည် ပြင်းစွာစွဲလမ်းမှု ဟူသော ဥပါဒါန်တရား လေးပါးတို့ကို ဖြစ်ပွားစေသည်။ဥပါဒါန်တရားလေးပါးကား "ကာမုပါဒါန်၊ ဒိဋ္ဌုပါဒါန်၊ သီလဗ္ဗတုပါဒါန်၊ အတ္တဝါဒုပါဒါန်" တို့ ဖြစ်၏။

(၁) **ကာမုပါဒါန်** ဟူသည်–မိမိတို့၏ ကိုယ်ခန္ဓာနှင့်တကွ ပစ္စည်းဥစ္စာ ရတနာရွှေငွေ လယ်မြေကျွဲနွား သားမယား စသော ကာမဝတ္ထုတို့၌ အပြင်းအထန် စွဲလမ်းသော တဏှာမျိုး ဖြစ်သည်။

(၂) ဒိဋ္ဌုပါဒါန် ဟူသည်-မှားယွင်းသည့် ၆၂ ပါးသော ဒိဋ္ဌိအယူဝါဒ များကို ပြင်းစွာစွဲလမ်းသောတဏှာမျိုးဖြစ်သည်။

(၃) **သီလဗ္ဗတုပါဒါန်** ဟူသည်-နွားတို့၏ အလေ့အကျင့်၊ ခွေးတို့၏ အလေ့အကျင့် စသည် လမ်းစဉ်အမှားတို့ကို သံသရာမှ လွတ်ကြောင်း ကျင့်စဉ်၊ လမ်းစဉ်အမှန်ဟု ပြင်းစွာစွဲလမ်းသော တဏှာမျိုးဖြစ်သည်။

(၄) **အတ္တဝါဒုပါဒါန်** ဟူသည်–မိမိ၏ ခန္ဓာငါးပါး ရုပ်နာမ် တရားတို့ကို 'ငါ့ကိုယ်၊ ငါ့ကိုယ်'ဟု ပြင်းစွာစွဲလမ်းသော တဏှာမျိုး ဖြစ်သည်။

ဤသို့တဏှာဖြင့် သာယာတပ်မက်မှု ရှိခြင်းကြောင့် ပြင်းစွာစွဲလမ်းမှု ဟူသော ဥပါဒါန်တရား လေးပါးတို့ ဖြစ်ပွားလာရလေသည်။ ထို့ကြောင့်

"တဏှာခြောက်မည်၊ အရင်းတည်၍၊ အရှည်လျားလျား၊ အစဉ်ပွားက၊ လေးပါးအမှန်၊ ဉပါဒါန်လည်း၊ ခန္ဓာကာယ၊ အဇ္ဈတ္တနှင့်၊ ကာမအာရုံ၊ အလုံးစုံကို၊ အကုန်နှိုးရင်း အစွဲပြင်း၏" ဟူ၍ လယ်တီဆရာတော်ဘုရားကြီးက စပ်ဆိုတော်မူထားလေသည်။

၍ကား ပဋိစ္စသမုပ္ပာဒ်နည်းအရ တဏှာက ဉပါဒါန်အား ကျေးဇူးပြုပုံတည်း။

ပဋ္ဌာန်းနည်းအရ ကျေးဇူးပြုပုံမှာကား-

"တဏှာကြောင့် ဉပါဒါန်ဖြစ်သည်" ဆိုရာဝယ် တခုသောအာရုံ၌ ပထမလက်ဦး တည်ထောင်သော သာယာမှုသည် တဏှာ၏ ကိစ္စတည်း။ ယင်းသာယာမှုမှ နောက်ထပ် တဆင့်တက်၍ ထိုအာရုံ၌ ပြင်းစွာ စွဲလမ်းနေခြင်းသည် ဉပါဒါန်၏ ကိစ္စတည်း။ သာယာမှု 'တဏှာ' သည် ရှေးဦးစွာ ဖြစ်၍ ပြင်းစွာ စွဲလမ်းမှု ဉပါဒါန်သည် နောက်မှဖြစ်၏။ ထို့ကြောင့် ရှေးဦးစွာ ဖြစ်သော အားနည်းသော 'လောဘ' သည် တဏှာ မည်၍၊ အစွဲ အလမ်း အားကြီးလျှင် ဉပါဒါန်မည်၏။

ရှေးဖြစ်သော တဏှာသည် နောက်ဖြစ်သော ကာမုပါဒါန်အား အားကြီးသောအကြောင်းဖြစ်သည့် 'ပကတူပနိဿယ' ပစ္စယသတ္တိ တပါးဖြင့်သာ ကျေးဇူးပြု၏။ ထိုတဏှာသည် ကာမုပါဒါန်မှ တပါးသော ဉပါဒါန်သုံးပါးတို့အား 'ပကတူပနိဿယ' အပြင် "ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ" ဟူသော ပစ္စယ သတ္တိ ခုနစ်ပါး တို့ဖြင့် ကျေးဇူးပြုလေ၏။

## (၉) ဉပါဒါန်ကြောင့် ဘဝဖြစ်၏

ဉပါဒါန် ဟူသော အကြောင်း တရားကြောင့် ဘဝ ဟူသော အကျိုးတရား ဖြစ်ပေါ်ရ၏။ ဉပါဒါန်က ဘဝ အား ကျေးဇူးပြုသည်–ဟူလို။ ထို့ကြောင့် ဉပါဒါန်သည် အကြောင်း (ပစ္စည်း) တရား ဖြစ်၍၊ ဘဝသည် အကျိုး (ပစ္စယုပ္ပန်)တရားဖြစ်လေသည်။

၍၌ 'ဘဝ' ဟူသည်ကို "**ကမ္မဘဝ** = ကံ" ဟု ယူရသည်။ ထို့ကြောင့် ဘဝ(ဝါ)ကံ ဟူသည် အကုသလကမ္မပထ တရား ၁၀ ပါးခေါ်သော ဒုစရိုက်

တရား ၁၀ ပါး နှင့် ကုသလကမ္မပထ တရား ၁၀ ပါးဟူသော သုစရိုက် တရား ၁၀ ပါးတို့ပင်တည်း။

သတ္တဝါတို့သည် မိမိခန္ဓာကိုယ်နှင့်တကွ သားမယား၊ ရွှေငွေဥစ္စာ၊ ဝတ္ထု အာရုံ၊ ကာမဂုဏ် အလုံးစုံတို့ကို ပြင်းစွာ စွဲလမ်း တပ်မက်ကြသောကြောင့် (ချမ်းသာသုခအတွက်) မကောင်းမှု ဒုစရိုက် တရားတို့ကို လည်းကောင်း၊ ကောင်းမှု သုစရိုက် တရားတို့ကိုလည်းကောင်း မနေမနား ကြိုးစားအားထုတ်၍ ပြုလုပ်နေကြရကုန်၏။

ထို့ကြောင့် "စွမ်းရည်ပြင်းထန်၊ ဥပါဒါန်ဖြင့်၊ ခန္ဓာဓမ္မ၊ ကိုယ်ကာယ၌၊ အတ္တအစွဲ၊ မြဲကြီးမြဲ၍၊ ရဲရဲရက်ရက်၊ ကိုယ်အတွက်ကြောင့်၊ သတ်မှု ခိုးမှု၊ စသည်ပြုလျက်၊ အကုသလ၊ ကမ္မဆယ်တန်၊ အပြစ်လျှံ၏။ တဖန် နောက် နှောင်း၊ ငါလျှင်ကောင်းစိမ့်၊ အကြောင်းရည်ရော်၊ အရှည်မျှော်လျက်.... ဆယ်ဖြာပုည၊ ကုသလကို၊ လို့လကြိုးစား၊ ကောင်းမှုပွား၏။ နှစ်ပါးကုသိုလ်၊ အကုသိုလ်ဟု၊ ထိုထိုဘဝ၊ ဖြစ်သမျှ၌၊ ဗီဇပြည့်ဖြိုး၊ အမျိုးမျိုးကြောင့်၊ အကျိုး တရား၊ အရှည်ပွားသည်၊ နှစ်ပါးဘဝ စွမ်းရည်တည်း"ဟူ၍ လယ်တီ ဆရာ တော် ဘုရားကြီးက စပ်ဆိုတော်မူထားလေသည်။

ဤကား ပဋိစ္စသမုပ္ပါဒ်နည်းအရ ဥပါဒါန်က ဘဝအား ကျေးဇူး ပြု ပုံ တည်း။

ပဋ္ဌာန်းနည်းအရ ကျေးဇူးပြုပုံမှာကား—

"ဥပါဒါန်ကြောင့် ဘဝဖြစ်သည်" ဆိုရာဝယ်- ဘဝ ဟူသည် ကမ္မဘဝ၊ ဥပပတ္တိဘဝ ဟူ၍ နှစ်မျိုးရှိ၏။ ထိုတွင်—

(၁) **ကမ္မဘဝ** ဟူသည် ကမ္မပထမြောက်သော (=ကံမြောက်သော) ကုသိုလ်၊ အကုသိုလ်ကံ နှစ်ပါးသည် ကမ္မဘဝ မည်၏။ လောကီ ကုသိုလ်၊ အကုသိုလ် စေတနာ ၂၉ ပါးကို ဆိုလိုသည်။ ကမ္မဘဝသည် သင်္ခါရနှင့် တူပြီး ကွဲပြားမှု မရှိ ဟူ၍ မှတ်ပါလေ။

(၂) **ဥပပတ္တိဘဝ** ဟူသည် လောကီဝိပါက်စိတ် ၃၂၊ စေတသိက် ၃၅၊ ကမ္မဇရုပ် ၁၈ ပါး ဟူသော နာမ် ရုပ် အစုတည်း။ ကမ္မဘဝအတွက်ကြောင့် အကျိုး ဖြစ်ရသော လူ ကောင်၊ နတ် ကောင် စသည်ကို ဥပပတ္တိ ဘဝဟု ဆိုသည်။

(၁) ဥပါဒါန်လေးပါးသည် **ကမ္မဘဝ** အား 'ပကတူပနိဿယ' သတ္တိဖြင့် ကျေးဇူးပြု၏။ ကာမုပါဒါန်သည် သဟဇာတ်(တကွဖြစ်ဖက်) ကမ္မဘဝအား ဟေတု၊ သဟဇာတ၊ အညမည၊ နိဿယ၊ သမ္ပယုတ္တ၊ အတ္ထိ၊ အဝိဂတ" ဟူသော ပစ္စယသတ္တိ ခုနစ်ပါးဖြင့် ကျေးဇူးပြု၏။ ကြွင်း ဥပါဒါန် သုံးပါးသည် သဟဇာတ်ဖြစ်သော ကမ္မ ဘဝအား ယခင် ပစ္စည်း ခုနစ်ပါးတွင် ဟေတု ကိုနုတ်၊ မဂ္ဂကို ထည့်၍ ပစ္စယသတ္တိ ခုနစ်ပါးတို့ဖြင့် ကျေးဇူးပြု၏။

ဥပါဒါန်လေးပါးသည် အခြားမဲ့ ကမ္မဘဝအား "အနန္တရ၊ သမနန္တရ၊ အနန္တရူပနိဿယ၊ အာသေဝန၊ အတ္ထိ၊ အဝိဂတ" ဟူသော ပစ္စယသတ္တိ ခြောက်ပါးတို့ဖြင့် ကျေးဇူးပြု၏။ အလေးအမြတ် အာရုံပြုခံသော ဥပါဒါန်လေးပါးသည် အလေးအမြတ် အာရုံပြုသော ကမ္မဘဝအား- "အာရမဏ၊ အာရမဏာဓိပတိ၊ အာရမဏူပနိဿယ" ဟူသော ပစ္စယသတ္တိ သုံးပါးတို့ဖြင့် ကျေးဇူးပြုသည်။

ဆိုခဲ့ပြီးသည့် ပစ္စည်းအားလုံးကို ပေါင်းလေသော် ဥပါဒါန် လေးပါးသည် ကမ္မဘဝအား ပစ္စယသတ္တိ ၁၇ ပါးတို့ဖြင့် ကျေးဇူးပြုလေ၏။

(၂) ဥပါဒါန်လေးပါးသည် **ဥပပတ္တိဘဝ**အား 'ပကတူပနိဿယ'ပစ္စယသတ္တိဖြင့် ကျေးဇူးပြု၏။ ကမ္မဇရုပ်ကိုလည်း သုတ္တန်နည်းအားဖြင့် 'ပကတူပနိဿယ' သတ္တိဖြင့် ကျေးဇူးပြု၏၊ သုတ္တန်နည်းအလိုအားဖြင့် ရုပ်သည်လည်း 'ပကတူပနိဿယ' ၏ ပစ္စယုပ္ပန် (အကျိုး) တရား ဖြစ်နိုင်၏။

## (၁၀) ဘဝကြောင့် ဇာတိဖြစ်၏

'ဘဝ' ဟူသော အကြောင်းတရားကြောင့် ဇာတိ ဟူသော အကျိုးတရားဖြစ်ပေါ်ရ၏။ ဘဝသည် ဇာတိအား ကျေးဇူးပြုသည်-ဟူလို။ ထို့ကြောင့် ဘဝသည် အကြောင်း (ပစ္စည်း) တရားဖြစ်၍၊ ဇာတိသည်အကျိုး (ပစ္စယုပ္ပန်) တရားဖြစ်သည်။

ကုသိုလ်ကံ၊ အကုသိုလ်ကံ-ဟူသော ကမ္မဘဝ နှစ်ပါးတို့၏ အစွမ်းသတ္တိကြောင့် အလုံးစုံသော သတ္တဝါတို့သည် ဒုဂ္ဂတိ ဘုံဘဝတို့၌ လည်းကောင်း၊ သုဂတိဘုံဘဝတို့၌ လည်းကောင်း၊ ပဋိသန္ဓေနေ၍ ဘဝသစ်ဖြစ်ကြရကုန်၏။

ဤ၌ ရှေးဘဝကပြုခဲ့သော ကံတည်းဟူသော အကြောင်းကြောင့် နောက်နောက်ဘဝမှာ အစဦးဆုံးဖြစ်သော ဘဝသစ်ကို 'ဇာတိ' ဟု ယူရလေသည်။

အကုသိုလ်ကံတည်းဟူသော ကမ္မဘဝကြောင့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဟူသော အပါယ်လေးဘုံတို့၌ ဖြစ်ကြရကုန်၏။ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကံအမျိုးမျိုးဟူသော ကမ္မဘဝကြောင့် လူပြည်၊ နတ်ပြည် ခြောက်ထပ်၊ ဗြဟ္မာ ၂၀ ဟူသော ဘုံဘဝတို့၌ ဖြစ်ကြရကုန်၏။

ထိုသို့ကမ္မဘဝ (ကံ) အားလျော်စွာ ဖြစ်ကြရသော သတ္တဝါ တို့သည် ရုပ်ခန္ဓာ တပါးသာရှိသော ဧကဝေါကာရဓော် 'အသညသတ်ဗြဟ္မာ' ခေါ် သတ္တဝါမျိုး၊ နာမ်ခန္ဓာလေးပါးသာ ရှိသော စတုဝေါကာရဓော် 'အရူပဗြဟ္မာ' ခေါ် သတ္တဝါမျိုး၊ ခန္ဓာငါးပါးစလုံးရှိသော ပဉ္စဝေါကာရဓော် သတ္တဝါမျိုးဟူ၍ ခန္ဓာကိုအစွဲပြုပြီး သတ္တဝါတို့ သုံးမျိုးရှိကြကုန်၏။ ခန္ဓာငါးပါးစလုံးရှိသော ဘုံသတ္တဝါမျိုးမှာ အပါယ်လေးဘုံ၊ လူဘုံ၊ နတ်ပြည် ခြောက်ထပ်နှင့်အထက်ပါအသညသတ် တစ်ဘုံ+အရူပလေးဘုံတို့မှကြွင်းသော ဗြဟ္မာ့ဘုံ ၁၅ ဘုံ၊ ပေါင်း ၂၆ ဘုံ တို့၌ ဖြစ်ကြသော သတ္တဝါမျိုးတို့ ဖြစ်ကုန်၏။

တဖန် ပဉ္စဝေါကာရ ၂၆ ဘုံတို့၌ ပဋိသန္ဓေ ဝိညာဉ် ဖြစ်ပေါ်လျှင် ထိုဝိညာဉ်နှင့်တကွ နာမကာယ၊ ရူပကာယနှစ်ပါး တပြိုင်နက် ဖြစ်ပေါ်၏။ ထိုသို့ ဖြစ်ပေါ်ရာ၌လည်း ရူပကာယဖြစ်ပေါ်ပုံအမျိုးမျိုး ရှိ၏။ ယင်းတို့ကို ပဋိသန္ဓေအရ ခွဲသော် လေးမျိုးရှိ၏။ ယင်းတို့မှာ "ဥပပတ်ပဋိသန္ဓေမျိုး၊ သံသေဒဇပဋိသန္ဓေမျိုး၊ အဏ္ဍဇပဋိသန္ဓေမျိုး၊ ဇလာဗုဇ ပဋိသန္ဓေမျိုး" တို့ ဖြစ်၏။

(၁) **ဥပပတ်ပဋိသန္ဓေမျိုး။** ။ပဋိသန္ဓေဝိညာဉ် ဖြစ်သည်နှင့် တပြိုင်နက် လုံးရပ်သဏ္ဍာန် ပြည့်စုံပြီး ကြီးစွာသော ရုပ်ခန္ဓာလည်း ပဋိသန္ဓေဝိညာဉ်စိတ်၏ အာနုဘော်ကြောင့် တခါတည်း ဖြစ်ပေါ်လာသော ပဋိသန္ဓေမျိုးတည်း။ ဤဥပပတ် ပဋိသန္ဓေကား အထက် နတ်ပြည်၊ဗြဟ္မာ့ပြည်နှင့် အောက်ငရဲပြည်တို့၌ရလေ၏။ထိုရုပ်ခန္ဓာသည် ဝိညာဉ် အစဉ်တည်ရှိနေသမျှ နှစ်ပေါင်း များစွာတိုင် ဝိညာဉ်၏ အာနုဘော်ကြောင့်

အစဉ် တည်လေ၏။ ဝိညာဉ်အစဉ် ချုပ်ဆုံးသော အခါ မီးတောက်ကြီး သေသကဲ့သို့ ထိုရုပ်ခန္ဓာလည်း ဝိညာဉ်နှင့် မရှေးမနှောင်းပင် ချုပ်ဆုံး ကွယ်ပျောက်သွားလေ၏။

(၂) **သံသေဒဇပဋိသန္ဓေမျိုး။** ။ဥပပတ် ကဲ့သို့ အပြီးအစီး ကြီး ကြီး မားမား မဖြစ်မူ၍ "စက္ခု၊ သောတ စသည့် အင်္ဂါစုံလင်ကာမျှဖြင့် ကြာတိုက်၊ သစ်ခေါင်း၊ ရွှံ့ထဲ၊ ရေထဲ၊ သားပုပ်၊ ငါးပုပ်၊ အနာပုပ် စသည်တို့၌ ပဋိသန္ဓေဝိညာဉ်စိတ်နှင့်တကွ ရုပ်ခန္ဓာ တပါတည်း ဖြစ်ပေါ်သော ပဋိသန္ဓေမျိုးတည်း။ ဤပဋိသန္ဓေကား အစ၌ သတ္တဝါ ကောင်မှန်း သိသာရုံပေါ်၍ နောက်မှ သတ္တဝါအမျိုး အားလျော်စွာ တနေ့ တခြား ကြီးပွားလာရသည်။ ဤသတ္တဝါမျိုး၌ ဝိညာဉ်အစဉ် ချုပ်ပျောက် သေဆုံးသော်လည်း ခန္ဓာကိုယ်မှာ အလောင်းကောင်အဖြစ်ဖြင့် ကြွင်းကျန် ရစ်လေ၏။

(၃) **အဏ္ဍဇပဋိသန္ဓေမျိုး။** ။ငှက်၊ ကြက် စသည့် အဥ၌ ဖြစ်သော ပဋိသန္ဓေမျိုးတည်း။ ပဋိသန္ဓေဝိညာဉ်နှင့်တကွ ကလလရေကြည် တည်ပြီးမှ တနေ့တခြား ကြီးပွား၍ ကာလ အတန် ကြာမှ ရုပ်သဏ္ဌာန် ကိုယ်ကာယ ပီပီပြင်ပြင် ဖြစ်လာရ၏။ ဝိညာဉ် အစဉ် ချုပ်ပျောက်သွားသော်လည်း ခန္ဓာကိုယ်မှာ အလောင်းကောင် အဖြစ်ဖြင့် ကျန်ရစ်လေ၏။

(၄) **ဇလာဗုဇပဋိသန္ဓေမျိုး။** ။လူ နွား ကျွဲ ဆင် မြင်း စသည့် သားအိမ်၌ ဖြစ်သော ပဋိသန္ဓေ မျိုးတည်း။ ဤပဋိသန္ဓေမျိုးသည်လည်း အဏ္ဍဇ ပဋိသန္ဓေမျိုးကဲ့သို့ပင် ပဋိသန္ဓေ ဝိညာဉ်နှင့်တကွ ကာလလရေကြည်တည်ပြီး တနေ့တခြား ကြီးပွား၍ ကာလအတန် ကြာမှ ရုပ်သဏ္ဌာန်ကိုယ်ကာယ ပီပီပြင်ပြင်ဖြစ်လာရ၏။ ဝိညာဉ်အစဉ် ချုပ်ပျောက်သွားသော်လည်း ရုပ်ခန္ဓာမှာ အလောင်းကောင်အဖြစ် ကြွင်းကျန် ရစ်လေ၏။

ဤသို့လျှင် ကုသိုလ်ကံ, အကုသိုလ်ကံဟူသော ကမ္မဘဝ နှစ်မျိုးကြောင့် ဖြစ်ပေါ်လာသော ဇာတိ (ပဋိသန္ဓေ)လေးမျိုး၏ အစွမ်းအားဖြင့်သုံးလောက တွင်းဝယ် သတ္တဝါဟူသမျှတို့ သတ္တဝါအမျိုးမျိုး, ဇာတ်အမျိုးမျိုး, ခန္ဓာကိုယ်

အမျိုးမျိုး၊ တန်ခိုးနိမ့်မြင့်၊ အယုတ်အမြတ်- အစားစား ဖြစ်ကြရလေကုန်၏။ (အသညသတ်နှင့် အရူပဗြဟ္မာတို့ကား ဥပပတ် ပဋိသန္ဓေမျိုးချည်းတည်း။)

ဤကား ပဋိစ္စသမုပ္ပာဒ်နည်း အရ ဘဝ ဟူသော ကံ နှစ်ပါးက ဇာတိ လေးမျိုးအား ကျေးဇူးပြုပုံပေတည်း။

ပဋ္ဌာန်းနည်းအရ ကျေးဇူးပြုပုံမှာကား -

''ဘဝကြောင့် ဇာတိဖြစ်သည်''ဆိုရာဝယ် ဘဝအရ ကမ္မဘဝကို ယူရ၏။ ဇာတိဆိုသည်ကား ကမ္မဘဝ (ကံ) ကြောင့် ဖြစ်သော ရုပ်နာမ် တရားတို့၏ ဖြစ်ပေါ်မှုပင် ဖြစ်၏။ ဥပပတ္တိဘဝသည်ပင်လျှင် ဇာတိဖြစ်၏ - ဟုဆိုနိုင်၏။ ဇာတိ၊ ဇရာ,မရဏတို့သည် ဥပပတ္တိဂုဏ်တို့တည်း။(ဝါ)ဥပပတ္တိဘဝ၏ 'ဖြစ်မှု၊ ရင့်မှု၊ ပျက်ဆုံးမှုတို့ပေတည်း။

ကမ္မဘဝနှင့် ဥပပတ္တိဘဝတို့သည် အကြောင်းနှင့်အကျိုးတို့ဖြစ်၏။ကမ္မဘဝ သည် အကြောင်း၊ ဥပပတ္တိဘဝသည် အကျိုးဟုဆိုလို၏။

ဘဝ ဟူသော ကံသည် ဇာတိအား ''ပကတူပနိဿယ၊ နာနက္ခဏိကကမ္မ'' ဟူသော ပစ္စယသတ္တိ နှစ်ပါးတို့ဖြင့် ကျေးဇူး ပြုလေ၏။

## (၁၁) ဇာတိကြောင့် ဇရာ,မရဏစသည် ဖြစ်၏

(က) **ဇရာမရဏဖြစ်ပုံ**။ ။ဇာတိ ဟူသော အ ကြောင်း ကြောင့် ဇရာ=အိုမှု၊မရဏ= သေမှုတို့ ဖြစ်ပေါ်ကြရ၏။ ဇာတိသည် ဇရာ,မရဏတို့အားကျေးဇူးပြုသည် ဟူလို။ထို့ကြောင့် ဇာတိသည် အကြောင်း (ပစ္စည်း) တရားဖြစ်၍ ဇရာ, မရဏ သည် အကျိုး (ပစ္စယုပ္ပန်) တရား ဖြစ်လေ၏။

ဇာတ်ရုပ်သေး ကပြရာ၌ သူ့အခန်းဆိုင်ရာ သူ့အဝတ် အစား တန်ဆာ ဆင်ယင်၍ ဇာတ်ထွက်သကဲ့သို့ သတ္တဝါ တို့မှာလည်း ၃၁ ဘုံတွင် တခုခု သော ဘုံဘဝ၌ စုတိကျ၍ တဘဝဇာတ်သိမ်းပြန်လျှင် မိမိတို့ ကံချထားရာ ဘုံဘဝမှာ တဘဝ၊ တဇာတ်ကွက် ထွက်ရပြန်၏။ ဖြစ်ပေါ် ပြန်လျှင်လည်း

'ဇာတ်နှင်မှု'၌ အစိုးရသော ဇရာတရား၊ ဇာတ်သိမ်းမှု၌ အစိုးရသော မရဏ တရား တခါတည်း အပြီးပါရှိလေသည်။

လူနတ်ဗြဟ္မာသတ္တဝါ ခပ်သိမ်းတို့၏ ဖြစ်လာသောရုပ်ခန္ဓာ၊ နာမ်ခန္ဓာအစု သည် ရင့်မာမှု၊ရင့်ရော်မှု၊အိုမှု ဟူသော ဇရာမီး မဝင်နိုင်အောင်၊ မကပ်နိုင် အောင် ခိုင်လုံသော အနှစ်သာရမရှိ။ ပဋိသန္ဓေကိစ္စ၊ ဇာတိကိစ္စနှင့် ဖြစ်ပေါ် ပြီးသော ခဏမှစ၍ ဇရာမီး ဝင်ရောက် စွဲခဲ့လျက် အမြဲလောင်ကာ ပါရှိ၍ နေ၏။အဆုံးတိုင် ပျက်ဆုံးသော 'မရဏ=သေမှု'အခွင့်သို့ ကျရောက်အောင် ခဏမစဲ၊နာရီမစဲ၊နေ့ညမစဲ၊ အမြဲတွင်တွင် သုတ်သုတ် နှင်၍နေ၏။

(၁) ဇာတိသုံးမျိုး။ ။ဇာတိသည် 'ဘဝသစ် ဇာတိ၊ သန္တတိ ဇာတိ၊ ခဏိကဇာတိ'ဟူ၍ သုံးမျိုးရှိ၏။ 'ဘဝသစ်ဇာတ်' ဟူသည်-ဖြစ်ရာဘုံဘဝမှ စုတေပြီးနောက် ထိုထိုဘုံဘဝ၌ အစဦးဆုံး ဖြစ်ပေါ် မှုတည်း။(ဝါ)ဘဝသစ်၌ ဖြစ်ပေါ်မှုတည်း။ သန္တတိဇာတိ ဟူသည်- တဘဝ အတွင်းမှာ တနှစ်အတွင်း၊တလအတွင်း၊တရက်အတွင်း၊တနာရီအတွင်း၊တထိုင် အတွင်းမှာကိုယ်ခန္ဓာ၌ အထူးထူးအထွေထွေ၊ အသစ်အသစ်ပေါ်မှု ပေတည်း။ ခဏိကဇာတိဟူသည်- မျက်စိတမှိတ်၊ လျှပ်တပြက်အတွင်းမှာ ရုပ်နာမ်တရားတွေ သိန်းသန်းကုဋေမက ဖြစ်ကြ၊ပျက်နေကြကုန်၏။ ယင်းသို့ လျှပ်တပြက်အတွင်း ရုပ်နာမ်များစွာ ဖြစ်နေမှု (ပျက်နေမှု) သဘောသည် ခဏိကဇာတိ (ခဏိက မရဏ)ပေတည်း။

(၂) ဇရာသုံးမျိုး။ ။ဇာတိကဲ့သို့ပင် ဇရာ သည်လည်း "ဝယောဝုဒ္ဓိ- ဇရာ၊ သန္တတိဇရာ၊ ခဏိကဇရာ" ဟူ၍ သုံးမျိုး ရှိ၏။ ဝယောဝုဒ္ဓိဇရာ ဟူသည် အိုမင်းသော အရွယ်သို့ ရောက်၍ ဆံဖြူခြင်း၊ သွားကျိုးခြင်း၊ အရေတွန့်ခြင်း အစရှိသည်ဖြင့် ထင်ရှား မြင်သာသောအိုမင်း မှုတည်း။(ကမ္မဇရုပ် အားကြီးသော နတ်, ဗြဟ္မာတို့မှာကား ထိုကဲ့သို့ အိုခြင်း မရှိ။ အာဟာရဇ, ဥတုဇရုပ်အားကြီးသော လူ၊တိရစ္ဆာန်စသည့် သတ္တဝါတို့ အားသာ ထိုကဲ့သို့ ထင်ရှားမြင်သာ 'ပါကဋ'ဇရာမျိုး ရှိလေသည်။)

သန္တတိဇရာဟူသည်- သန္တတိဇာတိ၌ ပြဆိုခဲ့သည့် အတိုင်း အခါအား လျော်စွာ၊အခွင့်အားလျော်စွာ၊တနှစ်,တလ,တရက်,တနာရီ,တထိုင်အတွင်းမှာ ကိုယ်ခန္ဓာ၌ တမျိုးစီ၊တမျိုးစီဖြစ်ပေါ်ကြကုန်သောရုပ်တရား, နာမ်တရားတို့၏

ဆုတ်ယုတ်လျော့ကျခြင်းအမှုပေတည်း။ ခဏိကဇရာ ဟူသည် ခဏိကဇာတိ၌ ပြဆိုခဲ့သည့်အတိုင်း အလွန်တိုတောင်းသော ခဏအတွင်းမှာ 'လှုပ်လှုပ်ရွရွ တောက်လောင် နေသော မီးတောက်ကဲ့သို့'' ရုပ်နာမ် တရားတို့ ဖြစ်လိုက်၊ ပျက်လိုက် နေကြရာဝယ်၊ အဖြစ်နှင့် အပျက် အကြား ပြောင်းလဲမှု သဘောတည်း။(ဝါ) အဖြစ်အပျက်တို့၏ အကူးအပြောင်းတည်း။

(၃) **မရဏ သုံးမျိုး။** ။မရဏသည်လည်း ''ဘဝဆုံးမရဏ၊ သန္တတိမရဏ၊ ခဏိက မရဏ'' ဟူ၍ သုံးမျိုးရှိ၏။ ဘဝဆုံး မရဏဟူသည် တဘဝ၏ နိဂုံးချုပ်အဆုံးသတ် သေဆုံးမှုပေတည်း။ သန္တတိ-မရဏ ဟူသည် သန္တတိဇာတိ၌ ပြဆိုခဲ့သကဲ့သို့ တနှစ်၊ တလ၊ တရက်၊ တနာရီ၊ တထိုင်အတွင်း ရုပ်နာမ်တရားတွေပျက်မှု၊ သေမှု သဘောတည်း၊ ခဏိကမရဏ ဟူသည်လည်း ခဏိကဇာတိ၌ ပြခဲ့သကဲ့သို့ပင် လျှပ်တပြက်အတွင်းမှာ ရုပ်နာမ်တရားတွေ များစွာပျက်နေမှု၊ သေနေမှု သဘောပေတည်း။

ဤသို့လျှင် ဘဝသစ်ဇာတိ ရှိ၍သာ အိုမင်းမှု'ဝယောဝုဒ္ဓိဇရာ' နှင့် ဘဝဆုံးမှု-'မရဏ'တို့ ရှိကြရ၏။ သန္တတိဇာတိရှိ၍သာ 'သန္တတိဇရာ'နှင့် 'သန္တတိ-မရဏ'တို့ ရှိကြရ၏။ ထို့အတူ ခဏိကဇာတိရှိ၍သာ 'ခဏိကဇရာ'နှင့် 'ခဏိက-မရဏ'တို့ ရှိရသည်။

ဖြစ်ပေါ်သောတရားမည်သည် ကောင်းသော တရားပင်ဖြစ်စေ၊မကောင်းသော တရားပင်ဖြစ်စေ ဆုတ်ယုတ်လျော့ပါးမှု (ဇရာ)သို့ မရောက်ပဲ အမြဲတည်နေသည် ဟူ၍ မရှိ၊ မြန်မြန်ဆုတ်ယုတ်မှု၊ ဖြည်းဖြည်းဆုတ်ယုတ်မှု ဟူ၍ အလျင်, အနှေးမျှသာ ရှိကြသည်။ ထို့အတူ ပျက်ဆုံးခြင်းသို့ မရောက်ပဲ အမြဲတည်နေသည် ဟူ၍မရှိ။ မြန်မြန် သေမှု၊ နှေးနှေးသေမှု ဟူ၍ အမြန် အနှေးမျှသာ ရှိသည်။ (အနှေးအမြန် ပျက်ပြုန်း သေဆုံးရသည် သာတည်း။)

ထို့ကြောင့် ပျက်ဆုံးမှု ဟူသမျှသည် ဆုတ်ယုတ် (အိုမင်း) ခြင်းလျှင် ရှေးရှိမြဲ ကေန်တည်း။ ဆုတ်ယုတ်ခြင်း ဟူသမျှ သည်လည်း ဖြစ်ပေါ်ခြင်း ရှေးရှိမြဲ ကေန်တည်း။ ဤသို့လျှင် သတ္တဝါတို့၏ သန္တာန်ရှိ ရုပ်နာမ်တရား ဟူသမျှသည် ဖြစ်ပြီးရင့်+ရင့်ပြီးပျက်+ပျက်ပြီး(တမျိုး)ပြန်ဖြစ်'' ဟူ၍ ပဋိစ္စ သမုပ္ပာဒ် စက်ရဟတ်အတိုင်း အဆက် မပြတ် လှည့်ပတ် ဖြစ်နေလေတော့ သတည်း။

## (ခ) သောက,ပရိဒေဝ စသည်ဖြစ်ပုံ

ဇာတိရှိသည့်အတွက်ကြောင့် စိုးရိမ်မှု=သောကဖြစ်ရသည်။ငိုကြွေးမှု=ပရိဒေဝ ဖြစ်ရသည်။ ကိုယ်၏ ဆင်းရဲမှု=ဒုက္ခဖြစ်ရသည်။ စိတ်၏ဆင်းရဲမှု=ဒေါမနဿ ဖြစ်ရသည်။ စိတ်၏ လွန်စွာပူပန်ပင်ပန်းမှု=ဥပါယာသ ဖြစ်ရသည်။

ပဋိသန္ဓေဇာတိခန္ဓာရှိ၍ 'သတ္တဝါ'ဟု ခေါ်ဝေါ်ဘိသော 'ခန္ဓမွေ' ရရှိကြုံရပါက ဆွေမျိုးပျက်စီးမှု=ဉာတိဗျသန၊ ဥစ္စာ စည်းစိမ် ပျက်မှု=ဘောဂဗျသန စသည့် ပျက်စီးမှု 'ဗျသန'တရား ငါးပါး အစရှိသော ဒုက္ခမြောက်မြားစွာတို့နှင့် တဘဝအတွင်းမှာပင် တွေ့ကြုံရသည်သာတည်း၊ ထိုသို့ တွေ့ကြုံရသဖြင့် 'ပူဆွေးသောက,ဗျာပါဒ' တရားတို့ကို ခံစားကြရသည်သာတည်း။

ဤသို့လျှင် အနမတဂ္ဂ သံသရာမှစ၍ သံသရာဝဋ်၌ ကျင်လည်ကြရကုန်သော သတ္တဝါတို့အား စင်စစ်အားဖြင့် "သူငါ, တပါး, ယောကျ်ားမိန်းမ, သတ္တဝါမဟုတ်၊ အမှန်သဘာဝ ခွတ်ခွဲ၍ပြရလျှင် ရုပ် နာမ်နှစ်ဖြာ, ခွတ် သဘာဝ အစုအဝေးမျှသာဖြစ်ချေ၏။ ဤကဲ့သို့ ရုပ် နာမ်နှစ်ဖြာ ခွတ်အစုသာ ဖြစ်နေခြင်းကို ဉာဏ်မျက်စိဖြင့် မမြင်ကြသောကြောင့် 'ဤလူ, ဤနတ်' စသည် အထင်လွဲ၍နေကြသောကြောင့်သံသရာဝဋ်ရှည်လျား၍ ဒုက္ခပင်လယ်ထဲမှာသာ မျောနေကြရကုန်၏။ စင်စစ်'ဘဝ' ဟူသည် 'သုခ'ဟူ၍ တကွက်မျှမရှိ။ မြူမျှမရှိ။ ဒုက္ခ အတိသာ ဖြစ်ချေဘော့၏။ နိဗ္ဗာန်သို့ မရောက်သေးသမျှ ကာလပတ်လုံး 'ပဋိစ္စသမုပ္ပာဒ်' စက်ရဟတ်အတိုင်း လည့်ပတ်၍ဖြစ်သော ဤ 'ဝဋ်ဆင်းရဲ'–ဝဋ်ဒုက္ခ (–ဒုက္ခစက်ကြီး)ကို တွေ့ကြုံရမည်သာတည်း။

ဤကား ဇာတိ တရားက "ဇရာ,မရဏ၊ သောက၊ ပရိဒေဝ၊ ဒုက္ခ၊ ဒေါမနဿ၊ ဥပါယာသ" တည်းဟူသော ဒုက္ခအစု, ဆင်းရဲ အပေါင်း အား ပဋိစ္စသမုပ္ပာဒ်နည်းအရ ကျေးဇူးပြုပုံပေတည်း။

ပဋ္ဌာန်းနည်းအရမူကား- ဇာတိက ဇရာ စသည့် တရားတို့အား အားကြီးသော အကြောင်းဖြစ်သည့် "ပကတူပနိဿယ" ပစ္စယ သတ္တိဖြင့် ကျေးဇူးပြုလေ၏။

### ဝဋ်သုံးပါးဖြင့်ဝေဖန်၍ပြခြင်း

အထက် ဖော်ပြပါ ပဋိစ္စသမုပ္ပာဒ် တရားတော်၌ အင်္ဂါ ၁၂ ပါး ရှိ၏။ ယင်းတို့ မှာ- အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊

ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ဇာတိ၊ ဇရာ,မရဏ "စသည်" တို့ ဖြစ်၏။ ထို အင်္ဂါ ၁၂ ပါးကို ဝဋ်သုံးပါးဖြင့် အကျဉ်းချုပ်၍ ပြနိုင်ပေ၏။ ဝဋ်သုံးပါးဟူသည်ကား- "ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်"တို့ဖြစ်၏။ ဤ- ဝဋ်သုံးပါးဖြင့် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်သည် လည်နေ၏။

ပဋိစ္စသမုပ္ပါဒ် ၁၂ ပါးတွင် (၁) **အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်**- ဟူသော အင်္ဂါသုံးပါးသည် ကိလေသဝဋ် မည်၏။ (၂) **သင်္ခါရ၊ ကမ္မဘဝ** ဟူသော တရားနှစ်ပါးတို့သည် ကမ္မဝဋ်မည်၏။ (၃) **ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဥပပတ္တိ ဘဝ၊ ဇာတိ၊ ဇရာ,မရဏ** ဟူသော တရားရှစ်ပါးတို့ကား ဝိပါကဝဋ်မည်၏။ **မှတ်ချက်။** ။ဘဝသည် ကမ္မဘဝ နှင့် ဥပပတ္တိ ဘဝ ဟူ၍ နှစ်မျိုးရှိရာ၊ ကမ္မဘဝသည် ကမ္မဝဋ်ထဲ၌ ပါဝင်၍၊ ဥပပတ္တိ ဘဝသည် ဝိပါကဝဋ်ထဲ၌ ပါဝင်လေ၏။ ဤဘဝ နှစ်မျိုးခွဲထား၍ အင်္ဂါရေမှာ ၁၃ ပါးဖြစ်ရ၏။

တနည်းအားဖြင့်- (၁)"အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်" ဟူသော တရားဆိုးတို့သည် ကိလေသဝဋ်မည်၏။ (၂) "သင်္ခါရ၊ ကမ္မဘဝ" ဟူသော သံသရာရှည်ကြောင်း ကုသိုလ်ကံ၊ အကုသိုလ်ကံ တို့သည် ကမ္မဝဋ် မည်၏။ (၃) "ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဥပပတ္တိဘဝ၊ ဇာတိ၊ ဇရာ,မရဏ" ဟူသော အကျိုးဆက်တို့သည် ဝိပါကဝဋ်ဖြစ်၏။

ထိုဝဋ်သုံးပါးတွင် **ကိလေသဝဋ်** ၌ ပါသည့် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန် တရားတို့သည် သံသရာဝဋ်ဆင်းရဲ၏ ပင်ရင်း မူလ အခြေခံ အကြောင်းတရား သုံးပါးဖြစ်၏။ ယင်း အခြေခံတရားဆိုးကြီး သုံးပါးဟူသော ကိလေသာဝဋ် ကြောင့်ပင် **ကမ္မဝဋ်** ၌ ပါသည့် "သင်္ခါရ၊ ကမ္မဘဝ" ဟူသော ဘဝ သံသရာလည်ကြောင်း ကုသိုလ်မှု၊အကုသိုလ်မှုတွေကို ပြုနေကြရကုန်၏။ယင်းသို့ သံသရာရှည်ကြောင်း အမှုကံတွေကို ပြုကြကုန်သဖြင့် **ဝိပါကဝဋ်** ၌ ပါသည့် "ဝိညာဉ်၊ နာမ်ရုပ်- အစရှိသည့် ဘဝမီးတောက် အကျိုးတရားကြီးကို ရရှိ ကုန်၏။

သို့ဖြစ်၍ ကိလေသ ဝဋ်ကြောင့် ကမ္မဝဋ် ဖြစ်ရ၏။ ကမ္မ ဝဋ်ကြောင့် ဝိပါကဝဋ် ဖြစ်ရ၏။ တဖန် ဝိပါကဝဋ်ကြောင့်လည်း ကိလေသဝဋ် ဖြစ်ရပြန်၏။ တနည်းအားဖြင့် ကိလေသဝဋ်သည် ကမ္မဝဋ်အား ကျေးဇူးပြု၏။ ကမ္မဝဋ်ကလည်း ဝိပါကဝဋ်အား ကျေးဇူးပြု၏။ ဝိပါကဝဋ်ကလည်း တဖန် ကိလေသဝဋ်အား ကျေးဇူးပြုပြန်၏။ ထို့ကြောင့် ကိလေသဝဋ် လည်လျှင် ကမ္မဝဋ် လည်ရ၏။ ကမ္မဝဋ်လည်လျှင် ဝိပါကဝဋ် လည်ရ၏။ တဖန်– ဝိပါကဝဋ် လည်လျှင်လည်း ကိလေသဝဋ် လည်ရပြန်၏။

ဤသို့လျှင် ဤဝဋ်သုံးပါးဖြင့် ပဋိစ္စသမုပ္ပါဒ် ဘဝ စက်ရဟတ်ကြီးသည် အဆက်မပြတ် အဆုံးအစမရှိ 'လှည်းဘီးစက်ပမာ' မရပ်မနား လည်လေတော့၏။

## သစ္စာဖွဲ့၍ ပြဆိုခြင်း

ပဋိစ္စသမုပ္ပါဒ်တရားတော်လာ အင်္ဂါ ၁၂ ပါးကို သစ္စာအားဖြင့်ဖွဲ့၍ ပြရသော်- (၁) အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ ဟူသော တရားငါးပါးတို့သည် အကြောင်းဖြစ်သော သမုဒယသစ္စာမည်၏။ ဤသမုဒယ သစ္စာထဲ၌ ကိလေသဝဋ်နှင့် ကမ္မဝဋ် နှစ်ပါးလုံး ပါဝင်လေသည်။ (၂) ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဥပပတ္တိ ဘဝ၊ ဇာတိ၊ ဇရာ,မရဏ ဟူသော တရား ရှစ်ပါးတို့သည် အကျိုးဖြစ်သော ဒုက္ခသစ္စာမည်၏။

တနည်းအားဖြင့် အလုံးစုံသော တရားဟူသမျှကို အကျိုး 'ဒုက္ခသစ္စာ' ချည်း ယူ၍ ထိုဒုက္ခသစ္စာအား ဖြစ်စေသမျှကို 'အကြောင်း' သမုဒယသစ္စာ ချည်း ယူနိုင်၏။ သို့ဖြစ်၍ (၁) အဝိဇ္ဇာသည် အကြောင်း သမုဒယ သစ္စာ ဖြစ်၍ သင်္ခါရသည် အကျိုးဒုက္ခသစ္စာဖြစ်၏။ ဘဝသည် အကြောင်းသမုဒယ သစ္စာဖြစ်၍ ဇာတိသည် အကျိုးဒုက္ခသစ္စာ ဖြစ်၏။ (၂) တဖန်လည်း- ဇာတိသည် အကြောင်း 'သမုဒယသစ္စာ ဖြစ်၍ အဝိဇ္ဇာသည် အကျိုးဒုက္ခ သစ္စာ ဖြစ်၏။ အဝိဇ္ဇာသည် အကြောင်း သမုဒယသစ္စာ ဖြစ်၍ သင်္ခါရသည် အကျိုးဒုက္ခသစ္စာ ဖြစ်၏။

ဤနည်းအားဖြင့် အကြောင်းနှင့် အကျိုး၊ အကျိုးနှင့် အကြောင်းလှည့်ပတ်ဖြစ်နေ (ဝါ) အချင်းချင်းကျေးဇူးပြုနေသောကြောင့် ပဋိစ္စသမုပ္ပာဒ်လာ အဝိဇ္ဇာအစ ဇာတိအဆုံးရှိသော အင်္ဂါ ၁၁ ရပ်တို့ အသီးသီးသည်အကြောင်းလည်းဖြစ်၊ အကျိုးလည်း ဖြစ်ရလေသည်။ တနည်းအားဖြင့် အင်္ဂါ ၁၁ ပါး တပါးပါးသည် မိမိကလည်း တရားတပါးအား ကျေးဇူးပြုပေးသည်သာမက တရားတပါး၏ ကျေးဇူးပြုပေးခြင်းကိုလည်း ခံယူရရှိလေသည်ဟူ၍ မှတ်ပါလေ။ (ဤ၌ ဇရာ, မရဏတို့ကား ဇာတိ၏ အကျိုးဆက် အကျိုးပွားမျှသာဖြစ်၍ အရေးမကြီးလှပေ။)

အကယ်၍ 'အဝိဇ္ဇာ' မရှိတော့လျှင် သင်္ခါရလည်း မရှိတော့။ သင်္ခါရမရှိလျှင် ဝိညာဉ်မရှိ။ ဤသို့စသည် ဇာတိမရှိလျှင် ဇရာ, မရဏတို့လည်း မရှိ။ ဤသို့ အကြောင်းမရှိ ပြတ်စဲချုပ်ငြိမ်း၍ အကျိုးတရား မဖြစ်ပေါ်တော့လေသော် ပဋိစ္စသမုပ္ပာဒ် ဒုက္ခဇာတ်လည်ကြီး ပြတ်စဲချုပ်ငြိမ်းလေတော့၏။ ဤသို့ ဝဋ္ဋဒုက္ခငြိမ်းအေးသွားခြင်းဟူသော နိဗ္ဗာန်သည် နိရောဓသစ္စာ မည်လေ၏။

ဤသို့လျှင် အကြောင်းရှိ၍ အကျိုးဖြစ်နေရခြင်းကို 'သမုဒယသစ္စာ' နှင့် 'ဒုက္ခသစ္စာ' ဟု ခေါ်၍ အကြောင်းမရှိတော့၍ အကျိုး ချုပ်ငြိမ်းသွားရခြင်းကို နိရောဓသစ္စာ ဟု ခေါ်လေ၏။ (နိရောဓသစ္စာခေါ် နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်း အကျင့်မှန်ကား မဂ္ဂသစ္စာ မည်လေ၏။)

### ကာလသုံးပါးဖြင့် ခွဲ၍ပြခြင်း

ပဋိစ္စသမုပ္ပာဒ်တရားတော်လာ အင်္ဂါ ၁၂ ပါးတို့ကို အခွန့်ခေါ် ကာလ• သုံးပါးဖြင့် ပိုင်းခြား၍ ပြနိုင်ပေ၏။ ထိုအင်္ဂါ ၁၂ ပါးအနက်-

(၁) **အဝိဇ္ဇာ၊ သင်္ခါရ** ဟူသော အစဆုံး အင်္ဂါ နှစ်ပါးသည် အတိတ်ကာလ=အတိတ်အခွင့်ဖြစ်၏။ (၂) **ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ** ဟူသော အင်္ဂါ ရှစ်ပါးတို့သည် ပစ္စုပ္ပန်ကာလ=ပစ္စုပ္ပန် အခွင့်ဖြစ်၏။ (၃) **ဇာတိ၊ ဇရာ,မရဏ** ဟူသော အင်္ဂါ နှစ်ပါးတို့သည် အနာဂတ် ကာလ = အနာဂတ် အခွင့် ဖြစ်၏။

ထိုအတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ် တရားစုတို့တွင် အတိတ်နှင့် အနာဂတ် တရားစုတို့မှာ အရေးမကြီးလှ။ ယင်းတရားတို့ကို လိုက်ရှာနေဖွယ် မလိုလှချေ။ ပစ္စုပ္ပန် တရားစုတို့သာ ဝိပဿနာ အလုပ်စခန်း၌ အရေးပါ၍ ဂရုမူထိုက်လှပေသည်။ထို့ကြောင့် ဘုရားရှင်က ဤသို့ ဟောတော်မူထားခဲ့ပေ၏။

''ချုပ်ပြီး၊ လွန်ပြီးသော အတိတ် တရားစု (နှစ်ပါး)ကို အစဉ် လိုက်၍ မနေရာ။မရောက်သေးသော အနာဂတ်တရားစု (နှစ်ပါး)ကိုလည်းမျှော်တမ်းငံ့လင့်၍ မနေရာ။ အကြောင်းမူကား အတိတ်တရားစုသည် ချုပ်ဆုံး သွားပြီးဖြစ်၍၊ အနာဂတ် တရားစုလည်း မိမိရှေ့မှောက်သို့ မရောက်လာသေး၍ ဖြစ်သောကြောင့်တည်း။ထို့ကြောင့် မိမိ ရှေ့မှောက်၌ ရောက်လာဆဲ ဖြစ်သော ရုပ်နာမ်တရားစုကို ဝိပဿနာဉာဏ်ဖြင့် ရှုဆင်ခြင်ခြင်းကို ပွားများအားထုတ်ရာ၏။

## ပစ္စုပ္ပန် တရားသာ အဓိက

ထို့ကြောင့် ပစ္စုပ္ပန် စခန်း၌သာ အပန်း တကြီး ကြိုးစား အားထုတ်ဖို့ အရေးကြီးသည်မှာ ထင်ရှားလှ၏။

ပစ္စုပ္ပန် အခွန့် တရား တို့မှာ (အထက် ဖော်ပြပါ အတိုင်း) ရှစ်ပါး ရှိ၏။ ထိုရှစ်ပါးတို့တွင် ''ဝိညာဉ်၊နာမ်ရုပ်၊ဥပါဒါန်၊ဘဝ'' ဟူသော အင်္ဂါ လေးပါးတို့သည် လိုရင်း မဟုတ်လှသေး။ မိမိသန္တာန်မှာ နေ့စဉ်, နေ့စဉ်၊ ခဏတိုင်း၊ ခဏတိုင်း အဖန်ဖန်တွေ့ကြုံနေရသော ''သင်္ခါရ၊တဏှာ၊ဖဿ၊ဝေဒနာ၊တဏှာ'' ဟူသော ဤပစ္စုပ္ပန်ဆဲဆဲ အင်္ဂါ လေးခုထဲ၌သာ အားကြိုးအားခဲ စွဲမြဲ လုပ်ကိုင်ဖို့ အရေးကြီးလှပေသည်။

ထို့ကြောင့် ''ဒွါရခြောက်ပါး'' ကို မူတည်ပြီး ''ဝိညာဉ်ခြောက်ပါး'' သည် မူလီသွင်း၍ ခြောက်ခု၊ခြောက်စုကို ဟောတော်မူအပ်သော 'ဆဆက္က' သုတ္တန် ဒေသနာတော်၌ ပစ္စုပ္ပန် ဆဲဆဲ တို့ကို သာလျှင် ဓာတ်တွဲ၍ ဟောတော် မူလေ၏။ ဒွါရ ခြောက်ပါးကို မူတည်၍ ဟောပုံကား—

"**စက္ခုဒွါရ** တည်းဟူသော အခံခါတ်နှင့် ရူပါရုံ တည်းဟူသော အတိုက်ခါတ်တို့ အချင်းချင်း တွေ့ဆုံမိသော် **စက္ခုဝိညာဉ်** တည်းဟူသော အပေါ်ခါတ်–အပွင့်ခါတ် ဖြစ်ပေါ်၏။ ဤစက္ခုဒွါရ၊ ရူပါရုံ၊ စက္ခုဝိညာဉ် တည်းဟူသော ခါတ်သုံးပါး ပေါင်းစပ်လျှင် '**ဖဿ**'တည်းဟူသော '**အကြိတ်အဖွဲ့ခါတ်**' ဖြစ်ပေါ် ရ၏။ ၎င်း ဖဿ ပေါ်လျှင် 'ဝေဒနာ' တည်း ဟူသော 'ခံစားခါတ်'ပေါ်ရ၏။ ဝေဒနာပေါ်လျှင် 'တဏှာ'တည်း ဟူသော 'အခွဲအလမ်းခါတ်' ပေါ်ရ၏။ 'တဏှာ'ပေါ်လျှင် "ဥပါဒါန်၊ကမ္မဘဝ၊သင်္ခါရ" တို့ ပေါ်ကြရ၏။ယင်း ကမ္မဘဝ(ကံ)ပေါ်လျှင် 'ဥပပတ္တိဘဝ' (ဘဝသစ်ဖြစ်ခြင်း) ပေါ်ရ၏။ "ဝိညာဉ်၊နာမ်ရုပ်၊ဇာတိ၊ဇရာ,မရဏ၊အဝိဇ္ဇာ"တို့လည်း ဥပပတ္တိဘဝ ပေါ်လျှင် မနေသာသော တရားမျိုး ဖြစ်သည့် အတိုင်း ပေါ်ကြရကုန်၏။

(သောတ၊ဃာန၊ဇိဝှာ၊ကာယ၊မနော ဟူသော ကျန်ဒွါရ ငါးပါး တို့၌လည်း ထိုနည်းအတူ မှတ်ယူပါလေ။)

"သဠာယတန၊ဖဿ၊ဝေဒနာ၊တဏှာ"ဟူသော ဤတရား လေးပါး တို့တွင်လည်း ပဋိစ္စသမုပ္ပါဒ် စက်လည်ရန် အခြေမူလ ပခါနသည်'**တဏှာ**'ဖြစ်၏။ မှန်၏-ဒွါရ ခြောက်ပါး၌ 'ဝေဒနာ'ကြောင့် 'တဏှာ'ဖြစ်သည် ဆိုရာမှာ + 'တဏှာ'မဖြစ်ပဲ ထို ခြောက်ဒွါရတို့ကို အနိစ္စ စသည်ဖြင့် ဆင်ခြင်သော မဂ္ဂင်ဝင်လာပါမူကား ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်သည် ပြတ်စဲသွားမည် ကေန်တည်း။ ထို့ကြောင့် တဏှာသာ မူလဖြစ်၏။

ထို့ကြောင့် 'အရိယသစ္စ' ဒေသနာတော် (သစ္စာလေးပါးဟောတော်)၌ 'တဏှာ'တပါးတည်းကိုသာ အလုံးစုံသော လောက၏ အချုပ်အခြာ 'မဟာဗိုလ်ချုပ်'ထား၍ သမုဒယသစ္စာ(အကြောင်းရင်း)အဖြစ် ဖွင့်ပြတော် မူလေသည်။ တဖန်လည်း- ဗောဓိမဏ္ဍိုင်တွင် ဘုရားဖြစ်တော်မူစဉ် ဘဝဘဝကို ပြုပြင်ဖန်ဆင်း၍နေသော ဗိသုကာသမား 'တဏှာ' တရား၌ သာလျှင်များစွာ ကြိမ်းမောင်းတော် မူလို၍- "အနေကဇာတိသံသာရံ" စသော ဥဒါန်းကို ကျူးရင့်တော်မူလေသည်။

တဖန်လည်း- သံယုတ်ပါဠိတော်၌- "အရှင်ဘုရား၊ အဘယ် မည်သော တရားသည် သတ္တဝါအများကို မွေးဖွားပြုပြင် (ဖန်ဆင်း)ပါ သနည်း-ဟု နတ်သားတဦးက မေးရာ၊ ဘုရားရှင်က 'တဏှာ တရားသည် သတ္တဝါ ဟူသမျှကို ဖြစ်ပွား ပေါ်စေ ဖန်ဆင်းလေ၏။ (မည်သည့် တန်ခိုးရှင် ကမှ ဖန်ဆင်းသည် မဟုတ်) ဟူ၍ ဖြေကြားတော် မူကြောင်း" ဖော်ပြထား လေသည်။

စက္ခု စသော ဓာတ်သဘာဝ တို့၏ အချင်းချင်း ကျေးဇူးပြု နေသည့် အတွက် ဖြစ်နေသည်ကို ဓာတ်သဘောတို့၏ အချင်းချင်း ကျေးဇူးဆက်၍ ဖြစ်နေမှုသာတည်း ဟူ၍ ပညာမျက်စိဖြင့် မမြင်ပဲ၊ "ဤမြင်ခြင်းသည် ငါ၏ မြင်ခြင်းတည်း။ ငါမြင်၏။ မြင်ခြင်းသည်ပင် ငါပဲ" ဟူ၍ တဏှာ၊ မာန၊ ဒိဋ္ဌိ တည်းဟူသော 'ဂါဟတရား' ခေါ် ဖမ်းစားတတ်သည့် တရားကြမ်းတို့ အတင်းဖမ်း၍ ပစ္စည်းအစဉ်မပြတ်ပဲ၊ ပဋိစ္စသမုပ္ပါဒ် စက်ကြီးလည်လေ၏။

ဤသို့ 'ဆဆက္က' (ခြောက်ပါး ခြောက်လီ) သုတ္တန်ဒေသနာအတိုင်း စက္ခု စသော တရားတို့၏ ရုပ်ရုံစသော တရားတို့နှင့် အချင်းချင်း ပစ္စည်းဆက်နွယ်၍ ဓာတ်သဘောတို့ ဓမ္မတာ, သူ့သဘာဝ အလိုအလျောက် ဖြစ်နေသည်။ ထိုသို့ဖြစ်၍ နေမှုသည်လည်း "ငါ့ဥစ္စာ၊ ငါ၊ ငါ့ကိုယ်"မဟုတ်၊ ပစ္စယသတ္တိ အစဉ် (အကြောင်းတရားတို့၏ အစွမ်းသတ္တိအစဉ်)ဟု ထင်လင်းစွာ မြင်နိုင် လျှင်" တဏှာ၊ မာန၊ ဒိဋ္ဌိ" ဟူသော 'ဂါဟတရား' ပြတ်၍ ပဋိစ္စသမုပ္ပါဒ် ပစ္စယသတ္တိ ချုပ်ငြိမ်းပြီး (အကြောင်းရင်း ချုပ်ငြိမ်းပြီး) ကေန်ပင် ဒုက္ခ ဇာတ်သိမ်းရလေ၏။(နိဗ္ဗာန်သို့ရောက်မည် ကေန်တည်း။)

## ပဋိစ္စသမုပ္ပါဒ်အချုပ်

ဖော်ပြခဲ့ ပြီးသော ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂ ပါးကို လေးပိုင်း ခွဲခြား၍ ကောင်းစွာ မှတ်သားထားရာ၏။ ထိုလေးပိုင်းတို့ကား (၁) အဝိဇ္ဇာ၊သင်္ခါရ ဟူသော အင်္ဂါ နှစ်ပါး။ (၂) ဝိညာဉ်၊ နာမ်ရုပ်၊၊ သဠာယတန၊ဖဿ၊ဝေဒနာ ဟူသော အင်္ဂါ ငါးပါး။ (၃) တဏှာ၊ ဥပါဒါန်၊ ဘဝ=ကမ္မဘဝ-ဟူသော

အင်္ဂါသုံးပါး။ (၄) ဇာတိ၊ ဇရာ,မရဏ- ဟူသော အင်္ဂါနှစ်ပါး ဟူ၍ ဖြစ်၏။ ယင်းအပိုင်း လေးပိုင်းတို့သည် အကြောင်းနှင့် အကျိုး စပ်၍ စပ်၍ ပြထားသောကြောင့် ယင်းတို့ကို 'အစပ်လေးပါး ဟူ၍ခေါ်ဆိုသည်။

(၁) **ကာလသုံးပါး**။ ။ထိုအင်္ဂါ ၁၂ ပါးတို့ကို ကာလ သုံးပါးဖြင့် ခွဲခြားပြရသော်- အမှတ်(၁) သည် အတိတ်ကာလနှင့် ဆိုင်၏။ အမှတ်(၂) နှင့် (၃) တို့သည် ပစ္စုပ္ပန်ကာလနှင့် ဆိုင်၏။ အမှတ်(၄)သည် အနာဂတ်ကာလနှင့် ဆိုင်၏။

(၂) **ဘဝနှစ်ပါး**။ ။ထိုအင်္ဂါ ၁၂ ပါး တို့ကို အကြောင်းရင်းဖြစ်သော 'ကမ္မဘဝ'နှင့် အကျိုး တရား ဖြစ်သော 'ဥပပတ္တိဘဝ'ဟူ၍ ဘဝ နှစ်ပါးဖြင့် ခွဲခြားလေသော် အမှတ် (၁) နှင့် (၃)၌ ပါသော အင်္ဂါ ငါးပါး တို့သည် '**ကမ္မဘဝ**' ဖြစ်၏။ တနည်း အားဖြင့် ယင်း(၁)နှင့်(၃)တို့သည် သဘောချင်း တူ၏ဟု မှတ်ယူနိုင်၏။ အမှတ် (၂) နှင့် (၄) ၌ ပါသော အင်္ဂါ ခုနစ်ပါးတို့သည် 'ဥပပတ္တိဘဝ' ဖြစ် ၏။ တနည်းအားဖြင့် အမှတ် (၂) နှင့် (၄)တို့ သည် သဘော ချင်း တူ၏ ဟု မှတ်ယူနိုင်၏။

(၃) **သစ္စာနှစ်ပါး**။ ။ထို အင်္ဂါ ၁၂ ပါးတို့ကို အကြောင်းရင်း ဖြစ်သော 'သမုဒယသစ္စာ'နှင့် အကျိုးတရားဖြစ်သော 'ဒုက္ခသစ္စာ' ဟူ ၍ သစ္စာ နှစ်ပါးဖြင့် ခွဲခြား ပြရသော်- "ဘဝနှစ်ပါးဖြင့် ခွဲခြားပြသည့်အတိုင်းပင်" အမှတ်(၁) နှင့် (၃) တို့ပါ အင်္ဂါငါးပါးတို့သည် '**သမုဒယသစ္စာ**' ဖြစ်၏။ အမှတ်(၂)နှင့် (၄)တို့ပါ အင်္ဂါ ခုနစ်ပါးတို့သည် '**ဒုက္ခသစ္စာ**' ဖြစ်၏။

(၄) **ဝဋ်သုံးပါး**။ ။ထိုအင်္ဂါ ၁၂ ပါးတို့ကို 'ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်' ဟူသော ဝဋ်သုံးပါးဖြင့် ခွဲ ခြား ပြရသော်- အမှတ်(၁) နှင့် (၃)တို့ပါ အင်္ဂါငါးပါးတို့တွင် အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်တို့သည် '**ကိလေသဝဋ်**'မည်၍၊ သင်္ခါရဘဝနှင့်= ကမ္မဘဝ တို့သည် '**ကမ္မဝဋ်**' မည်၏။ ယင်းတရားငါးပါးတို့သည် အကြောင်းတရားများ ဖြစ်၍

'ကမ္မဘဝ' ဟူ၍လည်းကောင်း၊ 'သမုဒယသစ္စာ' ဟူ၍လည်းကောင်း ခေါ်ဆိုအပ်၏။ ကြွင်းသော အမှတ်(၂) နှင့် (၄)တို့ပါ တရား ခုနစ်ပါးတို့သည် အကျိုးတရားများဖြစ်၍ '**ဝိပါကဝဋ်**' မည်၏။ ယင်း တရား ခုနစ်ပါးတို့သည် အကျိုးတရားဖြစ်၍ ဥပပတ္တိဘဝ ဟူ၍လည်းကောင်း၊ ဒုက္ခသစ္စာ ဟူ၍ လည်းကောင်း ခေါ်ဆိုအပ်၏။

(၅) ခြင်းရာ၂၀။ ။ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂ ပါးတို့တွင်— အမှတ် (၁)ပါ အတိတ် အကြောင်း တရား နှစ်ပါးနှင့် အမှတ်(၃) ပစ္စုပ္ပန် အကြောင်းတရား သုံးပါး ဟူသော တရား ငါးပါး တို့သည် အကြောင်းတရားချည်းဖြစ်၍ သဘောအားဖြင့် တူ၏။ ဆိုလိုသည်မှာ ယင်းတရား ငါးပါးတို့သည် ပစ္စုပ္ပန်အကျိုးတရားအတွက် အတိတ်အကြောင်း တရားများဖြစ်နိုင်သည်သာမက၊ အနာဂတ် အကျိုး အတွက်လည်း ပစ္စုပ္ပန် အကြောင်းတရားများ ဖြစ်နိုင်သည်။ ထို့ကြောင့် အတိတ် အကြောင်းခြင်းရာ ငါးပါးနှင့် ပစ္စုပ္ပန်အကြောင်းခြင်းရာ ငါးပါးဟူ၍ ကောက်ယူနိုင်၏။

တဖန်- အမှတ် (၂) ပစ္စုပ္ပန်အင်္ဂါ ငါးပါး နှင့် (၄) အနာဂတ် အင်္ဂါ နှစ်ပါးတို့သည် အကျိုးတရားခြင်းအားဖြင့် သဘောသွားတူရကား၊ (၄)ပါ အင်္ဂါနှစ်ပါးသည် (၂)ပါ အင်္ဂါ ငါးပါး၏ အကျဉ်းဖြစ်နိုင်သလို၊ (၂)ပါ အင်္ဂါငါးပါးတို့လည်း (၄)ပါ အင်္ဂါနှစ်ပါး၏ အကျယ် ဖြစ်နိုင်လေသည်။ အကျယ်နည်းဖြင့်ယူသော်— အတိတ် အကြောင်း၏ ပစ္စုပ္ပန် အကျိုး တရား ငါးပါးနှင့် ပစ္စုပ္ပန် အကြောင်း၏ အနာဂတ် အကျိုးတရား ငါးပါးဟူ၍ ကောက်ယူနိုင်၏။

ဤသို့လျှင် အတိတ်အကြောင်းငါးပါး၊ ပစ္စုပ္ပန်အကျိုးငါးပါး။ တဖန်— ပစ္စုပ္ပန် အကြောင်း ငါးပါး၊ အနာဂတ် အကျိုး ငါးပါး ဟူ၍ စုစုပေါင်း ခြင်းရာ ၂၀· ဖြစ်လေသတည်း။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်၊ ဒု–နှာ ၂၁၄ ၌ ဤသို့ မိန့်ဆိုထားလေသည်။

"အတီတေ ဟေတဝေါ ပဉ္စ၊ ဣဒါနိ ဖလပဉ္စကံ။

ဣဒါနိ ဟေတဝေါ ပဉ္စ၊ အာယတိံ ဖလပဉ္စကံ။"

(အတိတ်ကာလ၌ အကြောင်းတရား ၄ါးပါး။ ပစ္စုပ္ပန်ကာလ၌ အကျိုးတရား ၄ါးပါး၊ တဖန်– ပစ္စုပ္ပန်ကာလ၌ အကြောင်း တရား ၄ါး ပါး၊ အနာဂတ် ကာလ၌ အကျိုးတရား ၄ါးပါး ရှိကုန်၏)။

## အသိဉာဏ် ၇၇ ပါး ရနိုင်ပုံ

နိဒါနဝဂ္ဂ-သံယုတ်ပါဠိတော်ထဲ၌ ပဋိစ္စသမုပ္ပာဒ် တရားတော်နှင့် ပတ်သက်၍ အသိဉာဏ် ၇၇ ပါး ရယူနိုင်ပုံ အကြောင်းကို ပြဆိုထားပေ၏။ ပဋိစ္စသမုပ္ပာဒ် တရားတော်လာ အမှတ် ၁ မှ ၁၁ အထိသော (အကြောင်း) အင်္ဂါ ၁၁ ပါး အသီးသီး၌ အသိဉာဏ် ခုနစ်မျိုးစီဖြင့်ဆင်ခြင်နိုင်၏။ သို့ဖြစ်၍ ၁၁ပါး×၇-လီ စုစုပေါင်း ၇၇-ပါးဖြစ်၏။

အင်္ဂါတချက်စီ၌ အသိဉာဏ် ခုနစ်ချက် ပွားများပုံကား-

(၁) ပစ္စုပ္ပန်ကာလ၌ အဝိဇ္ဇာ တရား ရှိခြင်းကြောင့် သင်္ခါရ တရား ဖြစ်ပေါ်ရ၏ ဟူ၍လည်းကောင်း။(၂) အဝိဇ္ဇာတရားမရှိလျှင် သင်္ခါရ တရား လည်း မဖြစ်ပေါ်လာ–ဟူ၍လည်းကောင်း။ (ဤကားပစ္စုပ္ပန်အတွက်)

(၃) အတိတ်ကာလ၌ အဝိဇ္ဇာတရား ရှိခဲ့ခြင်းကြောင့် သင်္ခါရတရား ဖြစ်ပေါ်ခဲ့ရ၏-ဟူ၍လည်းကောင်း။ (၄) အဝိဇ္ဇာတရား မရှိခဲ့သော် သင်္ခါရ တရားလည်း ဖြစ်ပေါ်မလာခဲ့ရာ-ဟူ၍ လည်းကောင်း။ (ဤကား အတိတ် အတွက်)

(၅) အနာဂတ်ကာလ၌ အဝိဇ္ဇာတရား ရှိခြင်းကြောင့် သင်္ခါရတရား ဖြစ်ပေါ်ရလတ္တံ့-ဟူ၍လည်းကောင်း။ (၆) အဝိဇ္ဇာတရား ရှိမည်မဟုတ်လျှင် သင်္ခါရတရားလည်း ဖြစ်ပေါ်လိမ့်မည် မဟုတ် ဟူ၍ လည်းကောင်း။(ဤကား အနာဂတ် အတွက်)

(၇) ဤနိယာမတရားကို သိမြင်သော ဉာဏ်သည် ပင်လျှင် ကုန်ဆုံး ပျောက်ကွယ် ချုပ်ငြိမ်းရသည့် သဘောရှိ၏ ဟူ၍လည်းကောင်း။

ဤသို့ ရှေးရှေးအင်္ဂါ တပါးတပါးကြောင့် နောက်နောက်အင်္ဂါ တပါး တပါး ဖြစ်ပေါ်ရပုံကို ''ဇာတိကြောင့် ဇရာ,မရဏ ဖြစ်ရခြင်း'' တိုင်အောင် (အကြောင်း) ၁၁ ချက်တို့၌ နည်းမှီး၍ ဉာဏ်အမြင် ခုနစ်ပါး ခုနစ်ပါး ပွားများပါလေ။

မိုးကုတ်ဆရာတော် ဘုရားကြီး၏

# ပဋိစ္စသမုပ္ပါဒ်·စက်ဝိုင်း

## လည်ပုံ-ဖြတ်ပုံ-ဒေသနာ




အဝိဇ္ဇာနှင့်၊ တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့် ရုပ်နာမ်ပေါ်။ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဘန်ဘန်၊ ဖြစ်ပြန်နည်းအလျော်။ ဖြပ်ပွါး သိကြား၊ စသည်များက၊ ထင်ရှားပြုပြင် စီရင်ဘန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဉာဏ်မြင့်ရှုရှဲ့မြော်။

(ယက်ာဆောင်ပုဒ်) မူလနှစ်ပြာ၊ သစ္စာနှစ်ခု၊ ထေးခုအထွာ၊ အင်္ဂါတဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်၊ သုံးပါးအစပ် နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့် ကာလသုံးပြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

(မန္တလေး နိုးတုတ်ရိပ်သာမှ ဒွင့်ပြုချက်ရယူပြီး)

# သတ္တမပိုင်း

ပဋ္ဌာန်း နှင့် ပဋိစ္စသမုပ္ပါဒ် တရားတော်တို့ကို
ဉာဏ်ဖြင့် သက်ဝင် သိနားလည်ခြင်း၏အကျိုး

# အနုလောမနှင့် ပဋိလောမနည်း

## ပဋ္ဌာန်းနှင့်ပဋိစ္စသမုပ္ပါဒ်ကို နားလည်ခြင်း၏ အကျိုးကျေးဇူး

ဗုဒ္ဓ၏ အဆုံးအမ တရားဓမ္မ၌ ''အကြောင်းနှင့်အကျိုး ဆက်စပ်၍ ရုပ်နာမ်ဓမ္မတို့၏ ဖြစ်စဉ်ကို ပြည့်စုံလုံမိစွာ ပြဆိုသောနည်းသည် ပြဆိုခဲ့ပြီးသည့် အတိုင်း ပဋ္ဌာန်းနည်းနှင့် ပဋိစ္စသမုပ္ပါဒ်နည်း ဟူ၍ နှစ်မျိုး ရှိလေသည်။ ယင်းနည်းနှစ်မျိုးအကြောင်းကို အဆက်၌ ဖတ်ရှုလေ့လာ သိရှိရလေပြီ၊

ပဋ္ဌာန်းနည်းနှင့် ပဋိစ္စသမုပ္ပါဒ် နည်းသည် အနုနှင့်အကြမ်း ကွဲသည်။ တရားမျိုးမှာ အတူတူပင်ဖြစ်၏။ တရားနာဝေနေယျ သတ္တဝါတို့၏ အလိုအဇ္ဈာသယကိုထောက်၍ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို ပေါက်နိုင်လျှင် ပြီးစေတော့-ဟူသော အနေဖြင့် ခပ်ကြမ်းကြမ်း 'ပဋိစ္စသမုပ္ပါဒ်နည်း' ကို ဟောတော်မူရသည်။ သတ္တဝါတို့၏မျက်နှာကိုမငဲ့ပဲ တရားသဘာဝတို့၏ မျက်နှာကိုသာငဲ့၍ ဓမ္မဋ္ဌိတိဉာဏ်အားဖြင့် နုနိုင်သမျှအနုစိတ်၍ ပဋ္ဌာန်းဒေသနာတော်ကို ဟောတော်မူ၏။နိဗ္ဗာန်မှတပါးသောပရမတ်တရားဟူသမျှကိုပဋိသမုပ္ပန္နတရား(အကြောင်းကြောင့် ဖြစ်ပေါ်ရသော အကျိုးတရားဟူ၍ ဟောတော်မူသည်။

နည်းနှစ်ပါး။ ။ထိုမှတပါးအကြောင်းအကျိုးကိုယှဉ်မြင်သောနည်းသည် နှစ်မျိုးရှိပြန်၏။ယင်းတို့မှာ(၁)အနုလောမနည်း=အနုလုံနည်း- အစဉ်လိုက် အကြောင်းမှ အကျိုးကိုကြံသောနည်း။ (၂) ပဋိလောမနည်း=ပဋိလုံနည်း- ပြန်၍အကျိုးမှ အကြောင်းကို ကြံသောနည်းတို့ ဖြစ်၏။ ထိုနည်းနှစ်ပါးတွင်-

## (၁) အကြောင်းမှအကျိုးကို ကြံသော အနုလောမနည်း

ဟိတ်ခြောက်ပါးတရားကြောင့် ၎င်းနှင့်ယှဉ်ဖက်ဖြစ်သော 'စေတနာ' စသည့် နာမ်တရားနှင့်စိတ္တဇရုပ်တရားစုဖြစ်ရ၏။ယင်းအကျိုး၌ ပါသော စေတနာသည်လည်း 'နာနက္ခဏိက ပစ္စည်းတပ်၍ နောက်နောက်ဘဝ၌ ဝိပါက်အကျိုးကို ဖြစ်စေ၏။ ယင်းဝိပါက်ဖြစ်ပြန်ကလည်း နာမ်ရုပ်တို့ ဖြစ်ရပြန်၏။ ယင်းရုပ်တို့တွင် ဝတ္ထုရုပ်က "နိဿယ၊ ပုရေဇာတ၊ ဝိပ္ပယုတ္တ၊အတ္ထိ၊အဝိဂတ" ဟူသော ပစ္စယသတ္တိငါးပါးဖြင့် ဟိတ်ခြောက်ပါးစသော နာမ်တရားအား ကျေးဇူးပြုပြန်၏။ ဤသို့စသည့် ပဋ္ဌာန်းနည်းအတိုင်း ဉာဏ်ရှိသလောက် ကြံစည်ပါလေ။ သံသရာရှည်သမျှ ဉာဏ်လွင့်နှင်၍ ကြည့်ပါလေ။

အဝိဇ္ဇာဖြစ်လျှင် အကျိုးမဲ့၊ အလေနတော၊ အဟောသိကံ ဖြစ်၍ လွှား။ ယင်းအဝိဇ္ဇာသည် သင်္ခါရကိုဖြစ်စေ၏။သင်္ခါရသည်လည်း ဝိညာဉ်ကိုဖြစ်စေ၏။ ဤသို့စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ် နည်းအတိုင်း သံသရာရှည်သမျှ ဉာဏ်ပွင့်၍ ကြည့်ပါလေ။

ဤသို့ အကြောင်းတခုဂု စပ်လျဉ်းသမျှ လျှောက်၍ အကျိုးများစွာကို ယှဉ်ခြင်ကြံစည်သော နည်းသည် အနုလောမနည်း မည်၏။ ဤအနုလောမ နည်းကို မှန်ကန်စွာ သိမြင်လျှင် 'ဥစ္ဆေဒဒိဋ္ဌိ' ကင်းပျောက် လော၏။

## (၂) အကျိုးမှအကြောင်းကိုကြံသော ပဋိလောမနည်း

ဟိတ်ခြောက်ပါးကြောင့်ဖြစ်သည့် 'စေတနာ'တည်းဟူသော နာမ်တရားကို ဖယ်ရှား သွားပြီးလျှင် ယင်းစေတနာသည် အကြောင်းမရှိဘဲ ဖြစ်လာသည်မဟုတ်။ ဟိတ်တရားကြောင့်သာ ဖြစ်ရ၏။ ယင်းဟိတ်တရားမရှိလျှင် မဖြစ်ပေါ်နိုင်ရာ။ ထိုဟိတ်တရားသည်လည်းအကြောင်းမဲ့ဖြစ်သည်မဟုတ်။ ပုရာဏကံကြောင့်သော

ဖြစ်ရ၏။ ယင်းဟိတ်တရား မှိရာဝတ္ထုတည်းဟူသော ရုပ်သည်လည်း နာနက္ခဏိကကမ္မ စေတနာကြောင့်ဖြစ်ရ၏။ ယင်းစေတနာသည်လည်း အကြောင်းမဲ့ဖြစ်သည်မဟုတ်။ တခုခုသော အာရုံကြောင့် ဖြစ်၏။ ဤသို့စသည်ဖြင့်ပဋ္ဌာန်းနည်းအတိုင်း ညဏ်ရှိသလောက် ကြံစည်ပါလေ။

ဇရာ,မရဏသည် အကြောင်းမဲ့ဖြစ်သည်မဟုတ်၊ဇာတိကြောင့်သာဖြစ်ရ၏။ ဇာတိမရှိလျှင်မဖြစ်ရာ။ ယင်းဇာတိသည်လည်း ဘဝကြောင့်ဖြစ်ရ၏။ ယင်းဘဝလည်း ဥပါဒါန်ကြောင့် ဖြစ်ရ၏-ဤသို့စသည်ဖြင့် ပဋိစ္စသမုပ္ပာဒ်နည်းအတိုင်း ညဏ်ရှိသလောက် ကြံစည်ပါလေ။

ဤသို့ အကျိုးတခုကိုလက်ကိုင်ပြုပြီး၊ စပ်လျဉ်းသမျှ လျှောက်၍အကြောင်း အဆင့်ဆင့်ကို ဆင်ခြင် ကြံစည်သောနည်းသည် ပဋိလောမနည်းမည်၏။ ဤပဋိလောမနည်းကို မှန်ကန်စွာ သိမြင်လျှင် **အဟေတုကဒိဋ္ဌိ** ကင်း ပျောက်လေ၏။

နည်းလေးပါး။ ။ထိုပြင် တပါးလည်း၊ -ပဋ္ဌာန်းနည်း, ပဋိစ္စသမုပ္ပာဒ်နည်းတို့ကို နည်းလေးပါးတို့ဖြင့် ကြံစည်ရာ သေး၏။ ယင်းနည်းလေးနည်းတို့ကား-(၁)**ဧကတ္တနည်း**အကြောင်းနှင့်အကျိုး ဆက်စပ်ပုံနည်း။ (၂) **နာနတ္တနည်း**- သဘော အသီးသီး အခြားခြား ဖြစ်ပုံနည်း။ (၃) **အဗျာပါရနည်း**-ဓမ္မတို့၏ ပြုလုပ်မှု ဗျာပါရ မရှိပုံနည်း။ (၄) **ဧဝံဓမ္မတာနည်း**-ဤကြောင့်- ဤသာ ဖြစ်ပုံနည်း....တို့ဖြစ်၏။

## (၁) အကြောင်းနှင့်အကျိုးဆက်စပ်ပုံ 'ဧကတ္တနည်း'

နာနက္ခဏိက ကမ္မ စသော အကြောင်း ပစ္စည်းတရားသည် ဝိပါကစသော အကျိုး ပစ္စယုပ္ပန်တရားတို့နှင့် အစဉ်မပြတ် ဆက်စပ်နေခြင်း လည်းကောင်း၊ အဝိဇ္ဇာစသော အကြောင်းတရားသည် သင်္ခါရစသော အကျိုးတရားတို့နှင့် အစဉ်မပြတ် ဆက်စပ်နေခြင်းလည်းကောင်း-သဘောတရားစု ကေန်ထင်ရှား ရှိနေခြင်းသည် 'ဧကတ္တနည်း' မည်၏။

ဤ'ဧကတ္တနည်း'ကို မှန်ကန်စွာသိမြင်လျှင် **ဥစ္ဆေဒဒိဋ္ဌိ** ကင်းပျောက်၏။ အသိချော်လျှင်- 'သဿတဒိဋ္ဌိ'သို့ ရောက်၏။

## (၂) သဘောအသီးသီး အခြားခြားဖြစ်ပုံ 'နာနတ္တ' နည်း

ကမ္မနှင့်ဝိပါကတို့သည် အကြောင်းနှင့် အကျိုး-ဟူ၍ ဆက်စပ် နေကြသော်လည်း သဘောအားဖြင့် အသီးသီးတမျိုးစီဖြစ်၏။ ကမ္မသည်ဝိပါကမဟုတ်၊ ဝိပါကသည် ကမ္မမဟုတ် ဟူ၍လည်းကောင်း။ အဝိဇ္ဇာနှင့်သင်္ခါရတို့မှာလည်း ထိုအတူ အကြောင်းနှင့်အကျိုးဟူ၍ ဆက်စပ်နေသော်လည်း သဘောချင်းအားဖြင့် အသီးသီး တမျိုးစီဖြစ်၏။ အဝိဇ္ဇာသည် သင်္ခါရမဟုတ်၊ သင်္ခါရသည် အဝိဇ္ဇာမဟုတ် ဟူ၍လည်းကောင်း- ဤသို့ ဓမ္မတို့၏ အချင်းချင်း ဆက်စပ်နေသော်လည်း သဘောအသီးသီး ဖြစ်ပုံသည် နာနတ္တနည်း မည်၏။

ဤနာနတ္တနည်းကို မှန်ကန်စွာ သိမြင်လျှင် 'သဿတဒိဋ္ဌိ' ကင်းပျောက်၏။ အမြင်ချော်လျှင် ဥစ္ဆေဒဒိဋ္ဌိသို့ ရောက်၏။

## (၃) ဓမ္မတို့၏ ပြုလုပ်မှု ဗျာပါရမရှိပုံ 'အဗျာပါရ' နည်း

ကမ္မပစ္စည်းက "ငါသည် ဝိပါကကို ဖြစ်စေမည်။ ဖြစ်အောင်ပြုမည်" ဟု ပြုမှု သတ္တိဗျာပါရပယောဂ မရှိခြင်းလည်းကောင်း။ အဝိဇ္ဇာကလည်း "ငါသည် သင်္ခါရကို ဖြစ်အောင်ပြုမည်" ဟု ဗျာပါရ ပယောဂ မရှိခြင်းလည်းကောင်း- ဤသို့ ဓမ္မတို့၏ ပြုလုပ်မှု ဗျာပါရမရှိခြင်းသည် 'အဗျာပါရ' နည်းမည်၏။

ဤအဗျာပါရနည်းကို မှန်ကန်စွာ သိမြင်လျှင် 'အတ္တဝါဒုပါဒါန်-အတ္တဒိဋ္ဌိ' ပျောက်၏။ အမြင်ချော်လျှင် 'အကိရိယဒိဋ္ဌိ' သို့ ရောက်၏။

## (၄) ဤကြောင့် ဤသာ ဖြစ်ပုံ 'ဓမ္မတာ' နည်း

ထိုသို့ တရားဓမ္မတို့၏ ပြုလုပ်မှု သတ္တိပယောဂ ဗျာပါရ မရှိသော်လည်း ပေါက်လွတ်တက်တိုင်း, ရောက်ယပ်ရာရာ, ဖြစ်ချင်ရာ ဖြစ်ရသည်မဟုတ်။ ကမ္မပစ္စည်းကြောင့်ဝိပါကသာ ဖြစ်ရ၏ ဟုလည်းကောင်း၊ အဝိဇ္ဇာကြောင့် သင်္ခါရသာ ဖြစ်ရ၏ ဟုလည်းကောင်း- ဤသို့ စသည်ဖြင့် ပစ္စယ ပစ္စယုပ္ပန်, ပဋိစ္စသမုပ္ပါဒ်နည်းတို့နှင့် လျော်စွာသာလျှင် ဓမ္မတာတရား၏ ပြဋ္ဌာန်းချက်အတိုင်း ဖြစ်ခြင်းသည် 'ဓမ္မတာ' နည်း မည်၏။

ဤ 'ဓမ္မတာ' နည်းကို မှန်ကန်စွာ သိမြင်လျှင် 'အဟေတုကဒိဋ္ဌိ' နှင့် 'အကိရိယဒိဋ္ဌိ' ကင်းပျောက်လေ၏။ အမြင်ချော်လျှင် 'အဟေတုကဒိဋ္ဌိ' နှင့် 'နိယတဝါဒ' သို့ ရောက်လေ၏။

ဤနည်းလေးပါးဖြင့် ပဋ္ဌာန်း, ပဋိစ္စသမုပ္ပာဒ်နည်း တွေ့သမျှ တို့ကို ဉာဏ်သွားသလောက် ကြံစည်ရာ၏။

## ဒိဋ္ဌိ-ပယ်ဖျက်, ဉာဏ်ရောက်၍ မဂ်ပေါက်ခြင်း

ပြ ဆိုခဲ့ပြီးသော ပဋ္ဌာန်းဒေသနာတော်နှင့် ပဋိစ္စသမုပ္ပာဒ်တရားတို့ကို ကောင်းစွာ ပိုင်နိုင် နားလည်သဘောပေါက်သွားလျှင်—

(၁) "သဿတဒိဋ္ဌိ, ဥစ္ဆေဒဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, အကိရိယဒိဋ္ဌိ, အတ္တဒိဋ္ဌိ" အစရှိသည့် မိစ္ဆာဒိဋ္ဌိ အယူမှားများ ကင်းပျောက်ခြင်း။

(၂) ဝိသုဒ္ဓိတရား ခုနစ်ပါးအနက် "ဒိဋ္ဌိ ဝိသုဒ္ဓိ၊ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၊ မဂ္ဂါမဂ္ဂဉာဏဒဿနဝိသုဒ္ဓိ၊ ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ၊ ဉာဏဒဿန ဝိသုဒ္ဓိ" ဟူသော ဝိသုဒ္ဓိ ငါးပါးနှင့် ပြည့်စုံခြင်း။

(၃) သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်, ဘင်္ဂဉာဏ်, ဘယဉာဏ်, အာဒီနဝဉာဏ်, နိဗ္ဗိဒါဉာဏ်, မုစ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်, အနုလောမဉာဏ် ဟု ဆိုအပ်သော ဝိပဿနာဉာဏ် ၁၀ ပါး တို့ကို ရရှိခြင်း-

ဤသို့ ဒိဋ္ဌိကင်းပျောက်၍ ဝိသုဒ္ဓိတရားနှင့် ပြည့်စုံလျက်, ဝိပဿနာဉာဏ် လမ်းသို့ ရောက်သွားလေသော် မဂ်ဖိုလ်စခန်းသို့ ဖြောင့်တန်းစွာဖြင့် ကေန် ရောက်တော့မည်သာတည်း။ ဤသို့ တဆင့်ထက်တဆင့် ဉာဏ်အမြင် ရင့်သန် သွားပြီး မဂ်ဖိုလ်ပေါက်သွားပုံကို အောက်တွင် တိုကျဉ်း လိုရင်းကို ဖော်ပြ ပေအံ့-

### (၁) ဒိဋ္ဌိ ဝိသုဒ္ဓိ ဖြစ်ခြင်း

ဒိဋ္ဌိဝိသုဒ္ဓိ ဟူသည် အယူအမြင်၏ စင်ကြယ်မှု ဖြစ်၏။ သမ္မာဒိဋ္ဌိ အယူမှန် ကေန် ဖြစ်ခြင်း ပင်တည်း။

ဤသို့ ပြဆိုခဲ့ပြီးသော ပဋ္ဌာန်းနည်း, ပဋိစ္စသမုပ္ပာဒ်နည်းတို့ဖြင့် ရုပ်နာမ် ခန္ဓာတို့၏ တခုသည် တခုအား ကျေးဇူးပြုကာ နေကြသဖြင့် သံသရာ အစဉ်မပြတ်ပဲ ရုပ်ခဲနာမ်ခဲတွေ ဖြစ်၍နေ၏။ ဤ ရုပ်ခဲနာမ်ခဲ, ပေါင်းဖွဲ့

စပ်ယှက်၊ ကျေးဇူးဆက်၍နေသော တရားအစုကိုပင်လျှင် ရုပ်ခဲနာမ်ခဲတွေဟု အမှန်သိမြင်နိုင်သော ပညာမျိုး မပေါက်နိုင်ရကား "ငါ၏ ခန္ဓာ၊ ငါ့ဥစ္စာ ပင်၊ ငါပဲထင်၍" မှောက်မှားကြီး မှောက်မှားနေကြရသာမက ထိုထင်မှားမှု ဒိဋ္ဌိအတွက်နှင့်ပင် သံသရာအတွင်း၊ ပဋိစ္စသမုပ္ပါဒ် ကျော့ကွင်းမိ၍ စင်စစ် ဒုက္ခနယ်ဖြစ်သော 'ဝဋ်ဘောင်'မှ လွတ်အောင် မထွက်နိုင်ပဲ နေကြရကုန်၏။

ထို့ကြောင့် နိဒါနဝဂ္ဂ သံယုတ်ထဲ၌ ဘုရားရှင်က အရှင်အာနန္ဒာအား ဤသို့ ဟောတော်မူလေ၏။

"ချစ်သား အာနန္ဒာ၊ အကြောင်းတရားကြောင့် အကျိုး တရား ဖြစ်ပွား၍ နေ၏- ဟူသော ထိုတရား သဘောကို မသိခြင်းကြောင့် ဤသတ္တဝါ အပေါင်းသည် ဖရိုဖရဲ ဖောက်လွဲ ဖောက်ပြန်၊ မှောက်လှန်ကျဆုံးရာ ဖြစ်သော သံသရာဝဲ, ခရီးခဲကို မလွန်မြောက် နိုင်ကုန်လေ။

ထိုသို့ ပစ္စည်း၊ ပစ္စယုပ္ပန်= အကြောင်း–အကျိုး ပြန်လှန်ဖွဲ့စည်း၍နေသော ခန္ဓာအစဉ်၊ အာယတန အစဉ်သည်ပင်လျှင် သံသရာအာယာဉ်ကြီး ဖြစ်၍နေ၏။ ခန္ဓာ၊ အာယတန၊ ဓာတ်တို့မှ တပါး သံသရာ ဟူ၍ မရှိလေ။ ထို့ကြောင့် ဓမ္မသင်္ဂဏီ အဋ္ဌကထာ၌ "ခန္ဓာ ငါးပါး၊ အာယတန ၁၂ ပါး၊ ဓာတ် ၁၈ ပါး တို့၏ မပြတ်မလပ် ဖြစ်၍ နေသော အစဉ်ကို သံသရာကြီးဟူ၍ ဆိုအပ်၏" ဟု ဖွင့်ဆို ထားလေ၏။

သက်သက်အကြောင်း အကျိုးဆက်စပ် ယှဉ်တွဲဖွဲ့စည်း၍ နေသော ဤခန္ဓာ ကိုယ်သည် သင်္ခါရတရား အစုအပုံကြီး မျှသာတည်း။ ဤခန္ဓာ၌ လူဟုဆိုဖွယ်ရာ၊ နတ်ဆိုဖွယ်ရာ၊ သတ္တဝါဟုဆိုဖွယ်ရာ တစုံတခုသော ဓာတ်မျှ မပါရှိချေ။ ကောက်ရိုး တို့ဖြင့် ပြုလုပ်အပ်သော စာချောက် ရုပ်ကို လူကြီးဟု ထင်မှတ်၍ ငှက် အပေါင်းတို့ လန့်ဖြန့်ကြကုန် သကဲ့သို့ - တဏှာ မာန ဒိဋ္ဌိကြိုးကြောင့် အကြိုကြိုး ငြိ၍ ကျော့ကွင်းမိပြီးသော သတ္တဝါတို့သည် ကိုသင်္ခါရ အစုအစု၊ ရုပ်နာမ် သက်သက်၊ အခဲအစိုင် ပေါင်းဖွဲ့၍ နေသည်ကို အပေါ်ယံ ကြည့်ရုံ အကိုင်း ထက် အပိုထိုးထွက်နိုင်သော ပညာဉာဏ် အဆင့် အမြင်မျိုး မရှိကြ သော ကြောင့် "ငါ၏ကိုယ်ပင်၊ ငါပဲထင်၍" ရွှင်စရာနှင့်တွေ့လျှင် မြူးထူး၊ ကြောက် စရာနှင့်တွေ့လျှင် အလကား မှောက်မှား ထိတ်လန့်၍ နေကြ ရလေသည်။ စင်စစ်ကား သက်သက် သင်္ခါရတုံး၊ ရုပ်လုံး နာမ်ခဲတွေ ပင်တည်း။

ထို့ကြောင့် သဂါထာဝဂ္ဂ သံယုတ်၌ "ဤခန္ဓာ ကိုယ်သည် သက်သက် အကြောင်းအကျိုးစပ်၍ ဖြစ်နေသော သင်္ခါရတရား အစုအပုံကြီးပေတည်း။ ဤသင်္ခါရ ရုပ်ပုံ, နာမ်ပုံကြီး၌ သတ္တဝါဟူ၍ ရှာကြံမရနိုင်"ဟူ၍ဟောတော်မူထားလေသည်။

ဝင်ရိုး, ဘီး, ရထားအိမ် စသည် ရထား၏ အင်္ဂါအစိတ်အပိုင်း တို့ဖြင့် စပ်ဖွဲ့နေသည်ရှိသော် ထိုရထား၏ အင်္ဂါအစိတ်အပိုင်း အစုအပုံတို့ကို ရထားဟူ၍ ခေါ်ဝေါ်ရ၏။ ဤဝတ္ထု အစုအပုံ၌ "ရထားသည် ဘယ်ဟာပါလဲ"ဟု ရှာကြံ၍ မရသကဲ့သို့ ထိုအတူ သက်သက် နာမ်ရုပ်တို့ စုခဲ၍ 'အတ္တ' ပစ္စယ သတ္တိဖြင့် တခုသော ပစ္စုပ္ပန် ရှိဆဲ ရုပ်နာမ်သည် တခုသော ပစ္စုပ္ပန် ရှိဆဲ ရုပ်နာမ်အား စပ်ဖွဲ့ ကျေးဇူးပြု၍ ပွဲအနေ တည်တံ့ နေသော တရားစုကိုသာလျှင် 'သတ္တဝါ'ဟု ထင်မြင်စွဲလမ်း၍ နေကြ၏။ယင်းပစ္စုပ္ပန် ရုပ်နာမ် အစုမှာ တခုမျှ 'သတ္တဝါ'ဟူ၍ ရှာကြံမရချေ။

ဤသို့ ရုပ်နာမ်အစု သက်သက်ကို မြင်လျှင် လွဲမှားသော ဒိဋ္ဌိ အထင် ပျောက်၍ 'ဒိဋ္ဌိဝိသုဒ္ဓိ' လမ်းပေါက် လေတော့၏။

## (၂) ကင်္ခါဝိတရဏ ဝိသုဒ္ဓိဖြစ်ခြင်း

ကင်္ခါ ဝိတရဏ ဝိသုဒ္ဓိ ဟူသည်- ရုပ် နာမ်တရားတို့၏ သဘော သဘာဝနှင့် ပတ်သက်၍ ယုံမှားခြင်းမှ စင်ကြယ်မှုပင် ဖြစ်၏။

ထိုသို့ ဒိဋ္ဌိဝိသုဒ္ဓိလမ်း ပေါက်လေသော် ပြဆို ခဲ့ပြီးသော ပဋ္ဌာန်းနည်း၊ ပဋိစ္စသမုပ္ပါဒ်နည်းတို့အတိုင်း အကြောင်းတရား တခု ရှိခြင်းကြောင့် အကျိုးတရား ဆက်လက်၍ နေသော တရားစုတို့၏ ပစ္စည်း၊ ပစ္စယုပ္ပန် အစဉ်အတန်း ရုပ်နာမ်စခန်း ရုပ်နာမ်လမ်းကြီးသာတည်း။ ပုဂ္ဂိုလ် သတ္တဝါ၊ ငါ, သူတပါး မရှိဟု ပိုင်နိုင်စွာ အသိဉာဏ် ပေါက်သောအခါ အမျိုးမျိုးသော ယုံမှားသက်ာ, ဝိစိကိစ္ဆာ ပျောက်၍ 'ကင်္ခါဝိတရဏဝိသုဒ္ဓိ' လမ်းပေါက်လေ၏။

ထို့ကြောင့် ပဋ္ဌာန်းနည်း, ပဋိစ္စသမုပ္ပါဒ် နည်းသည် ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ပေါက်မှု၌ အနှုဆုံးသောနည်းလမ်းဖြစ်၏။

## (၃) သမ္မသနဉာဏ်ဖြစ်ပေါ်ခြင်း

သမ္မသနဉာဏ် ဟူသည် ခန္ဓာငါးပါး စသည် တို့၏ 'အနိစ္စ၊ ဒုက္ခ၊ အနတ္တ' ဟူသော လက္ခဏာရေး သုံးပါးဖြင့် ဆင်ခြင်သော ဉာဏ်တည်း။ ရုပ် နာမ် တို့၏ အဖြစ်အပျက်ကို ဉာဏ်ဖြင့် တပ်တပ် ကွင်းကွင်း ရှင်းရှင်း လင်းလင်း မြင်သည်ဖြစ်စေ၊ စိတ်တည်ကြည်မှုဖြင့် လက္ခဏာရေးကို ဆင်ခြင်လျှင်ပင် 'သမ္မသန' ဉာဏ် ဖြစ်နိုင်လေသည်။

ပဋ္ဌာန်းနည်း၊ ပဋိစ္စသမုပ္ပါဒ်နည်းတို့၌ လာသည့် အတိုင်းပင်- ရုပ် နာမ် တရားကိုမည်သည့် အကြောင်း- အကျိုး ဆက်စပ်၍သာ ဖြစ်နေကြ ကြောင်း မည်သည့်တရားမျှ လျှပ်တပြက်မျှပင် မပြောင်းမလဲ တည်နေနိုင် သည်မရှိ၊ အကြိမ်ပေါင်း ကုဋေများစွာပင် မရပ်မနားဖြစ်ပျက်နေကြကြောင်း။ ထို့ကြောင့် ယင်း ရုပ်နာမ်တရားတို့ကား သုခ ဟူ၍ မှုမျှမရှိ၊ ဒုက္ခအတိသာ ဖြစ်ပြီး၊ အနှစ်သာရ အနည်းငယ်မျှ မရှိကြောင်း။ ဤသို့ လက္ခဏာရေး သုံးပါးတို့ဖြင့် ဆင်ခြင်သုံးသပ်နေလျှင် 'သမ္မသနဉာဏ်' လမ်းသို့ ရောက်နေ ပြီ-ဟူ၍ ဆိုအပ်ပေ၏။

## (၄) ဥဒယဗ္ဗယဉာဏ်ဖြစ်ပေါ်ခြင်း

ဥဒယဗ္ဗယဉာဏ် ဟူသည် ရုပ် နာမ်တရားတို့၏ ဖြစ်ပုံ-ပျက်ပုံကို ရှုမြင် သော ဉာဏ်ဖြစ်၏။

ဤသို့ "အကြောင်းအတွက်ကြောင့် အကျိုးဖြစ်၍နေ၏။ အကြောင်းကို နုတ်ပယ်လိုက်လျှင် ပြိုကွဲပျက်စီး၍ အကျိုးတရား မဘက်နိုင်"ဟု သောချာစွာ အမှန် သိလျှင် ဖြစ်မှု-ပျက်မှု နှစ်ပါးစုံကို ရှုမြင်ဆင်ခြင်သော 'ဥဒယဗ္ဗယ' ဉာဏ် စခန်းသို့လည်း တန်းတန်း မတ်မတ် ပေါက်ရောက် နိုင်လေ၏။ ပေါ် ပေါက်နိုင်ပုံမှာ -

(၁) "ဤအကြောင်း ထင်ရှား ဟင်းလင်း ရှိပါမူ (သိကြား၊ ဗြဟ္မာ၊ သဗ္ဗညုဘုရားရှင်တို့ တားသော်လည်း မရနိုင်ပဲ) ဤမည်သော အကျိုးကြောင့် ဖြစ်ပွား၏" ဟု အကြောင်းကို ဖော်ဖြ၍ကြည့်လျှင် 'အဖြစ်' ကို မြင်သော

'ဥဒယ'ဉာဏ် ပေါက်၏။ (၂) "ဤ အကြောင်း မရှိခဲ့လျှင် (သိကြား, ဗြဟ္မာ, သဗ္ဗညု ဘုရားရှင်တို့ ပြုပြင် သော်လည်း မရနိုင်ပဲ) ဤ မည် သော အကျိုးတရား ကေန်ပျက်ဆုံး၏" ဟု အကြောင်းကို နုတ်ပယ်၍ ကြည့်လျှင် 'အပျက်'ကို မြင်သော 'ဝယ' ဉာဏ် ပေါ်ပေါက်လေ၏။

ဤဥဒယဉာဏ်နှင့် ဝယဉာဏ် နှစ်ပါးကိုပင်လျှင် 'ဥဒယဗ္ဗယ'ဉာဏ် (ဖြစ်ပျက်ကို သိမြင်သောဉာဏ်)ဟု ခေါ်၏။

သံယုတ် ပါဠိတော်၌လည်း "ထို ရုပ်နာမ်ခန္ဓာ, အာယတန တရားတို့သည် အကြောင်းကို အစွဲပြုပြီး ဖြစ်ပွား၍ နေကုန်၏။ အကြောင်းတရား ပျက်ပြား ချုပ်ဆုံးခြင်းကြောင့် ထို ရုပ်နာမ်ခန္ဓာ, အာယတနတို့လည်း ချုပ်ဆုံး ကွယ်ပျောက်ရကုန်၏" ဟူ၍ ဟောတော်မူ၏။

## (၃) အနိစ္စသဘောကိုမြင်လာခြင်း

ဤသို့ "ရုပ်နာမ်တရားတို့သည် အကြောင်းနှင့်သာ စပ်၍ ဖြစ်လေ့ရှိသည်"ဟူ၍ ကောင်းစွာ သိမြင်လျှင် ထိုတရားတို့၏ စင်စစ်မမြဲသော 'အနိစ္စ'သဘောကို ကောင်းကောင်းကြီး ထင်မြင်နိုင်၏။

'ပထဝီ၊ ဝါယော'ဓာတ်လွန်ကဲသော တိမ်ညွန့်နှစ်ခုတို့တိုက်ခိုက်ဆဲ အခါ၌ လျှပ်စစ်ပြက်၍ပြက်၍ ချက်ချင်းပင် လျှပ်စစ်ကွယ်ပျောက်လေ၏။ ထို့အတူပင် လက်ငင်းပစ္စုပ္ပန် ထင်ရှားသော အကြောင်းတရားက ကျေးဇူးပြုခိုက်တွင်သာ လျှပ်စစ်ပြက်သကဲ့သို့ အကျိုးတရားပေါ်ကဲ့၍ တခါခြင်း အကြောင်းနှင့်တကွ ပျက်စီးရလေတော့သည်။

ကျေးဇူးပြုသောပစ္စည်းတရားက ခိုင်မြဲသောတရား ဖြစ်ပါမူကား ၎င်း၏ အကျိုးတရားလည်း ခိုင်မြဲလေရာ၏။ ထိုသို့ကား မဟုတ်ပေ။ ပရမတ္ထတရားချင်း သာ ကျေးဇူးပြုလေသည်ဖြစ်၍ "သူ့ကို မကယ်သာ၊ ငါလည်း မကယ်နိုင်" ဆိုသကဲ့သို့ ပင်လယ်သမုဒ္ဒရာအတွင်းမှာ အပြင်းမေ့ဥပန်း, အားစွမ်းကုန်၍ လက်ပန်းကျသော လူနှစ်ယောက်ကဲ့သို့ အကြောင်းအကျိုး နှစ်ပါးလုံးပင် ဘင်ခဏတွင် စုံးစုံးမြုပ် ပျက်စီးသွားကြရကုန်၏။

## (၆) အနတ္တသဘောကိုမြင်လာခြင်း

ဤသို့ ရုပ်နာမ်တို့၏ အနိစ္စသဘောကို ဉာဏ်၌ ထင်လာသောအခါ ထိုရုပ်နာမ်တရားတို့သည် "အသုံးမကျသော အမှိုက် သရိုက်များကဲ့သို့" အားကိုးလောက်ဖွယ် အနှစ်သာရ ဘာတခုမျှမရှိသော 'အနတ္တ' တို့သာ ပါတကားဟု ကြိုးစားဆင်ခြင်သော ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝတွင် ထင်မြင်နိုင်လေ၏။

ထို့ကြောင့် အဘိဓမ္မာဝတာရအဋ္ဌကထာကျမ်းထဲ၌ "ဤရုပ်နာမ် တရားတို့သည် ငှက်ပျောတုံး၊ အိပ်မက်၊ မျက်လှည့်နှင့်သာ တူကုန်၏။ အားကိုးစရာဘာမျှ အနှစ်သာရမရှိလေကုန်။ အနှစ်သာရမှ ကင်းကုန်သည်ဖြစ်၍ ယောဂီသူမြတ်အား ထင်မြင်လာကုန်၏" ဟူ၍ ပြဆိုထားလေသည်။

## (၇) ဘင်္ဂဉာဏ်ဖြစ်ပေါ်ခြင်း

ဘင်္ဂဉာဏ်- ဟူသည် ရုပ်နာမ်တရားတို့၏ ပျက်နေပုံကို ရှုမြင်သော ဉာဏ်ဖြစ်၏။

အဖြစ်၊ အပျက် နှစ်ပါးစုံကို ရှုသော ဉာဏ်သည် 'ဥဒယဗ္ဗယ' ဉာဏ် မည်၏။ အပျက်ကိုသာ ရှုသောဉာဏ်သည် 'ဘင်္ဂ' ဉာဏ် မည်၏။ ဥဒယဗ္ဗယဉာဏ် ရင့်သန်လာသောအခါ အဖြစ်ကို နှလုံးမသွင်းပဲ 'အပျက်၌သာ 'သတိဉာဏ်' တည်လေတော့၏။ ထိုဘင်္ဂဉာဏ် ထက်သန်လေသောအခါ "ရုပ်ယှက်ခတ်-ပျက်၍ပျက်၍နေသော ရေပွက်တို့ကို မြင်ရသကဲ့သို့" ခပ်သိမ်းသော သင်္ခါရ တရားတို့၏ 'ရုပ်ယှက်ခတ် အလွန်လျင်မြန်စွာ ပျက်စီး၍ နေသည်" ကို မြင်ရလေ၏။

ဤသို့ဘင်္ဂဉာဏ်ဖြင့် ထင်မြင်နေသော ယောဂီပုဂ္ဂိုလ်ကို ရည်၍ ဓမ္မပဒပါဠိတော်၌ "ရေပွက်၊ တံလျှပ်ကို ရှုမြင်သကဲ့သို့ ရုပ်နာမ်ခန္ဓာဟု ဆိုအပ်သောလောကကို ဉာဏ်ဖြင့်သက်၍ အပျက်ကိုသာ ရှုသောယောဂီပုဂ္ဂိုလ်ကို သေမင်းသည် မမြင်နိုင်" ဟူ၍ ဟောတော်မူ၏။

ဘင်္ဂဉာဏ်ကိုမြင်သောသူကို သေမင်းမမြင်နိုင်-ဟူလို။ သေမင်း မမြင်နိုင်ဆိုသည်ကား သေမင်း၏နိုင်ငံမှ လွတ်မြောက်၏- ဟုဆိုလိုသည်။

## (၈) ဘယဉာဏ်ဖြစ်ပေါ်ခြင်း

ဘယဉာဏ်-ဟူသည် ရုပ် နာမ်တရားတို့၏ ကြောက်မက်ဖွယ်ရာ ဘေးကို ရှုမြင်သောဉာဏ်ဖြစ်၏။

ဘင်္ဂဉာဏ် ထက်သန်လေသောအခါ– "အသက်ရှည်ခြင်း၊ ချမ်းသာခြင်းကို လိုလား၍ သေဘေးကို ကြောက်တတ်သောသူသည် ကျား,ခြင်္သေ့စသည့် ဘေးအန္တရာယ် ရန်အသွယ်သွယ်ကို တွေ့ကြုံသောအခါ လွန်စွာကြောက်လန့်သကဲ့သို့"–ခပ်သိမ်းဥဿုံ အလုံးစုံ ပျက်ပြား၍နေသော သင်္ခါရတရားတွေကို 'သေမင်းဘေးကြီး ထက်ကြပ်မကွာ လိုက်နေသည့်ပမာ'- လွန်စွာ ကြောက်အားကြီးလှသော 'ဘယဉာဏ်'ထင်မြင်လာလေ၏။

## (၉) အာဒီနဝဉာဏ် ဖြစ်ပေါ်ခြင်း

အာဒီနဝဉာဏ်-ဟူသည် ရုပ်နာမ်တရားတို့၏ အပြစ်ကို ရှုမြင်သောဉာဏ်ဖြစ်၏။

ဘယဉာဏ် ထက်သန်လာသောအခါ-"အသက်ရှည်ခြင်း၊ ချမ်းသာခြင်းကို လိုလား၍ သေဘေးကို ကြောက်တတ်သော သူသည် ကျား,ခြင်္သေ့စသည့် ဘေးအန္တရာယ် ရန်အသွယ်သွယ်ကို တွေ့ကြုံရသော အခါ လွန်စွာကြောက်လန့်, စိတ်၏ ပျော်ရွှင်မှု မရသကဲ့သို့- "ခပ်သိမ်းသော ဘဝတို့၌ ကိုးစားရာ ရှာကြံမရ" အလုံးစုံသော လောကကို မီးကျီးတွင်းကဲ့သို့လည်းကောင်း၊ ဓားတက်ကြီးလေးပါးကို အဆိပ်ပြင်းသော မြွေကဲ့သို့လည်းကောင်း၊ ခန္ဓာငါးပါးကို သန်လျက်ချိန်ရွယ်နေသည့် သူသတ်ယောကျ်ားကဲ့သို့လည်းကောင်း၊ အတွင်းအာယတနခြောက်ပါးကို ရွာပျက်ကြီးကဲ့သို့လည်းကောင်း၊ အပြင် အာယတနခြောက်ပါးကို ခိုးသူဒမြကြီး ကဲ့သို့ လည်းကောင်း–" ထင်မြင်လာပြီး အပြစ်ကြီးစွာ သိမြင်သော အာဒီနဝဉာဏ် ဖြစ်ပေါ်လာလေ၏။

## (၁၀) နိဗ္ဗိဒါဉာဏ် ဖြစ်ပေါ်ခြင်း

နိဗ္ဗိဒါဉာဏ်- ဟူသည် ရုပ်နာမ်တရားတို့ကို ငြီးငွေ့သော (ငြီးငွေ့ဖွယ်ကို ရှုမြင်သော) ဉာဏ်ဖြစ်၏။

ယင်းသို့ အာဒီနဝဉာဏ် ဖြစ်ပေါ်လာသောအခါ "စိတ္တကူဋ်တောင်အနီးရှိ ကြာပဒုမ္မာတောထဲ၌ ပျော်ရွှင်စွာ ကျက်စားနေထိုင်သော ရွှေဟင်္သာသည် ဒွန်းစဏ္ဍားရွာအနီးရှိ ရွှံ့ညွန်အိုင်၌ မနှစ်သက်မပျော်ပိုက်နိုင်သကဲ့သို့" ခပ်သိမ်းသော ဘုံဘဝ ရုပ်နာမ်သင်္ခါရတို့၌ အပြစ်'အာဒီနဝ'ကို မြင်ပြီးသော ယောဂီပုဂ္ဂိုလ်သည် ပျော်မွေ့စရာ တစက်ကလေးမျှ မရှိသော ရုပ်နာမ်ဓမ္မ

သင်္ခါရတို့၌ မပျော်နိုင်၊ မနှစ်ခြိုက်နိုင်၊ ငြီးငွေ့ခြင်း-တည်းဟူသော နိဗ္ဗိဒါဉာဏ် ဖြစ်ပေါ်၍ လာလေ၏။

## ( ၁ ) မုဉ္စိတုကမျတာဉာဏ် ဖြစ်ပေါ်ခြင်း

မုစ္စိတုကမျတာဉာဏ်· ဟူသည် ရုပ်နာမ်ဓမ္မ သင်္ခါရတို့မှ လွတ်မြောက်လိုသော ဉာဏ်ဖြစ်၏။

ယင်းသို့ နိဗ္ဗိဒါဉာဏ် ထက်သန် လေသော အခါ "မြွေမိသော ဖား၊ ချိုင့်လှောင်သော တောကြက်၊ ကျော့ကွင်းမိသော သမင်၊ ကြောင်လက်ထဲရှိ ကြွက်၊ ရန်သူဝိုင်းသော ယောကျ်ား" စသည်တို့ကဲ့သို့ မည်သည့် ရုပ်နာမ်ဓမ္မ သင်္ခါရတွင်မှ ပျော်ပါးကပ်ငြိတပ်စွန်းခြင်း မရှိသည်ဖြစ်၍ လွန်စွာ ထန်ပြင်း လွတ်ကင်း ထွက်မြောက်လိုသော 'မုစ္စိတုကမျတာ' ဉာဏ် ဖြစ်ပေါ်၍ လာလေ၏။

## ( ) ပဋိသင်္ခါဉာဏ် ဖြစ်ပေါ်ခြင်း

ပဋိသင်္ခါဉာဏ်-ဟူသည် ရုပ်နာမ် သင်္ခါရ တို့၌ အနိစ္စ, ဒုက္ခ, အနတ္တဟု ထပ်မံ၍ရှုသော (သုံးသပ်သော)ဉာဏ်ဖြစ်၏။

"အုပ်ဆောင်းဖြင့် ငါးဖမ်းသော ယောကျ်ားသည် မြွေဟောက်ကို အုပ်မိက 'ငါးကြီးရပေါ့'ဟု အလျင်အမြန် ဖမ်းလိုက်ရာတွင် မြွေဟောက်ကြီး ကို မြင်လေမှ ကြောက်လန့်၍ မြွေဟောက် ဘေးကို ဝေးအောင် ပစ်ဖို့ရန် အတွက် ချက်ကောင်းကို ရှာပြီးမှ ဝေးအောင် လွှင့်ပစ်ပြီးကာ လျင်စွာ တက်ပြေး၍ မြွေဘေးမှ လွတ်ခဲ့ပေပြီဟု ဝမ်းမြောက်ဝမ်းသာ လှည့်လည်ကာ တွေးဆဘိသကဲ့သို့-"

ရုပ်နာမ်တရား၏ အဖြစ်သနစ်ကို မစိစစ်, မစုံစမ်း, အကန်းပကတိ ဖြစ်၍ နေစဉ်က ထိုရုပ်နာမ်၏ အကြောင်းအရာကို တခါတရံမျှ မကြုံဖူး၊ ဒိဋ္ဌိ,တဏှာ, သည်းစွာတင်းကြမ်း၊ ငန်းမန်း သွေးမွှန်၍ နေခဲ့ မိသမျှကို ပဋိစ္စ သမုပ္ပါဒ်နည်း၊ ပဋ္ဌာန်းနည်းမှ အခြေခံ၍ ဥဒယဗ္ဗယဉာဏ်မှ အဆင့်ဆင့်တက်ကာ မုဉ္စိတုက- မျတာဉာဏ်သို့ ရောက်၍ တွေးထောက်ကြံဖန်၊ ပြန်လှန် စဉ်းစား လိုက်သော် မြွေဟောက်ကို လက်မှ လွတ်ပြီးသူကဲ့သို့ 'ငါ့မှာ ရှေးကမသိဘူးသော ကရား

များကို သိရပေပြီ’ဟု ရှေးကထက်ပင် များစွာအားထက်သန်သဖြင့် လွတ်လိုသော ‘မုစ္စိတုကမျတာဉာဏ်’ ပေါက်သည့် အတိုင်း လွတ်ရ စိမ့်သောငှာ ဘာဝနာ ၄၀ဖြင့် ဉာဏ်ဝယ်စူးစိုက်၊အားတိုက်ဖိနှိပ်၊ခဲကြိတ် ကြိုးစား လေရာ ရှေးကထက် အထင်အမြင်သာ၍ ‘တဏှာ, ဒိဋ္ဌိ’တို့ ပါးသည်ထက် ပါးသော ‘ပဋိသင်္ခါဉာဏ် ဖြစ်ပေါ်၍ လာလေ၏။

## (၁၃) သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပေါ်ခြင်း

သင်္ခါရုပေက္ခာဉာဏ်- ဟူသည် ရုပ်နာမ် ဓမ္မ သင်္ခါရ တို့၌ မချစ်- မမုန်း လျစ်လျူ ရှုနိုင်သော ဉာဏ်ဖြစ်၏။

လွတ်ယွက်ရန် အားတိုက်ရှုသော ပဋိသင်္ခါဉာဏ် ထက်သန်သော အခါ “ရှေးဦးပထမ ချစ်ကြည် လှစွာသော မယား ဆိုးကို မုန်းထား ပြစ်မြင် ခွာကြဉ်စွန့်ပစ်ပြီးနောက် ယောကျ်ားတဦးနှင့် ပျော်ပါး နေသည်ကို မြင်ရပါ သော်လည်း မမုန်း-မချစ်၊လစ်လျူရှုသာဖြစ်သကဲ့သို့”ခပ်သိမ်းသော ရုပ်နာမ် ဓမ္မ သင်္ခါရတို့၌ ‘ငါပင်, ငါပဲ ထင်စွဲစရာ’ ဉာဏ်ဖြင့် ရှာမရသောကြောင့် ကြောက်ခြင်း၊နှစ်သက်ခြင်းကို စွန့်ပစ်၍ မမုန်း-မချစ် လစ်လျူရှုသော‘သင်္ခါရုပေက္ခာ’ဉာဏ် ဖြစ်ပေါ်၍ လာလေ၏။

## (၁၄) အနုလောမဉာဏ်ဖြစ်ပေါ်ခြင်း

အနုလောမဉာဏ်ဟူသည် ပြဆိုခဲ့ပြီးသော ဉာဏ်စဉ်များရော၊ မဂ်ဖိုလ်တရား တို့ကိုပါ လျော်စွာရှုသော ဉာဏ်ဖြစ်၏။

သင်္ခါရတရားတို့၌ ကြောင့်ကြ ဗျာပါရ အမှု စိုက်မှု ငြိမ်းသော ‘သင်္ခါရုပေက္ခာ’ဉာဏ် အလွန်ထက်သော အခါ “နေထွက် လိုသော် အရုဏ် လာခြင်းကဲ့သို့’ မဂ်ဉာဏ်လေးပါးပေါ်ရန် လွန်စွာ လျော်သော၊ မဂ်ပေါ်ဖို့ ကျေးဇူးပြုတတ်သော ‘အနုလောမဉာဏ်’ဖြစ်ပေါ်၍ လာလေ၏။ အနုလောမ ဉာဏ်ဟူသည် မဂ်ဖြစ်သော ဝီထိမှာ ‘အာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ၊ ဇောတို့၏ နောက်’ဂေါတြဘူဇော၏ ရှေ့၌ ဖြစ်သော အနုလောမ (အနုလုံဇော) ပင်တည်း။

## (၁၅) ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိဖြစ်ခြင်း

ပဋိပဒါဉာဏဒဿနဝိသုဒ္ဓိ- ဟူသည် မဂ်သို့ ရောက်ကြောင်း အကျင့်ကောင်း၌ ဉာဏ်အမြင် စင်ကြယ်မှုဖြစ်၏။

ပြဆိုခဲ့ပြီးသော ဝိပဿနာဉာဏ်တို့တွင် သင်္ခါရုပေက္ခာဉာဏ်နှင့်အနုလောမ ဉာဏ်တို့သည် သံသရာဝဋ်တွင်းက အတင်းထ၍ ကျွတ်လွတ်သော မဂ်သို့ ရောက်စေတတ်သောကြောင့်, ယင်းတို့ကို '**ဝုဋ္ဌာနဂါမိနီဝိပဿနာ**'ဟု ခေါ် အပ်၏။

သင်္ခါရုပေက္ခာဉာဏ်,အနုလောမဉာဏ်,ဂေါ်တြဘူဉာဏ်, သုံးပါးတို့သည် လောကီတရားတို့၏ အထွတ်အထိပ်ဆုံးသို့ ရောက်သော ဉာဏ်များဖြစ်ကြ၍ ယင်းတို့ကို '**သိခါပတ္တဝိပဿနာဉာဏ်**' ဟူ၍ခေါ်ဝေါ်ရ၏။ လောကုတ္တရာမှ လွဲလျှင် ဤဉာဏ်သုံးပါးသည် အထွတ်အထိပ်ဆုံးဖြစ်၏- ဟု ဆိုလိုသည်။

ဤ'ဝုဋ္ဌာနဂါမိနီဝိပဿနာ'သို့ ရောက်သောအခါ ဧကန် မဂ်ပေါ်လာ တော့မည်ဖြစ်၍ အားထုတ်ကြိုးပမ်းခြင်းအလုပ်ကိစ္စ စင်ကြယ် ပြီးမြောက်ပြီး ဖြစ်၍ 'ပဋိပဒါဉာဏဒဿန ဝိသုဒ္ဓိ' ဖြစ်၏။

## (၁၆) မဂ်ဖိုလ်သို့ရောက်ခြင်း

ဝုဋ္ဌာနဂါမိနီ ပဿနာ ရင့်လာသည် ရှိသော် နိဗ္ဗာန်ကို အာရုံပြုသော 'ဂေါ်တြဘူ' စိတ်နှင့်တကွ မဂ်ပေါ်ပေါက်လာ၏။ မဂ္ဂဝီထိဖြစ်ဟန်ကား—

ဒိဋ္ဌိဝိသုဒ္ဓိ, ကင်္ခါဝိတရဏ ဝိသုဒ္ဓိဖြစ်၍ ဉဒယဗ္ဗယ စသော ဝိပဿနာ ဉာဏ်အဆင့်ဆင့် သင်္ခါရုပေက္ခာဉာဏ် တိုင်အောင် အားတက် ကြိုးပမ်း အတင်းဆန်တက်လာသော ယောဂီပုဂ္ဂိုလ်အား မဂ်တည်းဟူသော 'အပ္ပနာ' ဖြစ်လိုလတ်သော်-

''ဘဝင်နှစ်ကြိမ်၊ မနောဒွါရာဝဇ္ဇန်း၊ ပရိကံ၊ ဥပစာ- အနုလုံ- ဟူသော ဝုဋ္ဌာနဂါမိနီ ဝိပဿနာဇော သုံးကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် နိဗ္ဗာန်ကို အာရုံပြု၍ ပုထုဇဉ်၏အနွယ်ကိုဖြတ်သော ဂေါ်တြဘူ ကိစ္စနှင့် ဇောတကြိမ် ဖြစ်၍ချုပ်၏။ ''ထို့နောက် သောတာပတ္တိ မဂ်စိတ်သည် အပ္ပနာ ကိစ္စဖြင့်

တကြိမ်ဖြစ်၍ ချုပ်ပြီးနောက်၊ သောတာပတ္တိဖိုလ်စိတ်သည် နိဗ္ဗာန်ကို အာရုံပြု၍ အပ္ပနာဇောကိစ္စ နှစ်ကြိမ်ဖြစ်၍ ချုပ်၏။ ထို့နောက် မိမိ၏ ဝိပါက်တ ဘဝင်စိတ် ဖြစ်၏။ ထို့နောက် ပစ္စဝေက္ခဏာဇော ငါးကြိမ်ကျလေ၏။

ထိုယောဂီပုဂ္ဂိုလ်သည် ဒုက္ခိတ သတ္တဝါ, သံသရာ ခရီးသွားမား ပုထုဇဉ်အလားမှ ကျွတ်လွတ်ထမြောက်၍၊ အရိယာနွယ်ဝင်, နိဗ္ဗာန်သင် အဖြစ်သို့ ရောက်လေ၏။

ထိုပထမအဆင့် မဂ်လမ်းပွင့်ပြီးသော ပုဂ္ဂိုလ်သည် 'ဒိဋ္ဌိ နှင့် ဝိစိကိစ္ဆာ' ဟူသော တရားဆိုးကြီး နှစ်ပါးကို ပယ်ပြီးဖြစ်သောကြောင့် "နောင်အပါယ်သို့ သွားရဦးမည်လော" ဟု တွေး တော ကြောက် လန့် ဖွယ် သော ဘေး၊ ရုပ်နာမ်ခန္ဓာတို့ကို 'ငါပင်, ငါပဲ' ဟု ထင်စွဲလိမ့်သောဘေး၊ ရတနာသုံးပါး၌ ယုံမှားလိမ့်သောဘေး" တို့မှ တခါတည်း လွတ်ရလေ၏။

ပထမ မဂ်ကို ရပြီးသော ပုဂ္ဂိုလ်သည် သဒ္ဓါစွမ်း, ဝီရိယစွမ်း, ပညာစွမ်း ရှိသလောက် အထက်မဂ်သုံးပါးသို့ အလျင်နှင့် အနှေး ပေါက် ရောက် လေတော့သည်။ အကယ်၍ တဘဝတည်း နိဗ္ဗာန်သို့မပေါက်သေးခဲ့လျှင် အထွတ်အမြတ်ဖြစ်သော ဘုံဘဝတို့၌သာ 'ဝိသာခါ၊အနာထပိဏ်'တို့ကဲ့သို့ မြန်မြန်ကြီး ပျော်ပါး အငြိမ်းစား ပင်စင်ရ၍ ခုနစ်ဘဝထက် မလွန်ရပဲ၊ နိဗ္ဗာန်စခန်းသို့ ဝင်မြန်းလေတော့မည် ဧကန်တည်း။

ယင်းသို့မဂ်ပေါက်လေသောအခါ တဆင့်တဖန် အသိဉာဏ်စင်ကြယ်ပြီးစီးပြီ ဖြစ်၍ 'ဉာဏဒဿနဝိသုဒ္ဓိ' ဖြစ်လေ၏။ ဉာဏဒဿနဝိသုဒ္ဓိ ဟူသည် သစ္စာလေးချက်၏ ၁၆ပါးသော အနက်သဘောကို ထက်မြက်စင်ကြယ်စွာ သိသော ဉာဏ်ဖြစ်သည်။

ပြဆိုခဲ့ပြီးသော 'သမ္မသနဉာဏ်၊ ဥဒယဗ္ဗယဉာဏ် စသည့် ဝိပဿနာဉာဏ် အစဉ်မှာ တဆင့်ထက်တဆင့် ရင့်ရင့်ကြီး ထူးခြားစွာ ရေးသား ပြဆိုခဲ့သော်လည်း အလုပ်စခန်းမှာ'ဥဒယဗ္ဗယဉာဏ်' (ဖြစ်-ပျက်ရှုမြင်သောဉာဏ်)ကောင်းကောင်း ပေါက်လျှင် အထက်ဉာဏ်စုလည်းအလိုလိုပြီးရတော့၏။ ဖြစ်,ပျက်ကို ရှုမြင်သော **ဥဒယဗ္ဗယဉာဏ်သာ လိုရင်း** ဖြစ်၏။

ရုပ်နာမ် တရားတို့၏ ပဋိစ္စသမုပ္ပာဒ် နည်း၊ ပဋ္ဌာန်းနည်းကို စနစ်အတိုင်း အကြောင်းအကျိုး တွဲစပ် ကျေးဇူးပြုပုံကို မြင်လျှင်လည်း 'ဉဒယဗ္ဗယဉာဏ်' အလွန်လွယ်လေတော့၏။

## နိဂုံးချုပ် အမှာစကား

အို- သူတော်ကောင်းတို့–နှစ်ဖြာသော ရုပ်နာမ်ဓမ္မ သင်္ခါရတို့၌ မူလ မူလီ "ဤကား ကြောင်းကျိုး, ကောင်းဆိုးဖြစ်ပျက်, စက်သမုပ္ပာဒ်, ပဋ္ဌာန်းမြတ်ကို အတတ်ထင်ဘိ, **ကင်္ခါဝိတရဏဝိသုဒ္ဓိ** အခြေသို့ရောက်သောသူကို'**စူဠသောတာပန်**' အမြတ်ဟု ကျမ်းဂန်အရပ်ရပ်တွင် ဘွဲ့တံဆိပ်ပေးထားလေ၏။

ထိုအကြောင်းကို အဘိဓမ္မာဝတာရအဋ္ဌကထာ၌ "ဤကင်္ခါဝိတရဏဝိသုဒ္ဓိနှင့် ယှဉ်သော (ပြည့်စုံ သော) ယောဂီပုဂ္ဂိုလ် ကို သာသနာ တော် မြတ် ၌ ထောက်တည်သက်သာရာရသူ ဖြစ်၏။ ထိုကြောင့်မှန်၏–ထိုကင်္ခါဝိတရဏဝိသုဒ္ဓိ ဉာဏ် ပေါက်သောသူသည် စူဠသောတာပန်ကလေးပင်တည်း" ဟူ၍ မိန့်ဆို ထားလေသည်။

ထို့ကြောင့် ပြဆိုခဲ့ပြီးသော ပဋ္ဌာန်းနည်း၊ပဋိစ္စသမုပ္ပာဒ်နည်းတို့ အတိုင်း "ခန္ဓာငါးပါး၊ ရုပ်နာမ်တရားတို့သည် အကြောင်းအကျိုး ဆက်စပ်ရုံမျှသာ။ ပစ္စုပ္ပန် ဌီအခိုက်အတန့်ချင်း ကျေးဇူး ပြု၍နေကြသော သင်္ခါရဓမ္မ အစုအပုံ တို့သာ။ ငါ,သူ,တပါး,ယောကျ်ား,မိန်းမ,ပုဂ္ဂိုလ်,သတ္တဝါ,အတ္တ,ဇီဝမဟုတ်" ဟူ၍ (အရင်းခံတတ်မှန်ကို ခွဲခြားထိုးထွင်းပြီး) မြင်နိုင်သောသူသည် အလွန် တရာ ဉာဏ်စထက်မြက်, နက်နဲသိမ်မွေ့သော တရားကို မြင်နိုင်သောသူ မည်၏။ ထိုကဲ့သို့ ထက်မြက်နက်နဲသော ဉာဏ်အမြင်ရှိ ပုဂ္ဂိုလ်ဖြစ်ရန် "နာမရူပပရိဂ္ဂဟာ၊ ကင်္ခါဝိတရဏဝိသုဒ္ဓိလမ်း" စူဠသောတာပန်စခန်းကို ကြိုးပမ်းအားထုတ်သင့်လှ ပေသတည်း။

အလွန်တရာ နက်နဲလှ၏ ဟု ပြောဆိုရသော ဤပဋ္ဌာန်းနည်း,ပဋိစ္စသမုပ္ပာဒ် နည်းသည် သိဖို့ရန်လက်စကိုမှ မစချင်ကြပဲ ပျင်းရိမှုန်မှိုင်း, ထုံထိုင်းပေတုံး, မှောင်လုံးကြီး မောဟဖိစီးခြင်းကို ခံနေကြရရှာကုန်သော သူတို့နှင့်မူကား ဝေးကွာလွင့်စင်, မှောင်ပြင်ကြီးဖြစ်၍ နေဘိ၏။

ထို့ကြောင့် သုတ္တနိပါတ် ပါဠိတော်၌ “အလွန်သိနိုင်ခဲစွာသော ရုပ်နာမ် သင်္ခါရတို့၏ အကြောင်းအကျိုး နှောင်ဖွဲ့ယှက်တင်ပုံ တရားကို ရှုစမ်းကြလော့။ ဤတရားမျိုး၌ မြင်စွမ်းနိုင်ရန် ဉာဏ်စမရှိသော သူတို့သည် တွေဝေရှာကြကုန်၏။ အဝိဇ္ဇာမှောင်ကြီးဖြင့် ဖိစီးသော ဝန်ရှိကြကုန်သော, တရားမျက်စိမရှိ စုံလုံးကန်းကုန်သော သူတို့အား အမှောင်လုံးကြီး အမိုက်တိုက်ကြီးဖြစ်လေ၏” ဟူ၍ ဟောတော် မူထားပေ၏။

ပညာဉာဏ်စ လုံလောက်ကုန်သော သူတို့မှာမူကား ထိုပစ္စည်း,ပစ္စယုပ္ပန် တရားသည် “ကြယ်များအလယ်တွင် လမင်းထင်သို့” မရှုပ်မထွေး မြင်စွမ်းနိုင်ကုန်၏။ ထို့ကြောင့် ထိုသုတ္တနိပါတ် ပါဠိတော်၌ပင်- “မြင်နိုင်စွမ်းသည့် ဉာဏ်စွမ်းဉာဏ်စ ရှိကုန်သော သူမြတ်တို့သည်မူကား ထိုအကြောင်းအကျိုး နှောင်ဖွဲ့ဆက်စပ်ပုံ တရားကို ‘နေ လ အထောင် ထိန်ပြောင်လင်းသကဲ့သို့’ ထင်လင်းစွာ သိမြင်နိုင်ကြကုန်၏” ဟူ၍ ဟောတော်မူထား ပြန်လေ၏။

ထိုဘုရားဟော စကားနှစ်ရပ်ကိုထောက်၍ မောဟမှောင်လုံး မဖိရအောင် နေ လ အထောင်၏ အရောင်ကို မြင်သကဲ့သို့ ရုပ်နာမ်မေ့ သင်္ခါရတို့၏ ပစ္စည်း, ပစ္စယုပ္ပန် သဘောကို ကြံဖန်အာ ထုတ်ဖွယ် ကောင်းလှပေသတည်း။

ဤသို့ ရုပ်နာမ်ဝမ္မ သင်္ခါရတို့၏ ပစ္စည်း, ပစ္စယုပ္ပန်=အကြောင်းအကျိုး ဆက်စပ် ဖွဲ့စည်းနေပုံကို ‘မသိနိုင်စွ၊ ခက်ခဲလှစွ’ဟု ဝီရိယလျှော့၍ ပေါ့ပေါ့ တန်တန် မနေသင့်။ သာသနာပအခါ၌ ထိုရုပ်နာမ်တရားကို ကြားရသိရမည် ဝေးစွ။ အိပ်မက်တွင်ပင် တကြိမ်တခါမျှ မမက်ရစဘူး။ ‘ဟတ္ထိပါလ၊ သရဘင်၊ မဟောသဓ၊ ဝိဓူရ’ စသော အလောင်းတော် ပညာရှိ ပုဂ္ဂိုလ်ကြီးတို့သော်မှ မသိမမြင်နိုင်ကြလေ။

သို့စင် ခက်ခဲလှစွာသော ရုပ်နာမ်တရား ဖြစ်စဉ်ကို သဗ္ဗညုဉာဏ်တော် ဖြင့် ထုတ်ဖော် လှန်လှော၍ ပြတော်မူသည့် နည်းနယ အစုံအလင်ရှိပြီးသော သာသနာတော် တွင်း၌ မူကား ယောကျ်ားကြီး ဖြစ်သူကို မဆို ထားဘိ ‘ဝိသာခါ’ကဲ့သို့ ခုနစ်နှစ်အရွယ် သတို့သမီးငယ်တို့တောင်ပင် သိမြင်နိုင်လေ သေး၏။ ထိုသို့ ခုနစ်နှစ်အရွယ် သူငယ်မလေးတို့တောင် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းကို သိနိုင်ပါလျက် အဘယ့်ကြောင့်ငါတို့မသိရပဲ နေရအံ့နည်း- ဟု ကြီးစွာကြိုးပမ်း အစွမ်းထုတ်ဖွယ် ကောင်းလှပေ၏။

"အားထုတ်ခြင်းကြောင့် အသိပညာသည် ဖြစ်ပွား တိုးတက်၍ လာ၏။ အားမထုတ်ခြင်းကြောင့် မူကား ရှိပြီးပညာပင် မကြာမီ ကုန်ဆုံး ပျက်ပြုန်း ပျောက်ကင်းသွား၏"

ဤဓမ္မပဒ ပါဠိတော်လာသည့် ဘုရားစကားအတိုင်း များစွာ အားထုတ်လျှင် မရသေးသော ပညာလည်း သိမြင်ပွားတိုး၍၊ သိပြီးပညာလည်း အရှိန်တန်ခိုး ပြန့်ကျယ်နိုင်၏။ အားမထုတ်လျှင် တိုးဖို့ရန် ဝေးစွ။ ရှိပြီးသားပညာပင် ကွယ်ပျက်ပြုန်းတီးနိုင်သည် ဖြစ်သောကြောင့် ယခု ကြုံကြိုက် နေသော ဒုလ္လဘခေတ်အခါ သာသနာတွင်းမှာ မူကား ကြိုးမားလှသော ဝီရိယအစွမ်းကို အားထုတ်လျက်၊ တခဏကလေး မျှသော အချိန်ကာလကို အလကား မကုန်စေပဲ၊ အချိန်ကာလကို နှမြော၍ ရဆဲသော ဤဘဝ၌ပင် လူ့လူကြီး ထောက်တည်ရာရ၍ "**စူဠသောတာပန်**" အရာကို လှမ်း၍ အရယူနိုင်ကြစေကုန် သတည်း။

**မှတ်ချက်။** ။စူဠသောတာပန် ဟူသည်- စူဠသောတာပန် ဟူသောစကားနှင့်ပတ်သက်၍ကျမ်းဂန်တို့၌ စူဠသောတာပန်အကြောင်း လေးမျိုးလေးစား ခွဲခြား၍ ပြထားပေသည်။

(၁) နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်- ဤဉာဏ် နှစ်ပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် စူဠသောတာပန်မည်၏။ နာမရူပ ပရိစ္ဆေဒဉာဏ်နှင့် ပြည့်စုံ၍ ဒိဋ္ဌိကင်းကွာပြီး၊ ပစ္စယပရိဂ္ဂဟဉာဏ်နှင့် ပြည့်စုံ၍ ဝိစိကိစ္ဆာကင်းကွာသွားပြီး၊ ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ကင်းကွာသွားသဖြင့် ဘုရား သာသနာတော်၌ ထောက်တည်ရာရပြီး အပါယ်သို့မလားတော့ပြီ။အခြားမဲ့နောက်ဘဝမှသုဂတိဘဝသို့သာ လားရရောက်ရ လေတော့သည်။(သမ္မော· အဋ္ဌကထာ။ ၂၄၂။)

(၂) ကာဝါ ဝိတရဏ ဝိသုဒ္ဓိနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် မဂ်ဖိုလ်ကိုပင် မရသေးသော်လည်း မဂ်ဖိုလ်ရကြောင်း လမ်းကောင်း လမ်းမှန်၌ ကောင်းစွာ ကျင့်ကြံကြိုးကုတ် အားထုတ် နေသောကြောင့် ဘုရား သာသနာတော်၌ ထောက်ရာတည်ရာကိုရပြီးသူမည်၏။လောကီ သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသောကြောင့် 'မဟာသောတာပန်'ကဲ့သို့ အပါယ်သို့ မကျ။ နောက်တဘဝ

အတွက် သုဂတိဘဝ၊ ဂ တိ မြဲသောကြောင့် 'စူဠ သောတာပန်' မည်၏။ (ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ဒု- ၂၄၀-နှာ။ ၎င်းဋီကာ ၃၇၅။)

(၃) ရုပ်နာမ်တို့၏ အဖြစ်အပျက်ကိုသိစွမ်းနိုင်သော ဥဒယဗ္ဗယဉာဏ်နှင့် ပြည့်စုံခြင်း စသည့် 'ပစ္စနိယင်' အင်္ဂါ ငါးပါးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် 'စူဠသောတာပန်' မည်၏။ (ဒီဃ နိကာယ် သုတ်ပါထိက ဋီကာ· ၂၄၇။ အင်္ဂုတ္တရဋီကာ တတိယ- ၂၄။မူလပဏ္ဏာသ ဋ္ဌ၊ဒု- ၂၆နှာ။)

(၄) ထို့ပြင် ဒါန၊ သီလမျှ နှင့် 'စူဠသောတာပန်' မည်ကြောင်းကို အင်္ဂုတ္တရအဋ္ဌကထာ၊တတိယ၂၆၅၌ "သရဏဂုံတည်ခြင်း၊ငါးပါးသီလမြဲခြင်း၊ စာရေးတန်လှူခြင်း၊ လဆန်း လဆုတ် ပက္ခတို့၌ လှူဒါန်းခြင်း၊ ဝါဆိုသင်္ကန်း ကပ်လှူခြင်း၊ရေကန်တူးခြင်း၊ကျောင်းလှူခြင်း ဤအင်္ဂါ ခုနစ် ချက်နှင့် ပြည့်စုံသော သူသည် သေသည်၏ အခြားမဲ့၌ သုဂတိဘဝ မြဲသောကြောင့် မဟာ သောတာပန်နှင့်တူသူ 'စူဠသောတာပန်'မည်၏"ဟူ၍ ဆိုထားလေသည်။ ။

ဤတွင် ပဋ္ဌာန်းမဟာ ပြီးပါပြီ။

# ပဋ္ဌာန်းမဟာ

- မြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ဗုဒ္ဓဝါဒ ဗုဒ္ဓလမ်းစဉ် ဗုဒ္ဓလမ်းညွှန် အလုံးစုံကို ပိဋကသုံးပုံ ဟူ၍ သိမှတ်ထားကြရလေသည်။ ပိဋကသုံးပုံ ဟူသည်မှာ သုတ္တန်ပိဋက၊ ဝိနည်းပိဋက၊ အဘိဓမ္မာ ပိဋကတို့ ဖြစ်၏။

- ပိဋကသုံးပုံတွင် အဘိဓမ္မာ ပိဋကသည် နက်နဲ သိမ်မွေ့လှပေသည်။ ကျယ်ပြန့် လွန်းလှပေသည်။ အဘိဓမ္မာ ပိဋက ခုနစ်ကျမ်း ရှိပါ၏။ ထို ခုနစ်ကျမ်း အနက် ပဋ္ဌာန်းကျမ်းကြီးသည် လွန်စွာ ထူးခြားလှချေ၏။ ရဟန်းရှင်လူ ပရိယတ္တိ စာသင်သား ဟူသမျှတို့ အတွက် ဆီမီး တန်ဆောင် သဖွယ် ထွန်းလင်း၍ ပြည့်ညွှန်သော ကျမ်းကြီး ဖြစ်၏။ ထို့ပြင်-

- သမထ ဝိပဿနာ ဘာဝနာ ပွားများသူတို့ အတွက် အထောက်အကူပြု၍ ရှေ့ဆောင် လမ်းပြ နည်းညွှန်မှု ပြုရာ၌ အထွန်းအလင်းဆုံး၊ အထက် မြက်ဆုံး အထိရောက်ဆုံး ဥပဒေသ ကျမ်းကြီးဖြစ်ပေ၏။

- ဗုဒ္ဓအဘိဓမ္မာကို၊ တနည်းအားဖြင့် ဗုဒ္ဓဝါဒ ဗုဒ္ဓလမ်းစဉ်ကို ကမ္ဘာအရပ် ရပ်မှ ပါရဂူကြီးများ၊ ပါမောက္ခကြီး များက လေ့လာ သုံးသပ်လျက် ရှိပေ သည်။ ဤတွင် ပဋ္ဌာန်း ကျမ်းကြီးသည် ထို ပုဂ္ဂိုလ်ကြီးများ အတွက် အကောင်းဆုံးသော လမ်းညွှန်ရှင်းလင်းမှုကို ပေးခဲ့၏။ ထို့ကြောင့် ဗုဒ္ဓဝါဒ ဗုဒ္ဓအဘိဓမ္မာကို လေ့လာ သုတိုင်းသည် ပဋ္ဌာန်းကျမ်းကြီးကို လေးလေး စားစား ဖတ်ရှုသုံးသပ် ဆင်ခြင်ကြရလေသည်။ သို့သော် လွယ်လွယ် ကူကူ သဘောပေါက်ခြင်းကား မရှိကြ။ နက်နဲ သိမ်မွေ့လှသော ကျမ်းကြီးဖြစ်၍ ဆရာ စဉ်ဆက် ခက်ခဲစွာ သင် ကြား ဆင့် ကမ်း လာခဲ့ ရလေသည်။ ယခုသော်-

- 'ပဋ္ဌာန်းမဟာ' ဟူသော ဤကျမ်းသည် ပေါ်ထွက်လာပြီ ဖြစ်ပါ၏။ စာသင် သားများ၊ သမထ ဝိပဿနာ ပွားများ အားထုတ်သူများနှင့် တကွ ဗုဒ္ဓ အဘိ ဓမ္မာ ဗုဒ္ဓဝါဒကို လေ့လာ သုံးသပ်သူများအတွက် လွယ်ကူ ရှင်းလင်းစွာ လေ့လာ သုံးသပ် နိုင်ရန် နည်းလမ်းသစ်၊ စနစ်သစ်ဖြင့် စီစဉ် ထားသော 'ပဋ္ဌာန်းမဟာ' ဖြစ်ပါ၏။ သုတေသီ အပေါင်းတို့ နှစ်ထောင်း အားရ ကျေနပ်ကြလိမ့်မည်ဟု မျှော်လင့်ပါကြောင်း။